www.burmeseclassic.com

မဟိဒ္ဓိစာပေ

# ပြည့်စုံ မဂ္ဂဇင်း




# FIRST WORLD WAR

ပထမကမ္ဘာစစ် နှင့် မြန်မာစစ်မှုထမ်းများ (စာ - ၄၁)

ရာပြည့် ပထမကမ္ဘာစစ် (စာ - ၄၃)

BURMESE CLASSIC






Graphic: Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

# ပြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၂၃၁)


### ကဗျာ ပြစ်မှု

မြောင်းမြမောင်ညိုအောင်၊ ဉာဏ်မိုး(ကျောက်ပန်းတောင်း)၊ ဟန်သာသူ၊ ဝင်းမြင့်ကျော်(တောချောင်းဦး)၊ မောင်နီချို၊ မင်းထက်နိုင်(ကြို့ပင်ကောက်)၊ မကြာညို(အမျိုးသားစာကြည့်တိုက်)၊ မောင်လင်းခိုင်။

### ကာတွန်း ပြစ်မှု

မြေဇာ၊ မိမန်းလေး(တောင်ငူ)၊ မြင့်သန်း(မင်္ဂလာဒုံ)၊ မြေရိုင်း၊ ပေါက်ကျိုင်း၊ စိုးလွင်အောင်၊ ရန်ကြီးအောင်၊ သူရိန်။

### စာပေသုခမ သတင်းလွှာ

ပြစ်မှုစာအုပ်ဝင်

ကာသစ်နီ ---------- ၂၅

သုခုမသတင်းလွှာ

အမ်ကေ ---------- ၂၇

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ

ကိုရွှေတောသား ---------- ၂၉

### ဥပဒေ ပြစ်မှု

နိုင်ငံတော်တရားရုံးချုပ်၏ စာချွန်တော်အမိန့်

ကေတီအောင်သိန်း ---------- ၄၉

ပေးခြင်း ယူခြင်း သတိနှင့်စရာ

ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ---------- ၅၃

အကြမ်းဖက်မှု ပြစ်မှုနှင့် အပြစ်ဒဏ်

ကေတီအောင်သိန်း ---------- ၅၆

နိုးရာပါပစ္စည်း လက်ခံမှု

ကေတီအောင်သိန်း ---------- ၈၁


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ**
လင်းဦးအောင်သိန်း ---------- ၁၄၄

**ဆရာဝန်များ ကျူးလွန်သည့် ပြစ်မှုပြစ်ဒဏ်**
ကေတီအောင်သိန်း ---------- ၁၈၆

**အမှုတွေပြေအောင်စေမယ့် ဥပဒေအမေးအဖြေ**
ဦးစောလှိုင် ---------- ၁၉၅

**သူနာပြုဥပဒေ၊ သားဖွားဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်**
ကေတီအောင်သိန်း ---------- ၂၄၃

## ရသ ပြစ်မှု

**မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ**
ဆွေမြင့် ---------- ၆၀

**ဆီမ်ကြီးရှင်သခင်မ**
ဝင်းသောင်(ရမည်းသင်း) ---------- ၉၂

**ဗိုးရိုးနိုင်းတူး မောင်ညိုနှင့် ကာကွယ်ခုခံပိုင်ခွင့်ရ လူသတ် တရားခံ**
မောင်ညိုသစ်(တောင်တွင်းကြီး) ---------- ၁၁၂

**တထွာမီးလောင် သားကောင်မြေချနင်းတဲ့သူ**
မောင်လင်းခိုင် ---------- ၁၂၀

**ခေါ်သံ**
ဒါရိုက်တာမျိုးဇော်အောင် ---------- ၁၂၈

**မြွေမြွေချင်း မြင်သည့်ခြေ**
မုဒ့-သုမွန် ---------- ၁၃၂

**အသားလုတဲ့ သရဲ**
မင်းရဲကျော် ---------- ၁၅၆

**ဖြတ်လမ်း**
လှိုင်သာယာ-မွန်ကြီး ---------- ၁၆၂

**ထောင်ကျတို့ရဲ့ ထောင်သံသရာ**
ကျော်မင်းနိုင် ---------- ၁၆၈

**ပုဆိန်တစ်ချက် ဇီဇိန်ထွက်**
မောင်မောင်(ပီတောက်မြိုင်) ---------- ၂၀၂

**ညည်ဆိုး မွေဆိုး**
ကိုမောင်သန်းဝင်း ---------- ၂၁၀

**အဆိပ်သင့်ပန်း**
တွင်းကြီးသားတင်ဝင်းဦး ---------- ၂၁၆

**စိုင်ပစ်ပုဆိုး**
လေးမောင် ---------- ၂၂၂

**ကုလားဖြူအိမ်မှ ခိုးမှု**
မြသိန်း ---------- ၂၃၄

**အရင်ကတော့ ကျွန်မချစ်သူ**
မြမြလှိုင် ---------- ၂၃၈

**မာယာတစ်သိန်း**
မောင်ဆွေ(တောင်ငူ) ---------- ၂၄၄

## ဆောင်းပါး ပြစ်မှု

**မြန်မာ့ပွဲကျောင်း**
ရန်နိုင် ---------- ၃၇

**လိမ်စရာမရှိတော့လည်း ကြံမိကြံရာ ကြံမိတာပါတဲ့**
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၅၇

**ထိုခေတ်က တမူခ ၁၀/ပေးခဲ့သော ပြစ်မှုမှတ်ဖွင်း**
ကေတီအောင်သိန်း ---------- ၇၉

**လောင်းကစားနှင့် နောက်ဆက်တွဲမှုခင်း**
ညွှန့်ဟံ(ကြူတော) ---------- ၁၉၇

## မျက်နှာဖုံးဆောင်းပါး ပြစ်မှု

**ပထမကမ္ဘာစစ်နှင့် မြန်မာ(ဗမာ) စစ်မှုထမ်းများ**
စိုးဝင်းထွဏ်း(တာမွေ) ---------- ၄၀

**“ရာပြည့်” ပထမကမ္ဘာစစ်**
လှုမ်းထက် ---------- ၄၃

## ဗေဒင် ပြစ်မှု

**သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း**
ဒေါက်တာ စောယုနွယ် ---------- [illegible]

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


စင်ကာပူ၏ ပထမဆုံး အငယ်တန်းကောလိပ်
တည်ထောင်သူ ကျောင်းအုပ် . . .
လေးဝတီကျော် ---------- ၅၁

မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်းနှင့် ကြုံတွေ့ . . .
မြသိန်း ---------- ၇၇

အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ---------- ၁၃၉

ထူးဆန်းစွာ ပျောက်ဆုံးသွားသော ရွာသူရွာသားများ
ဦးဦးသိန်း ---------- ၁၈၇

ဘတ် ၆ သန်းကိုယူပြီး မူးယစ်ဆေးဝါးသယ်ပေးသော ရဲအရာရှိ
ဦးဦးသိန်း ---------- ၁၈၉

ရုပ်ရှင်မင်းသားနှစ်ဦး မူးယစ်ဆေးဝါးအမှုဖြင့် . . .
မောင်ကောင်းယဉ် ---------- ၂၁၅

ငွေမည်းကို ငွေဖြူလုပ်သော ပြစ်မှုကျူးလွန်သူအား . .
လေးဝတီကျော် ---------- ၂၅၀

ဆယ်နှစ်ကြာ ရေးခဲ့ရသော ကဗျာအတွက် . . .
မြသိန်း ---------- ၂၅၂

ကြောက်စရာအကောင်းဆုံး အကျဉ်းထောင်
မြသိန်း ---------- ၂၆၄


## အခန်းဆက် ရသပြစ်မှု


အတိတ်အကြောင်း ဖောင်းသည်မရှိ(၁၈)
မင်းဟိန်းထိဝ် ---------- ၆၈

မှောတတ်သော အမွေ(၅)
ကျော်မြသန်း ---------- ၈၂

အဖော်ကောင်းရင် ရဲအထိလိုက်မယ်(၁၂)
မောင်ရွှေစွန် ---------- ၁၀၂

ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော် . . .(၇)
ကျော်ဆွေဝင်း(ရွှေအင်း) ---------- ၁၄၈

နယ်မြို့လေးထဲက သားရဲ(၇)
သစ်ထူးအိမ် ---------- ၁၇၆

ထောင်မှူးများ အလိုရှိသည်(၉၂)
ပဟိုဇော ---------- ၁၉၀


## တစ်မျက်နှာ ပြစ်မှု

သားထက်ခွေ၊ စိုးယဉ်ထွန်း။ ကျော်မြင့်(မြောင်းမြ)၊ ဘရင်သား။ ရွှေနှင်းဆီ၊ ကိုဖိုးတင်အောင်၊ စိုးယဉ်ထွန်း။ အောင်ဆန်းလင်း(B.A)။ ပိုက်မင်းဝေ၊ ရေကျော်စိုးအောင်။


မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးခိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကေလတ်၊ ကျော်ဦး။ KN၊ ဖိုးအောင်၊ အောင်နိုင်လတ်၊ စံလွင်မောင်၊ Aung MW၊ ပညတ်၊ ညီညီလွင်။



အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မောင်းလာတဲ့
ရေးနိုးလ်ကားလေးကို စီးရတာ
ဘယ်လောက်ငြိမ့်ညောင်းပြီး
စည်းစိမ်ရှိသလဲဆိုတာ..."

ဆွေမြင့်------------------------၆၀



"ပြေးမယ်ဆိုရင် ကိုကို့မှာ
သေနတ်အတိုတစ်လက်
အရှည်တစ်လက် ရှိတယ်မဟုတ်လား၊
အဲဒါတွေကော..."

မင်းဟိန်းထိုက်------------------------၆၈



"ကျွန်တော် ကတော့
ဘယ်လိုမှ စိတ်မတွေ့ဘူး၊
ပြဿနာတွေ မျိုးစုံဖြစ်လာမှာတော့
သေချာတယ်၊ ဒါပေမဲ့ ..."

ကျော်မြသန်း------------------------၈၂

www.burmeseclassic.com

www.burmeseclassic.com



"ဪ...
ငါ့လည်း စိတ်ထဲကတွေးပြီး
စိုးရိမ်တယ်...
ကြောက်နေမိတယ် မြခေါင်"

ဝင်းသောင်(ရမည်းသင်း)----------၉၂



"ကလေးပျောက်ပုံ ဆန်းတယ်နော်၊
တောမှာ တောင်မှာဆို
ကျားတို့၊ ကျားသစ်တို့ ရှိတယ်လို့
ပြောလို့ရသေးတာပေါ့"

မောင်လင်းခိုင်------------------၁၂၀



"မဝေဥ...ထွက်ခဲ့ပါ၊
ခင်များရဲ့ အဖေကို
ကျွန်တော်တို့ ရအောင်
ဖမ်းရပါလိမ့်မယ်၊ အပြင်ထွက်ခဲ့ပါ"

မောင်ရွှေစွန်------------------၁၀၂

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ထက်ခိုင်
မင်းက ငါသတ်လို့ သေခဲ့ပြီးပြီ၊
မှုံနဲ့ မင်းနဲ့ ပါလာတယ်ဆိုတာ
လုံးဝ လုံးဝ မဖြစ်နိုင်ဘူး"

ဒါရိုက်တာမျိုးဇော်အောင်-----၁၂၈



BURMESE CLASSIC

ရှိပါကော၊ သူက
နတ်ပြည်နဲ့ ဗြဟ္မာပြည်ကို
ကူးနေတာလေ၊
သူတော်စင်တွေဆိုတော့..."

မုဒုံသုမွန်-----------------၁၃၂



"ဟုတ်ကဲ့...သတိထားမိတယ်၊
အဲဒီကြွေတွေက
တကယ်လို့ ဒိုင်ဘက်က
တောက်လျှောက် ဆင်းလျော်နေရင်..."

ကျော်ဆွေဝင်း(ရွှေအင်း)-----၁၄၈

www.burmeseclassic.com

www.burmeseclassic.com




"ဆရာကြီးပ...

ဟို...သွေးနဲ့ရလို့ မတော်တဆ

တောခြောက်လာရင်

ဘကောင်မှ မပစ်ဘဲ နေကြတာပနော်"

မင်းရဲကျော်——————၁၅၆





"ခင်များကို ပေးထားတဲ့

စရန်ငွေ ဘတ်တစ်သိန်း

ပြန်ပေးပါ ဦးဇော်နောင်၊

စာချုပ်ပါအတိုင်းပေါ့..."

လှိုင်သာယာမွန်ကြီး————၁၆၂





"ဦးဟုတ်လှိုင်...

ကျွန်တော် ခင်များရဲ့ဇနီး

ဒေါ်စိစိလှိုင်ကို

မေးစရာ စမ်းစရာ နည်းနည်းရှိတယ်များ"

ကျော်မင်းနိုင်——————၁၆၈


www.burmeseclassic.com

www.burmeseclassic.com



# ပန်းရှိရာသို့

## ညက်မိုး(ကျောက်ပန်းတောင်း)

❑ လိပ်ပြာငယ် မာန်တင်းပေမဲ့
လေပြင်းက မညှင်သာ
ပန်းရှိရာ ညဏ်မိုးလို့
ခရီးနှင်မှာ . . .။

❑ လေဟုန်စီးလို့ တစ်ခါ
လေဆန်မှာ တစ်လှည့်
အန္တရာယ် ဘယ်မမှုပါဘု
ငယ်နှလုံး အတောင်များကိုလ
အားထည့်ချင်ရဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာများသို့ဆုတောင်းခြင်း

မောင်လင်းခိုင်




□ "ကောင်းကင်နဲ့မြေကြီး
ငါ့အားပေးလော့"ဆိုပြီး ပူဆာခဲ့ရှာတဲ့
ဆရာနန္ဒမိတ်။

□ တစ်ပွင့်ခြွေခူး တစ်ငုံဖူး၏
တစ်ဦးသေသွား။ ဆယ်ဦးဖွားဟု
တင်စားပွဲဆို
အို…မောင်သင်းမွန်။

□ သူကြီးဘုရား။ ရွာသားကောင်းမှု
ပန်းပုလက်ရာ၊ စေတီသာတွင်
စာမူတစ်ကြောင်း။ လစ်ဟာကြောင်းကို
မီးမောင်းထိုးကာ၊ ပြခဲ့ရှာသူ
ဆရာအောင်သာမိုး။

□ ဩော်…လူ့ဘဝကား
အိုကြနာကြ၊ သေကြရမို့
မည်မျှသိန်းစွာ၊ တောက်ခဲ့ပါသည်၊
ရောမောင်ချ၊ အိုချိန်ကျတော့
လောကမျှော၊ သွားရရှာပြီ
ဆရာတို့အား။ လွမ်းဆိတ်ပွားရင်း
စကားကြည်သာ၊ ဆုလိုက်ပါသည်
ကောင်းရာသုဂတိလားစေသော်။

□ ဆရာတို့တွေ၊ ဤမြေလောက
စွန့်သွားကြလည်း။ ဘဝမသေ
ကျန်ရစ်ပေသည့်
စာပေမီးတိုင်လင်းလျှက်ကို။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကြုံလာပြီမို့

မကြာညို(အမျိုးသားစာကြည့်တိုက်)



❑ ပန်းငုံခွေပွေး
ဖူးရာမှပွင့်၊ ပွင့်ရာမှဝေ
ဝေပြီးကြွေကျ၊ သဘာဝပဲ
ရင်ထဲမခိုက်၊ စရိုက်ဘာသာ
ဝေဒနာမရှိဘဲ နေခဲ့သည်။

❑ လေအဝှေ့မှာ
ရော်ရွက်ဝါတွေ၊ ဝေ့ဝဲကြွေကျ
မြေမှာခဝေ့၊ ပင်ထက်မော့ကြည့်
အသိရင်မှာ၊ ဖြစ်ပြခမှုတွာ
ကြွေမှာပဲလေ စိတ်မှာဖြေ၏။

❑ မှည့်လွန်ယစ်သီး
ရော်ပြီးရင့်ကြွေ၊ မြေသို့ကျခိုက်
မြင်လိုက်မိစဉ်၊ အသွင်မဆန်း
ဖြစ်မြဲတမ်းတ၊ ဝေဒနာမရှိ
မသိဘာသာနေခဲ့သည်။

❑ အသိမိတ်ဆွေ
ဆုံးပါးလေလည်း။ ပျက်မြဲခန္ဓာ
မွေ့တာပ၊ တရားရှုကာ
မရဏာနုဿတိ ရှိခဲ့၏။

❑ ခင်ပွန်းချစ်သူ
တူယှဉ်မခွဲ၊ ပျော်ရွှင်နွဲ့ခိုက်
တိုက်ခတ်မုန်တိုင်း။ ကြမ္မာရိုင်းက
သခါရကို၊ ပြဆိုလေလည်း၊
အသည်းကြွေမွ၊ ဖြေမရခဲ့
အသိမဲ့ကာ။ နာကြင်ခြင်းဖြင့်
သမုဒယသန့်နှစ်နေခဲ့ပြီ…။



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ဝယ်ဘယ်ဆီ

ဟန်သာသူ

- အသက်ဖွေရှည်တာ
  ဒုက္ခတွေပိုခံရတယ် အချစ်ဦးရေ…။

- မင်းရော
  ဒီကမ္ဘာမြေမှာ
  ခိုလှုံရှူရှိုက်ခွင့် ရှိသေးရဲ့လား…။

- ဘာရယ်မဟုတ်ပါဘူး
  ချစ်တတ်ခါစ တို့နှလုံးသားလေး
  မလိုအပ်ဘဲ ကျပျောက်ခဲ့မှာ
  မင်းရော ငါရော
  စိုးရိမ်လွန်းမိ ခံဖူးတယ်နော်…။



www.burmeseclassic.com

www.burmeseclassic.com



# ရူးနေတဲ့ ကဗျာ

## မင်းထက်နိုင်(ကြို့ပင်ကောက်)

- သတ္တိကိုပျိုး။ သွေးကိုနှိုး၍
အရိုးရှင်းဆုံး။ ငါ့နှလုံး၏
ခုန်နှုန်းနိုးကြွ၊ ပင့်သက်မကို
လှစ်ဟာရင့်ကျူးလိုက်ချင်ပြီ…။

- မသိမထင်၊ ချစ်သူ့ရင်၌
မမြင်မသိ၊ ရှိတကား
သူ၏အပြုံး။ ငါ့နှလုံး၌
ပိတ်ဖုံးညသွင်၊ အမှောင်ဆင်၏…။
ကြားပါစကား။ နှလုံးသားမှာ
တေးသွားပုံတင်၊ လင်္ကာထင်၏…။
ယဉ်ဟန်ခွဲ့ဟန်၊ ချစ်သူမာန်ကား
သင်ကျွန်ရူးနှစ်၊ မေ့မူးယစ်စွ
နတ်တမျှသွင်၊ "က"ကြိုးဆင်၏…။

- ချစ်ကြွင်ခွဲပြီ၊ သူမသိလည်း
ရှိဘိအလား။ ထင်မှတ်မှားလျက်
ယောင်ဝါးတွေဝေ၊ စိတ်တေလေနှင့်
အနေမထိ၊ မြေမချိအောင်
မသိစိတ်ထင်၊ အိပ်မက်မြင်၍
တွယ်ငင်နှောင်ကြိုး။ ထုံးဖွဲ့တိုးပေါ့
တိတ်တခိုးချစ်၊ ငါ့အဖြစ်ကို
အချစ်သိစေ၊ တောင်းဆုခြွေရင်း
ညခင်း၊ နံနက် နေ့ရက်သဲသဲရာ…။



www.burmeseclassic.com

www.burmeseclassic.com




# လမ်းပျောက်သူ

ဝင်းမြင့်ကျော်(တောချောင်းဦး)

- လွတ်လမ်းကိုမြင်
ရှန်းထွက်ချင်လွှယ်သော်ငြား။
ကိလေသာတံလျှပ်ကိုဖြင့်
ရေမှတ်ကာ တွင်တွင်သောက်ပါလို့
လမ်းပျောက်အောင် ကိုယ်တိုင်ပျောက်တယ်
ကြောက်စရာလူစား။ ။



www.burmeseclassic.com

www.burmeseclassic.com



# အိပ်ပျက်ည

ဖြောင်းမြ မောင်ညိုအောင်

- အေးမြမြ ဆောင်းတစ်ည
ဒီဇယ်မီး-မှိန်မှိန်အောက်မှာ
ကျွန်တော်တို့သားအဖ
စကားလက်ဆုံကျနေကြတယ်။

- "ပညာသမား အဘဘာနဲ့တူ" တဲ့
လောကမှာ ပညာထက်တောက်ပတဲ့
အလင်းရောင်မရှိဘူး သမီးရဲ့
ဟုတ်ကဲ့ ဖေဖေ
သေသေချာချာမှတ်ထားပါ့မယ်
ဟိုလေ...မနက်ဖြန်ကျ
"သမီးကျူရှင်လခနော်" တဲ့
အော်...ကျူရှင်လခ
ကျူ..ှင်လခ
အမှိုးမှိုးခြိမ်းခြောက်ပြီ
ရင်ထဲမှာ ဆူပွက်ထ
ဒိုင်ယာစီပင် သောက်ချလည်း
ဘယ်လိုမှ အိပ်မရပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com

# မဟာပုရိသများအကြောင်း

မောင်နီချို

□ တောင်ကိုမဖောက်
တောင်ကိုဖောက်
စိန်ကျောက်အလား
မိုးကြိုးနှလုံးသားနဲ့ လူ…။

□ တောင်ကြီးရင် ဖဝါးအောက်
လှိုင်းကြီးလည်း လှေအောက်
နောက်မဆုတ် အလံမလှဲ
လောကဓံဝဲလည်း ဂရုမစိုက်
တုံ့တိုက်တိုက်
ကျား့ကိုက်ကိုက်
ခေါင်းတိုက် ဖြူခွင်းရဲတဲ့ လူ…။

□ သစ်ငုတ် ဝါးငုတ်
ရှပ်နေသမျှ
အမြစ်ကနုတ်
ခလုတ်ဆူးခက်
ဘေးမပါလည်း လက်နဲ့ရှင်း
လမ်းကျဉ်းလမ်းကျယ် ကွေ့မရှောင်
တွေ့မရှောင် လက်ခမောင်းခတ်
ရဲရင့်ပြတ်သား
လောကကြီးဗိုင်းများနဲ့ လူ…။

□ မြောက်ဝင်ရိုးစွန်း
ရေခဲပြင်စွန်းမှာ မတ်တပ်ရပ်
မတ်စောက်တဲ့ ဝေရက်တောင်ထိပ်ကအလံ
အသီးအတား နံ့ရှုတွေမှန်သမျှ
သံတိုင်ဖြစ်ပစေ
ခြေလှမ်းတွေနဲ့ သမိုင်းလူရေး
သွေးပေမှာမကြောက်
(ဘယ်သူကိုမှလည်း)
ဒူးမထောက်တတ်တဲ့ လူ…။



□ လူ့သမိုင်းစဉ်
အစဉ်အဆက်
သက္ကရာဇ်များ ရာထောင်
အတောင်နှစ်ဆယ်ဝတ်ဆင်
သတိသမ္ပဇဉ်မြဲ
သံသရာနွံပြင်ထဲက ကျွတ်လွတ်
မချွတ်ကောင်
"ဝိဇ္ဇာ စရဏ သမ္ပန္နံ"
သမ္မာ သမ္ဗုဒ္ဓ နိဗ္ဗာနဉာဏ်
အနာဂတ် ပြည့်စေသော်…။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း ရန်ကြီးအောင်.



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်စိန်လင်း(နတ်မောက်)၏ ဖြစ်ရပ်မှန် မှုခင်းဖြစ်စဉ်များ(၃)

စာရေးဆရာ မောင်မောင်စိန်လင်း(နတ်မောက်) စုစည်းတင်ပြသည့် လူကြီး၊ လူလတ်၊ လူငယ်များ သတိထားသင့်၊ သိထားသင့်သော ဖြစ်ရပ်မှန်မှုခင်းဖြစ်စဉ်များကို ထုတ်ဝေလာခဲ့သည်မှာ ဤစာအုပ်သည် အမှတ်(၃) ဖြစ်ပေသည်။ စာရေးဆရာ မောင်မောင်စိန်လင်း(နတ်မောက်)က စာဖတ်ပရိသတ်များ အမှုအခင်းများမှ ကင်းလွတ်စေရန်၊ ဥပဒေဆိုင်ရာ ဗဟုသုတများ ရရှိစေရန် သတိထားသင့်၊ သိထားသင့်သည်တို့ကို စေတနာဖြင့် ရေးသားပြုစုထားခြင်း ဖြစ်သည်။

ဤစာအုပ်တွင် ဝတ္ထုတိုပေါင်း ၁၅ ပုဒ်တိတိ ဖော်ပြထားသည်။ ပျက်ပြယ်ခြင်းမရှိသော ပြစ်မှု တစ်ပုဒ်ပေါ် နှစ်ပုဒ်ဆင့်၊ အမေ့အိမ်အပြန်၊ ထန်းပင်ပေါ်က လက်ကိုင်ဖုန်း၊ အိမ်နီးနံ့စံ၊ ပိုးချိတ်ပုဆိုးနဲ့ ကတ္တီပါဖိနပ်၊ သိပ်ချစ်တယ်ဆိုတဲ့ ကိုကို၊ ဂျူးမလေး ဂျင်၊ ယုံမှတ်လို့ ပုံအပ်ပါသည်၊ မရုပ်တေး၊ သဟာဇာတအချစ်၊ တစ်လိမ်၊ နှစ်လိမ် ပွေလိမ်ရှုပ်တဲ့လူ၊ မွေးရပ်မြေ၊ တထုာရှာက သိုက်တူးသမား၊ ၅၅% ချစ်ပါတယ်ဆိုတဲ့ ဒါလင်··· စသည်တို့ ဖြစ်ကြပြီး ဥပဒေနှင့် မကင်းသူတိုင်း ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်ပေသည်။ ဤစာအုပ်အား ပန်းချီသန့်ဇော်သစ်မှ လှဆင်ခြယ်မှုန်းထားပြီး မြတ်ပန်းရဂုံစာပေမှ တန်ဖိုး ၃၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## မြတ်သောအလှူနှင့် အခြားဝတ္ထုတိုများ

စာရေးဆရာတင့်လွင်(ဘုရားနီ) စီစဉ်သည့် မြတ်သောအလှူနှင့် အခြားဝတ္ထုတိုများ စာအုပ်တွင် ဝတ္ထုတိုပေါင်း ၁၃ ပုဒ်ပါဝင်ရာ အိပ်မက်ဖြင့် သာသနာပြုသူ၊ ဖုတ်တစ်ကောင်ရဲ့ ဝိညာဉ်၊ ဝိညာဉ်တို့ ပျော်ရာ ရေအောက်ကမ္ဘာ၊ ကြောင်မုဆိုး၊ ရှုးလည်းရှုး ထူးလည်းထူးသည်၊ အကျိုးဆက် အကြောင်းဆက် ပဋ္ဌာန်းဆက်၊ ကြောင်နက်ကြီး တောက်တဲ့ဝိညာဉ်၊ ပဋ္ဌာန်းအကျိုး မြတ်သောအလှူ၊ အဖေ့ကိုယ်စား၊ အလှည့်အပြောင်းနှင့် နိမိတ်စကားတို့ ပါဝင်သည်။

ဤစာအုပ်တွင် ဆရာတင့်လွင်(ဘုရားနီ)၊ သန်လျင်ချမ်းမြေ့အောင်၊ ကိုဘို(အံ့ကြီး)၊ မောင်လေးအောင်(သန်လျင်)၊ ကာတွန်းမြင့်သိန်း၊ အောင်သူရိန်(ပုလဲ)တို့၏ လက်ရာစုံပါဝင်ပြီး ပန်းချီထွန်းအောင်၏ မျက်နှာဖုံးလက်ရာ၊ ပန်းချီကျော်ဦး၏ အတွင်းလက်ရာများဖြင့် ရွှေကုံကော်စာပေမှ ထုတ်ဝေလိုက်ရာ ဘဝသရုပ်ဖော်၊ ဂမ္ဘီရ၊ ကံ-ကံ၏အကျိုး၊ ဘာသာတရားတို့အား နှစ်သက်အလေးထားသူတို့ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

## မောင်ချစ်(သူရဲသမိန်)၊ ကိုရင်ရွှေမျိုး၊ မြို့မသိခ်တို့၏ ဘီလူးသုံးကောင်နှင့် ဆင်းရဲမွဲတေမှု အယ်လ်ဘမ်

အပတ်စဉ်ထုတ် ဂျာနယ်များ၌ လက်စွမ်းပြရေးသားနေကြသည့် ဆရာမောင်ချစ်(သူရဲသမိန်)၊ ကိုရင်ရွှေမျိုး၊ မြို့မသိခ်တို့၏ နိုင်ငံရေးဆောင်းပါးများကို တစ်စုတစ်စည်းတည်း ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ဤစာအုပ်တွင် ဆရာသုံးဦး၏ ဆောင်းပါးစုစုပေါင်း ၂၆ ပုဒ်ကို ဖော်ပြထားပြီး တဝကြီးဖတ်ရှုကာ တွေးတောခံစားနိုင်မှာ သေချာသည်။ ဆရာမောင်ချစ်(သူရဲသမိန်)က အဖွင့်ဆောင်းပါး၌ -

"···တိုင်းပြည်ခေါင်းဆောင်များကိုယ်တိုင်ပင် ဥပဒေကို လိုက်နာဖို့ လိုသေးသည်။ အသက် ၆၀ ပြည့်လျှင် မယူမနေရ အငြိမ်းစား ယူကိုယူရမည်။ ပြဋ္ဌာန်းချက်ကို မလိုက်နာဘဲ လုပ်ငန်းလိုအပ်ချက်အရ တိုင်းပြည်အတွက်ဟု အကြောင်းပြပြီး ကုလားထိုင်ကို ဆုပ်ကိုင်ထားနေသမျှ ဥပဒေနှင့်လုပ်ရမည့် အဂတိလိုက်စားသည့် တိုက်ဖျက်ရေးကိုလည်း မည်သို့အရေးယူကြမည်နည်း။ ခေါင်းဆောင်များအနေဖြင့် မိမိပြောသောစကား၊ မိမိလုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် ဘယ်လောက်ထိရောက်သလဲကို ဦးစွာဆန်းစစ်ကြည့်စေချင်သည်"···ဟု ရေးသားထားပေသည်။ ဤစာအုပ်အား စိုးစာပေမှ တန်ဖိုး ၁၅၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## နန္ဒာမိုးကြယ်၏ အောင်ခြင်းရှစ်ဖြာမင်္ဂလာ

သိဒ္ဓတ္ထအလောင်းတော်သည် ဘုရားအဖြစ်သို့ အလွယ်တကူ ရောက်ရှိလာခဲ့ရသည် မဟုတ်ချေ။ အနှောင့်အယှက် အဖျက်ရန်စွယ်အသွယ်သွယ်တို့ကို ဘုရားအဖြစ်မရောက်မီမှသည် ဘုရားရှင်အဖြစ်သို့ ရောက်ပြီးသည့်တိုင်အောင် တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ ထိုအထဲမှာမှ အောင်ခြင်းရှစ်ပါးကား ထင်ရှားလှပေသည်။ ထိုအကြောင်းကို ဗုဒ္ဓဘာသာဝင်တိုင်း သိနားလည်စေရန်၊ အထူးသဖြင့် လူငယ်လူရွယ်ထုအတွက် ရည်ရွယ်လျက် စာရေးသူက ရသများထုံမွမ်းလျက် ရေးဖွဲ့ထားခြင်း ဖြစ်ပေသည်။

အဆိုပါစာအုပ်တွင် မာရ်နတ်မင်း၊ အာဠာဝက ဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာဏ၊ သစ္စက ပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါးမင်း၊ ဗကာဗြဟ္မာတို့အား အောင်မြင်စွာ ချေချွတ်နှိမ်နင်းနိုင်ခဲ့ပုံတို့အား ရေးဖွဲ့ထားရုံမက အောင်ခြင်းရှစ်ဖြာ တေးသီချင်း၊ ဘားမဲ့ဆရာတော်ကြီး၏ အောင်ခြင်းရှစ်ပါး အချုပ်ဂါထာတော်တို့ကိုပါ ဖော်ပြထားပေသည်။ ပန်းချီမိုးကျော်(C.U) ၏ ခြယ်မှုန်းမှုဖြင့် တန်ဖိုး ၃၀၀ိ/-ကျပ် သတ်မှတ်လျက် မြတ်ပန်းရဂုံ စာပေမှ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## မောင်နေလင်း၏ တက္ကစီမင်း

ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ပြီး Live News ဂျာနယ်၌ အပတ်စဉ် "တက္ကစီမင်း"ဇာတ်လမ်းများကို ရေးသားလျက်ရှိသော မောင်နေလင်းသည် ယခုအခါ စာအုပ်အဖြစ် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဆရာမောင်ဆန္ဒ(လယ်ဝေး)၏ အမှာနှင့် ထုတ်ဝေလိုက်သည့် ဤစာအုပ်၌ တက္ကစီမင်းနှင့် အသည်းကွဲ ရုပ်ရှင်၊ သားသမီးဝတ္တရား အလိမ္မာများ၊ အလှည့် ကလေးရှူး၊ မိဘဂုဏ်တော်ကျေးဇူး၊ မော်ဒယ်ဂဲလ်၊ ကွဲ့ရိုင်းဘူး၊ အရှုံးအမြတ်၊ ရသေ့ကြီး၊ စိတ်ဓာတ်၊ ကံကောင်းကံထူး၊ ကျားဆိုမှကျား၊ မုဆိုးမမိသားစု၊ ယာဉ်စည်းကမ်း၊ သွေးသစ္စာသမား၊ စက္ကူထရီ၊ တစ္ဆေမင်း မသဖြင့် ၁၈ ပုဒ်တိတိ ဖော်ပြထားရာ တက္ကစီမင်းတို့၏ ဘဝကို သနားတွေးသိခံစားကြည့်နိုင်မည် ဖြစ်သည်။

ဤစာအုပ်ကား ကာတွန်းစိုးစံ၏ သရုပ်ဖော်ဖြင့် တန်ဖိုး ၁၀၀၀ိ/-ကျပ် သတ်မှတ်ကာ ရွှေကုံ့ကော် စာပေမှ ဖြန့်ချိလိုက်ပြီဖြစ်သည်။

## တာတေ၏ ကိုယ်တူကိုယ်ခွဲ မဖဲဝါ

သရဲတစ္ဆေဝတ္ထုများသည် ဘယာနက ဟူသည့် ကြောက်မက်ဖွယ်ရာ ရသကို ပေးစွမ်းနိုင်သော ရသ စာပေအမျိုးအစားတွင် ပါဝင်သည်။ စာရေးဆရာတာတေ သည် အဆိုပါ စာပေအမျိုးအစားဖြင့် ပရိသတ်အနိုင် အမာ ရရှိနေသူဖြစ်၏။

ယခုလည်း "ညမဖတ်ရ"ဟူသော ဆောင်ပုဒ်ဖြင့် "ကိုယ်တူကိုယ်ခွဲ မဖဲဝါ"ဟူသော စာအုပ်ကို ရေးထုတ် လိုက်ပေပြီ။ အဆိုပါစာအုပ်တွင် ခေါင်းရိုက်တဲ့သံ၊ ကိုယ်တူကိုယ်ခွဲ မဖဲဝါ၊ တောကြီးတစ္ဆေ၊ တစ္ဆေလက်သီး၊ ကျတ်တွင်း ဟူသော ဝတ္ထုတို ငါးပုဒ်ဖြင့် ပရိသတ်စိတ် ဝင်စားမည့် မဖဲဝါဇာတ်လမ်းကို ရေးထုတ်လိုက်ရာ အဖုံးပန်းချီ မောင်နေကြည်၊ အတွင်းသရုပ်ဖော် ပန်းချီ ကေလတ်တို့၏ လက်ရာဖြင့် ဘုန်းဇော်၏ စီစဉ်မှုဖြင့် အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၃၀၀ိ/-ကျပ် သတ်မှတ်ကာ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ကာသစ်နီ



www.burmeseclassic.com



## အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် (၂၁)နှစ်ပြည့် အခမ်းအနားကျင်းပ

ကိုယ်တွေ့ချွေးတပ်မှတ်တမ်း၊ သေမင်းတမန်လမ်းပေါ်ဝယ်၊ သီတာသောင်ခြေဦး၊ ဓမ္မဝိလာသ···အစရှိသော စာပေလက်ရာတို့ဖြင့် ထင်ရှားလှစွာသော အမျိုးသားစာပေဆုရ စာရေးဆရာကြီး လင်းယုန်သစ်လွင် ကွယ်လွန်ခဲ့သည်မှာ ၂၁ တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

၎င်းတွင် ဆရာကြီးအား လေးစားချစ်ခင်ကြကုန်သော လင်းယုန်သစ်လွင်စာပေထိန်းသိမ်းရေးကော်မတီမှ ကြီးမှူးလျက် အမှတ်တရအခမ်းအနားကို ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် ၂၁ တင်းတင်းပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ယခုနှစ်တွင် အဆိုပါ အခမ်းအနားနှင့်အတူ ဆရာကြီးလင်းယုန်သစ်လွင် အထိမ်းအမှတ် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်း အစီအစဉ်ကိုပါ ပူးတွဲကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားကို ၃၁·၈·၂၀၁၄ (တနင်္ဂနွေနေ့)၊ နံနက် ၁၀:၀၀ နာရီမှ ၁း၃၀ နာရီအထိ မြောက်ဥက္ကလာပမြို့နယ်၊ စံပြ (၈)ရပ်ကွက်၊ နီလာလမ်းမကြီး၏ သာသနဝိသုဒ္ဓိဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကော်မတီဝင်များ၊ စာရေးဆရာ၊ အယ်ဒီတာများ၊ အလှူရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

---

## စိန်မဟာသဘင်၏ ပါတော်မူ

အနော်မာသုခမ၏ ပထမခြေလှမ်းအဖြစ် ပါတော်မူဇာတ်တော်ကြီးကို ဩဂုတ်လ ၂၉၊ ၃၀၊ ၃၁ ရက် ည ၇ နာရီအချိန်က အမျိုးသားကဇာတ်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိပါသည်။

အဆိုပါ စိန်မဟာသဘင်၌ ပါတော်မူဇာတ်တော်ကြီး ကပြဖျော်ဖြေသည့်ကိစ္စနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ပြုလုပ်ခဲ့စဉ်က အခမ်းအနားမှူးအဖြစ် မပတ္တမြားကေနိုင်က ဆောင်ရွက်ပြီး ဒု-ဥက္ကဋ္ဌ အရိုင်းက ပါတော်မူဇာတ်တော်ကြီးအား ရွေးချယ်တင်ဆက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဂရိတ်ဦးဖိုးစိန်၏မြေး ဒေါ်နီလာခင်မြင့်၊ သီပေါမင်းအဖြစ် ကပြမည့် မင်းသား ဇံဟိန်း၊ စုဖုရားလတ်အဖြစ် ကပြမည့် မင်းသမီး တင်ဇာမိုးဝင်း၊ ဖျော်ဖြေမှုဒါရိုက်တာဖြစ်သူ မိုးမင်းတို့က အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။ အဆိုပါ ဇာတ်တော်ကြီးကို အားပေးကြည့်ရှုကြသူများအတွက် လက်မှတ်ဈေးနှုန်းများမှာ ကျပ် သုံးသောင်း၊ နှစ်သောင်းခွဲ၊ နှစ်သောင်း၊ တစ်သောင်းတို့ ဖြစ်ကြကြောင်း သတင်းရရှိပါသည်။

---

## ဂွဂွးဟေမန်၏ 'မဆိုးပါဘူး' တေးစီးရီးမိတ်ဆက်

တေးသံရှင် ဂွဂွးဟေမန်၏ "မဆိုးပါဘူး"အမည်ရှိ ဒုတိယတေးစီးရီး Audio CD မိတ်ဆက်ခြင်းအခမ်းအနားကို ဩဂုတ်လ ၁ ရက်နေ့ နေ့လယ်က စီးတီးစတားဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တေးစီးရီးကို မင်းချစ်သူ၊ သောမတ်စ်၊ ဇဝါ၊ ဖိုးကာ၊ ကိုဂေးလ်၊ စောနဲတာ၊ ယုန်လေး၊ နိုင်ဇော်(Lazy Club)၊ မင်းဦး(The Trees)၊ Z ဟန်ထက်၊ ကလုန်း၊ နိုင်းဝမ်း၊ ရဲရင့်အောင်၊ အလင်းZ ၊ ဘေးဘီတို့က ရေးဖွဲ့ပေးထားကြပြီး Featuring အဖြစ် ဘရိတ်ကီ၊ သောမတ်စ်၊ ဇဝါ၊ ဖိုးကာ၊ ကိုဂေးလ်တို့က သီဆိုပေးထားကြသည်။ တေးသံရှင် ဂွဂွးဟေမန်၏ ပထမဆုံးထွက်ရှိခဲ့တဲ့က အခွေမှာ "မေ့မရတဲ့ရက်စွဲများ" Audio CD ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## လက်မှတ်(၇၀၀)သာ ရောင်းချခဲ့တဲ့ တေးဂီတဖျော်ဖြေပွဲ

Shwe Pan Thu Media & Entertainment က စီစဥ်တင်ဆက်သည့် Sky Star Music Night တေးဂီတဖျော်ဖြေပွဲကို ၁၆.၀၈.၂၀၁၄ ည ၇ နာရီအချိန်၌ တင်ဆက်ဖျော်ဖြေခဲ့သည်။ နေရာမှာ Sky Star Hotel Ballroom တွင် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲ၌ အဆိုတော်များဖြစ်ကြသော ဇော်ပိုင်၊ R-ဇာနည်၊ ဟဲလေး၊ ဖြူဖြူကျော်သိန်း၊ စန္ဒီမြင့်လွင်တို့က Lazy Club တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ၎င်းတို့၏ နာမည်ကျော်တေးသီချင်းများနှင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြပါသည်။ ၎င်းပွဲ၏ထူးခြားချက်မှာ အနုပညာရှင်များ ပရိသတ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနိုင်စေ ရေးအတွက် လက်မှတ်အများအပြား ရောင်းချခြင်းမပြုဘဲ စောင်ရေ ၇၀၀ သာ ရောင်းချခဲ့ခြင်းပင် ဖြစ်သည်။

---

## တောင်ကြီးမြို့မှာ Live Show ကျင်းပခဲ့တဲ့ Cherry FM ငါးနှစ်ပြည့်

Cherry FM ၏ ငါးနှစ်ပြည့် အမှတ်တရတေးစီးရီး Live Show ကို တောင်ကြီးမြို့၌ ဩဂုတ်လ ၁၅ ရက်နေ့က ဖျော်ဖြေတင်ဆက်သွားခဲ့ကြောင်း သိရသည်။ အဲသည်အမှတ်တရ တေးအယ်လ်ဘမ်ကမူ ဩဂုတ်လ ၁ ရက်နေ့က ထွက်ရှိခဲ့သည်။

Cherry FM Audio CD ကို စိုင်းစိုင်းခမ်းလှိုင်၊ R-ဇာနည်၊ ဟန်ထူးလွင်၊ ဂျီလတ်၊ သဒ္ဒိ၊ အားတီး၊ ရဲရင့်အောင်၊ ငယ်ငယ်၊ စန္ဒီမြင့်လွင်၊ သီရိဆွေ၊ ဝိုင်းစုခိုင်သိန်း၊ ခင်စုစုနိုင်၊ ထွန်းရတီ၊ မိစန္ဒာ၊ ပိုပိုဟေသာတို့က ပါဝင်သီဆိုပြီး သုခမိန်လှိုင်၊ R-ခိုင်၊ ဇဝါ၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးလင်း၊ အောင်ကိုမြင့်၊ စောလင်းပိုး၊ ဆွေဟိန်း၊ ရဲလေး၊ ရသ၊ ငယ်ငယ်၊ မိစန္ဒီ၊ ရဲရင့်အောင်၊ အောင်သူ၊ အောင်ဟိန်းတို့က တေးသီချင်းများကို ရေးစပ်ပေးခဲ့ ကြသည့်အကြောင်း သိရှိရပါသည်။

---

## ထူးအိမ်သင် ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့် အမှတ်တရ

တေးရေး၊ တေးဆို၊ ကဗျာဆရာ ထူးအိမ်သင် ကွယ်လွန်ခြင်း ၁၀ နှစ်ပြည့် အမှတ်တရ လူငယ်ကဗျာ ဆရာများ ပူးပေါင်းစီစဥ်ပြုလုပ်သည့် အမှတ်တရအခမ်းအနားနှင့် ဂီတ၊ ကဗျာနှင့် ပန်းချီ ပူးပေါင်း၍ အနုပညာ ပြပွဲကို ဩဂုတ်လ ၁၄ ရက်နေ့က Home ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အမှတ်တရအခမ်းအနားတွင် ထူးအိမ်သင်၏ညီ ကိုအောင်က မိသားစုကိုယ်စား အမှတ်တရစကား ပြောကြားခြင်း၊ ကဗျာဆရာ မင်းထက်မောင်က လွမ်းဆွတ်သတိရစကား ပြောကြားခြင်း၊ စာရေးဆရာမ စုမီအောင်က အက်ဆေးဖတ်ကြားခြင်းတို့ကို ပြုလုပ်ပြီး လူငယ်ကဗျာဆရာအဖွဲ့၊ ရေကြောင်းတက္ကသိုလ်မှ လူငယ်ဂီတတီးဝိုင်းအဖွဲ့နှင့် ပန်းချီ ဇွဲရန်နိုင်တို့ ပူးပေါင်းတင်ဆက်သည့် ဂီတ၊ ကဗျာနှင့် ပန်းချီတွဲဖက်ပြီး ပါဖောင်းမင့်ပြသခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အမ်ကော**

(စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com




## ကိစ္စမရှိပါ

ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာခွန်းထစ်၏ ကိုယ်ပိုင်ဆေးခန်းသို့ အမျိုးသမီးတစ်ယောက်သည် အမွေးစုတ်ဖွားခွေးကလေးတစ်ကောင်ကို ပွေ့လျက်ရောက်လာ၏။

"ထိုင်ပါ···ဘာကိစ္စများ ရှိလို့ပါလိမ့်"

"ကိစ္စရှိဆို ဟောဒီ ကျွန်မမွေးထားတဲ့ ခွေးမလေး ကိစ္စပေါ့ဆရာ။ အိမ်နားမှာ ခွေးလေခွေးလွင့်ပေ မျာနေလို့၊ အဲဒါ ငါးမရှိနိုင်အောင် သားအိမ်ထုတ်ပေးပါဆရာ"

"ဟာ···ခင်ဗျား ဆေးခန်းမှားနေပြီ။ ကျုပ်က သားဖွားမီးယပ်ပါရဂူ မဟုတ်ဘူး။ ခွဲစိတ်အထူးကုဆရာဝန် ။ တိရစ္ဆာန်ဆေးကုဆရာဝန် မဟုတ်ပါဘူး"

"အို···ကိစ္စမရှိပါဘူးဆရာရယ်။ ခွဲစိတ်မှာသာ ခွဲစိတ်ပေးပါ။ ကျွန်မ ခွေးမလေးက ဆရာ့ကို ဘာမှ စောဒကတက်မှာ မဟုတ်ပါဘူး"

"အယ်···"

## ပြောမှ ပို၍ဆိုးပါသည်

အိမ်ထောင်ကျသွားသည်မှာ တစ်လခန့်ရှိပြီဖြစ်သောသူတစ်ဦးအား သူငယ်ချင်းဖြစ်သူက အိမ်ထောင်ရေးနှင့် ပတ်သက်၍ မေးမြန်းတီးခေါက်ပါလေ၏။

"ဟာကောင်···ကျွဲသိုး မင်း အပျိုကြီးမပန်းလှိုင်နဲ့ အိမ်ထောင်ကျတာ ငါတို့တောင် တစ်လလောက်ကြာမှ သိရတယ်။ အတော်လျှိုတဲ့ကောင်ပဲ။ ဒါထက် ကိုယ့်အချင်းချင်းမို့ မေးရဦးမယ်။ မိန်းမရတဲ့အခါ မင့်အနေနဲ့ ဘယ်လိုများ အရသာရှိတယ်ဆိုတာ ပြောစမ်းပါဦးကွာ။ တို့က အိမ်ထောင်မကျဖူးသေးတော့ ကြားချင်လို့ပါ"

"ဟာကွာ···တကယ်တော့ မိန်းမရတယ်ဆိုတာ စိတ်ညစ်စရာကြီးပါကွာ။ စညားကတည်းက ဆေးလိပ်မသောက်ရဘူး၊ ကွမ်းမစားရဘူး၊ အရက်မသောက်ရဘူး၊ အပေါင်းအသင်းတွေ လာခေါ်ရင် လိုက်မသွားရဘူး။ ညအိပ်ညနေ အပြင်မထွက်ရဘူး···အိုကွာ···တားမြစ်ချက်တွေ



www.burmeseclassic.com

www.burmeseclassic.com

က စုံလို့ပါပဲ။ ငါ့မှာ တကာယ့်ကို အိမ်ထဲမှာ ထောင်ကျနေတဲ့အတိုင်းပဲ"

"ဟုတ်လား။ မင်းပြောတဲ့အတိုင်းဆို မင့်မိန်းမက အင်မတန် ချုပ်ချယ်တာဂဲ။ ဒါဆို မင်းအိမ်ထောင်ကျတာ ပျော်စရာမကောင်းဘဲ ပျင်းစရာချည်း ဖြစ်နေတော့မှာပေါ့"

"အဲ...သတိရပြန်ပြီ။ ငါ့မိန်းက ငါ့ကို ပျင်းခွင့်လည်း မပေးပြန်ဘူးကွ"

"အယ်..."

## ဒါလည်း ဟုတ်ပေသား

အတန်းတစ်တန်း၌ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချနေ၏။ ဆရာဖြစ်သူက ကမ္ဘာ့သမိုင်းရာဇဝင်၌ စစ်ဘုရင်နပိုလီယံနှင့် ရောမဘုရင်ဂျူးလီးယက်ဆီဇာတို့သည် တိုက်ခိုက်မှုစွမ်းရည်၊ ရန်သူတို့ကို နှိမ်နင်းသတ်ဖြတ်မှုစွမ်းရည်၌ သူမတူအောင် ကြီးမားလှကြောင်းကို ပြောဆိုပြီး -

"ကိုင်း...တပည့်တို့၊ နပိုလီယံနဲ့ ဂျူးလီးယက်ဆီဇာတို့ဟာ ဘယ်နေရာတွေမှာ သရဖူဆောင်းကြသလဲ"

ဟု မေးမြန်းလေ၏။

ဤတွင် သွက်လက်ချက်ချာမှုရှိသော ကျောင်းသားတစ်ယောက်က နေရာမှထလျက် ရဲ့ရဲ့စွာဖြေဆိုလေ၏။

"သူတို့ရဲ့ခေါင်းပေါ်မှာ ဆောင်းကြပါတယ် ဆရာ"

"ဟော..."

## မထူး ဇာတ်

ဖောက်သည်ဖြစ်နေသော မျက်မှန်အရောင်းဆိုင်သို့ လူတစ်ဦးရောက်လာ၏။

"ဘာများ အလိုရှိပါသလဲ မိတ်ဆွေ"

"ကျွန်တော့်မျက်စိဗျာ၊ အခုတစ်လော တော်တော်လေးကို ဒုက္ခပေးနေတယ်"

"ဘယ်လိုများ ဒုက္ခပေးနေတာတဲ့လဲ"

"ဘယ်လိုများ ဒုက္ခပေးသလဲဆိုတော့ မျက်မှန်တပ်ပြီး ကြည့်လိုက်တိုင်း အစက်အပြောက်တွေကိုပဲ မြင်မြင်နေရတယ်"

"ဟာ...ဒါဆို ခင်ဗျားတပ်ထားတဲ့ မျက်မှန်ပါဝါဒီဂရီလျော့သွားလို့ထင်တယ်။ မခက်ပါဘူး။ ဒီဂရီတိုးထားတဲ့ မျက်မှန်အသစ် ပြောင်းပြီးတပ်ကြည့်လိုက်လေ"

"တပ်ကြည့်ပါသော်ကောဗျာ"

"ဘယ်လိုလဲ၊ ထူးလာတယ်မဟုတ်လား"

"ထူးတာတော့ မပြောပါနဲ့ဗျာ။ ဒီဂရီတိုးထားတဲ့ မျက်မှန်ကို တပ်ကြည့်လိုက်မှ ခါတိုင်းမြင်နေရတဲ့ အစက်အပြောက်တွေက ပိုပိုပြီး ကြီးလာလို့"

"အယ်...သေလိုက်ပါတော့"

## နတ်ဖက်တဲ့ လင်မယား

အလုပ်ပိတ်ရက်တစ်ရက်၌ လင်မယားနှစ်ယောက် စကားများလက်ရှိကြ၏။ ဦးစွာ အသံမြှင့်လိုက်သူမှာ မိန်းမဖြစ်၏။

"မတရားဘူး၊ မတရားဘူး။ လောကကြီးဟာလေ တရားကို မတရားတော့ဘူး"

"ဟော့...နေစမ်းပါဦး။ လောကကြီးကို မတရားဘူးလို့ ပြောရအောင် မင်းက ဘာတွေဖြစ်နေလို့လဲ"

"ဘာတွေဖြစ်ရမှာလဲရှင့်။ ကျွန်မဟာ ချက်ပြုတ်ချင်စိတ်မရှိဘဲနဲ့ နေ့တိုင်း မီးဖိုချောင်ဝင်ပြီး ချက်ပြုတ်နေရတာဟာ လောကကြီးရဲ့ မတရားမှုကြောင့်ပေါ့ရှင့်"

ဤတွင် ခင်ပွန်းဖြစ်သူမှာ အတန်ငယ် တွေဝေသွားပြီး

"ဟော့...ဟုတ်တယ်ကွ။ မင်းပြောတာ အမှန်ပဲ။





www.burmeseclassic.com

www.burmeseclassic.com

မတရားဘူး။ မတရားဘူး။ လောကကြီးဟာလေ တရားကို မတရားဘူး"

"နေစမ်းပါဦးရှင့်။ ဒါက ဘာအချိုးလဲ။ လောကကြီးကို မတရားဘူးလို့ပြောရအောင် ရှင်က ဘာတွေဖြစ်နေလို့လဲ"

"ဘာတွေဖြစ်ရမှာလဲကွာ။ ငါလည်းပဲ အဆီအငေါ် အစပ်အဟပ်မတည့်တဲ့ မင်းရဲ့လက်ရာ ထမင်းဟင်းတွေကို မစားချင်ဘဲနဲ့ နေ့တိုင်းစားနေရလို့ပေါ့။ ကဲ···သိပြီလား"

"ဟောတော့"

## မှန်လွန်းလှချည်ရဲ့

တစ်ခုသော လခထုတ်ရက်တစ်ရက်၌ ဖခင်ဖြစ်သူသည် ကလေးကစားစရာဆိုင်မှာ အရုပ်ကြီးတစ်ရုပ်ကို ဝယ်လာခဲ့သည်။

အိမ်သို့ပြန်ရောက်လေသော် သားသမီးငါးယောက်ကို ရှေ့သို့ခေါ်လိုက်၏။

"ကဲ···သားတို့၊ သမီးတို့···မင်းတို့မြင်တဲ့အတိုင်း အရုပ်ကတော့ တစ်ရုပ်တည်းပဲ။ အဲဒါ မင်းတို့ငါးယောက်ထဲက တစ်ယောက်ပဲရမှာ။

အေး···ဘယ်လိုရမလဲဆိုတော့ မင်းတို့ငါးယောက်ကို အဖေက စာရွက်တစ်ရွက်စီပေးမယ်။ အဲသည်စာရွက်ထဲမှာ သည်အရုပ်ကို ဘယ်သူရသင့်တယ်ဆိုတာ တစ်ယောက်ကိုပဲ ရေးရမယ်။ ရေးတဲ့အခါမှာလည်း ကိုယ့်နာမည်ကိုယ် မရေးရဘူး။ ရေးရင် ပယ်ပစ်မှာ"

ဤတွင် သားတစ်ယောက် မေးလေ၏။

"ရသင့်တဲ့သူဟာ ဘယ်လိုအရည်အချင်းနဲ့ ပြည့်စုံမှတဲ့လဲ ဖေဖေ"

"အေး···ဒါ မေးသင့်တဲ့မေးခွန်းပဲ။ အဲ···ရသင့်တဲ့သူဟာ မင်းတို့ရဲ့အမေကို အင်မတန်ကြောက်ရတဲ့သူ၊ ပြီးတော့ အမေဘာခိုင်းခိုင်း ခွန်းတုံ့မပြန်ဘဲ တာဝန်ကျေကျေ လုပ်ပေးရတဲ့သူ ဖြစ်ရမယ်။

ကိုင်း···တစ်နေရာဆီမှာ သွားရေးကြ။ တစ်ယောက်နဲ့တစ်ယောက် ဘာမှမတိုင်ပင်ရဘူး။ ရေးပြီးရင် အဖေ့ဆီ စာရွက်တွေ လာပေးကြ"

သို့နှင့် သားသမီးငါးယောက်လည်း စာရွက်ပေါ်တွင် ကိုယ်စီကိုယ်င ရေးကြပြီး ဖခင်ထံ စာရွက်လာအပ်ကြ၏။

ဖခင်ဖြစ်သူလည်း စာရွက်ငါးရွက်စလုံးမှ အဖြေကို ဖတ်ကြည့်ရာ မျက်လုံးပြူးသွားရလေ၏။ အကြောင်းမူ စာရွက်တိုင်း၌ ရေးထားသည်ကား "အဖေ"ဟူသော စာလုံး ဖြစ်နေလို့ပင်···။

## လွယ်လွယ်လေးပါ

မုန့်ပဲသရေစာ ရောင်းချသောဆိုင်သို့ အိမ်ရှင်မတစ်ဦးသည် အထုပ်တစ်ထုပ် ကိုင်စွဲလျက် ရောက်ရှိလာလေ၏။

"ဒီမှာ···ဒီမှာ"

"ဪ···ပြောပါ အစ်မကြီး။ ဘာပစ္စည်းများ အလိုရှိပါလိမ့်။ ကျွန်တော်တို့ဆိုင်မှာ ပစ္စည်းအမယ်စုံပါတယ်။ လိုအပ်တာမှန်သမျှ ရပါတယ်"

အိမ်ရှင်မ၏အသွင်ကား ဒေါသထွက်နေသည့်ဟန်။

"ဒီမှာ···စောစောက ရှင်တို့ဆိုင်ကို ကျွန်မသား လွှတ်လိုက်ပြီး စွန်ပလွံသီး ၂၀ သား အဝယ်ခိုင်းလိုက်တာ။ အိမ်ရောက်လို့ ပြန်ချိန်ကြည့်တော့ ၁၅ ကျပ်သားပဲရှိတယ်။ အဲဒါ ဘယ်လိုဖြစ်ရတာလဲ။ ဘယ်လိုဖြေရှင်းပေးမလဲ"

ဤတွင် ဆိုင်ရှင်သည် တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်ပြောလိုက်လေ၏။

"ဘာမှ ပြောစရာမလိုပါဘူး အစ်မကြီး။ အစ်မကြီး လုပ်ရမှာက အစ်မကြီးရဲ့သားကို ပြန်ပြီး ပေါင်ချိန်ကြည့်ဖို့ ပါပဲ"

"ရှင်···"

## အတိုင်းအတာရှိသည်

ကုန်ကြမ်းသစ်များ ရှာဖွေရန်အတွက် စာရေးဆရာ မောင်လန်ဘားတစ်ယောက် ကူးတို့သင်္ဘောဖြင့် မြစ်ဝကျွန်းပေါ်သို့ ခရီးထွက်ခဲ့သည်။ မြို့တစ်မြို့သို့ ရောက်လေသော် သင်္ဘောသည် ကုန်တင်ကုန်ချလုပ်ရန် ဆိုက်ကပ်လေ၏။ ဤတွင် သင်္ဘောဆလင်က -

"ဗျို့···စာရေးဆရာ၊ သင်္ဘောပြန်ထွက်ဖို့က အောက်ထစ် နှစ်နာရီထက်မနည်း ကြာမယ်။ ကုန်းပေါ်တက်ချင် တက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလေရာ မောင်လန်ဘားလည်း ဆိပ်ခံဗောတံတားပေါ်မှတစ်ဆင့် ကုန်းပေါ်သို့ တက်လေ၏။ ကုန်းပေါ်ရောက်လျှင် လေများ ပျို့တက်လာကာ ယမကာမှီဝဲလိုစိတ်များ ပေါ်လာလေ၏။ ဤတွင် လမ်းသွားလမ်းလာတစ်ဦးအား စုံစမ်းမေးမြန်းလေတော့၏။

"နောင်ကြီးရယ်…ဒီအနီးအနားတစ်ဝိုက်မှာ အရက်ဘားများ မရှိဘူးလားဗျာ"

"ဩော်…ခင်ဗျားက ဗိုးသမားကိုး။ ရှိပါ့ဗျာ၊ ရှိပါ့"

"အဲ…ဟုတ်လား။ သည်လိုဆိုရင် လမ်းညွှန်ပေးပါဦး။ လမ်းလျှောက်သွားရင် ဘယ်လောက်ကြာမယ်ဆိုတာ"

"မသကာကြာလှ သုံးလေးမိနစ်ပါပဲဗျာ။ အဲ…တစ်ခုတော့ရှိလေရဲ့"

"ဘာများတုံး ပြောပါနောင်ကြီး"

"အပြန်ခရီးဆိုရင်ဖြင့် နာရီဝက်မက ကြာသွားတတ်တယ်ဆိုတာ ပြောမလို့ပါ"

"ဟောဗျာ…"

## တကယ့် တွက်ကိန်း

အိမ်ထောင်ကျပြီးသော လင်မယားနှစ်ယောက်သည် အိမ်ထောင်ကျပြီးသည်မှ ယခုကာလတိုင် နေအိမ်၌ ချက်ပြုတ်စားသောက်လေ့မရှိဘဲ အိမ်ပြင်ထွက်ကာ စားသောက်လေ့ရှိကြသည်ဟူ၏။ သို့တိုင်အောင် ငွေကြေးအကုန်အကျများသည်ဟု ညည်းတွားလေ့မရှိ။ ၎င်းတို့၏ ငွေစုခန်း၌ ခေတ်မီအသုံးအဆောင်များသာ တစ်ခုပြီးတစ်ခု တိုးပွားလာသည်ကို တွေ့မြင်ရသည့်အတွက် အမျိုးသား၏ သူငယ်ချင်းဖြစ်သူက စပ်စုမေးမြန်းလာလေ၏။

"မင်းတို့လင်မယားကွာ အပြင်မှာချည်း အမြဲလိုထွက်ထွက်စားနေတော့ အကုန်အကျများမှာပေါ့။ ဒါတောင်မှ ဥစ္စာပစ္စည်းတွေက တိုးလာတယ်နော်။ အံ့ပါ့ကွာ"

"မအံ့ညြနဲ့ သူငယ်ချင်း။ ငါတို့လင်မယားနှစ်ယောက် မကြာခဏဆိုသလို အပြင်ထွက်စားတာ သိပ်ပြီးတွက်ခြေကိုက်တယ်ကွ"

"ဘယ်သိုကွ…ဘယ်လို…ဘယ်လို"

"ဟုတ်တယ်။ ငွေလည်း စုမိဆောင်းမိတယ်"

"နားမလည်တော့ဘူးကွာ"

"ဒီလိုကွ။ ငါတို့ အပြင်ထွက်စားတယ်ဆိုတာက အပြင်စားသောက်ဆိုင်တွေမှာ မဟုတ်ဘူး။ ငါ့မိဘအိမ်မှာ တစ်လှည့်သွားစားလိုက်၊ မိန်းမရဲ့မိဘတွေအိမ်မှာ တစ်လှည့်စားသောက်လိုက် လုပ်နေလို့ပေါ့။ တွက်ခြေကိုက်မှကိုက်ပဲ သူငယ်ချင်း"

"အယ်…"

## ခုတစ်မျိုး တော်ကြာတစ်မျိုး

တရားရုံးတစ်ခုတွင် ဖြစ်သည်။

တရားခွင်၌ အမှုတစ်မှုကို စစ်ဆေးရာ တရားခံသည် မိမိ၌ အပြစ်မရှိကြောင်းကိုသာ ဘူးကွယ်ငြင်းခုံနေခဲ့လေ၏။ သို့ပါသော်ငြား အမှုစစ်ဆေးမှု ဆုံးခန်းတိုင်နီးသို့ ရောက်သောအခါတွင်မူ တရားခံသည် -

"တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော်မျိုးမှာ အပြစ်ရှိကြောင်း ဝန်ခံပါတယ်"

ဟူ၍ ပြောင်းလဲပြောဆိုလာတော့၏။ ထိုအခါ တရားသူကြီးက -

"မင်းနယ်ကွာ။ နဂိုကတည်းက အပြစ်ရှိရင် ရှိတဲ့အကြောင်း ဝန်ခံလိုက်ရင် ကိစ္စပြီးတဲ့ဥစ္စာ။ ခုတော့ အချိန်တွေ အလဟဿကုန်ရတယ်"

ဟု ပြောဆိုလေ၏။ ဤတွင် တရားခံက -

"တရားသူကြီးမင်းခင်ဗျာ…ကျွန်တော်မျိုးရဲ့ တရားခံရှေ့နေကြီးက အပြစ်မရှိကြောင်း လျှောက်လဲချက်ပေးတော့ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်မရှိဘူးလို့ ထင်ခဲ့လို့ပါ။ ခုတော့ ဥပဒေအရာရှိက ကျွန်တော်မျိုးမှာ အပြစ်ရှိကြောင်း စွဲချက်အမျိုးမျိုးနဲ့ တင်ပြလျှောက်ထားလေတော့ ကျွန်တော်မျိုးလည်း အပြစ်ရှိကြောင်း သိလာရတဲ့အတွက် ခုလိုမျိုး ဝန်ခံရတာပါပဲခင်ဗျာ…"

ဟု ပြန်ပြောင်းပြောဆိုလေသတတ်…။


*မြို့မေတ္တာခံယူမယ့်*

**ကိုရွှေတောအေး**



www.burmeseclassic.com

www.burmeseclassic.com



# အမြှောက်

သားထက်ဆွေ

ကျွန်တော့်တွင်၊ ပြောမနာဆိုမနာ ရင်းနှီးသော သူငယ်ချင်းတစ်ယောက် ရှိသည်။ စကားပြောရာတွင် စကားလုံးကြွယ်ဝသလို စီးမွားရှာရာတွင်လည်း လည်လှ သွက်လှသည်။ သူနှင့်ကျွန်တော် ဆုံတိုင်း ပြောဆိုကြရာတွင် သူချည်း ပြောနေပေတော့သည်။ ကျွန်တော့်ကို အပြောမခံ။ သူပြောပြီး၍ မောသွားပြီဆိုလျှင် ငါချည်းပဲ ပြောနေရတယ်၊ မင်းလည်း ပြောပါဦးကွဟူ၍ပင်။ ဤတွင် ကျွန်တော့်စကား၊ အစတွင် သူကနေ၍ နေဦး၊ ငါပြောရဦးမယ်ဟုဆိုကာ သူချည်း ဆက်ပြောနေပေတော့သည်။

သူနှင့် ကျွန်တော်တို့ စကားဝိုင်းတွင် စကားအခွန်းနှစ်ဆယ်တွင် ကျွန်တော် တစ်ခွန်းသာ ပြောရသည်။ တစ်ခွန်းတောင်မှ စကားလုံးအနည်းဆုံးကို ရွေးပြောရသည်။ "အင်"၊ "အယ်"၊ "ညြော်"၊ "ဒါလား"၊ "ဟုတ်တာပေါ့"၊ "မှန်တာပေါ့"ဟူသော သူ့ဘက်လိုက် အထိုက်အလျောက်စကားများပင်။

သူကစကားပြောလျှင် အကျယ်ကြီး ပြောတတ်သော်ငြား ကျွန်တော် စကားပြောလျှင် သာမန်ပင်။ အခြားသော သူငယ်ချင်းများက ပြောကြပါသည်။ ကျွန်တော်တို့ နှစ်ယောက် စကားပြောကြ၍ အပြင်မှနားထောင်လျှင် သူတစ်ယောက်တည်း စကား ပြောနေတာကျနေတာပဲဟူ၍ ...။

သူ့မှာ ဥာဥ်တစ်ခုရှိသည်။ အမြှောက်ကြိုက်တတ်ခြင်းပင်။ သူ့ကို မြှောက်ပင့်ပြောဆိုပါက ကျွန်တော့်ကို ဘီယာလိုက်တိုက်သည်၊ တစ်ခါတစ်ရံ ငွေရှင်ပါက မာဆတ်တို့၊ ကေတီဗွီတို့သို့။

သူ့အကြိုက်မလိုက်ဘဲ ထော်လော်ကန့်လန့် ပြောဆိုမိပါက တစ်ပတ်ဆယ်ရက် ကျွန်တော့်ကို စကားမပြော။ ထိုအခါ ကျွန်တော့်မှာ ဘီယာငတ်၊ လိုက်ကာငတ်၍ မိုက်ပါငတ်ရပါတော့သည်။

တစ်နေ့တွင် သူ ကျွန်တော့်ထံ ပေါက်ချလာပါတော့သည်။ သူပိုင် ဂျစ်ကားလေးနှင့်။ အိမ်တွင် စကားများ ပြောဆိုပြီး ခဏတွင် ...

"ပျင်းတယ်ကွာ။ ဘီယာသွားသောက်ရအောင်"

"အေး ... ကောင်းသားပဲ"

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် သူ့ဂျစ်ကားနှင့် အပြင်ထွက်ရန် ပြင်ဆင်ကြသည်။

ကားပေါ်ရောက်၍ ကျွန်တော်က ကားတံခါးကိုပိတ်မည်အပြု သူက

"တံခါးက နည်းနည်းကျနေတယ်။ ပင့်ပြီးတော့ ပိတ်"

ကျွန်တော်ကလည်း ပင့်ပြီးပိတ်ကာ သူ့ကို နောက်ပြောင်ကျီစယ်လိုသဖြင့် စကားတစ်ခွန်း ပြောလိုက်မိသည်။

ကျွန်တော့်စကားကြောင့် သူ စိတ်မဆိုးသည့်အပြင် တခွီးခွီးရယ်ကာ ကားစက်တော်တော်နှင့် နှိုးမရပေ။

"မင်းက ဘာကိုကြည့်ပြီး ပြောတာလဲ"

ဟု သူက အဆိုတွင် ကျွန်တော်က ...

"ဘာရယ် မဟုတ်ပါဘူးကွာ။ ကားတံခါးကို မှုတည်ပြီး မင်းကို ချစ်စနိုးနဲ့ နောက်လိုက်တာပါ"

ဟု ..။ သူ ကျွန်တော့်ကို စိတ်မဆိုးပါ။ သူ့အကြောင်းသူသိ၍ ဖြစ်ပါသည်။ ကျွန်တော်ပြောလိုက်သော စကားမှာ ...

"ဟာ ... လူတင်မဟုတ်ဘူး ကားပါ အမြှောက်ကြိုက်တယ်ဟ"ဟု။

သားထက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



■ စိုးယဉ်ထွန်း

# ပကတိသစ္စာ

ကျွန်တော်နေသည့် ရပ်ကွက်က ကျယ်ဝန်းပြီး လူနေလည်း ထူထပ်သည်။ အလွှာစုံ၊ လူမျိုးစုံဖြစ်သည်။ လူကြီးလုပ်ချင်သူလည်း များသည်။ (အသက်ကြီးသော လူကြီးမဟုတ်ပါ) ဦးပန်းဝင်းဆိုသည့် အသက် ၆၀ ကျော်ရှိသူက ရပ်ကွက်ရုံးနှင့် နီးကပ်သောအိမ်တွင် နေထိုင်သူဖြစ်ပြီး သားသမီးသုံးယောက်ရှိပြီး သားသမီးများကို နည်းပေးလမ်းပြ ကောင်းကောင်းနှင့် ထောင့်စေ့အောင် အလုပ်လုပ်ခိုင်းသည်။ သူကတော့ နံနက်မိုးလင်းသည်နှင့် ရုံးဘေးမှ လက်ဖက်ရည်ဆိုင်တွင် အချိန်ကုန်အောင်ထိုင်သည်။ လူတိုင်းကို လမ်းညွှန်မှုများလည်းပေးသည်။

ထိုနေ့က သူငယ်ချင်း တစ်ယောက်တခေါ်၍ ရုံးဘေးလက်ဖက်ရည်ဆိုင်ကို ရောက်သွားသည်။ စားပွဲခုံများတွင် လူကပြည့်နေသည်။ ဦးပန်းဝင်း၏စားပွဲဝိုင်းတွင် ရပ်ကွက်ဆယ်အိမ်မှူးနှစ်ယောက်နှင့် လူငယ်ကဗျာသမားလေး (ကဗျာများ၊ ဝတ္ထုတိုများရေးသော စာရေးဆရာပေါက်စ)တစ်ယောက်ကို ထိုင်နေကြသည်။ အသံကျယ်ကျယ်နှင့်ပြောလိုက်သော ဦးပန်းဝင်း၏ စကားလုံးက . . .

"နေပါဦးကွ။ မင်းက စာရေးဆရာဆိုတော့ အရက်သောက်တယ်၊ ကိုယ့်အကြောင်းလည်း ကိုယ်ဖော်တယ်၊ နိုင်ငံရေးကိစ္စလည်း ဝေဖန်တယ်၊ ဟိုလူ့အကြံပေး ဒီလူ့အကြံပေးလည်း လုပ်တယ်၊ မီးဖိုချောင်တော့ မီးမိုးမဆက်ဘူး။ မင်းကွာ ဒီပြင့်အလုပ်လုပ်ပါလား"

"ဗျာ . . ."

စာရေး၊ ကဗျာရေးသော လူငယ်လေးက အသက်အရွယ်ကြောင့်ရော၊ မိဘများနှင့်ပါ မကင်းရာ မကင်းကြောင်းဖြစ်၍ ဘာမှပြန်မပြောပေမယ့် ကျွန်တော့်သူငယ်ချင်းက . . .

"ကိုထွန်း . . . . အဲဒီလူကြီးက ချဲမှုနဲ့ ခဏခဏ အဖမ်းခံရတယ်။ လုပ်တာက သူ့သားသမီးတွေ၊ ဂိုင်ခွဲတွေပေါ့။ သူက သတင်းစာ၊ ဂျာနယ်တွေဖတ်ပြီး တွေ့တဲ့ကြုံတဲ့လူကို အလွတ်ရွတ်ပြပြီး သူသိသလို တတ်သလိုနဲ့ ပိုပိုသာပြောပြီး ရပ်ကွက်လူကြီးကလည်း ဖြစ်ချင်သေးတယ်"

"ဒါနဲ့ သူက သူများမကောင်းကြောင်းကို ဘာလို့ပြောရတာလဲ"

"ဟာ . . ကိုထွန်းရယ်၊ သူများမကောင်းကြောင်း ပြောတဲ့လူဟာ ကိုယ့်မကောင်းကြောင်းကို ဖုံးချင်လို့ပေါ့ဗျ"

"အဲဒီလူကြီးနဲ့ဗျာ . . ."

■ စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



# ဗန်ဂိုးလို ဖြစ်ချင်သူ

ကျော်မြင့်(မြောင်းမြ)

စိုးဝေဦးမှာ ကမ္ဘာကျော် ဒတ်ချ်လူမျိုး ပန်းချီဆရာ ဗင်းဆင့်ဗန်ဂိုး (Vincent Van Gogh)ကို သဘောကျသူ ဖြစ်၏။ တစ်နေ့ကျလျှင် ဗင်းဆင့်ဗန်ဂိုးကဲ့သို့ ကမ္ဘာကျော်ရမည်ဟု သူက ကြေညာထား၏။ ယခုအချိန်တွင်ပင် သူသည် ဗင်းဆင့်ဗန်ဂိုး သက်ရှိထင်ရှားရှိစဉ်တုန်းက ဘဝမျိုးကဲ့သို့ပင် ဖြစ်နေသည်ဟု ယုံကြည်ယူဆနေပြန်သည်။ အကြောင်းမှာ သူ၏ကဗျာများကို မည်သည့်မဂ္ဂဇင်း စာပေတိုက်ကမှ လက်မခံသောကြောင့်ဖြစ်သည်။

သူ၏ကဗျာသည် အလွန်ထူးခြားသည်ဟု သူ့ကိုယ်သူ ထင်နေသည်။ သူသည် မဂ္ဂဇင်းတိုက် တစ်တိုက်ပြီးတစ်တိုက်သွားကာ သူ့ကဗျာစာမူများကိုပြ၍ စာပေတိုက်က သူ့ကဗျာကို မရွေးချယ်ဘဲ ပယ်လိုက်လျှင် သူက ဗင်းဆင့်ဗန်ဂိုးကဲ့သို့ သူသေပြီးနောက်ပိုင်း၌ လူတွေက သူ့ကို လက်ခံလာလိမ့် မည်ဟု ဆိုသည်။

"ယခုအချိန်မှာ ငါဟာ ကဗျာတွေရေးရင် ဆင်းရဲတွင်းနက်တယ်ဆို ပေမယ့် ငါသေပြီးနောက်ပိုင်းမှာ ငါ့ရဲ့ကဗျာတွေကို လူတွေက လက်ခံလာပြီး ငါလည်း ကမ္ဘာကျော်တစ်ယောက် ဖြစ်လာရမယ်"ဟု သူက သူ့မိတ်ဆွေတစ်ယောက်ကို ပြော၏။

"မရှူးချင်စမ်းပါနဲ့ စိုးဝေဦးရာ။ မင်းရဲ့ကဗျာတွေက ဘယ်ခေတ်မှာကြည့်ကြည့် ဘယ်လိုမှ သုံးစားလို့မရဘူး"သူ့မိတ်ဆွေက ပြန်ပြောသည်။

ထိုအခါ သူက -

"မင်းက ငါ့ကို တယ်လည်း အထင်သေးတာကိုး။ ပန်းချီဆရာ ဗန်ဂိုးဆိုရင် သူသေပြီး နှစ်ပေါင်း ခုနစ်ဆယ်ကျော်ကြာတဲ့ဒ၊ခါ သူ့ရဲ့ ပန်းချီကားတွေကို လူတွေက လက်ခံလာကြပြီး သူလည်း ကမ္ဘာကျော် ပန်းချီဆရာကြီး ဖြစ်လာခဲ့ရတာပဲ"

ဟု ပြန်လည်ချေပလိုက်သည်။

"အဲဒီလို ကျိန်းသေပေါက် ဖြစ်လာရမယ်လို့ မင်းက ဘယ်အထောက်အထားနဲ့ ပြောနိုင်လို့လဲ"


"အထောက်အထားပြစရာ မလိုပါဘူးကွာ။ ငါ ကမ္ဘာကျော်တဲ့အချိန်မှာ မင်းရောငါရော ဒီကမ္ဘာကြီးပေါ်မှာ အသက်ရှင်လျက်ရှိနေမှာမှ မဟုတ်တော့ဘဲ"

ကျော်မြင့်(မြောင်းမြ)



www.burmeseclassic.com

www.burmeseclassic.com



# မပြေးသော်လည်း ကန့်ရာရှိသည်

✦ ဘရင်သား

ဝန်ဆောင်မှု အားကောင်းလှသည်ဆိုသော ဟိုတယ်တစ်ခုထံ စိန်ဘရားသားကုမ္ပဏီပိုင်ရှင် ဦးစိန်လင်းမောင်မောင် ရောက်ရှိသွားသည်။ ဦးစိန်လင်းမောင်မောင်နှင့် အတူ ပါလာသည်က 'ချမ်းချမ်း'ဟူသည့် နိုက်ကလပ်တစ်ခုမှ အဆိုတော်မကလေး။

ဦးစိန်လင်းမောင်မောင်က မျိုးရိုးနှင့် ချမ်းသာသူ။ ပြီးတော့ . . . စိန် ဘရားသားကုမ္ပဏီဆိုသည်ကလည်း အောင်မြင်မှုထိပ်တန်းရောက်နေသည့် ကုမ္ပဏီဆိုတော့ ဦးစိန်လင်းမောင်မောင်အဖို့ လက်ဖျားမှာ ငွေသီးနေသည်။ စီးသည့်ကားမှာ ထည်လဲဖြစ်သလို ခုတ်လာသည့် အတွဲမှာလည်း တစ်ဦးနှင့်တစ်ဦး မထပ်ရလေအောင် ထည်လဲမှ . . တကယ့်ကို ထည်လဲ။ သားကြီး၊ သမီးကြီးများရှိသလို တရားဝင်မယားကြီးလည်းရှိလင့်ကစား ဦးစိန်လင်းမောင်မောင် အိမ်ကွင်းထက် အဝေးကွင်းကိုမှ နှင်သက်သည်။ သည်တော့လည်း တော်သလင်းလဖွားပီပီ မြာပွေမှုဘက်၌ သန်လွန်းမက သန်ရလေကား သူဖုံတွဲခုတ်လာသော မဒီကလေးတွေးဒိုသည်မှာ တကယ့်ကို အပျံစား၊ ဖလေားမှ . . . ဖလား။

ဦးစိန်လင်းမောင်မောင်၏ အသွင်အပြင်ကား ပုတက်တက်၊ အသားအရည်က သပိတ်ရောင်ထနေသည်၊ နဖူးမောက်မောက်၊ ဗိုက်ရွှဲရွှဲ။ သို့သော်ငြား ဘစ်သောင်းတန်တွေ အထပ်လိုက်, အုပ်လိုက် ပလူပျံအောင် သုံးစွဲနိုင်သူဆိုတော့လည်း သူသည် ရွှေမင်းသားဖြစ်မှန်းမသိ ဖြစ်နေခဲ့သည်။ ယခု ဦးစိန်လင်းမောင်မောင်တစ်ယောက် အသည်းကျော်မလေး ချမ်းချမ်းနှင့် လက်ချင်းချိတ်ကာ လာရောက်တည်းခိုသော ဟိုတယ်ကား လွန်စွာမှ ယောကျာ်းပီသချောမောသော၊ အားကောင်းမောင်းသန် လူရွယ်ကလေးများကို စားပွဲထိုးအဖြစ် ခန့်ထားသည်ကား ထူးခြားလှသည်။

ဦးစိန်လင်းမောင်မောင်နှင့် ချမ်းချမ်းတို့ ဟိုတယ်၌ တစ်ညတာ တည်းခိုပြီး နောက်တစ်နေ့မနက် ရောက်လေသော် ဦးစိန်လင်းမောင်မောင်သည် မန်နေဂျာရုံးခန်းသို့ ဝင်သွားလေပြီ။

"ဘာကိစ္စများရှိလို့ပါလဲ . . . အန်ကယ် . . ."

"ဟို . . . မနေ့ညက ကျုပ်အခန်းတာဝန်ကျတဲ့ စားပွဲထိုးဝိတ်တာ ဘယ်မှာရှိသလဲ . . ."

"ဪ . . . အန်ကယ်က အဲသည်တာဝန်ကျ စားပွဲထိုးနဲ့တွေ့ချင်လို့လား . . ."

"မဟုတ်ဘူး။ ကျုပ်ကောင်မလေး မနက်က ပျောက်သွားလို့"

"အယ် . . ."

ဘရင်သား



www.burmeseclassic.com

www.burmeseclassic.com

# ပြန်ဟ့ပွဲကျောင်း

■ ရန်နိုင်

အင်တာနက် စာမျက်နှာတစ်ခုတွင် -

ပလေတိုခေတ်မတိုင်မီ အက်သင်မြို့သား လူငယ်များက ဒဿနိက ဗေဒပညာရှင်နှင့် စကားပြောနည်း အတတ်ပညာများကို ဆရာနှင့် စနစ်တကျ သင်ယူကြသည်။ သင်ကြားရေးဆရာများက နယ်လှည့်လျက် လူငယ်များကို ပညာသင်ကြားပေးကြသည်။ ဆရာနှင့် တပည့်များ ဆုံဆည်းရာသည် အရိပ်ကောင်းသည့် သစ်ပင်အုပ်များ၊ အချို့က လူငယ်များ စုဝေးဆော့ကစားရာ နေရာများတွင်လည်း တွေ့ကြဆုံကြသည်။

ဘီစီ ၃၈၇ ခန့်တွင် အက်သင်မြို့ရှိ အကယ်ဒမီ အားကစားရုံ၌ 'ပလေတို'အမည်ရှိ ဆရာတစ်ယောက် နေထိုင်ခဲ့ဖူးသည်။ ထိုအားကစားရုံတွင် လူငယ်များအား ပညာသင်ကြားပေးသည်။

အားကစားရုံ၏ မူလပိုင်ရှင်၏အမည်က 'အကယ်ဒီမတ်'။ သူ့ကိုအစွဲပြု၍ ထိုအားကစားရုံကို 'အကယ်ဒမီ'ဟု ခေါ်ဆိုကြသည်။ အကယ်ဒမီကျောင်းများ၏ မူလအစပထမ ဖြစ်သည်။ ထိုကျောင်းများတွင် မြင်းစီး အတတ်ပညာကို သင်ပေးသည်။ ကြည်းတပ်ဆိုင်ရာ သိပ္ပံပညာကျောင်းဟုလည်း နာမည်ကြီးသည်။ ရေတပ် ရေကြောင်းပညာများကိုလည်း ဆည်းပူးနိုင်သည်။

၁၆၃၅ ခုနှစ်တွင် ပြင်သစ် အကယ်ဒမီကျောင်းများ ပေါ်ပေါက်လာသည်။ အဆိုပါ အကယ်ဒမီကျောင်းများကို စုစည်းပူးပေါင်းလျက် 'ပညာတံခွန်'အသင်းကို ၁၇၉၄ ခုနှစ်အတွင်း တည်ထောင်သည်။ ကမ္ဘာ့ကျော်စာ အကယ်ဒမီ၊ သိပ္ပံအကယ်ဒမီ၊ အနုသုခုမ အကယ်ဒမီ၊ နိုင်ငံရေးသိပ္ပံ အကယ်ဒမီ၊ ပန်းချီပန်းပု အကယ်ဒမီ စသည်ဖြင့် အကယ်ဒမီကျောင်းပေါင်း မြောက်မြားစွာ။

*****

နောက်ထပ် စာမျက်နှာတစ်ခုတွင် -

သက်တမ်းအရှည်ကြာဆုံး တက္ကသိုလ်။ United Kingdom ရှိ Oxford ဒေသတွင် တည်ရှိသည်။ အမည်က University of Oxford ၊ သို့မဟုတ် Oxford University။ စတင်တည်ထောင်သော နေ့ရက်စွဲ အတိအကျ မှတ်တမ်း မတွေ့ရ။ သို့သော် ၁၀၉၆ ခုနှစ်တွင် ထိုတက္ကသိုလ်၌ စာပေပညာများ သင်ကြားနေကြောင်း သိရသည်။ ၁၂၅၇ ခုနှစ်က ကောလိပ်ကျောင်းများစွာကို စုဖွဲ့လျက် အောက်စဖို့တက္ကသိုလ်ဟု ဖွင့်လှစ်သည်။

Henry II ဘုရင်လက်ထက် ပြင်သစ်ပညာတော်သင်များ လာရောက်ဆည်းပူးကြသည်။ ၁၁၆၇ ခုနှစ်တွင် နိုင်ငံတကာ ပညာတော်သင်များ ဘွဲ့လွန်ဒီပလိုမာအဆင့် ပို့ချခဲ့ကြောင်း မှတ်တမ်းရှိသည်။ Cambridge University နှင့် သင်ရိုးတူ၊ လုပ်ငန်းတူချင်းမို့ ပညာရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ထိုအစီအစဉ်ကို Oxbridge ဟု ခေါ်ဝေါ်သည်။

University of Cambridge ကလည်း United Kingdom,Cambridge တွင် တည်ရှိသည့် ဒုတိယ သက်တမ်းအရှည်ကြာဆုံး တက္ကသိုလ်။ ၁၂၀၉ ခုနှစ် ကတည်းက သင်ကြားရေးစတင်နေသည်။ ထိုတက္ကသိုလ်မှာ ခရစ်ယာန်ကျမ်းစာသင်တိုက်ကြီးများအဖြစ်မှ တိုးတက်ပြောင်းလွဲလာခြင်း ဖြစ်သည်။ King Henry III လက်ထက်။ ပုပ်ရဟန်းကြီးများ Nicholas IV(၁၂၉၀ ခုနှစ်)နှင့် Pope John XXII (၁၃၁၈ ခုနှစ်)တို့ စဉ်ဆက်မပြတ် အုပ်ချုပ်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်။

*****

တက္ကသိုလ်ဆိုသည်မှာ အထက်တန်းပညာနှင့် ဗဟုသုတများကို စနစ်တကျပို့ချရာ ကျောင်းကြီးများဟု



www.burmeseclassic.com

www.burmeseclassic.com

မှတ်သားဖူးသည်။ တက္ကသိုလ်များကို ယခင်က ပုပ်ရဟန်းကြီးများ ဘုရင်မင်းမြတ်များက 'ချာတာ'ခေါ် အထူးစာချုပ်ဖြင့် တည်ထောင်ခွင့်ပြုကြသည်။ ပုပ်ရဟန်းမင်းစနစ်ဆိုသည်မှာ ခရိယာန်အယူဝါဒ ကက်သလစ်အသင်းတော်၊ သို့မဟုတ် ဗရင်ဂျီဂိုဏ်းဝင်များ၏ အထွတ်အထိပ် ရဟန်းမင်းကြီးဖြစ်သည်။ ထိုရဟန်းမင်းကြီးက အုပ်ချုပ်သောစနစ် ဖြစ်သည်။ 'ပုပ်'ဟူသောဘွဲ့မှာ လက်တင်ဘာသာ'ပါပါ'မှလာသည်။ ဖခင်ဟုအနက်ရသည်။

လက်တင်ဘာသာစကား 'ယူနီဗာစီတပ်'မှလာသည့် ဝေါဟာရ။ အဖွဲ့အစည်းဟု အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် ပညာလိုလားသူများ၊ ဆရာများ ပူးပေါင်းသည့်အဖွဲ့အစည်းကို 'ယူနီဗာစီတီ'ဟု ခေါ်သည်။ ထိုကျောင်းများတွင် လူတိုင်း ဝင်ရောက်သင်ယူခွင့် မရှိ။ ထိုဝင်ခွင့်စာမေးပွဲကို တက္ကသိုလ်ဝင်တန်းဟု ခေါ်သည်။

အခြားကျော်ကြားသော တက္ကသိုလ်များမှာ ဂျာမနီနိုင်ငံ ပရပ်တက္ကသိုလ်၊ ဘာလင်တက္ကသိုလ်၊ ပိုလန်နိုင်ငံမှ ကရာကိုတက္ကသိုလ်၊ ဘယ်လ်ဂျီယံနိုင်ငံမှ လိုဗိန်းတက္ကသိုလ်၊ အိုင်ယာလန်နိုင်ငံမှ ဒပ်ဗလင်တက္ကသိုလ်၊ ဩစတြီးယားနိုင်ငံမှ ဗီယင်နာတက္ကသိုလ်၊ စကော့တလန်မှ အီဗင်ဗာရာတက္ကသိုလ်တို့ ဖြစ်သည်။

'ဟားဘတ်တက္ကသိုလ်'မှာ အမေရိကန်နိုင်ငံ၏ ရှေးအကျဆုံး တက္ကသိုလ် ဖြစ်သည်။ ၁၆၃၆ ခုနှစ်တွင် ဂျွန်ဟားဘတ် ရဟန်းတော်တစ်ပါးက ငွေကြေးလှူဒါန်းသည်ကို အစွဲပြု၍ ဟားဘတ်တက္ကသိုလ်ဟု အမည်တွင်သည်။

ယေးလ်တက္ကသိုလ် (၁၇၀၁ ခုနှစ်)၊ ပရင့်စတန်တက္ကသိုလ် (၁၇၄၆ ခုနှစ်)၊ ဝါရှင်တန်တက္ကသိုလ် (၁၇၄၉ ခုနှစ်)၊ ပင်းဆယ်လဗေးနီးယားတက္ကသိုလ် (၁၇၅၁ ခုနှစ်)၊ ကိုလံဗီယာတက္ကသိုလ် (၁၇၅၄ ခုနှစ်)၊ ဗရောင်းတက္ကသိုလ် (၁၇၆၄ ခုနှစ်)တို့သည်လည်း ထင်ရှားသည်။

* * * * *

သူတို့က သူတို့၏နိုင်ငံ၊ သူတို့၏တက္ကသိုလ်နှင့် သူတို့၏ ပညာရေး အဆင့်အတန်းကို အင်တာနက်စာမျက်နှာတွင် သမိုင်းချီလျက် ဂုဏ်ယူဝင့်ကြွားစွာ တင်ပြထားကြသည်။ ကိုယ်က ရင်သပ်ရှုမောစွာ အထင်ကြီးအလေးထား ခံစားရသည်။ သူတို့ကဲ့သို့ ကိုယ့်မှာ ကြွားဝင့်စရာ ရှိခဲ့ဖူးပါသည်။

မြန်မာနိုင်ငံတွင် သမိုင်းဝင်တက္ကသိုလ်ကြီး နှစ်ကျောင်း ရှိခဲ့ဖူးသည်။ တစ်ရံရောအခါက 'ရန်ကုန်တက္ကသိုလ်'နှင့် 'မန္တလေးတက္ကသိုလ်' ဖြစ်သည်။ ၁၈၈၀ ပြည့်နှစ်တွင် ဗြိတိသျှအစိုးရက ရန်ကုန်မြို့တွင် ဖွင့်လှစ်လိုက်သော ရန်ကုန်တက္ကသိုလ်။ ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ် အက်ဥပဒေကို ပြဋ္ဌာန်းသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်၏ လက်အောက်ခံ ကောလိပ်များမှာ ယုဒသန်ကောလိပ်၊ ဆေးကောလိပ်၊ အင်ဂျင်နီယာကောလိပ်၊ ဆရာအတတ်သင်ကောလိပ်၊ စိုက်ပျိုးရေးသိပ္ပံ၊ မော်လမြိုင်ကောလိပ်၊ ကျောက်ဖြူကောလိပ်၊ ပုသိမ်ကောလိပ်၊ မကွေးကောလိပ်တို့ ဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် မန္တလေးတက္ကသိုလ်ကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

ထို့ထက်စောစွာ ဖွင့်လှစ်ခဲ့သော တက္ကသိုလ် မရှိခဲ့လေသလားဟူသော အတွေးဝင်လာသည်။ ဗုဒ္ဓရှင်တော်မြတ် မပွင့်မီကာလကတည်းက ရှေးပြေးပညာရေးဌာနများ ပေါ်ပေါက်ခဲ့ဖူးသည်။ ဇာတ်နိပါတ်တော်များတွင် အထင်အရှား နာကြားခဲ့ကြရသည့် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးများ၊ မင်းညီမင်းသားများ၊ သူဌေးသူကြွယ်သားသမီးများ တက္ကသိုလ်ပြည်သို့ သွားရောက်ပညာသင်ကြားခဲ့ပုံများက အမှတ်ရစရာ။ တက္ကသိုလ်ပြည်ကို အစွဲပြုလျက် တက္ကသိုလ်ကျောင်းဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ကြဖူးသည်။

ဘုရားပွင့်တော်မူပြီး နောက်ပိုင်း၊ မဂဓတိုင်း 'နလန္ဒာ'ကျောင်းတိုက်၊ အိန္ဒိယပြည်တောင်ပိုင်း 'သီရိဓညကနက'ကျောင်းတိုက်၊ ဘင်္ဂလားနယ် 'ဇဂ္ဂဒ္ဒလ'ကျောင်းတိုက်ကြီးများသည်လည်း ကျော်ကြားသောတက္ကသိုလ်ကြီးများ ဖြစ်ကြသည်။ သို့သော် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှ မဟုတ်ကြ။ မြန်မာနိုင်ငံသားတို့ ဂုဏ်ယူဝင့်ကြွားစရာ မဟုတ်ပြန်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာသာသနာတွင် 'ကျောင်း' ဟူသော အသုံးအနှုန်းက ထင်ရှားခဲ့ဖူးသည်။ ကျောင်းနှစ်မျိုးနှစ်စား ရှိသည်။ အရညဝါသီကျောင်းနှင့် ဂါမဝါသီကျောင်း။ တရားဘာဝနာ ပွါးများအားထုတ်ရာ 'အရညဝါသီကျောင်း'နှင့် စာပေပညာသင်ကြားပေးရာ 'ဂါမဝါသီကျောင်း'တို့ ဖြစ်သည်။

မြန်မာမင်းအဆက်ဆက် နိုင်ငံတော်အုပ်ချုပ်မှုစနစ်တွင် သာသနာရေးနှင့် ပညာရေးသည် အစဉ်အမြဲတွဲလျက် ဖွံ့စည်းခဲ့ကြသည်။ နိုင်ငံတကာ တက္ကသိုလ်များကိုလည်း သာသနာပိုင် ရဟန်းများက ဦးဆောင်ခဲ့ကြသကဲ့သို့ ဂါမဝါသီကျောင်းအုပ်စုတွင် ပါဝင်သော 'ပွဲကျောင်း'များကို စတင်တည်ထောင်သူများမှာလည်း 'အရည်း'များ ဖြစ်ကြသည်။

'အရိယ'မှလာသော 'အရည်း'သည် အနက်အဓိပ္ပာယ်အားဖြင့် ကောင်းမွန်မြင့်မြတ်သည်။ ပုဂံခေတ်အစောပိုင်း စောရဟန်းဘွဲ့ခံ တောင်သူကြီးမင်းလက်ထက်(၂၉၃ ခုနှစ်)တွင် တစ်ပြည်လုံး အရည်းများကိုသာကိုးကွယ်ခဲ့ကြသည်။ အရည်းတို့၏ဝါဒမှာ 'တန္တရ' ဖြစ်သည်။ မန္တန်ဂါထာ၊ ပရိတ်များ ရွတ်ဖတ်ကြသည်။ ထိုကာလတွင် အရည်းများလည်းကျော်ကြား၍ ပွဲကျောင်းများလည်း လျှမ်းလျှမ်းတောက် ခေတ်စားသည်၊ အရေးပါ အရာရောက်သည်။

မြန်မာတို့၏ ဝိဇ္ဇာအတတ်ပညာ ၁၈ ရပ်နှင့် အင်္ဂါရသ သိပ္ပအတတ်ပညာ ၁၈ ရပ်ကို မင်းအဆက်ဆက် တန်ဖိုးထားခဲ့ကြသည်။ ထိုပညာရပ်များကို ပွဲကျောင်းများက သင်ကြားပေးသည်။ ထိုစဉ်ကာလ ပွဲကျောင်းများ၏ သင်ရိုးညွှန်းတမ်းများကို လေ့လာနိုင်သည်။ ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ အနိပ်ကျမ်း၊ ယတြာကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ ဂဇာသျှတ္တရဆင်ကျမ်း၊ အဿဘေဒ မြင်းကျမ်း၊ သိုင်းပညာ၊ လက်ဝှေ့လက်ပွေ့ ထိုးသတ်နည်းပညာ၊ အနုသုခုမပညာ၊ ပန်းဆယ့်တစ်မျိုး အတတ်ပညာ စသည်တို့ ဖြစ်သည်။

ပညာရပ်များထဲမှ ဗေဒင်ကျမ်းနှင့် ပတ်သက်၍ အထူးထွန်းကားခဲ့သည်ဟု သိရသည်။ ထိုခေတ်အခါ ပွဲကျောင်းထွက် ဗေဒင်ပညာက ဟံသာဝတီဆင်ဖြူရှင်အား ရခိုင်သို့စစ်ချီရာတွင် နတ်ရွာစံမည်ဟု အတပ်ဟောခဲ့ဖူးသည်။

အလောင်းဘုရား ယိုးဒယားသို့ ချီရာတွင် "စစ်ကား အောင်မြင်ပါလိမ့်မည်။ ဘုရင်သည် နန်းမြေစခန်းသို့ ပြန်လမ်းမရှိ"ဟု ရဲရဲတောက် ဟောမြစ်ခဲ့သော ပွဲကျောင်းဗေဒင်ပညာ။

သာလွန်မင်းတရား နတ်ရွာစံပည့်ရက်ကို တိတိကျကျ ဟောကိန်းထုတ်ပေးနိုင်သည့် ပညာရပ်။ ထိုကဲ့သို့ ထိပ်တန်းသို့ရောက်ခဲ့သော ပွဲကျောင်း၏ သင်ရိုးညွှန်းတမ်းများက လေးစားစရာ။ ထို့ပြင် စစ်ချီစစ်တက် စစ်အောင်မည်၊ မအောင်မည်ကိုလည်း ဗေဒင်ပညာက အားဖြည့်ကူညီသည်။

ထို့ပြင် ဆေးကျမ်းပညာနှင့် ပတ်သက်၍လည်း မြန်မာ့တိုင်းရင်း ဆေးပညာတွင် သစ်ဥသစ်ဖု၊ သစ်မြစ်များဖြင့် ဆေးဖော်ကုသရသော ဓိဋ္ဌာနနည်း၊ အစာလည်းဆေး ဆေးလည်းအစာဟူသော စကားနှင့်အညီ ဓာတ်စာဖြင့် တွဲဖက်ကုသရသောနည်း။ ဂြိုဟ်စာကျွေး ကုသရသည့် နက္ခတ်နည်း၊ စုန်းကဝေ တစ္ဆေများကို ကုသရသော ပယောဂနည်း စသည်တို့ကို ပွဲကျောင်းများက သင်ကြားပေးသည်။ ထို့ပြင် ဗရင်ဂျီနည်းဆေးပညာကိုလည်း ဖြည့်စွက်သင်ကြားပေးသည်။

ဗရင်ဂျီနည်း ဆိုသည်မှာ အနောက်တိုင်း ဆေးပညာဖြစ်သည်။ ၉၇၄ A.D သက္ကရာဇ် ၁၆၁၂ ကာလတွင် ပေါ်တူကီလူမျိုး စစ်ဗိုလ် ငဇင်ကာခေါ် ဖိလစ်ဒီဗရစ်တိုသည် သန်လျင်ဘက်တွင် စခန်းချနေသည်။ ကနဦးပိုင်း ကာလများက နိုင်ငံ၏ ပြည့်ရှင်မင်းအား သင့်အောင်ပေါင်း၍ ခညောင်းသည်။ နောက်ပိုင်း၌ ပုန်ကန်ခြားနားလျက် သန်လျင်တွင် တစ်ဗိုလ်တစ်မင်းခံယူရန် ကြိုးစားသည်။

အနောက်ဘက်လွန်မင်းက ထိုလူမျိုးခြားအား ဝင်ရောက်တိုက်ခိုက် အနိုင်ယူသည်။ မြန်မာပြည်တွင် စတင်ခြေကုပ်ယူသော နယ်ချဲ့စနစ်အား အမြစ်မှ နုတ်ပယ်လိုက်ခြင်းဟု ဆိုနိုင်သည်။ ထိုစစ်ပွဲတွင် ကုလားဖြူကုလားမည်း သုံ့ပန်းနှစ်ထောင်ကျော် လက်ရဖမ်းမိသည်။ သူတို့အား နေစရာပေး၍ တတ်ကျွမ်းသော ပညာ



www.burmeseclassic.com

www.burmeseclassic.com

အလျောက် အသက်မွေးဝမ်းကျောင်းပြုခွင့် ပေးခဲ့သည်။ ထိုသို့ပန်းများထဲတွင် ဆေးပညာရှင်၊ ဆေးဆရာများ ပါဝင်လာသည်။

ထိုသို့ပန်းများထံမှ ဆေးပညာနည်းစနစ်ကို ရရှိသည်။ ထိခိုက်၊ ရှနာ၊ ကျိုးပဲ့ပြတ်တောက်သော ဒဏ်ရာများအတွက် အလွန်အကျိုးဖြစ်သော ကုထုံးပညာ ဖြစ်သည်။ ထိုဆေးပညာကို ပွဲကျောင်းများက မြန်မာမှုပြုသည်။ ပွဲကျောင်းဆေးကျမ်းပညာတွင် တွဲဖက်သင်ကြားပေးသည်။ တစ်နည်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးပညာတွင် ဗရင်ဂျီနည်းက ပါဝင်လာလျက် တိုးတက်ခဲ့ရသည်ကို မည်သူမျှ မငြင်းနိုင်။

ပွဲကျောင်းများက သေနင်္ဂဗျူဟာ နည်းပညာ၊ စစ်သုံးဆင်၊ စစ်မြင်းအင်္ဂါကျမ်း အတတ်ပညာ၊ သိုင်းပညာ၊ လက်ဝှေ့လက်ဖွေ့ထိုးသတ်နည်းများက ယောက်ျားကောင်းတို့ တတ်အပ်သော အခြေခံပညာ။ သို့ရာတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများဘက်က အတွေးက စိုးရိမ်စရာ။ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် တော်လှန်ပုန်ကန်မည့်သူများ စုစည်းရာဌာနဟု အထင်ရောက်လာကြသည်။ ထို့ကြောင့်လည်း ပွဲကျောင်းများ၏ ရှေ့အလားအလာ ကံကြမ္မာက ညှိုးနွမ်းမှေးမှိန်ခဲ့ရသည်ဟု ဆိုရမလို။

၁၁၇၄ A.D သက္ကရာဇ် ၁၈၀၂ ခုနှစ်တွင် အနောက်ရထာမင်းကြီးက အရည်းများကို သာသနာတော် သန့်စင်ရေး လှုပ်ရှားမှုအတွက် နှိပ်ကွပ်ခဲ့သည်။ အရည်းများ ထွက်ပြေးကြရသည်။ ပွဲကျောင်းများလည်း တစ်ကြိမ် ဖျက်သိမ်းခံရသည်။ ၁၂၁၇ A.D သက္ကရာဇ် ၁၈၅၅ ခုနှစ်တွင် တစ်ကြိမ် ပွဲကျောင်းများ ဖျက်သိမ်းခံရပြန်သည်။ အမရပူရမြို့တည် မင်းတရားကလည်း ပွဲကျောင်းများကို ဖယ်ရှားနှိမ်နင်းပြန်သည်။ ရခိုင်ဘုရင်မင်းရာဇာကလည်း ဂါမဝါသီကျောင်းများကို အမိန့်စာထုတ်ပြန်၍ ဖျက်သိမ်းစေခဲ့ပြန်သည်။

အကြိမ်ကြိမ်အထပ်ထပ် နှိပ်ကွပ်ခံခဲ့ရသော 'ပွဲကျောင်းပညာရေး'မှာ မြန်မာ့သမိုင်းစာမျက်နှာတွင် နေရာမရရှိခဲ့။

* * * * *

ပွဲကျောင်းများက အဌာရသ တစ်ဆယ့်ရှစ်ရပ်ကို သင်ကြားပေးခြင်းဖြင့် နိုင်ငံတော်အတွက် စစ်သားအင်အား ဖြစ်စေသည်။ အုပ်ချုပ်သူဘုရင်များက လိမ္မာပါးနပ်စွာ စည်းရုံးမွေးမြူလိုက်ရုံသာ။ မိတ်ဆွေကဲ့သို့ လက်ခံယူမှတ်ရမည့်အစား ရန်သူရန်ဘက်အဖြစ် သဘောထားလိုက်သည့်အခါ ပွဲကျောင်းများမှာ သူပုန်ကျောင်းများ ဖြစ်သွားရလေသည်။

ရှေးခေတ် အုပ်ချုပ်ရေးဖွဲ့စည်းပုံများကြောင့်လည်း ပွဲကျောင်းများ ပျက်စီးရခြင်းအကြောင်းရင်း ဖြစ်ခဲ့ရသည်။ ဆိုလိုသည်မှာ သာသနာရေးနှင့် ပညာရေးကို တွဲဖက်ထားရှိခဲ့ခြင်း ဖြစ်သည်။ ပွဲကျောင်းပညာရေးကို အရည်းတို့က ဦးဆောင်ခဲ့သည်။ ပုဂံခေတ်ကာလ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ သန့်စင်ရေးတွင် အကျင့်ပျက်ပြားသော အရည်းရဟန်းများ ပါဝင်သွားသည့်အခါ ပွဲကျောင်းများစများလည်း ယိမ်းယိုင်တိမ်းပါးခဲ့ကြရသည်။

ပညာရေး အခြေအနေတစ်ခုကို ပြုပြင်ပြင်ဆင်သည်ဆိုရာတွင် အလွန်သတိထား စဉ်းစားသင့်သည်။ လုံခြုံရေးရှုထောင့် တစ်ဖက်တည်းကြည့်၍မရ။ စိုးရိမ်ကြောင့်လန့်မှုကို အခြေခံလျက် လူစုခွဲလိုမှု၊ နှိပ်ကွပ်လိုမှုဖြင့်လည်း မသင့်လျော်။ တစ်ဖက်သတ် တစ်ကိုယ်ကောင်း တွေးတောလျှင်လည်း မမှန်ကန်။

အကယ်၍များ 'ပွဲကျောင်းပညာရေး'ကို ခေတ်အဆက်ဆက် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူများက ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါက ယနေ့အခါ United Kingdom မှ University of Oxford နှင့် Cambridge University တို့ကဲ့သို့ 'ပွဲကျောင်းပညာရေးတက္ကသိုလ်'ကြီး တစ်ခုသည်လည်း မြန်မာနိုင်ငံတွင် မားမားမတ်မတ် ထင်ထင်ရှားရှား ရပ်တည်နေနိုင်မည်မှာ မြေကြီးလက်ခတ် စကန်မလွဲ။

● ရန်နိုင်

<u>ကျမ်းကိုးစာရင်း</u>


မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁၃/၁၄)

မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်း၊ အတွဲ (၃/၄)

မှတ်အပ်မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု

အင်တာနက် စာမျက်နှာများ။




www.burmeseclassic.com

www.burmeseclassic.com

# ပထမကမ္ဘာစစ်နှင့် မြန်မာ(ဗမာ)စစ်မှုထမ်းများ

စိုးဝင်းထွဏ်း(တာမွေ)




ပထမကမ္ဘာစစ်(ခရစ်နှစ် ၁၉၁၄-၁၉၁၈)

၁၉၁၄-ခု၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ပထမကမ္ဘာစစ် စတင်ဖြစ်ပွားသည်။ ထိုအချိန်က မည်သည့်နိုင်ငံမှ စစ်မလိုလားချေ။ ပထမကမ္ဘာစစ်၏ စနက်မီးသည် ဩစတြေးယားနိုင်ငံမှ စတောက်ခဲ့သည်။ ထိုနိုင်ငံသည် အေဂျင်ပင်လယ်သို့ ထွက်ပေါက်ရလိုသဖြင့် အရှေ့ဘက်သို့ နယ်ချဲ့လာရာ ဆားဗီးယားနှင့် မွန်တီနီးဂရိုး နိုင်ငံတို့က လမ်းတွင် ခံနေသဖြင့် ထိုနှစ်နိုင်ငံကို သိမ်းသွင်းရန် ကြိုးစား၏။ ရုရှားက ထိုနှစ်နိုင်ငံဘက်မှ အရေးရှိက ကူညီရန် ကတိပြုထားပြီး ဖြစ်သည်။ ၁၉၁၄-ခု၊ ဇွန်လ ၂၈ ရက်နေ့တွင် ဩစတြေးယား အိမ်ရှေ့မင်းသား ဖရန့်စစ်ဖာဒီနန်နှင့် ကြင်ယာတော် ဆိုဖီမင်းသမီးတို့သည် ဩစတြေးယားပိုင် ဗော့စနီးယားပြည် ဆရာဂျီဗို မြို့တော်၌ အသတ်ခံရလေသည်။ သတ်သူမှာ ဆားဗီးယားအမျိုးသား ဂါဗရီလိုပရင့်စစ် ဆိုသူ ဖြစ်၏။ ဆားဗီးယားနိုင်ငံကို သိမ်းသွင်းလိုသော ဩစတြေးယားအစိုးရသည် ဤကိစ္စတွင် ချက်ကောင်းတစ်ခု ရလေပြီဖြစ်ရကား ၁၉၁၄-ခု၊ ဇူလိုင်လ ၂၃ရက်နေ့တွင် ဆားဗီးယားသို့ အလွန်ဖိနှိပ်ချုပ်ချယ် ကြပ်တည်းသည့် ရာဇသံကို ပို့လိုက်လေသည်။ ထိုရာဇသံကို ဆားဗီးယားက ငြင်းပယ်လိုက်သဖြင့် ဩစတြေးယားက ၁၉၁၄-ခု၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် စစ်ကြေညာခဲ့လေသည်။

**၁၉၁၈-ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂျာမနီ စစ်ရှုံးပြီး စစ်ကြီးပြီးဆုံးသွားခဲ့သည်၊ အသက်ပေါင်း ရှစ်သန်းခွဲခန့် သေဆုံးခဲ့ကြသည်၊ လူပေါင်း နှစ်ဆယ့်ကိုးသန်းခန့် ဒဏ်ရာအနာတရ ရရှိခဲ့ကြသည်၊ ဒေါ်လာတုဒေ ပေါင်း သုံးရာ့ငါးဆယ်ခန့် စစ်စရိတ်ကုန်ခဲ့၏။**



www.burmeseclassic.com

www.burmeseclassic.com

ပထမကမ္ဘာစစ်အတွင်းတွင် အမှတ် ၇၀ ဗမာ့သေနတ်ကိုင်တပ်(70th Burma Rifles)ကို တပ်ရင်းလေးရင်းဖြင့် ဖွဲ့စည်းခဲ့ရာ တပ်ရင်းတစ်ခုတွင်သာ မြန်မာ(ဗမာ)များ ပါဝင်သည်။ အိန္ဒိယ၊ အီဂျစ်နှင့် မက်ဆိုပိုတေးမီးယား စစ်မျက်နှာများတွင် အမှုထမ်းခဲ့ကြသည်။ မြန်မာ(ဗမာ) လူမျိုးတပ်ခွဲတစ်ခွဲကို အမှတ် ၈၅ ဗမာ့သေနတ်ကိုင်တပ် (85 th Burma Rifles)အဖြစ် ဖွဲ့စည်းခဲ့သေးသည်။ ထိုတပ်ခွဲတွင် မြန်မာနိုင်ငံ စစ်ပုလိပ်အဖွဲ့မှ အများအပြား ရွေးချယ်ခန့်ထားသည်။ ထပ်မံ၍ ဘားမားဆပ်ပါးမိုင်းနား တပ်ခွဲသုံးခွဲကိုလည်း ဖွဲ့စည်းခဲ့သည်။ ပထမတပ်ခွဲတွင် မြန်မာ(ဗမာ)လူမျိုး အများဆုံး ပါဝင်သည်။ ထို့အပြင် ဗမာ့စက်တပ်ယာဉ်တပ်ခွဲ(Burmese Mechanical Transport Company) ခုနစ်ခွဲနှင့် ချင်းနှင့် မြန်မာ(ဗမာ) အလုပ်သမားတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့သည်။ ၎င်းတပ်ဖွဲ့အားလုံး ပင်လယ်ရပ်ခြားတွင် အမှုထမ်းခဲ့ရပြီး ကောင်းမွန်စွာ အမှုထမ်းဆောင်နိုင်ခဲ့ကြသည်။ ဘားမားဆပ်ပါးမိုင်းနား တပ်ခွဲသည် မက်ဆိုပိုတေးမီးယား(Mesopotamia)၌ တိုက်ဂရစ်မြစ်(Tigris)ကို ဖြတ်ကျော်ရာ၌ ထင်ပေါ်ခဲ့သည်။ သို့ရာတွင် စစ်ကြီးအပြီးတွင်မူ စစ်တပ်တွင် မြန်မာ(ဗမာ)လူမျိုးများကို မခန့်ထားတော့ဘဲ ၎င်းတို့အစား တောင်တန်းသားများကိုသာ ခန့်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့အပြင် ၁၉၂၃-ခုနှစ်မှ ၁၉၂၅-ခုနှစ်ကာလအတွင်း၌ ဘားမားဆပ်ပါးမိုင်းနားတပ်မှတစ်ပါး အခြားတပ်များရှိ မြန်မာ(ဗမာ) အားလုံးကို တဖြည်းဖြည်း ထုတ်ပယ်လိုက်သည်။

**စိုးဝင်းထွဏ်း(တာမွေ)**



ဘယ်လ်ဂျီယံနိုင်ငံ လက်မြို့သို့ ပထမကမ္ဘာစစ် ဖြစ်ပွားခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်သို့ တက်ရောက်ခဲ့သော ကမ္ဘာ့ခေါင်းဆောင်များ (၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

(ဝဲမှယာ) ဗြိတိန်မင်းသား ဝီလျံ နှင့် ဇနီး ကက်သရင်း၊ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒေး၊ ဘယ်လ်ဂျီယံ မိဖုရား မာသယ်ဒီ နှင့် ဘယ်လ်ဂျီယံဘုရင် ဖိလစ်၊ ဂျာမနီသမ္မတ ဂျိုအာချင်ဂေါက်



www.burmeseclassic.com

www.burmeseclassic.com

# "ရာပြည့်" ပထမကမ္ဘာစစ်

လှမ်းထက်

၂၀၁၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ ကမ္ဘာ့သမိုင်းတွင် အထင်ကရဖြစ်ခဲ့သော ဘော့စနီးယားနိုင်ငံ၊ ဆရာဂျီဗိုမြို့ မြို့တော်ခန်းမကြီးအား ပြုပြင်မွမ်းမံပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်လိုက်သည်ဆိုသော သတင်းကို ထုတ်လွှင့်သွားခဲ့သည်။ ထိုသတင်းမှာပင် လာမည့်ဇွန်လ ၂၈ ရက်နေ့တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သည့် ရာပြည့်အထိမ်းအမှတ်ကို အထက်ဖော်ပြပါ မြို့တော်ခန်းမအဆောက်အအုံတွင် နိုင်ငံတကာမှ အထင်ကရပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ စစ်ဘက်၊ နယ်ဘက် ထင်ရှားသူ ကျော်စွာများနှင့် သတင်းမီဒီယာများကို ဖိတ်ကြား၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပမည်ဟုလည်း ဆိုသည်။ ထိုအဆောက်အအုံကြီးတွင် ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစေခဲ့သော ဩစတြီးယား ထီးမွေနန်းမွေ အိမ်ရှေ့မင်းသား ဖာဒီနန်နှင့် ကြင်ရာတော်တို့ လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားခဲ့သော ဖြစ်စဉ်မှတ်တမ်းများနှင့် အခြား ပထမကမ္ဘာစစ်ကြီးအတွင်းမှ ဖြစ်စဉ်မှတ်တမ်းများကို ဓာတ်ပုံများ၊ ပန်းချီကားများဖြင့် ပြသထားမည်ဟု ဆိုသည်။

မှတ်တမ်းများအရ ထိုအဆောက်အဦ ဆောက်လုပ်သော နေရာတွင် ပထမကမ္ဘာစစ်ကြီး၏ ယမ်းအိုးကြီးကို ဖောက်ခွဲသည့်ဖြစ်စဉ်ဟု သမိုင်းသုတေသီများက တင်စားပြောကြားလေ့ရှိသော ဩစတြီးယား ထီးမွေနန်းမွေ မင်းသားကြီး ဖာ့ဒီနန်နှင့် ကြင်ရာတော်တို့ သွေးမြေကျခဲ့ရသော နေရာဖြစ်သည်ဟု ဘော့စနီးယားနိုင်ငံ၊ အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းမီဒီယာများကို ထုတ်ဖော်ပြော






www.burmeseclassic.com

www.burmeseclassic.com



ဆိုခဲ့သည်။ ဘော့စနီးယားအစိုးရအဖွဲ့ ၂၀၁၄၊ ဇွန်လ ၂၈ ရက်နေ့တွင် ကျင်းပမည့် ပထမကမ္ဘာစစ် နှစ် ၁၀၀ အထိမ်းအမှတ်ပွဲတော်သို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည် အများအပြား လာရောက်လိမ့်မည်ဟု မျှော်လင့်ထားသဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသည်ဟုလည်း ဆိုသည်။ နိုင်ငံတကာ ခရီးသွားလာရေးအဖွဲ့ အများအပြားကိုလည်း ထိုအမှတ်တရ ရာပြည့်ပွဲတော်သို့ တက်ရောက်ရန် ဖိတ်ကြားထားသည်။ ထိုပွဲတော်တွင် ပထမကမ္ဘာစစ်အတွင်း ရိုက်ကူးထားသည့် မှတ်တမ်းတင် သတင်းရုပ်ရှင်ကားများကိုလည်း ပြသမည်ဟု သိရ၏။

အထက်ဖော်ပြပါ ဘီဘီစီရုပ်သံလွှင့်ဌာနမှ ထုတ်လွှင့်ချက်အပြင် ဘောစနီးယားနိုင်ငံ အေပီသတင်းကိုယ်စားလှယ်ကလည်း ယင်းနှစ်တစ်ရာပြည့် ပထမကမ္ဘာစစ် အထိမ်းအမှတ်ပွဲတော် ကျင်းပမည့် အသေးစိတ် သတင်းအချက်အလက်များကို ထုတ်ပြန်ခဲ့သည်။

ထိုသတင်းကိုပင် နိုင်ငံတကာမှ သတင်းစာများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများကလည်း ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြခဲ့ကြသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များကလည်း အထက်ဖော်ပြပါ သတင်းကို ဓာတ်ပုံ၊ သာဓက၊ အထောက်အထားများဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့၏။

အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော 'သမိုင်း'မဂ္ဂဇင်း (All about History) ကြီးကလည်း ပထမကမ္ဘာစစ် ရာပြည့်အကြို အထူးထုတ်မဂ္ဂဇင်းကြီး ထုတ်ဝေခဲ့သည်။ ထိုမဂ္ဂဇင်းကြီးတွင် ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော ဘောစနီးယားနိုင်ငံ၊ ဆရာဂျီဗိုမြို့တွင် ၁၉၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့က လုပ်ကြံခံခဲ့ရသော ဩစတြီးယားနိုင်ငံ ထီးမွေနန်းမွေခံ မင်းသားကြီး ဖာဒီနန်နှင့် ကြင်ရာတော်အကြောင်း အသေးစိတ် ဖော်ပြခဲ့သည်သာမက မင်းသားကြီးနှင့် ကြင်ရာတော်တို့အား သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော အသက်တစ်ဆယ့်ကိုးနှစ်အရွယ် ကျောင်းသား ဂါဗရီလိုပရင်ဆက်တို့အကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သည်။

ပြင်သစ်နိုင်ငံနှင့် ဂျာမဏီနိုင်ငံတို့ကလည်း ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ကျရောက်သော ပထမကမ္ဘာစစ် နှစ်တစ်ရာပြည့် ပွဲတော်ကြီးအား စည်စည်ကားကား ကျင်းပကြမည်ဟု သတင်းများ ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတကာမှ ဘာသာရေးအသင်းအဖွဲ့များကလည်း ပထမကမ္ဘာစစ် ရာပြည့်ပွဲတော်တွင်းတွင် ပထမကမ္ဘာစစ်ကြီးအတွင်း သေဆုံးခဲ့ရသူ ၉ သန်း(ကိုးသန်း)တို့အတွက် ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်ကြမည်ဟု သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။ အမှန်အားဖြင့်ဆိုရလျှင် နှစ်ပေါင်း ၁၀၀ ဆိုသည်မှာ လူသား



www.burmeseclassic.com

www.burmeseclassic.com

တချို့အတွက် ကြာမြင့်လှသည်ဟု ထင်မှတ်ဖွယ်ဖြစ်သော်လည်း ကမ္ဘာ့သမိုင်းတွင်မူ နှစ်ပေါင်းတစ်ရာ ဆိုသည်မှာ များစွာကြာမြင့်သည်ဟု မဆိုနိုင်ပေ။ သို့သော် ထိုစဉ်ကာလက ကမ္ဘာ့နိုင်ငံအသီးသီးမှ လူအများကမူ လူအများ အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရပြီး ပထမကမ္ဘာစစ်ကြီး၏ အနိဋ္ဌာရုံများကို မမေ့နိုင်ကြခဲ့။ ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားစကမူ စစ်ပြိုင်နိုင်ငံများက ကမ္ဘာစစ်ကြီးသည် လပိုင်းအတွင်း ပြီးစီးသွားမည်ဟု မျှော်လင့်ထားကြ၏။ ဗြိတိသျှနှင့် မဟာမိတ်တို့ကမူ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ခြင်းသည် နောင်အခါ ထာဝရငြိမ်းချမ်းရေးကို ရစေမည်ဟု ကြော်ငြာခဲ့သည်။ သို့သော် ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး ၂၀ နှစ်ခန့်အကြာတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရပြီး လူအများ သန်းနှင့်ချီ၍ သေဆုံးခဲ့ကြရသည်။ ပထမကမ္ဘာစစ်ကြီးတွင် ဆုံးရှုံးခဲ့ရသော နိုင်ငံအများသည် အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရသကဲ့သို့ စစ်နိုင်သောနိုင်ငံများမှာလည်း စစ်အောင်ပွဲရသည်ဟု မပြောနိုင်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျပ်အတည်းတို့နှင့်တွေ့ကြရာ ရှုံးသူလည်းရှုံး၍ နိုင်သူလည်း ရှုံးရတော့၏။

ဤလူကိုသန်းကျော် သေဆုံးခဲ့ရသော ပထမကမ္ဘာစစ်ကြီး တောက်လောင်ရပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၉၁၃ ခုနှစ် နှစ်ဦးသည် လပေါင်းများစွာ တစ်ကိုယ်တော်ဝါဒ [Splendid Isolution] ကျင့်သုံးလာခဲ့သော အင်္ဂလန်နိုင်ငံအဖို့ ယင်းဝါဒကို ပြင်ဆင်ရန် လိုအပ်လာသည်ဟု တာဝန်ရှိသူများက ယူဆလာခဲ့၏။ ဂျာမဏီနိုင်ငံသည် ဩစတြီးယားနိုင်ငံနှင့် မဟာမိတ်ဖွဲ့ခဲ့ပြီး ရေတပ်မတော်ကြီးကို အစဉ်အလာကြီးမားသော ဗြိတိသျှရေတပ်မတော်ကြီးနှင့် ယှဉ်နိုင်ရန် ကြီးမားသော တိုက်သင်္ဘောကြီးများ တည်ဆောက်ခဲ့သည်။ စစ်လက်နက်တပ်ဆင်ရေးကို အစွမ်းကုန်ဆောင်ရွက်လာခဲ့သည်။ ကြည်းတပ်မတော်များကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့၏။

ဤတွင် ဂျာမဏီနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး သမိုင်းတွင် စစ်ပြိုင်နိုင်ငံဖြစ်ခဲ့သော ပြင်သစ်နိုင်ငံကလည်း ပြင်သစ်၊ ဂျာမဏီနယ်စပ်တွင် အံ့မခန်းကြီးမားသော ဟက်ဂီးနော့ခံတပ်ကြီးကို တည်ဆောက်ခဲ့ပြီး ရုရှားနိုင်ငံနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ အင်္ဂလန်နိုင်ငံအဖို့ မည်သို့ပင် တစ်ကိုယ်တော်ဝါဒကို ကျင့်သုံးခဲ့စေကာမူ စစ်ကြီးဖြစ်ပွားလာပါက မလွဲမသွေ စစ်ပွဲကြီးအတွင်း ပါဝင်လာရမည်ဖြစ်သည်။ ဂျာမဏီနိုင်ငံ ကိုင်ဇာဘုရင်ကြီးသည် ဂျာမဏီနိုင်ငံနှင့် မဟာမိတ်အဖြစ် စာချုပ်ထားသော ဩစတြီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ပြခဲ့သည်။ ၁၉၁၄ ခု ဇွန်လ ၂၀ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ထီးမွေနန်းမွေခံ ဝေလမင်းသားနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဧကရာဇ် ဒုတိယမြောက် နီကိုးလပ်(စ်)နှင့် မိသားစုတို့၏ ဖိတ်ကြားချက်အရ ခြင်္သေ့မင်း (Lion)၊ မေရီမိဖုရားကြီး Queen Mary၊ တော်ဝင်မင်းသမီး Princess Royal၊ နယူးဇီလန် အမည်ရှိသော ဗြိတိသျှဘုရင့်ရေတပ်မတော်မှ စစ်သင်္ဘောကြီးလေးစင်းနှင့် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားခဲ့သည်။

ဤချစ်ကြည်ရေးခရီး သွားရောက်ခြင်း မပြုခင်ကလည်း အင်္ဂလန်နိုင်ငံ ပဥ္စမမြောက် ဂျော့ဘုရင်နှင့် အစိုးရအဖွဲ့ဝင်အချို့သည် ပြင်သစ်နိုင်ငံသို့ ချစ်ကြည်ရေး ထွက်ခွာသွားရာ ယင်းအဖွဲ့အား ပြင်သစ်သမ္မတကြီး ရေမွန်ပွန်ကာနှင့်အဖွဲ့က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ပြီး နှစ်နိုင်ငံ စစ်ရေးအကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဤသို့ဖြင့် တစ်ကိုယ်တော်ဝါဒ ကျင့်သုံးနေသော အင်္ဂလန်နိုင်ငံသည် ပြင်သစ်၊ ရုရှားစစ်အုပ်စု မဟာမိတ်ဖြစ်လာခဲ့ရ၏။

ဤသို့ဖြင့် စစ်အုပ်စုနှစ်စုမှ အုပ်စုဝင်နိုင်ငံများ ချစ်ကြည်ရေးခရီးထွက်ကြခြင်းသည် ပထမကမ္ဘာစစ်ရန် တာစူနေကြသည်ဟု နိုင်ငံတကာက ယူဆခဲ့ကြသည်။ ဥရောပတိုက်ပေါ်သို့ စစ်ရိပ်စစ်ငွေ့များသည် ယှက်သန်းလာခဲ့တော့၏။

ဇွန်လ ၂၈ ရက်နေ့တွင်မူ ဩစတြီးယားနိုင်ငံ ထီးမွေနန်းမွေခံ အိမ်ရှေ့မင်းသားကြီး ဖာဒီနန်နှင့် ကြင်ရာတော်တို့သည် ဩစတြီးယားနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ဘောစနီးယားနိုင်ငံ၊ ဆာရာဂျီဗိုမြို့သို့ သွားရောက်ခဲ့ကြသည်။ ထိုဇဉ်က ဘောစနီးယားနိုင်ငံသား အများမှာ ဩစတြီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝါဒကို မလိုလားကြသည်သာမက ဘော့စနီးယားနိုင်ငံအား ဩစတြီးယားနိုင်ငံအတွင်း သွင်းလိုသည်ဟုယူဆထားကြ၏။ ထိုကာလက ဘော့စနီးယားနိုင်ငံအပါအဝင် အရှေ့ဥရောပတိုက် အင်ရှ့်နိုင်ငံများမှ ဆလပ်အမျိုးသားအများသည် ဩစတီးယားဟန်ဂေရီအင်ပါရာ၏ သိမ်းသွင်းလာမှုကို ဆန့်ကျင်ခဲ့ကြသည်။ ထိုစဉ်က အတည်မပြုနိုင်သော သတင်းများအရ ရုရှားနိုင်ငံသည် ဩစတီးယားဟန်ဂေရီအင်ပါရာ၏ ခြေလှမ်းကို စောင့်ကြည့်ခဲ့သည်သာမက ဆလပ်လူမျိုးနွယ်စုများအား ဩစတီးယားဟန်ဂေရီအင်ပါရာ ဆန့်ကျင်ရေးအတွက် လျှို့ဝှက်စွာ အကူပေးခဲ့သည်ဟု ဆိုကြ၏။ ဤအချိန်တွင် ဩစတီးယား ဟန်ဂေရီအင်ပါရာအတွင်းမှ ခွဲထွက်လိုကြသော ဘော့စနီးယား၊ ဆာဗီးယာစသော နိုင်ငံငယ်ကလေးများမှာ ဩစတီးယားဟန်ဂေရီ ဆန့်ကျင်ရေးဝါဒကို လက်ကိုင်ထားကြ၏။ ဤကဲ့သို့ ခွဲထွက်ရေး၊ ကွဲအက်ရေးဝါဒကို ဦးဆောင်နေသူမှာ ဆာဗီးယားနိုင်ငံ တပ်မတော် တော်လှန်ရေးတပ်ဖွဲ့မှ ဗိုလ်မှူးကြီး စီအေပိုပိုဗစ်ဖြစ်သည်။ သူခေါင်းဆောင်သော တပ်မတော်ထောက်လှမ်းရေးတပ်ဖွဲ့အတွင်းမှ အရာရှိငယ်အများသည် "Black Hand" လက်မည်းကြီးဟူသော လျှို့ဝှက်အကြမ်းဖက် အဖွဲ့တစ်ဖွဲ့ တည်ထောင်ထားပြီး ဩစတီးယား ဟန်ဂေရီနိုင်ငံမှ အာဏာရှိသူများအား လျှို့ဝှက်စွာ သုတ်သင်သတ်ဖြတ်ရန် စီစဉ်ခဲ့ကြ၏။

ဘော့စနီးယားမှ ကျောင်းသားလူငယ်အများအပြားမှာ အထက်ဖော်ပြပါ 'လက်မည်းကြီး'အသင်းဝင်များဖြစ်သည်။ ဩစတီးယား ထီးမွေနန်းမွေခံ မင်းသားကြီး ဖာဒီနန်သည် ဩစတီးယား ဟန်ဂေရီအင်ပါရာအတွင်းမှ ဘော့စနီးယားနိုင်ငံ ခွဲထွက်ခြင်းမပြုရန် စည်းရုံးရန်အတွက် ဘော့စနီးယားသို့ ချစ်ကြည်ရေးခရီး ထွက်လာခဲ့ခြင်းဖြစ်၏။ ဘော့စနီးယားနိုင်ငံ အာဏာပိုင်များကလည်း မင်းသားကြီးနှင့် ကြင်ရာတော်တို့ ဆရာဂျီဗိုသို့ မလာရောက်မီကပင် ဘော့စနီးယားနိုင်ငံအတွင်း လုံခြုံရေးကို အထူးတင်းကျပ်ထားခဲ့၏။ 'လက်မည်းကြီး'ဂိုဏ်းဝင်ဟု သက်သေမကင်းသူများအားလုံးအား ဖမ်းဆီးစစ်ဆေးခဲ့ကြသည်။ မင်းသားကြီးနှင့် ကြင်ရာတော်တို့ ဆရာဂျီဗိုမြို့သို့ ရောက်လာသည်။ ဇွန်လ ၂၈ ရက်နေ့တွင်မူ ဘော့စနီးယားအာဏာပိုင်များသည် ဆရာဂျီဗိုမြို့တွင် လုံခြုံရေးကို အထူးတင်းကျပ်ထား၏။

မင်းသားကြီးနှင့် ကြင်ရာတော်တို့ လိုက်ပါလာသော အကူမော်တော်ကားကလေးသည် ဘော့စနီးယားအာဏာပိုင်များစီစဉ်သည့် လမ်းခရီးစဉ်အတိုင်း ဆရာဂျီဗိုမြို့အတွင်း ဝင်လာသည်နှင့် မင်းသားကြီးသည် ဘော့စနီးယားလူထု၏ ဩစတီးယားနိုင်ငံဆန့်ကျင်ရေးစိတ်ဓာတ်ကို ရိပ်စားမိသည်။ ဆာရာဂျီဗိုမြို့တွင်း တစ်နေရာတွင် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြထားသော 'လက်မည်း

**တဖြည်းဖြည်း မောင်းနှင်နေသော မော်တော်ကားပေါ်သို့ ခုန်တက်ကာ မင်းသားကြီးနှင့် ကြင်ရာတော်တို့အား ကျည်ဆန်ကုန်အောင် ပစ်ခတ်တော့၏။ အနီးကပ်လိုက်ပါလာသော ကိုယ်ရံတော်များက အထက်ပါ လူသတ်သမားအား ဖမ်းဆီးနိုင်ခဲ့သည်။ သို့သော် မင်းသားကြီးနှင့် ကြင်ရာတော်တို့မှာ ထိုနေရာမှာပင် ကွယ်လွန်ခဲ့ရ၏။**



www.burmeseclassic.com

www.burmeseclassic.com

ကြီး'အသင်းဝင် တစ်စုသည် မင်းသားကြီး ဖာဒီနန်နှင့် ကြင်ရာတော်တို့ လိုက်ပါလာသော မော်တော်ကားအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြသည်။

သို့သော် ထိုလက်ပစ်ဗုံးသည် မော်တော်ကားကိုယ်ထည်နှင့် ထိကာ လွင့်စဉ်၍ လမ်းဘေးတွင် ပေါက်ကွဲသွားခဲ့သဖြင့် မင်းသားကြီးဖာဒီနန်နှင့် ကြင်ရာတော်တို့မှာ အသက်ဘေးမှ သီသီကလေး လွတ်ကင်းခဲ့ရသည်။ မော်တော်ကားနောက်မှ မြင်းစီး၍ လိုက်ပါလာသော ကိုယ်ရံတော်လေးယောက်အား ထိမှန်သွားခဲ့သဖြင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားခဲ့၏။ ဤတွင် ဘော့စနီးယားနိုင်ငံမှ တာဝန်ရှိသူများက ရှေ့သို့ခရီးဆက်ခြင်းမပြုရန် တိုက်တွန်းခဲ့သော်လည်း မင်းသားကြီးနှင့် ကြင်ရာတော်တို့ကမူ အစီအစဉ်အတိုင်း ခရီးဆက်ခဲ့၏။

မင်းသားကြီး၏ မော်တော်ယာဉ်မောင်းသူမှာ ဆာရာဂျီဗိုမြို့တွင် နေထိုင်ခဲ့သူတစ်ဦး ဖြစ်သဖြင့် ယင်းမြို့လမ်းများကို အတော်အတင့် အကျွမ်းတဝင် သိထားသည်။ မင်းသားကြီးနှင့် ကြင်ရာတော်တို့အား ဧည့်ခံကြိုဆိုကြသော ဒေသခံတာဝန်ရှိသူများ စီစဉ်ထားသည့် လမ်းကြောအတိုင်း မောင်းနှင်ခြင်းမပြုတော့။ အဘယ်ကြောင့်ဆိုသော် အစီအစဉ်တွင် ရေးဆွဲထားသော လမ်းများတွင် အကြမ်းဖက်သူများ စောင့်ဆိုင်း၍နေပေမည်ဟု ယူဆထားသည်။ သို့ဖြစ်၍ ထိုလမ်းကြောများအတိုင်း မောင်းနှင်ခြင်းမပြုတော့ဘဲ သူအကျွမ်းတဝင်ရှိသော လမ်းများအတိုင်း တစ်လမ်းဝင်၊ တစ်လမ်းထွက် မောင်းနှင်လာခဲ့သည်။ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ယနေ့ ဆာရာဂျီဗိုမြို့ မြို့တော်ခန်းမတည်ဆောက်ထားသော နေရာသို့ ဦးတိုက်သည့် လမ်းသွယ်ကလေးအတွင်း ဝင်လာခဲ့သည်နှင့် လမ်းဘေးလူအုပ်အတွင်းမှ ကျောင်းသားအရွယ်လူငယ်တစ်ယောက်သည် ရုတ်တရက် ပစ္စတိုသေနတ်တစ်လက်ကို သူ့အင်္ကျီအတွင်းမှ ထုတ်ယူခဲ့ပြီး တဖြည်းဖြည်းမောင်းနှင်နေသော မော်တော်ကားပေါ်သို့ ခုန်တက်ကာ မင်းသားကြီးနှင့် ကြင်ရာတော်တို့အား ကျည်ဆန်ကုန်အောင် ပစ်ခတ်တော့၏။ အနီးကပ်လိုက်ပါလာသော ကိုယ်ရံတော်များက အထက်ပါ လူသတ်သမားအား ဖမ်းဆီးနိုင်ခဲ့သည်။ သို့သော် မင်းသားကြီးနှင့် ကြင်ရာတော်တို့မှာ ထိုနေရာမှာပင် ကွယ်လွန်ခဲ့ရ၏။

အကြမ်းဖက် လူသတ်သမား ဂါဗရီလိုပရင်ဆက်အား ဖမ်းဆီးရမိသည်။ (လူသတ်အကြမ်းဖက်သမားအား အထူးရာဇဝတ်ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့ပြီး ပထမ သေဒဏ်ချမှတ်ခဲ့သည်။ နောင်အခါ တစ်သက်တစ်ကျွန်း ပြစ်ဒဏ် ပြောင်းလဲခဲ့သည်။ အကျဉ်းထောင်အတွင်း အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်)။ ဩစတီးယားနိုင်ငံကမူ ထီးမွေနန်းမွေခံ မင်းသားကြီးနှင့် ကြင်ရာတော်တို့အား လုပ်ကြံသတ်ဖြတ်သူသည် 'လက်မည်းကြီး'အကြမ်းဖက် အသင်းဝင်တစ်ဦးဖြစ်၍ ထိုအသင်းကို နောက်ကွယ်မှ ကြိုးကိုင်နေသူများမှာ ဆားဗီးယားနိုင်ငံ အာဏာပိုင်များဖြစ်သည်ဟု ယူဆထားသည်။ သို့ဖြစ်၍ ဩစတြီးယားနိုင်ငံသည် ဆားဗီယားနိုင်ငံအား ပြင်းပြင်းထန်ထန်ရှုတ်ချကာ တင်းမာသော ရာဇသံပေးပို့လိုက်၏။

ယင်းရာဇသံတွင် ပါရှိသော တောင်းဆိုချက်အချို့မှာ ဆားဗီးယားနိုင်ငံ၏ အချုပ်အခြာပိုင်ဆိုင်မှု အာဏာကို ထိပါးသောကြောင့် ၎င်းနောက်ကွယ်မှ ရုရှားနိုင်ငံ၏ အားပေးထောက်ခံမှုရရှိသောကြောင့် ဩစတီးယားနိုင်ငံ၏ တောင်းဆိုချက်ကို ပယ်ချပြီး စစ်ပြင်ဆင်မှုပြုလုပ်ခဲ့သည်။ ဩစတီးယားနိုင်ငံ ဘုရင်ဂျိုဇက်အား ဆားဗီးယားနိုင်ငံအား ဝင်ရောက်တိုက်ခိုက်ရန် ဂျာမဏီနိုင်ငံက ဖိအားပေးခဲ့သည်။ သို့ဖြစ်၍ ဩစတီးယားနိုင်ငံသည် ဆားဗီယားနိုင်ငံနှင့် စစ်မက်ဖြစ်ပွားနေသော အခြေအနေသို့ ရောက်ရှိခဲ့ပြီဟု ကြေငြာခဲ့ပြီး ဩစတီးယားရေတပ်သင်္ဘောများသည် ဆားဗီးယားနိုင်ငံ၊ ဘယ်(လ်)ဂရိတ်မြို့အား အမြောက်များဖြင့် စတင်ပစ်ခတ်ခြင်းဖြင့် ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ခဲ့ရ၏။

မဟာမိတ်စာချုပ်များ ချုပ်ဆိုထားရကား ဂျာမဏီနိုင်ငံသည် ဩစကီးယားနိုင်ငံဘက်မှ ဝင်ရောက်တိုက်ခိုက်၍ ရုရှားနိုင်ငံကလည်း ဆားဗီးယားနိုင်ငံမှ ဝင်ရောက်ကိုက်ခိုက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

၎င်းတွင် အင်္ဂလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ကလည်း ရုရှားနိုင်ငံနှင့် ဆားဗီးယားနိုင်ငံတို့ဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့၏။

စစ်သည်တော် နှစ်သန်းကျော်ပါ ဝင်သော ဂျာမန်ကိုင်ဇာဘုရင်၏ တပ်မကြီးများသည် ပြင်သစ်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ရန် ပြင်ဆင်သည်။ အင်္ဂလိပ်နှင့် ပြင်သစ်တပ်များကလည်း ဥရောပတိုက် စစ်မျက်နှာတွင် ဂျာမန်တပ်များကို ရင်ဆိုင်ရန် ပြင်ဆင်ကြတော့၏။

၎င်းသို့ဖြင့် ဥရောပစစ်မျက်နှာတွင် စစ်ပြိုင်နိုင်ငံများသည် တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှနှင့် မဟာမိတ်တို့ဘက်မှ တင့်ခေါ် သံချပ်ကာ မော်တော်ကားများ အသုံးပြုခဲ့သည်။ စစ်သေနတ်ကိုလည်း အသုံးပြုခဲ့ကြ၏။ ပြင်သစ်နိုင်ငံတစ်နိုင်ငံမှပင် စစ်သား တစ်သန်းသုံးသောင်းခန့် ပါဝင်ခဲ့သည်။ ၎င်းတွင် စစ်ကြီးအတွင်း တခြားနိုင်ငံများကလည်း ပါဝင်လာခဲ့၏။

ပြင်သစ်၊ အင်္ဂလိပ်နှင့် ရုရှားတို့ဘက်မှ ဂျပန်နိုင်ငံပါဝင်လာခဲ့သည်။ ဗြိတိသျှနှင့် မဟာမိတ်တို့၏ ကိုလိုနီနိုင်ငံများ ခွဲဝေပေးမည်ဟူသော ကြေညာချက်အရ အီတလီနိုင်ငံကလည်း မဟာမိတ်တို့ဘက်မှ ပါဝင်လာသည်။ ၎င်းတို့အား မဟာမိတ်နိုင်ငံများဟု ခေါ်ကြသည့် ဂျာမဏီ၊ ဩစတြီးယား၊ ဟန်ဂေရီ မဟာမိတ်စစ်အဖွဲ့အား ဗဟိုနိုင်ငံများ "Central Power" ဟုခေါ်သည်။ ၎င်းတို့ဘက်မှ တူရကီနှင့် ဘူ(လ်)ဂေးရီးယားနိုင်ငံများက ပါဝင်လာခဲ့သဖြင့် ပထမကမ္ဘာစစ်ကြီးဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခဲ့သည်။

ဥရောပအနောက်ဘက် စစ်မျက်နှာတွင် နိုင်ငံခုနစ်နိုင်ငံမှ တပ်သားများသည် မိုင်ပေါင်းများစွာ ရှည်လျားသော မြေကတုတ်ကျင်းများ တူးကာ ကျားကုတ်ကျားခဲ တိုက်ခိုက်ခဲ့ကြသည်။ မိမိတို့မြေကတုတ်ကျင်းများမှထွက်၍ ရှေ့တိုက်အနည်းငယ်ချီတက်ရာတွင်ပင် စစ်သည်တော်ထောင်ချီ၍ အသက်ပေးခဲ့ကြရ၏။ မည်သည့်အင်အားစုဘက်မှ အရှုံးအနိုင် မရှိခဲ့။ လူအများသေစေနိုင်သော ဓာတ်ငွေ့အမြောက် ကျည်ဆန်များကိုလည်း အသုံးပြုခဲ့ကြ၏။

ရေကြောင်း တိုက်ပွဲများတွင်လည်း ဗြိတိသျှနှင့် မဟာမိတ်တို့ဘက်မှ လူစီးကုန်တင်သင်္ဘောများ နှစ်မြှုပ်ခြင်းခံရ၏။ ဥရောပစစ်မျက်နှာတွင်မူ ကမ္ဘာ့သမိုင်းတွင် အဆိုးရွားဆုံး လူသတ်ပွဲကြီးဟု စံချိန်ကင်နိုင်သော ရင်ဆိုင်တိုက်ပွဲများ ကြုံရသည်။ ၁၉၁၇ ခုနှစ်တွင်မူ ဗြိတိသျှနှင့် ပြင်သစ်တို့၏ မဟာမိတ်ဖြစ်သော ရုရှားနိုင်ငံတွင် နိုင်ငံရေး မတည်မငြိမ်ဖြစ်လာကာ ပထမကမ္ဘာစစ်ပွဲကြီးမှ ထွက်သွားခဲ့၏။

၎င်းသို့အတွင်း ဂျာမန်ကိုင်ဇာဘုရင် လေတပ်မတော်မှ ဇက်ပလင်းခေါ် လေသင်္ဘောကြီးများ Air-Ship သည် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ ဗုံးကြဲတိုက်ခိုက်ခဲ့ကြပြီး တိုက်လေယာဉ်ငယ်များကို စစ်ပြိုင်နိုင်ငံများမှ တည်ဆောက်၍ တိုက်ပွဲဝင်ကြသည်။ ဂျာမဏီနိုင်ငံအတွင်း နိုင်ငံရေး မငြိမ်မသက်မှုများ ပေါ်လာပြီး ပြည်သူအများက လူသတ်စစ်ပွဲကြီး ရပ်ဆိုင်းရန် ဆန္ဒပြတောင်းဆိုမှုများ ပေါ်ပေါက်လာခဲ့ရ၏။ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားစက တစ်ကိုယ်တော်ဝါဒ ကျင့်သုံးခဲ့သော အမေရိကန်ပြည်ထောင်စုသည် ၁၉၁၇ ခုနှစ် ကုန်ဆုံးသည်နှင့် မဟာမိတ်တို့ဘက်မှ ပါဝင်တိုက်ခိုက်ခဲ့တော့သည်။ နောက်ဆုံးတွင် ပြည်တွင်း မငြိမ်မသက်ဖြစ်မှုကြောင့် ဂျာမဏီနိုင်ငံသည် လက်နက်ချ အရှုံးပေးခဲ့သဖြင့် ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ရသည်။ စစ်ပြိုင်နိုင်ငံများအဖို့ လူကိုးသန်းနီးပါး သေဆုံးခဲ့ကြရပြီး သန်းပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ စစ်ရှုံးသူများလည်း အရှုံးနှင့်ရင်ဆိုင်ကြရ၍ အစစအရာရာ စိတ်မချမ်းမြေ့ခဲ့ကြရသည်။ စစ်နိုင်သည့်နိုင်ငံများတွင်လည်း စစ်အောင်ပွဲရသည်ဟု မပျော်နိုင်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ၎င်းစစ်ပွဲကြီးဖြစ်ပွားခဲ့ရသည်မှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်ပါကြောင်း။

**လျှမ်းထက်**

ကျမ်းကိုး


(၁) August 1914, By B.Tum

(၂) အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်တရားရုံးချုပ်၏ စာချွန်တော်အမိန့်

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ ကောင်စီခေတ် မတိုင်မီအထိ တရားရုံးချုပ်အား တရားလွှတ်တော်ချုပ် (Supreme Court = S.C) ဟု ခေါ်ပါသည်။ ယင်းသည့်နောက် ကောင်စီခေတ်တွင်မှ ဗဟိုတရားရုံးဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါသည်။ တစ်ဖန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်အစိုးရလက်ထက်၌ တရားရုံးချုပ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပြန်ပါသည်။ ယခု သမ္မတဦးသိန်းစိန်လက်ထက်တွင်ကား မြန်မာနိုင်ငံ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အတိုကောက် တရားလွှတ်တော်ချုပ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့၏။ ထိုနည်းတူစွာ စာရေးသူ ရှေ့နေအနေဖြင့်လည်း လိုက်၍ ဗဟိုတရားရုံးရှေ့နေ၊ တရားရုံးချုပ်ရှေ့နေ၊ (ယခု) တရားလွှတ်တော်ရှေ့နေ အမျိုးမျိုးခေါ်ဝေါ်သမုတ်လျက်ရှိပေသည်။ အင်္ဂလိပ်လို မပြောင်းလဲ (Advocate) ဟုသာ ခေါ်ပါသည်။

နိုင်ငံတော်တရားရုံးချုပ် (ယခု ပြည်ထောင်စု တရားလွှတ်တော်ချုပ်)က စာချွန်တော်အမိန့် ချမှတ်ထုတ်ပြန်ပေးလေသည်။

စာချွန်တော်အမိန့်ဆိုသည်မှာ ရှေးခေတ်မြန်မာ ရှင်ဘုရင်က ထုတ်လွှတ်(ထုတ်ပြန်)သော အမိန့်စာလွှာ ဖြစ်ပေသည်။ စာချွန်တော်ဟု ခေါ်ဝေါ်ခဲ့ခြင်းသည်ကား



www.burmeseclassic.com

www.burmeseclassic.com

ရှေးခေတ်က စက္ကူမရှိသေးသဖြင့် အမိန့်စာလွှာကို တစ်ဖက်ချွန် ထန်းရွက်ပေါ်တွင်ဖြစ်စေ၊ နှစ်ဖက်ချွန် ထန်းရွက်ပေါ်၌ ဖြစ်စေ စာတစ်ကြောင်း၊ သို့မဟုတ် စာနှစ်ကြောင်း တိုတို တုတ်တုတ် ရေးသားထုတ်ပြန်သော အမိန့်စာပင် ဖြစ်သည်။ ရှေးခေတ်က ရာထူးခန့်ရာတွင်သော်လည်းကောင်း၊ အထူးတာဝန်ပေးရာတွင်သော်လည်းကောင်း အသုံးပြုလေ့ ရှိ၏။

ဥပမာ-ရှင်ဘုရင်က သေဒဏ်(ကွပ်မျက်)အမိန့်ချမှတ်ပြီးသည့်နောက် နောင်တရလာ၍ဖြစ်စေ၊ အသနားကြင်နာစိတ်ဝင်လာ၍ဖြစ်စေ လွတ်ငြိမ်းချမ်းသာခွင့်ပေးသော အမိန့်ကို ချမှတ်လေ့ရှိပေသည်။

ယင်းကို အင်္ဂလိပ်ဘာသာအားဖြင့် (Royal orders) သို့မဟုတ် (Formal diplomatic note) ဟု ခေါ်ပေသည်။

## စာချွန်တော်အမိန့် ငါးမျိုး

ယခုခေတ်တွင် စာချွန်တော်အမိန့် ငါးမျိုးရှိလေသည်။ ၎င်းမှာကား - - -

### (၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်

တရားရုံးတစ်ရုံးကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ ထိန်းချုပ်ထားရာတွင် ဥပဒေနှင့်အညီ ချုပ်နှောင်ထားခြင်း ရှိမရှိ အမှုစစ်ဆေးကြားနာရာ၌လည်း ဥပဒေနှင့်အညီ ရှိမရှိ တရားရုံးချုပ်(တရားလွှတ်တော်ချုပ်)က ခေါ်ယူစိစစ်၊ စစ်ဆေးရန် အမိန့်စာပင် ဖြစ်ပေသည်။

### (၂) အာဏာပေးစာချွန်တော်အမိန့်

အာဏာပိုင်ကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ၊ အစိုးရဌာနတစ်ခုကဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ပိုင်ခွင့်အာဏာအရ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုမရှိဘဲ ပျက်ကွက်နေကြောင်းတိုင်စာရသဖြင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ဖို့ အမိန့်စာထုတ်ပြန်ခြင်း ဖြစ်သည်။

### (၃) တားမြစ်စေ စာချွန်တော်အမိန့်

တရားရုံးတစ်ရုံးက အမှုကြားနာစစ်ဆေးရာတွင် စီရင်ပိုင်ခွင့် အာဏာကို ကျော်လွန်၍ မစီရင်ရန်၊ ဥပဒေနှင့်အညီ စီရင်ရန် ထုတ်ပြန်သောအမိန့်စာ ဖြစ်ပါသည်။

### (၄) အာဏာပိုင်မေး စာချွန်တော်အမိန့်

အာဏာပိုင်၊ သို့မဟုတ် အာဏာပိုင်အဖွဲ့အစိုးရဌာနတစ်ခုက အစိုးရထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များအရ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိကြောင်း တိုင်စာ၊ လျှောက်ထားချက်ရရှိသဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် အမိန့်စာဖြစ်ပါသည်။

### (၅) အမှုခေါ်စာချွန်တော်အမိန့်

တရားရုံးတစ်ရုံးက အမှုကို ကြားနာစစ်ဆေးရာတွင် ဥပဒေနှင့်အညီ ကြားနာစစ်ဆေးခဲ့ခြင်းမရှိကြောင်း စိစစ်၊ စစ်ဆေးတွေ့ရှိသဖြင့် ဥပဒေနှင့်အညီ ကြားနာစစ်ဆေးရန် ထုတ်ပြန်သော အမိန့်စာပင် ဖြစ်ပါသည်။

ဟူ၍ စာချွန်တော်အမိန့် ငါးမျိုးငါးစား ရှိပါသည်။

## စာချွန်လွှာအမိန့် တိုင်ကြားလျှောက်ထားခွင့်

စာချွန်လွှာတော် အမိန့်တော်ရရှိရန်အတွက် ပြည်ထောင်စုတရားရုံးချုပ် (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)ရုံးသို့ မည်သူမဆို နစ်နာသူများအနေဖြင့် ပြည့်စုံစွာရေးသားဖော်ပြပြီး ကျမ်းကျိန်လွှာများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားကြရမည်ဖြစ်၏။ မပြည့်စုံပါက ပယ်ချခြင်းခံရပေလိမ့်မည်။ (စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာဥပဒေ အခန်း(၃)၊ ပုဒ်မ(၄)အရ)

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**
(၁) ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၄)
(၂) ကြေးမုံ (ဇွန် ၉၊ ၂၀၁၄)၊ စာမျက်နှာ(၁၇)



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူ၏ ပထမဆုံးအငယ်တန်းကောလိပ်တည်ထောင်သူ ကျောင်းအုပ် ၈၁ နှစ်တွင် ကွယ်လွန်

## လေးဝတီကျော်



စင်ကာပူ၏ ပထမဆုံး အငယ်တန်းကောလိပ် တည်ထောင်သူ ကျောင်းအုပ်၊ သူ၏ကျောင်းသားများတွင် ဝန်ကြီးချုပ် "လီရှန်လွန်း"အပါအဝင်ဖြစ်သူသည် လွန်ခဲ့သော စနေနေ့ ညနေပိုင်းက အသက် ၈၁ နှစ်အရွယ်တွင် လှူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ အမျိုးသားအငယ်တန်းကောလိပ်(NJC)ကို ဦးဆောင်ခဲ့သူ မစ္စတာ"လင်ကင်ဝှန်း"သည် ၂၀၁၀ ပြည့်နှစ်တွင် လေဖြတ်ခံရပြီး လွန်ခဲ့သောနှစ်လက ရင်ဘတ်နာရောဂါကြောင့် ဆေးရုံတက်ခဲ့ရသည်။ သူ၏အခြေအနေမှာ နှစ်ပတ်အတွင်း ပို၍ဆိုးရွားလာခဲ့ကြောင်း အသက် ၄၂ နှစ်အရွယ် သူ၏သား "ဒေါက်တာလင်တွန်ဝီ"က ယမန်နေ့မွန်းလွဲပိုင်းတွင် The Straits Times သတင်းစာသို့ ပြောကြားခဲ့သည်။

မစ္စတာလင်သည် နှာခေါင်းကင်ဆာဖြစ်နေကြောင်း ၁၉၈၃ ခုနှစ်တွင် ရောဂါစစ်တမ်း၌ ဖော်ပြခဲ့သည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com

အပြည့်အဝ နာလန်ထလာခဲ့သော်လည်း ဓာတ်ရောင်ခြည်ကုထုံးကြောင့် အားနည်းစေခဲ့ကာ ကျန်းမာရေးပြဿနာများ ထပ်မံတိုးလာခဲ့သည်။ လွန်ခဲ့သောနှစ်လကျော်က သူ၏ကျောင်းသားဟောင်းများသည် သူ၏အခြေအနေကို သိရ၍ ပြည်ပတွင် အခြေချနေထိုင်သူအချို့နှင့် ကျောင်းသားဟောင်း တစ်ရာနီးပါးတို့ အမျိုးသားတက္ကသိုလ်ဆေးရုံ၌ သူ့အား လာရောက်ကြည့်ရှုခဲ့ကြောင်း ယင်းဆေးရုံမှ အထက်တန်းနှလုံးရောဂါအထူးကုပါရဂူ ဒေါက်တာလင်က ပြောကြားသည်။ မစ္စတာလင်သည် NJC ၌ သူတာဝန်ထမ်းဆောင်ခဲ့စဉ် အမှုဆောင်အရာရှိချုပ်ဟောင်း "ဟင်ချေကီယို"ကဲ့သို့ ကျောင်းသားများအား ကြီးကြပ်အုပ်ချုပ်ခဲ့သည်။

ကိုလံဘိုစီမံကိန်း၏ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ပညာသင်ဆုအပ်နှင်းခံရသူ တစ်ဦးအနေဖြင့် သင်္ချာသင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်အောင် သူကူညီပေးခဲ့သည် မကြာသေးမီ လွန်ခဲ့[illegible] စောစောပိုင်းက NJC ၏ ၄၅ နှစ်မြောက်နှစ်ပတ်လည် ညစာစားပွဲအခမ်းအနားတွင် မစ္စတာလီက မိန့်ခွန်းပြောကြားရာမှာ မစ္စတာလင်အား ချီးကျူးဂုဏ်ပြုစကား ပြောကြားခဲ့သည်။ ထိုအခမ်းအနားသို့ ကျန်းမာရေးမကောင်း၍ မစ္စတာလင် မတက်ရောက်နိုင်ခဲ့ပေ။ "လူသားစွမ်းအားရှင်နှင့် ပြောင်မြောက်သော ဆရာတစ်ဦး"ဟု ဖော်ကျူးလျက် သူသည် ကျောင်းသားများနှင့် အားကစားပြုလုပ်ခြင်း၊ စားသောက်ဆိုင်တွင် အတူစားသောက်ခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းဖြင့် အမြဲအချိန်ဖြုန်းနေခဲ့သူဖြစ်ကြောင်း၊ စံနမူနာပြတစ်ဦးအဖြစ် ဩဇာအရှိန်အဝါ လွှမ်းမိုးနေခဲ့သူဖြစ်ကာ အကြောင်းအရာတိုင်းကို စိတ်ပါအောင် ဆွဲဆောင်ပေးသူဖြစ်ကြောင်း မစ္စတာလီက ပြောကြားလိုက်သည်။

အသက် ၅၆ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်က မစ္စတာလင်၏ မှတ်ဉာဏ်စွမ်းရည်ကို သဘောကျပြီး "လေးစားထိုက်သော တာဝန်ထမ်းဆောင်မှု"ဟူသော ခေါင်းစဉ်ဖြင့် သူ၏ရည်လျားသော ဟောပြောချက်ကို ပြန်လည်ပြောကြားခဲ့သည်။ တစ်ကြိမ်တွင် NJC ၏ တူညီဝတ်စုံကို ဘာကြောင့် မီးခိုးရောင်ထားသလဲဟု မေးခဲ့ရာ သူ၏အဖြေမှာ ဤအသက်အရွယ် ကျောင်းသားများသည် အနက်ရောင်နှင့် အဖြူရောင်ကို မမြင်ဖူးသေးကြောင်း၊ သို့သော် မီးခိုးရောင်ကို သူတို့မြင်ဖူးခြင်းကြောင့် ဖြစ်သည်ဟု မစ္စတာလိုရှင်ချီက ပြောပြသည်။

အသက် ၆၁ နှစ်အရွယ် ဖရီးလင့်(စ) စီမံခန့်ခွဲမှုအတိုင်ပင်ခံပုဂ္ဂိုလ် "လင်ချွန်ဆီ"က နှစ်ပေါင်းအတော်ကြာသွားပြီးနောက် ကော်ဖီဆိုင်တစ်ဆိုင်၌ တွေ့ခဲ့ရာ မစ္စတာလင်သည် သူ့အားမှတ်မိကြောင်း ပြန်ပြောပြသည်။ မိမိသည် လူပုံအလယ်တွင် စိတ်ကြီးဝင်သော ကျောင်းသား (သို့) ပညာတော်သင်တစ်ဦးမဟုတ်ခြင်းကြောင့် မိမိအား သူမှတ်မိကြောင်း ပြောကြားသွားသည်ဟု ပြန်ပြောပြသည်။ ကလေး ၁၃ ဦးရှိသော မိသားစု၏ ပဉ္စမမြောက်သားဖြစ်သော မစ္စတာလင်သည် အခွင့်အလမ်း စုစည်းပြီး သနားကြင်နာတတ်သူပီပီ မိမိကိုယ်ကို အားကိုးသူဖြစ်ကြောင်း အသက် ၄၆ နှစ်အရွယ် သူ၏သားကြီး စင်ကာပူအမျိုးသားတက္ကသိုလ်မှ ပါမောက္ခ "လင်ယီဝီ"က ပြောကြားသွားသည်။ သူ့မိသားစု မချမ်းသာခြင်းကြောင့် မေတ္တာကရုဏာတရား ကြီးမားကာ သူသည် တရုတ်အထက်တန်းကျောင်းကို တက်ခဲ့သည်။ ယင်းကြောင့် ဆင်းရဲသော ကျောင်းသားများအား အခွင့်အလမ်းကောင်းများ ရရှိရန် သူကြိုးစားခဲ့ကြောင်း ဆက်လက်ပြောကြားလိုက်သည်။

မစ္စတာလင်သည် အသက် ၇၈ နှစ်အရွယ် သူ့ဇနီး "ဖောင်ချင်ပင်"၊ သူ့သားသုံးဦးဖြစ်သော ယီဝီ၊ ဝီလင်၊ တွန်ဝီတို့နှင့်အတူ မြေးလေးဦးတို့အား ခွဲခွာသွားခဲ့ပြီ။ ပြည်သူလူထုအနေဖြင့် သူ့အား အရိုအသေပေးလိုလျှင် ဗုဒ္ဓဟူးနေ့ ညနေ ၁၅ နာရီတွင် စိန့်အင်ဒရူးခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပမည့် အခမ်းအနားသို့ တက်ရောက်နိုင်ကြောင်း ပြောကြားလိုက်သည်။


**လေးဝတီကျော်**

***Ref:-*** ***Founding Principal of Singapore's first Junior College, aged 81.***

***The Straits Times, Monday July 7, 2014.***

www.burmeseclassic.com

www.burmeseclassic.com



# ပေးခြင်းယူခြင်း သတိနှင်းစရာ

ဦးဝင်းမြှင့် [တရားရုံးချုပ်ရှေ့နေ]

တရားစီရင်ထုံးများကို နှစ်စဉ် နိုင်ငံတော်တရားရုံးချုပ်မှ တည်းဖြတ်ထုတ်ဝေပေးသည်။ လွန်ခဲ့သော နှစ်များက စီရင်ထုံးအဖြစ် သတ်မှတ်ပေးသော စီရင်ထုံးသည် နောင်နှစ်နှစ်-သုံးနှစ် ကာလတွင် စီရင်ထုံးအဖြစ်မှ ပယ်ဖျက်မှုပြုခြင်း ခံရသည်လည်း ရှိပေသည်။ သို့သော် ထိုသို့ဖြစ်ခြင်းမျိုး ရှားပါးလှ၏။ အထူးသဖြင့် ခေတ်ကာလ အခြေအနေအရပ်ရပ်ကြောင့် ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းမျိုးသာ ဖြစ်ပေါ်လေ့ရှိပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် သေတမ်းစာရေးခွင့်မရှိသောသူများ ဖြစ်ကြောင်း သိရှိသူ များပေသည်။ သေတမ်းစာရေးသားခြင်း၏ အဓိကအကြောင်းကို ရှာဖွေလျှင် ပစ္စည်းဥစ္စာတို့အတွက် ဖြစ်ကြောင်း အများသိကြ၏။ သေတမ်းစာရေးခွင့်မရှိသော ဗုဒ္ဓဘာသာဝင်ဝို့ကား ပစ္စည်းရှင် ကွယ်လွန်ပြီးနောက်ပိုင်း မိသားစု စီမံကြသည်လည်းရှိသည်၊ တရားဥပဒေနှင့်အညီ စီမံခန့်ခွဲပေးဝေရန် တရားရုံးသို့ လျှောက်ထားခြင်းလည်း ရှိပေသည်။ အချို့ ဗုဒ္ဓဘာသာဝင်တို့ကား ၎င်းတို့ မကွယ်လွန်မီကပင် မိမိတို့ပိုင် ပစ္စည်းဥစ္စာများကို ခွဲဝေပေးတတ်ကြသည်။

ထိုသို့ မိမိတို့ပိုင်ပစ္စည်းများကို ခွဲဝေပေးကြရာတွင်



www.burmeseclassic.com

www.burmeseclassic.com

ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်ပတ်သက်၍ ပြဿနာမရှိသော်လည်း မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအား ခွဲဝေပေးကမ်းခဲ့ရာတွင် ပြဿနာကြုံတွေ့ရတတ်ပေသည်။

"ပြဿနာကြုံတွေ့ရတတ်ပေသည်" ဟု ဆိုခြင်းမှာ ပေးကမ်းခဲ့သည့် ပစ္စည်းအပေါ် လက်ရောက်ရသူထံမှ တစ်နည်းနည်းဖြင့် ရလိုကြောင်း ဆန္ဒရှိသူများ ပေါ်ပေါက်သည့်အခါ ကြုံရခြင်းကို ဆိုလိုပေသည်။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပေးကမ်းမှု၊ လက်ခံမှု ပြုသည့်အခါ အဓိကလိုအပ်ချက်သည် ပေးကမ်းသည့် ပစ္စည်းအား မှတ်ပုံတင်စာချုပ်စာတမ်းနှင့် ပေးကမ်းခြင်းပြုမှသာ တရားဝင်ပေမည်။ သို့တိုင်အောင် ပစ္စည်းရှင်အနေဖြင့် ရှိရှိသမျှ ပစ္စည်းအရပ်ရပ်အားလုံးတို့ကို သား/သမီးတစ်ဦးတည်းသို့ စုပုံပေးခွင့်မရှိသည်ကိုလည်း သတိချပ်ရန် လိုအပ်ပေသည်။ ကျွန်တော့်အနေဖြင့် ဤစာစုတွင် ပေးကမ်းခြင်းအထမြောက်ရန် လိုအပ်ကြောင်းနှင့် တွေ့ကြုံခဲ့ရသော စီရင်ထုံးနှစ်ရပ်အကြောင်းကို အခြေပြုတင်ပြလိုခြင်း ဖြစ်ပေသည်။

ပစ္စည်းလက်ရောက်ရရှိထားသူအနေဖြင့် တရားရုံးများတွင် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က) ကို ကိုးကား၍ အကာအကွယ်ယူလေ့ ရှိကြပေသည်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က)၏ အကာအကွယ်ရယူနိုင်ရန်အတွက် (က) အချင်းဖြစ်ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုးစားနားဖြင့် လွှဲပြောင်းပေးခြင်း ဖြစ်ရပေမည်၊ (ခ) ထိုသို့လွှဲပြောင်းပေးခြင်းသည် စာဖြင့် ရေးသားထားသော တရားဝင် ပဋိညာဉ်ဖြစ်ရပေမည်၊ (ဂ) ထိုပဋိညာဉ်ကို ပိုင်ရှင်က လက်မှတ်ရေးထိုးရပေမည် (သို့မဟုတ်) ၎င်း၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရပေမည်၊ (ဃ) ပဋိညာဉ်ကို တစ်စိတ်တစ်ဒေသဆောင်ရွက်သောအားဖြင့် တရားပြိုင်သည် ပစ္စည်းကို လက်ရှိရယူထားရပေမည်၊ (င) ကျန်ဆောင်ရွက်ရန်ရှိသမျှကို တရားပြိုင်ဘက်မှ ဆောင်ရွက်ပြီးဖြစ်စေရမည် (သို့မဟုတ်) ဆောင်ရွက်ရန်အသင့်ရှိစေရမည် ဖြစ်ပေသည်။

အထက်တွင် တင်ပြခဲ့သည့် အချက်များအနက် အမှတ်စဉ်(ခ)တွင် ပါရှိသည့် စာဖြင့်ရေးသားထားသည့် တရားဝင်ပဋိညာဉ်ဆိုသည်မှာ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းကို ဆိုလိုပေသည်။ ကျွန်တော်တို့ ရပ်ထဲရွာထဲတွင် စာချုပ်တော့ ချုပ်ကြ၏၊ စာချုပ်ရုံးတွင် မှတ်ပုံတင်လေ့ မရှိသည်ကိုလည်း တွေ့ရှိနေရပေသည်။ ကျန်အချက်အလက်များ ပြည့်စုံစေကာမူ ဤမှတ်ပုံတင်ရန်အချက် ချွတ်ယွင်းနေပါက ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ ပုဒ်မ-၅၃(က)၏ အကာအကွယ်ကို မရနိုင်တော့ပေ။

၁၉၉၂ ခုနှစ်တွင် ထုံးဖွဲ့သည့် စီရင်ထုံးတစ်ရပ်ဖြင့် ဦးစွာတင်ပြလိုပေသည်။

၁၉၈၆ ခုနှစ်တွင် ဦးဆယ်နှင့် ဒေါ်ချစ်စိန်တို့က ကိုဝင်းအေးနှင့် မပိုပိုတို့အပေါ် မြေနှင့် အိမ်တွင် အခမဲ့ထားခဲ့ကြောင်းအဆိုပြု၍ နှင်လိုမှု စွဲဆိုသည်။

ကိုဝင်းအေးနှင့် မပိုပိုတို့က ဝိုင်းမြေကို မူလပိုင်ရှင်တရားလို၏မိခင် ဒေါ်မြင့်က သမီးဖြစ်သူ မဖွားစောသို့ အမွေပစ္စည်းအဖြစ် ၂၉-၁၂-၆၁ ရက်နေ့က ပေးခဲ့သည်။ ထိုသို့ပေးရာတွင် တရားလိုဦးဆယ်က အသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ဦးဆယ်ကိုလည်း ဒေါ်မြင့်က ဝိုင်းမြေပေါ်ရှိ ၄ ပင် × ၃ ပင် အိမ်ကိုလည်းကောင်း၊ ဒေါ်ဖွားစောက ငွေကျပ် ၁၀၀၀ ကိုလည်းကောင်း ပေးခဲ့သည်။ ဒေါ်ဖွားစော ကွယ်လွန်သောအခါ သားသမီးများက အမွေဆက်ခံကြပြီး ပိုင်ရေးပိုင်ခွင့်အရ နေထိုင်ခြင်းဖြစ်ကြောင်း ခုခံခဲ့ကြသည်။

ဦးဆယ်တို့ စွဲဆိုသည့်အမှုကို မြင်းခြံမြို့နယ်တရားရုံးက ပလပ်သည်။ ထိုစီရင်ချက်နှင့် ဒီကရီကို ဦးဆယ်တို့က မန္တလေးတိုင်း(မြင်းခြံမြို့နယ်စု)သို့ အယူခံဝင်၏။ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ဦးဆယ်တို့စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးသည်။ တိုင်းတရားရုံး၏အမိန့်ကို မူလရုံးတရားပြိုင် ကိုဝင်းအေးတို့က မကျေနပ်ပြန်။ တရားရုံးချုပ်သို့ ဒုတိယအယူခံတင်သွင်းသည်။

ဒုတိယအယူခံတွင် တရားရုံးချုပ်က ပေးကမ်းခြင်းစာချုပ်သည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၁၂[illegible] အရ မှတ်ပုံတင်ထားခြင်း မရှိသည်ကား မှန်၏။ မပိုပိုတို့က ချေလွှာတင်စဉ်ကပင် ပစ္စည်းလွှဲပြောင်းရေး အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေပုဒ်မ-၅၃(က)ကို ရည်ညွှန်းခဲ့ကြောင်းတွေ့ရသည်ဟု သုံးသပ်သည်။ အပေးစာချုပ်အရ လက်ရောက်ရယူပြီး နေထိုင်လာသူအား အခွင့်အမိန့်အရ နေထိုင်သူအဖြစ် နှင်လိုမှုစွဲဆိုလာလျှင် စာချုပ်မှာ မှတ်ပုံမတင်ရသေးသော်လည်း စာချုပ်အရ လက်ရောက်ရယူနေထိုင်လျက်ရှိသူက ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က)၏ အကာအကွယ်ကို ရခွင့်ရှိပေသည်ဟု ရှုမြင်သုံးသပ် ဆုံးဖြတ်ခဲ့ပေသည်။ ထိုစီရင်ချက်တွင် ၁၉၉၂ ခုနှစ် စီရင်ထုံးပြုသော စီရင်ထုံးစိစစ်ထုတ်ဝေရေးအဖွဲ့က စီရင်ထုံးစာရင်းသွင်းခဲ့ပေသည်။ ဤကား ၁၉၉၂ ခုနှစ် စီရင်ထုံးအနှစ်ချုပ်ဖြစ်ပေသည်။

၁၉၉၂ ခုနှစ် စီရင်ထုံးကို ၁၉၉၄ ခုနှစ် တရားမ အထူးအယူခံမှုအမှတ်-၄၉ တွင် ဥပဒေပြဿနာတစ်ရပ်အဖြစ် ထုတ်နုတ်ကြားနာခဲ့သည်။ ယင်းဥပဒေပြဿနာမှာ "အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်လာသူသည် အပေးစာချုပ်ကို မှတ်ပုံမတင်လင့်ကစား ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က)၏ အကာအကွယ်ကို ရခွင့်ရှိကြောင်း ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၁၄၀ ပါ ကိုဝင်းအေး ပါ-၂ နှင့် ဦးဆယ် ပါ-၂ အမှုစီရင်ထုံးကို တရားရုံးများက လိုက်နာဆုံးဖြတ်ရန် သင့်မသင့်"ဟူ၍ ဖြစ်သည်။

တရားရုံးချုပ် တရားသူကြီးများ စုံညီပါဝင်သော အထူးအယူခံရုံးမှ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က)နှင့် ညီညွတ်ရန် လိုအပ်သော အင်္ဂါရပ်များကို အသေးစိတ် စစ်သည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မေတ္တာဖြင့်ပေးကမ်းခြင်းသည် "အဖိုးစားနား" ပါဘဲ လွှဲပြောင်းခြင်းသာဖြစ်၍ မှတ်ပုံမတင်သည့် အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်သောသူသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က) အကာအကွယ်ကို ရပိုင်ခွင့်မရှိဟု ရှုမြင်သည်။ ထို့ကြောင့် ၁၉၉၂ ခုနှစ်တွင် ထုံးဖွဲ့ခဲ့သော ကိုဝင်းအေး ပါ-၂ နှင့် ဦးဆယ်ပါ-၂ စီရင်ထုံးသည် မှားယွင်းနေ၍ ထိုစီရင်ထုံးကို တရားရုံးများက လိုက်နာဆုံးဖြတ်ရန် မသင့်ဟု ဥပဒေပြဿနာကို ဖြေဆိုပေးခဲ့သည်။

စာရှုသူအပေါင်းနှင့် ဥပဒေပညာလေ့လာလိုက်စားသင်ယူနေသော ညီငယ်၊ ညီမငယ်အပေါင်းတို့လည်း ဥပဒေလမ်းညွှန် စီရင်ထုံးနှစ်ရပ်နှင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က)၏ သဘောသဘာဝကို အတန်အသင့် ကျွမ်းဝင်ခဲ့လိမ့်မည်ဟု ယူဆမိပေသည်။ သို့သော် ကျွန်တော့်ရင်ထဲတွင်ကား ဦးဆယ်နှင့် ဒေါ်ချစ်စိန်တို့ စွဲဆိုခဲ့ကြသည့် ၁၉၉၂ ခုနှစ် စီရင်ထုံးသည် ခွာမရသေး။

စာရှုသူများ စဉ်းစားကြည့်ရန် အချက်အလက်များကို ထုတ်နုတ်ပေးပါမည်။ ဦးဆယ်တို့ စွဲဆိုသော အမှုသည် ၁၉၈၆ ခုနှစ်တွင် စတင်ခဲ့ပါသည်။ နှစ်ဖက်ကြားနာစစ်ဆေးသည်။ တရားရုံးအဆင့်ဆင့်သို့ အယူခံတက်ရောက်ခဲ့သည်။ ဒုတိယအယူခံမှုတွင် စီရင်ထုံးဖြစ်ခဲ့သည်။ ဒုတိယအယူခံမှုကို ၁၉၉၀ ပြည့်နှစ်တွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး၊ ၁၉၉၂ ခုနှစ်တွင် စီရင်ဆုံးဖြတ်ခဲ့သည်။ မူလရုံးတရားလိုများဖြစ်သော ဦးဆယ်တို့သည် မူလရုံးတရားပြိုင် ကိုဝင်းအေးတို့ဘက်မှ မှတ်ပုံမတင်သော ပေးကမ်းခြင်းစာချုပ်ဖြင့် ခုခံချက်အရ ရှုံးနိမ့်ခဲ့ကြရသည်။

ဦးဆယ်တို့သည် ဒုတိယအယူခံရုံး၏ ဆုံးဖြတ်ချက်အပေါ် အထူးအယူခံဝင်ခဲ့သလား။ မဝင်သလား။ အထူးအယူခံဝင်ခဲ့သော် မည်သို့အဖြေထွက်ခဲ့လေသနည်း။

၁၉၉၄ ခုနှစ် စီရင်ထုံးကို ဦးဆယ်တို့ ဖတ်ရှုခွင့်ရသောအခါ ၁၉၉၂ ခုနှစ် စီရင်ထုံးအမှားအတွက် ကုစားရန် မည်သို့ဆောင်ရွက်ကြလေသနည်း။

ကျွန်တော်ကတော့ တွေးကောင်းဆဲ။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

**ကိုးကား**

- ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၅၃(က)
- ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ-၁၂၃
- ကိုဝင်းအေးပါ-၂ နှင့် ဦးဆယ်ပါ-၂ (၁၉၉၂၊ မတစ-၁၄၀)
- ဦးဥမားပသီးနှင့် ဦးဘိစနပ်ပါ-၂ (၁၉၉၄၊ မတစ-၁၂၈)



www.burmeseclassic.com

www.burmeseclassic.com

# အကြမ်းဖက်မှု ပြစ်မှုနှင့် အပြစ်ဒဏ်

## အကြမ်းဖက်မှု ပြစ်မှုဆိုသည်မှာ

(၁) မြို့ပြလေကြောင်း ပျံသန်းရေးနှင့် လေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြုမူကျူးလွန်ခြင်း။ (က) လေယာဉ်စီးခရီးသည်များ၊ လေယာဉ်မှူး၊ လေယာဉ်အမှုထမ်းအား ဘေးအန္တရာယ်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း။ (ခ) လေယာဉ်ပေါ်တွင် အတင်းအဓမ္မပြုလုပ်ကျူးလွန်မှု။ (ဂ) လေယာဉ်ပျံသန်းမှုအား အနှောင့်အယှက်ပေးခြင်း။ (ဃ) လေယာဉ်ပျံပေါ်တွင် ပစ်ခတ်ခြင်း၊ ဗုံးဖောက်ခွဲခြင်း • • • စသည်တို့ ဖြစ်ပါသည်။

(၂) လေယာဉ်ပျံအား မတရားအပိုင်စီးမှု၊ တမင်သိမ်းပိုက်မှု။

(၃) လေယာဉ်ဝန်ဆောင်မှုအား အနှောင့်အယှက်ပေးခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း။

(၄) အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ ပုဂ္ဂလိကအိုးအိမ်၊ အစိုးရအဆောက်အအုံ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်း၊ ကိရိယာတို့ကို ထိခိုက်ဖျက်ဆီး ဆုံးရှုံးနစ်နာစေခြင်း။

(၅) အများပြည်သူများအား ထိတ်လန့်ကြောက်ရွံ့စေခြင်း၊ ထိခိုက်နာကျင်စေခြင်း၊ လက်နက်ဖြင့် သေစေခြင်း။

(၆) ပြည်သူ့ကျန်းမာရေး၊ ပတ်ဝန်းကျင်ဆိုးရွားစွာ ထိခိုက်ပျက်စီးအောင် ဖျက်ဆီးခြင်း။

(၇) ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားခြင်း။

(၈) နျူကလီးယားဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုလက်နက်တို့ကို အလွဲသုံးစားပြုမူကျူးလွန်ခြင်း၊ ဘေးအန္တရာယ်ကင်းစေခြင်း၊ ထိခိုက်ပျက်စီးခြင်း။

(၉) အကြမ်းဖက်မှုအား ကူညီအားပေးခြင်း၊ ငွေကြေးများ ထောက်ပံ့ပေးကမ်းခြင်း။

(၁၀) ပင်လယ်ရေကြောင်းခရီး သွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေခြင်း။

## အပြစ်ဒဏ်များ

- အကြမ်းဖက်မှု အမှတ်(၁)ကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး တစ်သက်တစ်ကျွန်းဒဏ် (ထောင်ဒဏ်တစ်သက်)/သေဒဏ်။
- အကြမ်းဖက်မှု အမှတ်(၂)ကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး ထောင်ဒဏ်တစ်သက်/သေဒဏ်။
- အကြမ်းဖက်မှု အမှတ်(၃)ကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး ထောင်ဒဏ်တစ်သက်/သေဒဏ်။
- အကြမ်းဖက်မှု အမှတ်(၄)ကို ကျူးလွန်လျှင်
  အကြမ်းဖက်မှု အမှတ်(၅)ကို ကျူးလွန်လျှင်
  အကြမ်းဖက်မှု အမှတ်(၆)ကို ကျူးလွန်လျှင်
  အကြမ်းဖက်မှု အမှတ်(၇)ကို ကျူးလွန်လျှင်
  အကြမ်းဖက်မှု အမှတ်(၈)+(၉)ကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်၊ အများဆုံး ထောင်ဒဏ်တစ်သက်နှင့် ငွေဒဏ်။
- အကြမ်းဖက်မှု အမှတ်(၁၀)ကို ကျူးလွန်လျှင် မှုရင်းဥပဒေတွင် မရှင်းလင်း(?)။

ထို့ပြင် အောက်ဖော်ပြပါ ပြစ်ဒဏ်များတို့ကို ကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ် ၅ နှစ်၊ အများဆုံး ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ်။

(၁) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များကို ထိခိုက်ပြုမူကျူးလွန်လျှင်၊ (၂)ပေါက်ကွဲစေတတ်သော ပလတ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုကို ကျူးလွန်လျှင်(ဥပမာ-ဗုံး) (၃) ယင်းကိစ္စအတွက် အားပေးကူညီလျှင် အထက်ပါပြစ်ဒဏ်ကို ကျခံရမည်ဖြစ်၏။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၂၃)၊ နေ့စွဲ (၄ • ၆ • ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

# လိမ်စရာမရှိတော့လည်း ကြံမိကြံရာ ကြံမိတာပါတဲ့

ခင်မောင်ထွန်း(လမ်းမတော်)

လိမ်လည်မှုများအနက် အရိုးအရှင်းဆုံး လိမ်ခဲ့သော အမှုတစ်ခုအကြောင်း တင်ပြလိုပါတယ်။

ယခင်ခေတ်က ရန်ကုန်တိုင်းကို နယ်မြေများ သတ်မှတ်ခဲ့ပါတယ်။ ဗဟန်းမြို့နယ်နဲ့ ဒဂုံမြို့နယ်ကို အမှတ်(၈)နယ်မြေလို့ သတ်မှတ်ထားပါတယ်။ အဲဒီခေတ်က စာရေးသူက နယ်စီးရဲအရာရှိအဖြစ် (၈)နယ်မြေက မြို့နယ်ရဲများနှင့် ရဲစခန်းများကို ကြီးကြပ်ရပါတယ်။

တစ်ရက်တော့ ရွှေတိဂုံစေတီတော်ကြီးအနီးက ဆရာတော်ကြီးရဲ့ကျောင်းမှာ ဆွမ်းကပ်ပွဲရှိလို့ ဒကာရင်းဖြစ်တဲ့ စာရေးသူကို တိုက်အုပ်ဆရာတော်က ဖုန်းနဲ့ ဆက်ပြောပါတယ်။ ဆရာတော်ကြီးက မနက်ဖြန်နံနက် ၁၀ နာရီလောက် အားရင် ကျောင်းကိုလာခဲ့ဖို့ ဆက်သွယ်ခိုင်းကြောင်း သိရပါတယ်။

ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ဆရာ ဒကာရင်းဖြစ်လို့ စာရေးသူလည်း တပည့်များနဲ့ ဆရာတော်ကို လှူဖွယ်ပစ္စည်းအချို့ဝယ်ပြီး နောက်တစ်နေ့နံနက် ၁၀ နာရီလောက် အရောက်သွားခဲ့ကြပါတယ်။

ဆရာတော်ကြီးရဲ့ကျောင်းမှာ ဆရာတော်ရဲ့ ဒကာရင်းအချို့နဲ့ စာရေးသူတို့ပဲ ရောက်ကြပါသေးတယ်။ မွေးနေ့အလှူ ဒကာရှင်နဲ့ သူ့မိတ်ဆွေတွေ မရောက်ကြသေးပါဘူး။ စာရေးသူ အပါအဝင် အားလုံးက စောင့်မျှော်နေကြပါတယ်။

၁၁ နာရီထိုးတော့လည်း အလှူရှင်တွေမှာ မရောက်လာကြပါဘူး။ ဒါနဲ့ စာရေးသူနဲ့ တပည့်များကပဲ ဆရာတော်နဲ့ သံဃာတော်များအတွက် အလွယ်တကူဝယ်ရမည့် 'ဒံပေါက်' ကို အမြန်ဝယ်ပြီး ဆွမ်းချိန်အမီ ကပ်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၂ နာရီ ကျော်သွားတယ်။ အလှူရှင်ဒကာက တော့ ပေါ်မလာပါဘူး။

ဒါနဲ့ စာရေးသူက တိုက်အုပ်ဆရာတော်ကို အလှူရှင်က ဘယ်သူဘယ်ဝါ၊ ဘယ်မှာနေလဲ စသည်ဖြင့် လျှောက်ထားကြည့်တော့ အောက်ပါအတိုင်း သိရပါတယ်။

အလှူရှင်က ဦးကျော်ခင် အသက် ၅၆ နှစ်၊ သစ်ကုန်သည်၊ အမှတ်( . . . )၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလာတောင်ညွန့်လို့ လိပ်စာပေးပြီး သူကိုယ်တိုင် လာလျှောက်ပါတယ်။ ကျောင်းရှိ သံဃာတော်များနဲ့ လူပုဂ္ဂိုလ် ၁၅၀ ခန့်ကို ၅၆ နှစ်မြောက် မွေးနေ့အဖြစ် ဆွမ်းကပ်လှူဒါန်းလိုကြောင်း လျှောက်လို့ တိုက်အုပ်ဆရာတော်က အသေးစိတ်ညှိပြီး စီစဉ်ပေးခဲ့ကြောင်း၊ ဦးကျော်ခင်က ဆွမ်းကပ်မည့်နေ့ နံနက် ၈ နာရီအရောက် ကျောင်းကို လာမည်ဖြစ်ကြောင်း၊ နာမည်ကြီး 'ဒံပေါက်' ဆိုင်ကို အထူးအော်ဒါပေးမည်ဖြစ်ကြောင်း၊ ဒံပေါက်ဆွမ်း ကပ်ပြီးလျှင် သံပုရာဖျော်ရည်နှင့် အချိုပွဲများကပ်ရန် စီစဉ်ထားကြောင်း၊ ကျောင်းရှိ ဒန်အိုးဒန်ခွက်၊ အအေးဖျော်ဖို့ ဒန်ချိုင့်များရှိလျှင် တစ်ခါတည်း ယူသွားလိုကြောင်း လျှောက်ထားလို့ တိုက်အုပ်ဆရာတော်ကလည်း ဒန်အိုးကြီး(၃)လုံး၊ ဒန်အိုးလတ်(၅)လုံး၊ ဖျော်ရည်ထည့်ယူလာဖို့ ဟင်းချိုထည့်တဲ့ ချိုင့်ကြီး(၁၀)လုံးတို့ကို ယုံကြည်စွာ ပေးလိုက်ကြောင်း၊ အလှူရှင်ဆိုသူ ဦးကျော်ခင်မှာ တိုက်ပုံအဖြူနှင့် သားသားနားနား ဝတ်ထားပြီး လက်မှာ ရွှေလက်ပတ်ကြိုး ပတ်ထားသည်ကို မှတ်မိကြောင်း၊ ယခင်က ကျောင်းကို မလာဘူး၍ မသိကြောင်း၊ ကျောင်းမှ ပစ္စည်းများကို သုံးဘီးအငှားကားကို လမ်းထိပ်မှ ငှားလာပြီး သယ်သွားကြောင်း တိုက်အုပ်ဆရာတော်က မိန့်ကြားခဲ့ပါတယ်။

စာရေးသူနဲ့ တပည့်များလည်း ဟိတ်ဟန်နဲ့ သားသားနားနား ဝတ်စားဆင်ယင်လာကာ သံဃာတော်ကျောင်းများကိုပါ လိမ်သွားခဲ့တဲ့ ဦးကျော်ခင် ဆိုသူကို အမြန်ရှာဖွေဖမ်းဆီးဖို့ အဖွဲ့တွေခွဲပြီး တာဝန်ပေးခဲ့ပါတယ်။

ဦးကျော်ခင် ပြောသွားတဲ့ လိပ်စာက အတုကြီးပါ။ အဲဒီလိပ်စာဟာ ကပြားလက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖြစ်နေပါတယ်။ ဒါပေမဲ့ လမ်းထိပ်က သူငှားသွားတဲ့ သုံးဘီးကားကို စုံစမ်းရှာဖွေ တွေ့ရှိခဲ့လို့ ကျောင်းကပစ္စည်းတွေကို ပို့ပေးရတဲ့နေရာကတစ်ဆင့် ဦးကျော်ခင် ဆိုသူကို အဲဒီညမှာပဲ ဖမ်းမိခဲ့ပါတယ်။ ကျောင်းကပစ္စည်းတွေလည်း ထုခွဲရောင်းချလို့ မပြီးသေးခင်မှာပဲ ပြန်သိမ်းနိုင်ခဲ့ပါတယ်။

အမည်ရင်းက ဦးကျော်ခင် မဟုတ်ဘဲ ဦးဝင်းမောင် ဆိုသူ ဖြစ်ပါတယ်။ ရန်ကုန်အရှေ့ပိုင်း ဆင်ခြေဖုံးမှာ နေပါတယ်။ အဲဒီနေ့က အဝတ်အစားကအစ ငှားရမ်းပြီး လက်ပတ်ကြိုး အတုကြီးနဲ့ ဟန်ဆောင်ကာ လိမ်လည်သွားခြင်း ဖြစ်ပါတယ်။ သူ့ကို ရဲစခန်း(၂)ခုက လိမ်လည်မှု ပုဒ်မ ၄၂၀ နဲ့ အလိုရှိနေသူလည်း ဖြစ်ပါတယ်။ အဲဒီ(၂)မှုစလုံးက အိမ်ဆောက်ပစ္စည်း ထုတ်ရမယ်ဆိုတဲ့ ပါမစ်အတုတွေပြပြီး ငွေလိမ်ယူသွားခြင်းဖြစ်ကြောင်း ပေါ်လာပါတယ်။

စာရေးသူလည်း ဦးကျော်ခင်(ခ)ဦးဝင်းမောင်ကို အရေးယူထားတဲ့ ဗဟန်းရဲစခန်းကိုသွားပြီး မေးကြည့်ဖြစ်ပါတယ်။ လိမ်စရာများရှားလို့ ဘာလို့ ဘုန်းကြီးကျောင်း သွားလိမ်ရတာလဲလို့ မေးတော့-

“ကျွန်တော် အပြင်မှာ လိမ်ရမယ့်လူ မရှိတော့ ကြံမိကြံရာ ကြံမိပြီး အဲဒီကျောင်းကိုသွားပြီး လိမ်ခဲ့မိပါတယ်၊ ရမယ့်ပစ္စည်းတွေ ထုခွဲပြီး သုံးဖို့ ကြံမိကြံရာ ကြံခဲ့ရတာပါ” တဲ့။

စာဖတ်သူများ သင်ခန်းစာ ယူနိုင်ကြပါစေ။

**ခင်မောင်ထွန်း(လမ်းမတော်)**



www.burmeseclassic.com

www.burmeseclassic.com

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလိုးမဖြတ်၊ မြန်မာ့နည်း။ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၀)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား ၈၀-၈၁ လမ်းကြား အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

ထောက်ခံချက် - ၈၁/ ၀၉၃၄၈/ထဇာ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar


အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၇၅၂

www.burmeseclassic.com

www.burmeseclassic.com

# ဆွေမြင့်

## မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ





www.burmeseclassic.com

www.burmeseclassic.com

# မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ

■ ဆွေမြင့်

လွန်ခဲ့သော ၁၉၄၆ ခုနှစ် ဝန်းကျင်ကာလတွင် မြန်မာနိုင်ငံအတွင်းရှိ ခေတ်ပညာတတ် မြန်မာလူမျိုးအသိုင်းအဝိုင်းတွင် အုပ်ချုပ်ရေးပညာရပ်ဆိုင်ရာ ကဏ္ဍများ၌သာ ပေါက်ပေါက်ရောက်ရောက်ရှိကြသည်။

ယင်းကဲ့သို့သော မြန်မာလူငယ်လူရွယ် လူလတ်ပိုင်းတို့၏ အန္တိမပန်းတိုင်မှာ အုပ်ချုပ်ရေးဆိုင်ရာ မြို့နယ်မြို့ပိုင်၊ နယ်ပိုင်၊ ဝန်ထောက်စသည်တို့သာ ဖြစ်နေကြလေသည်။

ကျွန်ုပ် ထွန်းမြတ်ကျော်ခေါင်နှင့် စိတ်တူသဘောတူ လူငယ်ပညာတတ်အချို့သည် သိပ္ပံပညာကို လေ့လာဆည်းပူးရန် ဆန္ဒပြင်းပြကြသည့် အလျောက် အသင်းအဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ သိပ္ပံပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို ထိုစဉ်အခါက ခေတ်စားလျက်ရှိကြသော ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ အဆက်အသွယ်ဖြင့် မှာယူခဲ့ကြသည်။

ကျွန်ုပ်တို့ ဝါသနာတူ လူငယ်ပညာတတ်များစုဝေးရာ၊ လေ့လာဆည်းပူးဆွေးနွေးရာ ကလပ်တစ်ခုသဘောမျိုး ခန်းဆောင်တစ်ခု ဖွင့်လှစ်ခဲ့ကြသည်။ ထိုကာလကို "တော်ဝင်သိပ္ပံအသင်းတိုက်"ဟူ၍ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။

ထိုခေတ်ထိုအခါက မြန်မာလူမျိုးများအနက် ဘီလပ်ဟု လူသိများသော ဗြိတိသျှနိုင်ငံတွင် သွားရောက်ပညာသင်ကြားခဲ့ဖူးသော "ဘီလပ်ပြန်"အချို့သည်လည်း ကျွန်ုပ်တို့နှင့် ပတ်သက်ရာ ပတ်သက်ကြောင်း အပေါင်းအသင်းရောင်းရင်း မိတ်ဆွေများမှတစ်ဆင့် ကျွန်ုပ်တို့ကလပ်သို့ မင်ဘာအဖွဲ့ဝင်အဖြစ် စာရင်းဝင်ခဲ့ကြသည်။

ထိုကဲ့သို့သော ကလပ်မင်ဘာ CLUB MEMBER များထဲတွင် ကျွန်ုပ်တို့ထက် အသက်အရွယ်အားဖြင့် ကြီးရင့်လျက် သိပ္ပံဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံ၊ ဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ယောက်ကိုလည်း ကျွန်ုပ်တို့ကလပ်တွင် ဂုဏ်ထူးဆောင် နာယကလူကြီးအဖြစ် အများဆန္ဒအရ တင်မြှောက်ခဲ့ကြသည်။

ထိုပုဂ္ဂိုလ်ကြီးအမည်မှာ ဦးစိတြ ဖြစ်ပြီး မိဘမျိုးရိုး အစဉ်အလာအရ ချမ်းသာကြွယ်ဝသူဖြစ်သည်။ အသက်အားဖြင့် ၄၅ နှစ်ကျော်ပေပြီ။ သူသည် ကျွန်ုပ်တို့ကလပ်တွင် ရည်မှန်းချက်အောင်မြင်စေရန် ဗြိတိသျှနိုင်ငံရှိ တော်ဝင်သိပ္ပံအသင်းကြီးနှင့် (စာအားဖြင့်) ဆက်သွယ်ပေးခဲ့သည်။

ကျွန်ုပ်တို့နှင်ငံ အနေနှင့် သိပ္ပံပညာတွင် ထွန်းထွန်းပေါက်ပေါက် ဖြစ်မြောက်ရန် အလားအလာရှိသူ လူငယ်လူရွယ်အချို့ကို မြေတောင်မြှောက်ပေးလိုသော ဆန္ဒထက်သန်သူဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ တော်ဝင်သိပ္ပံ အသင်းအမှုဆောင်များနှင့် တိုင်ပင်ညှိနှိုင်းခဲ့ကြပြီး ကျွန်ုပ်တို့ ရွေးချယ်ခဲ့သည့် လေ့လာခရီးစဉ် ကုန်ကျစရိတ်အတွက် ဦးစိတြက လုံးလုံးလျားလျား တာဝန်ယူသည်။ ထို့နောက် ဗြိတိန်နိုင်ငံရှိ တော်ဝင်သိပ္ပံအသင်းကြီး၏ နာယကလူကြီးတစ်ဦးဖြစ်သော ပရော်ဖက်ဆာ ဂျွန်စမစ်အမည်ရှိ ပုဂ္ဂိုလ်ကြီးထံသို့ ကျွန်ုပ်အကြောင်းနှင့် ပတ်သက်၍ သီးသန့်မိတ်ဆက်စာတစ်စောင် ရေးပေးလိုက်သေးသည်။

စင်စစ်အားဖြင့် ကျွန်ုပ်သည် မြန်မာနိုင်ငံ မြောက်ဖျားဒေသရှိ နမ်တမိုင်မြစ်ကို ဖြစ်ကူးထားသော (ပေသုံးရာခန့်ရှည်သည့်)ကြိမ်ကြိုးဆွဲ ပုခက်တံတားကြီးပေါ်မှ စိတ်လှုပ်ရှားစွာ ယိုင်တိယိုင်တိုင် ယိမ်းထိုးဖြတ်လျှောက်ခဲ့ပြီးနောက် ပန်နမ်းဒင်ရွာ



www.burmeseclassic.com

www.burmeseclassic.com

လေးသို့ ရောက်ခဲ့ဖူးသည်။ ထိုရွာရှိ ရဝမ်တိုင်းရင်းသား လမ်းပြနှင့်အတူ ခါကာဘိုရာဇီတောင် ခြေတစ်ဝိုက်တွင် ပေါက်ရောက်လေ့ရှိသော ကိုယ်ပျောက်ဂမုန်းပန်းနှင့်ပတ်သက်၍ လေ့လာဆည်းပူးချက်ကို စာတမ်းပြုစုခဲ့သည်။

ထိုဂမုန်း အမျိုးအနွယ်သည် သစ်ခွမျိုးစိတ် ဖြစ်သော်လည်း စွဲမက်ဖွယ်ရာ မွှေးပြန့်ကြိုင်သင်းလျက် အလွန်တရာမြင့်မားသော သစ်ပင်ကြီးများပေါ်တွင် ပေါက်ရောက်လေ့ရှိသည်။ သို့ရာတွင် တစ်နေရာထဲတွင် ပေါက်ရောက်လေ့မရှိဘဲ တောင်ခြေတစ်ဝိုက် တောနက်ရှိုင်းရာ ဝေးလံသီခေါင်စွာ နေရာအနှံ့အပြားသို့ ရွှေ့ပြောင်း ပေါက်ရောက်လေ့ရှိသည်။ တစ်နေရာတည်းတွင် လွယ်လင့်တကူ ရှာမတွေ့နိုင်ပါချေ။ ထို့ကြောင့် 'ကိုယ်ပျောက်ဂမုန်း'ဟု အမည်တပ်ခေါ်ဝေါ်ရခြင်း ဖြစ်သည်။

ထို 'ကိုယ်ပျောက်ဂမုန်း'စာတမ်းကို ဗြိတိန်နိုင်ငံရှိ တော်ဝင်သစ်ခွအသင်းကြီးသို့ ကျွန်ုပ်အနေနှင့် ပေးပို့ခဲ့ဖူးသည်။ ထိုစဉ်အခါက တော်ဝင်သစ်ခွအသင်းကြီးတွင် ပရော်ဖက်ဆာ ဂျွန်စမစ်သည် ဂုဏ်ထူးဆောင်နာယကအဖြစ် ယာယီတာဝန်ယူနေချိန်ဖြစ်သည်။ ထို့ကြောင့် ဦးစိတြ၏ မိတ်ဆက်စာသည် ပရော်ဖက်ဆာ ဂျွန်စမစ်အား ကျွန်ုပ်(ယခင်က) ရေးသားပြုစု ပေးပို့ခဲ့သော စာတမ်းအကြောင်းနှင့် ပတ်သက်၍ သတိရကောင်း ရရှိစေလိမ့်မည်။

****

ကျွန်ုပ် ထွန်းမြတ်ကျော်ခေါင်သည် ဗြိတိန်နိုင်ငံသို့ ရောက်သောအခါ လန်ဒန်မြို့ရှိ တော်ဝင်သစ်ခွအသင်းကြီးတည်ရှိရာ ချဲရင်းခရော့စ်သို့သွား၍ ပရော်ဖက်ဆာဂျွန်စမစ်နှင့် တွေ့ဆုံနိုင်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် တော်ဝင်သစ်ခွအသင်းကြီး၏ အုပ်ချုပ်ရေးဆိုင်ရာ ရုံးအဖွဲ့မှူးဖြစ်သော အမျိုးသမီးနှင့်သာတွေ့ခဲ့ရသည်။

"ကျွန်ုပ် ပရော်ဖက်ဆာ ဂျွန်စမစ်နဲ့ တွေ့ပါရစေ။ ကျွန်ုပ်နာမည်က 'ထွန်း ...'ဖြစ်ပါတယ်။ ပရော်ဖက်ဆာရဲ့မိတ်ဆွေ မစ္စတာစိတြရေးလိုက်တဲ့ မိတ်ဆက်စာက ဟော့ဒီမှာပါ"

ကျွန်ုပ်က စာအိတ်ထုတ်ပြလိုက်သည်။

"ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုကိုတွေ့ဖို့ မျှော်လင့်ထားပါနော်" ဟူသော စကားသံ၏ အဆုံးတွင် ခိုးခိုးခစ်ခစ် ရယ်သံလွင်လွင်ကို ကြားလိုက်ရသည်။ ကျွန်ုပ်သည် သူ့ကိုပြန်လည် လှည့်မကြည့်တော့ဘဲ ရှေ့ဆက်လျှောက်ခဲ့သည်။

"ကျွန်မနာမည် စင်သီယာဖြစ်ပါတယ်။ အရင်တုန်းက ပရော်ဖက်ဆာကြီးရဲ့ ကိုယ်ရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့ဖူးပါတယ်။ တကယ်လို့ လွန်ခဲ့တဲ့ ခြောက်လတုန်းက မစ္စတာထွန်း ရောက်လာခဲ့ရင် ပရော်ဖက်ဆာကြီးနဲ့ တွေ့ရမှာသေချာပါထယ်။ ဒါပေမယ့်"

သူမက စကားကို ခေတ္တဖြတ်၍ ကျွန်ုပ်ကို အကဲခတ်သည်။

ကျွန်ုပ်က သူမ၏စကားကို စိတ်ရှည်စွာ နားစွင့်နေမိသည်။

"ပရော်ဖက်ဆာကြီးဟာ အဏ္ဏဝါဗေဒဆိုင်ရာ အထူးသဖြင့် မစ္ဆဗေဒ ပညာရပ်တွေကို ဆည်းပူးဖို့နဲ့ စာတမ်းပြုစုဖို့ လွန်ခဲ့တဲ့ ဆယ့်ရှစ်လဂ၊တည်းက ပြင်သစ်နိုင်ငံ ပါရီမြို့ကို ပြောင်းရွှေ့သွားပါပြီ"

"ဒါဖြင့် ပရော်ဖက်ဆာကြီး လက်ရှိနေထိုင်တဲ့ လိပ်စာရနိုင်မလား မစ်(စ်)"

"ခဏနော်။ ကျွန်မရှာကြည့်ပါဦးမယ်"

သူမကပြောပြောဆိုဆိုနှင့် လက်တစ်ဝါးခန့် အရွယ်အစား စာအုပ်လေးတစ်အုပ်ကို အံဆွဲထဲမှ ထုတ်သည်။ စာမျက်နှာ တစ်ရွက်ပြီးတစ်ရွက် လှန်သည်။

"ဟော့ဒီမှာ ဖုန်းနံပါတ်တော့ရပြီ။ လိပ်စာတော့ မရေးထားဘူး။ ဒါပေမယ့် ရှင်ပါရီရောက်တဲ့အခါ အဲဒီဖုန်းနံပါတ်ကို ဆက်သွယ်လိုက်ပါ။ ပရော်ဖက်ဆာကြီးနဲ့ ဖုန်းပြောလို့ရရင် သူ့လိပ်စာမေးပြီး သွားတွေ့ရုံပါပဲ"

အမျိုးသမီးသည် အဖြူရောင်ကတ်ပြားလေးတစ်ခုပေါ်တွင် ဖုန်းနံပါတ် ေရးပေးလိုက်သည်။ ပါရီမြို့၌



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းနံပါတ်ဖြစ်လိမ့်မည်။

ကျွန်ုပ်က ကျေးဇူးတင်ကြောင်း ပြော၍ ဖုန်းနံပါတ်ရေးထားသော ကတ်ပြားကို လှမ်းယူလိုက်ပြီးနောက် သူမ၏မျက်မှောက်မှ လှည့်ထွက်လိုက်စဉ် ...

"ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုကိုတွေ့ဖို့ မျှော်လင့်ထားပါနော်"

ဟူသော စကားသံ၏ အဆုံးတွင် ခိုးခိုးခစ်ခစ် ရယ်သံလွင်လွင်ကို ကြားလိုက်ရသည်။ ကျွန်ုပ်သည် သူ့ကို ပြန်လည်လှည့်မကြည့်တော့ဘဲ ရှေ့ဆက်လျှောက်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုစကားလုံးများသည် ကျွန်ုပ်၏အကြားအာရုံထဲတွင် အတော်ကြာကြာ ပဲ့တင်ထပ်နေလေသည်။

* * * *

ကျွန်ုပ်သည် တော်ဝင်သစ်ခွ အသင်း အဆောက်အဦမှထွက်၍ ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ ရောက်ခဲ့သည်။ ထိုအခါ စင်သီယာဆိုသော အမျိုးသမီး ရေးပေးလိုက်သည့် ဖုန်းနံပါတ်ဖြင့် အများသုံး တယ်လီဖုန်းရုံးလေး တစ်ခုမှ ဆက်လိုက်သည်။

ဖုန်းလိုင်းတစ်ဖက်မှ လိုင်းအားသောမြည်သံ ထွက်ပေါ်နေသည်ကို သဲ့သဲ့မျှကြားနေရသည်။ သို့သော် တော်တော်နှင့် ဖုန်းကိုင်သူ တစ်စုံတစ်ယောက်၏ ထူးသံကို မကြားရပါချေ။

ယနေ့အဖို့ ကျွန်ုပ်သည် ပရော်ဖက်ဆာကြီး ဂွန်စမစ်နှင့် တွေ့ရုံမှတစ်ပါး အခြားလုပ်စရာ မရှိပါချေ။ သူနှင့်တွေ့ကြသောအခါ ဦးစိတြရေးပေးလိုက်သောစာကို သူ့လက်ထဲသို့ အပ်၍ တော်ဝင်သီပွံအသင်းကြီးနှင့် ပတ်သက်သော အချက်အလက်အချို့ကို ရယူပြီးနောက် ဗြိတိန်ရှိ ထိုအသင်းကြီးသို့ တစ်ခေါက်ပြန်ရန် သန္နိဋ္ဌာန်ချထားသည်။

အကယ်၍ ပရော်ဖက်ဆာကြီး ဂွန်စမစ်နှင့်တွေ့ပြီးနောက် တစ်နေ့တစ်ရက်နှင့် ကိစ္စဝိစ္စ မပြီးပြတ်သေးလျှင် ပါရီမြို့၌ ညအိပ်တန်း အိပ်ရပေဦးမယ်။

စုစုပေါင်း စက္ကန့်သုံးဆယ်မျှ စောင့်လိုက်ရပြီးနောက် တစ်ဖက်မှ ထူးသံပေါ်လာသည်။

"ဟယ်လို ဂွန်စမစ်ပါ၊ ဘယ်သူပါလဲ"

"ကျွန်ုပ် မြန်မာပြည်ကလာတဲ့ ဧည့်သည်ဖြစ်ပါတယ်။ ပရော်ဖက်ဆာကြီး မစ္စတာဂွန်စမစ်ရဲ့မိတ်ဆွေ မစ္စတာစိတြရဲ့ ရေးပေးလိုက်တဲ့စာကို ကျွန်ုပ်ယူဆောင်လာပါတယ်။ အဲဒီ့စာကို ပရော်ဖက်ဆာကြီးရဲ့ လက်ထဲပေးအပ်ဖို့အတွက် ဘယ်မှာလာတွေ့ရမလဲဗျာ"

ကျွန်ုပ်က လိပ်စာမသိကြောင်း သွယ်ဝိုက်၍ မေးလိုက်သည်။ တစ်ဖက်မှ ခေတ္တမျှ စဉ်းစားနေပုံရသည်။ အင်ႉ နံငယ်ကြာမှ ...

"ကျွန်ုပ် မှတ်မိပြီ။ မြန်မာလူမျိုး ဒေါက်တာစိတြဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်တုန်းက သိကျွမ်းခင်မင်ခဲ့ကြဖူးတယ်"

ထိုစကားလုံးများသည် ကျွန်ုပ်ကို ပြောနေသည်နှင့်မတူဘဲ သူ့ဘာသာပြောနေသည့်ပမာ ဖြစ်သည်။ ထို့နောက် ဆက်လက်၍ သူကပင် ...

"ကောင်းပြီလေ။ စိတြနဲ့ ပတ်သက်သူကို ကျုပ်တွေ့ဖို့ ဝန်မလေးပါဘူး။ အခု သင် ဘယ်မှာရှိမလဲ။ ကျုပ် ဒရိုင်ဘာကို ကားနဲ့လွှတ်ပြီး ခေါ်ခိုင်းလိုက်မယ်။ ကျုပ်လိပ်စာကို တော်ရုံတန်ရုံတက္ကဆီသမားတွေ မလာတတ်ဘူး" ဟူ၍ သူကရှင်းပြသည်။

ကျွန်ုပ်ရောက်နေသော နေရာမှာ အများသုံးတယ်လီဖုန်းရုံးအတွင်း၌ ဖြစ်သည်။ ဖုန်းရုံး၏ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ လမ်းအမည်ဆိုင်းဘုတ်ကို မနီးမဝေးတစ်နေရာတွင် တွေ့မြင်ဖတ်ရှုလိုက်ရသည်။

ကျွန်ုပ်က ထိုလမ်းအမည်ဆိုင်းဘုတ်၏ မြောက်ဘက်ခန့်မှန်းခြေ သုံးမီတာအကွာရှိ အများသုံးတယ်လီဖုန်းရုံလေးမှ ဖုန်းဆက်ခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

"ကောင်းပြီ။ ဒါဆိုရင် ကျုပ်ကားဒရိုင်ဘာကို လွှတ်လိုက်တော့မယ်။ အဲဒီ့ကား မရောက်မချင်း တယ်လီဖုန်းရုံးအနားက တခြားဘယ်ကိုမှ မသွားပါနဲ့။ တကယ်လို့ ..တခြားလျှောက်သွားနေရင် ကျုပ်ဒရိုင်ဘာနဲ့ လွဲနေလိမ့်မယ်"

သူက ကြိုတင်သတိပေးသည်။

"စိတ်ချပါ။ ကျွန်ုပ် တခြားဘယ်ကိုမှ သွားစရာအကြောင်း မရှိပါဘူး။ ပါရီကိုတောင်မှ ဒါပထမဦးဆုံးအကြိမ် ရောက်ဖူးတာပါ။ ပရော်ဖက်ဆာကြီးရဲ့ဒရိုင်ဘာကို သေချာစောင့်မှာပါ။ ကျွန်ုပ်က မြန်မာလူမျိုးဖြစ်တဲ့အတွက် သူမြင်မြင်ချင်း သိနိုင်ပါလိမ့်မယ်"

ကျွန်ုပ်က ပြည့်ပြည့်စုံစုံ ပြောလိုက်ပေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ပရော်ဖက်ဆာကြီး ဂျွန်စမစ်လွှတ်လိုက်သော ကားရှေ့ခန်း၌ ဒရိုင်ဘာ၏ဘေးမှ ယှဉ်တွဲလိုက်ပါလာခဲ့သည်။ ပါရီမြို့တွင်းမှ အတော်ကြာကြာ မောင်းခဲ့သောအခါ မြို့ပြင်ဘက်သို့ဦးတည်ခဲ့သည်။ ကားပြူတင်းမှဝင်နေသော လေတဟူးဟူးသည် စိမ့်မြစေသည်။

ကျွန်ုပ်သည် မိနစ်ပေါင်းများစွာ ကားစီး၍ ခရီးသွားသည့်အခါတိုင်း ငိုက်လေ့ငိုက်ထရှိသူတစ်ဦး ဖြစ်သည့်အားလျော်စွာ မေးခနဲ အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားခဲ့လေသည်။

ကျုပ်က အခုအချိန်မှာ
တော်ဝင်သစ်ခွနဲ့ ပတ်သက်လို့
စိတ်မဝင်စားတော့ဘူး။
မစ္ဆပေဒဆိုင်ရာ
လေ့လာဆည်းပူး
သုတေသနစာတမ်း
ပြုစုနေတယ်။ ဘာပဲဖြစ်ဖြစ်
တကယ်လို့
ကျုပ်ရဲ့လေ့လာမှုကို စိတ်ပါရင်
နောက်တစ်နေ့ကျမှ
သင့်ကိုလက်တွေ့ပြသမယ်။
စိတ်မဝင်စားရင်တော့
လန်ဒန်ကို
မနက်ဖြန်ပြန်ပေတော့။

"အိပ်မက်လှလှလေးတွေ မက်နေပြီထင်တယ်"

ဟူသော အသံကြောင့် မှိတ်ထားသော မျက်ခွံကို ဖွင့်လိုက်မိသည်။ ဒရိုင်ဘာသည် ကားပေါ်တွင် မရှိတော့။ ကျွန်ုပ်ထိုင်နေသော ဘေးဘက်ကားတံခါးကို အဆင်သင့်ဖွင့်ကာ ကားဘေးတွင် ရပ်လျက်သား ကျွန်ုပ်ကို ငုံ့ကြည့်လျက် မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်က သူ့ကို အပြုံးသဲ့သဲ့ဖြင့်ကြည့်လျက် ကားပေါ်မှဆင်းသည်။

အချိန်အားဖြင့် ဆည်းဆာချိန်ကို လွန်မြောက်စပြုနေလေပြီ။

"ကျွန်တော် မောင်းလာတဲ့ ရေးနီးလ်ကားလေးကို စီးရတာ ဘယ်လောက်ငြိမ့်ညောင်းပြီး စည်းစိမ်ရှိသလဲဆိုတာ လူကြီးမင်း ကိုယ်တွေ့ပါပဲနော်"

ဒရိုင်ဘာက အပြုံးဖြင့် တရင်းတနှီး ပြောလိုက်သည်။

"အေး ..ဟုတ်တယ်။ အဲဒါအမှန်ပဲ"

ကျွန်ုပ်က ထောက်ခံလိုက်သည်။ ထို့နောက် ဒရိုင်ဘာ၏ ဦးဆောင်မှုဖြင့် ပရော်ဖက်ဆာကြီး ဂျွန်စမစ်၏ စံအိမ်ရှိရာသို့ မျက်နှာမူ၍ လျှောက်လာခဲ့လေသည်။ စံအိမ်ကြီးမှာ နှစ်ထပ်ရှေးဟောင်းပုံစံဖြစ်ပြီး အောက်ထပ်တစ်ခုလုံး မီးများလင်းထိန်နေသည်။ ထွန်းထားသော မီးရောင်များသည် မှန်ပြူတင်း မှန်တံခါးများမှ ဖြတ်သန်း၍ စံအိမ်ပြင်ပတိုင်အောင် အလင်းရောင် ဖြန့်ကြက်ကျရောက်လျက်ရှိသည်။

စံအိမ်ရှေ့ တံခါးဖွင့်ထားပြီးလျှင် တံခါးပေါက်ဝတွင် ရပ်တည်နေသော လူတစ်ယောက်ကို တွေ့ရသည်။ ညှို့ခန်းအလင်းရောင်ကို ကျောပေးလျက် ရပ်နေလျက်ရှိသောကြောင့် မျက်နှာကို မမြင်ရသော်လည်း သူ့လှုပ်ရှားမှု ဟန်ပန်အမူအရာအရ ပရော်ဖက်ဆာ ဂျွန်စမစ်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်က ခန့်မှန်းလိုက်မိသည်။

ကျွန်ုပ်သည် မိမိဝတ်ဆင်ထားသောကုတ်အကျီအိတ်ထဲတွင် အသင့်ထည့်ထားသော စာအိတ်ကို ပရော်ဖက်ဆာကြီးအား လေးစားစွာပေးလိုက်သည်။ သူက စာအိတ်ကိုလှမ်းယူပြီးနောက် ညှို့ခန်းတွင်းရှိ ဆိုဖာတစ်လုံးပေါ်တွင် ထိုင်သည်။ ကျွန်ုပ်ကိုလည်း သူနှင့်မျက်နှာချင်းဆိုင် ဆိုဖာပေါ်တွင် ထိုင်စေရန် လက်ညှိုးညွှန်ပြသည်။

ထို့နောက် ညှို့ခန်းတွင်းရှိ ထွန်းထားသောမီးအလင်းရောင်ဖြင့် ဦးစိတြရေးပေးလိုက်သော စာကို ဖွင့်ဖောက်ဖတ်ရှုသည်။ ပြီးလျှင် ကျွန်ုပ်ကို ဖြတ်ခနဲတစ်ချက် ကြည့်သည်။

"သင့်အကြောင်းနဲ့ ပတ်သက်ပြီး ဒေါက်တာစိတြက ပြည့်ပြည့်စုံစုံ ထောက်ခံထားတယ်။ ဒါပေမယ့် ကျုပ်က အခုအချိန်မှာ တော်ဝင်သစ်ခွနဲ့ ပတ်သက်လို့ စိတ်မဝင်စားတော့ဘူး။ မစ္ဆပေဒဆိုင်ရာ လေ့လာဆည်းပူး သုတေသနစာတမ်း ပြုစုနေတယ်။ ဘာပဲဖြစ်ဖြစ် တကယ်လို့ ကျုပ်ရဲ့လေ့လာမှုကို စိတ်ပါရင် နောက်တစ်နေ့ကျမှ သင့်ကို လက်တွေ့ပြသမယ်။ စိတ်မဝင်စားရင်တော့ လန်ဒန်ကို မနက်ဖြန်ပြန်ပေတော့။ တော်ဝင်သစ်ခွအသင်းကြီးမှာ ကျုပ်တပည့်မ စင်သီယာဆီကို ကျုပ်စာတစ်စောင်ရေးပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်မယ်။ သင်လိုအပ်တဲ့ အချက်အလက်တွေအားလုံး သူရှာဖွေပေးလိမ့်မယ်။ စင်သီယာဟာ စိတ်စေတနာကောင်းပြီး သူတစ်ပါးကို ကူညီတတ်ပါတယ်''

''ဟုတ်ပါလိမ့်မယ်။ ပရော်ဖက်ဆာကြီးဆီကို ဆက်သွယ်ဖို့ ပါရီကတယ်လီဖုန်းနံပါတ်ကို စင်သီယာကိုယ်တိုင် ရှာဖွေပြီးရေးပေးလိုက်တာပါ''

ကျွန်ုပ်က သူ့စကားကို ထောက်ခံပြောဆိုလိုက်သည်။

''ကဲ . . . သင် ညစာမစားရသေးရင် ကျုပ်နဲ့အတူ စားရအောင်။ လာ . . . လိုက်ခဲ့''

ပရော်ဖက်ဆာကြီးသည် စကားကို အပိုပြောလေ့ရှိပုံမရ။ လိုအပ်သည်ကိုသာ တိုတိုနှင့်ရှင်းရှင်း ပြောတတ်သည်။ သူနှင့်အတူ ညစာစားသောက်ရန် စားသောက်ခန်းသို့ လိုက်သွားသည်။ ကျွန်ုပ်နှင့် ပရော်ဖက်ဆာကြီးအတွက် ကြိုတင်တည်ခင်းထားသည်။

စားသောက်နေစဉ် စကားစမြည် မပြောပါချေ။

ကျွန်ုပ်သည် ညစာစားသောက်နေသော ပရော်ဖက်ဆာကြီးကို ဖျတ်ခနဲတစ်ချက် အကဲခတ်လိုက်သည်။ ထိုအခါ သူ၏မျက်နှာကို မှတ်မှတ်ရရဖြစ်သွားသည်။ ထိုမျက်နှာမျိုးကို ကျွန်ုပ် မည်သည့်နေရာတွင် တွေ့ခဲ့ဖူးကြောင်း ရုတ်တရက်အစဖော်၍ မရပါချေ။

စားသောက် ပြီးစီးသွားသောအခါ ပရော်ဖက်ဆာကြီးက စားပွဲမှထ၍ –

''ကဲ . . . သင်အိပ်ဖို့ အောက်ထပ်မှာ အိပ်ခန်းတစ်ခန်း စီစဉ်ထားခိုင်းပြီးပြီ။ ကျုပ်တပည့် လာခေါ်လိမ့်မယ်။ ညဘက်ဆိုရင် အိပ်ခန်းထဲမှာပဲနေသင့်တယ်။ ဘာအကြောင်းကြောင့်မှ အိမ်အပြင်ကိုထွက်ဖို့ မကြိုးစားနဲ့။ ညဆယ်နာရီထိုးတာနဲ့ ဘတ်စကာဗျိုခွေးကြီးတွေကို ခြံထဲမှာလွှတ်ထားတယ်။ အဲဒီခွေးကြီးတွေက ကျုပ်နဲ့ ခွေးထိန်းသူကလွဲလို့ တခြားလူစိမ်းဆိုရင် အသက်အန္တရာယ် ပေးနိုင်တယ်။ ကဲ . . . ကျုပ်လည်း စာတမ်းပြုစုဖို့အချိန်တန်ပြီ။ မနက်ကျမှ ဘရိတ်ဖတ်စ်စားဖို့ တွေ့ကြတာပေါ့။ ဂွတ်ဒ်နိုက်''

စကားဆုံးသည်နှင့် ပရော်ဖက်ဆာကြီးသည် စားသောက်ခန်းထဲမှ ထွက်ခွာသွားသည်။ မကြာမီ သူ့တပည့်ဆိုသူက ကျွန်ုပ်ကို လာခေါ်သည်။ အောက်ထပ် ထောင့်ခန်းတစ်ခန်းတွင် ခုတင်၊ မွေ့ရာ၊ ခေါင်းအုံး၊ စောင်တို့ဖြင့် ပြည့်ပြည့်စုံစုံ ခင်းကျင်းပြင်ဆင်ထားသည်။ အခန်းတွင်း၌ အနွေးငွေ့ဖြတ်သန်းသော ပိုက်လိုင်းတစ်ခု တပ်ဆင်ထားသောကြောင့် နွေးထွေးနေသည်။

ကျွန်ုပ်အိပ်ခန်းနှင့် နံရံခြား၍ ရေချိုးခန်း၊ အိမ်သာခန်း တွဲထားသည်။

''တကယ်လို့ မီးရောင်နဲ့ အိပ်လေ့ ရှိရင် အဲ့ဟိုမီးခလုတ်ကို ပိတ်ပါ''

ထိုသူက ညွှန်ပြပြီးနောက် ပြန်ထွက်သွားသည်။ ကျွန်ုပ်က အိပ်ခန်းတံခါးကိုပိတ်၍ မီးခလုတ်ကို မပိတ်သေးဘဲ အခန်းဝန်းကျင်ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မိသည်။ အိပ်ခန်းတံခါး၏ အတွင်းဘက်နံရံတွင် ချိတ်ဆွဲထားသော (၁၀ × ၁၂)လက်မ အရွယ်အစားရှိသော ထူးခြားဆန်းပြားသည့် မျက်နှာပုံကြီးကို တွေ့ရသည်။

မယုံကြည်နိုင်စရာကောင်းသော မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာသည်။ ထိုသဏ္ဌာန်သည် ရေသူမတစ်ယောက်ဖြစ်နေသည်။ ပရော်ဖက်ဆာကြီးက ကြင်နာယုယစွာဖြင့် ဆွဲထားရာမှ ပွေ့ချီလိုက်သည်။ ကိုယ်ခန္ဓာအထက်ပိုင်းသည် မိန်းမတစ်ယောက်နှင့် တူသော်လည်း ခါးမှစ၍ ငါးကြီးတစ်ကောင်နှင့် ထပ်တူထပ်မျှ ငွေရောင်အကြေးခွံများဖြင့် အမြီးကိုလည်း ဖြန့်ကားနေသည်။

သေချာအနီးကပ်ကြည့်လိုက်သောအခါကျမှ ငါးကို မျက်နှာရှေ့တည့်တည့်မှ ရိုက်၍ ပုံ[illegible]ခဲ့ထားကြောင်းသိရသည်။

ထိုအခါ ကျမှ စောစောက စားသောက်ခန်းတွ[illegible] ပရော်ဖက်ဆာ[illegible]၏မျက်နှာမျိုး တွေ့[illegible]သည်ကို စဉ်းစား၍မရခြင်းကို ပြန်လည်[illegible]မိရမိသည်။ စင်စစ်အားဖြင့် ပရော်ဖက်ဆာကြီး၏ မျက်နှာပေါက်မှာ ယခု အိပ်ခန်းတံခါးအတွင်းဘက်၌ ချိတ်ဆွဲထားသော ငါးမျက်နှာနှင့် ခပ်ဆင်ဆင်တူနေကြောင်း သိလိုက်ရတော့သည်။

www.burmeseclassic.com

ကျွန်ုပ်သည် တော်တော်နှင့် အိပ်မပျော်ပါချေ။

ထို့ကြောင့် အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ထူးခြားသောအသံတစ်သံကို စံအိမ်ကြီး၏ အပြင်ဘက်ခြံဝင်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သတိပြုမိသည်။ ထို့ကြောင့် ပြူတင်းမှန်တံခါးကို ကွယ်ထားသော ခန်းဆီးကို ဘေးသို့ရွှေ့ကပ်၍ အပြင်ဘက်ခြံဝင်းထဲသို့ လှမ်းကြည့်လိုက်သည်။

ပရော်ဖက်ဆာကြီးသည် ကျွန်ုပ်၏ အခန်းပြူတင်းပေါက်၏ လက်ျာဘက်ယွန်းယွန်းရှိ ရေကန်တစ်ကန်၏ ဘေးစပ်၌ ရပ်နေသည်။ ကျွန်ုပ်ဘက်သို့ ကျောပေးထားသောကြောင့် သူ၏ မျက်နှာမူရာ ရေကူးကန်သို့သာ အာရုံစူးစိုက်နေသည်။

ရေကူးကန်တစ်ခုလုံးကို ထောင့်လေးဘက်လေးတန်မှ ဆလိုက်မီးများ ထိုးထားသောကြောင့် လင်းထိန်နေသည်။ ပရော်ဖက်ဆာကြီးသည် တစ်စုံတစ်ရာကို ရွတ်ဆိုနေသည်။ အစပထမတွင် သူ၏ရွတ်ဆိုသံကို မသဲကွဲသော်လည်း တစ်စတစ်စ ကျယ်လောင်လာသောအခါ သဲသဲကွဲကွဲ ကြားလာရသည်။

''အာရွှန် ...အာရွှန် ... လော့စ်''

''အာရွှန် ...အာရွှန် ... လော့စ်''ဟူသော ရွတ်ဆိုသံသည် ကြိမ်ဖန်များစွာ ထွက်ပေါ်နေသည်။ သူသည် ရှေးဟောင်းဂါထာတစ်ပုဒ်ကို စိတ်အားထက်သန်စွာ ရွတ်ဆိုနေခြင်းဖြစ်သည်။

မကြာမီ ရေကန်ထဲတွင် ဂယက်များထလာသည်။ ကျွန်ုပ်က အံ့ဩနေချိန်တွင် ဘွားခနဲ ကန်လယ်တွင် ဦးခေါင်းတစ်ခုပေါ်လာသည်။ မျက်နှာက ငါးမျက်နှာနှင့်တူသော်လည်း ဆံပင်များက နီညိုရောင် ဖွာလန်ကြဲလျက်ရှိသည်။

ထိုသတ္တဝါန်သည် ကမ်းစပ်သို့ ရောက်လာပြီး ပရော်ဖက်ဆာကြီးကို မော့ကြည့်နေသည်။ ပရော်ဖက်ဆာကြီးက ထိုသတ္တဝါန်၏လက်ကို ညင်သာယုယစွာဆွဲ၍ ကမ်းပေါ်သို့ တင်လိုက်သောအခါ ...

မယုံကြည်နိုင်စရာကောင်းသော မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာသည်။ ထိုသတ္တဝါန်သည် ရေသူမတစ်ယောက် ဖြစ်နေသည်။ ပရော်ဖက်ဆာကြီးက ကြင်နာယုယစွာဖြင့် ဆွဲထားရာမှ ပွေ့ချီလိုက်သည်။ ကိုယ်ခန္ဓာအထက်ပိုင်းသည် မိန်းမတစ်ယောက်နှင့် တူသော်လည်း ခါးမှစ၍ ငါးကြီးတစ်ကောင်နှင့် ထပ်တူထပ်မျှ ငွေရောင်အကြေးခွံများဖြင့် အမြီးကိုလည်း ဖြန့်ကားနေသည်။

ပရော်ဖက်ဆာကြီးသည် ထိုရေသူမကို စွဲလမ်းတပ်မက်စွာ ပွေ့ချီ၍ ရေကန်အနီးရှိ ခုံတန်းလျားပေါ်သို့ တင်သည်။ မျက်နှာချင်းကပ်၍ ထပ်ကာတလဲလဲ နမ်းရှုံ့နေသည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်ပွဲဝင်တော့မည့်အလား မှတ်ထင်ယူဆရသည်။ ထိုအခိုက်အတန့်တွင် ...

မထင်မှတ်သော ဖြစ်ရပ်တစ်ခုက လျှပ်တစ်ပြက် ဖြစ်ပေါ်လာသည်။ စက္ကန့်၏ အစိတ်အပိုင်းတစ်ခုအတွင်း ပရော်ဖက်ဆာကြီးနှင့် ရေသူမအနီးသို့ ခုန်ဝင်လာသော ဘတ်စကာဗီးခွေးကြီးတစ်ကောင်သည် အစွယ်ဖွေးဖွေးပေါ်အောင် ပါးစပ်ကိုဖြဲကာ ရေသူမ၏ ခန္ဓာကိုယ်အောက်ပိုင်းကို အားရပါးရ ကိုက်ခဲလိုက်သည်။ ရုတ်တရက်ဖြစ်သောကြောင့် ရေသူမသည် ပရောက်ဖက်ဆာကြီး၏ လက်ထဲမှလွတ်ကျသွားသည်။ နောက်ထပ် ဘတ်စကာဗီးတစ်ကောင်သည်လည်း ထပ်မံရောက်ရှိလာကာ သူ့အဖော်နှင့်အတူ ရေသူမကို မိရာနေရာမှန်သမျှ ကိုက်ခဲ၍ အသားများကို ဖဲ့စားကြသည်။ ခွေးကြီးနှစ်ကောင်၏ တစ်ကောင်နှင့်တစ်ကောင် စားမာန်ခုတ်၍ မာန်ဖီကြသောအသံ၊ ရေသူမ၏ လူးလွန့်လျက် နာကြည်းစွာ စူးစူးဝါးဝါးအော်သံ၊ ပရော်ဖက်ဆာကြီးသည် ဒေါသတကြီးဖြစ်လျက် ခွေးနှစ်ကောင်ကို မောင်းထုတ်ဆွဲဖယ်အော်ဟစ်သံ စသည်တို့ဖြင့် ဆူညံသွားသည်။

ထိုအချိန်တွင် ခွေးထိန်းသူပြေးလာသည်။ ခွေးများကို လည်ပတ်မှဆွဲခေါ်သည်။ သို့ရာတွင် သူနောက်ကျသွားလေပြီ။ ရေသူမ၏ ခန္ဓာကိုယ်မှ အသားစိုင်များ အတုံးလိုက် အတစ်လိုက် ပဲ့ထွက်ကာ သွေးချင်းချင်းရဲလျက် သေပွဲဝင်သွားလေပြီ။

ပရော်ဖက်ဆာကြီး၏ ညည်းတွားသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ထို့နောက် စိတ်လျော့လိုက်သည့်အလား ပရော်ဖက်ဆာကြီးက ဒူးထောက်လျက်သားပစ်ကျကာ မျက်နှာနှင့်မြေပြင် ထိအပ်သွားသည်။ ထိုနေရာသို့ ကျွန်ုပ်ရောက်ရှိခဲ့သောအခါ ပရော်ဖက်ဆာကြီး အသက်မရှိတော့ပါချေ။

■ ဆွေမြင့်




www.burmeseclassic.com

www.burmeseclassic.com










## သီပေါကိုလတ် ၏

အရှေ့ဆီက ကြာဖြူတစ်ပွင့် (သို့မဟုတ်) မိုင်းဖုန်းဆရာတော်

(ဒုတိယအကြိမ်)

(မိုင်းဖုန်းဆရာတော်အကြောင်း ဓာတ်ပုံများနှင့်တကွ ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်)

ထွက်ပြီ

---

သီပေါဟော်နန်း နှင့် တော်ဝင်နွယ်အလွမ်း (ဒုတိယအကြိမ်)

(သီပေါဟော်နန်း အတွင်းရေးနှင့် ရှမ်းစော်ဘွားများအကြောင်း ဖော်ပြထားသည်)

ထွက်ပြီ

---

ပါရမီရှင် မိုင်းမောဝ်ကေရီ စောမွန်လှ (တတိယအကြိမ်)


(ရှမ်းမင်းသမီး စောမွန်လှ၏ ဘဝဇာတ်ကြောင်း ဖော်ပြထားသည်)

ထွက်ပြီ

ဖြန့်ချိရေး – မိုင်းမောဝ်ကေရီစာပေ၊ ဦးလှမောင်လတ်၊ သီပေါမြို့၊ ဖုန်း–၀၈၂–၅၀၃၇၀၈၈၈၇

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း ဟောင်းသည်မရှိ

## (၁၈)

**အ ခ န် း ဆ က် ဝ တ္ထု ရှ ည်**

*(ယခင်လမှအဆက်)*

■ ပင်းဟိန်းထိပ်

[ ၅ ]

သည့်နေ့ကား သကြံန်အကြတ်နေ့ ဖြစ်၏။ သကြံန်သုံးရက်တွင် နောက်ဆုံးရက်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် အားလုံးတို့သည်ပင် ဘုန်းတော်ကြီးကျောင်းသို့သွားကာ သီလယူခြင်း၊ တရားနာကြားခြင်း၊ တရားရှုမှတ်ခြင်းစသော မင်္ဂလာနိမ္မာန်ရောက်ကြောင်း ဘာသာရေးကုသိုလ်ကောင်းမှုများကို လုပ်၍နေကြမည့် ရက်ထူးရက်မြတ်ကြီးပင် ဖြစ်၏။

မောင်အေးချမ်းတို့ အရပ်တွင် သကြံန်ကို သုံးရက်သာ သတ်မှတ်ထားသည်။ အဖိတ်နေ့နှင့် နှစ်ဆန်း ၁ ရက်နေ့များကို ထည့်ပေါင်းလျှင် ငါးရက်ဖြစ်သည်။ အဓိကဖြစ်သော သကြံန်သုံးရက်တွင် တချို့ ဈေးရောင်းခြင်း စသော ရက်ပျက်များ ရှိတတ်လျှင်ပင် သကြံန်အကျရက်နှင့် အကြတ်ရက် သည်နှစ်ရက်ကို မပျက်မကွက် ဥပုသ်စောင့်ကြသည်။

မောင်အေးချမ်းမှာ သကြံန်သုံးရက်လုံး သက်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရင်းဖြင့်ပင် ဥပုသ်စောင့်ရန် စိတ်ကူးရှိခဲ့သော်လည်း ယုမေတို့အုပ်စု ရောက်လာကြသောရက်တွင် ဥပုသ်ယူထားလျက်ပင် ဥပုသ်သည်နှင့်တူအောင် မနေမကျင့်လိုက်ရပေ။ ဥပုသ်အင်္ဂါအတော်များများ ကျိုးပျက်ခဲ့သည်။

ထို့ကြောင့် သည်နေ့ သကြံန်အကြတ်ရက်တွင် ဥပုသ်မကျိုးမပေါက် စောင့်ထိန်းရန် ဆုံးဖြတ်ထားသည်။ ဘုရားဖူးခရီးထွက်သွားကြသော အလုပ်သမားများ၊ ခွင့်ရက်ဖြင့် ရွာကို ပြန်သွားကြသော အရာထမ်းများလည်း တစ်ဖွဲ့၊ တစ်ယောက်မျှ ရောက်မလာကြသေးပေ။ ထို့ကြောင့် မောင်အေးချမ်းလည်း သိပ်ပြီး အလုပ်မများသေးပေ။

"ဟိတ် . . . လူဆိုးကြီး၊ ဘာစာတွေ ရေးနေတာလဲ"

ယုမေ အခန်းထဲသို့ ပြေးဝင်လာကာ နောက်မှနေ၍ မောင်အေးချမ်းအား တိုးတိုးပြောပြီး ဖက်၏။ မောင်အေးချမ်းရေးနေသော စာရင်းစာအုပ်ကိုလည်း ဆွဲပိတ်ပြီး ဘေးဘက်ကို ဖယ်ထားလိုက်သည်။ ထို့နောက် တိုးတိုးလေး –

"တစ်နေ့က ဟိုလူဆိုးတစ်ယောက်နဲ့ယှဉ်ပြီး နိုင်အောင် သတ်ဖြတ်ဖမ်းနိုင်တာကို ဂုဏ်ပြုတဲ့အနေနဲ့ လူဆိုးကြီးလို့ ပြောလိုက်တာ။ စိတ်မဆိုးနဲ့နော် အသက်"

ဟု ပြောပြီး –

"ဒါကြီးက ယုမေရဲ့ အသက်၊ ယုမေရဲ့ အသည်း"

ဟု ပြောပြီးလည်း မောင်အေးချမ်း၏ပါးကို ဘယ်ပြန်ညာပြန် နမ်းလေသည်။

"ယုမေ ဘယ်သူနဲ့ လာတာလဲ။ ထွန်စက်နဲ့လား၊ ကားနဲ့လား"

"ကားနဲ့။ မင်းဘူးက ရခိုင်ပြည်ဘက်ကို ဘုရားဖူးလာကြတဲ့ ကားကြုံလို့ လိုက်လာတာ။ သူတို့က ဦးအောင်ဝင်းခေါင်ရေဆိုင်မှာ ထမင်းရရင် ရှိးမကထမင်း ပျော်ပျော်ပါးပါး စားကြမယ်ဆိုပြီး ဦးအောင်ဝင်းရဲ့ ဆိုင်ရှေ့မှာ ကားရပ်ပြီး ကျန်နေခဲ့တယ်။ ထမင်းသာမရရင် ဆက်ထွက်သွားမယ်လို့လည်း ပြောကြတယ်"

"ထမင်းမရရင် ခေါင်ရေကော မသောက်ကြဘူးတဲ့လား"

"ဘုရားဖူးတွေပဲ။ ခေါင်ရေတော့ သောက်ပုံမလား။ မပြောတတ်ဘူးလေ"

ယုမေက မောင်အေးချမ်း၏ လက်မောင်းများကို သိုင်းဖက်ထားရင်းမေးကို မောင်အေးချမ်း၏ ပခုံးတွင် တင်ကာ ပြောပြနေသည်။ မောင်အေး



www.burmeseclassic.com

www.burmeseclassic.com

ချမ်း၏ ကျောကုန်းကိုလည်း ဒူးဖြင့် ပွတ်၍ တိုက်နေသည်။

ကားသံကြား၍ ယုမေသည် ဖျပ်ခနဲပြေးပြီး ပြတင်းပေါက်ကို လက် ပြနေ၏။ ထို့နောက် တံခါးကိုပိတ်ကာ ပြန်လာပြီး ...

"ဘုရားဖူးအဖွဲ့တွေ ထွက်သွားကြပြီ ကိုကို"

"ဦးအောင်ဝင်းရဲ့ဆိုင်မှာ ထမင်း မရလို့ နေမှာပေါ့"

"ဟုတ်မယ် ထင်တယ်"

ယုမေက မောင်အေးချမ်း၏ လက်ကိုဆွဲ၏။ ထို့နောက် ခုတင်ပေါ် မှာ ထိုင်ကြသည်။

"ယုမေ အခုလာတာ အလည် သက်သက်ပဲလား"

"အလည်ဘယ်ဟုတ်မလဲ ကိုကို ရဲ့။ ကိစ္စရှိလို့ လာခဲ့တာ။ ကိုကိုနဲ့ ထိုး ကြိတ်ကြတဲ့ လူကြီးကို ဖမ်းမိပြီး နောက် ဟိုညီအစ်ကို (ရဲနိုင်၊ ရဲနိုင်) ကိုလည်း အဲဒီလူကြီးရဲ့ ဆေးခြောက် ရောင်းဝယ်ဖြန့်ဖြူးမှုမှာ ပတ်သက်နေ လို့ဆိုပြီး တန်းဖမ်းတယ်လေ။ ဟိုလူ ကြီးမှာတော့ အမ်းမြို့မှာရှိတဲ့ သူ့ဆွေ မျိုးတွေ လာတွေ့ကြသလို၊ ဟို ညီ အစ်ကိုမှာတော့ အန်တီတင့်ပဲ ဒုက္ခ ရောက်ရတာပေါ့။ အန်တီတင့်ခမျာ မှာ သကြန်ပြီးအောင်တောင်မှ ဥပုသ် မစောင့်နိုင်တော့ပဲ ဘာလုပ်လို့ ဘာ ကိုင်ရမှန်းမသိ ဖြစ်နေရင်းက နောက် ဆုံးတော့ ကိုကို့ကိုပဲ အကူအညီတောင်း ချင်တယ်။ ကိုကို့ကိုပဲ သွားခေါ်ပေး ပါဦးဆိုလို့ ယုမေလာခဲ့တာပါ"

မောင်အေးချမ်း သက်မတစ် ချက် ချလိုက်၏။ လူဆိုးစိတ်ရှိသော လူများသည် လူဆိုးများနှင့်သာအပေါင်း ကျ၍ ဒုက္ခရောက်ကြရသည့် အဖြစ်ကို ရှင်းရှင်းကြီး လှစ်ပြနေလေ၏။

"ငါ့ကိုခေါ်ပြီး အကူအညီတောင်း ရင်တော့ ငါက ဘာတတ်နိုင်မှာလဲ ယုမေရဲ့။ ပြီးတော့ ခုချိန်က ဘိန်းနဲ့ ဆေးခြောက်ကို အစိုးရက အပူတပြင်း နှိမ်နင်းနေချိန်လည်း ဖြစ်နေတယ်။ ဒါကြောင့် ဘယ်လိုအကူအညီမျိုးပဲ ရယူရယူ လွတ်လမ်းမရှိဘူး။ သူတို့ အမှုကြီးကလည်း လက်ပူးလက်ကျပ် ဖမ်းဆီးထားတာဆိုတော့ နှစ်ရှည်၊ နှစ်တိုပဲ ကွာမယ်။ ထောင်ကျမှာတော့ သေချာနေတယ်"

ယုမေလည်း သက်မချ၏။

"ယုမေတော့ အန်တီတင့်ကို အရမ်းပဲ သနားမိပြီ။ သူတို့ညီအစ်ကို ပြဿနာဖြစ်တိုင်း အန်တီတင့်ပဲ စိတ် ဒုက္ခ၊ ကိုယ်ဒုက္ခ ရောက်ရတယ်။ ငွေ ကုန်ရတယ်။ သူတို့မိဘတွေက ဘာမှ တတ်နိုင်ကြတာ မဟုတ်ဘူး။ ပြီးတော့ သူတို့က အန်တီတင့်ကိုလည်း မသိ တတ်ကြဘူး။ ဒုက္ခပေးကြတာပဲ ရှိ တယ်။ သူတို့ကသာ သိတတ်ကြမယ် ဆိုရင် အန်တီတင့် စိတ်ချမ်းသာရမှာ။ လက်ရှိ ပွဲရုံလုပ်ငန်းအပြင် အခြား အဆင်ပြေမယ့် အလုပ်တွေကိုတောင် မှ တိုးချဲ့လုပ်ကိုင်နိုင်ဦးမယ်။ အခုတော့ ဒီလိုမဟုတ်ဘဲ ..."

"အဲဒါက သူတို့ကိစ္စတွေပါ ယုမေရာ။ ကိုယ်နဲ့ မဆိုင်ပါဘူး"

"ကိုကိုကလဲ။ ကိုယ်နဲ့မဆိုင်ဘူး ဆိုပြီး ငြင်းလို့ တော်ပါ့မလား။ ဟိုက အားကိုးလို့ အကူအညီတောင်းတာပဲ ဟာ။ ဒီလိုဆိုရင် ကိုကို အမ်းကို မလိုက်ဘူးလား"

မောင်အေးချမ်း အတော်လေး ပင် စိတ်ပျက်သွား၏။ မျက်နှာကြီးလည်း အိုသွားသည်။ ယုမေက မောင်အေး ချမ်း၏ မျက်နှာကိုသာ စိုက်ကြည့်နေ သည်။

"မလိုက်ဘဲ နေလို့တော့ တော် ပါ့မလား။ ကိုယ့်မှာလည်း သူ့ကျေးဇူး တွေက ရှိခဲ့ဖူးတာပဲ။ ဒါပေမယ့် ငါ လည်း များများတော့ အချိန်မရဘူး။ နောက်တစ်ရက်နှစ်ရက်ဆိုရင် အလုပ် သမားတွေ ရောက်လာကြတော့မယ်"

ယုမေက မောင်အေးချမ်း၏ ပခုံးကို လက်ကလေးဖြင့် ဖွဖွတင်ပြီး တစ်ဖက်လက်က မောင်အေးချမ်း၏ လက်မောင်းကိုကိုင်ကာ ...

"ကဲပါ ကိုကိုရယ်။ နှစ်ယောက် ကို မသနားပေမယ့် အန်တီတင့်က အားကို ယုံကြည်လို့ ခေါ်တာကိုတော့ မသွားလို့ မကောင်းပါဘူး။ ဟိုရောက် တော့မှ အကျိုးသင့်၊ အကြောင်းသင့် ဖြစ်နိုင်ဖွယ်တွေကို ပြောပြပေါ့။ ပြီး တော့ ခုညနေ ယုမေတို့ အမ်းကို သွားတဲ့အခါလည်း ရိုးမကြီးလမ်းအတိုင်း ခြေကျင်လျှောက်ရအောင်နော်။ ဒီတစ် ညလုံး ခြေကျင်လျှောက်သွားရင် မိုး လင်းတော့ အမ်းကို ရောက်မှာပဲ။ ယုမေက ကိုကိုနဲ့ အဲလိုပဲ ရခိုင်ရိုးမကြီး ကို ခြေကျင်လျှောက်သွားချင်နေတာ။ တစ်ခါတုန်းကလည်း အဲလိုသွားမယ် ဆိုတာ အဆင်မပြေလိုက်ဘူး။ ဒီတစ် ခါတော့ ခြေကျင်ပဲလျှောက်သွားရအောင် နော်။ အရမ်းပျော်စရာကြီးနေမှာ"

အခန်းဝမှာ လူတစ်ယောက် လာရပ်၍ မောင်အေးချမ်းရော ယုမေ ပါ စကားစပြတ်ပြီး ငေးသွားကြ၏။ ထိုလူက မောင်အေးချမ်းကို ငေး၊ ယုမေကိုပါ မချိတရိ အမူအရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်နေ၏။ ထို့နောက် သရော်သံဖြင့် တဟားဟားရယ်ပြီး သူလာသည့်အကြောင်းနှင့် ပတ်သက်သော စကားများကို ပြောပြလေသည်။

"အဟဲ ...ဟဲ ...လူစွမ်းကောင်းလေး ကျန်းမာတော်မူပါစ။ နုနုထွတ်ထွတ်ကလေးနဲ့ နှစ်ယောက်ချင်း တွဲနေကြတုန်း လာတွေ့ရတာ အားနာသလိုလိုရှိပေမယ့် အချိန်ရတုန်း လာတွေ့ရတာကြောင့် ဘယ်လိုမှ သဘောမထားပါနဲ့လို့ ..နော်"

တစ်ခါမျှ မမြင့်ဖူး၊ မတွေ့ဖူးသော လူတစ်ယောက်က သရော်ငေါ့တော့ မထိလေးစား၊ အားမနာပ စကားများကို အမူအရာနှင့်တကွ လာပြောနေ၍ မောင်အေးချမ်း နားလည်ရခက်သွား၏။ မောင်အေးချမ်းကိုရော၊ ယုမေကိုပါ ရန်လိုသော အမူအရာများလည်း သူ၏မျက်နှာတွင် ပေါ်လွင်နေသည်။

"လူစွမ်းကောင်းလေး၊ ငါ့ကို အကဲခတ်လှချည်လား။ အကဲခတ်နေစရာ မလိုပါဘူး။ ငါဘယ်သူ၊ ဘာလုပ်ဖို့လာတယ်ဆိုတာ မင်းသိအောင် ပြောပြမှာပါ။ ငါက အခြားလူ ဟုတ်ရိုးလား။ တစ်နေ့က မင်း အမ်းမြို့ ရဲစခန်းမှာ ထိုးကြိတ်ဖမ်းဆီးပြီး ရဲလက်ကိုအပ်လိုက်တဲ့ ကောင်လေးရဲ့ အစ်ကိုပေါ့။ ငါ့အပြင် နောက်လည်း ပါကြပါသေးတယ်။ ကားလမ်းဘက်ကို မျှော်ကြည့်လိုက်စမ်းပါဦး"

မောင်အေးချမ်း ပြတင်းပေါက်မှ ကြည့်လိုက်ရာ ဘိုတဲကြီး၏ အောက်ဘက်၊ ကတ္တရာကျိုရန် ပုံထားသော ထင်းပုံမှာ ထိုင်နေကြသော လူသုံးယောက်တို့ကိုလည်း တွေ့လိုက်ရ၏။ သုံးယောက်လုံးသည်ပင် သေနတ်များကို ရင်ခွင်ပိုက်ပြီး ဆေးလိပ်ဖွာနေကြ၏။ မောင်အေးချမ်း၏ ဘိုတဲကြီးဘက်ကိုလည်း ကွက်ကြည့် ကွက်ကြည့် ကြည့်နေကြသည်။

ဤမျှလောက်ဆိုလျှင်ပင် မောင်အေးချမ်း နားလည်လိုက်၏။ ဤလူများသည် မောင်အေးချမ်းက ဆေးခြောက်များဖြင့် ရဲလက်သို့ ဖမ်းအပ်လိုက်သော လူ၏ အပေါင်းအသင်းများဖြစ်ကြ၍ သူတို့လူ၏ အကြွေးကို ပေးဆပ်ရန်လာကြသော လူများ ဖြစ်သဖြင့် မောင်အေးချမ်း လျှော့တွက်၍ မရတော့ပေ။ တုံ့ပြန်ရမည့်အချိန်သည် အလွန်နီးကပ်နေပြီ ဖြစ်နေသည်။

"ဘယ်နှယ်လဲ လူစွမ်းကောင်းလေး။ ကြောက်သွေး ခေါင်းကိုရောက်ပြီး မရဏဇောချွေး ပြန်နေပြီလား။ အဲလောက်လည်း မကြောက်ပါနဲ့။ ဒီနေ့ မိုးမချုပ်မီ မင်းကို နတ်ပြည်ပို့ပေးကြမယ့် လူတွေပါ။ မင်းကို နတ်ပြည်ကို ပို့မပေးလို့လည်း မရဘူးလေ။ ငါတို့ လုပ်ငန်းတွေကို မင်းက အစဖော်ပေးလိုက်တော့ မင်းသာ အသက်ရှင်လျက်ရှိနေမယ်ဆိုရင် တို့လုပ်ငန်းတွေအားလုံး တစ်ခုပြီးတစ်ခု ဆက်၍ ပေါ်လာနိုင်ပြီး ဒီလုပ်ငန်းကို အဓိက မှီခိုအားထားနေကြတဲ့ တို့သစ်ကတိုးသုံးရွာလုံး ဒုက္ခရောက်ကုန်ကြတော့မှာ ပေါ့။ ဒီအကြောင်းကို မင်းကိုယ်တိုင် အချုပ်ထဲထည့်ပေးထားခဲ့တဲ့ ကောင်လေးကတစ်ဆင့် အမ်းမြို့မှာ ရှိနေကြတဲ့ သူ့ဆွေမျိုးတွေကိုခေါ်ပြီး စိုင်ဘောင် ချင်းစကားနဲ့ ပြောလိုက်လို့ အဲဒီကတစ်ဆင့် ညတွင်းချင်း အပြေးအလွှား လာပြောတဲ့အတွက် ငါတို့ အခုလို မင်းဆီကို အချိန်မီ ရောက်လာကြတာပါ။ အချုပ်ထဲကနေပြီး အပြင်ကလူကို ပြောရတာဆိုတော့ အစောင့်ရဲသားရော၊ အချုပ်သားအချင်းချင်းတွေပါ နားမလည်အောင် စိုင်တောင်ချင်းစကားနဲ့ ပြောရတာ အတော်လေးကိုမှ အဆင်ပြေတယ်လို့ ဆိုပါတယ်။ ဒီစကားတွေထဲမှာ အဓိက လိုရင်းကတော့ အဲဒီအချုပ်ထဲက ငါ့ညီကို ရှုံးမတင်ခင် မင်းကို အရင်ရှင်းထားမှ ဖြစ်မယ်လို့ ဆိုတယ်။ မင်းက ဒီရခိုင်ရိုးမကြီးထဲမှာ တောကြက်တစ်ကောင်လို လိမ္မာနေတဲ့ အကောင်ဆိုတော့ တို့လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး မင်းဟာ အပြင်လောကနဲ့ မထိုက်တန်တဲ့ လူတစ်ယောက်ဖြစ်နေတဲ့အတွက် အဟဲ ...ဟဲ အခုလို ပြောရတာကို အားလည်း နာပါရဲ့။ ဖြူဖြူချောချော နုနုသန့်သန့် ကောင်လေးတစ်ယောက် ဖြစ်လို့ နှမြောတာသလည်း ဖြစ်မိပါရဲ့။ အခုလို ကိုယ့်ကိုယ်ကိုဖော် မသူတော် လုပ်ပြီး ပြောပြ‌ေ တာဟာလည်း မင်းအတွက် လောကထဲမှာ တာရှည်နေဖို့ အချိန်မရှိတော့တဲ့ လူတစ်ယောက် ဖြစ်နေလို့ပါပဲ။ ဒါကြောင့် အခုလို ငါတို့က မင်းဆီလာကြတဲ့ အကြောင်းရင်းကို မသေခင် သိသွားသင့်တယ်လို့ ထင်လို့ပါ။ ဒီအထဲ မင်းက ဖြူဖြူချောချော၊ နုနုထွတ်ထွတ် ကောင်မလေး တစ်ယောက်ကိုတောင် တို့အတွက် ခေါ်ထားသေးတယ်ပေါ့။ အဟား ...ဟား ...မင်းကတော့ တကယ် ကုသိုလ်ရမယ့် အကောင်ပါ။ သေပြီးနောက်လည်း နတ်ပြည်ကိုရောက်မယ့် သဘောပဲ"

ထိုလူကြီးသည် စကားဆက်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ပြီး သူ့လူများကို ပြတင်းပေါက်မှ ကြည့်သည်။ သူ့လူများက သူ့ကိုမြင်လျှင် ပြုံးပြီးကြည့်သည်။ သူကလည်း ပြန်ပြုံး လက်မကိုထောင်၍ မြှောက်ပြလိုက်သည်။

"အဲဒီလူတွေ ကိုင်ထားကြတဲ့ သေနတ်တွေက မင်းတို့ လမ်းဘက်ဆိုင်ရာကလူတွေ ကိုင်နေကြတဲ့ နှစ်လုံးပြူးတို့၊ ကုပ်ချိုးတို့ မဟုတ်ဘူးကွ။ မောင်းပြန်ရိုင် ဖယ်တို့၊ ဂျီသုံးတို့ ဆိုတာမျိုးတွေပေါ့။ ဒီရခိုင်ရိုးမကြီးမှာ ပြောက်ကျားတွေရှိတုန်းက တို့ရထားလိုက်တဲ့ဟာတွေ ဆိုပါတော့ကွာ။ ဒီတော့ မင်းတို့နှစ်ယောက်လုံး ငါ့နောက်ကို လိုက်ခဲ့ကြပေရော့။ ဟိုမှာ စောင့်နေကြတဲ့လူတွေကိုလည်း အားနာဖို့ ကောင်းနေပါပြီ"

"ခွပ်"

"အင့်"

မောင်အေးချမ်းက ထိုလူ၏မေးဖျားကို တအားကုန် လက်သီးနှင့် ဆောင့်ထိုးချလိုက်၏။ ထိုလူ နောက်ကောက်ကျသွားပြီး နောက်လည်း မေးဖျားကိုချည်း နှစ်ချက်ဆောင့်ထိုးလိုက်သေး၏။ ထို့နောက် ပါးစပ်ထဲသို့ အဝတ်ထည့်ကာ ပိတ်ချည်လိုက်၏။ ထို့နောက် မှောက်ထားပြီး လက်ကိုရော ခြေတွေကိုပါ တုပ်ချည်လိုက်သည်။ မေးဖျားကို အထိုးခံလိုက်ရသောကြောင့် သည်လူ တော်ရုံဖြင့် သတိပြန်ရနိုင်ဖွယ် မရှိပေ။

ယုမေက တအံ့တသြဖြစ်ကာ ငေးနေသည်။

မောင်အေးချမ်းက ဘောင်းဘီတို ဂျင်းဘောင်းဘီရှည်နှင့် အပြင်ကပုဆိုးကို ထပ်၍ဝတ်သည်။ အင်္ကျီကိုလည်း ထိုနည်းလည်းကောင်း စွပ်ကျယ်လက်တို၊ လက်ရှည်နှင့် အပြင်က ဂျင်းအင်္ကျီကို ထပ်၍ဝတ်သည်။ ထို့နောက် အမေအား ကန်တော့ရန် စုထားသော ကျပ်တန်တစ်အုပ်နှင့် အနုတ်ရောရာ ဆယ့်ငါးကျပ်မျှကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်သည်။ ထို့နောက် ပေါက်ခွားငါးချောင်းပါသော ခါးပတ်ကိုပတ်ကာ မိတ်ဆွေတစ်ယောက်ဆီမှ လက်ဆောင်ရထားသော ဆိုဗီယက် တောရှင်းဓားကြီးကို ကောက်ကိုင်လိုက်သည်။

ယုမေက ငေးကြည့်နေရင်း –

"ကိုကို ထွက်ပြေးတော့မလို့လား"ဟု စိုးရိမ်သံဖြင့် မေး၏။

"အခု လောလောဆယ်တော့ ထွက်ပြေးမှဖြစ်မယ် ယုမေ။ ဟိုတောင်အောက်က လူတွေမှာက သေနတ်ကောင်းတွေနဲ့။ ပြီးတော့ သူတို့က တို့ကိုသတ်ဖို့လာကြတာ။ ဒါကြောင့် ဘယ်တော့မှ အဖမ်းခံလို့ အဆင်မပြေဘူး။ အဖမ်းခံရင်လည်း သေကြမှာပဲ။ အမ်းမြို့ကို ရောက်တဲ့နည်းနဲ့ ပြေးရမှာ။ အမ်းမြို့ကိုရောက်ရင်တော့ အားလုံးရှင်းသွားမှာပါ။ အခု ဒီမေ့နေတဲ့လူဟာလည်း သေတာမဟုတ်ဘူး။ တော်ကြာ သတိပြန်ရလာမှာပဲ"

"ပြေးမယ်ဆိုရင် ကိုကို့မှာ သေနတ် အတိုတစ်လက်၊ အရှည်တစ်လက် ရှိတယ်မဟုတ်လား။ အဲဒါတွေကော"

"အဲတာတွေ တစ်ခုမှ မရှိဘူး။ ဒေါင်းပုပ်စခန်းက ကျောက်မိုင်းသမားတွေ ကျားကြောက်ရလို့ဆိုပြီး ငှားယူသွားကြတယ်။ ရပါတယ် ယုမေ။ သိပ်ပြီး မစိုးရိမ်နဲ့။ ဖြစ်လာမှတော့ ကြည့်ရှင်းရတော့မှာပေါ့။ ရော့ ..ယုမေလည်း ဒီဂျင်းအင်္ကျီနဲ့ ဂျင်းဘောင်းဘီကို ထပ်ပြီးဝတ်လိုက်။ ပြီးတော့ ဒီတဘက်ကိုလည်း ယူသွားကြစို့"

သေနတ်သမားများ မမြင်နိုင်သော တောင်ပေါ်ဘက်က ပြတင်းပေါက်မှ ခုန်ထွက်ပြီး တောထဲသို့ ပြေးလာကြလေသည်။ တစ်အောင့်လောက်ပြေးလိုက်ကြပြီးနောက် စခန်းနှင့် အတော်အတန်လှမ်းသော တောနက်တစ်နေရာကိုရောက်လျှင် တစ်ထောက်နားပြီး တိုင်ပင်ကြသည်။

"ယုမေ တို့လမ်းမကို လျှောက်သွားလို့တော့ နေ့ခင်းရော ညမှာပါ အဆင်ပြေနိုင်မှာ မဟုတ်ဘူး။ ဒီလူတွေက ပြောက်ကျားလုပ်ခဲ့ဖူးတဲ့ လူတွေဆိုတော့ လျှော့တွက်လို့ မရဘူး။ အရမ်းပဲ လျှို့ဝှက်ဉာဏ်ရှိကြတယ်။ ဒီတော့ တို့က သူတို့ထက် လျှို့ဝှက်နိုင်မှ ဖြစ်မယ်။ ဒါကြောင့် တို့က တောလမ်းတွေကရော ကားလမ်းမကပါ သွားလို့ အဆင်မပြေတော့ တောင်ကျချောင်းကြီးတစ်ခုခုက အမ်းချောင်းကြီးကိုရောက်အောင် ထွက်ပြီး အမ်းမြို့ကို ရောက်အောင်သွားမယ့်နည်းကိုပဲ ရွေးကြရလိမ့်မယ်"

"ဒါဆိုရင်ကော ယုမေတို့ စိတ်ချရပါ့မလား ကိုကို"

"စိတ်ချရမယ်လို့တော့ အတိအကျ မပြောနိုင်ဘူးပေါ့ကွာ။ ဒါပေမယ့် ဒီလူတွေက ဒီရက်တွေအတွင်းမှာ တို့ကို ဒီအနီးဝန်းကျင် တောတွေ၊ လမ်းတစ်လျှောက်မှာရှိတဲ့ စခန်းဟောင်းတွေမှာပဲ လိုက်ရှာနေလောက်တယ်။ ပြီးတော့ နေ့ရောညပါ ရှိုးမ

www.burmeseclassic.com

ကားလမ်းတစ်လျှောက်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေလောက်တယ်။ ဒီအတောအတွင်းမှာ တို့က သူတို့မထင်မှတ်တဲ့ တောင်ကျချောင်းကြီးတစ်ခုခုကိုရွေးပြီး အမ်းမြို့ကိုအရောက်သွားကြဖို့ပါပဲ''

ထိုနေရာမှ ရှေ့ကို တစ်ထောက်ပြေးကြပြန်သည်။ ပြေးရင်းဖြင့် မောင်အေးချမ်းစဉ်းစားသည်။ သည် ကြက်ရေစမ်းစခန်းမှ သရွက်ချောင်းဘက်ကိုရော၊ သရှုးချောင်းဘက်ကိုပါ ကြိုက်သည့်ဘက်ကို ဆင်းသွား၍ ရနိုင်သည်။ ထိုနှစ်ချောင်းတွင် မောင်အေးချမ်းက သရှုးချောင်းဘက်ကို လမ်းမကျွမ်းပေ။

သရွက်ချောင်းဘက်ကိုမူ ပန်းရေစမ်း၊ ကြက်ရေစမ်း၊ ငပြေယ်တောင်စောက် စသော စခန်းများမှ အကြိမ်ကြိမ်ဆင်းပြီး ငါးဖမ်းဖူးသည်။ သရွက်ချောင်းဖျားမှ အမ်းချောင်းကြီးကိုရောက်အောင်လည်း သုံးလေးကြိမ်စုန်ဆင်းဖူးသလို အမ်းချောင်းဖျားမှ သရွက်ချောင်းဝကို ဖြတ်ပြီးလည်း သစ်ဝါးများကို ဖောင်ဖွဲ့ပြီး အကြိမ်ကြိမ် စုန်မျှောဖူးသည်။

ထို့ကြောင့် သရွက်ချောင်းကြီးဘက်ကို ပိုပြီး ကျွမ်းကျင်သောကြောင့် အဆင်ပြေမည့် နေရာတစ်ခုမှ သရွက်ချောင်းကြီးဘက်ကို ဖြတ်ဆင်းရန် ဆုံးဖြတ်လိုက်ကြသည်။ ထို့နောက် ကားလမ်းမကို ဖြတ်ကြမည်အပြုတွင် စခန်းဘက်ဆီမှ မီးခိုးလုံးကြီးကို မြင်လိုက်ရ၍ မောင်အေးချမ်း အံ့သြသွားရ၏။ ယုမေလည်း မောင်အေးချမ်း၏ မျက်နှာကိုကြည့်လိုက်၊ မီးခိုးလုံးကြီးထောင်တက်နေသည်ကို ကြည့်လိုက်နှင့် ငေးကြောင်နေသည်။

''သွားပြီ ယုမေ။ ဟို . . . လူမိုက်တွေ တို့နှစ်ယောက်ကို ဖမ်းမမိလိုက်တဲ့အပြင် သူတို့လူတစ်ယောက်ကိုပါ ထိုးကြိတ်သတ်ပုတ် ကြိုးတုပ်ထားခဲ့တာကို မကျေနပ်လို့နဲ့တူတယ်။ တို့စခန်းကို မီးရှို့လိုက်ကြပြီ . . . တောက်''

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်သည်။ ဒေါသလည်း အလွန်အမင်း ထွက်သွားလေသည်။ သို့သော် ဘာမျှမတတ်နိုင်တော့။

''ခေါင်းနဲ့
ခြေထောက်တွေက
နှင်းစိုပြီး အေးလို့
မဖြစ်ဘူး ယုမေရဲ့။
ကျန်းမာရေး
ပျက်တတ်တယ်။ လူတွေ
ကျန်းမာရေးပျက်တာဟာ
အများအားဖြင့် ခေါင်း၊
ခြေထောက် အေးလို့ပဲ။
တို့က ဒီအချိန်မှာ
လုံးဝ
ကျန်းမာရေးပျက်ပြီး
နေထိုင်မကောင်း
အဖြစ်မခံနိုင်ဘူးလေ''

''ယုတ်မာလွန်းတယ်ကွာ။ မကျေနပ်တာက ငါ့ကို၊ သူတို့ မီးရှို့လိုက်ကြတာက အစိုးရပိုင် စီမံကိန်းစခန်း။ စခန်းကို မီးရှို့ဖျက်ဆီးဖို့ ဘာမှတောင်မဆိုင်ပါလား''

မောင်အေးချမ်း သက်မတစ်ချက်ကို ထပ်ကာ ချလိုက်ရသည်။ တစ်ဦးတစ်ယောက်ကို မကျေနပ်ရုံဖြင့် နိုင်ငံပိုင်၊ ပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးလိုက်ခြင်းသည် လူယုတ်မာတို့၏သဘောကို လင်းလင်းကြီး လှစ်ပြလိုက်ခြင်းသာ ဖြစ်သည်။ သစ်ဝါးများဖြင့် ဆောက်လုပ်ထားသော အဆောက်အဦများဖြစ်၍ လောင်အားကောင်းသောကြောင့် မီးတောက်ကြီးမှာ မိုးထိလုမတတ်အောင်ပင် ထောင်တက်နေ၏။

''ကဲ . . . ယုမေ၊ တို့ဒီနေရာမှာ နေလို့ မဖြစ်သေးဘူး။ ဟိုလူယုတ်မာတွေ တို့ကို လိုက်ရှာကြလိမ့်မယ်။ ဒီတော့ တို့သရွက်ချောင်းကြီးဘက် ပြေးဆင်းမှဖြစ်မယ်''

မောင်အေးချမ်းသည် သရွက်ချောင်းကြီးထဲကို သွယ်တန်းစိုက်ဆင်းနေသော တောင်ကြောတန်းများ၏ အနေအထားကို ကြည့်၏။ ငါးနံရိုးကဲ့သို့ အသွယ်သွယ်ဖြာထွက်နေသည့် တောင်ကြောတန်းများထဲမှ ချောင်းဝကျကျ တောင်ကြောတန်းကြီးတစ်ခုကို ရွေးလိုက်၏။ ထို့နောက် ကားလမ်းကို အမြန်ဖြတ်ပြီး ယုမေလက်ကိုဆွဲကာ ထိုတောင်ကြောတန်းအတိုင်း အမြန်ဆုံးခြေလှမ်းများဖြင့် ပြေးဆင်းလာကြလေသည်။

မည်မျှအထိပင် ပြေးဆင်းသော်လည်း သည်နေ့အဖို့ သရွက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ရောက်နိုင်တော့မည် မဟုတ်ပေ။ အဆင်ပြေမယ့် တစ်နေရာတွင် ညအိပ်ရဖွယ် ရှိသည်။ ထို့ကြောင့် အချိန် နှစ်နာရီမျှမြန်သော ခြေလှမ်းများဖြင့် ပြေးဆင်းကြပြီးနောက် တောင်ကြောတန်းကြီး၏ လက်ဝဲဘက်(ချောင်းဘက်)ကို ဖွဲဆင်းကြသည်။

ကံကောင်းချင်တော့ တောင်ကမ်းပါးယံတွင် ခေါင်းတက်နေသော တောမြောက်ဥကြီး တစ်ဥကို တွေ့ရ၏။ ထို့ကြောင့် မောင်အေးချမ်းက သစ်သားတစ်ချောင်းကို ခုတ်ယူပြီး တောမြောက်ဥကြီးကို တူး၏။ ရှိးမမြေကပွ၍ မြန်မြန်လည်း တူးသောကြောင့် ဆယ်မိနစ်ခန့်အတွင်းမှာပင် တစ်လံကျော်ရှည်ပြီး ခြေသလုံးခန့်ရှိသော တောမြောက်ဥကြီးကိုရ၏။

“ဟန်ကျပြီ ယုမေ။ တို့နှစ်ယောက် ညနေစာအတွက် ဒီတောမြောက်ဥကြီးကိုပဲ အားကိုးရမယ့် သဘောကို သက်ရောက်နေပြီ”

“ဒါကြီးကို ဘယ်လိုလုပ်ပြီး စားရမလဲ ကိုကို”

“ယုမေ တောမြောက်ဥကို တစ်ခါမှ မစားဖူးဘူးလား”

ယုမေကခေါင်းခါ၏။ ထို့နောက်

“အိမ်မြောက်ဥကိုတောင် အမ်းရောက်မှ မြင်ဖူး၊ စားဖူးတာ”

“တောမြောက်ဥလည်း အိမ်မြောက်ဥလိုပါပဲ။ ချက်စား၊ ပြုတ်စား၊ ကြော်စား၊ မီးအုံးစား။ ဘယ်လိုပဲစားစား အရသာရှိပါတယ်။ မုန့်တစ်မျိုးမျိုးကိုစားရသလို အဆာလည်းခံနိုင်တယ်”

တောမြောက်ဥကြီးကို ဖက်နှင့်လိပ်ထမ်းပြီးဆက်သွားကြရင်း ချောင်းလက်တက်တစ်ခုသို့ ရောက်လာကြ၏။ ကံကောင်းချင်တော့ ရေချိုငါးများ မည်းမည်းလှုပ်နေသည့် ကျောက်အိုင်တစ်အိုင်ကို တွေ့ရသည်။ မောင်အေးချမ်း ဝါးတစ်လုံးကို ခုတ်ပြီး အဖျားပိုင်းကို လေးမွှာမွှာ၍ အချွန်ဖြစ်အောင် ပြုလုပ်၏။ ထို့နောက် ဝါးရွက်စိမ်း တစ်ဆုပ်ကို လုံးချေပြီး ကျောက်အိုင်ထဲသို့ ပစ်ချလိုက်သည်။ ရေချိုငါးများ အစာမှတ်ပြီး အုံခဲရောက်လာချိန်တွင် ငါးအုပ်ထဲသို့ ဝါးချွန်ကို တအား ပစ်သွင်းလိုက်၏။ ဝါး(မွှာ)ချွန် လေးခုတွင် ငါးလေးကောင်စိုက်၍ ငါလာလေသည်။ တစ်ကောင်လျှင် အစိတ်သား၊ နှစ်ဆယ်သားခန့် ရှိသည်။

ယုမေက ဝမ်းသာအားရဖြင့် တောက်တောက်ကလေး ထခုန်ရင်း မောင်အေးချမ်းအား ဖွဖွဖက်ကာ တိုးတိုးမေး၏။

“ကိုကို့မှာ ငါးလည်းရပြီ၊ တောမြောက်ဥလည်း ရပြီ။ ဘယ်အိုး ဘယ်ဆန်နဲ့ ချက်စားကြမှာလဲ”

“ထမင်းမစားရတာက လွဲရင် အဆာပြေတစ်ခု စားလို့ရအောင် ငါ ဖန်တီးမယ်။ ယုမေကြည့်နေပါ။ ကိုယ်က တောထဲမှာ ကြာကြာ ကျင်လည်နေဖူးသူဆိုတော့ ထမင်းငတ်ပေမယ့် ယုမေကို အစာမငတ်စေရပါဘူး”

ယုမေက သဘောကျပြီး ခပ်ယဲ့ယဲ့လေးပြုံးကာ မောင်အေးချမ်း၏ လက်မောင်းကို ဆုပ်၏။ တဒင်္ဂ၌ လူဆိုးတို့၏ လက်တွင်းမှ သေဘေးကို ရှောင်ကွင်းပြေးလွှားနေကြရသည့် အဖြစ်ကိုပင် မေ့လျော့နေကြသည်။

မောင်အေးချမ်းက မီးတစ်ဖိုဖိုပြီး ငါးနှစ်ကောင်ကိုခွဲကာ ကင်လိုက်၏။ ထို့နောက် ဝါးရွက်များကို မီးပုံ၌ပြီး ရလာသောပြာများကို ဝါးလုံးကျည်တောက်များတွင်ထည့်ကာ ရေဖြည့်ပြီး ထောင်ထားလိုက်သည်။

“အဲဒါက ဘာလုပ်တာလဲ ကိုကို”

“ဆားရည် လုပ်မလို့ပေါ့”

ယုမေသည် ဝါးပြာများကို ထည့်စိမ်ထားသော ရေကို လက်ညှိုးဖြင့် ကော်ယူပြီး လျှာမှာတို့ကြည့်သည်။

“ဟယ် ... တကယ် ငန်တာပဲ။ တကယ့်ဆားကို ရေဖျော်ထားတာ ကျနေတာပဲ”

မောင်အေးချမ်းက တောမြောက်ဥကြီးကို ဓားဖြင့်ပိုင်းယူပြီး အခွံကို ဓားနှင့်ခြစ်ကာ အတုံးကလေးများတုံးပြီး ဝါးလုံးကျည်တောက်ထဲ ထည့်သည်။ မီးကင်ထားသော ငါးနှစ်ကောင်ကိုလည်း အရိုးထွင်ကာ တောမြောက်ဥနှင့်ရော၍ ကျည်တောက်ထဲကိုထည့်သည်။ ထို့နောက် ဝါးပြာကို ထည့်စိမ်ထားသော ဝါးလုံးကျည်တောက်ကို ကြည့်လိုက်ရာ အနယ်ထိုင်နေ၍ အပေါ်ရေကို မြောက်ဥနှင့် ငါးကင်ရောထည့်ထားသော ကျည်တောက်ထဲသို့ တစ်ဝက်မျှ လောင်းထည့်လိုက်၏။

ကျန်သော ကျည်တောက်တစ်ဝက်မျှ ပြာရည်ကို ဘာမျှမလုပ်သေးသော ငါးနှစ်ကောင်ကို ဓားနှင့်မွှာပြီး ဆားပြာရည်ဖြင့် နယ်ဖတ်ကာ မီးကင်လိုက်၏။ မြောက်ဥထည့်ထားသော ဝါးလုံးကျည်တောက်ကိုလည်း ဖက်ရွက်ဖြင့်ဆို့ပြီး မီးဖုတ်လိုက်၏။ ထို့နောက် ကျောက်ကမ်းပါးယံတွင် ပေါက်၍ရှိသော ဒန့်ဒကောက်၊ ကျောက်ချဉ်၊ ချောင်းထဲက ဂျင်းရဲနုများကို ခူးယူပြီး



www.burmeseclassic.com

www.burmeseclassic.com

ရေဆွတ် ဖက်ဝိုင်းဖက်ရွက်ကြီးများဖြင့် ပတ်ကာ မီးမှာအုံ၏။ ထိုအထဲတွင် မုဆိုးငရုတ်များလည်းပါ၏။ အားလုံးကျက်သည်နှင့် ဖက်ရွက်များပုံပြီး ဦးစွာ တောစောင့်နတ်များကို တင်မြှောက်ပူဇော်ကာ စားသောက်ကြ၏။

စားသောက်ရင်း မောင်အေးချမ်းက ယုမေကို အကဲခတ်၏။ ယုမေက ဟိုနည်းနည်း၊ သည်နည်းနည်း စားသောက်ကြည့်ရင်းက ပြုံး၏။ ထို့နောက် ပြောသည်။

"ကိုကို့ရဲ့ စားစရာတွေက တစ်မျိုးလေးပဲနော်။ အရသာလည်းရှိတယ်။ ဒါမျိုးသာစားရရင် ထမင်းမစားရရင်တောင် နေနိုင်မယ့်သဘောပဲ"

ဟုဆိုကာ အားရပါးရစား၏။

"ဒါမျိုးလေး ဖန်တီးပြီး စားသောက်တတ်အောင် လေ့လာထားရတာပေါ့ ယုမေရဲ့။ ဘယ်အရာမျိုးမဆို လေ့လာထားရင် အရေးကြုံတော့ ထုတ်သုံးလို့ရတာပေါ့။ တို့ ဘာမှ မစားမသောက်ဘဲ သွားရင်လည်း ဒီနေ့ သရွက်ချောင်းဝကို မရောက်နိုင်တော့ဘူး။ ဒီတော့ ခရီးလည်းပန်း၊ ဘာမှလည်းမစားရရင် နောက်တစ်နေ့မှာ ဘယ်လိုမှ ဆက်သွားနိုင်ကြမှာမဟုတ်တော့ဘူး။ ဒါကြောင့် ဒါလေးစားသောက်၊ ညအိပ်ပြီး မိုးလင်းတဲ့အခါ လက်ကျန်ခဲ့တောမြောက်ဥနဲ့ အခုလို ငါးခြောက်လေးဖန်တီး၊ အခြားအရွက်အနုလေးတွေကိုပါ ဒီအတိုင်း ပြုလုပ်စားသောက်ပြီးမှ သရွက်ချောင်းကို ရောက်အောင်သွား၊ ချောင်းဝအတိုင်း စုန်ဆင်းရင် အမ်းချောင်းမကြီးကို မရောက်ရင်တောင်မှ တောထဲမှာ လျှော်ခွာ၊ ကြိမ်ခုတ်၊ သစ်ခုတ်၊ ဝါးခုတ်သမားတွေနဲ့တွေ့တတ်ပြီး ထမင်းစားရနိုင်ပါတယ်။ သရွက်ချောင်းဝကနေ အမ်းချောင်းမကြီးအတိုင်း နှစ်ရက်လောက် စုန်ဆင်းလိုက်ရင် တို့နှစ်ယောက် အမ်းမြို့ကို အေးဆေးပဲ ရောက်သွားနိုင်ပါတယ်"

"အင်း ... ကိုကိုက အရမ်းတော်တာပဲ။ စဉ်းစားမြော်မြင်လည်း ကြီးပါပေတယ်။ ဒါကြောင့် ယုမေက အသည်းနဲ့ ချစ်ရုံသာမကဘဲ ဘဝနဲ့လည်း ထပ်တူအားကိုးတာပါ။ ကိုကိုနဲ့ စတွေ့(သမီးရည်းစားဖြစ်)တဲ့နေ့ကစပြီးလည်း အရမ်းပဲပျော်ခဲ့ပါတယ်။ အဖအထစ်တွေ တစ်ပုံကြီးနဲ့ချည်း ရင်ဆိုင်နေရလို့ ဘဝရသာတွေကိုလည်း တစ်ပုံကြီး ခံစားခဲ့ရပါတယ်။ အခုလည်း ကြည့်။ လူဆိုးတွေလက်ထဲကို မကျရောက်အောင် အသက်ကိုလုပြီး ရခိုင်ရိုးမကြီးထဲမှာ အငတ်ငတ်အပြတ်ပြတ်နဲ့ ရင်ဆိုင်ထွက်ပြေးနေကြရပြန်ပြီ။ ဒါကြောင့် ကိုကိုရယ် ... ယုမေတို့ ဘယ်ဘဝကိုပဲရောက်ရောက် ဒီအဖြစ်တွေကို မမေ့နဲ့နော်။ အသက်ရှင်နေသမျှကာလပတ်လုံး ဒီအဖြစ်လေးတွေကို အမြဲမြဲလိုလိုပဲ သတိရနေကြအော ် သိလား။ ဒီ အကြောင်းတွေကို အရင်လည်း ယုမေ ပြာခဲ့ဖူးပါပြီ"

မောင်အေးချမ်းက ခေါင်းညိတ်၏။ စားသောက်ပြီးနောက် ဝါးလုံးကျည်တောက်ဖြင့်ပင် ရေနွေးကျိုကြသည်။ အနီးအနားက မုဆိုးလက်ဖက်ရွက်ကို ခူးယူပြီး မီးကင်ကာ လက်ဖက်ခြောက်အဖြစ် ခတ်သောက်ကြသည်။

"ဒါလေးလည်း မဆိုးဘူး ကိုကိုရဲ့။ တစ်မျိုးလေးပဲ။ မွှေးတေးတေး အရသာလေးလည်း ရှိတယ်"

မောင်အေးချမ်းက ရေနွေးသောက်ရင်း အိပ်ရာတစ်ခု ရရှိရေးကို ကြည့်သည်။ အနီးအနားတွင် သစ်ပင်ကြီးကို နွယ်ချုံပတ်၍တော့ ရှိသည်။ ၎င်းနွယ်ချုံကြီးမှာပင် လင့်အိမ်ထိုးလုပ်ပြီး ညအိပ်ရပေလိမ့်မည်။ သစ်ပင်ကြီးကလည်း ပဒေသာပင်ကဲ့သို့ နွယ်ပင်များ တောက်လျှောက်ပတ်၍ ဆိုင်းနေသောကြောင့် လင့်အိမ်လုပ်ရမည်မှာ သိပ်ပြီး အခက်အခဲမရှိနိုင်ပေ။

တစ်ခုသတိထားရမည်မှာ ဝါးလုံးများကို ခုတ်ယူပြီး လင့်အိမ်ပြုလုပ်ရာ၌ အတတ်နိုင်ဆုံး လက်စခြေစမထင်စေရန် အထူးဂရုစိုက်ရပေလိမ့်မည်။ မောင်အေးချမ်းတို့နောက်မှ လူဆိုးများ ခြေရာခံပြီးလိုက်လာကြလျှင် အလွယ်တကူ မသိနိုင်ရေးကို ကြိုတင်တွက်ချက်ပြီး လုပ်ကိုင်နိုင်မှ တော်ရုံကျပေမည်။

မောင်အေးချမ်း ဝါးများကို ခုတ်ယူပြီး သစ်ပင်နွယ်ချုံကြီး၏ အမြင့်ပိုင်းတွင် လင့်အိမ်တစ်ခုကို ထိုးလုပ်၏။ ဝါးလည်းပေါ၊ သစ်ပင်နွယ်ချုံကြီးဖြစ်၍ အတက်အဆင်းလည်း လွယ်ကူသောကြောင့် တစ်နာရီမျှ အတွင်းမှာပင် လင့်အိမ်တစ်ခု ထိုးလုပ်၍ ပြီးသွားလေသည်။ ထိုအချိန်၌ မိုးလည်းချုပ်လေသည်။

မောင်လေးချမ်းက လင့်အိမ်ပေါ် မတက်မီ ခုတ်စထစ်စ မီးဖိုနေရာစသည်များကို အတတ်နိုင်ဆုံး ဖြေဖျောက်၏။ ဝါးရွက်ခြောက်များဖြင့် ဖုံး၏။ လက်ရာ ခြေရာများကို ဖျက်၏။ ထို့နောက် ရေကျည်တောက် တစ်ယောက်တစ်ခုကို ဘေးမှလွယ်ပြီး လင့်အိမ်ပေါ်ကို တက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

လင့်အိမ်ပေါ်သို့ရောက်၍ မောင်အေးချမ်း ဘုရားရှိခိုးနေချိန်တွင် ယုမေက ဘုရားကို အကျဉ်းမျှရှိခိုးပြီး ခြေဖျားလေးထောက်ကာ နှင်းတွေ တဝေဝေဖြင့် မှောင်ရီသန်းစ ပြုလာနေသော ရခိုင်ရိုးမကြီးကို တမျှော်တခေါ် ကြည့်နေလေသည်။ မောင်အေးချမ်း ဘုရားရှိခိုးပြီးမှ အနားသို့လာပြီး ခွေခွေလေး အိပ်၏။

နွေခေါင်နွေဖျား မိုးနားနီးသည့် အချိန်မှာပင် တောနက်ကြီးဖြစ်သော ရခိုင်ရိုးမကြီး၏ သဘောအတိုင်း နှင်းတဖြောက်ဖြောက် ကျလာလေ၏။ မောင်အေးချမ်းက အိပ်မပျော်မီ ခေါင်းနှင့်ခြေထောက်များကို အဝတ်ခြောက်ဖြင့်ပတ်လိုက်၏။ ယုမေကိုလည်း ထိုအတိုင်း လုပ်ပေးလိုက်သည်။ ခေါင်းအုံးသည်ကား ဝါးလုံးနှစ်လုံးကို နီးဖြင့်ပူးချည်ထားသည်မျှသာ။

"ကိုကို အဝတ်ခြောက်တွေနဲ့ ခေါင်းခြေတွေကို ဘာလို့ ပတ်တာလဲ"

"ခေါင်းနဲ့ခြေထောက်တွေက နှင်းစိုပြီး အေးလို့မဖြစ်ဘူး ယုမေရဲ့။ ကျန်းမာရေးပျက်တတ်တယ်။ လူတွေ ကျန်းမာရေးပျက်တာဟာ အများအားဖြင့် ခေါင်း၊ ခြေထောက် အေးလို့ပဲ။ တို့က ဒီအချိန်မှာ လုံးဝ ကျန်းမာရေးပျက်ပြီး နေထိုင်မကောင်း အဖြစ်မခံနိုင်ဘူးလေ"

မောင်အေးချမ်း အိပ်မပျော်မီ ပစ္စုပ္ပန်ကာလတွင် ကြုံတွေ့နေရသည့် ကိစ္စကို အထပ်ထပ်အခါခါ စဉ်းစား၏။ ဤလူဆိုးများသည် မောင်အေးချမ်း၏ အသက်ကို အန္တရာယ်ပြုနေကြခြင်းမှာ သူတို့လူတစ်ယောက်ကို သတ်ပုတ်ပြီး ရဲလက်အပ်လိုက်ရုံ သက်သက်ဖြင့် မဖြစ်နိုင်ပေ။ သူတို့၏ ဆေးခြောက်လုပ်ငန်းကြီး ဘွားဘွားပေါ်မည် စိုး၍သာ ဖြစ်၏။

မောင်အေးချမ်း အနေဖြင့်လည်း ဤရန်သူကြီးများကို မွေးထားသလိုမျိုး အဖြစ်ခံ၍မရနိုင်သည့်အဆုံး မိမိအတွက်လည်း အန္တရာယ်ကင်းအောင်၊ ဆေးခြောက်ကိစ္စကြီးလည်း ချုပ်ငြိမ်းသွားအောင် အတတ်နိုင်ဆုံး မြန်မြန်ဆန်ဆန်ဆောင်ရွက်မှ ဖြစ်ပေတော့မည်။ လက်နှေးလက်တွန့်ပြီး ကြောက်ရွံ့နေ၍ မရတော့။

❑

မောင်အေးချမ်း အိပ်ပျော်နေရာ မှ နိုးလာသောအခါ ငှက်သံ၊ ကျေးသံများကိုပင် ကြားနေရ၏။ ထို့ကြောင့် နှင်းအုပ်ဆိုင်းနေ၍ အဝေးသို့ မမြင်နိုင်သေးသော်လည်း မိုးလင်းနေပြီဟု သိလိုက်သည်။ မောင်အေးချမ်း ယုမေကိုနှိုးပြီး မျက်နှာသစ်၊ ဘုရားရှိခိုးကာ လင့်အိမ်ပေါ်မှ ဆင်းလာကြသည်။

မနေ့ကအတိုင်းပင် ဝါးရွက်များကိုလုံးချေပြီး တစ်ထွေးကြီး အိုင်ထဲပစ်ချ။ အစာငတ်နေသော ရေချိုငါးများ အုံဖွဲ့၍ ရောက်လာကြသည်ကို ဝါးချွန်ဖြင့် လိုသလောက် ထိုးယူပြီး မနေ့ကအကျန် တောမြောက်ဥဖြင့် စားစရာအဖြစ်ဖန်တီးကာ စားသောက်လိုက်ကြသည်။ စားသောက်ပြီးချိန်တွင် မနက် ၈ နာရီခွဲနေလေပြီ။ နေကိုလည်း ကောင်းစွာမြင်ရပြီ။

ထို့နောက် မနေ့ကအတိုင်း လက်ရာ၊ ခြေရာများကိုဖျက်ကာ တစ်ညတာ တည်းခိုစားသောက် အနားယူခဲ့ကြသော တောစခန်းလေးမှ ထွက်လာခဲ့ကြသည်။ ချောင်းလက်တက်အတိုင်း စုန်ထွက်လာခဲ့ကြသည်။ နာရီဝက်ခန့်တွင် သရွက်ချောင်းမကြီးကို ရောက်သည်။ သရွက်ချောင်းမကြီးသည်ကား အတော်လေးပင် ကျယ်ပြန့်၏။ သဲတောင်တန်းကြီးများလည်း ဘော်ငွေရောင်သန်းလျက် တစ်မျှော်တစ်ခေါ် ရှိသည်။

နွေကုန်ခါနီးဖြစ်၍ တောင်ကျရေ အားနည်းနေသော အချိန်ကြောင့် တောင်တန်းများကို ဖြတ်ကူးကြရာတွင်လည်း သိပ်ပြီး အခက်အခဲမရှိပေ။ ထို့ကြောင့် ခရီးတွင်၏။ မောင်အေးချမ်း ခပ်သုတ်သုတ်သွားနေရင်း ကြည့်သည်။ လူခြေရာအချို့ကို တွေ့ရ၍ သည်အနီးဝန်းကျင်၌ တောလုပ်သားများရှိနိုင်ကြောင်းကို ခန့်မှန်းမိ၍ အားတက်သွားသည်။

လူများနှင့်တွေ့လျှင် ထမင်းလည်းစားရနိုင်သည်။ မည်သည့်အစားအစာကို စားသောက်ရသည်ဖြစ်စေ သရေစာသဘောမျှသာဖြစ်ပြီး ထမင်းလောက် အာဟာရမဖြစ်ပေ။ ယခုပင် တောမြောက်ဥကို ငါးကင်ဖြင့် ရောကျိုက် နှစ်နပ်မျှစားသောက်ပြီး ထမင်းကိုလွတ်ခဲ့ရ၍ ပင်ကိုနှင့်မတူသော အားအင်လျော့နည်းခြင်းကို သတိပြုမိသည်။ ဗိုက်ထဲတွင် အစာပြည့်နေသော်လည်း ထမင်းကိုစားထားသကဲ့သို့ တင်းတိမ်ခြင်းမရှိသလို အားအင်များလည်း သိသိသာသာ လျော့နည်း၍နေ၏။

*(ဆက်လက်ဖော်ပြပါမည်။)*

**မင်းဟိန်းထိပ်**



www.burmeseclassic.com

www.burmeseclassic.com

# မြေငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း နှင့် ကြုံတွေ့နေရသော နိုင်ငံအချို့

မြသိန်း





ကမ္ဘာ့ သဘာဝဘေးအန္တရာယ်ဆိုးကြီးများတွင် မြေငလျင်လှုပ်ခြင်း၊ မိုးရွာရေလျှံရေကြီးခြင်းများ ပါဝင်၏။ မိုးရွာရေလျှံရေကြီးခြင်းသည် မိုးရာသီတွင် အဖြစ်များပြီး မြေငလျင်လှုပ်ခြင်းမှာမူ ရာသီမရွေး ဖြစ်ပေါ်၏။

၂၀၁၄၊ ဩဂုတ်လ ၃ ရက်နေ့တွင် တရုတ်ပြည်၊ ယူနန်ပြည်နယ် အနောက်တောင်ပိုင်း၌ အင်အား ၆.၅ ရှိသော မြေငလျင်ကြီးတစ်ခု လှုပ်သွားရာ လူပေါင်း ၄၀၀ နီးပါး သေဆုံးပြီး ထောင်ဂဏန်းရှိသော လူများ ဒဏ်ရာများ ရသွား၏။ အချို့ အိုးအိမ်များမှာ မြေပေါ်တွင် ပြားပြားဝပ်သွား၏။

ဘေကျင်းမြို့ရှိ သတင်းဌာနများ အဆိုအရ ထိုမြေငလျင်သည် ယူနန်ပြည်နယ်တွင် လှုပ်ခဲ့သော ငလျင်များ အနက် ၁၄ နှစ်အတွင်း အပြင်းထန်ဆုံး ဖြစ်ကြောင်း သိရ၏။

ဇိုတောင်းမြို့ကို ဗဟိုပြု၍ လှုပ်သွားသည့် ထိုမြေငလျင်သည် လူဦးရေ ၁.၀၈ သန်းကို ထိခိုက်သွားစေပြီး လူပေါင်း ၂၃၀,၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အိုးအိမ် တိုက်တာပေါင်း ၈၀,၀၀၀ ခန့် ပြိုလဲပျက်စီးသွား၏။

တရုတ်ခေါင်းဆောင်များသည် အဆိုပါ မြေငလျင်လှုပ်ရာဒေသသို့ အမြန်ဆုံးသွား၍ ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ဆောင်ပေးလျက်ရှိ၏။

မိုးတွင်းကာလလည်း ဖြစ်သောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းကိုလုပ်ရာတွင် နှောင့်



www.burmeseclassic.com


www.burmeseclassic.com



နေးမှုများ ရှိသည်ဟု သိရ၏။

ဒဏ်ရာရသူများကို ဆေးဝါးကုသရာ၌ ဆေးဝါးများနှင်က ဘေးဒုက္ခသည်များအတွက် ရေ၊ အစားအစာနှင့် နေစရာတဲများကိုလည်း ကယ်ဆယ်ရေးအဖွဲ့များသည် နေ့မအား ညမနား ဆောင်ရွက်ပေးနေကြရ၏။

မြေလျှောင်ကြီး လွှပ်ပြီးနောက် နောက်ဆက်တွဲ မြေလျှင်ငယ်များသည် ၄၁၁ ကြိမ်ထက်မနည်း လှုပ်သည်ဟု သတင်းဌာနများက သတင်းများ ရေးသားထား၏။



တရုတ်ပြည်အနောက်ပိုင်း ဒေသသည် ယူရေးစီယန်နှင့် အိန္ဒိယမြေချပ်လွှာကြီးများဆုံရာ၌ တည်ရှိသောကြောင့် အဆိုပါ မြေချပ်လွှာများ လှုပ်ရှားပြီး တစ်ခုနှင့်တစ်ခု ထိခိုက်ပွတ်တိုက်မိတိုင်း ငလျှင်လှုပ်လေ့ရှိ၏။

၁၉၇၄ တွင် ထိုဒေသ၌ အင်အား ၆.၈ ရှိသော မြေငလျင်လှုပ်ခဲ့မှုကြောင့် လူပေါင်း ၁,၅၀၀ ခန့် သေဆုံးခဲ့သည်။

၂၀၁၄၊ ဩဂုတ်လအလယ်၌လည်း အိန္ဒိယပြည်မြောက်ပိုင်းနှင့် နီလာနိုင်ငံတွင် မုတ်သုံမိုးကြောင့် ရေကြီးရေလျှံဖြစ်ကာ ကျေးရွာပေါင်း ၂၀၀ ကျော် ရေဘေးသင့်ပြီး လူပေါင်း ၉၀ ကျော် ရေနစ်သေဆုံးခဲ့၏။

ရေကြီးရေလျှံခြင်းနှင့်အတူ မြေပြိုခြင်းများကလည်း လိုက်ပါလာ၏။

ယခုနှစ်တွင် အိန္ဒိယပြည် မြောက်ပိုင်း၌ မိုးရွာသွန်းမှုသည် ငါးနှစ်အတွင်း အများဆုံးဖြစ်သည်ဟု အိန္ဒိယမိုးလေဝသသတင်းဌာနကသတင်းထုတ်ပြန်၏။

မိုးကြီးရေလျှံမှုကြောင့် ထိုဒေသများ၏ စီးပွားရေးလုပ်ငန်းအတွက် အားထားရသော ကြံခင်းများ ပျက်စီးကုန်၏။

နီပေါတွင် ရေကြီးမှုကြောင့် လူပေါင်း ၁၀၀ ကျော် ပျောက်ဆုံးနေ၏။ ရေကြီးခြင်းကြောင့် ဝမ်းရောဂါမဖြစ်ရန် ကျန်းမာရေးဝန်ထမ်းများသည် အထူးဂရုတစိုက် ကျန်းမာရေးလုပ်ငန်းများကို လိုက်လံလုပ်ဆောင်ပေးနေကြရ၏။

မြသိန်း

***(TST-5.8.2014 / BKP - 18.8.2014)***



www.burmeseclassic.com

www.burmeseclassic.com

# ထိုခေတ်က
## စာမူခ ၁၀ိ ပေးခဲ့သော
# ပြစ်မှုမဂ္ဂဇင်း
# ဆရာနီလေးမောင်
/နှင့်/
# ကျွန်တော်



**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

လွန်ခဲ့သော ၁၉၆၄-၆၅ ခုနှစ်အတွင်း စာရေးသူသည် ပြစ်မှု၊ သင့်ဘဝ၊ တိုင်းရင်းမေ···အစရှိသော မဂ္ဂဇင်းများတွင် စတင်၍ ဆောင်းပါးများ ရေးသားခဲ့ပါသည်။ စာရေးသူရရှိခဲ့သော စာမူခများမှာ ၁၀ ကျပ်၊ ၁၅ ကျပ် မျှသာ ဖြစ်ပါသည်။ ပြစ်မှုမဂ္ဂဇင်းတိုက်က စာမူခ ၁၀ ကျပ်ပေးပြီး၊ တိုင်းရင်းမေမဂ္ဂဇင်းကတော့ စာမူခ ၁၅ ကျပ်ပေးပါသည်။ သင့်ဘဝမဂ္ဂဇင်းကလည်း ၁၀ ကျပ်ပေးပါသည်။ ဗိုလ်တထောင်၊ ကြေးမုံ၊ မြန်မာ့အလင်းတွင်လည်း ဆောင်းပါးများ ရေးခဲ့ဖူးသော်လည်း စာမူခမတောင်းခဲ့မိသဖြင့် စာမူခ မရဖူးပါ။ မည်မျှပေးသည်ကိုလည်း မသိပါ။

စာရေးသူသည် ဥပဒေပညာသင်လိုသဖြင့် စာရေးသူနေထိုင်ရာ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ တက်ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ပင်းယဆောင်၊ အင်းဝဆောင်၌ ကျောင်းအိပ်ကျောင်းစားဘဝဖြင့် ဥပဒေပညာ သင်ကြားခဲ့ရပါသည်။

၁၉၆၅ ခုနှစ်မှစပြီး ပြစ်မှုမဂ္ဂဇင်းတွင် စာစရေးခဲ့ပါသည်။ ဥပဒေဆောင်းပါးများ စရေးခဲ့ပါသည်။ နိုင်ငံတော်ပုန်ကန်မှု ပြစ်မှုပုဒ်မ(၁၂၂) ဥပဒေဆောင်းပါးသည် စာရေးသူ၏ ပွဲဦးထွက်ဆောင်းပါးပင် ဖြစ်ပါသည်။

ထိုစဉ်က ပြစ်မှုမဂ္ဂဇင်းမှာ ကမာရွတ်၊ လှည်းတန်း၊ စိတ္တသုခလမ်း၊ စံပယ်ခြံတွင် ရိုက်နှိပ်ထုတ်ဝေခဲ့၏။ ဆရာကြီး ဦးဘသော်၏ သစ်သားပျဉ်ထောင်နေအိမ်ကြီး၏ ဘေးနားတွင် အပြီချကာ တဲအိမ်ကလေး၌ ဆရာနီလေးမောင်



www.burmeseclassic.com

www.burmeseclassic.com

က စာတည်းဖြတ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

စာရေးသူ စာမူပါလာသည့်အခါ စာရေးသူသည် ၎င်း၏ပယ်ခြံသို့ အင်းဝဆောင်မှ လမ်းလျှောက်သွားပြီး၊ ဆရာဦးနီလေးမောင်ထံ စာမူခသွားထုတ်ပါသည်။ ထိုစဉ်က အယ်ဒီတာမှာ စာမူခငွေကြေးမကိုင်ရပေ။ စာရေးသူ စာမူခလာထုတ်သောအခါ ဦးနီလေးမောင်က စာရေးသူကို ခေါ်ပြီး ဆရာကြီးဦးဘသော်၏ နေအိမ်ကြီးပေါ်သို့တက်ရောက်၍ စာမူခထုတ်ယူရ၏။ ဆရာကြီးဦးဘသော်က နေမကောင်း၍ ပက်လက်ကုလားထိုင်တွင် အမြဲလိုနေ၊ အိပ်နေတတ်သည်။ ဆရာမကြီးဒေါ်မလေးကသာ စာမူခ ထုတ်ပေးလေ့ရှိ၏။ စာမူခမှာ ငွေ ၁၀ ကျပ်မျှသာ ဖြစ်ပါသည်။ သို့ရာတွင် ထိုခေတ်က ငွေကျပ် ၁၀ သည် အလွန်တန်ဖိုးရှိပါသည်။ ထမင်းတစ်ပွဲ အဝစား တစ်ကျပ်ခွဲ၊ နှစ်ကျပ်မျှသာဖြစ်၍ ထမင်းငါးနပ်၊ ခြောက်နပ်စာ စားလို့ရပါသည်။

ထိုစဉ်က ဆရာဦးနီလေးမောင်မှာ ကက်ကတုံးနှင့် ပိန်ပိန်ပါးပါး၊ အသက် ၂၅ နှစ်ခန့် အသက်အငယ်ဆုံး အယ်ဒီတာဖြစ်ပါသည်။ စာရေးသူထက် တစ်နှစ်ကြီးပါသည်။ သဘောအလွန်ကောင်း၏၊ ရိုးသား၏။

ထိုပြစ်မှုမဂ္ဂဇင်းတွင် စာရေးသူသည် ၁၉၆၅ ခုနှစ်မှ ဆက်၍ စာရေးသားခဲ့ရာ ၁၉၇၀/၇၁ ခုနှစ်အထိ ဖြစ်ပါသည်။ စာရေးသူသည် ၁၉၆၉ ခုနှစ်တွင် ဥပဒေဘွဲ့ ရရှိပြီး မော်လမြိုင်မြို့သို့ ပြန်ခဲ့၏။ နောက်ပိုင်း၌ စာမူခများ မတောင်းခံခဲ့သဖြင့် စာမူခမရရှိတော့ပါ။ ပြစ်မှုမဂ္ဂဇင်းနှင့်လည်း အဆက်အသွယ်ပြတ်ခဲ့ရပေသည်။

စာရေးသူသည် ၁၉၉၅ ခုနှစ်တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်သောအခါ၌ ဆရာဦးနီလေးမောင်မှာ ပြစ်မှုမဂ္ဂဇင်းကို မကိုင်တော့ဘဲ ဖြစ်ရပ်မှန်မဂ္ဂဇင်းကို စတင်ထုတ်ဝေရာ စာရေးသူက ဆရာဦးနီလေးမောင်နှင့်ပြန်ဆက်မိပြီး ယင်းဖြစ်ရပ်မှန်မဂ္ဂဇင်းတွင် ဥပဒေဆောင်းပါးများ ဆက်ရေးခဲ့ရာ ယနေ့ထိတိုင်ဖြစ်သည်။ တစ်ချိန်တည်းတွင် ဆရာဦးသန့်နှင့် ဆက်မိပြီး ပြစ်မှုမဂ္ဂဇင်းတွင် ယနေ့တိုင် နိုင်ငံတကာ ပြစ်မှုသတင်းများနှင့် ဥပဒေဆောင်းပါးများ ဆက်ရေးသားလျက်ရှိပေသည်။ ဆရာဦးမောင်မောင်မြင့်အေးနှင့်လည်း သိခွင့်ရရှိခဲ့လေသည်။ ဆရာဦးမောင်မောင်မြင့်အေးက အားပေးသဖြင့် ပင်တိုင်ဥပဒေဆောင်းပါးရှင်အဖြစ် ရေးသားလျက်ရှိခြင်း ဖြစ်ပေသည်။

ဆရာဦးနီလေးမောင်သည် လွန်ခဲ့သော ၂၂ ·၈ · ၂၀၁၁ ခုနှစ်၊ ဆရာ အသက် ၇၃ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရပါသည်။ ညီအစ်ကိုလို ခင်မင်ခဲ့သော ဆရာဦးနီလေးမောင်မှာ စာရေးသူနှင့် ထာဝရ ခွဲခွာလို့ သံသရာခရီးသို့ သွားခဲ့ပေပြီတကား · · ·။

သို့သော် · · ·ဆရာဦးနီလေးမောင် မကွယ်လွန်မီ ကွယ်လွန်လုဆဲဆဲ ပြောခဲ့သော စကား၊ မှာတမ်းလေးမှာ စာရေးသူတစ်သက် မမေ့နိုင်၊ မမေ့ကောင်းပေ။ ဆရာဦးနီလေးမောင် သေခါနီးဆဲဆဲ ပြောခဲ့သောစကားမှာတမ်းလေးကတော့ · · ·

“မရဏသေမင်းက ကျွန်ုပ်၏ပိုင်နက်အတွင်းသို့ ဇွတ်အတင်း ချဉ်းနင်းဝင်ရောက်လာပြီ။ ဖိတ်စာတွေ တဖွဲဖွဲ ပို့နေပြီ။

ထိတ်လန့်ချောက်ချားပြီလို့ မထင်နဲ့ ရှင်သေမင်း။

ငါ့နောက်မှာ စာပေလောကသားတွေရှိတယ်။ စာပေလောကမှာ ခြေချတဲ့ ငါ့ရဲ့စေတနာကို သိတယ်။

ငါဟာ စာပေချစ်သူများကို၊ စာပေလောကကို နိုင်သလောက် ကူညီခဲ့တယ်။ အချိန်တန် အိမ်ပြန်ရတာ မဆန်းဘူး ရှင်သေမင်း။

အေး · · ·ငါချစ်တဲ့ စာပေလောကနဲ့ ငါချစ်တဲ့ စာချစ်သူတွေ၊ စာပေမိတ်ဆွေတွေကို ခွဲရမှာတော့ ဝမ်းနည်းတယ်။

*နီလေးမောင်*

*၁၆ · ၈ · ၂၀၁၁၊ နံနက် ၄း၀၀ နာရီ၌ ရေးခဲ့မှာခဲ့ပေသည်။*

ယင်းမှာတမ်းကလေးကို စာရေးသူက မကြာခဏ သတိရ၊ အမှတ်ရမိပါသည်။ စာရေးသူတစ်သက် မမေ့နိုင်ပါသော တန်ဖိုးရှိစကား၊ အမှာတမ်းလေးပါတကား။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com




# နိုးရာပါပစ္စည်း လက်ခံမှု

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

"နိုးရာပါပစ္စည်း" ဆိုသည်မှာ လူသူမသိ နိုးယူ၊ ဝှက်ယူလာသည့် ပစ္စည်းများသာမကဘဲ ခြောက်လှန့် တောင်းယူလာသော ပစ္စည်းများ၊ သို့မဟုတ် အတင်းအဓမ္မ နည်းဖြင့် လုယူလာသော ပစ္စည်းများလည်း ပါဝင်လေသည်။ ယင်းပစ္စည်းများတို့ကို ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း၊ တောင်းယူခြင်းဖြင့်သော်လည်းကောင်း လက်ခံလျှင် နိုးရာပါပစ္စည်းကို လက်ခံမှုဟု မည်ပေသည်။

ယင်းသို့ နိုးရာပါပစ္စည်းကို သိလျက်နှင့် လက်ခံလျှင်၊ သို့မဟုတ် မရိုးမဖြောင့်သော သဘောနှင့် လက်ခံခြင်းပြုပါက နိုးရာပါပစ္စည်း လက်ခံမှုမြောက်ပြီး အပြစ်ရှိသည်ဖြစ်၍ အပြစ်ဒဏ်မှာ ထောင်ဒဏ်(၃)နှစ်နှင့် ငွေဒဏ်ကျခံကြရမည်ဖြစ်သည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၁)

တစ်ဖန် ဓားပြတိုက်မှု ကျူးလွန်ရာတွင် ရရှိသည့် နိုးရာပါပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံခြင်းပြုလျှင် အပြစ်ရှိသဖြင့် အပြစ်ဒဏ်မှာ ထောင်ဒဏ်တစ်သက်၊ သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ် အလုပ်ကြမ်း ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်း ပေးဆောင်ကြရမည်ဖြစ်ပါသည်။ (ပြစ်မှုပုဒ်မ-၄၁၂)

ထို့ပြင် နိုးရာပါပစ္စည်းကို အမြဲတစေ ရောင်းဝယ်ဆက်ဆံခြင်းပြုလျှင် ထောင်ဒဏ်တစ်သက်၊ သို့မဟုတ် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ်ချမှတ်ခြင်းခံရပေမည်။ (ပြစ်မှုပုဒ်မ-၄၁၃)

အကယ်၍ နိုးရာပါပစ္စည်းကို သိမ်းဝှက်ရာတွင် ကူညီလျှင်၊ အားပေးလျှင် ထောင်ဒဏ်(၃)နှစ်နှင့် ငွေဒဏ်ကျခံကြရမည် ဖြစ်ပါသည်။ (ပြစ်မှုပုဒ်မ-၄၁၄)

ယင်းနိုးရာပါပစ္စည်းသည် ဥပဒေအရ လက်ရှိဖြစ်ထိုက်သူ၏ လက်ထဲသို့ နောက်ပြန်လည်ရောက်ရှိသည့် အခါကျမှသာလျှင် နိုးရာပါပစ္စည်းအဖြစ်မှ ရပ်စဲသည် မည်ပေသည်။ (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၄၁၁ နိုးရာပါပစ္စည်း လက်ခံမှု၏ အနက်ဖွင့်ဆိုချက်)

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

(၁) ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး ကိုဋ္ဌဥပဒေ) (၁၉၆၈ ခုနှစ်) ထုတ်ဝေ

(၂) မြန်မာနိုင်ငံ တရားစီရင်ထုံး (၂၀၁၂ ခုနှစ်) ဦးမြအောင် Vs U.B.R အမှုစီရင်ထုံး။ စာမျက်နှာ(၃၈)



www.burmeseclassic.com

www.burmeseclassic.com

မွေတက်သော အမွေ

# ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# မြွေတက်သော အမွေ

(ယခင်လမှအဆက်)

ကျော်မြသန်း

(ခုနစ်)

မနက် အိပ်ရာထကတည်းက စိတ်လှုပ်ရှားနေသည်။ အမှုအတွက် မဟုတ်။ အစ်မဖြစ်သူနှင့် ညီမဖြစ်သူတို့ လာကြမည်။

အပိုပါလာသည့် ခပ်လတ်လတ် အင်္ကျီလုံချည်များ လဲလှယ်ဝတ်ဆင်သည်ကလွဲလို့ ဖရိုဖရဲ ညှဉ်းသိုးသိုးနှင့် ညှိုးနွမ်းရိပ်ထင်နေမည့် သူ၏ရုပ်သွင်ကိုမူ ပြောင်းလဲ၍ မရ။

အစားအသောက်၊ အအိပ်အနေကြောင့် နဂိုကိုယ်လုံးကိုယ်ထည်ထက် လျော့ပါးသွားသည်ကို ချပ်ချပ်ရပ်ရပ် မရှိသည့် အင်္ကျီက ပုံရိပ်ဖော်ပေးနေဘိသို့ ရှိ၏။ ရုပ်ပျက်ဆင်းပျက် ရှိနေလိမ့်မည်ပါ။

သူက လူသတ်မှုတရားခံ အမှုကြီးသမား။ လက်ထိတ်မခတ်လို့ မရ။ ပြီး ခုမှ ရုံးထွက်စ ရှိသေးသည်။

တရားရုံး၊ အချုပ်ခန်းကနေ တရားခွင် ရုံးခန်းထဲအထိ လက်ထိတ်တန်းလန်းနှင့် သွားရသည်။ အဲဒီ အခိုက်အတန့်အတွင်းတော့ နားလည်မှု လုပ်လို့မရ။ တရားရုံး စင်္ကြံများမှာ ဥဒဟိုသွားလာနေသူတွေ ရှိသည်။ လူတွေကြားထဲမှာ အရှောင်အတိမ်း လုပ်လို့ရသည်။

ဟိုတုန်းက ရန်ကုန်ခရိုင် စက်ရှင်တရားရုံးအပါအဝင် (၁၀) ရာဘက် တရားရုံးများသည် လည်းကောင်း၊ ရဲမင်းကြီး၊ ရဲတပ်ဖွဲ့ အထူးဌာနခွဲရုံးများ၊ ကော်လိုက်တာရုံး၊ သမာဓိတရားသူကြီးရုံး၊ ဟံသာဝတီခရိုင်ဝန်ရုံး စသည့် စုပေါင်း၍ တစ်နေရာတည်းတွင် စုဝေးတည်ရှိနေသောကြောင့် ရဲရုံးကြီး၏ လှေကားအတက်အဆင်းနှင့် စင်္ကြံတွင် လူတစ်ဦးနှင့်တစ်ဦး မတိုက်မိအောင် အရှောင်အတိမ်းလုပ်ပြီး သွားလာနေကြရသည်။

သည်လိုနေရာမျိုးမှာ အမှုကြီးသမားများကို လက်ထိတ်မခတ်ဘဲခေါ်လို့ ဘယ်ဖြစ်လိမ့်မှာပ။

တရားခွင် ရုံးခန်းထဲရှိ တရားခံများ၏ နေရာဖြစ်သော ဝက်ခြံခေါ် သုံးဘက်အကာ၊ တစ်ဖက်အဖွင့် ခြံလေးထဲ ရောက်သည့်အခါ လက်ထိတ်ဖြုတ်ပေးပြီး လူဝင်ပေါက်ထိပ်ရှိ တံခါးကို ပိတ်၍ တာဝန်ကျရဲတစ်ယောက် အချိန်ပြည့် စောင့်နေမည်ဖြစ်၏။

အထူးနားလည်မှု လုပ်နိုင်သူများလည်း ရှိသည်။ သူတို့ကျတော့ တရားခွင်စစ်ဆေးမှုမစခင် တရားခံများ၏နေရာဖြစ်သော ဝက်ခြံကလေးထဲသို့ မဝင်ရဘဲ လက်ထိတ်မပါ။ အိမ်ကလာသူများနှင့်အတူ တစ်သားတည်းထိုင်၍ စကားစမြည် ပြောနိုင်သည်။ အိမ်ကယူလာသည့် အစားအသောက်များကို လွတ်လွတ်လပ်လပ် စားနိုင်သည်။

လာရောက် တွေ့ဆုံသည့် အပေါင်းအသင်း မိတ်ဆွေများနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံစကားပြောနိုင်သည်။ တရားသူကြီး တရားခွင်ပေါ် တက်ခါနီးအချိန်ရောက်မှ မင်းစေ (ခေါ်) ရုံးလုလင်က လာရောက်သတိပေးမည်။ အဲဒီတော့မှ ဝက်ခြံထဲကိုဝင်။

တရားခွင်တွင် ရှိသမျှ လူတွေအားလုံး ငြိမ်သက်တိတ်ဆိတ်ခြင်းနှင့် ဆုံစည်းရမည်။ ထိုအချိန်တွင် နှစ်ဖက်ရှေ့နေကြီးများမှာ သူတို့ထိုင်ရမည့် စားပွဲများတွင် အဆင်သင့်ရှိနေရမည်။ ရှေ့ဖတ်စာရေးကြီး ထွက်လာမည်။

ရှေ့ဖတ်စာရေးကြီးက တရားသူကြီးဟု မတိုးမကျယ် အသံပြုလိုက်သည်နှင့် တရားခွင်တွင် ရှိနေသူများ အားလုံးမတ်တတ်ရပ်ပေးရမည်။

တရားသူကြီးမင်း တရားခွင်ပေါ် တက်လာပြီးနောက် ကုလားထိုင်မြင့်မြင့်ကြီးတွင် ဝင်ထိုင်လိုက်မည်။ နှစ်ဖက်ရှေ့နေကြီးများက ခေါင်းညိတ် အရိုအသေ ပြုရမည်။

ရှေ့နေကြီးများ သူတို့နေရာတွင် ထိုင်ပြီးနောက်မှ တရားခွင်တွင် ရှိနေသူများအားလုံး မိမိတို့နေရာတွင် ပြန်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရသည်။

တရားခွင် တစ်ဖက်နံရံတွင် ခုံတန်းရှည်ကြီးများချထားပေးရာ တရားလို၊ တရားခံနှင့် ပတ်သက်၍ လာရောက်သူများ ထိုနေရာတွင် ထိုင်ရသည်။ ထိုင်ခုံနေရာမရှိလျှင် တရားခွင်ထဲမှာ မိုးတိုးမတ်တတ် မရပ်နေရ။ အခန်းအပြင် စင်္ကြံသို့ထွက်ပေးရသည်။

လူသတ်မှုကဲ့သို့ အမှုကြီးများကို ခရိုင်ရာဇဝတ် တရားသူကြီးရုံးတွင်သာ စစ်ဆေးသည်။

ဒါက ဟိုစဉ်တုန်းက တရားရုံး၏ တရားခွင် အနေအထားကို မသိမမီလိုက်သော လူငယ်များအတွက် အကြမ်းဖျင်းပုံဖော်ပြခြင်း ဖြစ်ပါသည်။

ကိုသက်အောင် တရားရင်ဆိုင်ရမည့် တရားခွင်အနေအထားမှာ ထိုသို့ရှိသောကြောင့် အစ်မ၊ ညီမဖြစ်သူတို့နှင့် ဆွေမျိုးများ တရားခွင် ရုံးခန်းထဲသို့ ရောက်ရှိနေမည်မှာ သေချာသည်။

တစ်ရုံးတည်း လုပ်ဖော်ကိုင်ဖက်များနှင့် အမြဲတမ်းတွဲနေသည့် ရင်းနှီးသော အပေါင်းအသင်းတချို့လည်း လာကောင်းလာမည်။ အနည်းဆုံး သုံးလေးဦးတော့ ရောက်လာမှာ သေချာသည်။

သူတို့တစ်တွေရှေ့မှာ လက်ထိတ်ကြီးတန်းလန်းနှင့်က အကြောင်းမဟုတ်။ စိတ်ထိခိုက်လွယ်သည့် အစ်မကြီးရှေ့မှာ ....

စိတ်ထိခိုက်လွန်းပြီး အစ်မကြီးများ ရုံးပေါ်တွင်မူးမေ့ပြီး တစ်စုံတစ်ရာများ ဖြစ်သွားလေမလား။ ရုံးထွက်ရမည့်နေ့က အိပ်ရာမှထစဉ်ကတည်းကပင် သူ၏စိတ်များ အလွန်အမင်းလှုပ်ရှားပြီး စိတ်ဘောင်ဘင်ခတ်နေသည်။

ထိုနေ့က သူအပါအဝင် ရုံးထွက်ရမည့် အချုပ်သားနှစ်ဆယ်ခန့်ကို တန်းစီးဖြစ်သူက ဘူးကြီးထဲရောက်လျှင် ပုံစံထိုင်မပျက်ဖို့၊ တစ်ဦးနှင့်တစ်ဦး စကားမပြောဖို့၊ ဟိုကြည့်သည်ကြည့်၊ ဟိုငေးသည်ငေးမနေဖို့ မှာကြားပြီးနောက် သူတို့အား ဘူးကြီးသို့ ခေါ်သွားသည်။

သူတို့ကို ခေါ်သွားသည်မှာ ရှစ်နာရီတစ်မောင်း ထိုးပြီးစ။ ရှစ်နာရီ ဆယ့်ငါးမိနစ်။ ဘူးကြီးထဲရောက်ပြီးနောက် မကြာမီ ဘူးကြီးပေါ်မှ ရှစ်နာရီ နှစ်မောင်းထိုးသံ ကြားလိုက်ရသည်။

တန်းစီးမှာသည့်အတိုင်း ဘူးကြီးထဲမှာ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေရသည်မှာ သံချောင်းခေါက်သံ တစ်ဆယ့်လေးချက် ကြားလိုက်ရသည်။

ကိုးနာရီထိုးပြီ။ နာရီဝက် ရှိသွားပြီ။ သူတို့အားခေါ်ဆောင်မည့် ရဲတပ်ဖွဲ့ဝင်များ မရောက်ကြသေး။

နာရီတစ်ဝက်ကျို့၊ မိနစ်သုံးဆယ်ခန့် မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် ဆောင့်ကြောင့်ထိုင်နေရသည့် ဒုက္ခမှာလည်း မသေး။ နောက်ထပ် ဘယ်လောက်ကြာဦးမည်မသိ။

နောက်ထပ် နှစ်မောင်း။ ထုံကျဉ်ကိုက်ခဲမှုက ခေါင်းထဲသို့အထိ ထိုးတက်လာသည်။ သုံးမောင်းထိုးသံနှင့်အတူ သူတို့အား တရားရုံးသို့ ခေါ်ဆောင်သွားမည့် ရဲတပ်ဖွဲ့ဝင်များ ရောက်လာကြသည်။

တာဝန်ခံ ဒုရဲအုပ်က ထောင်မှူးကြီးရုံးခန်းထဲသို့ ဝင်သွားသည်။ ရဲတပ်ဖွဲ့ဝင်သုံးယောက်မှာမူ သူတို့အနားမှာပင် ရပ်စောင့်နေကြသည်။ တာဝန်ကျထောင်မှူးလေး ထွက်လာပြီး တစ်ဦးစီ၏ နာမည်ကို ခေါ်သည်။

မောင်ညို (ဘ) ဦးအေး။

တစ်ယောက်ပြီး တစ်ယောက် မတ်တတ်ရပ်ပြရသည်။ အားလုံး စစ်ဆေးပြီးသောအခါ သူတို့အထဲမှ သူအပါအဝင် လေးယောက်အား လက်ထိတ်ခတ်သည်။

အဝင်တံခါးလေးကို ခေါင်းငုံ့ပြီးထွက်လိုက်သည်နှင့် အချုပ်ကားပြာကြီးက အသင့်။ နောက်ဘက်အပေါက်မှ ကားပေါ်တက်ရသည်။ လက်ထိတ်ခတ်ထားသောကြောင့် လက်ကိုအားပြုလို့မရ။ လက်ထိတ်ခတ်မခံရသူ အချုပ်သားအချင်းချင်း ဖေးမပြီး တင်ပေးရသည်။

ရဲစခန်း၊ တရားရုံး၊ ထောင်နှင့် မကင်းစမြဲရှိသူ ဒုစရိုက်သမားများကတော့ ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျမထူ၏။ သူတို့အတွက်တော့ မထောင်းတာ။ ဒုစရိုက်သမား မဟုတ်သူများမှာ မည်သည့်အကြောင်းကြောင့် ဖြစ်စေ ရာဇဝတ်ပြစ်မှု ဖြစ်ပြီဆိုရင်တော့ မလွယ်။

ခံစားရသည့် ဒုက္ခတွင်းမှာ နက်ထင်လှ၏။ အသက်ရှင်လျက် မရောက်အပ်သောနေရာ။ တကယ်တော့ ထိုနေရာသို့ရောက်အောင် တစ်ပါးသူက ဖန်တီးလုပ်ဆောင်၍ တွန်းပို့လို့မရ။ မိမိက တရားဥပဒေဘောင်အတွင်းမှ စည်းကျော်အောင် ပြုလုပ်ဆောင်မှသာ ရောက်သည်။ ဘယ်သူမပြု မိမိမှုဟူသော ဆိုရိုးစကားရှိသည်မဟုတ်ပါလား။

အချုပ်ကားပြာကြီးမှာ ဗိုလ်ချုပ်လမ်းအတိုင်း မောင်း၍ ဆူးလေဘုရားလမ်းသို့ချိုးကွေ့လိုက်သည်နှင့် အပေါ်သံဆန်ခါပေါက်မှ မတ်တတ်မတ်တတ်နှင့် မျက်စိအငြိမ်မနေနိုင်သူများမှာ



www.burmeseclassic.com

www.burmeseclassic.com

မျက်စိသာမဟုတ် ပါးစပ်လည်း မငြိမ်။

ဆူးလေဘုရား လမ်းမကြီးပေါ်ရှိ ရုပ်ရှင်ရုံများတွင် ဘာဇာတ်ကားတွေ ပြနေသည် ဟောင်ဖွာဟောင်ဖွာ လုပ်နေကြသည်။

တချို့ ပါးစပ်စည်းမစောင့်သူများကမူ လမ်းသွားလမ်းလာ အမျိုးသမီးများကို မဟားတရား အပြောများဖြင့် ပါးစပ်သရမ်းကြသည်။

ကိုသက်အောင်ကမူ ထိပ်ဆုံးဘက်တွင် နေရာယူပြီး ထိုင်လျက်လိုက်ပါလာသည်။ သူတို့ကတော့ ဘာမှမဖြစ်ဘိသို့နှယ် ဟေးလားဝါးလား ပျော်ပျော်ပါးပါးသာပင်။

အချုပ်ကားကြီး ရပ်သွားသည်။ နောက်ပေါက်တံခါးလည်း ပွင့်သွားပြီ။ ကားပေါ်မှ ဆင်းရတော့မည်။

အချုပ်ကားပေါ်တွင် ပါလာသည့် ရဲများသာမက တရားရုံးအချုပ်တာဝန်ကျ ရဲများပါ တန်းစီလျက် အသင့်အနေအထားဖြင့် တန်းစီစောင့်နေကြသည်။

ဤနေရာတစ်ဝိုက်တွင် အေဂျီစာရင်းရုံး၊ ကင်စတန် အကောက်ခွန်ရုံးများ ရှိနေသောကြောင့် လူသွားလူလာများသည်ပို အထူးသတိထားပြီး စောင့်ကြပ်နေကြခြင်းဖြစ်သည်။

တရားရုံးအောက်ဆုံးထပ်တွင် ယာယီအချုပ်ခန်းရှိသည်။ ထိုအခန်းလေးထဲသို့ ဝင်ကြရသည်။

စွတ်စိုထိုင်းမှိုင်း၍ အမှောင်ရိပ်သန်းနေသည့် အချုပ်ခန်း။ ၂၅ ဝပ်အား မီးပွင့်လေးတစ်ပွင့် ထွန်းထားသည်။ အချုပ်ခန်း ပတ်ဝန်းကျင်တစ်ခုလုံးမှာ အမှောင်။

မီးပွင့်ကလေးက ထိုအမှောင်ကို မထွင်းဖောက်နိုင်။ အချုပ်ခန်းလေးအတွင်းကိုသာ ချို့ချို့တဲ့တဲ့ အလင်းရောင်ပေးနိုင်သည်။

တရားရုံး အချုပ်ခန်းကလေးထဲတွင် ဆယ့်ငါးမိနစ်ခန့် နေပြီးနောက် တရားခွင်ရုံးခန်းအတွင်းသို့ တက်ခဲ့ရသည်။ ရဲအစောင့်နှစ်ယောက်နှင့်အတူ တရားခွင်ရုံးခန်းရှိရာ ပထမထပ်သို့ တက်ခဲ့ရသည်။

တရားခွင် ရုံးခန်းထဲမှာ ...

ဦးလေး၊ အစ်မ၊ ညီမဖြစ်သူနှင့် ဆွေမျိုးမိတ်သင်္ဂဟ ဆယ်ယောက်ခန့် ရောက်ရှိနေကြသည်။ ရုံးခန်းထဲမဝင်ခင် သူ၏ အားယူထားရသည့် ခြေလှမ်းဖန်တီးအပြုံးလဲ့လဲ့မှာ မြင်ရသူကို ကြည်လင်သော အမြင်မပေးစွမ်းနိုင်ပါ။

အခန်းထဲသို့ လက်ထိတ်တန်းလန်းနှင့် ဝင်လာသည့်သူ့အား တွေတွေစူးစူးကြီး စိုက်ကြည့်နေသည့် အစ်မဖြစ်သူမှာ နှုတ်မဖွင့်ဘဲ လက်ကိုင်ပဝါနှင့် မျက်နှာကိုအုပ်၍ တစ်ဖက်သို့ လှည့်သွားသည်။ ကျဆင်းလာသည့် မျက်ရည်ပေါက်များကို သူမမြင်ပါစေနှင့်ဆိုသည့် သဘော။ မမြင်စေကာမူ သူကတော့ သိပြီးသား။

အစ်မဖြစ်သူမှာ နဂိုကမှ မျက်ရည်လွယ်သူ စိတ်ပျော့သူ။ ညီမဖြစ်သူနှင့်တော့ တခြားစီ။ ညီမဖြစ်သူမှာ မျက်ရည်မလည်။

စိတ်နိုင်သလို လှုပ်ရှားဟန်မှာလည်း သွက်လက်မာကျောသည်။ အစ်ကိုဖြစ်သူကိုလည်း မခံ။ နှုတ်လုံ့ထိုးစရာရှိလည်း ပွင့်ပွင့်လင်းလင်း။

မရီးဖြစ်သူ နယ်လီနှင့် ရင်ဆိုင်ရပြီဆိုရင် ကြက်ခြေခွင်းဆိတ်မခံ။ ပြောစရာရှိလာရင် ပိုးခနဲ ပက်ခနဲ။ အစ်ကို့ရှေ့လည်း မရှောင်။ အစ်ကိုဖြစ်သူကကြားဝင်လာလျှင်လည်း မခံ။

နယ်လီက စကားနည်းရန်စဲသဘောမူနေတတ်သူ။ အစ်မဖြစ်သူကို ခလုတ်တိုက်ရမှာ ဝန်မလေးသော်လည်း ခင်မေရီနှင့်ကျတော့ တတ်နိုင်သမျှ ခလုတ်တိုက်ရှောင်သည်။

နေရာတကာတွင် စွက်ဖက်တတ်သည်မှာ နယ်လီ၏ဝသီ။ ဒါကြောင့်လည်း မိသားစုထဲမှ ပြဿနာနှင့်မကင်း ရှိရ၏။

သူ့အား မိသားစုနှင့် ဆယ်မိနစ်လောက် တွေ့ခွင့်ပေးပြီး ဝက်ခြံထဲထည့်လိုက်သည်။ ဝက်ခြံ အပြင်နှင့်အတွင်း တွေ့ဆုံစကားပြောခြင်းကိုတော့ မတားမြစ်။

ဦးလေးနှင့် ညီမဖြစ်သူတို့က ဝက်ခြံနှင့်ကပ်လျက် နေရာယူပြီး အမှုကိစ္စအတွက် ပြောကြဆိုကြသည်။ထိုသို့ပြောနေကြစဉ် ရုံးခန်းထဲသို့ ပုဂ္ဂိုလ်သုံးဦး ဝင်လာသည်။

သုံးဦးထဲမှ အပြင်မှာ တွေ့ဆုံခဲ့ရသူ ရှေ့နေကြီးလည်း ပါသည်။ကျန်သည့်နှစ်ဦးအနက် တစ်ဦးမှာ သူနှင့်မတွေ့ရသေးသည့် သူ့အမှုအတွက် လိုက်ပါဆောင်ရွက်မည့် ဗဟိုတရားရုံးရှေ့နေကြီး ဦးငွေလှိုင်။ တပည့်မှာ ဗဟိုတရားရုံး ရှေ့နေကြီး၏ စာရေးကြီး။

ဦးလေးဖြစ်သူက ဗဟိုတရားရုံးရှေ့နေကြီးနှင့် မိတ်ဆက်ပေးသည်။

ရှေ့နေကြီးက အမှုအတွက် ကြိုတင်ခန့်မှန်းချက်ပေးရန်အချိန်စောသေးသော်လည်း သူလေ့လာပြီးသလောက် အားနည်းချက်နှင့် အားသာချက်တွင် အားသာချက်က ပို၍အလေးသာကြောင်း၊ အမှုအတွက် အစွမ်းကုန်ကြိုးစားပေးမည့်အကြောင်း ပြောဆို



www.burmeseclassic.com

www.burmeseclassic.com

အားပေးသည်။

အထူးတန်းအတွက်ရဖို့ ရာနှုန်းပြည့်အခြေအနေရှိသော်လည်း အချိန်အနည်းငယ်စောင့်ရလိမ့်မည့်အကြောင်း ပြောသည်။

ထိုသို့ ပြောဆိုနေကြစဉ် မင်းစေလေးထွက်လာပြီး တရားသူကြီး ထွက်လာတော့မည့်အကြောင်း သတိပေးလာသည်။ ကိုယ့်နေရာကိုယ်ယူဖို့ သူတို့စကားပြောနေသည်ကို ရပ်လိုက်ရသည်။

ရှေ့ဖတ်စာရေးကြီး ထွက်လာသည်နှင့် တရားသူကြီးဆိုသည့် အသံလည်း ပါလာသည်။ အားလုံး မတ်တတ်ရပ်နေကြရသည်။

ထင်ထားသည်နှင့် လွဲသွားသည်ကတော့ တစ်ဖက်ရှေ့နေကြီးမှာ နယ်လီ၏ဖခင်ကြီး မဟုတ်။ မည်သူမည်ဝါဟု မသိစေကာမူ သူ၏ရှေ့နေကြီးနှင့် သက်တူရွယ်တူလောက်ရှိ၍ ဥပမိရုပ်ထက်ဟန်ပန် ဝင့်ထည်ပုံကတော့ ထူးထူးထင်ထင်ရှိဘိ၏။

မလိုတမာပြောသည်တော့မဟုတ်။ ဟန်ပန်ဝင့်ထည်သည့် ပုံရိပ်မှာ အမြင်ကတ်စရာ။ မပြည့်သည့်အိုး ဘောင်ဘင်ခတ်သည်ဟု ဆိုရလေမလား။

ရှေ့နေကြီး ဦးငွေလှိုင်မှာ ဥပမိရုပ်သန့်စင်သလို ဣန္ဒြေသိက္ခာ တည်ငြိမ်သည်။ ဟန်ရေးမထည်။ ပျော့ပျောင်းသည့် မျက်နှာသွင်ပြင်ပုံရိပ်ထင်သည်။ ပြည့်ပြီးသားအိုး လေတိုးဟု ဆိုရမည်သို့။

ရှေ့ဖတ်စာရေးကြီးမှာ တရားသူကြီး၏ ဝဲဘက်ရှိ လက်တန်းမပါသော ကုလားထိုင်တွင် ထိုင်လျက်။ သူ့ရှေ့မှာ လက်နှိပ်စက်။

နှစ်ဖက်ရှေ့နေကြီးများက တရားသူကြီးအား ခေါင်းညိတ်အရိုအသေပြုပြီး တင်ပြစရာရှိသည့် စာရွက်စာတမ်းများကို တရားသူကြီး၏ စားပွဲပေါ်သို့ သွားရောက်တင်ပြသည်။

ရှေ့ဖတ်စာရေးကြီးက တရားသူကြီး အဆင်သင့်ဖတ်နိုင်ရန် တရားသူကြီးရှေ့တွင် အသင့်အနေအထား လုပ်ထားပေးသည်။

တရားသူကြီးက စာရွက်စာတမ်းများကို လှန်လှောဖတ်ရှုပြီး ရှေ့ဖတ်စာရေးကြီးကို လှည့်ပြောသည်။တရားသူကြီးပြောသည့်အသံမှာ ရှေ့ဖတ်စာရေးကြီးကြားနိုင်ရုံလောက် အသံ။

လက်နှိပ်စက်ရိုက်သံ တဖြောက်ဖြောက် ထွက်လာသည်။ တရားသူကြီးက ရှေ့နေကြီးဦးငွေလှိုင်အား အထူးတန်းတွေကို လိုအပ်သောထောက်ခံချက် စာရွက်စာတမ်းများ နောက်တစ်ပတ်ရုံးချိန်းတွင် တင်ပြရန်ပြော၍ နောက်တစ်ပတ်ရုံးချိန်းအတွက် ရက်ချိန်းပေးသည်။

တရားသူကြီးက သူ၏ဒိုင်ယာရီတွင် ရေးမှတ်သလို၊ ရှေ့နေကြီးနှစ်ယောက်ကလည်း သူတို့ဒိုင်ယာရီမှာ ရေးမှတ်ရသည်။

တရားသူကြီး တရားခွင်မှဆင်း၍ တရားခွင်နောက်ဘက်ရှိ ကပ်လျက်အခန်းထဲသို့ ဝင်သွားသည်။ သူ၏ရှေ့နေကြီးက ရှေ့ဖတ်စာရေးကြီးကို သွားမေး၏။ ပြီးတော့ ဦးလေးဖြစ်သူနှင့် တိုးတိုးပြောပြီး နှုတ်ဆက်ထွက်သွားသည်။

သူတို့အမှုပြီးလျှင် နောက်တစ်မှု။ ကြားမှာ တစ်နာရီလောက် အချိန်ရမည်။ ဦးလေးက အစောင့်တာဝန်ကျရဲတပ်ဖွဲ့ဝင်ကို သွားပြောသည်။ သူထမင်းစားဖို့။

လက်ထိတ် ခဏဖြုတ်ပေးသည်။ အိမ်က ထမင်းဟင်းနှင့် ကင်းကွာနေသည်မှာ ဆယ့်နှစ်ရက်ခန့်ရှိပြီ။ အိမ်ကလည်း သူကြိုက်တတ်သည့် ဟင်းလျာကို အထူးချက်ပြုတ်ယူလာသည်။

အဖြူ ရိုးရိုးထမင်းမဟုတ်။ အုန်းထမင်း။ သို့တစေ သူက မြိန်မြိန်ရှက်ရှက် မစားနိုင်။

ကျန်းမာရေး မကောင်းသည့် အစ်မဖြစ်သူကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်က တစ်ကြောင်း၊ လျှာရင်းမြက်ပေမယ့် စိတ်လှုပ်ရှားမှု လွှမ်းကဲနေသည်ကတစ်ကြောင်း၊ ခဏတာတွေ့ဆုံပြီး ပြန်လည်ခွဲခွာရမည့် အသိခံစားမှု ကြောင့်တစ်ကြောင်း မည်မည်ရရ မစားနိုင်။ စိတ်မရှင်းလျှင် ဘယ်သို့လျှင် ရှင်းလင်းလိမ့်မည်ပ။

ထမင်းစားပြီးတော့ ကိတ်မုန့်၊ လက်ဖက်ရည်များကို တိုက်ကြကျွေးကြပြန်သည်။ အားပါးတရ မစားနိုင်။ တို့ကနန်း ဆိတ်ကနန်းသာ။

အိမ်ကိစ္စ၊ အမှုကိစ္စ အစ်မတို့နေရေးထိုင်ရေး ကိစ္စများကို မေးမြန်းပြောဆိုကြရင်း နောက်အမှုစစ်မည့်အချိန်နီးလာသောကြောင့် အောက်ထပ်အချုပ်ခန်းသို့ ပြန်ဆင်းရတော့မည်ပါ။ တရားရုံးအောက်ထပ်ရှိ အချုပ်ခန်းတွင်း ညနေသုံးနာရီခွဲအထိ နေရမည်။

ကိုယ့်အမှုကိစ္စပြီးလို့ ပြန်လို့မရ။ မနက်ကရုံးထွက်လာသည့် ချုပ်ဟောင်းများနှင့် နောက်ထပ်ယမန်ယူ၍ အချုပ်သို့ပို့မည့် ချုပ်သစ်များစုံအောင် စောင့်ရမည်။

အိမ်ကပေးသော အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com

နှစ်စုံ၊ သွားတိုက်ဆေး၊ ဆပ်ပြာနှင့် မုန့်ထုပ်နှစ်ထုပ်၊ စီးကရက်ဘူးနှစ်ဘူး ထည့်ထားသည့် လွယ်အိတ်ကလေးကို လက်ထိတ်ခတ်ထားသည့် လက်နှစ်ဖက်နှင့် ဆွဲ၍ အောက်ထပ်သို့ ဆင်းခဲ့ရသည်။

တွေ့ဆုံခြင်းနှင့် ခွဲခွာခြင်းမှာ နာရီပိုင်းမျှသာ။ သူက မျက်ရည်ဝေ့လျက်၊ အစ်မကြီးဖြစ်သူက မျက်ရည်စီးကြောင်း လိမ့်ဆင်းလျက်။ ကျန်သူများကလည်း မျက်ရည်ဝေ့လည်လျက်။

လောကလူသားတိုင်းသည် သူ့အဆင့်နှင့်သူ အသိရှိကြသည်။ အသိအတိမ်အနက် ကွာချင်သာကွာမည်။ မသိမရှိသူဟူ၍ မရှိ။ အသိနှင့် တွဲစပ်လျက်ရှိရမည့် သတိကိုမူ တွဲစပ်လေ့မရှိသူက များသည်။

အသိရှိသော်လည်း သတိကင်းလွတ်နေသော အခိုက်တွင် မကောင်းတရားများဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ ဣဿမစ္ဆရိယ၊ မာန်မာနနှင့် အတ္တလွန်ကဲမှုများသည် ပူးကပ်လို့ရောက်တတ်သော သဘောရှိသလို ရုတ်တရက် ပြင်းပြင်းထန်ထန် ပေါက်ကွဲတတ်သည်မျိုးလည်း ရှိသည်။

သတိမကပ်ထားသူများမှာ ကိုယ်ဘာဖြစ်နေ၍ ဘာလုပ်မိသည်ကိုမသိ။ ကုသိုလ်ဘက်သို့ မျက်နှာမူနေသည်လား၊ အကုသိုလ်ဘက်သို့ မျက်နှာမူနေသည်လား ဆိုသည်ကိုလည်း ခွဲခြား မသိ။

သတိကင်း လွတ်သည်ကြောင့် ဖြစ်လာသည့် ဖြစ်လာသည့် ဒေါသကို မထိန်းသိမ်းနိုင်။ တရားသဘော၏ အဆုံးအမနှင့် လမ်းညွှန်ချက်မှာ အသိနှင့်သတိကို မြဲမြဲမြံမြံ တွဲစပ်ထားရမည်ဟု ဖော်ညွှန်းထားပေသည်။

အသိတော့ရှိသည်၊ သတိလွတ်သွားသောအခါ မဖြစ်သင့်သည့် လမ်းကြောင်းပေါ်သို့ ရောက်လိမ့်မည်ဟု ကေန်မလွဲပါ။

အထူးသဖြင့် အမွေကိစ္စဖြစ်လာပြီဆိုရင် ဒေါသသည် ရင်တွင်းသို့ တမြည့်မြည့် တိုးဝင်ကိန်းအောင်းလာစမြဲရှိတတ်သည်မှာ လောက၏နိယာမသဘော ဆောင်စမြဲရှိ၏။

ထိုသို့ရှိလာရင် အစိုင်အခဲမှ ပေါက်ကွဲခြင်းအဆင့်သို့ ပြောင်းလဲတတ်ပေသည်။ သတိနှင့် မထိန်းနိုင်လျှင် တစ်ခဏဒေါသက တစ်ဘဝပျက်ကိန်းနှင့် တွဲစပ်လိမ့်မည်မှတစ်ပါး အခြားမရှိ။

ထားဘိတော့။ အခြားသော မကျေနပ်စရာဖြစ်ရပ်များနှင့် ဆုံလာကြုံလာသော အခါမျိုးတွင်လည်း ဒေါသဟူသည် ရေပလုံစီထဘိသို့ လာစမြဲ။

ထိုရောအခါတွင် စိတ်လိုက်မာန်ပါ ရှေ့သို့တက်လှမ်းမည့် ခြေလှမ်းကို သတိကပ်၍ ပြန်ရုပ်လိုက်ပါ။ တောက်တစ်ချက်ခေါက်ပြီး မျက်နှာမူရာကို ဘက်ပြောင်း၍ နောက်သို့ ပြန်လှည့်လိုက်ပါ။ မကောင်းသော အကျိုးဆက်များနှင့် ကင်းလွတ်သွားပါလိမ့်မည်။

နောက်ပြန်မလှည့် ရှေ့ဆက်တိုးရင်တော့ ...

*****

(ရှစ်)

ကိုသက်အောင်ကို လွှမ်းတင်ပေးထားသည့် ကြည်လင်အေးမြသော အရိပ်ကြီး ကွယ်လွင့်သွားသည်။သူ့တို့မိသားစု အမှောင်ကျသောနေ့။

ရီဝေရီဝေ မှုးနောက်မှုးနောက် ဝေဒနာအရိပ်အယောင် ပြလာစေကာမူ ဦးသင်းမောင်က သွားလာလှုပ်ရှားမှုများ၍ အသက်အရွယ် သဘောအရ အဆင်မသင့်၍ ဖြစ်သည်ဟူ၍သာ ထင်မှတ်ခဲ့သည်။

အနားယူချိန် ပိုပေးလိုက်သည့်အခါ ဝေဒနာခံစားမှု သက်သာ၏။ ဆိုးရိပ်မပြသလို ရှိသောကြောင့် ဆရာဝန်နှင့်ပြကြည့်ဦးမည်ဆိုသည့် စိတ်ဖြစ်စဉ်ကို အကောင်အထည်မဖော်ခဲ့။

အနေအထိုင် အစားအသောက် ဆင်ခြင်လိုက်တော့လည်း ဝေဒနာ အခြေအနေက တိုးရိပ်မပြသလို စိတ်ကိုလှည့်စားသည်သို့နှယ် ရှိခဲ့ချေ၏။

ဝေဒနာက လှည့်စားခြင်းမဟုတ်။ စိတ်က လှည့်စားခြင်း။ ကြိုတင် ကာကွယ်ရမည့်ဘက်သို့ အလေးမပေးခဲ့သောကြောင့် အပြင်းအထန် ဖြစ်လာသည့်အခါ ကုသမှုပုင်းတွင် မထိရောက်တော့ပေ။

မနက်အစောကြီး ရေအိမ်သို့ အဝင် လဲကျသွားသည်။ ဘယ်အချိန်က လဲနေသည်ကို မသိ။ ခင်မေကြည် တွေ့သောအချိန်မှာ ၆ နာရီကျော်။

ပါးစပ်ထဲက အမြှုပ်များထွက်နေသည်။ မေးစေ့ပေါ်တွင်လည်း သွေးစသွေးနများကို တွေ့ရသည်။ တစ်အိမ်လုံး ပျာလောင်ခတ်သွားကြသည်။

အိမ်ကကားနှင့် ချက်ချင်းဆေးရုံသို့ပို့သည်။ အရေးပေါ်ဌာန ဆရာဝန်များက စမ်းသပ်ပြီး ခေါင်းခါလိုက်ကြသည်။ ရင်ခွဲရုံသို့။

ဦးသင်းမောင် ကွယ်လွန်ချိန်တွင် လုပ်လက်စလုပ်ငန်းများ ရှိနေသေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဦးလေးဖြစ်သူက လုပ်ငန်းထဲသို့ ဝင်ခဲ့ရသည်။ ဆက်လုပ်ဖို့တော့ မဟုတ်။ ရှင်းသင့်တာရှင်း၊ ဖြတ်သင့်တာဖြတ်ဖို့အတွက် ဝင်ရောက်အကူအညီပေးခြင်း ဖြစ်သည်။

သူတို့မိသားစု စီးပွားရေး ဘာဆက်လုပ်ကြမည်ကို သူတို့ညီအစ်ကို ဘွဲ့ရပြီးမှ စဉ်းစားလုပ်ကိုင်ရန် မိခင်ကြီးက ဆုံးဖြတ်လိုက်သည်။

သူတို့ညီအစ်ကို နှစ်ယောက်နှင့် သမီးငယ်ဖြစ်သူတို့ ဘွဲ့ရသည်အထိ ကျောင်းထားဖို့နှင့် အိမ်ထောင်အသုံးစရိတ်အတွက် ငွေကြေးအပြည့်အစုံရှိသည်။ အဲဒီအချိန်တုန်းက ကျောင်းစရိတ်၊ အိမ်သုံးစရိတ် အလွန်ကျဉ်းသည်။

သားသမီးတွေကလည်း မိသားစု စီးပွားရေးအခြေအနေကို သိသည့်အလျောက် သူတို့၏ အသုံးစရိတ်ကို ဖခင်ကြီးရှိစဉ်ကလိုမဟုတ်ဘဲ သူတို့အသိနှင့်သူတို့ လျှော့ပစ်ကြသည်။

သူတို့အိမ်နှင့် တက္ကသိုလ်မှာ နီးသည်။ ညီမဖြစ်သူကျောင်းက ဝေးသည်။ အိမ်ကကားကို ညီမဖြစ်သူကျောင်းအပို့အကြိုနှင့် အခြားသွားစရာလာစရာရှိသည့် ကိစ္စများတွင်သာ သုံးသည်။

ဖခင်ကြီး မျက်ကွယ်ပြုသွားစေကာမူ သူတို့မိသားစု အိမ်တွင်းရေးမှာ ဘာပြဿနာမှ မရှိ။ ညီအစ်ကို မောင်နှမ လေးယောက်မှာလည်း ဖခင်ကြီးရှိစဉ်တုန်းကလိုပင် သင့်သင့်မြတ်မြတ်ရှိကြသည်။

ညီအစ်ကိုနှစ်ယောက်မှာ စရိုက်ချင်းတော့ မတူ။ မင်းမောင်က ဟိတ်ဟန်ထည်ထည်နေတတ်ပြီး အတ္တမာန်ကြီးသည်။ ကိုယ့်ကိုယ်ကိုလည်း အထင်ကြီးသည်။ စိတ်မထင်လျှင် မထင်သလို ပြောတတ်ဆိုတတ်သည်။ လုပ်တတ်သည်။

သက်အောင်က ဟိတ်ဟန်မထည်။ အနေရိုးအေးသည်၊ စကားနည်းသည်။ ဘောလုံးကန်ကောင်းသလို အောင်ဆန်းကွင်း ဘောလုံးပွဲများကိုလည်း မလွတ်တမ်းကြည့်သည်။ တခြားဝါသနာ မထုံမွှေ့။ မိန်းကလေးများနှင့် အဆက်အဆံနည်းသည်။

မင်းမောင်က အားကစားလှုပ်ရှားမှုတွင် မထုံမွှေ့။ ရုပ်ရှင်နှင့် အပျော်အပါး ဝါသနာပါသည်။ မိန်းကလေးများနှင့် မကင်းမရှင်း နေထိုင်တတ်သည်။ ပညာရေးဘက်တွင် ထွန်းပေါက်သည်။ ဘီအက်စ်စီ အင်ဂျင်နီယာ။

လူကလည်း လည်လည်ပတ်ပတ်ရှိသမို့ ကျောင်းပြီးသည်နှင့် မီးရထားဌာနတွင် အလုပ်တန်းရသည်။

မိခင်ကြီးက သူတို့မှာ အရင်းအနှီးရှိသည်။ စီးပွားရေးလုပ်ငန်း တစ်ခုခုဘက်တွင် လုပ်ကိုင်ရန် တိုက်တွန်းကြည့်သေးသည်။ သူက ဝါသနာမပါ။

သက်အောင်ကတော့ ရိုးရိုးဘီအေဘွဲ့ပဲရသည်။ သူကလည်း စီးပွားရေး ဝါသနာမပါ။

ဦးလေးဖြစ်သူ၏ အဆက်အသွယ်ဖြင့် ဝင်ဝင်ချင်း အထက်တန်းစာရေးလစာနှင့်ညီသော အဆင့်သို့ရ၍ ရွှေတက်လမ်းကောင်းသည့် ဌာနတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

သူ၏ ရိုးသားကြိုးစားမှုကြောင့် တစ်နှစ်မပြည့်မီမှာပင် ဌာနခွဲစာရေးကြီးလစာနှင့် ညီမျှသော အရာရှိငယ်လေးဖြစ်လာသည်။

မင်းမောင်က ပြန်တမ်းဝင်အရာရှိ ဖြစ်နေပြီ။ ထိုအချိန်တွင် သူအိမ်ထောင်ပြုမည့်အကြောင်း မိခင်ကြီးအား ဖွင့်ပြောလေသည်။ မိခင်ကြီးက ရှေးရိုးဆန်သူဖြစ်သောကြောင့် မိဘမျိုးရိုး၊ စီးပွားရေးနှင့် ညီအစ်ကိုမောင်နှမများ အခြေအနေနှင့် မိန်းကလေးအကြောင်းကို မေးခဲ့သည်။

မျိုးရိုးကောင်းသည်။ မိန်းကလေးမိဘများ၏ စီးပွားရေး အနေအထားမှာ လက်ခံနိုင်ဖွယ်ရှိသည်။ မိန်းကလေးက ဘွဲ့ရပြီးသား၊ ပညာတတ်။ လက်မခံနိုင်စရာ မရှိ။ မိန်းကလေးကို တွေ့မြင်အကဲခတ်လိုသောကြောင့် အိမ်ကို ခေါ်လာရန်သာ ပြောသည်။

သူတို့မိခင်ကြီးက အိမ်ထောင်ရေးနှင့် ပတ်သက်၍ မိဘများက စီစဉ်မည်၊ မိဘစီစဉ်သည်ကို လက်ခံရမည်ဆိုသော သဘောထားမျိုး မရှိ။

အိမ်မှာ လူစုံသော တနင်္ဂနွေနေ့တစ်နေ့တွင် ခေါ်လာဖို့ပြောသည်။ ကြိုတင်ပြောရန်နှင့် ထိုနေ့တွင် ဦးလေးတို့ဇနီးမောင်နှံကိုပါ ခေါ်ထားမည်ဟု ပြောလိုက်သည်။

"မာမိပဲ အကဲခတ်ပြီး ဆုံးဖြတ်ပေါ့။ အန်ကယ်တို့ကိုခေါ်ဖို့ လိုသေးလို့လား"

"လိုတာပေါ့ သားရယ်။ မင်းဒယ်ဒီမရှိပေမယ့် မင်းတို့အန်ကယ်ဟာ မာမီတို့မိသားစုကို အစစအရာရာ ကူညီစောင့်ရှောက်ခဲ့တာ မဟုတ်လား။ မင်းတို့အပေါ်လည်း တူလိုမက သားသမီးလို သဘောထားနေခဲ့ကြတာဆိုတော့ မင်းဒယ်ဒီမရှိမှ သူတို့ကို ပစ်ပယ်တယ်ဆိုတဲ့ အထင်မျိုး မဖြစ်စေချင်ဘူး။ ပြီးတော့လည်း အမေတစ်ယောက်တည်း အကဲခတ်တာထက်



www.burmeseclassic.com

www.burmeseclassic.com

သူတို့ပါဝိုင်းပြီးအကဲခတ်တော့ ပိုပြီး အတိမ်းအစောင်းမရှိနိုင်ဘူးပေါ့ သားရယ်''

မိခင်ကြီးက ဤသို့ပြောလာသည်မှာ လမ်းမကျဟုမဆိုသာသောကြောင့် မင်းမောင်က ထပ်တွန့်စောဒကမတက်သာဘဲ လက်ခံလိုက်ရသည်။

ချိန်းဆိုထားသော တနင်္ဂနွေနေ့။

ဦးဝင်းတင်တို့ ဇနီးမောင်နှံမှာ ဒေါ်ခင်စောတင့်နှင့် ထိုင်စကားပြောကြသည်။ ညီမနှစ်ယောက်က အတွင်းခန်းမှာ၊ အဲဒီနေ့က သက်အောင်မရှိ။

ရောက်လာကြပြီ။ ဣန္ဒြေရရဝင်လာသည်မျိုး မဟုတ်။ လက်ချင်းချိတ်တွဲလျက်။ ထိုစဉ်ကာလက အဲဒီပုံစံမျိုးမှာ လူကြီးများမျက်စိနှင့် အမြင်မတည့်စရာ။ ရိုင်းပျသည့် အမူအရာမဟုတ်သော်လည်း လူကြီးသူမများကို မလေးမစားသည့်သဘော သက်ရောက်သည်။

ကိုယ့်ချစ်သူ အိမ်ဖြစ်စေကာမူ ယခင်က အဝင်အထွက် မရှိစဖူးဘဲ ယောက်ျားလေး၏ မိဘများနှင့်တွေ့ရန် လာရောက်ရသူ အမျိုးသမီးတစ်ယောက်မှာ အနည်းနှင့်အများဆိုသလို ရှိုးတိုးရှန့်တန့်တော့ ဖြစ်စမြဲရှိကြသည်။

ဣန္ဒြေသိက္ခာ ပြည့်လျှမ်းနေသူ အမျိုးသမီးဆိုလျှင် ခေါင်းကိုပင် ထောင်မတ်မတ် မဖော်ကြ။

နယ်လီကျတော့ ထိုသို့မဟုတ်။ လူကြီးများနှင့်ပါ သိကျွမ်းသော ခင်မင်ရင်းနှီးသည့်သူငယ်ချင်းအိမ်သို့ လာသည့်ပုံဟန်မျိုးနှင့်။

သူမ၏လှုပ်ရှားဟန်မှာ သွက်လက်ဖျတ်လတ်လွန်းသည်။ ရဲတင်းလွန်းသည်ဟု ဆိုရမည်မျိုး။ ရုပ်သွင်ပုံဟန် ကောက်ကြောင်းမှာ လှသည်၊ ချောသည်၊ ယဉ်သည်ဟုမဆိုသာ။

ကိုယ်လုံးကိုယ်ပေါက်၊ အချိုးအဆစ်ကောက်ကြောင်းမှာမူ ပေါ်လွင်ထင်းပလွန်းသည်။ ယောက်ျားတို့၏ မျက်လုံးကို ညှို့ဖမ်းနိုင်စွမ်း ကဲလွန်းသည်။ အပြင်အဆင် အထုံအဖွဲ့မှာ နယ်လွန်အောင် ခေတ်ဆန်လွန်းသည်ဟု ဆိုရမည်သို့။

နဂိုရှိ၍ ထွက်သော နကိုင်း မဟုတ်။ အပိုအဆောင်း ဖြည့်အားများသောကြောင့် ကြည့်ပျော် ရှုပျော်ထက် သာလွန်အလှ ထင်ပျနေသည်။

အပြောကလည်း သွက်သွက်၊ အမူအရာသာမက အပြောအသံပါ အိုက်တင်နှင့်။ သူတို့မိသားစုနှင့် သူ့အကြောင်း အဖွမ်းတင်ပုံကလည်း ရွှန်းရွှန်းဝေဝေ လွန်လွန်ကဲကဲ ရှိဘိ၏။

ဆန်ကနေ ထမင်းတစ်အိုးဖြစ်လာအောင် ဘယ်လိုချက်ပြုတ်ရသည်ကို မသိသည့်အကြောင်း၊ မီးဖိုချောင်ကို ယောင်လို့မှ မဝင်မိသည့်အကြောင်း၊ လက်ကိုင်ပဝါ တစ်ထည်သော်မှ မလျှော်ဖွပ်ဖူးသည့် အကြောင်းများကို အဖွမ်းတင်၍ အာသွက်လျှာသွက် ပြောနေသည်။

ဦးဝင်းတင်က ထိုင်နေရာမှ ထသွားသည်။ ဒေါ်ခင်စောတင့်နှင့် ဒေါ်ညွန့်စိန်တို့နှစ်ယောက်မှာ ခေါင်းညိတ်ရအခက်၊ ခေါင်းခါရအခက်၊ ဘာပြန်ပြောရမှန်းမသိအောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ယိုသူမရှက် မြင်သူရှက်ဘိသို့ ဖြစ်နေကြသည်။

မင်းမောင်က အပြုံးဝေဝေသီသော မျက်နှာဖြင့် ဇနီးလောင်းတို့ အိမ်အခြေအနေ၊ အခိုင်းအစေများနှင့် ဘယ်လိုနေထိုင်ကြသည့်အကြောင်း စကားဝင်ထောက်ပေးနေသည်။

ပြောတာတွေကတော့ စုံလို့။ သူ့ကချည်း ရေပက်မဝင်အောင် ပြောသွားသည်။

ပြီးတော့မှ ကိုကို ရုပ်ရှင်ချိန်နီးပြီဆိုကာ သွားမယ်နော် အန်တီဟု သူ့သူငယ်ချင်း နှုတ်ဆက်ပုံစံဖြင့် နှုတ်ဆက်၍ မင်းမောင်လက်ကိုဆွဲပြီး ကြော့ကြော့ထင်ထင် ထွက်သွားသည်။

ဒေါ်ခင်စောတင့်က ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်သည်။ မလွှဲသာ၍ ညိတ်လိုက်ရသည့် ခေါင်းညိတ်ဟန်။

ဒေါ်ခင်စောတင့်က ဒီမိန်းကလေးနှင့် သူတို့မိသားစု ဘယ်လိုမှ အံဝင်လိမ့်မည် မဟုတ်သည်ကို ရှေးဦးပေါက် ခံစားလိုက်ရသည်။

သူတို့ထွက်သွားတော့မှ ဦးဝင်းတင်လည်း ပြန်ထိုင်လာ၏။

''ဖြစ်ပါ့မလား မမ''

ဒေါ်ညွန့်စိန်က စကားစလိုက်သည်။

''အ..စိန်တို့ မြင်လိုက်၊ ကြားလိုက်တဲ့အတိုင်းပဲ။ မမတော့ ဘာပြောရမှန်းတောင် မသိတော့ဘူး။ ဖျောင်းဖျနားချ ကြည့်ရတော့မှာပေါ့''

ဒေါ်ခင်စောတင့်က ခေါင်းလေးတယမ်းယမ်းနှင့် စိတ်မကြည်မသာဖြစ်နေဟန်ဖြင့် ပြောလိုက်သည်။

''ကျွန်တော်ကတော့ ဘယ်လိုမှ စိတ်မတွေ့ဘူး။ ပြဿနာတွေမျိုးစုံ ဖြစ်လာမှာတော့သေချာတယ်။ ဒါပေမယ့်''

ဦးဝင်းတင်က ပြောလက်စစကားကို ရပ်လိုက်သည်။ စကားလွန်သွားရင် မကောင်း။ ဒေါ်ခင်စောတင့်ကိုယ်တိုင်လည်း သဘောပေါက်နေပြီမို့ ဆက်မပြောတော့ဘဲ တခြားအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ စကားလမ်းကြောင်းပြောင်း၍ ပြောဆိုပြီးနောက် ပြန်ခဲ့ကြသည်။

ဦးလေးတို့ ပြန်သွားတော့မှ ညီမနှစ်ယောက်က မိခင်ကြီးကို အခြေအနေ မေးကြသည်။

မိခင်ကြီးက ထူးထူးထွေထွေ မပြော။ "အစ်ကိုမောင်သာ ရှိခဲ့ရင်" ဆိုသော စကားဖြင့် သွားလေသူကို တမ်းတလိုက်၏။ မိခင်ကြီး ဘယ်လို ခံစားနေရသည်ကို သူတို့ညီမနှစ်ယောက် သဘောပေါက်လိုက်သည်။ ကိစ္စကတော့ အဆင်ပြေမည့်ပုံ မပေါ်။

သူတို့ တစေ့တစောင်း အကဲခတ်ခဲ့ရာ သူတို့မောင်နှင့် အစ်ကိုဖြစ်သူ၏ ဇနီးလောင်းအပေါ် အရေးပေးပုံမှာ အကဲပါလွန်းသည်ဟု ကောက်ချက်ဆွဲရမလိုရှိသောကြောင့် ပြဿနာတစ်ခုခု ဝင်လာလိမ့်မည်ဟု သူတို့ကလည်း ထင်မြင်ယူဆကြသည်။

ထင်သည့်အတိုင်းပင် ပြဿနာမှာ ဆိုင်းမဆင့်ဗုံမဆင့် စလာသည်။

ညနေ ငါးနာရီလောက် မင်းမောင် အိမ်ပြန်ရောက်လာ၏။ သူ့အမျိုးသမီးအပေါ် အိမ်သားများ ဆက်ဆံပုံမှာ လိုက်လိုက်လျောလျော မရှိသည့်အပြင် ညွှဲ့ဝတ်စကား ပြောဆိုပုံမှာလည်း သူစိမ်းသွင်ပြင် ဆန်လွန်းသည်ဟု မကျေမနပ်လေသံနှင့် ပြောလာသည်။

မိခင်ကြီးကိုရော သူတို့ညီအစ်မကိုပါ ဆွဲထည့်လာသည်။ သူတို့က ပျူပျူငှာငှာ ဖက်လှဲတကင်း မရှိသည်ကို မကျေနပ်သည့်သဘော ဆိုလာရုံမက ဦးလေးဖြစ်သူက စကားဝိုင်းမှ အကြောင်းမဲ့ထသွားသည်ကိုပါ မကျေနပ်သည့်အကြောင်း ထည့်ပြောလာသည်။ မိခင်ဖြစ်သူက မနေသာသောကြောင့် သားကို တုံ့ပြန်စကား ပြန်ပြောရသည်။

"နေပါဦး သားရဲ့။ သားမှာ အရင်က ဒီလိုအပြုအမူမျိုး မရှိပါဘူး။ ခု သားက မာမီ့အပေါ်မှာတောင် ရှူးရှူးရှဲရှဲလေသံမျိုးနဲ့ ပြောလာဆိုလာရှိလာရအောင် မာမီတို့ဘက်က ဘာတွေများ ချွတ်ယွင်းနေလို့လဲ"

"မာမီတို့ သူ့အပေါ် ဆက်ဆံပုံ စိမ်းကားတယ်လို့ ထင်သွားတာမျိုး ပြောလာတော့ မာမီတို့နဲ့တွေ့ဖို့ ခေါ်လာရတဲ့ ကျွန်တော့်အတွက် မကောင်းဘူးပေါ့။ ကျွန်တော်က ကျွန်တော်တို့ မိသားစုအပေါ် အဆိုးမြင်သွားတာမျိုး မခံချင်ဘူးလေ"

"နေပါဦး၊ မင်းကောင်မလေးက ဒီလိုမျိုး ပြောလိုက်သလား။ ဒါဆိုရင်တော့ သူ့အရည်အချင်းက နိမ့်တယ်ဆိုတဲ့ သဘောပေါ့"

"မာမီ . . သူ့အပေါ် ဘယ်လို သဘောထားသလဲ"

"သားက အဲဒီလို မေးလာမှတော့ မာမီကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်"

ဒေါ်ခင်စောတင့်က စိတ်မတွေ့တဲ့အကြောင်း၊ ခုမှတွေ့သည့် ယောက်ျားလေး မိဘများအပေါ် ဆက်ဆံပုံကို သဘောမတွေ့ကြောင်း၊ ဣန္ဒြေသိက္ခာပုံစံ အချိုးမကျကြောင်း၊ ရင်းနှီးလာမှ ပြောသင့်သည့်စကားများကို ခုကတည်းက ရဲရဲတင်းတင်း ပြောပုံဆိုပုံ မကြိုက်ကြောင်းများကို ကြောင်းကျိုးပြ စကားများဖြင့် ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်။

"ဒါဖြင့် မာမီက သဘောမတူနိုင်ဘူးပေါ့"

ဒေါ်ခင်စောတင့်က သားဖြစ်သူအား လက်ကာပြလိုက်သည်။

"သားသမီးရဲ့ အိမ်ထောင်ရေးကို မိဘက အလျင်စလို မဆုံးဖြတ်သင့်သလို၊ သားသမီးကလည်း ကိုယ်ဖြစ်စေချင်တာပဲ ဖြစ်ရမယ်လို့ ဆန္ဒမစောသင့်ဘူး။ ခု သားက မိသားဖသားပီသတဲ့ စရိုက်လက္ခဏာကို ပြလာတဲ့အတွက် မာမီတို့ မျိုးရိုး၊ ဂုဏ်သိက္ခာ ပိုပြီးတက်ပါတယ်။ ဒီကိစ္စဟာ မာမီနဲ့သား နှစ်ယောက်တည်းရဲ့ကိစ္စ မဟုတ်ဘူး။ မာမီတို့မိသားစု ငါးယောက်စလုံးနဲ့ ဆိုင်တဲ့ကိစ္စ။ ဖြည်းဖြည်း အချိန်ယူပြီး ညှိရမယ့်ကိစ္စလို့ မာမီသဘောထားတယ်။ ဆန္ဒစောပြီး လွယ်လွယ်ကူကူ ဆုံးဖြတ်တာမျိုးတော့ မဖြစ်စေချင်ဘူး"

ထိုနေ့က သားအမိနှစ်ယောက် ပြောကြသည့်ကိစ္စမှာ ပြေလည်သွားသည်ဟုမဆိုသာစေကာမူ ဆန္ဒနှင့် လှုပ်ရှားစိတ်ပြင်းထန်နေသည့် မင်းမောင်၏ စိတ်လှုပ်ရှားမှုကိုတော့ အတန်အသင့် ငြိမ်သက်သွားစေခဲ့သည်။

နောက်ပိုင်းတွင် ဒေါ်ခင်စောတင့်က သားဖြစ်သူ အိမ်ထောင်ဖက်ရွေးချယ်ရာတွင် တစ်ယောက်ဆိုတစ်ယောက်ပဲလား၊ အခြားရွေးချယ်ရန် မျက်စိထည့်ထားသည့် အိမ်ထောင်ဖက် ရှိမရှိ မေးမြန်းခဲ့သည်။

မင်းမောင်ကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောသည်။ တရင်းတနှီး ချစ်သူလေးယောက် ရှိခဲ့ဖူးသည့်အကြောင်းနှင့် ထိုအထဲမှ နယ်လီကို ရာသက်ပန်လက်တွဲဖော်အဖြစ် ရွေးချယ်ခဲ့သည့်အကြောင်းနှင့် နောက်ထပ် အပြောင်း



www.burmeseclassic.com

www.burmeseclassic.com

အလဲ ရွေးချယ်ရန် မရှိတော့ကြောင်း ပြောခဲ့သည်။

မိန်းကလေးရှင် မိဘဘက်က အခြေအနေနှင့် သဘောထား ဘယ်လိုရှိသည်ကို မေးမြန်းသည့်အခါ ဘယ်လိုပြဿနာမျိုးမှ မရှိ၊ လုံးဝ သဘောတူသည့် အဆင့်တွင်ရှိကြောင်း ဖြေခဲ့သည်။

ဒေါ်ခင်စောတင့်က သားဖြစ်သူ သဘောထားပြောင်းလဲမည့် အခြေအနေမရှိတော့ပြီကို သိသည့်အလျောက် နောက်ဆုံးမေးစရာ မေးခွန်းကိုသာ မေးလိုက်ရတော့သည်။

သူတို့ အိမ်ထောင်ပြုပြီးနောက် နေရေးထိုင်ရေး ဘယ်လိုအစီအစဉ်ရှိသည်ကို မေးမြန်းခဲ့သည်။ နယ်လီက သူတို့တိုက်မှာနေစေချင်သည့် သဘောထားရှိသော်လည်း သူက မနေချင်။ လူများပြီး အနေအထိုင် မလွတ်မလပ် ဖြစ်မည့် သူတို့အိမ်မှာထက် ကျယ်ဝန်းပြီး မိသားစုနည်းသည့် ကိုယ့်တိုက်မှာပင်နေဖို့ စီစဉ်ထားကြောင်းပြောသည်။

ဒေါ်ခင်စောတင့်က အိမ်ထောင်ပြုပြီးနောက် သီးခြားတစ်အိုးတစ်အိမ် တည်ထောင်နေသည်က ပြဿနာမရှိ။ အကောင်းဆုံးဖြစ်မည့်အကြောင်း ပြောချင်သော်လည်း ပြောမထွက်။

မိသားစုထဲက ကြဉ်ထုတ်သည့် သဘော သက်ရောက်သွားမည်ကို စိုးရိမ်သည်။ ယောက္ခမအိမ်မှာ နေစေပြန်တော့လည်း သားမျက်နှာငယ်မည်ကို ကြောင့်ကြသည်။

တသီးတခြား အိမ်ရာထူထောင်ပေးဖို့ကလည်း လက်ရှိအခြေအနေအရ မလွယ်။ လောလောဆယ် ကုန်ကျရမည့် မင်္ဂလာကိစ္စအတွက် နှစ်ဦးနှစ်ဖက် သဘောထားမညီကြရသေး။ ဘယ်လိုအခြေအနေ ရှိလာမည်ကို တွက်ဆလို့မရ။

အကျဉ်းရုံးမလား၊ အကျယ်ချဲ့မလား။ အကျယ်ချဲ့လျှင် ဝန်ထုပ်ဝန်ပိုး အနည်းထက်အများရှိလာမှာ သေချာသည်။ သူတို့တိုက်က အကျယ်ကြီး။ အခန်းတွေလည်း အများကြီး။ မတ်ဖြစ်သူနှင့် တိုင်ပင်ရသည်။

ဦးဝင်းတင်ကလည်း အိမ်မှာနေမည့်ကိစ္စကို လောလောဆယ်မပြောသေးဘဲနေဖို့နှင့် မင်္ဂလာကိစ္စကို သိပ်အကျယ်မချဲ့ဖို့သာ ပြောသည်။

သူတို့ အတူတကွ နေထိုင်မည့်ကိစ္စနှင့် ပတ်သက်၍ သမီးတွေကို သဘောပေါက်အောင် ပြောထားဖို့နှင့် အလိုက်အထိုက် နေထိုင်သွားကြရန် သူလည်းပြောမည့်အကြောင်းသာ ပြောသည်။ အထူးသဖြင့် စိတ်ဆတ်သူ သမီးအငယ်ဆုံး ခင်မေရီကို ဖျောင်းဖျောင်းဖျဖျ ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ မှာသွားသည်။

သူတို့မိသားစုအတွင်း လူစိမ်းတစ်ယောက် ဝင်လာဖို့က သေချာသလောက် ဖြစ်နေပြီ။ ယောက္ခမနှင့် ချွေးမ၊ သမက်နှင့် ယောက္ခမတို့မှာ သင့်မြတ်မှုရှိခဲဘိသို့ မတည့်အတူနေကြရသူများ ဖြစ်၏။

သင့်မြတ်သူများလည်း လုံးလုံးမရှိတော့ မဟုတ်။ အနည်းအကျဉ်းမျှသာ။ သင့်မြတ်သည်ဟု ဆိုရသည့်တိုင် မကြည်လင်မှု အဖုအထစ်ကလေးများတော့ အနည်းနှင့်အများ ရှိစမြဲ။ ခုဝင်လာမည့် သူစိမ်းက စကတည်းက ယဉ်သကိုဆို ဒေါ်ခင်စောတင့်မှာ မရောက်လာသေးမီကပင် စိတ်တွေးရင်လေးနေရသည်။

သားကလည်း မယားဘက် ခပ်ပါပါ အနေအထားမျိုး ရှိနေသမို့ ရစ်ထွေးလာမည့်ပြဿနာ မကြီးထွားပါစေနှင့်ဟုသာ ဆုတောင်းရမည်ပါတကား။

တမြည့်မြည့် လောင်ကျွမ်းနေသည့်မီးမှာ မိခင်ကြီး တိမ်းပါးသည့်နောက် ဟုန်းခနဲ ထတောက်ခဲ့သည်။ အလျော့ပေါ့ဆုံးသော အခွင့်အရေးကိုသော်မှ မလိုက်လျောနိုင်အောင် ခါးသီးလွန်းသော သဘောထားတင်းမာမှုကြောင့် စကားအချေအတင် ပြောကြရင်းမှ ကျော်မကောင်းကြားမကောင်းသော မှုခင်းလမ်းကြောင်းပေါ်သို့ လျှောက်နေရပြီ။

သေဆုံးသွားသူ အဖြစ်ထက် သူ့အဖြစ်က ပိုဆိုးသည်။ အကြောင်းရင်း ဇာစ်မြစ်အမှန်ကို မသိသူများက သူ့အား ရိုင်းစိုင်းရက်စက် ယုတ်မာသူအဖြစ် မှတ်ချက်ပြု ပြောဆိုကြသည်။ သူ့အမှု ရုံးထွက်နေ့ဆိုလျှင် သတင်းအကြားနှင့် လာကြည့်သူများမှာ တစ်ပတ်ထက်တစ်ပတ် ပိုများလာသည်။

မည်သည့် အတိုင်းအတာအထိ ကြီးမားသော ပြစ်ဒဏ်ကို ရင်ဆိုင်ရမည်မှန်း မသိစေကာမူ ညီအစ်ကိုချင်းအပေါ်ဆိုသည့် ပြစ်တင်ဒဏ်ခတ်မှုကို ခံနေရပြီ။

သံသရာတွင် ချေဖျက်၍မရနိုင်သော ဝဋ်ကြွေးလည်း တင်ရှိသွားပြီ။

တစ်ခဏဒေါသမှာ တစ်ဘဝ ဒုက္ခနွံအတွင်းသို့ ...။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြသော်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ကြီးရှင် သခင်မ

ဝင်းသောင်(ရမည်းသင်း)

အိမ်ကြီးတစ်အိမ်အကြောင်း ပြောပြချင်ပါတယ်။ အဲဒီ အိမ်ကြီးကတော့ ကျွန်တော် ခရိုင်ရဲတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်ခဲ့စဉ်က တာဝန်အရ နေခွင့်ရခဲ့တဲ့ အိမ်ကြီးတစ်အိမ်ပါ။ အိမ်ကြီးအကြောင်းပြောရရင် အိမ်ကြီးရဲ့ ပတ်ဝန်းကျင်၊ အိမ်ကြီးရဲ့ ပုံသဏ္ဌာန် အနေအထား၊ အိမ်ကြီးဖွဲ့စည်းပုံ စတာတွေ မြင်သာထင်သာအောင် သမိုင်းနဲ့ ချီပြီး ပြောပြမှ ပြည့်စုံမယ်ထင်ပါတယ်။

အိမ်ကြီးဟာ တိုင်းကြီးတစ်တိုင်း အတွင်းက ခရိုင်မြို့ကြီးတစ်မြို့မှာ ရှိပါတယ်။ ခေတ်အဆက်ဆက် အုပ်ချုပ်ရေးပိုင်းက အရာရှိကြီးတွေ တာဝန်အရ နေခဲ့တဲ့ အိမ်များထဲက အိမ်ကြီးတစ်အိမ်ပါပဲ။ အဲဒီ အိမ်ကြီးကို ပထမတန်းစား ကျွန်းသစ်၊ ပျဉ်းကတိုး သစ်မာတွေနဲ့ လှလှပပ ခံ့ခံ့ထည်ထည် တည်ဆောက်ထားပြီး အမိုးကိုတော့ ၂၈ ဂိတ် သွပ်တွေနဲ့ မိုးထားပါတယ်။ ၂၈ ဂိတ်သွပ် ဆိုတာ ဒီခေတ်သွပ်မျိုး မဟုတ်ဘူး။ အထူကြီးမှ အထူကြီး။ ၂၈ ဂိတ်သွပ် တစ်ချပ်ကို လူသုံးလေးယောက် မပြီး သယ်ရတယ်။ ဒီခေတ်သွပ်ကတော့ သိတဲ့အတိုင်း သွပ်သုံးလေးချပ်လောက် ထပ်လိပ်ပြီး လူတစ်ယောက်တည်းက ချိုင်းကြားညှပ် သယ်သွားလို့ရတယ်လေ။ ကွာတာမှ အဲဒီလောက်ကွာတယ်။

အိမ်ကြီးကို သေသေချာချာကြည့်ရင် အမိုးအောက်က အိမ်ပတ်လည် မြင်းမိုရ်ပိတ်တန်းတွေမှာ ခြူးပန်းခြူးနွယ်တွေ၊ ကနုတ်ပန်းအလှတွေနဲ့ တန်ဆာဆင်ထားတာမို့ အံ့မခန်းလောက်အောင် လက်ရာမြောက်တဲ့ မြန်မာ့ဗိသုကာ ပညာရှင်များ တည်ဆောက်ခဲ့တဲ့ အိမ်ကြီးလို့ အတပ်ပြောနိုင်ပါတယ်။ အိမ်ကြီး ပတ်ပတ်လည် ပြတင်းပေါက်များကို ကြည့်ဦးမလား။ လေလည်းဝင်၊ အလင်းရောင်လည်းရတဲ့ တရုတ်ကတ်တံခါးတွေ။ တရုတ်ကတ်တံခါး ဆိုရာမှာလည်း ဒီနေ့ အလူမီနီယံဘောင်နဲ့ မှန်ကပ်ထားတဲ့ ကချော်ကချွတ် တရုတ်ကတ်တံခါးမျိုး မဟုတ်ဘူး။ လေလည်းဝင်၊ အလင်းရောင်လည်းရတဲ့ ကျွန်းသစ်သက်သက်နဲ့ ၄ ၂ထားတဲ့ တရုတ်ကတ်တံခါး။ လုံခြုံမှုလည်းရှိတဲ့ တံခါးအမျိုးအစားတွေ။ ဘယ်ကကြည့်ကြည့် အဆောင်ဆောင် အနန်းနန်းနဲ့ ကြီးကျယ်ခမ်းနားလိုက်တဲ့ အိမ်ကြီး။ လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော် သူ့ကျွန်ခေတ်ကတည်းက ဗြိတိသျှ အစိုးရ အရာရှိများနဲ့ လက်ပါးစေ ဗျူရိုကရက် အရာရှိများအတွက် ရည်ရွယ်ဆောက်ထားခဲ့တာ လွတ်လပ်ရေးရပြီးတော့ မြန်မာအစိုးရလက်ထက်မှာ ခေတ်အဆက်ဆက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိကြီးများ နေခဲ့ကြတာ ဖြစ်ပါတယ်။

အိမ်ကြီးရဲ့ ရှေ့ဘက်မှာ အိမ်ပေါ်တက်ဖို့ ရေမ ကျွန်းသွတ်လုံးများနဲ့ အလှဆင်ထားတဲ့ ကျွန်းလှေကားကြီး။ အိမ်ရဲ့လက်ဝဲဘက် အိမ်အပြင်မှ အိမ်ကြီးပေါ်တက်တဲ့ လှေကား။ အိမ်နောက်ဘက်မှာတော့ မီးဖိုဆောင်၊ အစေခံတန်းလျားနဲ့ ကားဂိုဒေါင်ဘက် အဆင်းအတက် လှေကားတစ်စင်း ရှိပါတယ်။ ဒါကြောင့် လှေကားသုံးစင်းနဲ့ အိမ်ကြီးလို့လည်း ပြောနိုင်ပါတယ်။ မီးဖိုဆောင်၊ ကားဂိုဒေါင်၊ အစေခံတန်းလျား စသဖြင့် ကျွန်တော်သုံးနှုန်းပြောဆိုတာက ဟိုစဉ်က အိမ်ကြီးရဲ့ ဖွဲ့စည်းပုံအရ သတ်မှတ်ထားတဲ့ အမှတ်အသားများအရ ပြောဆိုခြင်း ဖြစ်ပါတယ်။ (ကျွန်တော်တို့ ခေတ်ရောက်တော့ မီးဖိုဆောင်နဲ့ အစေခံတန်းလျားအား သင့်တော်သလို အခန်းများ ပြင်ဆင်ဖွဲ့စည်းဆောက်လုပ်ကာ လတ်တလော နေအိမ်အခက်အခဲဖြစ်နေတဲ့ ရဲတပ်ဖွဲ့ဝင်များကို နေရာချထားပေးခဲ့ပါတယ်။)

အိမ်ကြီးအကြောင်း ပြောပြီးတော့ အိမ်ကြီးတည်ရှိတဲ့ ခြံဝိုင်းကြီးအကြောင်းလည်း ပြောပြဖို့ လိုမယ်ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခြံဝိုင်းကြီး အကျယ်အဝန်းကို မြင်သာထင်သာအောင် ပြောရမယ်ဆိုရင် စံချိန်မီ ဘောလုံးကွင်းတစ်ကွင်းစာလောက် ကျယ်ဝန်းပါတယ်။ ခြံဝန်းကြီးရဲ့ ရှေ့ဘက်မှာ တံခါးကြီးနှစ်ပေါက် ရှိတယ်။ တစ်ပေါက်က "အဝင်"၊ တစ်ပေါက်က "အထွက်" ဆိုတဲ့ စာတန်းချိတ်ပြီး အမှတ်အသားပြုထားပါတယ်။ သဘောကတော့ လူဖြစ်စေ၊ ကားဖြစ်စေ ခြံထဲဝင်တဲ့အခါ အဝင်ပေါက်က ဝင်ရပြီး ခြံထဲက ထွက်မယ်ဆို အထွက်ဆိုတဲ့ ခြံတံခါးက ထွက်ရမယ်ဆိုတဲ့ သဘောပါ။

အဝင်ဘက် ခြံတံခါးနဲ့ မလှမ်းမကမ်း ခြံထောင့်မှာ စိန်ပန်းပင်ကြီးတစ်ပင် ရှိတယ်။ ခန့်မှန်းပြောရရင် အပင်ကြီးသက်တမ်းက နှစ်လေးငါးဆယ်လောက် ရှိမယ်ထင်ပါတယ်။ မိုးရာသီမှလွဲပြီး နွေနဲ့ဆောင်းမှာ ရဲရဲနီအောင် ပွင့်နေတာ သိပ်လှတာပဲ။ စိန်ပန်းပင်နဲ့ တည့်တည့် ခြံနောက်ဘက်တစ်လျှောက် ထန်းပင်တွေ တန်းပြီးရှိနေတယ်။ ထန်းပင်အားလုံး အပင်နှစ်ဆယ်လောက်ရှိတော့ ကိုယ်ပိုင်ထန်းတောလို့ ပြောလို့ရပါတယ်။ အိမ်ကြီးရဲ့ လေသာဆောင်နဲ့ ဧည့်ခန်းဆောင်ကြားမှာတော့ နှစ်သက်တမ်း တစ်ရာကျော်လောက်ရှိမယ့် ညောင်မှတ်ဆိတ်လို့ခေါ်တဲ့ အပင်ကြီးတစ်ပင်ရှိတယ်။ ခြံကြီးထဲမှာရှိတဲ့ အပင်တွေထဲမှာ အကြီးမားဆုံး၊ သက်တမ်းအရင့်ဆုံးလို့ ခန့်မှန်းနိုင်ပါတယ်။ အဲဒီအပင်ကြီးရဲ့ ထူးခြားချက်ကတော့ မိုးလင်းစကနေ နေဝင်မိုးချုပ်တဲ့တိုင် လင်းနို့တွေဟာ မည်းမည်းလှုပ်အောင် ဇောက်ထိုးချိတ်ဆွဲ နားနေကြတာတွေ့ရပြီး နေဝင်မိုးချုပ်တာနဲ့ တစ်ပြိုင်နက် အစာရှာထွက်ကြတာ တစ်ကောင်တစ်မြီးမှ မကျန်အောင်ဘဲ။ ခြံဝိုင်းကြီးက ကျယ်ကျယ်၊ ပေါက်ရောက်နေတဲ့ မန်ကျည်း၊ တမာ၊ တောင်သလဲ၊ ညောင်မှတ်ဆိတ်၊ အင်ပင်ကြီးတွေက မြင့်မြင့်မားမားနဲ့ အိမ်ကြီးကလည်း အကြီးကြီးမို့ မဆိုစကောင်း ဆိုစကောင်း ရုပ်ရှင်တွေ၊ ကာတွန်းရုပ်ပြဇာတ်လမ်းတွေထဲက စုန်းမကြီး၊ ကဝေမကြီးတွေနေတဲ့ ရဲတိုက်ကြီးနဲ့ တူသယောင်ယောင်မို့ အိမ်ကြီးကို ရောက်စက အိမ်သားစုအားလုံး စိတ်တွေ စနိုးစနောင့် ဖြစ်မိတယ်။ ဘာပဲဖြစ်ဖြစ် တာဝန်အရ နေရမယ့်အိမ် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် နေရမှာမဟုတ်လား။ ကျွန်တော်တို့ အလွန်ကြီးမား ခံ့ထည်တဲ့ အိမ်ကြီးမှာ နေဖြစ်ကြပါတယ်။

အိမ်ကြီးရဲ့ မျက်နှာစာမှာ ရေတွင်းဟောင်းကြီးရှိတယ်။ ဘယ်ခေတ်၊ ဘယ်အခါကတည်းက မသုံးသလဲတော့မသိဘူး။ လက်ရှိအခြေအနေမှာတော့ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်တွေနဲ့ ပြည့်လုနီးဖြစ်တယ်။ ကျွန်တော်တို့အတွက် အိမ်ကြီးအကြောင်း သိချင်တာတွေ များနေလို့ ပြောင်းရွှေ့ရောက်ရှိပြီး နေသားတကျရှိလာတော့ ကျွန်တော့်ရုံးက အရာရှိနဲ့ အခြားအဆင့်ရဲဘော်တွေကို မေးမြန်းစုံစမ်းကြည့်တယ်။ ဂဃနဏ ဘယ်သူမှ မသိကြဘူး။ ဖြစ်နိုင်ပါတယ်။ သူတို့လည်း ဝန်ထမ်းများမို့ ဟိုမှသည်မှ ပြောင်းရွှေ့လာကြပြီး အနေကြာသူများလည်း တစ်ဖန် တခြားကို ပြောင်းရွှေ့ကြတဲ့ သူတွေပဲကိုး။ ဒါကြောင့် နောက်ဆုံး စခန်းမှူးနဲ့ မြို့နယ်မှူးများထံ စုံစမ်းရပြန်တယ်။

စခန်းမှူးနဲ့ မြို့နယ်မှူးကို မေးကြည့်တော့ သူတို့လည်း သည်အရပ်၊ သည်ဒေသမှာ လက်ရှိတာဝန်ထမ်းဆောင်ကြတာ မကြာသေးတော့ ထုံးစံအတိုင်း ဘာမှမသိဘူးဆိုတဲ့ အဖြေပဲ ရပါတယ်။ ထူးခြားတာတစ်ခုကတော့ စခန်းက ရဲတပ်ကြပ်တစ်ယောက်ရဲ့ အဘိုးဟာ လွတ်လပ်ရေးမရခင်က ထမင်းချက်အဖြစ် အိမ်ကြီးမှာ နေထိုင်ဖူးပြီး ခုအချိန်ထိ ရဲတပ်ကြပ်နဲ့အတူ စခန်းအိမ်ထောင်သည်လိုင်းမှာ အတူနေထိုင်တယ်လို့ အစတစ်စ ရပါတယ်။ ကျွန်တော်က သိချင်တာဆို ချက်ချင်းသိချင်တဲ့ စိတ်ရှိတယ်။ ဒါကြောင့် စခန်းမှူးကတစ်ဆင့် ဆက်သွယ်ပြီး ရဲတပ်ကြပ်ရဲ့အဘိုး ဘောမီကာအဲ(လ်)ကို ထမင်းစားဖိတ်လိုက်ပါတယ်။ အကြောင်းပြချက်ကတော့ သက်ကြီးဝါကြီးကို ဂါရဝပြုချင်တယ်၊ သိလိုတာလေးတွေလည်း မေးချင်ကြောင်း လေးလေးစားစားပြောပြီး ဖိတ်လိုက်ပါတယ်။ စခန်းရှိ တပ်ဖွဲ့ဝင်တွေက အဘိုး မီကာအဲ(လ်)ကို ကျွန်တော် ထမင်းဖိတ်ကျွေးတာကို သို့လော • • •သို့လော ပြောဆိုကြပြီး အံ့အားသင့်ကြတယ်။

* * *

"ကြွပါ အဘိုး။ ကျွန်တော်နဲ့ အဘိုး ထမင်းစားပြီးမှ သိချင်တာလေးတွေ မေးမယ်ဆိုတော့ ကျွန်တော်တို့ ထမင်းအရင်စားလိုက်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com

"အိမ်မှာ စားမယ်"

"လာပါ အဘိုး၊ ဘာမှ အားမနာပါနဲ့။ ကျွန်တော် ဂါရဝပြုပြီး အဘိုးကို ဖိတ်ကျွေးတာပါ"

"အိမ်မှာစားမယ်လေ ဝန်မင်း၊ စားပါ ဝန်မင်း"

ကျွန်တော် ပါးစပ်ကရော၊ လက်ကပါ ဆွဲခေါ်မှ သူနဲ့ ကျွန်တော်တို့ မျက်နှာချင်းဆိုင် ထမင်းစားဖြစ်ပါတယ်။ စားပြန်တော့လည်း ကျွန်တော့်ထက် စားနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် ခုလို သက်ရှည်ကျန်းမာ သန်စွမ်းနေတာပဲလို့ ကျွန်တော် သဘောပေါက်မိပါတယ်။

"အဘိုး…ရေနွေးကြမ်းသောက်၊ လက်ဖက်စားရင်း ဧည့်ခန်းမှာ စကားပြောရအောင်"

ထမင်းစားပြီးတော့ ဧည့်ခန်းမှာ ကျွန်တော်နဲ့အဘိုး စောမီကာအဲ(လ်) စကားပြောဖြစ်ကြပါတယ်။

"အဘိုး ဘာလူမျိုးလဲဟင်"

"ကရင်ဗျ"

"အသက် ဘယ်လောက်ရှိပြီလဲ"

"အဲ…အဲ..ပြီးခဲ့တဲ့ ခရစ္စမတ်တုန်းက ဖိုးမှူနဲ့တွက်ကြည့်တာ အသက် ၉၀ ရှိပြီတဲ့"

"ကြည့်ပါဦး။ အဘိုးက အရွယ်နဲ့မလိုက်အောင် ကျန်းမာတာပဲ။ အဘိုးမှာ ဘာဆေးကောင်းတွေ ရှိလဲ"

"မရှိဘူးဗျ၊ ဒီအတိုင်းပဲ"

ကျွန်တော်မေးသမျှ ရိုးရိုးရှင်းရှင်း ချိုတောင်းစွာ ဖြေသော်လည်း ကရင် ရိုးရှင်းသားသဲ ပကတိအတိုင်းမို့ အလွန်နားထောင်ကောင်းပြီး နားဝင်ချိုပါတယ်။

"အဘိုး ဒီအိမ်ကြီးမှာ ဘယ်အချိန်က စနေခဲ့တာလဲ"

"ကျုပ်အသက် ၂၅ နှစ်၊ တိုင်းမင်းကြီး သခင်ဝီလျံရှေ့ လက်ထက်မှာ စနေခဲ့တာပါ။ သခင်အာသာဗီလစ်၊ သခင်မော့(လ်)ကာ လက်ထက်အထိပဲ။ လွတ်လပ်ရေးရပြီး သခင်တွေပြန်သွားပြီး မြန်မာအစိုးရတက်တော့ မြန်မာဝန်မင်း လေးငါးဆက်အထိ ဒီအိမ်ကြီးမှာ ထမင်းချက်နဲ့ အထွေထွေအလုပ်တွေ လုပ်ကိုင်ခဲ့ပါတယ်"

ကျွန်တော် အဘိုး စောမီကာအဲ(လ်)ကို ခေါ်ပြောဆက်ဆံရမှာ ကရင်အသုံးအနှုန်း အပါးတို့၊ ဖထီးတို့ ဆိုတဲ့ အသုံးအနှုန်းမသုံးဘဲ မြန်မာဆန်ဆန် အဘိုးလို့ ခေါ်ဝေါ်ဆက်ဆံတာကို အဘိုးက သဘောကျပုံရပါတယ်။ တပြုံးပြုံးနဲ့ ကျွန်တော်မေးသမျှ ပြန်ဖြေပါတယ်။ မသိရင်လည်း မသိဘူးလို့ ဖြေပါတယ်။ အသက်အရွယ်အရ အနည်းငယ် တုံ့နေးတာကလွဲလို့ အဘိုးဟာ သတိလည်း အလွန်ကောင်းပြီး ရံဖန်ရံခါ စကားပြောတဲ့အခါ အင်္ဂလိပ်လို ညှပ်ပြောတာ အလွန်ပီသကောင်းမွန်ပါတယ်။ အေးပေါ့လေ၊ ဗြိတိသျှနယ်ချဲ့တွေနဲ့ အတူနေခဲ့တဲ့ ကာလက များတာကိုး။

"အဘိုး ခေတ်အဆက်ဆက် နေလာခဲ့တဲ့ ဒီအိမ်ကြီးမှာ ထူးခြားဖြစ်စဉ်တွေ ဖြစ်ခဲ့ဖူးတာရှိရင် သိမှာပေါ့။ ကျွန်တော့်ကို အဘိုးမှတ်မိသလောက် ပြောပြပါလား"

"ဝန်မင်းမေးတာ ငါမသိဘူးဟ။ ဝန်မင်း ဘာပြောတာလဲဟေ"

"ကျွန်တော်သိချင်တာက အင်္ဂလိပ်တွေနဲ့ အဘိုး ဒီအိမ်မှာနေခဲ့တုန်းက ဖြစ်ဖြစ်၊ မြန်မာအရာရှိတွေနဲ့အတူ နေခဲ့တုန်းကပဲဖြစ်ဖြစ် ထူးထူးခြားခြား ဖြစ်ခဲ့တဲ့ အကြောင်းအရာတွေရှိရင် ပြောပြဖို့ ကျွန်တော် ပြောတာပါ"

ကျွန်တော် ဖြည်းဖြည်းချင်း ရှင်းပြမေးမြန်းသည့်တိုင် ကျွန်တော်မေးတာကို သဘောပေါက်ပုံမရဘဲ အဘိုး ငိုင်နေပါတယ်။ ကျွန်တော်က သိချင်တာတွေများလို့ အဘိုးကို ခေါ်မေးမိမှတော့ စိတ်ရှည်ရမှာပေါ့။ အဘိုးဘက် လက်ဖက်ပန်းကန် တွန်းပေးကာ စားပါဦး အဘိုးလို့ ဧည့်ဝတ်ပြုရင်း ကျွန်တော် ကိုယ်တိုင်လည်း စားပွဲပေါ်ရှိ ရေနွေး

**တကယ်တော့ ဖရက်ဒီသည် သခင်တွေအပေါ် အလွန်တာဝန်ကျေသည့် ခွေးတစ်ကောင် ဖြစ်သည်။ ဘာ့ကြောင့်များ ကောက်ကာငင်ကာ သေသွားပါလိမ့်**



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းပန်းကန်ကို ကောက်ကာ တစ်ကျိုက်မော့သောက်လိုက်ပါတယ်။

"ဝန်မင်းပြောတာ ငါမသိဘူးဟ။ ထပ်ပြောပြ ဝန်မင်း"

အဘိုး စောမီကာအဲ(လ်)က ထပ်ပြောပြဖို့ ပြောတဲ့စကား ကြားတော့ ကျွန်တော်ဝမ်းသာပြီး လက်တွင်းက သောက်လက်စ ရေနွေးကြမ်းပန်းကန်ကို စားပွဲပေါ် ပြန်တင်ကာ ကျွန်တော်နားလည်လွယ်မယ့် စကားလုံး အသုံးအနှုန်းများသုံးကာ ကျွန်တော် ဆက်မေးဖြစ်ပါတယ်။

"ကျွန်တော်သိချင်တာက အဘိုးရယ်၊ ဒီအိမ်ကြီးမှာ ပျော်စရာ၊ ဝမ်းနည်းစရာ၊ ကြောက်လန့်စရာ တစ်ခုခု ဖြစ်ဖူး၊ ကြုံဖူးသလား သိချင်တာပါ။ နောက်ပြီး အိမ်ကြီးရဲ့ အပေါ်ထပ် အနောက်ဘက်ဆောင်က အခန်းတစ်ခန်းကို အသေပိတ်ထားပြီး 'မထိရ'၊ 'မဖွင့်ရ' လို့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတယ်။ နောက်ပြီး 'မြွေသိုက်ရှိသည်'၊ 'မြွေကိုက်လိမ့်မည်'…တဲ့။ အဲဒီအကြောင်းတွေ အဘိုးသိလား။ သိရင် ပြောပြပါ အဘိုး"

"ဒီလိုဆို…ငါပြောတတ်ပြီဟ ဝန်မင်း"

အဘိုးသည် ကျွန်တော်မေးတာများကို သဘောပေါက်သွားပြီ ထင်ပါတယ်။ သူတွေ့ဖူး၊ သိဖူး၊ ကြုံခဲ့ဖူးတာများကို တရစပ် ကရားရေလွှတ်သည့်နှယ် ပြောချသွားပါသည်။ အဘိုးပြောပြချက်တွေက ကျွန်တော့်လို စာရေးသူအတွက် ကုန်ကြမ်းတွေမို့ ကျွန်တော်လိုလိုချင်ချင်မှတ်သားထားဖြစ်ခဲ့ပါတယ်။

* * *

"ဒီအိမ်ကြီးမှာ မြန်မာအစိုးရဝန်မင်း လေးငါးဆက်တိုင် ကျုပ်ထမင်းချက်၊ အထွေထွေလုပ်သားအဖြစ် လုပ်ခဲ့ပေမယ့် ကျုပ်ဘာမှထူးခြားတာ မတွေ့ဘူးဟ။ ဝန်မင်းတွေက ခြောက်လတစ်ခါလောက် ပြောင်းပြောင်းသွားကြတယ်လေ။ အဲ…အဲ…ဟို…ဟို…ဗြိတိသျှအစိုးရလက်ထက် သခင်မော့(လ်)ကာ နေစဉ်ကတော့ ပြဿနာဖြစ်ဖူးတယ်ဗျ ဝန်မင်း"

"ဟုတ်ပြီ…ဟုတ်ပြီ။ အဲဒီအကြောင်းပဲ ပြောပြပါ အဘိုး"

ကျွန်တော်သည် ရေငတ်တုန်းရေတွေ့လိုက်သလို ဝမ်းသာအားရ ဖြစ်ကာ အဘိုးအား ပြောပြရန် တိုက်တွန်းလိုက်ပါတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်နဲ့ အဘိုးစောမီကာအဲ(လ်) စကားဆက်ပြေဖြစ်ကြပါတယ်။

"အိမ်ကြီးက သခင်အာသာဗီးလစ်မိသားစု ပြောင်းသွားတော့ သခင်မော့(လ်)ကာမိသားစု ရောက်လာတယ်။ သခင်တွေက တိုင်းမင်းကြီးအဆင့်တွေမို့ အတူနေ အခိုင်းအစေကျွေး၊ လူယုံတော် ကျေးကျွန်တွေပါဆို မိသားစု ဆယ်ယောက်၊ ဆယ့်ငါးယောက် ပါလေ့ရှိတယ်။ ဒါပေမယ့် သခင်မော့(လ်)ကာကျတော့ ထူးခြားတယ်။ သခင်နဲ့ သခင်မရယ်၊ ဗြိတိသျှလူမျိုး ကိုယ်ရေးအရာရှိနဲ့ ကျန်တာကတော့ ကျုပ်တို့နိုင်ငံသား သုံးယောက်ပဲ။ အဲဒီ သုံးယောက်ထဲမှာ တစ်ယောက်က အင်မရာမင်းလို့ခေါ်တဲ့ လက်နက်ကျွမ်းကျင်၊ လက်နက်ပြင်တဲ့သူတစ်ယောက်။ ဒီလူက လိုအပ်ရင် လက်နက်လည်းပြင်၊ ယာဉ်လည်းမောင်း။ ကျန်နှစ်ယောက်ကတော့ တောကျွမ်းသူတွေပါပဲ။ သခင်မော့(လ်)ကာက တောလိုက်တာ ဝါသနာပါတယ်။ အားလပ်ရက်ဆို အိမ်မှာ မနေဘဲ တောထဲသွားနေတာ"

"သခင်မော့(လ်)ကာရဲ့အသက်ဟာ ၄၅ နှစ်လောက်ရှိပြီး သခင်မကတော့ ၂၅ နှစ်လောက်ပဲ ရှိတာမို့ အသက် ၂၀ လောက် ကွာပါတယ်။ သခင်မော့(လ်)ကာနဲ့ သခင်မတို့ လက်ထပ်ခဲ့တာ တစ်နှစ်လောက်ပဲ ရှိသေးတယ်လို့ သိရတယ်။ ဒါကြောင့် သူတို့မှာ သားသမီးမရှိဘူး။ ဖရက်ဒီနဲ့ ဂျက်ကီဆိုတဲ့ ခွေးကြီးနှစ်ကောင်ပဲ သားသမီးလိုချစ်နေကြတယ်။ ခွေးကြီးတွေက သိပ်လိမ္မာကြတယ်လေ"

"အဲဒီခွေးကြီးတွေက သခင်မော့(လ်)ကာရဲ့ ခွေးကြီးတွေ။ သူ့အိန္ဒိယမှာ စတင်တာဝန်ထမ်းဆောင်ကတည်းက အင်္ဂလန်က ခေါ်လာခဲ့တာတဲ့။ သူကျွန်တော်တို့ဆီမှာ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရတော့ တစ်ပါတည်း ခေါ်လာခဲ့တဲ့ ခွေးကြီးတွေမို့ သခင်မော့(လ်)ကာက သိပ်ချစ်ပါတယ်။ အိမ်မှာနေတဲ့ရက်ဆို ဒီကောင်ကြီးတွေကို ပွတ်သပ်ပွေ့ဖက်ပြီးနေလေ့ရှိတော့ သခင်မော့(လ်)ကာ အိမ်မှာရှိရင် သခင်အားကိုးနဲ့ ထောင်ထောင်နေတတ်တယ်။ အထူးသဖြင့် ဖရက်ဒီဆိုတဲ့ ကောင်ကြီးပဲ"

"ဂျက်ကီဆိုတဲ့ ကောင်ကြီးကတော့ အိပ်ချိန်အိပ်၊ စားချိန်စား အေးအေးပဲ။ သခင်မ ပြောတာက အိန္ဒိယမှာ ဂျက်ကီရဲ့ချစ်သူ ရှိတယ်တဲ့။ အဲ ချစ်သူကို လွမ်းနေတာတဲ့။ ဖရက်



www.burmeseclassic.com

www.burmeseclassic.com

တော့ ဘယ်သူ့မှ မလွှမ်းဘူး။ သားကြောဖြတ်ပြီးသားတဲ့"

"ဒါနဲ့ အဘိုး၊ ခွေးကြီးတွေက ဘာအမျိုးအစားလဲဟင်"

"သူတို့ ပြောတော့ ပြောတယ်။ ကျုပ်မမှတ်မိဘူး ဝန်မင်း။ သူတို့ဆီမှာ မင်းစိုးရာဇာ၊ သူဌေးသူကြွယ်နဲ့ အထက်တန်းလွှာတွေပဲ မွေးနိုင်တာတဲ့။ သူတို့အတွက် ဟားစရိတ်၊ ဆေးဝါးစရိတ်တွေကလည်း တော်တော်ကြီးတယ်တဲ့။ အဲ…အ၊ ကျွန်တော်တို့ဆီက အင်းခွေးကြီးတွေ ဝန်မင်းမြင်ဖူးလား"

"ဟုတ်ကဲ့ အဘိုး၊ မြင်ဖူးပါတယ်"

"အဲ··အဲ··အဲဒီ အင်းခွေးကြီးတွေထက် ကြီးတယ်ဗျ"

"အရောင်ကကော ဘာရောင်လဲဟင်"

"အုန်းခွံရင့်ရောင်ထက်လည်း ရင့်တော့···အဲ···ချောကလက်ရောင်ညိုညိုကြီးတွေပါဗျ"

အဘိုးစောမီကာအဲ(လ်) စကားပြောတော့မယ်ဆိုရင် အဲ··အဲ ဆိုတဲ့ စကားလုံး ရှေ့ကခံ၍ အားယူပြောတတ်တာ ကျွန်တော် သတိပြုမိပါတယ်။ တိုင်းရင်းသား ကရင်လူမျိုးစစ်စစ်ဖြစ်၍ ကရင်သံ တဝဲဝဲနဲ့ ပြောတာကြောင့် နားထောင်၍လည်း ကောင်းပါတယ်။

* * *

သခင်မော့(လ်)ကာ တောပစ်သွားတဲ့တစ်နေ့ ဖရက်ဒီဆိုတဲ့ ခွေးကြီး အဆိပ်မိတဲ့ ပုံသဏ္ဌာန်နဲ့ ပါးစပ်က အမြှုပ်တွေထွက်ပြီး အိမ်ကြီးပေါ်မှာ ချာလပတ်လည်နေတာတွေ့တဲ့ သခင်မဟာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး မီးဖိုဆောင်ကာ စောဂဲလာကို လှမ်းခေါ်ပါတယ်။ ဖရက်ဒီ ဘာဖြစ်တာလဲ၊ ဖရက်ဒီ ဘာဖြစ်တာလဲ ကြည့်စမ်းပါဦးဆိုပြီး ကြည့်ခိုင်းတယ်။

"ဖရက်ဒီ ဘာဖြစ်တာလဲ စောဂဲလာ"

"ခွေးရူးပျံတာထင်တယ် သခင်မ"

"နို··နို၊ ကာကွယ်ဆေးထိုးထားတာ တစ်လပဲရှိသေးတယ်"

"ဒါဆို ကျွန်တော်လည်း မပြောတတ်ဘူး သခင်မ"

"ကောင်းပြီ။ ဝေးရာမှာ သွားမြှုပ်လိုက်"

တကယ်တော့ ဖရက်ဒီသည် သခင်တွေအပေါ် အလွန်တာဝန်ကျေသည့် ခွေးတစ်ကောင်ဖြစ်သည်။ ဘာ့ကြောင့်များ ကောက်ကာငင်ကာ သေသွားပါလိမ့်။ တွေးရခက်ပါတယ်။ သခင်မော့(လ်)ကာ တောပစ်သွားရာက ပြန်လာရင် အတော်ပင် စိတ်မကောင်းဖြစ်ပေလိမ့်မည်။

ခွေးကြီးများ သာမန်နေမကောင်း၍ မရှင်လန်းဘဲ ငေးငိုင်နေလျှင်ပင် တိရစ္ဆာန်ဆေးကုဆရာဝန် ချက်ချင်းခေါ်ကာ စစ်ဆေး ဆေးကုစေသူဖြစ်သည်။ ဖရက်ဒီ ဒီလိုဖြစ်တာ တိရစ္ဆာန်ဆေးကုဆရာဝန် မခေါ်ဘူးလားဟု မေးမှာ သေချာပါသည်။ တကယ်တော့ ဆရာဝန်ကို ခေါ်ချိန်ပင် မရလိုက်ခြင်း ဖြစ်ပါတယ်။

မီးဖိုဆောင်တွင် တာဝန်ခံစားဖိုမှူးက စောဂဲလာဆိုတဲ့ ကရင်ကြီးဖြစ်ပြီး အကူတွေကတော့ စောမီကာအဲ(လ်)နဲ့ မြခေတင်တို့ ဖြစ်ကြပါတယ်။ ဖရက်ဒီကို မြှုပ်နှံဖို့ စောမီကာအဲ(လ်)နဲ့ မြခေတင်တို့နှစ်ယောက်ကို သခင်မက ဟာဝန်ပေးတယ်။ ဒါကြောင့် အဲဒီနေ့က မြို့စွန်တစ်နေရာမှာ တွင်းတူးပြီး ဖရက်ဒီကို မြှုပ်လိုက်တယ်။ ကိစ္စပြီးလို့ အိမ်အပြန်လမ်းမှာ စောမီကာအဲ(လ်)နဲ့ မြခေတင်တို့ဟာ စကားပြောဖြစ်ခဲ့ကြတယ်လို့ ပြောရင်း ဘာစကားတွေ ပြောဖြစ်ခဲ့တယ်ဆိုတာ အဘိုးစောမီကာအဲ(လ်)က ပြောပြပါတယ်။ အဘိုးရဲ့ မှတ်ဉာဏ်ဟာ အသက်ကြီးပေမယ့် မပျက်စီးသေးဘူးလို့ ပြောရမယ်။ အဘိုးက နောက်ကြောင်းတွေကို ကောင်းကောင်းပြောပြနိုင်ခဲ့ပါတယ်။ အဘိုးပြောပြတဲ့ ဟိုစဉ်က အိမ်ကြီးမှာ နေထိုင်ခဲ့တဲ့ သခင်မော့(လ်)ကာနဲ့ သခင်မတို့အကြောင်းက ဒီလိုပါ။

"ဟော့ကောင် စောမီကာအဲ(လ်)၊ ငါတော့ သခင်ကြီးပြန်လာမယ့်နေ့ကို တွေးပြီး ကြောက်မိတယ်။ သခင်ကြီးက ဖရက်ဒီကို သခင်မထက်တောင် ချစ်တာကွ"

"အေး···ငါလည်း စိတ်ထဲက တွေးပြီး စိုးရိမ်တယ်။ ကြောက်နေမိတယ် မြခေတင်"

"ဒါနဲ့ မီကာအဲ(လ်)၊ ဖရက်ဒီ သေတဲ့ကိစ္စ ဘယ်လိုထင်လဲကွ"

"သေတာ သေတာပဲ ထင်တာပေါ့ဟာ"

"ဟော့ကောင် စောမီကာအဲ(လ်)၊ ငါအကောင်းမေးတာ မင်းခွမလုပ်နဲ့"

"ဘာမှ ခွမလုပ်ဘူး။ ငါလည်း အကောင်းပြောတာဟ မြခေတင်ရ"

"အေး···ဒီလိုဆို ငါ့အထင် ငါတွေးမိတာ ပြောပြမယ်။ ဒီနေ့ မင်းနဲ့ငါ



www.burmeseclassic.com

www.burmeseclassic.com

ပြောတဲ့စကားတွေ ဘယ်သူ့ကိုမှ ပြန်မပြောကြေး ဟုတ်ပြီလား"

"အေး…"

"ငါ့မိန်းမက နေ့စဉ်နေ့တိုင်း အိမ်ကြီးအပေါ်ထပ်မှာ အိမ်သန့်ရှင်းရေးလုပ်ရတယ်။ သူက မျက်နှာဖြူအရာရှိ အိမ်တွေမှာ အာယား(ကလေးထိန်း)လုပ်ဖူးတော့ အင်္ဂလိပ်စကားလည်း နည်းနည်းပြောတတ်တယ်လေ။ နေ့လယ်နေ့ခင်း သခင်ကြီးမရှိတဲ့ အခါမျိုးမှာ သခင်မက စာတ်စက်နှားထောင်တတ်တယ်။ အဲဒီအခါမှာ ငါ့မိန်းမကိုခေါ်ပြီး သစ်သီးစားပွဲ၊ အအေး၊ ကော်ဖီ စတာတွေ ပြင်ခိုင်းရင်း သူ့နဲ့စကားပြောဖော်အဖြစ် နေရတာ မင်းလည်း သိတယ်မဟုတ်လား။ မိန်းမက နိုင်ငံခြားသားအိမ်တွေမှာ လုပ်ဖူးတော့ သူတို့ဘာကြိုက်တယ်၊ ဘာမကြိုက်ဘူးဆိုတာ သိတော့ စလိုက်စရော နေတတ်တာလည်း ပါတာပေါ့"

"အေး…သခင်မက မင်းမိန်းမမိလှကို မျက်နှာသာပေးတာ ငါတွေ့ပါတယ်"

"အိမ်မှာ သခင်ကြီးရှိတဲ့အခါ မကြာမကြာ လာတတ်တဲ့ ဧည့်သည်ထဲမှာ သံရုံးက အရာရှိမင်း၊ ရုံးမင်းတွေနဲ့ သခင်ကြီးရဲ့ ကိုယ်ရေးအရာရှိ ဘင်ဂျီဝိုက်ဆိုတဲ့ အရာရှိမင်းများဟာ လူငယ်လူရွယ် အရာရှိမင်းတွေ ဖြစ်ပါတယ်။ အများအားဖြင့် သခင်ကြီးကို ဂါရဝပြုဖို့ လာရင်း သူတို့ရဲ့ ကိုယ်ရေးကိုယ်တာ အလို့ငှာ သခင်မလေးနဲ့ ခင်မင်လိုတာကြောင့် ချဉ်းကပ်နေတတ်တာ မိန်းမက ပြောလို့ ငါသိထားတယ်။ အညှီရှိရင် ယင်အုံဆိုတာလိုပေါ့။ သခင်မလေးက သိပ်လှပြီး ဖိုသတ္တဝါများ သဘောကျလောက်တဲ့ အလှတရားတွေကို ပိုင်ဆိုင်ထားသူလေ။ ဒါကြောင့် စည်းမထားတဲ့သူတွေက ကာမပိုင် လင်ကြီးငုတ်တုတ်နဲ့ဟာကို ဝိုင်းပြစ်မှားနေကြတာ ငါသိတယ်။ သခင်ကြီးမော့(လ်)ကာ ရိပ်မိသလား။ မမိလားတော့ မသိဘူး"

**အဲဒီတုန်းကဆို ကျွန်တော်နဲ့မြခေတ်ဆောင် ဆံပင်မွေးတွေ ထောင်သွားသလား အောက်မေ့သည်အထိ ကြောက်သွားခဲ့တယ်။ သခင်ကြီးမျက်နှာက သွေးအေးအေးနဲ့ အပြတ်လုပ်မယ့် သဘောမို့ ကြောက်မိတာပါ။**

ခွေးကြီး ဖရက်ဒီဟာ စောစောက ပြောတဲ့ လူငယ်လူရွယ် အရာရှိမင်းများ လာတဲ့အခါမှာ လက်နှစ်ချောင်းထောက် ထိုင်နေရာက လာတဲ့ဧည့်သည်တွေကို မနှစ်သက်တဲ့အကြည့်နဲ့ကြည့်ပြီး တအီအီ တဟဲဟဲနဲ့ ကျိတ်အသံပြုပြီး မကျေနပ်ကြောင်း အရိပ်အခြည် ပြနေတတ်ပါတယ်။

"ဟုတ်တယ် မြခေတ်ဆောင်၊ မင်းပြောမှ ငါသတိရတယ်။ တစ်နေ့ သခင်မရယ်၊ ငါရယ်၊ မိလှရယ် မြို့မဈေးကြီးသွား ဈေးဝယ်ပြီး ကားနဲ့ပြန်လာတော့ လမ်းဆုံမှာ သခင်ကြီးရဲ့ ကိုယ်ရေးအရာရှိ ဘင်ဂျီဝိုက်ကားနဲ့ မျက်နှာချင်းဆုံတွေ့တယ်။ ဟို…ဟို…ဘင်ဂျီဝိုက်က ညနေ အိမ်လာမယ်လို့ ပြောတယ်ထင်ပါတယ်။ သခင်မကလည်း ခေါင်းညိတ်ပြတာ တွေ့လိုက်တယ်"

"ညနေကျတော့…ဘင်ဂျီဝိုက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်။ အိမ်ကြီးအပေါ်ထပ်တက်တဲ့ ဒုတိယလှေကားခွင်မှာ ဖရက်ဒီဆိုတဲ့ ကောင်ကြီးက အိမ်ပေါ် ဆက်တက်မခံဘဲ တဟင်းဟင်း၊ တဟဲဟဲနဲ့ မာန်ဖီပြီး ဘင်ဂျီဝိုက်ကို စိမ်းစိမ်းကြည့်နေတယ်။ ဘင်ဂျီဝိုက်ကတော့ ဖရက်ဒီရဲ့ အမူအရာကို ဂရုမစိုက်ဘဲ အိမ်ကြီးပေါ်တက်ဖို့ပဲ အာသာပြင်းပြနေတော့ ဖရက်ဒီကို တွန်းဖယ်ပြီး အပေါ်တက်ဖို့ ညာခြေလှမ်းသခိုက် ဖရက်ဒီရဲ့ ရုတ်တရက် တိုက်ခိုက်တာကို ခံလိုက်ရတယ်။ သခင်မကိုယ်တိုင် အောက်လှေကားခွင်ထိ ဆင်းလာပြီး ထိန်းလိုက်လို့သာ ရုပ်ပျက်ဆင်းပျက် မဖြစ်တာ။ သခင်မသာ မထိန်းနိုင်ခဲ့ရင် ဘင်ဂျီဝိုက် အတော်ခံရမှာ သေချာတယ်။ အခုတောင် သခင်ကြီးနဲ့ သခင်မတို့ အိပ်ခန်းဘေးက အခန်းလွတ်မှာ ထည့်ထားပြီး ပိတ်ထားတာမို့ သက်သာတာ။ ဒါတောင် အိမ်ခန်းထဲက ဖရက်ဒီကြီး တဟင်းဟင်း



www.burmeseclassic.com

www.burmeseclassic.com

ဟဟဲဟဲနဲ့ မာန်ဖီမဆုံးဘူး"

"ကျုပ်ကြားဖူးတာ ကြားဖြတ်ပြီး ဝန်မင်းကို ပြောပြဦးမယ်"

"ဟုတ်ကဲ့၊ ပြောပါ အဘိုး"

"တိရစ္ဆာန်တွေဟာ အထူးသဖြင့် ခွေးပေါ့။ ခွေးတွေဟာ သခင့်အပေါ် အလွန်သစ္စာရှိတယ်။ သခင့်အပေါ် မကောင်းကြံတဲ့သူကိုလည်း သခင့်အတွက် အသက်ပေး ကာကွယ်တိုက်ခိုက်တတ်သတဲ့"

"ဟုတ်တယ် အဘိုး။ ကျွန်တော်လည်း ကြားဖူးပါတယ်။ ဘင်ဂျီဝိုက်ဆိုတဲ့ ငနဲကလည်း သူ့သခင်ရဲ့ဇနီးကို ကြာခိုဖို့ ကြိုးစားနေတဲ့လူတွေထဲက တစ်ယောက်ဲဆိုတော့ သူ့သခင်အပေါ် မကောင်းကြံတဲ့သူတစ်ယောက်ပဲလေ။ ဒါကြောင့် ဖရက်ဒီက အိမ်ပေါ်အတက်မှာ ဟန့်တားတိုက်ခိုက်တာ ဖြစ်မှာ"

* * *

"ဖရက်ဒီ ဘာကြောင့်သေတာလဲ ဒါလင်"

"ဖရက်ဒီ ဘာတွေလျှောက်စားပြီး အစားမှားလဲ မသိဘူး ဒါလင်။ ပါးစပ်က အမြှုပ်တွေထွက်ပြီး သေသွားတယ်"

"အိမ်ပေါ်ရောက်ရောက်ချင်း ဘာမှမပြောရသေးခင် သခင်မော့(လ်)ကာက ဖရက်ဒီ ဘာကြောင့်သေတာလဲ ဒါလင်ဆိုတဲ့ အမေးကြောင့် သခင်မကြောင်အမ်းအမ်းဖြစ်ကာ နှုတ်ဆွံ့သလို ဖြစ်သွားတယ်။ ပြီးမှ စိတ်ကိုတင်းကာ အထက်ပါအတိုင်း ဟန်မပျက်ဖြေလိုက်တယ်"

"လူ့ပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ် အစားမှားရင် သေတတ်တာပဲ။ စိတ်မကောင်းမဖြစ်ပါနဲ့ ဒါလင်။ ကျုပ်တစ်ကောင်ဆုံးပြီး သုံးကောင်ရခဲ့တယ်။ ဂျိနစ်ကောင်နဲ့ တောဝက်တစ်ကောင်ဆိုတော့ ကျုပ်က နှစ်ကောင်တောင် ပိုရလိုက်တာပဲ။ ပျော်ပျော်ပါးပါး ပါတီကျင်းပကြမယ်။ ထုံးစံအတိုင်း ကျုပ်တို့မိတ်ဆွေတွေကို ဖိတ်လိုက်ပါ ဒါလင်"

တကယ်တော့ သခင်မော့(လ်)ကာသည် တောတွင်းတစ်နေရာရှိ ဗိုလ်တဲတွင် တောပစ်ထွက်လာသော အိမ်နီးချင်း ခရိုင်ရာဇဝတ်ဝန် ဂျေဟာစ်ကော့ဆိုသော ခရိုင်ရဲမင်းကြီးနဲ့တွေ့ပြီး သူ့အိမ်တွင်ဖြစ်ခဲ့သည့် အကြောင်းအရာများကို ပြောပြသဖြင့် သိပြီးဖြစ်ပါသည်။ သိသိချင်းက သူစိတ်အတော်ထိခိုက်ခဲ့သည်။ ဘယ်သူ့ကို ဒေါသဖြစ်ရမှန်းလည်း မသိဘဲ ပေါက်ကွဲခဲ့သည်။ ခရိုင်ရဲမင်းကြီးက တဖြည်းဖြည်း ဖျောင်းဖျမှ အတော်အတန် စိတ်တည်ငြိမ်သွားပြီး ဖရက်ဒီ သေဆုံးရခြင်းအကြောင်းကို နောက်မှ စုံစမ်းတော့မည်ဟု စိတ်ဆုံးဖြတ်၍ အိမ်ပြန်လာခဲ့ခြင်း ဖြစ်သည်။ ဒါကြောင့် အိမ်ရောက်တော့ တည်တည်ငြိမ်ငြိမ်နှင့် ပါတီကျင်းပရန် စီစဉ်နိုင်ခြင်း ဖြစ်ပါသည်။

တကယ်တော့ သခင်မော့(လ်)ကာ တစ်စုံတစ်ယောက်အပေါ် သံသယဖြစ်မိနေသည်ကို ဘယ်သူမှမသိ။ အေးပေါ့လေ၊ ပညာရှိအမျက် အပြင်မထွက်ဆိုတဲ့ ဆိုရိုးစကားရှိတယ်မို့လား။ သခင်ကြီးမော့(လ်)ကာ စိတ်ဝယ် ဘာဖြစ်၍ ဘာကြံစည်နေတယ်ဆိုတာ ဘယ်သူမှ မရိပ်မိချေ။

သခင်ကြီး မော့(လ်)ကာသည် သခင်မကို အလွန်ချစ်သည်။ အသက်အရွယ်အရဆို အနှစ် ၂၀ တောင်ကွာတာမို့ သားအဖအရွယ် ဖြစ်သည်။ ပါတီပွဲပြီးသည့်နောက်ပိုင်းတွင် ဂေါက်ကွင်းသွားသောအခါ မီးဖိုဆောင်က မြဆောင်နဲ့ စောမီကာအဲ(လ်)ကို ခေါ်သွားတတ်သည်။ အကြောင်းပြချက်က ဂေါက်အိတ်သယ်ဖို့ပေါ့။ ဒါပေမယ့် ဂေါက်ကွင်းမသွားဘဲ တစ်နေရာရာမှာ သောက်ရင်းစားရင်း ဖရက်ဒီသေရသည့်ကိစ္စ မေးမြန်းစုံစမ်းခြင်းဖြစ်သည်။

"မင်းနားတစ်တောင်ဆိုတဲ့ စကား အလွန်မှန်တာပဲ။ သခင်ကြီးဟာ ကျွန်တော်နဲ့ မြဆောင်ကို တစ်ယောက်တစ်လှည့် ခေါ်တဲ့အခါခေါ်တယ်။ နှစ်ယောက်စလုံးခေါ်တဲ့အခါ ခေါ်ပြီး ဂေါက်ကွင်းသွားလေ့ရှိတယ်။ ဂေါက်ကွင်းမှာ ဘယ်သူနဲ့မှ အဆုံးအနိုင်မရိုက်ဘဲ တွင်းစိမ်တာလောက် လေ့ကျင့်ရုံပဲ ကစားပြီး ကလပ်မှာထိုင် စားကြသောက်ကြတာပဲ။ ပြီးတော့မှ ဖရက်ဒီမသေခင် လေးငါးရက်လောက်မှာ ဘင်ဂျီဝိုက် အိမ်ပေါ်တက်မယ်အလုပ် ဖရက်ဒီက ရုတ်တရက် တိုက်ခိုက်တာကို ခံရတယ်ဆိုတာ ဟုတ်သလားလို့ မေးတယ်။ အဲဒီတုန်းကဆို ကျွန်တော်နဲ့ မြဆောင် ဆံပင်မွေးတွေ ထောင်သွားသလား အောက်မေ့သည်အထိ ကြောက်သွားခဲ့တယ်။ သခင်ကြီး မျက်နှာက သွေးအေးအေးနဲ့ အပြတ်လုပ်မယ့် သဘောမို့ ကြောက်မိတာပါ။ ဒါပေမယ့် မတတ်နိုင်ဘူး။ ဟုတ်ပါတယ်လို့ ကျွန်တော်တို့ ဖြေလိုက်ပါတယ်။ အဲဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့မပြောလဲဆိုတဲ့အမေး ထပ်မေးလာတော့ သခင်မသိပြီးသားမို့ သခင်မက သခင်ကြီးကို ပြောလိမ့်မယ်ထင်လို့ ကျွန်တော်တို့ မပြောမိတာပါလို့ ပြောရတော့တာပေါ့"

"မင်းတို့သခင်မက ငါ့ကို ဘာမှ မပြောမပြဘူး။ မင်းတို့လည်း မင်းတို့ သခင်မကို ဘာမှပြန်မပြောနဲ့။ ဖရက်ဒီ သေသွားတာ သူလည်း စိတ်မကောင်း ဖြစ်နေတယ်။ ကဲ...ပြန်စို့ဆိုပြီး အိမ်ပြန်ခဲ့ကြတယ်။ အိမ်ရောက်တော့ သခင်ကြီးက အေးအေးပဲ ဘာမှမဖြစ်တော့ ကျုပ်တို့တွေ နေသာထိုင်သာ ရှိကြပါတယ်။ အဲဒီနောက်မှာ သခင်ကြီးဟာ ဘင်ဂျီဝိုက်အပါအဝင် အရာရှိများနဲ့ အိမ်မှာ မကြာခဏ ဝိုင်းဖွဲ့ပြီး သောက်ပွဲ၊ စားပွဲ၊ ပါတီပွဲတွေ လုပ်ပါတယ်။ ဟိုရှေးကလိုပဲ တောပစ်လည်း ထွက်ပါတယ်။ သခင်ကြီးတောပစ် တစ်ခါထွက်ရင် တစ်ပတ်လောက်ကြာတတ်တော့ ဘင်ဂျီဝိုက်က ဖိုးကျိုင်းတုတ်ပေါ့...။ သခင်မနဲ့ လွတ်လွတ်လပ်လပ် တွေ့ရတယ်လေ။ ဖရက်ဒီ ရန်ကလည်း ကြောက်စရာမရှိတော့ဘူးမို့လား။ ဖရက်ဒီသေတာ သုံးလလောက်ရှိတော့ သခင်ကြီးဟာ ဘင်ဂျီဝိုက်သခင်လေးကို တစ်ဆင့်မြင့် ရာထူးတိုးပေးပြီး တောင်တန်းဒေသတစ်ခုမှာ တာဝန်ချထားပေးလိုက်တယ်"

"ဟိုးရှေးက တောင်တန်းဒေသနဲ့ ပြည်မဆိုတာ ဒီခေတ်လို အစစအရာရာ တိုးတက်တဲ့ခေတ် မဟုတ်တော့ လမ်းပန်းဆက်သွယ်ရေး သိပ်ခက်တယ်။ စာပဲဖြစ်ဖြစ်၊ ကြေးနန်းပဲဖြစ်ဖြစ် ပေးပို့ရင်တောင် အနည်းဆုံး သုံးလေးလကြာမှ ရောက်တယ်။ တိုတိုပြောရရင် ဘင်ဂျီဝိုက်သခင်လေးဟာ ပြောင်းသွားပြီး ခြောက်လလောက်ကြာတော့ ငှက်ဖျားမိပြီး သေသွားတယ်။ အကျိုးအကြောင်းကိုတောင် အကြာကြီးကြာမှ ပြည်မက လူတွေ သိကြတယ်။ သခင်မကတော့ ဘင်ဂျီဝိုက်သခင်လေး ပြောင်းသွားပြီး မကြာခင်မှာပဲ ပိန်ချုံးပြီး နေထိုင်မကောင်းဖြစ်တယ်။ နာတာရှည်ရောဂါတဲ့။ တဖြည်းဖြည်းနဲ့ နဂိုက ရွှေရောင်ဆံပင်ဟာ ဖြူဖွေးသွားတယ်။ သခင်ကြီးနဲ့လည်း ရောဂါကူးစက်မှာစိုးတဲ့အတွက် အခန်းခွဲနေကြတယ်။ စောစောက ဝန်မင်းပြောတဲ့ မထိရ မဖွင့်ရလို့ စာရေးထားတဲ့ အခန်းပေါ့။ အဲဒီအခန်းထဲမှာပဲ သခင်မ သေသွားတယ်။ သခင်မရဲ့ အလောင်းကို မိတ်တွေက အင်္ဂလန်ပြန်သယ်မယ်ဆိုတဲ့သတင်း ကြားမိတယ်။ ဒါပေမယ့် သခင်ကြီးက သူရှိတဲ့အရပ်ဒေသမှာပဲ သင်္ဂြိုဟ်မယ်ဆိုပြီး သယ်ခွင့်မပြုလို့ ဒီမြို့က ခရစ်ယာန်သင်္ချိုင်းမှာပဲ သင်္ဂြိုဟ်ဖြစ်ပါတယ်။ သခင်မဆုံးပြီး မကြာခင်မှာပဲ အိမ်ကြီးပေါ်က စန္ဒရားတီးသံကြားတယ်၊ ဓာတ်စက်သံကြားတယ်၊ တစ်ကိုယ်လုံး အဖြူရောင်ဝတ်ထားတဲ့ သခင်မဟာ အိမ်ကြီးနဲ့ ခြံဝိုင်းကြီးထဲ ကူးချည်သန်းချည်လုပ်တာ မြင်ရတယ်...စတဲ့ စကားသံတွေ ကြားရတယ်။ ကျုပ်တော့ မမြင်ဖူး မကြားဖူးဘူး။ မြဆောင်၊ မိလှတို့လင်မယားနဲ့ မီးဖိုချောင်က စားဖိုမှူး ကျုပ်ဆရာ စောဂဲလာတို့ တွေ့ဖူးမြင်ဖူးကြသတဲ့။ တစ်ခါတစ်ရံ သခင်မက အိမ်ရှေ့ရေတွင်းဘောင်ပေါ်မှာထိုင်ပြီး ခွေးကြီးတစ်ကောင် ဖရက်ဒီဖြစ်မှာပေါ့ ဝန်မင်းရယ်။ ခွေးကြီးက သခင်မအနီးမှာ လက်နှစ်ချောင်း ရှေ့ပစ်ထိုင်နေတာ တွေ့ရသတဲ့။ ကဲ...ကဲ၊ ဖိုးမှူနဲ့ ကျုပ်မြေးတွေ မျှော်နေတော့မယ်။ ကျုပ်ပြန်ဦးမယ် ဝန်မင်း"

"ဟုတ်ကဲ့၊ ပြန်တာပေါ့ အဘိုး။ ဟောဒါ အဘိုးအတွက် ကျွန်တော် ကန်တော့တဲ့ပစ္စည်းပါ။ အဘိုးအတွက် အမှတ်တရပေါ့။ ချည်ချောလုံချည်တစ်ထည်၊ စွပ်ကျယ်လက်စက နှစ်ထည်"

"ကျေးဇူး ဝန်မင်း...ကျေးဇူး"

"ဒါနဲ့ အဘိုးကို ပြောစရာလေး ပြောလိုက်ပါရစေ"

"ပြောပါ ဝန်မင်း၊ ပြောပါ"

"ဒီခေတ်က အဘိုးတို့ ဖြတ်သန်းခဲ့ရတဲ့ ကျွန်ခေတ် မဟုတ်တော့ဘူး။ ဒါကြောင့် သခင်ကြီး၊ တိုင်းမင်းကြီး၊ မင်းကြီး၊ ဝန်မင်း ဆိုတဲ့ အခေါ်အဝေါ် အသုံးအနှုန်းတွေ မသုံးရတော့ဘူး။ ရာထူးအဆင့်လိုက် အခေါ်အဝေါ်တွေ ပြောင်းပြီးပါပြီ။ နိုင်ငံတော်အဆင့် အကြီးအကဲကို သမ္မတ၊ တိုင်းအဆင့်အကြီးအကဲကို တိုင်းမှူး၊ ခရိုင်အဆင့် အကြီးအကဲကို ခရိုင်မှူး။ ဒီလိုပဲ ဝန်ကြီးဌာနအလိုက် အဆင့်တွေလည်း သတ်မှတ်ထားပြီးပြီ။ အဘိုး ကျွန်တော့်ကို ဝန်မင်း၊ ဝန်မင်းလို့ မခေါ်ဘဲ ခရိုင်မှူးလို့ခေါ်ရင် ကျွန်တော် အဆင်ပြေပါတယ် အဘိုး"

"အဲ...အဲ...ဒါတော့ ကျုပ် မတတ်နိုင်ဘူး ဝန်မင်း။ ဝန်မင်း ကျုပ် နှုတ်ကျိုးနေပြီကွ...ဝန်မင်း"

**ဝင်းဘောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

(ထမင်းတစ်လုပ်အတွက်တိုင်းပြည်ကိုမှလိမ်ဝံ့ပါ)




**ဦးသန်းဆွေ**

အယ်(လ်)ရန်နိုင်ဘရားသားဆေးတိုက်၊

အမှတ်(၇)၊ဇီဇဝါလမ်း၊ကြံခင်းစုရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ ☎ -၀၉-၇၃၂၀[illegible]

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ငရဲဘာထိလိုက်မယ်

❀ မောင်ရွှေစင်

ယခင်လမှအဆက်

အစောင့်တစ်ဦးက ပြေးလာပြီး ကောင်းကို ဖမ်းဘိုကြံစည်တော့ မတာတ်သာတာနဲ့ ဂျစ်ကားနဲ့ ဝင်တိုက်ပြီး ရဲဌာနကိုဝင်ပို့ စစ်ဆေးတော့ ပေါ်တော့တာဘဲ"

ကောင်း သည် မဝေ့ျအား အလုံးစုံပြောပြီးသွားသောအခါတွင် စာကြည့်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။ ဦးဇော်ထွန်း၏ အရိပ်အယောင်ကို မတွေ့ရချေ။

"ကိုင်း မဝေ့ျ ခင်ဗျားအဖေကို ခင်ဗျားဘဲ ဝင်ခေါ်လိုက်ပါ။ အချိန်သိပ်မရှိတော့ဘူး"

ရဲအရာရှိက လှမ်းပြောလိုက်သဖြင့် မဝေ့ျ စာကြည့်ခန်းတွင်းသို့ ပြေးဝင်သွားသည်။ သူ၏ ဖခင်အား တကြော်ကြော်ခေါ်ကြည့်သည်။ ပြန်၍ ထူးသံ၊ စကားသံ၊ လှုပ်ရှားမှုတို့ မတွေ့ရချေ။ မဝေ့ျသည် မျက်ရည်များ စီးကျလာပြန်သည်။

"ဥပဒေကို ရင်ဆိုင်လိုက်ပါ ဖေဖေရယ်···သမီးကို ငဲ့ပါအုံး"

မဂဝေ့ျ၏ တောင်းပန်သံက ထွက်ပေါ်လာပြန်သည်။

ရဲအရာရှိက သူ၏ ရဲသားတစ်ယောက်ကို ဝင်လိုက်သွားရန်အချက်ပြလိုက်၏။ ရဲသား ဝင်သွားပြီး ရှာသည်။ ဦးဇော်ထွန်းကို မတွေ့၊ ပြန်ထွက်လာပြီး အခြေအနေကို ပြောပြသည်။ ကောင်း အနီးမှ ရဲအရာရှိနှင့် ရဲသားများစာဖတ်ခန်းအတွင်းသို့ ခပ်သုတ်သုတ် ဝင်လိုက်သွားကြပြန်သည်။ ပြီးတော့ ပြန်ထွက်လာ၏။ မဝေ့ျလဲ ထွက်လာသည်။

ညှိခန်းတွင် ပြန်ဆုံကြသောအခါ ကောင်းသည် လှုပ်ရှားလာ၏။

"ခဏစောင့်နေကြပါ။ ကျွန်တော် ကြိုးစားကြည့်ပါအုံးမယ်"

ကောင်း သည် မိမိအခန်းတွင်းသို့ ခပ်သုတ်သုတ် ပြေးဝင်သွားသည်။ ပြီးတော့ သူ၏ လက်ဆွဲအိတ်ထဲမှ သော့ဝိဇ္ဇာလေးကို ဆွဲယူပြီး ထွက်လာသည်။

"ကဲ···အားလုံး အပြင်ကို လိုက်ခဲ့ကြပါ"

ကောင်း အပြုအမူကိုကြည့်၍ မဝေ့ျရော၊ ရဲအဖွဲ့ဝင်များပါ နားမလည်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဘဲ ကောင်း နောက်မှ ထပ်ချပ်မကွာ လိုက်လာခဲ့ကြသည်။

ကောင်းသည် ကားဂိုဒေါင် အတွင်းသို့ဝင်သွား၏။ ဂိုဒေါင်အတွင်း၌ ခတ်ထားသော နံရံပေါ်မှ သော့ခလောက်ကို သူ၏ သော့ဝိဇ္ဇာတန်ခိုးဖြင့် လှည့်၍ ဖွင့်လိုက်သည်။ ရဲအဖွဲ့ဝင်များသည် ကောင်း၏ သော့ဝိဇ္ဇာ အစွမ်းကိုကြည့်လျက် အံ့သြနေသလိုပင် ကောင်းသည် ဘာမှမဟုတ်သော သော့ကိုဘာကြောင့်များ ဖွင့်နေပါလိမ့်ဟု စောင့်ကြည့်နေကြသည်။

မကြာခင် အံဖုံးတံခါးသဖွယ် တံခါးချပ်များကို တွေ့ရ၏။ ကောင်းက တံခါးများကို တွန်းဖယ်၍ ဖွင့်ပြီး အတွင်းသို့ဝင်ရန် ကြံရွယ်လိုက်သည်။

"ဟော့လူ . . . အရမ်းမဝင်နဲ့အုံး"

ရဲသားတစ်ဦးက ကောင်းအား လှမ်း၍တားလိုက်၏။

မဝေဠုသည် ထိုသို့သော အခြေအနေများကို ကောင်း ဘယ်အချိန်ကများ လေ့လာလိုက်ပါလိမ့်ဟု တွေတွေလေးငေးကြည့်နေရာမှ ကောင်း နောက်သို့အပြေးရောက်လာသည်။ ကောင်းသည် မဝေဠု ပြေးဝင်လာသည်ကို သိ၍လှမ်းတားလိုက်သည်။

"မဝင်နဲ့ မဝေဠု . . . အထဲမှာ အန္တရာယ်ရှိတယ်"

"မဝေဠုမှာ . . . ကောင်း တားမြစ်နေပေမဲ့မရ။ အတွင်းသို့ အတင်းတိုးဝင်သွားသည်။ ရဲအဖွဲ့ဝင်များက ပြန်ထွက်လာရန် အော်ဟစ်ခေါ်သည်။ လက်နှိပ်ဓာတ်မီးများဖြင့် ဟိုသည်ထိုးကြည့်ရင်းရင်းတို့ပါ ကောင်းနှင့်အတူ ဝင်လာခဲ့၏။

အတွင်း၌ မှောင်မဲနေသည်။

"မီးခလုတ် ရှိလား မသိဘူး"

ကောင်းသည် ရဲအရာရှိပြောသော စကားကို ကြားရသောအခါ သတိရလာ၏။

"ခလုတ်တွေ တွေ့တိုင်း မဖွင့်နဲ့နော် ဆရာ။ အန္တရာယ်ရှိတယ်"

"ဒါနဲ့ . . . ခင်ဗျားက ဒီထဲကို ဘယ်လိုလုပ် ရောက်ဖူးသလဲ"

"နောက်မှ အကျိုးအကြောင်း ရှင်းပြပါ့မယ်ဗျာ။ ခုတော့ ကျွန်တော်ပြောတဲ့အတိုင်း လိုက်နာပါ"

ထိုအချိန်တွင် အသံချဲ့စက်နှင့်တူသော စက်သံတစ်မျိုးကို ကြားရ၏။

"ဟော့ . . . မင်းတို့ ဒီအခန်းထဲက အမြန်ဆုံး ထွက်နော် . . . မထွက်ရင် မင်းတို့အားလုံး ဒုက္ခရောက်သွားမဲ့ ခလုတ်တွေ ငါ့ဆီမှာ ရှိတယ်"

ဦးဇော်ထွန်း၏ အသံ။

"ဖေဖေ . . . ဖေဖေ အဖမ်းခံလိုက်ပါ ဖေဖေရယ်။ သမီးကို ငဲ့ပါအုံး"

"သမီး မသိဘူးသမီး . . . ရဲအဖွဲ့ကို ခေါ်လာတာ သမီးသူငယ်ချင်းဆိုတဲ့ အကောင်ဘဲ။ ပြီးတော့ သူဟာ သမီးဆီကနေ ငွေအပိုင်ကြံဘို့ လိုက်လာခဲ့တာ၊ ဒီကောင် လူယုတ်မာ။ သူ့ကို သတ်ပြီးမှ ဖေဖေ အဖမ်းခံချင် ခံမယ်"

"ဦး ခင်ဗျာ . . . ဦး သတ်ချင်တယ်ဆိုရင် ကျွန်တော် အသေခံရဲပါတယ်။ ကြားထဲက မဝေဠုကို ဒုက္ခရောက်အောင်မလုပ်ပါနဲ့"

"ဦးဇော်ထွန်း . . . ခင်ဗျားနာရီဝက်အတွင်း ထွက်ခဲ့ပါ . . . ဒါမှ မဟုတ်ရင် ခင်ဗျားရဲ့ အဆောက်အဦကိုဖျက်ဆီးပြီး အမိဖမ်းရပါလိမ့်မယ်"

ရဲအရာရှိသည် ဦးဇော်ထွန်းအား လှမ်းအော်၍ ပြောနေ၏။

"မဝေဠု . . . ထွက်ခဲ့ပါ။ ခင်ဗျားရဲ့ အဖေကို ကျွန်တော်တို့ ရအောင် ဖမ်းရပါလိမ့်မယ်။ ခင်ဗျားထွက်ခဲ့ပါ"

"အို . . . မထွက်ဘူး။ မထွက်ဘူး"

"မဝေဠု . . . ကောင်းပြောတာ နားထောင်ပါ။ အပြင်ကို ထွက်ခဲ့ပါ"

"မထွက်ဘူး။ မထွက်ဘူး။ ရှင်ဟာ ကျွန်မရဲ့ စေတနာကိုမှ မထောက်ဘူး"

"ကျွန်တော် နောက်တော့ ရှင်းပြပါ့မယ်။ ခု ထွက်လာခဲ့ပါ"

အခန်းတစ်ခုလုံး မှောင်နှင့်မဲမဲဖြစ်နေသဖြင့် အသံကိုသာ ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြောနေရသည်။ မည်သူတွေ မည်သည့်အနားတွင် ရှိနေသည်ကို တစ်ဦးနှင့်တစ်ဦး မှန်းဆ၍ မရချေ။

အချိန်အတော်ကြာအောင် တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

"ကဲ . . . ဦးဇော်ထွန်း။ နာရီပြည့်ပြီ။ ကျွန်တော်တို့ လက်နက်သုံးရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးဇော်ထွန်းထံမှ ဘာစကားမှ မကြားရချေ။

ကောင်းကို ရဲအရာရှိများက ပြန်ထွက်ရန် ခေါ်သွား၏။ ကောင်းသည် နောက်ဆုံးအကြိမ် ကြိုးစားသည့် အနေနှင့် မဝေဠုကို ခေါ်ကြည့်သေး၏။

"မဝေဠု အပြင်ထွက်ခဲ့ပါ။ မဝေဠုမှာ ဘာမှ အပြစ်မရှိဘဲ ဒုက္ခမခံပါနဲ့"

ကောင်းက လှမ်းအော်သော်လည်း မဝေဠုသည် ကောင်းအား အထင်လွဲစွာဖြင့် ပြန်၍ ပြောလာလေသည်။

"ကျွန်မ···ရှင်လိုလူမျိုး စကားကို လုံးဝ လက်မခံတော့ဘူး။ သေချင်သေပစေ"

ကောင်း လက်လျှော့လိုက်သည်။

ရဲအဖွဲ့ဝင်များက မှောင်မဲသော နံရံကြီးကို ပစ်ခွဲဖျက်ဆီးပြီးဝင်ရန် ချိန်ရွယ်ထားပြီးဖြစ်သည်။ ကောင်းသည် ရဲအရာရှိအား ခွင့်တောင်းပြီး အတွင်းသို့ ဝင်လာခဲ့သည်။ ပြီးတော့ ခလုတ်တစ်ခုကိုဖွင့်လိုက်သည်။ ဖောင်းကနဲ မီးလုံးတစ်လုံးကွဲသံ ကြားရ၏။ ခဏကြာတော့ ယမ်းနံ့တွေ ရှုရှိုက်မိသည်။

"ဝေးဝေးပြေး···ဝေးဝေးပြေး။ နေရာယူပုန်းကြပါ"

ကောင်းသည် အသံကုန် အော်ဟစ်ရင်း အပြင်သို့ ပြန်ပြေးထွက်လာခဲ့၏။

ကောင်း အပြင်ဘက်သို့ အားသွန်အပြေး ကောင်းသောကြောင့်သာလျှင် မိမိ၏ အသက်နှင့်ခန္ဓာကိုယ်တို့ တည်မြဲနေခြင်းဖြစ်သည်။ အပြင်ဘက် မြေပြင်ပေါ်သို့ လှဲဝပ်ချလိုက်ချိန်မှာပင် "ဝုန်း" ကနဲ ပေါက်ကွဲသံကြီးသည် တုန်လှုပ်ဖွယ်ကောင်းလောက်အောင်ပင် ပေါ်ထွက်လာ၏။

အုတ်ပုံကြီးများ ပြိုလဲကျသံ၊ ကားဂိုဒေါင်မှ သွတ်ပြားများ ဖရိုဖရဲ လွင့်စင်ထွက်သွားသံများကို ကြားနေရဆဲဖြစ်သည်။ မြေပြင်တွင် လှဲနေရာမှ ခေါင်းပင်မထူရဲ။ သံများ၊ ဖုန်မှုန့်များကလည်း ကောင်းတို့ဆီသို့ ပြန့်ကြဲရောက်လာသည်။ အုတ်ခဲကျိုး၊ အုတ်ခဲ အစအနများကလည်း တစ်စုံတစ်ယောက်က ပစ်ပေါက်နေသလို တဖွဲဖွဲ ကျနေသည်။

အတော်ကလေး အခြေအနေ ငြိမ်သက်ကောင်းမွန်သွားဟန် တူသည်။ ဘာသံမှမကြားရတော့။ မြေပြင်တွင် ပြားပြားဝပ်နေရာမှ ခေါင်းကလေး ထူကြည့်သည်။ လှုပ်ရှားမှုမ တွေ့ရ။ မဝေဠုတို့၏ တိုက်အိမ်ကလေးတစ်ခြမ်းမှာ ရုပ်ပျက်ဆင်းပျက် ပျက်စီးနေပြီကို တွေ့ရသည်။

ကောင်းနှင့် ရဲအဖွဲ့ဝင်များ ဝပ်နေကြရာမှ ထလိုက်ကြသည်။

ဖရိုဖရဲဖြစ်နေသော မြင်ကွင်းဆီသို့ ခပ်သုတ်သုတ် ပြေးဝင်သွားကြသည်။

ကောင်း ရင်ထဲတွင် ခံစားချက်များ ပြင်းထန်နေသည်။ ရင်ခုန်သံများ ပို၍ ပို၍ မြန်နေသည်။

"မဝေဠု"

ကောင်း အော်ခေါ်ကြည့်သည်။ မည်သည့် တုံ့ပြန်မှုကိုမှ ကောင်း မခံစားရ။ ရင်မှာ နာလာသည်။ ကောင်း အာခေါင်တွေ ခြောက်သွေ့လာသည်။ ရေဆာသလိုလို ဖြစ်လာသည်။ နံနက်ခင်း အအေးဓာတ်ပိုကဲချိန်တွင် ကောင်း တစ်ကိုယ်လုံး၌ ချွေးစီးများနှင့် ဖြစ်နေသည်။ ဇောချွေးများလား။ စိုးရိမ်ပူပန်မှုကြောင့်ထွက်သည့် သောကချွေးတွေများလား မသိ။ ရင်ထဲကလည်း ပူလှသည်။ ပူသမှ ဘယ်လို ပြောရမှန်းမသိအောင်ပူ၏။

ကောင်းကင်ပြင်သည် တဖြေးဖြေး အလင်းရောင်များ ပြန့်ကြဲစိုးမိုးလာလေပြီ။

တောင်စောင်းဆီမှ ပြန့်ကြဲသော နေရောင်ခြည်တန်း ရေးရေးသည်ပင် မျှားတံများကဲ့သို့ ပေါ်ထွက်နေ၏။ ကောင်းသည် ပတ်ဝန်းကျင်ကို အရူးပမာ လျှောက်ကြည့်နေမိသည်။

အုတ်ပုံများ အကြားတွင် ခွေခွေကလေး လဲကျနေသော မဝေဠုကို ကောင်း တွေ့ရသည်။

မြင်ရက်စရာ မရှိ။ မကြည့်ဝံ့။ ရင်တုန်လိုက်ပါဘိ။ အဖြစ်ဆိုးလိုက်တာ မဝေဠုရယ်။ ကောင်း သည် မဝေဠုကို ပြေးပြီးပွေ့ထူလိုက်သည်။ မဝေဠု၏ ကိုယ်ခန္ဓာတွင် သွေးစီးများက စွတ်စိုစိုရွှဲနေသည်။ သွေးစိမ်းနံ့တို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ပြန့်နှံ့နေပြီ။ မဝေ့ရွှေ၏ ခန္ဓာကိုယ်ကား ပျော့ခွေနေ၏။ ကောင်း သည် မဝေ့ရွှေကိုပွေ့ထားရာမှ တတွတ်တွတ်၊ တကြော်ကြော်အော်ခေါ်ကြည့်နေမိသည်။ မဝေ့ရွှေကား ကောင်းကို လုံးဝပြန်မထူး။ ကောင်း၏ မျက်လုံးအိမ်အတွင်း၌ မျက်ရည်များ ပြည့်လျှံနေချေပြီ။

မဝေ့ရွှေ၏ လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ မဝေ့ရွှေ၏ ရင်ခုန်သံကို နားထောင်ကြည့်သည်။ မဝေ့ရွှေသည် ကောင်းအား အံကိုတင်းတင်းစေ့၍ မိန်းကားစွာ ကြည့်နေသလိုပင်။

"ကောင်းကို ခွင့်လွှတ်ပါ မဝေ့ရွှေရယ် . . .။ ကောင်းလေ . . . မဝေ့ရွှေကို . . ."

ကောင်း အသံသည် တိမ်ပြီး နစ်ဝင်သွားသည်။ ရှေ့ဆက် ဘာပြောရမှန်းလဲမသိ။ ပြောလည်း မပြောချင်။ မဝေ့ရွှေကိုသာ အတင်းဖက်ပြီး မဝေ့ရွှေ မျက်နှာကို သူ့ရင်မှာ ဆွဲအပ်ထားလိုက်၏။

ကောင်း ဘာဆို ဘာမှမကြားရတော့။ သူ၏ မျက်လုံးအစုံမှာ မြွေဆိပ်တက်သကဲ့သို့ မှုန်မှိုင်းသွားသည်။

ကျန် ရဲအဖွဲ့ဝင်များသည် အုတ်ပုံပြိုအုတ်ပုံအကြားသို့ အတင်းတိုးဝေ့ဝင်သွားကြသည်။

ရဲနှစ်ယောက် သွေးများဖြင့် မြင်မကောင်းအောင် ဖြစ်နေသော ဦးဇော်ထွန်းကို တွဲထူ၍ အပြင်ဖက်သို့ ခေါ်လာကြသည်။ ဦးဇော်ထွန်း၏ ရင်သည် တလှပ်လှပ်ဖြစ်နေသည်။ ဦးဇော်ထွန်း၏ အခြေအနေမှာ သိပ်ကောင်းမည့်အခြေအနေမျိုး မရှိတော့။ ထိုအခြေအနေကို ကြည့်လျက် ရဲအဖွဲ့ဝင်များသည် အလုပ်ရှုပ်နေ၏။

စခန်းမှူး ဦးမြင့်ကြည်သည် ဦးဇော်ထွန်း သတိရှိ မရှိကို လေ့လာနေ၏။

"ဦးဇော်ထွန်း ခုအချိန်မှာ အရေးကြီးတဲ့ အကြောင်းတွေ အများကြီးရှိနေမယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ ဝတ္တရားအရ မှတ်တမ်းပြုချင်ပါတယ်။ ပြောပြနိုင်မလား ခင်ဗျာ"

ဦးမြင့်ကြည်၏ အမေးကို ဦးဇော်ထွန်းသည် ဖြေးလေးစွာ ခေါင်းကလေး ညိတ်ပြရှာသည်။

"ကျွန်တော် နေရတော့မှာ မဟုတ်ပါဘူးလေ။ မှန်တဲ့အတိုင်း ကျွန်တော် ပြောခဲ့ပါ့မယ်"

ဦးဇော်ထွန်း ထံမှ အသံသဲ့သဲ့ကလေး ကြားရသည်။ ဦးမြင့်ကြည်က ဂရုတစိုက် နားထောင်နေ၏။

သူ၏ မှတ်တမ်းစာအုပ်တွင် ရေးမှတ်နေသည်။ ဦးဇော်ထွန်းသည် သူ ပြောချင်သော စကားများကို အတော်ပင် အားယူပြီး ပြောပြနေ၏။ အားလုံးသည် တိုးတိုးမျှသာ ကြားနေရသော ဦးဇော်ထွန်း ၏ စကားသံများကို ဂရုတစိုက် နားထောင်နေသည်။

ဦးဇော်ထွန်းသည် သူ လုပ်ဆောင်ခဲ့ပုံများကို ကျကျနန ပြောနိုင်သေးသည်။ ကောင်းကင်ပြင် မိုးသားတို့သည် ကြည်လင် ဖြူဝင်းနေလေပြီ။

* * * * *

ဦးဇော်ထွန်းသည် ယခုတစ်ကြိမ် ထောင်မှ လွတ်ခဲ့လျှင် သူ လုပ်ဆောင်ရမည့် အလုပ်မှာ သူ့အပေါ်တွင် အကောက်ကြံခဲ့သော သူတစ်ယောက်ကို လူ့လောကအတွင်းမှ မောင်းနှင်ထုတ်ပစ်ရန် အလုပ်မှလွဲ၍ တခြား ဘာကိုမှ ဦးစားပေး မစဉ်းစားခဲ့ချေ။ ၎င်းလူကား . . . ဦးသိုက်ထွန်း။

ဦးသိုက်ထွန်းကြောင့် သူသည် ယခုတစ်ကြိမ် ဒုတိယမ္ပိ ထောင်တွင်းသို့ ပြန်ရောက်ရသည်ဟု သူ့အနိုင်အမာ ယုံကြည်ထားသည်။ ပထမအကြိမ် ထောင် ၇ နှစ်ကျတုန်းကတော့ သူနှင့် ဦးသိုက်ထွန်းတို့ လုပ်ငန်းတစ်ခုကို အတူတူလုပ်ခဲ့ကြသည်။ လုပ်ခဲ့ကြသည့် အလုပ်မှာ ကောင်းသော အသက်မွေးဝမ်းကျောင်းအလုပ် မဟုတ်ခဲ့။ ဒါပေမဲ့ ရတဲ့ငွေတွေ၊ ပစ္စည်းတွေကများသည်။ သည်ငွေတွေကို ကျန်ရစ်ခဲ့သော သူ့ မိန်းမနှင့် သမီးကို ခွဲဝေပေးပါ။ မိန်းမနှင့်သမီးကို စောင့်ရှောက်ပါဟု မှာလျက် အားလုံး အပြစ်များကို ဦးဇော်ထွန်းသည် တစ်ယောက်တည်း ခေါင်းခံပြီး ထောင်ထဲသို့ ဝင်သွားခဲ့သည်။

အချိန်တန်၍ ထောင်မှလွတ်သောအခါ ဦးသိုက်ထွန်းကိုလည်း ရှာမတွေ့။ မိန်းမနှင့် ကလေးလည်း ဘယ်တွင်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု စုံစမ်းမရ။ မရမက အဆက် အသွယ်ဖြင့် စုံစမ်းခဲ့သည့်အခါ ဦးသိုက် ထွန်းကို ဦးဇော်ထွန်း သဲလွန်စ ခြေရာခံ ရခဲ့သည်။ ဦးသိုက်ထွန်းသည် ဦးဇော် ထွန်း ထောင်မှလွတ်သွားပြီဟု ကြား သောအခါ ပစ္စည်းများ ဝေခွဲမပေးရုံမက ဦးဇော်ထွန်းကိုပင် ပြန်၍ အကွက်ဆင် ကာ လူသတ်မှုတစ်ခုကို ဖန်တီးလျက် ဦးဇော်ထွန်း သတ်သည်ဟု မျက်မြင် သက်သေအခိုင်အလုံ ပြသလျက် ဦး ဇော်ထွန်းကို သေဒဏ်ကျစေရန်ကြံစည် ခဲ့၏။ ဒါပေမယ့် ဦးဇော်ထွန်း သေဒဏ် မကျခဲ့ နောက်ထပ် ၇ နှစ် ထောင်ပြန် ကျခဲ့သည်။

ယခုတော့ . . ဦးဇော်ထွန်း ထောင်မှ လွတ်ခဲ့ပြန်လေပြီ။

ယခုတစ်ကြိမ်တွင် သူ့အား အမျိုး မျိုး လှည့်စားခဲ့သော ဦးသိုက်ထွန်းအား သူ အနိုင်ယူတော့မည်။

မကွေးမှ ပြည်သို့ ကားဖြင့်လာခဲ့ သည်။ ပြည်မှတဆင့် ရထားကိုပင် မစောင့်တော့ ကြုံရာ ကုန်တင်ကား တစ်စီးကို တားလျက် ရန်ကုန်သို့ အမြန် ဆုံးရောက်အောင် လာခဲ့သည်။

ဦးဇော်ထွန်းနှင့် ဦးသိုက်ထွန်းကို အေးအေးကလေး လုပ်ကြံနိုင်သည့် မြွေ ဟောက်တစ်ကောင် ပါလာသည်။ မြွေ ဟောက်ကို ဝါးကျည်တောက်အတွင်း၌ ထည့်ယူလာခဲ့၏။ တစ်လမ်းလုံး မြွေမ သေအောင်လည်း အမျိုးမျိုး ဂရုတစိုက် ယူဆောင်လာခဲ့ရသည်။ ရန်ကုန်သို့ ရောက်သောအခါ ဦး သိုက်ထွန်းသည် သူ၏ ကိုယ်ပိုင်ကား လေးကို ကိုယ်တိုင် မောင်းနှင်လျက် တရုတ်ပျော်ပွဲစားရုံ တစ်ရုံအတွင်းသို့ ချိုးကွေ့ဝင်သွားသည် ကို ကုန်တင်ကားပေါ်မှ ဦးဇော်ထွန်း တွေ့လိုက်ရသည်။

ဦးသိုက်ထွန်း ဝင်သွားသော ဟိုတယ် အတွင်းသို့ လိုက်ဝင်သွား သည်။ အခန်းချင်းကပ်လျက် အခန်း တစ်ခုကို ရွေးချယ်လျက် ဝင်နေလိုက် သည်။

အခြေအနေကို လေ့လာပြီးသည် နှင့် ဦးဇော်ထွန်းသည် ဝါးကျည်တောက် အဖုံးကိုဖွင့်ကာ ဦးသိုက်ထွန်း၏ လည် ပင်းဆီသို့ ချိန်ရွယ်ကာ ပစ်လိုက်သည်။ တစ်ညလုံး ဝါးကျည်တောက်အတွင်း၌ နေလာရသော မြွေဟောက်သည် သူ့ အား အနှောင်အဖွဲ့မှ လွှတ်ပေးလိုက် သောအခါ မာန်ထပြီး ဦးသိုက်ထွန်း အား ပြင်းပြင်းထန်ထန် ပေါက်လိုက် တော့သည်။ ဦးဇော်ထွန်းသည် ဦးသိုက် ထွန်းအနီးမှ လက်ဆွဲအိတ်တစ်အိတ်ကို ပြတင်းပေါက်မှ နိုက်ယူပြီး ထွက်လာခဲ့ သည်။

အပြင်သို့ ရောက်လျှင် တစ်နေရာ မှ အခြေအနေကို စောင့်ကြည့်နေမိ သည်။ ထိုအချိန်တွင် ပန်ချာပီအသွင် အပြင်နှင့် လူရွယ်တစ်ယောက်မှာ ပန် ချာပီ ခေါင်းပေါင်းများ၊ မုတ်ဆိတ်များကို အမှိုက်ပုံးထဲသို့ ပစ်ခဲ့သည်ကို တွေ့ခဲ့ ရ၏။ သူကား ကောင်းပင်။ ဦးဇော်ထွန်း သည် ထိုအချိန်ကပင် ကောင်းကို မှတ် မှတ်ရရ . . မှတ်မိသွားခဲ့၏။ မမျှော်လင့် ဘဲ မိမိသမီး မဝေဠု၏ သူငယ်ချင်း အဖြစ် ကောင်း မေမြို့သို့ရောက်လာသည့် အခါ ကောင်း၏ အသွားအလာ ဆက် ဆံသူများကို လေ့လာသည်။

ဦးဇော်ထွန်းက ကောင်းသည် အစိုးရဖက်မှ လူတစ်ဦးဦးဟု ယူဆခဲ့၏။

တစ်နေ့မဟုတ်တစ်နေ့ မိမိအား အနှောင့်အယှက်ပေးလာမည့် ကောင်း အား အခွင့်ကြုံသော နေ့တစ်နေ့တွင် အပြတ်ရှင်းလင်းပစ်ရန် ရည်ရွယ်လျက် ဖမ်းဆီးခဲ့သည်။

ကောင်း လွတ်လာပြီးနောက် မိမိ ကိုမှတ်မိသွားပြီး ရဲအဖွဲ့နှင့် ပူးပေါင်း ဖမ်းဆီးသည်ကို ယခုကဲ့သို့ အဖမ်းမခံ ဘဲ ထွက်ပြေးရာမှ သူ၏ လက်နက်များ ထားသော မြေအောက်ခန်းပေါက်ကွဲမှု ဖြစ်ကာ သူ့ကို ဒဏ်ခတ်ခံရခြင်းဖြစ် ကြောင်း ပြောပြခဲ့၏။

ဦးဇော်ထွန်းယူခဲ့သော ဦးသိုက်ထွန်း ၏ ပစ္စည်းများ ထားရှိသော နေရာများ ကိုပါ ကျနစွာ ပြောပြလျက် ဦးဇော်ထွန်း သည် သမီးဖြစ်သူ မဝေဠု သွားနှင့်ပြီ ဖြစ်သော မရဏာရိပ်သာသို့ အတူလိုက် ပါသွားလေတော့သည်။

"ကဲ . . . ကောင်း၊ မမျှော်လင့်ဘဲ ဖြစ်ရတဲ့ အဖြစ်အပျက်တွေကတော့



www.burmeseclassic.com

www.burmeseclassic.com

အတော့်ကို အံ့ဩစရာ ကောင်းနေတယ်ဗျာ။ စိတ်တော့ စိတ်မကောင်းစရာပါဘဲ"

ကောင်းသည် ဦးမြင့်ကြည် ပြောစကားများကို နားထောင်နေရာမှ သူ့ရင်ထဲတွင် မကျေနပ်နိုင်သော ပုစ္ဆာတစ်ခုကို အဖြေရလိုရငြား ဦးမြင့်ကြည်ကို လှမ်းမေးကြည့်လိုက်သည်။

"ကျွန်တော် . . . တွေးလို့မရတာ တစ်ခုရှိနေတယ် ဦးမြင့်ကြည်"

"ဘာများတုန်းဗျ . . ပြောစမ်းပါအုံး"

ကောင်း စဉ်းစားလိုက်သည်။ ပြီးမှ

"ကျွန်တော့်ကို ဦးဇော်ထွန်းက ဖမ်းပြီး သတ်ရအောင် ကြံစည်တာ ဘာဖြစ်လို့လဲဗျ"

ကောင်း စကားကိုကြားလိုက်သောအခါ ဦးမြင့်ကြည်သည် ပြုံးလိုက်၏။ ဦးမြင့်ကြည်၏ အပြုံးသည် အဓိပ္ပါယ် ကျယ်ပြန့်လွန်းသည်ကို ကောင်းတွေ့ရသည်။ ကောင်း စိတ်မရှည်နိုင်ပါ။

"ဦးမြင့်ကြည်ပြုံးတဲ့အပြုံးကို ကျွန်တော်မြင်ရတာ အဓိပ္ပါယ်တွေ သိပ်များနေတယ်၊ ပြောစမ်းပါဗျာ . . ."

ကောင်း ဦးမြင့်ကြည်အား ထပ်၍ မေးနေပြန်သည်။ ဦးမြင့်ကြည်က ထပ်၍ အားပါးတရ ပြုံးသည်။

"ဒီကိစ္စကတော့ ကျွန်တော် ရှင်းပြတာထက် သက်ဆိုင်တဲ့သူက ရှင်းပြရင် ပိုပြီး ပြည့်စုံလိမ့်မယ် ထင်ပါတယ်။ ကျွန်တော် ပြောပြရင် မပြည့်စုံပါဘူး"

"ဘယ်သူလဲဗျ လုပ်စမ်းပါ။ ခပ်မြန်မြန်ခေါ်ခဲ့ဗျာ . . . သိချင်လှပြီ"

"လက်ဖက်ကောင်း စားလိုရင် ပလောင် တောင်တက်နှေးရတယ်ဆိုတဲ့ စကားလဲရှိသားဘဲဗျာ၊ ဖြေးဖြေးပေါ့။ မကြာခင် ရောက်လာပါလိမ့်မယ်"

ကောင်း ဘာမှ ဆက်မပြောတော့။ စီးကရက်ဗူးကို ထုတ်ယူကာ စီးကရက် တစ်လိပ်ကို ထုတ်ယူလိုက်သည်။ ပြီးတော့မီးညှိဖွာလိုက်သည်။ အတော်ကလေးကြာသောအခါတွင် ဦးမြင့်ကြည်၏ ဟန်ပန်သည် လှုပ်ရှားလာ၏။

"ဟော . . . လာပါပြီဗျာ"

ဦးမြင့်ကြည်က လှမ်းပြောလိုက်သောအခါ ကောင်းသည် ထိုင်နေရာမှ ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။ အလင်းရောင်ဖက်ကို မျက်နှာမူပြီး ကြည့်လိုက်ရသဖြင့် လောလောဆယ် ဘယ်သူဘယ်ဝါဟူ၍ ကွဲကွဲပြားပြား မမြင်ရချေ။ အနားသို့ရောက်လာသော အခါတွင်မှ ကောင်း အတော့်ကို အံ့အားသင့်သွားရပါတော့သည်။

"လွန်းလွန်း"

လွန်းလွန်းသည် ကောင်းနှင့်တွေ့ဘူးကြုံခဲ့ဘူးသော လွန်းလွန်း၏ အသွင်သဏ္ဌာန်မျိုး မဟုတ်ချေ။ ပြည်သူ့ရဲအရာရှိ ဝတ်စုံကို ဝတ်ဆင်ထားသည်ကိုတွေ့ရသည်။

"အစ်ကို ရောက်နေတာ ကြာပြီလား"

ကောင်းသည် လွန်းလွန်းမေးလိုက်သော မေးခွန်းကို မဖြေနိုင်ပါ။ လွန်းလွန်းကိုသာ မျက်တောင်မခတ် တအံ့တဩကြည့်နေမိသည်။

လွန်းလွန်းသည် ဦးမြင့်ကြည် စားပွဲပေါ်သို့ ဖိုင်တွဲ တစ်တွဲကို အသာချလိုက်၏။

"လွန်းလွန်းကို ခုလိုပုံစံနဲ့မြင်ရတော့ အံ့ဩနေမှာဘဲနော် . . . အစ်ကို"

ဟုတ်ပါသည်။ တကယ်ဆိုတော့ လွန်းလွန်းကို အသက်နှစ်ဆယ်ပြည့်ရုံ ကျောင်းသူလေး တစ်ယောက်ပမာသာ ကောင်းယူဆထားသည်။ ယခုတော့ မှုခင်းနှိမ်နင်းရေး ရဲအဖွဲ့ဝင် ရဲအရာရှိ တစ်ဦးအဖြစ် တွေ့မြင်နေရသည့်အတွက် ကောင်းသည် အံ့ဩလွန်းမက အံ့ဩနေမိသည်။ ဒါကြောင့်လည်း ခဏချိန်ထိ တိုင်အောင် ဘာစကားမှ မပြောနိုင်အောင် ဖြစ်နေရခြင်းဖြစ်သည်။

"ရော့ . . . ဒါလေးတွေ အရင်ဆုံးကြည့်ပါအုံး အစ်ကို"

လွန်းလွန်းသည် စာအိတ်ရှည် တစ်အိတ်ကို ကောင်းရှေ့သို့ ချပေးလိုက်၏။ ကောင်းသည် စာအိတ်ကို ဆွဲယူပြီး အတွင်းမှ ပစ္စည်းများကို ထုတ်ယူ၍ ကြည့်လိုက်၏။

မိမိဘူတာရုံတွင် လက်မှတ် ဝယ်နေသော ပုံ။ ရထားပေါ်တွင် ပါလာသော ပုံ။ ပန်ချာပီ အဝတ်အစားနှင့် ဟိုတယ်တွင်းမှထွက်လာသော ပုံများနှင့်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

အိမ်ဖောက်ထွင်းမှု အမျိုးမျိုးကြောင့် ထောင်ကျခဲ့စဉ်က ရိုက်ထားသောပုံများ ကို တွေ့ရသည်။

ကောင်း နှုတ်တို့ အာစေးထည့်ထားသကဲ့သို့ ပိုဂျပင် ဆွံ့အသွားရပြန်သည်။

"လွန်းလွန်းတို့ ပြည်သူ့ရဲတွေဟာ အမှုကိစ္စတစ်ခုနဲ့ ပတ်သက်ရင် ရေဆုံး ရေဖျားအထိ လေ့လာရတယ်၊ စုံစမ်းရတယ်အစ်ကို။ အမှုမဖြစ်ခင်က စိတ်ဝင်စားစရာကောင်းတဲ့ အခြေအနေမျိုးကို တွေ့ရင်လဲ ခုလိုဘဲ မှတ်တမ်းတင်ထားရတယ်အစ်ကို"

ကောင်းသည် လွန်းလွန်းပြောသမျှကို ငေးပြီး နားထောင်နေ၏။ လွန်းလွန်းသည် ကုလားထိုင်တစ်လုံးတွင် အသာဝင်ထိုင်လိုက်သည်။

"လွန်းလွန်းကို အစ်ကိုက မရိပ်မိပေမဲ့ ဦးဇော်ထွန်းတို့က ရိပ်မိတယ်လေ။ ဒါကြောင့်လဲ အစ်ကိုနဲ့ လွန်းလွန်း အဆက်အသွယ်ရှိကြတာကို သိတော့ အစ်ကိုပါ ရဲအဖွဲ့ဝင်တစ်ယောက် ဖြစ်လိမ့်မယ်လို့ သံသယဖြစ်လာတယ်။ ဒီမှာတင် အစ်ကို့ကို လူ့လောကထဲက နေ အပြီးအပိုင် နင်ထုတ်ဖို့ ကြိုးစားကြတာဘဲ။ အစ်ကို့မှာ ဝီရိယနဲ့ သတ္တိရှိလို့သာ အသက်နဲ့ ခန္ဓာ အိုးစား မကွဲခဲ့တာဘဲ"

ရှင်းပါပြီ။ ကောင်းသည် လွန်းလွန်း ရှင်းပြသမျှစကားများနှင့် ကွင်းဆက်များကို ဆက်စပ်ပြီး တွေးကြည့်နေမိသည်။ ပြီးတော့မှ ခေါင်းလေးကို တဆတ်ဆတ်ညိတ်ပြီး သဘောပေါက်မိလာသည်။

"ကြားထဲက အဖေ လုပ်တဲ့သူ ရှုပ်ထားတဲ့ ကိစ္စကို မသိဘဲ မဝေဠု ခမျာ ဓားစားခံဖြစ်သွားရတယ်။ အဲဒီအတွက်တော့ လွန်းလွန်းလဲ စိတ်မကောင်း ဖြစ်ရပါတယ်"

ကောင်း ဘာမှမပြောတော့ ခေါင်းကိုသာ ငုံ့ထားလိုက်သည်။

"အစ်ကို ရန်ကုန်ကို ပြန်တော့မယ်ပေါ့နော်..."

"ပြန်မယ် လွန်းလွန်း၊ အစ်ကို့အပေါ်မှာ သေတဲ့အထိ နာကျည်းသွားတဲ့ မဝေဠုအတွက် အစ်ကို အတော့်ကို စိတ်မကောင်းဖြစ်နေရပါတယ်။ သိပ်လဲ ခံစားနေရပါတယ်။ ဒါပေမဲ့ အစ်ကို ပေးလိုက်တဲ့ ကတိကိုတော့ အစ်ကို တည်အောင်ကြိုးစားရမှာပဲ လွန်းလွန်း"

ကောင်းကို ကြည့်လျက် လွန်းလွန်း စိတ်မကောင်းခြင်း ဖြစ်နေရှာသည်။ ဦးမြင့်ကြည်ကိုယ်တိုင်လည်းစောစောက ရှုပ်ရှင်လန်းလန်းရှိသလောက် ယခုအချိန်တွင် ငြိမ်သက်နေလေသည်။

"ကျွန်တော် ဒီအမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ တရားခံကိုယ်တိုင်က ဝန်ခံသွားပြီဖြစ်တဲ့အတွက် ဘာမှ မလိုတော့ပါဘူးဗျာ၊ ခင်ဗျားကို သွားချင်ရာ သွားဘို့ ခွင့်ပြုပါတယ်"

ကောင်းသည် ထိုင်နေရာမှ မတ်တပ်ရပ်လိုက်၏။

ပြီးတော့ အားလုံးကို ကျောခိုင်းပြီး လှည့်ထွက်လာခဲ့သည်။

လွန်းလွန်းသည် ကောင်းအား ကြည့်လျက် ငြိမ်သက်စွာ ကျန်ရစ်ခဲ့သည်။

ကောင်းသာ တရွေ့ရွေ့နှင့် ပြန်လာခဲ့သည်။ ကောင်း သည်နေရာသို့ တစ်ခေါက် ပြန်မလာချင်ပါ။ သို့သော် ကောင်း၏ပစ္စည်းများက သည်မှာပဲ ရှိနေသေးသည် မဟုတ်ပါလား။

ပန်းကမ္ဘာခြံတွင်းသို့ ဝင်လာခဲ့ရသော ကောင်း၏ ရင်သည် နာကျင်မှု ဝေဒနာကို ခံစားလာရသည်။ ဟိုနေရာတွင် မဝေဠု ရှိနီးနီး။ သည်နေရာတွင် တွေ့လိမ့်နီးနီးနှင့် စိတ်တို့ ချောက်ချားနေသည်။ မိမိပစ္စည်းများကို ယူပြီး ပန်းကမ္ဘာ ကို ကျောခိုင်းလိုက်သည်။

ပန်းကမ္ဘာ သာမက မေမြို့ကိုပါ ကောင်း ကျောခိုင်းရပေတော့မည်။

ဖြစ်နိုင်လျှင် အမြန်ဆုံးရန်ကုန်သို့ ပြန်ရောက်ချင်သည်။

နေ့ပင်ဖြစ်လင့်ကစား မေမြို့၏ ဥတုသည် ယနေ့မှ နှင်းမှုန်များ တဖွဲဖွဲ ကျနေပြန်သည်။ အငှားကားတစ်စီးကို တားလျက် မန္တလေးသို့ ပြန်ရန် စီစဉ်လိုက်သည်။

"နောင်ကြီးနာမယ် ကောင်းဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်နိုင်ရင် ဒီစာလေးကို ရန်ကုန် ရောက်မှ ဖွင့်ဖတ်ပါလို့ မှာလိုက်ပါတယ်"

ကောင်း ဘာမှမပြောဘဲ စာအိတ်ကလေးကို သူ၏ဂျာကင် အင်္ကျီအတွင်း အိတ်ထဲသို့ ထည့်လိုက်သည်။

ပြီးတော့ အမြန်ဆုံး လိုက်ပို့ရန် ပြောလျက် ဘာစကားမှ မပြောဘဲ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း သူ့ဘဝအတွက် မမေ့ပျောက်လင့်ခဲ့သော ဝေဒနာကလေးများ၏ ကိုက်ခဲနာကျင်းမှုကို တနုံ့နုံ့ ခံစားရင်း လိုက်ပါလာခဲ့ပါတော့သည်။

ကောင်း ရန်ကုန်မြေကို ခြေပြန်ချလိုက်ရပြီ။ ကောင်းသည် ရန်ကုန် ပတ်ဝန်းကျင်ကို ကြည့်လျက် သက်ပြင်း တစ်ချက် ခပ်ပြင်းပြင်း ချလိုက်မိသည်။

ဘူတာရုံမှ လေးဘီးကားတစ်စီးကို တားလျက် ကောင်းအိမ်သို့ ပြန်ခဲ့သည်။ ကားပေါ်တွင် ထိုင်မိတော့မှ မေမြို့တွင် ဂျစ်ကားသမား လာပေးသည့်စာကို သတိတရ စမ်းသပ်ကြည့်မိပြီး ဖောက်ဖတ်ချိန်တန်ပြီဟု ယူဆကာ ဖွင့်ဖတ်ကြည့်လိုက်သည်။

စာအိတ်အတွင်း၌ မည်သည့်စာမှ အထွေအထူး ပါမလာခဲ့ချေ။ မိမိနာမည်ဖြင့် ငွေနှစ်သောင်းတိတိ လွှဲပေးလိုက်သော ချက်လက်မှတ်တစ်စောင် ဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုငွေကို မိမိအား မည်သူက လွှဲပြောင်းပေးလိုက်သည်ဟူ၍ ကောင်း စဉ်းစားကြည့်သည်။ အဖြေက မပေါ်။ အဖြစ်နိုင်ဆုံး အဖြေရှာ၍ ရသူမှာ လွန်းလွန်းသာ ရှိသည်။ ဟုတ်ပါသည်။ လွန်းလွန်းမှ လွန်းလွန်း။

ကောင်းသည် ချက်လက်မှတ်ကို စာအိတ်တွင်း၌ ပြန်ထည့်ထားလိုက်၏။ စီးကရက်ကိုသာ တွင်တွင်ဖွာလျက် မိမိ၏ ရှေ့ရေးကို စဉ်းစားရတော့သည်။ ဘာပဲဖြစ်ဖြစ် မိမိလက်ထဲတွင် ငွေနှစ်သောင်းတော့ ရှိပြီ။ မိမိဘဝ အပြောင်းအလဲကို ထိုငွေဖြင့် မ,တည် ရင်းနှီးရန်သာ ရှိတော့သည်။ ကောင်း၌ ဂီတနှင့် ပတ်သက်သော အပေါင်းအသင်းမရှိ။ တစ်ခုတော့ရှိသည် မိမိ၏ ဘော်ဒါ ပရိုက်ဗိတ် တက္ကစီ မောင်းသော အေးကြည်လေးနှင့် မြင့်သိန်းတို့ကတော့ ရုပ်ရှင်ဖက်မှာရော ဂီတဖက်မှာပါ လူသိလူခင်များကြသူ နှစ်ဦးဖြစ်သည်။

အိမ်တွင် တစ်ရက်လောက်နားပြီးလျှင် နက်ဖြန်ခါ စကော့ဈေးကို သွားမည်။ အေးကြည်လေးဖြစ်ဖြစ်၊ မြင့်သိန်းကိုဖြစ်ဖြစ် တွေ့အောင်ရှာရမည်။

အိမ်သို့ရောက်လာခဲ့ပြီ။ ကောင်းသည် မိမိဘဝ အပြောင်းအလဲလုပ်ရာ၌ လက်ရှိနေထိုင်သော နေရာကိုပင် ဆက်နေရန် မသင့်ကြောင်း တွေးမိလာသည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသော စကားပုံကို အပြည့်အစုံ ယုံကြည်ထောက်ခံခြင်းတော့ မဟုတ်။ လူဆိုသည်မှာ မိမိလုပ်ကိုင်နေသော အလုပ်အကိုင်နှင့်ပတ်သက်သင့်လျော်သော အပေါင်းအသင်း၊ အရပ်ဒေသကို ရှာဖွေနေထိုင် ဆက်ဆံတတ်ဖို့လည်း လိုအပ်လာကြောင်း ကောင်း ဆင်ခြင်မိလာသည်။

ကောင်း ပြန်ရောက်လာသည့်အတွက် ဟသ်ာ၊ ညိုကြီးနှင့်အဖေတို့က ဝမ်းသာအဲလဲ ဆီးကြိုကြရသည်။ သူတို့တတွေ၌ ဟန်ဆောင်သော အပြုံးမျိုး၊ ဟန်ဆောင်သော ပျူငှာမှုမျိုး မဟုတ်သော ရင်ထဲ နှလုံးသားထဲက ဟက်ဟက်ပက်ပက် ထွက်လာသော အပြုံး၊ ပျူငှာမှုတို့ကို ကောင်း အစစ်အမှန် တွေ့ရသည်။

ဘာဘဲဖြစ်ဖြစ် ကောင်းတို့လို လူတန်းစားတို့တွင် ဒါလေးတစ်ခုကတော့ ချစ်စရာတစ်ခု ဖြစ်သည်။ မသိလျှင် မသိဘူးဟု ပြောတတ်သလို၊ သိလျှင် သိသည်၊ ရှိလျှင် ရှိသည်၊ မခေါ်ချင်လျှင် မခေါ်ဘဲ နေတတ်၍ ခေါ်ချင် ပြောချင် ခင်မင်ချင်လျှင်လည်း အူလိုက်သဲလိုက် ခင်မင်တတ်ကြသည်။

တစ်ဦးနှင့် တစ်ဦး ဆက်ဆံမှု၌ ပကာသန ကင်းသည်။ ဟန်ဆောင်မှု ရှင်းသည်။ ကြေးရတတ် ဂုဏ်ရှင်၊ ဓနရှင်တို့လို မျက်နှာက အပြုံး၊ စိတ်နှလုံးက အမုန်းတရားနှင့် နှလုံးသား မပါသော အပြုံးမျိုး၊ အပြောမျိုး၊ ဆက်ဆံမှုမျိုး မရှိကြ။ ဒါသည်ပင် လူလောကအတွက် ထာဝရချစ်စဖွယ်ကောင်းသော ပြယုဂ်ကလေးတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ...သိပ်ပင်ပန်းလာတယ်ကွ။ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး..."

ကောင်းသည် သူ၏ စိတ်ထဲတွင် ခံစားချက်ရှိနေသည့်အတိုင်း ပြောပစ်လိုက်၏။ ပြီးတော့ အခန်းဒေါင့်တွင် အသင့်တွေ့ရသော အရက်ပုလင်းကို ဆွဲယူပြီး မတ်ခွက်ထဲသို့ သွန်ထည့်ကာ အားပါးတရ ရေမရော၊ ဆော်ဒါမပါ၊ ရေခဲမထည့်ဘဲ သောက်ပစ်လိုက်၏။

အရက်မတ်ခွက် တစ်လုံး ကုန်သွားသောအခါတွင် မိမိအတွက် သီးသန့်ပေးထားသော အိပ်ရာကလေးပေါ်သို့ ခြေပစ်လက်ပစ် ခွေလှဲပြီး အိပ်ပစ်လိုက်သည်။

ကောင်း၏ လှုပ်ရှားမှုများကို ကြည့်လျက် ကျန်လူအားလုံးမှာ ကောင်း စိတ်မကြည်မလင် ဖြစ်လာသည်။ လုပ်ငန်းအတွက် မပြေမလည် တွေ့လာသည်ဟု မိမိတို့အသိဖြင့် မိမိတို့ ယူဆကြကာ ကောင်းအား ဘာစကားမှ မပြောကြဘဲ ငြိမ်သက် တိတ်ဆိတ်စွာ ဖာသိဖာသာ နေလိုက်ကြလေသည်။

ကောင်းသည် အရက်ကို ရေမရောဘဲ သောက်ပစ်လိုက်သောအကျိုးကို လက်ငင်းခံစားလာရသည်။ ခေါင်းတွေ ရီဝေလာသည်။ သွေးတို့ ဆူလာသည် မျက်လုံးများ လေးလံထိုင်းမှိုင်းလာသည်။

တခဏ အတွင်းမှာပင် ကောင်း အိပ်၍ပျော် သွားတော့သည်။ ကောင်း အိပ်ရာမှနိုးသောအခါတွင် နောက်တစ်နေ့ မနက် မိုးစင်စင် လင်းခဲ့လေပြီ။

ကောင်း ရေမိုးချိုး အဝတ်အစား လဲလှယ်လိုက်သည်။ ဟသ်ာနှင့် ညိုကြီး တို့က ကောင်းကို စကားပြောရန် အခွင့် အရေးကို စောင့်ကြည့်နေကြသည်။

"ကောင်း...ဘယ်သွားမလို့လဲ"

ဟသ်ာက မဝံ့မရဲ ကောင်းကို မေးလာသည်။ ကောင်းသည် ဟသ်ာကို တစ်ချက်မျှ ပြန်ကြည့်လိုက်သည်။

"မင်းရော၊ ညိုကြီးရော လက်ဖက် ရည်သောက်ကြရအောင် ငါနဲ့ လိုက်ခဲ့ ကြကွာ။ မင်းတို့ကို ငါ စကားပြောစရာ လဲ ရှိတယ်"

ကောင်းက သူ့အား လှမ်းပြော လိုက်သော စကားကိုကြားလိုက်ရသော ဟသ်ာ၏ မျက်နှာမှာ တခဏအတွင်း ရွှင်လန်းသွားသည်။ လုံချည်ကို စောင်ကဲ့သို့ ခြုံ၍ကွေးကွေးလေး။ အိပ်ပျော်နေသော ညိုကြီးအား ဟံသာသည် ခြေထောက်ဖြင့် ကန်ပြီး နှိုးနေသည်။ ညိုကြီးသည် လူးလဲပြီး အိပ်နေရာမှ ထ, လိုက်သည်။

"ဟော့ကောင်...ညိုကြီး ထ,တော့။ ကောင်းက မင်းနဲ့ ငါ့ကို စကားပြောစရာ ရှိတယ်တဲ့။ လက်ဖက်ရည်ဆိုင်ကနေ တို့စောင့်နေမယ်... မင်းလိုက်ခဲ့"

ဟသ်ာသည် သူပြောချင်သော စကားများကို ပြောပြီး ကောင်းနှင့် အတူတူ လိုက်လာခဲ့သည်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ထိုင်မိကြသော အခါ ကောင်းနှင့်ဟသ်ာတို့ လက်ဖက် ရည်နှစ်ခွက် မှာလိုက်သည်၊ ပဲပြုတ်နှင့် နံပြားတစ်ပွဲစီ မှာလိုက်သည်။

"မင်းကောင်ကို သေသေချာချာမှ နှိုးခဲ့ရဲ့လား"

"နှိုးခဲ့ပါတယ်ကွ"

"မင်းကောင်လာမှ ငါပြောချင်တာ ကို ပြောမယ်ကွာ။ ပြောထားရင် ဒီကောင်လာလဲ ထပ်ပြောနေရအုံးမယ်။ စားကွာ"၊

ကောင်း ကိုယ်တိုင်လည်း ပဲနှင့် နံပြားကို စားနေသည်။ ကောင်း က ဘာမှ မပြောသေးသဖြင့် ဟသ်ာသည် ပဲနံပြားကို စားနေ၏။ ပဲနံပြားကုန်သွား တော့မှ လက်ဖက်ရည်ကို တစ်ငုံချင်း ငုံသောက်နေသည်။ လက်ဖက်ရည်တစ် ခွက်ကုန်ခါနီးတွင် ညိုကြီးမှာ လက်ဖက် ဆိုင်သို့ ရောက်လာသည်။ ကောင်း အနီးတွင် ဝင်ထိုင်လိုက်သည်။

ညိုကြီးမှာ မုန့်ဟင်းခါး ကြိုက်သူ ဖြစ်ဖြစ်၍ ဗူးသီးကြော်နှင့် မုန့်ဟင်းခါးတစ်ပွဲ ကို လက်ဖက်ရည်ဆိုင်ဘေးတွင်ရှိသော မုန့်ဟင်းခါးဆိုင်မှ လှမ်းမှာလိုက်သည်။ မုန့်ဟင်းခါး ရောက်လာသောအခါ အားပါးတရ စားနေ၏။ ကောင်းကိုရော ဟသ်ာကိုပါ ဘာ စကားမှ မမေး သူကိုယ်တိုင်လဲ ဘာမှ မပြောချေ။ မုန့် ဟင်းခါး တစ်ပွဲကုန်သွား၍ ဟင်းရည် ချည်းချည်းသက်သက် တောင်း၍ သောက်တော့မှ ကောင်းသည် သူ၏ သူငယ်ချင်းနှစ်ဦးအား တစ်ဦးစီ အကဲ ခတ်ကြည့်လိုက်သည်။

---

ရှေ့လဆက်ရန်

မောင်ရွှေစိန်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဇီးရိုးနိုင်းတူးမောင်ညို (နှင့်) ကာကွယ်ခုခံပိုင်ခွင့်ရလူသတ်တရားခံ

မောင်ညိုညသစ် (တောင်တွင်းကြီး)

(၁)

လူသတ်မှုတစ်မှု ဖြစ်ပွားခဲ့သည်။

လူသတ်တရားခံသည် ခြေတစ်ဖက်မရှိသော မသန်စွမ်းသူတစ်ဦးဖြစ်ကြောင်း ကြားသိရလေရာ မှုခင်းသတင်းထောက်များသာမက စုံထောက်ဝတ္ထုရေးဆရာဖြစ်သော ကျွန်ုပ်ပင်လျှင် မှုခင်းသတင်းထောက်များကဲ့သို့ သတင်းကိုကိုယ်တိုင်လိုက်လံစုဆောင်း ရယူလိုစိတ်ဖြစ်ပေါ်လာခဲ့သည်။ ကျွန်ုပ်၏ကလောင်လမ်းကြောင်းမှာ စိတ်ကူးယဉ်စုံထောက်ဇာတ်လမ်းများထက် ဥပဒေရှုထောင့်၊ တရားဥပဒေစိုးမိုးရေးတာဝန် ဆောင်ရွက်နေသည့် ရဲစုံထောက်များ၏ တရားဝင်ဆောင်ရွက်ပိုင်ခွင့် ရှုထောင့်နှင့် စရိုက်များ ပါဝင်သည့် စုံထောက်ဝတ္ထုများသာရေးလိုသည်။

ယနေ့ထုတ် မှုခင်းမဂ္ဂဇင်းများအားလုံးပါ မှုခင်းဝတ္ထုတိုများမှာ အမှန်တကယ်ဖြစ်ပွားခဲ့သော မှုခင်းအစစ်များကိုပုံဖော်ရေးသားကြခြင်းဖြစ်သည်။ စာဖတ်သူများက လက်ခံအားပေးကြသည်။ ကျွန်ုပ်၏ဥပဒေနှင့် စုံထောက်လုပ်ငန်းဆိုင်ရာသုတပေးဆရာစုံထောက်မောင်ညိုကိုယ်တိုင် မှုခင်းမဂ္ဂဇင်းများအား အစဉ်တစိုက် ဖတ်ရှုသူဖြစ်လေသည်။

“စာနယ်ဇင်းသမားဆိုတာ ပုလိပ်ရီပို့အတိုင်း ဘယ်ရေးမလဲဗျာ။ အဲဒီလိုရေးလို့လည်း ဘယ်မှာဖတ်လို့ ကောင်းမှာလဲ။ မြန်မာနိုင်ငံလျှို့ဝှက်ဥပဒေအရလည်း ရီပို့တွေကို တိုက်ရိုက်မိတ္တူကူးတင်ပြခွင့်မရှိဘူး မဟုတ်လား။ ဒီတော့ မှုခင်းဖြစ်ရပ်တစ်ခုကို အစအဆုံး စနစ်တကျလေ့လာရမယ်၊ ပြီးမှ စာနယ်ဇင်းအမြင်နဲ့ရေးမယ်၊ ဒါ စာနယ်ဇင်းသမားအလုပ်၊ ကလောင်စွမ်းရည်ထက်မြက်သူက တန်ဘိုးရှိတဲ့ စူးရှင်ထက်မြက်တဲ့ စာမူကောင်းတွေ ဖန်တီးနိုင်မယ်”

တစ်ခါက ဆရာညိုနှင့် ကျွန်ုပ်တို့ မှုခင်းကလောင်ရှင်များ ဆုံတွေ့ကြစဉ် မှုခင်းဝတ္ထုဆောင်းပါးများအပေါ် သူ့အမြင်ကို ပွင့်လင်းစွာ ဆွေးနွေး တင်ပြခြင်းဖြစ်လေသည်။

“ကျွန်တော်ဖတ်ကြည့်တော့ အချို့စာမူတွေက စုံထောက်တွေရဲ့ အမြင်



www.burmeseclassic.com

www.burmeseclassic.com

ကွဲလွဲတယ်၊ တင်ပြတဲ့ဥပဒေရှုထောင့်က မှန်ကန်ပေမယ့် တင်ပြပုံ လျော့ရဲတာ တွေ့ရတယ်။ စုံထောက်ကို လူမှန်နေရာမှန် မထားတတ်တာတွေ၊ စုံထောက်ကို ရဲလက်ခွဲ၊ စုံထောက်လက်ခွဲ ဥပဒေ၊ ကျင့်ထုံးဥပဒေနဲ့ မညီညွတ်တဲ့ လုပ်ရပ်တွေ လုပ်ခိုင်းနေတယ်။ အဲဒါမျိုးတွေမဖြစ်သင့်ဘူး။ ဒါကြောင့် ဆရာမိုးမြတ်လို စုံထောက်ဝတ္ထုရေးသူကို ကျွန်တော်က ဥပဒေနဲ့ ညီညွတ်တဲ့ စုံထောက်ဇာတ်ကောင်အစစ်ကို လက်ဆောင်ပေးနေတာဗျ"။

စုံထောက်မောင်ညို ပြောပြသည့် လက်ဆောင်စုံထောက် ဇာတ်ကောင်ဆိုသည်မှာ သူကိုယ်တိုင်ဖြစ်ကြောင်း ကျွန်ုပ်တို့အားလုံး သိထားသည်။ လူပုဂ္ဂိုလ်ချင်းလည်း ရင်းနှီးခင်မင်သလို သူ၏ စုံထောက်စွမ်းရည်များ၊ စာရိတ္တများကို ကြိုက်နှစ်သက်လေသောကြောင့် ကျွန်ုပ်တို့သည်လည်း စုံထောက်ရဲအုပ်မောင်ညိုကိုပဲ ဥပဒေဆိုင်ရာ စုံထောက်ဇာတ်ကောင်ဆိုင်ရာ နည်းပြဆရာအဖြစ် ရွေးချယ်ဖြစ်ခဲ့ကြခြင်း ဖြစ်လေသည်။

"ကျွန်တော်ဗျာ ဘွဲ့ရတော့ ပထမဦးဆုံး ဓုရဲအုပ်လောင်း သင်တန်းတက်ရတယ်၊ နောက် အင်းစိန်စီအိုင်ဒီ မှုခင်းတပ်ဖွဲ့မှာ စုံထောက်သိပ္ပံသင်တန်း တက်ရတယ်၊ တိုက်တိုက် ဆိုင်ဆိုင်ဗျာ သင်တန်းနှစ်ခုစလုံးမှာ သင်တန်းသားအမှတ်တစ်ခုတည်းဗျ၊ သုညရှေ့ကခံပေးမယ်၊ ဇီးရိုးနိုင်းတူး - နိုင်းတူး ၉၂ ပေါ့ဗျာ။"

ဆိုခဲ့သည့်အတိုင်း စုံထောက်မောင်ညိုမှာ ကျွန်ုပ်၏ပင်တိုင်စုံထောက် ဇာတ်ကောင်ဖြစ်လေရာ စုံထောက်မောင်ညိုဟု ဇာတ်ကောင်အမည် ပေးထားသည်။ စုံထောက်မောင်ညို၏ စုံထောက်ဇာတ်လမ်းပေါင်း ၄၀ ခန့် ကျွန်ုပ်ရေးဖြစ်ခဲ့ပြီးဖြစ်သည်။ ရဲစုံထောက်များထဲ၌ အမည်တူ မောင်ညိုများရှိနိုင်သည်။ ထို့ကြောင့် ယနေ့မှစပြီး ကျွန်ုပ်၏စုံထောက်ရဲအုပ်မောင်ညိုအား ဇီးရိုးနိုင်းတူးမောင်ညိုဟု ပြောင်းလဲရေးသားလိုက်ပါတော့သည်။

(၂)

ကျွန်ုပ်က သတင်းထောက်စစ်စစ် မဟုတ်လေသောကြောင့် သတင်းရယူမှု မကျွမ်းကျင်လှ၊ ထို့ကြောင့် သူငယ်ချင်းဖြစ်သော သတင်းထောက်စိုးငြိမ်း (ကညွတ်ကွင်း)အကူအညီနှင့် သတင်းလိုက်ယူရသည်။ ဂျိုးငြိမ်း၌ ဆိုင်ကယ်တစ်စီးနှင့် ဒီဂျစ်တယ်ကင်မရာရှိလေသောကြောင့် အဆင်ပြေလှသည်။

"ခြေလက်သန်စွမ်းသူနဲ့ ကျန်းမာသန်စွမ်းသူနှစ်ဦးရဲ့ ရန်ပွဲမှာ ခြေလက်မသန်စွမ်းသူက အနိုင်ရပြီး ကျန်းမာသန်စွမ်းသူ အသက်ဆုံးရှုံးရတယ်ဆိုတော့ အံ့ဩယ်ပဲဗျ ကိုစိုးငြိမ်းရဲ့..."

"FIR သတင်းအရဆိုရင် တရားခံမှာ ချိုင်းထောက်ပါတယ်။ သေသူမှာ ဘာမှတော့မပါဘူး၊ နယ်ထိန်းပြောစကားအရတော့ သေသူရဲ့လက်ထဲမှာ ဓားမတစ်ချောင်း ရောက်လာတယ်။ ချိုင်းထောက်ဆရာကို ဓားနဲ့လိုက်ခုတ်တယ်။ ချိုင်းထောက်ဆရာက လဲပြိုမသွားအောင် ချိုင်းထောက်နဲ့ မြေကြီးကိုထောက်လိုက်၊ ဝဲလာတဲ့ ဓားချက်ကို ချိုင်းထောက်မပြီး ပြန်ရိုက် ချလိုက်နဲ့ တကယ့်ပွဲကြီး ပွဲကောင်းတဲ့ဗျ။ ဆရာညိုက အချင်းဖြစ်ပွားရာ သွားစစ်တော့ ရပ်ကွက်လူကြီးတွေနဲ့ နယ်ထိန်းကိုပါ ခေါ်သွားလို့ နယ်ထိန်းကြီးက ကျွန်တော်တို့ကို ပြောပြနိုင်တာပေါ့။"

"အေးဗျာ၊ သေသူရဲ့ လက်ထဲမှာ အစတုန်းက ဘာမှမပါဘူး၊ နောက် ဓားမတစ်ချောင်း ရောက်လာတယ်ပေါ့နော်၊ အဲဒီစကားက ဘယ်ကရောက်လာတာလဲ၊ ချိုင်းထောက်ဆရာရဲ့ နောက်မှာ အဖော်ပါလာပြီး အဲဒီအဖော်ရဲ့ဓားကို သေသူရဲ့ လက်ထဲ သေမှထည့်ပေးခဲ့တာများလား။ အချင်းဖြစ်ပွားတဲ့ အရပ်မှာ ဆရာညို စေ့စေ့စပ်စပ်လေ့လာခဲ့ရင် ထူးခြားချက်တို့ ကွဲလွဲချက်တို့ ပေါ်လာမှာပါ။"

ကျွန်ုပ်၏စိတ်ထဲမှာတော့ ရဲစုံထောက်များ အချင်းဖြစ်အရပ် စစ်ဆေးမှုကို လွန်စွာပင် စိတ်ဝင်စားနေမိသည်။

စိတ်ကူးယဉ်ဝတ္ထုပါ စုံထောက်များ မဟုတ်သော ရဲစုံထောက်များ အချင်းဖြစ်ပွားရာ (ဝါ)အခင်းဖြစ်ပွားရာ အရပ်ကိုတန်ဘိုးထားသောကြောင့် ဆောလျင်စွာသွားရောက် စစ်ဆေးရသည်မှ



www.burmeseclassic.com

www.burmeseclassic.com

တာဝန်တစ်ခုဖြစ်သည်။ မှုခင်းကျဆင်းရေးဆွေးနွေးပွဲတစ်ခုတွင် ရဲစုံထောက်မောင်ညိုက အချင်းဖြစ်ပွားရာအရပ်စစ်ဆေးခြင်းဆိုင်ရာ သိကောင်းစရာများ ဟောပြောခဲ့သည်ကို ကျွန်ုပ်သတိရမိသည်။ ထိုအရပ်မှ မထင်မှတ်သော ဆံချည်တစ်မျှင်၊ သွေးတစ်စက်၊ ဆေးလိပ်တိုတစ်တို စသည်ကဲ့သို့ သဲလွန်စကလေးရခဲ့သောကြောင့် ရာဇမအမှုအခင်းကြီး ဖော်ထုတ်နိုင်ခဲ့ပါသတဲ့။

ကျွန်ုပ်၏ မှတ်စုကို ပြန်လှန်ဖတ်ရှုလိုက်သည်။

"တာဝန်ကျစုံထောက်ရဲမှ အချင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခြင်းဖြင့် မူလသတင်းပေးရာတွင် မပါဝင်သေးသော အချက်အလက်များကို လည်းကောင်း၊ ရှေ့နောက်မညီညွတ်သည့် အချက်အလက်များကိုလည်းကောင်း၊ သိရှိနိုင်သည့်အပြင် အမှုဖြစ်ရပ်အခြေအနေကိုပါ လေ့လာဝေဖန်နိုင်မည်ဖြစ်သည်။ ၎င်းပြင် အမှု၏သဲလွန်စများ၊ သက်သေအထောက်အထားပစ္စည်းများ၊ မျက်မြင်သက်သေများ၏ ထွက်ချက်များကိုလည်းကောင်း ရှာဖွေနိုင်စွမ်းရှိမည်ဖြစ်ပေသည်။

အမှုဖြစ်ပြီးလျှင် ဖြစ်ပြီးခြင်းမှုခင်းဖြစ်ပွားနေသည့်နေရာကို အမြန်သွားရောက်စုံထောက်ခြင်းပြုနိုင်လျှင် အမှုမှန်ပေါ်ပေါက်ရေးအတွက် များစွာအကျိုးပြုနိုင်ပေသည်။ သက်သေတို့၏ အမှန်ထွက်ဆိုချက်ကို ရနိုင်ခြင်း၊ တရားခံကို ချက်ချင်းဖမ်းမိနိုင်ခြင်း၊ သက်သေခံပစ္စည်းများ မပျောက်မပျက်နိုင်မီ တွေ့ရှိနိုင်ခြင်း၊ မငြိမ်မသက်သည့် အခြေအနေရှိက ထိန်းသိမ်းပေးနိုင်ခြင်း၊ လူနာရှိပါက ဆေးရုံပို့ရန် လိုအပ်ပါက အစစ်ခံချက်ရယူနိုင်ခြင်း စသဖြင့် များစွာအကျိုးရှိနိုင်သည်။ ဝိုင်းအုံကြည့်သူများ ရဲစုံထောက်နှင့် အချင်းဖြစ်အရပ်တန်ဘိုးကို သိစေချင်သည်ဟုဟောပြောထားသည်။

(၃)

စုံထောက်မောင်ညို လူသတ်မှုဖြစ်ပွားရာနေရာသို့ ရောက်သွားသည်။ လူတစ်ဦးလဲကျသေဆုံးနေပြီး စားမတစ်ချောင်းကိုပါ တွေ့ရသည်။ မနီးမဝေး၌ လူတစ်ဦး ချိုင်းထောက်တစ်ခုနှင့် ထိုင်နေ၏။ ထိုသူမှာလည်း ပွန်းပဲ့ဖူးရောင်ဒဏ်ရာများရရှိထားသည်။ မှုခင်းတိုင်ချက် သတင်းအရ ထိုချိုင်းထောက်ပုဂ္ဂိုလ်၏ လက်ချက်ဖြင့် ဟိုလူသေဆုံးသွားရကြောင်းပါ။ ချိုင်းထောက်နှင့်လူ တရားခံဖြစ်နေသည်။

အလောင်းကို စံနစ်တကျ ဖုံးအုပ်ကာ ပြည်သူ့ဆေးရုံသို့ ပို့လိုက်လေသည်။ မျက်မြင်အားဖြင့် လူသတ်မှု (Prima Faice Murder) ဖြစ်နေသည်။ စုံထောက်မောင်ညိုတို့ ရဲစခန်းကလည်း (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂)လူသတ်မှုဖြင့် အမှုဖွင့်အရေးယူလေသည်။

ကိုချိုင်းထောက် သေသူကို သူ၏လက်ချက်ကြောင့် သေခဲ့သည်ဆိုရုံလောက်မျှဖြင့် အမှုမခိုင်လုံ၊ သက်သေအထောက်အထား သက်သေအပြည့်အစုံများ သဘာဝယုတ္တိကျကျ တင်ပြနိုင်မှသာ အမှုမှန်ပေါ်လွင်မည်။ လူသတ်မှုဆိုတိုင်း လူသတ်မှုမမြောက်ကြောင်း ပြစ်မှုမဂ္ဂဇင်း စာဖတ်သူများသိဖို့ရေးစေချင်ကြောင်း၊ တရားဥပဒေ၏ အနှစ်သာရအမှန်ကို စာဖတ်ပရိသတ်များသိစေကြောင်း ရေးဖို့ စုံထောက်မောင်ညိုက ကျွန်ုပ်အား အမြဲတိုက်တွန်းသည်။

(စုံထောက်မောင်ညိုတို့ စစ်ဆေးခဲ့သော အချင်းဖြစ်နေရာသို့ ကျွန်ုပ်နှင့် သတင်းထောက် ကိုစိုးငြိမ်းတို့သွားရောက်လေ့လာဖြစ်သည်။ ကျွန်ုပ်တို့ကို မသိရှိခြင်းကြောင့် CID ရဲစုံထောက်ဟုထင်သူက ထင်နေပြန်လေသည်။)

များမကြာမီ ကျွန်ုပ်နှင့် သတင်းထောက်စိုးငြိမ်းတို့ စုံထောက် ရဲအုပ်မောင်ညိုနှင့် တွေ့ဆုံဖြစ်လေသည်။ စုံထောက်မောင်ညိုတို့ လူသတ်တရားခံ ကိုချိုင်းထောက်ကို ဥပဒေတာဝန်ခံ အကြံပြုသည့်အတိုင်း လူသတ်မှုဖြင့် ခရိုင်စက်ရှင် တရားရုံးတော်သို့ တရားစွဲတင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်၏ စိတ်ထဲတွင် အလောင်းအနီး၌တွေ့ရသော စားမနှင့်သေသူ ကိုယ်ခန္ဓာ၌တွေ့ရသော ဒဏ်ရာကွဲပြားနေခြင်းအပေါ် ကျွန်ုပ်လွန်စွာစိတ်ဝင်စားမိသည်။ မည်သည့်အကြောင်းကြောင့် ကွဲလွဲနေကြောင်းကိုမူကား စုံထောက်

www.burmeseclassic.com

ဖြစ်သူ ဆရာညီသာလျှင် သိရှိပေလိမ့်မည်ဟု ကျွန်ုပ်တို့နှစ်ဦးလုံး ယုံကြည်ခဲ့ကြသည်။ ဤသတင်းကို စာနယ်ဇင်းများ၌ မရေးသေး။ အမိန့်ချမှတ်ပြီးပြတ်မှသာ ရေးမည်ဟု သတင်းထောက် ကိုစိုးငြိမ်းက ကျွန်ုပ်အား ဖွင့်ပြောသည်။ ကျွန်ုပ်က အယူအဆတစ်မျိုး။ သတင်းထောက်ပါးစပ်ဖြင့် ပြောပြသည့်သတင်းထက်စာနယ်ဇင်း စာမျက်နှာပေါ်မှာ သတင်းထောက်ချရေးပြသည့် သတင်းကိုပဲလိုချင်သည်၊ သိချင်သည်။ လက်နက်နှင့်ဒဏ်ရာ ကွဲလွဲနေခြင်းမှာ အမှုဓါလျှို့ဝှက်ချက်လေအား။ အတိမ်အနက်ပေလား ကျွန်ုပ်ခေါင်းစားနေမိသည်တော့အမှန်။

ကျွန်ုပ်က ဥပဒေရှုထောင့်က မြင်တွေ့ရမည့် မှုခင်းစုံထောက်ဝတ္ထုရေးသူဖြစ်လေရာ တရားခံအား လူသတ်မှုဖြင့် အပြစ်ပေးနိုင်မည့် အင်္ဂါရပ်များကို သိဖို့လိုသည်။ သို့ဖြင့်စုံထောက်မောင်ညို ထံမေးမြန်းခဲ့ရာ ဥပဒေစာအုပ်ကြီးကိုင်ကာ အောက်ပါအတိုင်း ရှင်းပြလေသည်။

(၁) တရားခံသည် ပြုလုပ်မှုတစ်ခုခုကို ပြု၍ တစ်ဦးတစ်ယောက်သောသူအားသေစေခြင်း။

(၂) ထိုသို့သေစေရာတွင် တရားခံ၌ (က) သေသူအား သေစေရန် အကြံရှိခြင်း။ (ခ) သေသူအား ဖြစ်တတ်သော သဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်မှုကို ဖြစ်စေရန်အကြံရှိခြင်း။

(၃) အောက်ပါတစ်ခုခု မပေါ်ပေါက်ခြင်း -

(က)တရားခံသည် ရုတ်တရက် အကြီးအကျယ်ဒေါသထွက်သဖြင့် လူကိုသေစေခြင်း။

(ခ) တရားခံသည် ကာကွယ်ခုခံပိုင်ခွင့်ကိုလိုသည်ထက် ပိုမိုသုံးစွဲခြင်းဖြင့် လူကိုသေစေခြင်း။

(ဂ) တရားခံသည် ပြည်သူ့ဝန်ထမ်းသို့မဟုတ် ပြည်သူ့ဝန်ထမ်းအား ကူညီသူဖြစ်ပြီး ဥပဒေကပေးအပ်သော လုပ်ပိုင်ခွင့်ကိုလည်း လိုသည်ထက် ပိုမိုသုံးစွဲမိခြင်းဖြင့် လူကိုသေစေခြင်း။

(ဃ)ရုတ်တရက် ခိုင်ရန်ဖြစ်ပွားရာတွင် တရားခံက လူကိုသေစေခြင်း။

(င) သေသူသည် အသက် ၁၅ နှစ်ကျော်လွန်၍ သဘောတူအသေခံခြင်း (သို့မဟုတ်)ထိုသို့သေဘေးကို ခံယူ စွန့်စားခြင်းတို့ဖြစ်သည်။ (ဤအပိုင်းကဏ္ဍများမှာ ပညာရှိတရားသူကြီးများ စဉ်းစားဆုံးဖြတ်ရမည့် အချက်များဖြစ်ကြောင်း ဆရာညိုကရှင်းပြခဲ့ဖူးသည်။)

ကျွန်ုပ်တို့ ကလောင်ရှင်များ တရားခံဇာတ်ကောင် ဖော်ကျူးရေးသားရာ၌ ဥပဒေသဘော၊ ဥပဒေ၏ အပိုင်းပိုင်းအဆစ်ဆစ် တည်ရှိပုံများကို သဘောမျှလောက် သိရှိထားလျှင် တရားခံပဲဆိုပြီး အလွန်အကျွံ မရေးသားမိဖို့ ဆင်ခြင်တိုင်းထွာနိုင်မည်၊ အတိမ်းအစောင်း မဖြစ်နိုင်တော့ဟု ကျွန်ုပ်ယုံကြည်ထားသည်။

ယခု ကိုချိုင်းထောက် အမှုတွင် တွေ့ရှိကြားသိရသော ကွဲလွဲချက်များ နားရှင်းချင်သောကြောင့် ဆရာညိုထံလာခဲ့ကြခြင်းဖြစ်လေသည်။

ကျွန်တော်အခင်းဖြစ် ရောက်သွားပုံ၊ စစ်ဆေးတွေ့ရှိပုံတွေအားလုံး မှုခင်းဒိုင်ယာယီမှာ ရေးပြီး ရီပို့ (Report) လုပ်ပြီးပြီဗျ။ အဲဒီတုန်းက လူသေရဲ့ဒဏ်ရာနဲ့ ကျွန်တော်တို့တွေ့တဲ့ ဒဏ်ရာကမတူဘူး။ လုံးဝမတူဘူး။ဒီဓားမကြီးက ဘယ်သူ့ဓားမကြီးလဲ၊ ဘယ်သူယူလာတာလဲမေးတော့ ကိုချိုင်းထောက်က သေသူဘယ်ကရလာတဲ့ ဓားမလည်းဆိုတာ မသိပါဘူး။တုတ်လွတ်ထွက်သွားပြီးနောက်မှ ဓားမကြီးယူလာတာပါ ဖြေတယ်။ တရားခံတော်တော်များများဟာ အမှုပေါ်ပြီး ပြစ်ဒဏ်ရကြမှာစိုးလို့ သက်သေခံပစ္စည်းကို သူတို့ဟာ သူလူသတ်လိုက်တဲ့ လက်နက်ပါလို့ ရိုးရိုးသားသားဝန်ခံသူရှားတယ်ဗျ။

ရဲစုံထောက် မောင်ညိုပြောလက်စစကားကို ခဏလေးရပ်နားပြီး ဓါတ်ဘူးထဲမှ ရေနွေးကြမ်း ပူပူငှဲ့ပြီး မှုတ်ကာသောက်ရင်း အနားယူလေရာ ကျွန်ုပ်နှင့်သတင်းထောက်စိုးငြိမ်းတို့ စိတ်ရှည်လက်ရှည် စောင့်ပေးကြရသည်။

"ဒါနဲ့ ကျွန်တော်လည်း အမှုအပေါ်မှာ မ[illegible]ချင်ဘူး။ ပိုဘက် လှည့်မေးဒီဘက်လှည့်မေးပေါ့ဗျာ။ မေးခွန်းတွေ



www.burmeseclassic.com

www.burmeseclassic.com

မကုန်သေးတော့ သူ့ကို လက်ထိပ်မခတ်ချင်သေးဘူး။ သူကလည်း ထိုင်ရာက မထဘူး၊ အဓိက သိချင်တာက တရားခံမှာ ဒဏ်ရာနှစ်မျိုးရှိနေတယ်၊ ဒဏ်ရာတချို့က ချိုင်းထောက်လက်နက်ရဲ့ဒဏ်ရာ၊ ကျန်ဒဏ်ရာက လူကိုသေစေလောက်တဲ့ ဓားမြှောင်ဒဏ်ရာမျိုး။ အချင်းဖြစ်မှာက ဓားမြှောင်မတွေ့ဘူး။ သေသူမှာ ရတဲ့ဒဏ်ရာအကြောင်း သိချင်တယ်။ ဒါမှ အမှုက ရှင်းမှာ။"

"ကိုချိုင်းထောက်ကို ကူပြီး တိုက်ခိုက်ပေးတဲ့လူ နောက်လူပေါ့၊ အဲဒါမျိုး ရှိသေးလားလို့ဆရာ မတွေ့မိဘူးလား။"

"တွေ့မိတာပေါ့ဗျာ၊ မျက်မြင်သက်သေတွေကလည်း သူတို့နှစ်ဦးပဲ ရန်ဖြစ်နေတာပဲ တွေ့ရသတဲ့ဗျ။ ခက်တယ်၊ ဒါနဲ့ ကိုချိုင်းထောက်ကို ဒီလူ ဒီလိုသေသွားအောင် ဘာလုပ်လိုက်သလဲလို့ မေးလိုက်တယ်။

"သူက ဖြေလား"

"အေးဗျ၊ သူဖြေတယ်၊ အဲဒီအကြောင်း သူဖြေဖို့ မေ့နေသတဲ့။ အဲဒီလူ ဒီလိုသေသွားတဲ့အတွက် သူ့ရဲ့ကြမ္မာဆိုးကို သူလန့်နေတယ်။ ပြဿနာအစက သူ့ပါးစပ်ပဲ။ ဝဲတွေက မခံမရပ်နိုင်လောက်အောင် ယားယံလိုက်၊ တဆစ်ဆစ်ကိုက်လိုက်နဲ့ ခံစားနေရလို့ ညစ်ညစ်ပတ်ပတ်တွေဆဲမိတယ်။ အဲဒီမှာ သေသူက သူ့ကို စောင်းမြောင်းဆဲဆိုတယ်ဆိုပြီး တုတ်နဲ့ရိုက်တယ်၊ နောက် ဓားမနဲ့ခုတ်တယ်။ တုတ်ကိုတော့ သူ့ချိုင်းထောက်ကမမှုဘူး၊ ဓားမကြတော့ မခံနိုင်ဘူးလေ၊ ဒါနဲ့ ခြေထောက်မှာ ဝှက်ဆောင်ထားတဲ့ ဓားမြှောင်နဲ့ ပြန်ထိုးပြီး ကိုယ့်အသက်ကို ကိုယ်ကာကွယ်ခဲ့ရတာ၊ ဟောဒီခြေထောက်ပတ်တီးထဲမှာ ဓားခင်ဗျ ဆိုပြီး သက်သေခံဓား ထုတ်ပေးတယ်ဗျာ။ သောကတွေများပြီး စိတ်ကစဉ့်ကလျားဖြစ်နေလို့ ပြောရမှာ မေ့သွားတာပါတဲ့။"

"ဩော် ဖြစ်မှ ဖြစ်ရလေဗျာ။"

သို့ကလို ကျွန်ုပ်ရေရွတ်မိပြီး စုံထောက်ကြီး ဗီးရိုးနိုင်းတူး မောင်ညို၏ မျက်နှာကို ကျွန်ုပ် စူးစိုက်စွာကြည့်ဖြစ်ပါသည်။ ရက် ၉၀ ခန့်အကြာ တရားခံ ကိုချိုင်းထောက် ထောင်ဒဏ် ၅ နှစ် အပြစ်ပေးခံရကြောင်း ကြားသိရပြီး အထက်တရားရုံး (အဆင့်မြင့်ရုံး)အဆင့်ဆင့်ထိ အယူခံမှု တင်သွင်းလျှောက်ထားကြောင်း ကြားသိရတော့သည်။

ကျွန်ုပ်ကတော့ ဤထူးခြားသော လူသတ်မှုကို လွန်စွာစိတ်ဝင်စားခဲ့သလို တရားခံ ကိုချိုင်းထောက်အပေါ်ဂရုဏာသက်မိသလိုလို ခံစားနေရသည်။ သူသည် မသန်စွမ်းသူဖြစ်၍ အားငယ်စိုးရိမ်စိတ်ခံစားနေမည်၊ လူတချို့၏ အနိုင်ကျင့်ပြောဆို ပြုလုပ်မှုခံခဲ့ရပေမည်။ ဤအချက် ၂ ချက်ကြောင့် ဓားမြှောင်တစ်

ပြဿနာအစက သူ့ပါးစပ်ပဲ။ ဝဲတွေက မခံမရပ်နိုင်လောက်အောင် ယားယံလိုက်၊ တဆစ်ဆစ်ကိုက် လိုက်နဲ့ ခံစားနေရလို့ ညစ်ညစ်ပတ်ပတ် တွေဆဲမိတယ်။ အဲဒီမှာ သေသူက သူ့ကို စောင်းမြောင်းဆဲဆိုတယ်ဆိုပြီး တုတ်နဲ့ရိုက်တယ်၊ နောက် ဓားမနဲ့ခုတ်တယ်။ တုတ်ကိုတော့ သူ့ချိုင်းထောက်က မမှုဘူး၊ ဓားမကြတော့ မခံနိုင်ဘူးလေ . . .



www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆောင်ထားမိသည်ပဲ ဖြစ်မည်။ ကိုယ်ခန္ဓာမသန်စွမ်းသူတို့၏ စိတ်ခံစားမှု ခက်ခဲသော ဘဝရပ်တည်မှုများကို ကျွန်တော်နားလည်စာနာမိသည်။

ကျွန်ုပ်၏ စုံထောက်ဝတ္ထု တစ်နေရာရာ၌ ကိုချိုင်းထောက်အား လူသတ်တရားခံဇာတ်ကောင်အဖြစ် ပီပြင်စွာ ရေးဖွဲ့ဖြစ်ဦးမှာ မလွဲပါ။ ဗီးရိုးနိုင်းတူး မောင်ညိုနှင့် ကိုချိုင်းထောက်၏ လူသတ်မှုဇာတ်လမ်းဟု ရေးမှတ်ထားလိုက်သည်။

(၄)

သတင်းထောက် ကိုစိုးငြိမ်း၏ ပြောပြချက်အရ လူသတ်တရားခံ ကိုချိုင်းထောက် အယူခံနိုင်ပြီး ထောင်မှလွတ်မြောက်လာကြောင်း ကြားသိရသည်။ ကိုချိုင်းထောက်အား အမည်၊ နေရပ်နှင့် ပုံသဏ္ဍာန်ပြောင်းပြီး စုံထောက်ဝတ္ထုတိုတစ်ပုဒ်၏ ဇာတ်ကောင်ထား ရေးရန် ကျွန်ုပ်လျာထားသည်ဖြစ်ရာ သူမည်ကဲ့သို့ လွတ်မြောက်ခဲ့ကြောင်း သိချင်နေသည်။

မခက်ပါ စီရင်ချက် ဖတ်ရလျှင် ရှင်းမည်။ သတင်းထောက်မျိုး စီရင်ချက် သတင်းယူခဲ့သောကြောင့် ကျွန်ုပ် မပင်ပန်းရဘဲ ဖတ်ရှုခွင့်ရလေပြီ။

**ကိုချိုင်းထောက်နှင့် နိုင်ငံတော်**

အမှုတွင် တရားခံသည် ခြေထောက်တစ်ချောင်းသာ ရှိသောသူဖြစ်၍ ချိုင်းထောက်နှင့်သွားလာသည်။ အခင်းဖြစ်သည့်နေ့က တရားခံသည် သေသူမောင်သွင်နှင့် အိမ်တစ်အိမ်၌ ဆုံမိကြသည်။ တရားခံမှ ဝဲကုတ်ရာမှ ဝေဒနာကို မခံချိမခံသာဖြစ်သဖြင့် တိုင်းထွာပြောဆိုသည်တွင် သေသူက ၎င်းအား စောင်းမြောင်းပြောသည် ထင်ပြီး လှည်းမောင်းသည့် နှင်တံ (ဝါးလုံးတုတ်)ဖြင့် ရိုက်သည်။ တရားခံက မိမိချိုင်းထောက်နှင့် ကာသည်။ သေသူသည် ဓားတစ်လက်ကောက်ယူပြီး တရားခံအား လိုက်ခုတ်သည့်အခါ တရားခံသည် ပေါင်တွင်ဝှက်ထားသည့် ဓားမြှောင်ဖြင့် ပြန်ထိုးရာ ဓားထိုးဒဏ်ရာတစ်ချက်စီရသည်။ သေသူအား စစ်ဆေးသည့်ဆရာဝန်က ရင်ဘတ်တွင် ရရှိသော ဒဏ်ရာသည် ချက်ချင်းသေစေလောက်သည်ဟု ထင်မြင်ချက်ပေးသည်။ အယူခံရုံးက ပေါင်တွင်ရရှိသော ဒဏ်ရာသည် ၁×၃/၄×၃/၄ ရှိ အပေါ်ယံပြတ်ရှဒဏ်ရာဖြစ်သည်။ ရင်ဘတ်တွင် ရရှိသောဒဏ်ရာမှာ ချက်ချင်းသေစေနိုင်သည်ဖြစ်၍ သေသူဦးစွာရသော ဒဏ်ရာမဖြစ်၊ သေသူက နှင်တံနှင့် ရိုက်ရာတွင် တရားခံက ချိုင်းထောက်နှင့် ကာကွယ်ရာ၌ သေသူ၏ပေါင်တွင် ရသောဒဏ်ရာ ရသွားဖွယ်ရာအကြောင်း ရှိသည်။

**သေသူက ဓားနှင့်ရန်မူသဖြင့် တရားခံသည် မိမိအသက်ဘေးကို စိုးရိမ်နေရသောကြောင့် သေသူအား သေစေသည်အထိ မိမိလက်ထဲ၌ရှိသည့် လက်နက်ဖြင့် ပြန်လည်ရန်မူခွင့် ရှိသည်ဟု ဆုံးဖြတ်သည်။**

တရားခံသည် ကာကွယ်ခုခံပိုင်ခွင့် ရရှိခံစားပိုင်ခွင့်ရသွားသည်မှာ တရားဥပဒေ၏ အနှစ်သာရဖြစ်သည်ဟု ကျွန်ုပ် မြင်မိသည်။

နောက်တစ်နေ့၌ ကျွန်ုပ်နှင့် သတင်းထောက် စိုးငြိမ်းတို့ ကျွန်ုပ်တို့၏ ရဲစုံထောက် ဗီးရိုးနိုင်းတူး မောင်ညို၏ ရုံးခန်းသို့ ရောက်ဖြစ်ခဲ့သည်။

"လာမယ့် နိုဝင်ဘာ ၁၄ ရက်နေ့ကြရင် ကျွန်တော့်ဆီကို ကိုချိုင်းထောက် လာလည်ဦးမှာဗျ။ ဟိုတစ်နေ့က သူနဲ့ ကျွန်တော် ရုံးရှေ့က လက်ဖက်ရည်ဆိုင်မှာဆုံဖြစ်သေးတယ်၊ သူက ကျွန်တော် သူ့ကို ဖမ်းဆီးတုန်းက ကျွန်တော့်ကို အလွန်မုန်းတီးမိတယ်တဲ့၊ တရားရုံးမှာ အမှုစစ်ဆေးတော့မှ ကျွန်တော်ရဲ့ ရေးသားချက်၊ တင်ပေးတဲ့ သက်သေတွေဟာ အဖြစ်မှန်ကို ပုံဖော်ပေးတယ်၊ မဟုတ်တာတစ်ခုမှ မပါဘူးဆိုပြီး လေးစားသွားမိတာတဲ့၊ ဟိုတုန်းက ကျွန်တော့်အမှုတွဲက တရားခံလေ။ ခု ကျွန်တော်နဲ့ ညီရင်းအစ်ကိုလို ခင်တဲ့ သူငယ်ချင်းဖြစ်သွားပြီ။"

ဗီးရိုးနိုင်းတူးမောင်ညိုကို ကျွန်တော် ပြုံး၍သာကြည့်နေမိသည်။ ကျေးဇူးတင်သောအပြုံးများ ပါဝင်ပါသည်။ ကျွန်တော့်အတွက် ဗီးရိုးနိုင်းတူး မောင်ညိုထံမှ စုံထောက်ဇာတ်လမ်းပေါင်းများစွာ ရရှိနေဦးမှာ သေချာလှပါသည်။

မောင်ညိုညာစ် (တောင်တွင်းကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ပြောင်း ...ပြောင်း

■ ရွှေနှင်းဆီ

ဒီနေ့တော့ ဟောပြောပွဲလေး တစ်ခု ရှိတယ်။ ကျွန်မတို့ ဝါသနာတူတွေစုပြီး ကိုယ်နှစ်သက်ရာ ခေါင်းစဉ်လေးတွေကို ဟောပြောကြ၊ ဆွေးနွေးကြတဲ့ ပွဲပါ။ ဗဟုသုတရကြသလို၊ ငြင်းကြခုံကြတာတွေလည်း ရှိပါတယ်။ ဘာပဲဖြစ်ဖြစ်လေ။ ပျော်စရာကောင်းသလို တိုးတက်မှုတွေလည်း ရှိလာပါတယ်။

ကျွန်မ အိမ်ကထွက်လာကတည်းက နောက်ကျနေတာ။ ဘာတွေအလုပ်ရှုပ်နေမှန်းလဲ မသိပါဘူး။ အချိန်မမီမှာစိုးလို့ တစ်ရာနဲ့ရောက်တဲ့လမ်းကို နှစ်ရာပေးပြီး အထူးကားစီးလိုက်ပါတော့တယ်။ ကားချောင်နေတာရယ်၊ ကားပေါ်က မြန်မြန်ဆင်းလို့ အဆင်ပြေအောင်ရယ် အတက်အဆင်း အပေါက်နားမှာပဲ ထိုင်လိုက်ပါတော့တယ်။ လမ်းပေါ်မှာ ကားပိတ်မိနေတဲ့အချိန်လေးကို အခွင့်အရေးအဖြစ် အသုံးချပြီး ဆွေးနွေးရမယ့်စာသားတွေကို စာစီနေမိပါတယ်။ ဒီနေ့ ကျွန်မဟောပြောမယ့်ခေါင်းစဉ်ကို "ကိုယ်ချင်းစာကြည့်ကြစမ်းပါ"လို့ ရွေးထားတယ်လေ။ ဟောပြောရတာ လွယ်ကူပြီး ဘာကျမ်း၊ ညာကျမ်းတွေမှ ကိုးကားစရာမလိုတော့ဘူး။ ရင်ထဲထိအောင် ဖွဲ့ဖွဲ့နွဲ့နွဲ့လေးပြောနိုင်ရင် ဖြစ်တာပါပဲ။

အင်း ...ဒီမီးပွိုင့်လေး ကျော်ရင်တော့ ရှေ့မှာမြန်သွားပါပြီ။ ရောက်ခါနီးနေပြီမို့ ခေါင်းထဲမှာ စာစီထားတာလေးတွေ လက်စသတ်နေတုန်း ကျွန်မဘေးမှာ တစ်ယောက်ယောက် ဝင်ထိုင်လိုက်တယ်ဆိုတဲ့အသိကြောင့် လှည့်ကြည့်လိုက်တော့ ပစ္စည်းတွေ ပွေ့ပိုက်ထားတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေပါတယ်။ မှတ်တိုင်မှာ ဆင်းခါနီးနေလို့ အတက်အဆင်းနီးတဲ့ ကျွန်မအနားမှာ လာထိုင်နေတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ပုံစံက တစ်ယောက်ယောက်ကို ရှာနေသလိုလို၊ မေးတော့ ပြောတော့မှာလိုလို ဖြစ်နေလို့ စိတ်ဝင်စားသွားမိပါတယ်။

ဟုတ်ပါတယ်ရှင်။ သူက လက်မှတ်ရောင်းကို ရှာနေတာပါ။ မျက်လုံးချင်းဆုံလိုက်တော့ သူကပြောပါတယ်။

"ရှေ့မှတ်တိုင်မှာ အန်တီဆင်းတော့မယ်။ တစ်ရာ ပြန်အမ်းရဦးမယ်နော်"

လို့ ဆိုတော့ လက်မှတ်ရောင်းက သူ့ဆီမှာ တစ်ရာတန် ငွေစက္ကူ တစ်ရွက်မှ မရှိတဲ့အကြောင်း၊ လက်ထဲမှာကိုင်ထားတဲ့ ငွေစက္ကူတစ်ထပ်ကို လှူပ်ပြပြီး လက်ခါပြပါတယ်။

"ဒုက္ခပါပဲ"ဆိုတဲ့ ညည်းညူသံက ငွေတစ်ရာတန်နဲ့ မမျှအောင်သနားဖို့ ကောင်းလိုက်တာ။ ဒါနဲ့ နေပါဦး။ ကျွန်မပိုက်ဆံအိတ်ထဲမှာ တစ်ရာတန် ငွေစက္ကူလေးနှစ်ရွက်ရှိသားပဲ။ အဲဒါနဲ့ လဲပေးလိုက်ရင် သူလည်း အဆင်ပြေမယ်။ ကျန်တစ်ယောက်လည်း အဆင်ပြေမယ်။ အမလေး မဖြစ်ပါဘူး။ အပြန်မှာ လိုင်းကားစီး ပြန်ရမှာ။ အပြန်မှာ အချိန်ပေးနိုင်တာပဲ။ တစ်ရာတန်ပေးစီးလို့ရတဲ့ ကားကိုပဲ စီးပြန်မှာပေါ့။ အခုလို ပြန်မအမ်းနိုင်ရင် ဘယ်လိုလုပ်မှာလဲ။

ခရီးသည်တွေလည်း ခက်ပါတယ်။ လိုင်းကားစီးလာတာပဲ ကြာလှပြီ။ ဒါမျိုးတွေလည်း ရိုးနေပြီ။ အဆင်ပြေအောင် အကြွေဆောင်ထားကြမှပေါ့။ ကိုယ့်အပြစ်နဲ့ကိုယ်။ တစ်ရာအဆုံးခံလိုက်ပေတော့။ ဖြစ်နေလိုက်တာများ မျက်စိမျက်နှာကို ပျက်လို့။ မှတ်တိုင်မှာ သူဆင်းသွားမှ မျက်နှာပူတာသက်သာတော့တယ်။ အလကားနေရင်း အတွေးပျက်၊ မျက်နှာပူဖြစ်အောင်လို့ တော်တော် ဒုက္ခပေးတဲ့သူတွေပဲ။

အတွေး ကောင်းနေလိုက်တာ။ ဆင်းမယ့်မှတ်တိုင်ရောက်တော့မယ်။ ပြင်ဆင်ထားမှ။ တော်ကြာ လက်မှတ်ရောင်း တွန်းချတာ၊ ဆွဲချတာ ခံနေရဦးမယ်။ ဒီအချိန်ဆို အဖွဲ့သားတွေတောင် စုံနေလောက်ပြီ။


ဆွေးနွေးပွဲလုပ်မှာက သုံးထပ်မှာဆိုတော့ နာနေတဲ့ဒူးကို ညာပြီး တစ်ထပ်တိုက်လိုက်၊ နားလိုက် လုပ်ရင်းနဲ့ ဒီနေ့ဟောပြောမယ့် ခေါင်းစဉ်ကို –

"ကိုယ်ချင်းစာဖို့ ကြိုးစားစို့"လို့ ဆိုရင် ပိုများကောင်းသွားမလားပဲနော်။ ■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တကျော့မိုးလောင် သားကောင်မြေချနှင်းတဲ့သူ

မောင်လင်းခိုင်

ခင်ဌေးမူ ခေါင်းမီးတောက်နေသည်။ သိပ်ထားခဲ့သော ကလေးပျောက်နေသဖြင့် လိုက်ရှာနေသည်မှာ တစ်အိမ်လုံးနှံ့နေပြီ။ အနီးအနားတွေ့သည့်လူ၊ မြင်သည့်လူများ ရှိမလားဟု မေးရသည်မှာလည်း အမောတကောဖြစ်နေသည်။ ဘယ်သူမှ မေး၍မရ။ ဘယ်သူမှမမြင်။

"ညည်းကလေး ဘယ်မှာထားခဲ့လို့လဲအေ့"

"ဒီအိမ်ရှေ့ ဧည့်ခန်းမှာ သိပ်ထားခဲ့တာ။ သူ့ဘေးနားက စောင်တွေပတ်ပြီး ဗိုက်ပေါ်မှာ စောင်ပါးပါးကလေး တစ်ထည်တင်ပြီး သိပ်ထားခဲ့တာ။ ကျွန်မဈေးသွားဝယ်နေတုန်း ပြန်လာတော့ သမီးကလေး မတွေ့တော့ဘူး"

ခင်ဌေးမူသည် ပြောရင်း မျက်ရည်စီးကျလာပြီး ငိုသံပါပါလာသည်။

"သူ့အဖေကောအေ့"

"သူ့အဖေလည်း တစ်မနက်လုံး မတွေ့ဘူး။ ဘယ်သွားနေလဲ မသိဘူး"

"မောင်ရင်ထွေးကော"

"မောင်လေးက မနက်အစောကတည်းက အလုပ်ဆင်းသွားတယ်"

"အင်း . . . တွေးရခက်ပါတယ်အေ"

"ဒေါ်လေးကလည်း တရားစခန်း ဝင်နေတယ်လား"

"ဟုတ်တယ်။ အမေက ၁၀ ရက်တရားစခန်းဝင်နေတယ်။ အဖေပါ လိုက်သွားတယ်"

ခင်ဌေးမူသည် ပြောရင်း မျက်ရည်တို့ လိမ့်ဆင်းလာကြပြန်သည်။ နှာရည်တို့သည်လည်း ယိုစီးလာကြသဖြင့် လက်နှင့်သုတ်ယူပြီး ထဘီတွင်သုတ်လိုက်သည်။ သမီးကလေး ချစ်ချစ်စိုး ပျောက်ပုံမှာ ဆန်းနေသည်။ ပဟေဠိဆန်နေသည်။ လူမြင်နိုင်သည့်ဧည့်ခန်းတွင် အခင်းကလေးခင်း စောင်တွေဘေးမှ ဝိုင်းကာရံပြီး ဗိုက်ပေါ်မှာ စောင်ပါးပါးကလေး အသာဖိထားခဲ့သည်။ ထမင်းဟင်းချက်ဆဲမို့ မိမိအိမ်နှင့် သုံးလေးအိမ်မျှဝေးသော ဈေးဆိုင်တွင် ဈေးသွားဝယ်သည်။ ပြန်လာတော့ ကလေးကမရှိ။ ဗိုက်ပေါ်ဖိထားသည့်စောင်ကလေး ဘေးကိုလွင့်ကျနေသည်။ ရင်ထဲက ဒိန်းခနဲမြည်သွားသည်။ ဘယ်သူလာပြီး ချီပိုးသွားလေသလဲ မသိ။ တစ်စက္ကန့်အတွင်း ဦးနှောက်ကို အကြိမ်တစ်သိန်းမျှ အလုပ်ပေးကာစဉ်းစားသည်။ အဖြေလုံးဝမတွေ့။

သမီးကလေး ချစ်ချစ်စိုးမှာ သူမ၏ရင်မှလွယ်၍မွေးသည့် ကလေးမဟုတ်ပါ။ ညီမဖြစ်သူ ခင်ဌေးကြူ၏ သမီးထွေးကလေးဖြစ်သည်။ ညီမဖြစ်သူမှာ ကလေးမွေးပြီး မီးတွင်းထဲမှာပင် သွေးတက်ပြီးဆုံးသွားခဲ့သည်။ သူကပင် အစ်မကြီးအမိရာထားလျက် ပိုးမွေးသလို မွေးခဲ့ရသည်။ တစ်အိမ်လုံးကလည်း မိခင်မဲ့သွားသော သမီးကလေးကို ဝိုင်း၍ချစ်ကြသည်။ နာမည်ပေးတော့လည်း သူပင် နာမည်ရွေး၍ပေးခဲ့သည်။ တစ်အိမ်လုံးကဝိုင်း၍ ချစ်မဆုံးချစ်မဝဖြစ်ခဲ့ကြသဖြင့် အားလုံးကို စိုးမိုးသူအဖြစ် ချစ်ချစ်စိုးဟု မှည့်ခဲ့သည်။ ညီမဖြစ်သူ ခင်ဌေးကြူမှာ လွန်ခဲ့သည့် နှစ်နှစ်လောက်က ဝင်းမော်နှင့် အိမ်ထောင်ကျခဲ့သည်။ သူတို့ချစ်၍



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်၍ ညားကြခြင်းကား မဟုတ်၊ ဝင်းမော်၏အမေ ဒေါ်ခင်ကြွေနှင့် အလွန်ခင်ကြသည်၊ ဒေါ်ခင်ကြွေ၏ ခင်ပွန်း ဦးကြွက်နီမှာ လေဖြတ် ရောဂါဖြင့် ဆုံးသွားခဲ့သည်၊ သူတို့တွင် ဝင်းမော်ဟု သားငယ်တစ်ယောက် ကျန်ရစ်ခဲ့သည်၊ မိဘချင်း ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင် ခင်မင်ကြသဖြင့် သားသမီးများအရွယ် ရောက်လာပါက ပေးစားကြရန် စကားကမ်းလှမ်းထားခဲ့ကြသည်၊ အရွယ်ရောက်လာတော့ နှုတ်ကတိ အတိုင်းပေးစားခဲ့ကြသည်၊ ဝင်းမော်သည် ခင်ဌေးကြူကို ကြိုက်၍၊ ချစ်၍ကားမဟုတ်၊ လူကြီးမိဘ၏စကားကို မလွန်ဆန်နိုင်သဖြင့် ခင်ဌေးကြူကို လက်ထပ်ခဲ့ရသည်၊ သူ့တွင် ရည်းစားဦးချစ်သူ ရှိသည်၊ မဝင်းမေ ဟုခေါ်သည်၊ စီးပွားဥစ္စာမှာ ချမ်းသာသူများမဟုတ်ကြ၊ လက်လုပ်လက်စား ရောင်းဝယ်စားသောက် နေကြသူများ ဖြစ်သည်၊

ခင်ဌေးကြူတို့ကမူ ချောင်လည်သည်၊ ဥယျာဉ်ရှိသည်၊ အိမ်တွင်းပစ္စည်း ရွှေနှင့်ငွေနှင့်၊ စားနိုင်သောက်နိုင်သည်၊ ဖခင် ဦးထွန်းရှိန်မှာ ပန်းထိမ်လုပ်သည်၊ လက်ရာကောင်းသဖြင့် အပ်ထည်တွေ လက်မလည်အောင်လုပ်ရသည်၊ မိခင်ကြီး ဒေါ်ရင်မြမှာ အိမ်မှုကိစ္စတွေ ထိန်းသိမ်းရင်း ကြီးကြပ်တွပ်ကဲနေသူဖြစ်သည်၊ ဦးထွန်းရှိန်မှာ ယခင်က လယ်လုပ်ခဲ့သော်လည်း နောင်တွင် လယ်ကိုငှား၍လုပ်ကာ သူက ငယ်ငယ်ကတတ်ထားသည့် ပန်းထိမ်လုပ်ငန်းကို ပြောင်း၍လုပ်ကိုင်ခဲ့သည်၊ သားငယ်မောင်ရင်သွေးမှာ အစိုးရဌာန သစ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသည်၊ မိုးလင်း ထမင်းချိုင့်ဆွဲ အိမ်ကထွက်သည်၊

လယ်ယာလုပ်ငန်းကို လူငှားနှင့်လုပ်ခဲ့သော်လည်း လယ်ငှားလုပ်သူက လယ်လုပ်သူ လယ်ပိုင်ရမည်ဟု ဆိုစကားနှင့် တရားရုံးတွင် လယ်ပိုင်ဆိုင်လိုမှုလျှောက်ခဲ့သည်၊ ဦးထွန်းရှိန် မျက်လုံးပြူးသွားခဲ့ရသည်၊ သက်ဆိုင်ရာအကြီးအကဲတို့ထံတွင် လယ်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်ပြသ၍ ကျေးရွာလူကြီးများကလည်း သက်သေခံကြသဖြင့် လယ်ယာမြေမဆုံးရှုံးဘဲ ပြန်ရခဲ့သည်၊ လယ်ကို ငှား၍မလုပ်ရဲတော့ဘဲ သမီးနှစ်ယောက်အား အိမ်ထောင်ချဖို့ ဖြစ်လာရတော့သည်၊ ခင်ဌေးမူနှင့် ခင်ဌေးကြူ အမြွှာညီအစ်မ အိမ်ထောင်ချဖို့ စဉ်းစားရတော့သည်၊ ခင်ဌေးမူက သူအိမ်ထောင် မပြုချင်သေးဟုဆိုသဖြင့် ညီမဖြစ်သူ ခင်ဌေးကြူ မဲပေါက်သွားတော့သည်၊

လူရည်သန့်၊ ကောင်းကောင်းမွန်မွန်နှင့် အလုပ်ကြိုးစားလုပ်တတ်သူကိုရွေးသည်၊ ဦးထွန်းရှိန် ဒေါ်ရင်မြတို့နှင့် ငယ်စဉ်ကတည်းက ခင်မင်ကြသော ဒေါ်ခင်ထွေး၏သား ဝင်းမော်ကို မြင်ကြသည်၊ မိဘချင်းကလည်း ပြောဆိုထားကြသည်၊ ဝင်းမော်မှာ အလုပ်ကို ကြိုးကြိုးစားစား လုပ်တတ်သည်၊ ထို့ကြောင့် လူကြီးချင်း ပြောဆိုပြီး ဝင်းမော်နှင့်ပေးစားခဲ့ကြသည်၊ သို့သော် ဝင်းမော်မှာ နောက်ကြောင်းမရှင်း၊ ဝင်းမေနှင့် ကြိုက်နေကြသည်၊ ခင်ဌေးကြူကို မယူဘဲ ဝင်းမေကို ယူလိုက်ပြန်လျှင် နှုတ်ခမ်းပဲ့ချင်း မီးမှုတ်သည်ဟု ဆိုကြမည်မှာ သေချာသည်၊ မအေကလည်း သားကိုနားချသည်၊

"သားလေး . . . အမေတို့ ဟိုငယ်ငယ်လေးကတည်းက ကတိပြု လူကြီးချင်း စကားပြောထားကြတာ ရှိတယ်၊ ကြီးလာရင် ပေးစားကြဖို့ ကမ်းလှမ်းထားကြတာကွဲ့၊ သား စိတ်ကူးမလွဲပါနဲ့ကွယ်"

"အမေရယ် . . . သားဟာ အမေတို့စကား မလွန်ဆန်ချင်လို့သာ ခင်ဌေးကြူကို မကြိုက်ဘူး၊ သားမှာ ရည်းစားရှိတယ်၊ မြောက်ပိုင်းက ဒေါ်ခင်ကြွေရဲ့သမီး ဝင်းမေလေ"

"ရှိတော့ရှိတာပေါ့ သားရယ်၊ ဒါပေမယ့် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် ဆိုရိုးရှိတယ် မဟုတ်လား၊ ခင်ဌေးကြူကို မကြိုက်ပေမယ့် ယူလိုက်ပါကွယ်၊ ခင်ဌေးကြူတို့က စားနိုင်သောက်နိုင် ကြေးရတတ်ကွဲ့"

နောက်ဆုံးတွင် ဝင်းမော် သက်ပြင်းရှိုက်၍ ဝင်းမေကိုချစ်လျက်နှင့် ခွဲကာ ခင်ဌေးကြူနှင့် ညားခဲ့ရလေတော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

ခင်ငွေးကြူလည်း ကံမကောင်းရှာပါ။ လင်ယောက်ျား ရပြီးခါမှ မိန်းမရောဂါ၊ မီးယပ်ဝေဒနာဖြင့် တရှောင်ရှောင်ဖြစ်ကာ ကလေးမွေးပြီးစဉ် မီးယပ်ရောဂါဖြင့်ပင် ဆုံးပါးသွားခဲ့ရလေတော့သည်။ တစ်အိမ်လုံးက ယူကျုံးမရဖြစ်လျက် ငိုပွဲဆင်ခဲ့ကြသည်။ ခင်ငွေးမူက အပူကိုရင်မှာပိုက်ရင်း မွေးလာသည့် သမီးငယ်ကလေးအား သမီးရင်းနှင့်မခြားပြုစုကျွေးမွေးခဲ့သည်။ ဝင်းမော်မှာတော့ ဇနီးဆုံးပါးသွားခဲ့သော်လည်း ပူရမှန်းမသိသလိုပင် ကလေးကိုတစ်ခါတစ်ရံမှ ချီပိုးတတ်ပြီး ဘာသိဘာသာ နေတာများသည်။

ခင်ငွေးကြူကို ယူခဲ့စဉ်ကလည်း သူတကယ်ချစ်၍မှ မဟုတ်ဘဲ၊ လူကြီးမိဘစကား မလွန်ဆန်နိုင်သဖြင့် ယူခဲ့ရခြင်းသာ ဖြစ်သည်။ ငယ်ချစ် ဝင်းမေကို စိတ်မကုန်။ ဝင်းမေကလည်း အိမ်ထောင်မပြု။ မိခင်မုဆိုးမကြီးနှင့် ဈေးရောင်းဈေးဝယ် လုပ်ကိုင်စားသောက်နေခဲ့ကြသည်။ ဝင်းမော်သည် ဇနီးသည်ခင်ငွေးကြူဆုံးပြီး ရည်းစားဟောင်း ဝင်းမေနှင့် ပြန်ဆက်သွယ်နေကြသည်။ ဝင်းမေက ဝင်းမော်ကိုပြောသည်။

"ကျွန်မကတော့ ကိုဝင်းမော်တို့ အရင်တုန်းကလို အချစ်မပျက်ပါဘူး၊ ဒါပေမယ့် ကျွန်မ အဆွယ်အပွားတွေ မပါလာစေချင်ဘူး"

ဝင်းမော် သဘောပေါက်သည်။ သူ့ကိုချစ်၍ သူ့ကိုယူမည်ဆိုလျှင် ကလေးခေါ်မလာရ။ ကလေးမလိုဟူသော အဓိပ္ပာယ်ကို နားလည်ပါသည်။ ဝင်းမော်၏ခေါင်းထဲတွင် ထိုပြဿနာကို တစ်နည်းနည်းနှင့် ဖြေရှင်းရတော့မည်။ ဝင်းမေကိုဖြတ်လျှင်ဖြတ်၊ မဖြတ်လျှင် ကလေးကိုဖြတ်။

*****

ခင်ငွေးမူသည် မျက်ရည်စမ်းစမ်းနှင့် ကလေးရှာပုံတော်ဖွင့်နေသည်မှာ မနက်မှသည် ညနေစောင်းလာခဲ့ပြီ။ ရာသီဥတုမှာ မိုးကာလမို့ ဝဥ္စာဘွေမှာ အုံ့မှိုင်းနေသည်။ ရွာချင်လည်းရွာချနိုင်သည်။ ရခိုင်ဒေသသည် မိုးရွာချလျှင် တော်တော်နှင့် မိုးမစဲ။ တစ်ခါတစ်ရံ တစ်နေကုန်ရွာတတ်သည်။ ခင်ငွေးမူမှာ မိုးနှင့်အပြိုင် မျက်ရည်ဖြိုင်ဖြိုင်ဖြင့် ရှာပုံတော်ဖွင့်နေသည်။

ရင်ထဲကအပူသည် မိုးစက်များလို မအေးမြ။ ပူလောင်ရှတစွာ ခံစားနေရသည်။ ဘယ်မှာမှ သတင်းအစအနမရ။ ရပ်ကွက်လူကြီး ဦးတက်လူဆီ သွားရသည်။ အိမ်နီးနားချင်း စုစုမေကို ခေါ်သည်။ တင်တင်အေးပါလိုက်သည်။ သူကြီးကို အကြောင်းစုံပြောသည်။

"ကလေးသိပ်ထားရင်း ပျောက်သွားလို့သူကြီးရယ်။ ရှာတာလည်း နှံ့နေပြီ။ ဘယ်မှာမှသတင်းမရလို့ သူကြီးဆီ လာအကြောင်းကြားတာ"

"ဘယ်လိုဘယ်ပုံ ပျောက်တာလည်း ပြောပြစမ်းပါဦး"

သူကြီးဦးတက်လူက မေးသည်။

"ကျွန်မက ကလေးကို နို့ဘူးတိုက်ပြီး အိမ်ရှေ့ဧည့်ခန်းမှာ သိပ်ထားခဲ့တာ၊ ကလေးအိပ်တုန်း ဈေးခဏထွက်ဝယ်တာ၊ ပြန်လာတော့ ကလေးအိမ်မှာ မရှိတော့ဘူး၊ အနီးအနားကိုမေးတာလည်း နှံ့နေပြီ"

"သူ့အဖေရော ချီသွားတာ မဖြစ်နိုင်ဘူးလား၊ သူ့အဖေရော ညည်းတို့ မေးကြည့်ပြီးပြီလား"

"သူ့အဖေ မနက်ကတည်းက အိမ်ကထွက်သွားတယ်၊ ခုချိန်ထိ အိမ်ပြန်မလာသေးဘူး"

"အေး . . . သူ့အဖေကိုတွေ့အောင်ရှာ၊ သူ့အဖေကိုမေးကြည့်ဦး၊ သူ့အဖေက သူမသိဘူး၊ သူယူမသွားဘူးဆိုရင် ညည်းတို့ ဂတ်ကို သွားတိုင်ချက်ဖွင့်ကြ"

သူကြီးဦးတက်လူက ညွှန်ကြားပြောဆိုလိုက်သည်။ ခင်ငွေးမူတို့ သူငယ်ချင်းသုံးဦး ပြန်လာကြသည်။ သူ့အဖေပြန်လာလျှင် မေးရမည်။ သူ့အဖေခေါ်မသွားဘူးဆိုလျှင် နက်ဖြန် ဂတ်ထဲသွားရုံမှတစ်ပါး လမ်းမမြင်တော့ပေ။ ညမိုးချုပ်တော့ ဝင်းမော်ပြန်လာသည်။ ပါးစပ်ကလည်း အရက်နံ့ သင်းလာသည်။ ခင်ငွေးမူက ဝင်းမော်ကိုမျှော်နေသည်။ လာလာချင်းပင် . . .

"မင်းမော်၊ နင် သမီးကလေးကို ယူသွားသလား"

"မယူဘူး"

ဝင်းမော်က တုံးတိတိဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မယူရင် ဘယ်သူယူမလဲ။ သမီး လေးပျောက်နေတယ်။ မနက်က တည်းကရှာတာ ဘယ်မှာမှ မတွေ့ ဘူး။ တစ်ယောက်ယောက်က ခိုး သွားသလားလို့မေးရတာလည်း တစ် ရွာလုံးနှံ့နေပြီ"

ခင်ဌေးမူပြောရင်း မျက်ရည်စီး ကျလာပြန်သည်။

"ကလေး မယူဘူး။ မနက်က တည်းက လယ်ထဲသွားနေတာ။ ခုမှ ပဲ ပြန်ရောက်လာတာ"

ဝင်းမော်က တစ်ဖက်လှည့်ပြီး ပြောသည်။ ညမိုးချုပ်နေပြီမို့ မီးမရှိ သောအရပ်ဖြစ်၍ မှောင်နေသည်။ ရေနံဆီမီးခွက်အလင်းရောင်ဖြင့်သာ အမှောင်ကိုခွင်းနေရသည်။ သတင်း မေးလာကြသူတွေနှင့် အိမ်မှာပြည့် နေသည်။ တစ်ယောက်တစ်ပေါက် ပြောကြဆိုကြနှင့် သူ့အထင်နှင့်သူ ပြောနေကြသည်။

"ကလေးပျောက်ပုံ ဆန်းတယ် နော်။ တောမှာတောင်မှာဆို ကျားတို့ သစ်တို့ချီတယ်လို့ ပြောလို့ရသေးတာ ပေါ့။ ခုတော့ ရွာထဲမှာဆိုတော့ ပြော ရခက်လိုက်တာဟယ်"

"မနက်ဖြန် ဂတ်ထဲသာသွား ကြပေါ့အေ"

သမီးကလေး ချစ်ချစ်စိုးမှာ ခြောက်လသားအရွယ် ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်ကလေး။ လူတိုင်းချစ် မဝကြ။ တစ်ယောက်လက်မှတစ် ယောက်လက် ကူးနေကြသည်။ သူ့ အဖေ ဝင်းမော်ပင် ချီပိုးချိန်မရ။ မြူ လိုက်လျှင် ဟက်ဟက်ပက်ပက်ရယ် မော၍ ချစ်မဝ၊ ချစ်မဆုံးဖြစ်ကြ သည်။ မောင်လေး မောင်ရင်ထွေး လည်း အလုပ်ကပြန်ရောက်ပြီး သူ့ တူမအချစ်ဘူးကလေး ပျောက်သွား ၍ စိတ်မကောင်း။ စုတ်ကလေး တသတ်သတ်။ အဖေ၊ အမေတို့ထံ ကိုလည်း အကြောင်းမကြားချင်။ တရားစခန်းဝင်၍ ဝိပဿနာလုပ် ငန်းကို အားထုတ်နေကြသည်။ စိတ် မကောင်း မဖြစ်စေချင်။ မနက်ဖြန် ဝင်းမော်ကိုပါခေါ်၍ ဂတ်တဲသို့သွား ရတော့မည်။

"ဝင်းမော် . . မနက်စောစော ဂတ်တဲကိုသွားကြမယ်။ နင်ဘယ်မှ မသွားနဲ့နော်"

ဝင်းမော် ဘာစကားမှမပြော။ မျက်နှာမှုန်သိုးသိုးနှင့် စိတ်မကောင်း ဖြစ်နေဟန်ဖြစ်သည်။ နောက်နေ့ ဂတ်တဲကိုသွားကြသည်။ မောင်လေး မောင်ရင်ထွေးလည်း လိုက်သည်။ စခန်းမှူးရှေ့တွင်ထိုင်၍ အမှုတိုင် တန်းလိုကြောင်းပြောသည်။ ခင်ဌေး မူက အကြောင်းစုံပြောပြသည်။

"ကလေးပျောက်က ဆန်းမနေ ဘူးလား။ ကလေးသိပ်ထားပြီး ဈေး သွားဝယ်နေတုန်း ခဏပြန်လာတော့ ကလေးမတွေ့ဘူးဆိုတာ တော်တော် ကိုဆန်းနေတယ်။ အနီးအနားအား လုံး မေးကြည့်ပြီးပြီလား"

"ဟုတ်ကဲ့ ဗိုလ်ကြီး။ အနီး အနားကလူတွေအားလုံး မေးစမ်း ကြည့်ပြီးပါပြီ။ ဘယ်သူမှ မသိကြ မမြင်ကြဘူး"

"ကလေးအဖေကော ခိုးပိုး သွားတာ မဖြစ်နိုင်ဘူးလား"

"ကလေးအဖေက သူပါ။ သူ လည်း မခိုးမပိုးသွားလို့ ဆိုပါတယ်"

ဝင်းမော်သည် သူနှင့်မပတ် သက်သလို ငူငူကြီးထိုင်နေသည်။ ခင်ဌေးမူက ကလေးအဖေသူပါတဲ့ သူ့ဘက်သို့ လှည့်၍ပြောရသည်။ စခန်းမှူးက ဝင်းမော်ဘက်သို့လှည့် ၍ ခြေဆုံးခေါင်းဆုံး ကြည့်သည်။

"နောင်ကြီးက ကလေးအဖေ နော်"

ဟု စခန်းမှူးက မေးသည်။

"ဟုတ်ပါတယ်"

"ခင်ဗျားကလေး ပျောက်တုန်း က အိမ်မှာမရှိဘူးလား။ ဘယ်သွား နေသလဲ"

"လယ်ထဲသွားနေပါတယ်။ မိုး ချုပ်မှပြန်ရောက်တယ်"

ဝင်းမော် ခေါင်းငုံ့ထားပြီး ပြေ သည်။ စခန်းမှူးမှာ ဝင်းမော်၏နေပုံ ထိုင်ပုံကိုကြည့်ပြီး ဘဝင်မကျဖြစ်နေ သည်။

"ကျွန်တော်တို့ မနက်ဖြန်လာ ပါ့မယ်။ ဒီနေ့တော့ ကျွန်တော်တို့မှာ လူအင်အားနည်းနေတယ်။ တခြား ရွာတစ်ရွာမှာ လူသတ်မှုတစ်ခုဖြစ်လို့ သွားနေကြတယ်။ ဒီမှာ တစ်ယောက် နှစ်ယောက်ပဲရှိတယ်။ နောက်နေ့ ကျွန်တော်တို့ လာခဲ့ပါ့မယ်။ အနီး အနားကလူတွေခေါ်ပြီး မေးရဦးမယ်"

×××××



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွင် စခန်းမှူးနှင့်ရဲသားသုံးဦး ရောက်လာပြီး အခြေအနေကိုလေ့လာသည်။ ခင်ဌေးမူက ကလေးသိပ်ထားသည့်နေရာကို ပြသည်။ အိမ်မှာ သုံးပင်အိမ်၊ နှစ်ထပ်အိမ်၊ အိမ်ရှေ့ဧည့်ခန်းမှာ သပ်ရပ်သန့်ရှင်းနေသည်။ ဘုရားကျောင်းဆောင် တစ်ခုရှိသည်။ ထိုင်ခုံသုံးလုံး၊ စာအုပ်စင် စားပွဲကလေး တစ်လုံးရှိသည်။ တခြားဘာမှမရှိ။ ကလေးသိပ်ထားသည့်နေရာမှာ ပြောင်ရှင်းနေသည်။ စခန်းမှူး အခြေအနေကို လေ့လာပြီး . . .

"အဖေ၊ အမေကော မရှိဘူးလား"ဟုမေးသည်။

"ရှိပါတယ်။ အဖေနဲ့အမေက ၁၀ရက် တရားစခန်းဝင်နေကြပါတယ်။ တရားပွဲပြီးခါနီးလို့ သူတို့ကိုလည်း အကြောင်းမကြားကြဘူး။ တရားစခန်းက နှစ်ရက်-သုံးရက်လောက်ဆို ပြန်လာကြတော့မှာပါ"

**ခင်ဗျား ဒါလောက်ချစ်စရာ ကောင်းတဲ့ သမီးအရင်း ခေါက်ခေါက်ကို ဘာလို့သတ်ရတာလဲဗျာ။**

"ကိုဝင်းမော်က လယ်ပဲသီးခြားလုပ်ပါသလား။ တခြားဘာလုပ်ငန်းများ လုပ်ပါသေးသလဲ"

"တခြားဘာအလုပ်မှ မလုပ်ပါဘူး။ လယ်ပဲ သီးသန့်လုပ်ပါတယ်"

"လယ်ထဲကို ဘယ်အချိန်သွားတတ်ပါသလဲ"

"တစ်ခါတလေတော့ မိုးမလင်းခင်သွားတတ်ပါတယ်။ တစ်ခါတစ်ခါတော့လည်း မနက် ၆ နာရီလောက်မှ သွားတတ်ပါတယ်"

ဝင်းမော်မှာ စခန်းမှူးမေးသမျှ တစ်ခွန်းချင်းဖြေသည်။ ခေါင်းကတော့ အောက်ကိုသာ စိုက်ထားသည်။ စခန်းမှူးက ဝင်းမော်ကို အကဲခတ်နေသည်။ သူ့ပုံ၊ သူ့မူက တစ်မျိုး။ တစ်ခုခုကို အလိုမကျဖြစ်နေသည့် ပုံမျိုး။ စခန်းမှူးတို့အဖွဲ့ ရောက်ပြီး အနီးပတ်ဝန်းကျင် မေးသင့်မေးထိုက်သူများကို မေးပြီးပြီး၊ အကြောင်းထူးမတွေ့ရှိသဖြင့် ပြန်ကြသည်။

"ကျွန်တော်တို့ ပြန်ကြမယ်၊ အကြောင်းထူးရှိရင် . . . ချက်ချင်း အကြောင်းကြားပါ"

×××××

ခင်ဌေးမူမှာ ငိုရဖန်များ၍ မျက်နှာလည်း မို့မောက်နေသည်။ ရင်မှာလွယ်၍ မမွေးရသော်လည်း ညီမဆုံးပြီးကတည်းက ပိုးမွေးသလို မွေး၍ တယုတယမွေးလာရသဖြင့် သမီးနှင့်မခြားတော့ပေ။ အိပ်လည်းသည့်စိတ်၊ စားလည်းသည့်စိတ်နှင့် ကျန်းမာရေးထိခိုက်မှာပင် စိုးနေရသည်။ ကလေးအဖေဖြစ်သော ဝင်းမော်မှာ ပူရမှန်းပင်မသိဘဲ ခင်ဌေးမူကသာ အပူလုံးကြွ ယူကျုံးမရ ဖြစ်နေသည်။ ညီမ သေပြီးသည့်တိုင် ဝင်းမော်က သူတို့နှင့်ပင် ဆက်နေသည်။ လယ်လုပ်ငန်း ဆက်လုပ်နေသည်။ မနက်အရုဏ်တက်ကပင် အိမ်ကထွက်ပြီး ညမိုးကြီးစုတ်စုတ်ချုပ်မှ အိမ်ပြန်လာတတ်သည်။ မနက်စာထမင်း ဘယ်မှာစားသည်ပင်မသိ။ ညစာပင် စားချင်မှစားသည်။

ကလေးပျောက်ပြီး သုံးရက်မြောက်နေ့တွင် မိုးသဲသဲမဲမဲရွာချသည်။ ချောင်းတွေမြောင်းတွေ ရေလျှံကုန်သည်။ စိုက်ထားသည့်ကောက်ပင်များ ရေတွေမြုပ်ပြီး ရေနှင့်အတူ မျောပါကုန်သည်။ နှစ်ရက်-သုံးရက် ဆက်တိုက် မိုးရွာချသည်။ မိုးစဲသွားသောအခါ လယ်ထဲတွင် ကောက်ပင်တွေ ကျိုးတိုးကျဲတဲနှင့် လဟာပြင်ကြီးသဖွယ် ဖြစ်နေလေတော့သည်။ ညနေစောင်းသောအခါ လယ်နီးနားချင်းဖြစ်သော တင်တင်အေး၏မောင်လေး မောင်ထွန်းတင်က ခင်ဌေးမူကို ပစ္စည်းတစ်ခုလာပြသည်။

"အစ်မရေ . . . ကျွန်တော် လယ်ထဲက ကလေးဦးထုပ်ကလေး တစ်ခု ရလာတယ်။ ဒီမှာကြည့်ပါဦး"

ခင်ဌေးမူ ဦးထုပ်ကလေးကိုယူပြီး ကြည့်သည်။ ဦးထုပ်မှာ မိုးစိုရွှဲ၍ ပျော့ပြဲနေသည်။ ဦးထုပ်မှာ ပျောက်



www.burmeseclassic.com

www.burmeseclassic.com

သွားသော သမီးကလေးချစ်ချစ်စိုး၏ ဦးထုပ်ဖြစ်ကြောင်း မြင်ကတည်းက သိသည်။

"နင် ဒီဦးထုပ် ဘယ်ကရလာသလဲ"

"ကျွန်တော့်လယ်ထဲမှာ တစ်ဝက်နစ်ပြီး တစ်ဝက်ကပေါ်နေလို့ ဘာလဲလို့ဆွဲကြည့်လိုက်တာ ကလေးဦးထုပ်ဖြစ်နေလို့ အစ်မတို့ကလေးနဲ့ ပတ်သက်နေမလားလို့ ယူလာခဲ့တာ"

"ဟုတ်တယ်။ ဒါ သမီးကလေးဦးထုပ်ပဲ။ သမီးကလေးသိပ်ထားတော့ ဒီဦးထုပ်ကလေး ဆောင်းပေးထားခဲ့တာ"

ခင်ဒွေးမူသည် ပြောရင်းဆို့နင့်လာပြီး ငိုရှိုက်လိုက်မိတော့သည်။

"မောင်တင်ထွန်း . . . . နင့်အစ်မ တင်တင်အေး သွားခေါ်၊ စုစုမေပါခေါ်ခဲ့။ တခြားလူကြီး သုံးလေးယောက်ပါခေါ်ပြီး လယ်ထဲသွားရအောင်"

ခင်ဒွေးမူတို့သည် လူစုလူဝေးနှင့် ဦးထုပ်တွေ့ရသည့်လယ်ထဲသို့ သွားကြသည်။ မနေ့ညက မိုးသဲသဲမဲမဲ ရွာထားသဖြင့် ကောက်ပင်တွေ ကစဥ့်ကလျားနှင့် ဖရိုဖရဲဖြစ်နေသည်။ ကစဥ့်ကလျားနှင့် အမှိုက်ထွေးများ၊ လယ်ကန်သင်းများ၊ ရေလွှတ်ပေါက်များ ရှာဖွေကြသည်။ သူတို့လယ်တွင် ကန်သင်းကြီး တစ်လုံးရှိသည်။ မြင့်လည်းမြင့်သည်။ တစ်ဖက်မှ ရေစီးနိုင်အောင် ရေလွှဲပေါက်ဖော်ထားသည်။ ထိုရေလွှတ်ပေါက်ကို သွားကြည့်ကြသည်။ စောစောကပိတ်ထားသော ရေလွှဲပေါက်သည် ရေစီးအားကြောင့် ပေါက်ပြီး အထဲမှ အစတစ်စထွက်နေသည်။ ပါလာသည့်အိမ်နီးချင်းများက အစကိုဆွဲလိုက်ရာ မိုးကာအင်္ကျီဖြစ်နေသည်။ အင်္ကျီကိုဆွဲလိုက်ရာ အားလုံးအံ့အားသင့်သွားကြလေတော့သည်။

ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားကြသည်။ ပျောက်နေသော သမီးကလေး ချစ်ချစ်စိုးကို တွေ့လိုက်ရသောကြောင့်ပင်ဖြစ်သည်။ ချစ်စရာကောင်းသော သမီးကလေးမှာ ရုပ်ပျက်မသွားသေးသည့်တိုင် ရွှံ့နွံတွေပေကျံ၍ ကြည့်မကောင်းအောင်ဖြစ်နေလေတော့သည်။

"အရမ်းမဆွဲကြနဲ့။ အရမ်းမကိုင်ကြနဲ့ဦး။ ကိုမောင်မောင်ရေ ရဲကိုသွားခေါ်ကြရအောင်။ ရဲလာမှပဲ ကလေးမလေးကို သယ်ထုတ်ကြတာပေါ့။ တော်တော်ကြာ ခြေရာလက်ရာပျက်နေရင် မကောင်းဘူး"

ခင်ဒွေးမူမှာ စကားတစ်ခွန်းမှ မပြောနိုင်ဘဲ ဆို့နင့်ကာ ဖင်ထိုင်လဲသွားလေသည်။ တင်တင်အေးနှင့် စုစုမေက ပိုင်း၍ထိန်းကာ နှိပ်သူနှိပ်နှင့် လယ်ထဲသို့ တွဲသွားရလေသည်။ အမျိုးမျိုးအဖုံဖုံ တစ်ယောက်တစ်မျိုး ပြောကြသည်။

"ဒါ ဘယ်သူ့လက်ချက် ဖြစ်နိုင်သလဲ။ ကလေးမလေးနဲ့ ဘာရန်ငြိုးရန်စရှိလို့လဲ။ မပြောတတ်သေးဘူး။ ခြောက်လသမီးကလေးပဲ ရှိသေးတာ လူမုန်းလို့ နွားဓားနဲ့ ခုတ်သလိုဖြစ်နေပြီ"

ညနေမွန်းတိမ်းချိန် ၃ နာရီလောက်တွင် ရဲများရောက်လာကြသည်။ ရဲများနှင့်အတူ စုစုမေ၏ယောက်ျား ကိုရွှေအောင်ပါ ပါလာသည်။ ရဲများကလည်း ရေလွှဲပေါက်ထဲမှ ကလေးမကလေး၏ အလောင်းကို ထုတ်ယူစေသည်။ တဲထဲသို့ယူလာကြသည်။ ကလေးမလေးမှာ ရုပ်ပျက်စပြုနေပြီ။ ရေတိုက်စားမှုကြောင့် အဝတ်တွေလည်း စုတ်နေသည်။

"ဒါ . . ဘယ်သူ့လက်ချက်လို့ ထင်ကြသလဲ"

စခန်းမှူးကမေးသည်။ ဘယ်သူမှ မဖြေနိုင်ကြ၊ ခင်ဒွေးမူက ဆို့နင့်၍ တက်မလို ချက်မလိုနှင့် စကားပြော၍မရ၊ ကိုရွှေအောင်က ဝင်ပြောသည်။

"ကျွန်တော် အခင်းဖြစ်တဲ့နေ့က ကလေးမလေးပျောက်တဲ့နေ့ပေါ့လေ။ တညင်းသီးတက်နေတုန်း အပင်ပေါ်က လှမ်းမြင်နေရတယ်။ ဝင်းမော်တစ်ယောက် ဒီကန်သင်းရေလွှဲပေါက်မှာ ပေါက်တူးတစ်လက်နဲ့ ဘာတွေလုပ်နေသလဲတော့ မသိဘူး။ ကုန်းကုန်း ကုန်းကုန်းနဲ့ လုပ်နေတာတွေ့ရတယ်"

"ဝင်းမော် ဘယ်ရောက်နေသလဲ၊ ဝင်းမော်ကို ခေါ်ပါဦး"

ဝင်းမော်မရှိ။ ဝင်းမော်ပျောက်နေသည်။

"ကဲ . . . အလောင်းကို အိမ်သယ်ကြမယ်။ အိမ်ရောက်မှ ဝင်း



www.burmeseclassic.com

www.burmeseclassic.com

မော်ကိုရှာပြီး စကားပြောကြရအောင်”

စခန်းမှူးကပြောသဖြင့် အားလုံး အိမ်ပြန်ကြသည်။

အိမ်ပြန်ရောက်သောအခါ ဝင်းမော်ကို တစ်ရွာလုံးပတ်ရှာရသည်။ ဝင်းမော်ကို အရက်ရောင်းသည့်အိမ်တွင် ဝိုင်းထိုင်နေသည်ကို တွေ့ရသည်။ ဝင်းမော် ရဲတွေနှင့် ရင်ဆိုင်တွေ့ရသောအခါ မျက်နှာကွက်ခနဲပျက်သွားသည်။ အခြေအနေမှန်ကိုလည်း သိလိုက်ပြီဖြစ်သည်။

“ကိုဝင်းမော် . . . ကျွန်တော် ခင်ဗျားကို တည့်တည့်ပဲမေးမယ်။ ခင်ဗျားကလည်း သွယ်ဝိုက်ပြီးမပြောနဲ့။ တည့်တည့်ပဲပြောပါ။ ဒီဂျာကင်အင်္ကျီဟာ ခင်ဗျားအင်္ကျီမဟုတ်လား”

ဝင်းမော် လုံးဝစကားပြန်မပြော။

“ခင်ဗျား ကလေးကို ဂျာကင်နဲ့ ထုပ်ပြီး ရေလွှဲပေါက်ထဲမှာ ထည့်ခဲ့တယ် မဟုတ်လား”

ဝင်းမော် စကားတစ်ခွန်းမှမဆို။ ဂျာကင်က သူ့ဂျာကင်။ ခေါင်းငိုက်စိုက်နှင့် တိုင်တစ်တိုင်ကဲ့သို့ မတ်မတ်ကြီး ရပ်နေသည်။ ဟုတ်သည်ဟုလည်း မပြော၊ မဟုတ်ပါဟုလည်း မပြော။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာရောက်နေသည်။

“ဒီသမီးကလေးဟာ ခင်ဗျားရင်သွေး မဟုတ်လား”

ဝင်းမော် ခေါင်းမညိတ်၊ စကားမဆို။ အောက်ကိုသာ စိုက်ကြည့်နေသည်။

“ခင်ဗျား ဒါလောက်ချစ်စရာကောင်းတဲ့ သမီးအရင်းခေါက်ခေါက်ကို ဘာလို့သတ်ရတာလဲဗျာ။ ဟော့ . . သန်းမောင်၊ သူ့ကို လက်ထိတ်ခတ်လိုက်”

ဝင်းမော် ဘာစကားမှ ပြန်မပြောဘဲ ငူငူကြီးရပ်နေသဖြင့် စခန်းမှူးက သူ့ရဲသား သန်းမောင်ကို လက်ထိတ်ခတ်ခိုင်းလိုက်လေတော့သည်။

“ကျွန်တော် . . . ကျွန်တော် လုပ်မိပါတယ်။ ဟို . . . ဝင်းမေက သူ့ကိုယူရင် ကလေးမပါရဘူးဆိုလို့ ခုလိုလုပ်မိတာပါ”

“ဝင်းမေဆိုတာ ဘယ်သူလဲ”

စခန်းမှူးကမေးသည်။ ဝင်းမေသည် ခင်ဌေးကြူနှင့်မရခင် ရည်းစားဦးဖြစ်ကြောင်း ပြောပြကြသည်။

“ခင်ဗျား ကလေးကိုယူသွားတော့ ဘယ်သူမှမရှိဘူးလား”

စခန်းမှူး ကမေးသည်။

“ဟုတ်တယ်။ ကျွန်တော် အိမ်ထဲဝင်တော့ ဘယ်သူမှမရှိဘူး။ ကျွန်တော် အခွင့်အရေးပေးတုန်းဆိုပြီး ကလေးကိုချီသွားတာ။ ကလေးကနိုးပြီး ရယ်ပြတယ်ဗျာ။ ကျွန်တော်က ဝင်းမေပြောတဲ့ စကားပဲ ကြားနေတော့ ဘာမှမသိတော့ဘူး။ လုပ်မိလုပ်ရာ လုပ်လိုက်မိတော့တာပဲ”

ခင်ဌေးမူက ဝင်ပြောသည်။

“ဝင်းမော်ရယ်။ နင် ဝင်းမေနဲ့ယူလည်း ဒီကလေး နင်ခေါ်သွားစရာမလိုဘူး။ ငါမွေးမှာပေါ့။ ခင်ဌေးကြူဝမ်းကကျွတ်ကတည်းက ငါပဲ ကရိုကထခံ ပြုစုကျွေးမွေးလာတာ။ နင်လုပ်ရက်တယ် ဝင်းမော်ရယ်”

ခင်ဌေးမူသည် ပြောရင်း ဆို့ကာ တက်သွားပြန်လေတော့သည်။ စခန်းမှူးက . . .

“ကျွန်တော်တို့ စခန်းကိုပြန်ကြမယ်။ ခင်ဗျားတို့ နက်ဖြန်လိုက်လာခဲ့ကြ။ နက်ဖြန်ကျမှ အမှုဖွင့်ပြီး ရုံးတင်မယ်”

စခန်းမှူးနှင့်အဖွဲ့သည် ဝင်းမော်ကို လက်ထိတ်ခတ်ကာခေါ်ပြီး ပြန်သွားကြသည်။ မိမိ၏ရင်သွေးရတနာကိုပင် ရက်ရက်စက်စက် သေတွင်းပို့ရက်သည့် ဖခင်လိုမေတ္တာမျိုးသည် ကမ္ဘာတွင် တစ်ထောင်မှာ တစ်ယောက် ရှိမည်မထင်ပါ။ တဏှာရမ္မက်၏ညွှန်တွင် နစ်မွန်းသူမို့ နောင်သံသရာကို ထားဘိဦး။ ပစ္စုပ္ပန်တွင်ပင် ထောင်ဆုရမှာ သေချာနေပေပြီ။ အချစ်တွင် မျက်စိမရှိ၊ မျက်စိကန်းသည်ဟု ဆိုရိုးရှိသည်။ အချစ်မျက်စိကန်းနေသော ဝင်းမော်မှာ ရည်းစားဦးဝင်းမေနှင့် မညားရတော့ဘဲ ချစ်သူအသစ်ဖြစ်သော ထောင်မင်းသမီးတလေးနှင့် လက်ထပ်ထိမ်းမြားရန် ရဲတို့ခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေတော့သည်။

*ဤဇာတ်လမ်းကို မောင်ဘရှင် (ဆည်မြောင်း)က ပြောပြပါသည်။ ဖြစ်ရပ်မှန်ဟု ဆိုပါသည်။ အမည်နာမအားလုံး လွှဲပြောင်းထားပါသည်။*

□ မောင်လင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝေါဒ်

ဒါရိုက်တာ **မျိုးဇော်အောင်**

ဇော်နောင်၏စိတ်တွေ လှုပ်ရှားနေသည်။

မျက်နှာပြင်ထက်မှာတော့ ချွေးတွေက တနင့်တပိုး။

ခဏခဏ ချွေးတွေချည်းသုတ်နေရသဖြင့် လက်ကိုင်ပဝါတစ်ခုလုံး ရေဆွတ်ထားသလို ရွဲရွဲစိုလျက်ရှိ၏။

"ထက်နိုင် . . . မင်း သေလောက်ပါတယ်"

ဇော်နောင်၏ရင်ထဲက တီးတိုးရေရွတ်သံကိုပင် တစ်စုံတစ်ယောက်ကများ ကြားလိုက်လေမလားဟု သံသယဝင်မိ၏။ အမှန်တော့ ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေခြင်းပါ။ ဘယ်သူမှ မကြားနိုင်သော ရင်ထဲကတီးတိုးရေရွတ်သံကို သံသယ စိုးရိမ်စိတ်က လွှမ်းမိုးထားသောကြောင့် ဖြစ်၏။

စိတ်ငြိမ်စေရန် စိုးရိမ်စိတ်များ တင်းဆိတ်စေရန်အတွက် ဘလက်(ဖ်)လေဘယ်(လ်)ပုလင်းထဲက အရက်တော်တော်များများကို ခွက်ထဲငှဲ့ထည့်၍ သောက်ချလိုက်သည်။ သည်ချောင်းမှတစ်ဆင့် ရင်ထဲနွေးခနဲ စီးဆင်းသွား၏။ အမြည်းမရှိသောကြောင့် မျှပြင်းခါးသက်သက်ရှတတ အရသာတွေ လျှာပေါ်တင်ကျန်ခဲ့သည်။

သို့တိုင်အောင်လည်း ဇော်နောင်တစ်ယောက် မလုံစိတ်နှင့် စိုးရိမ်စိတ်က ရှိနေဆဲ။ သံသယစိတ်က ထင်နေဆဲ။

"ထက်ခိုင်ကို ငါ သတ်ခဲ့တာ ဘယ်သူမှ မမြင်ဘူး။ ဘယ်သူမှလဲ မသိဘူး။ သချိုင်းထဲက အုတ်ဂူနှစ်ဂူကြားမှာ ထက်ခိုင်အလောင်းကို ငါကိုယ်တိုင်ချပြီး ထွက်လာခဲ့တာပဲ။ ဒီကောင် သေလောက်ပါတယ်။ တကယ်သေလောက်တယ်"

ဇော်နောင် ကိုယ့်ဘာသာ အမေးအဖြေလုပ်ပြီးအဖြေရှာသည်။ မျက်စိထဲလည်း ထက်ခိုင်အလောင်းကို မြင်နေရ၏။ ထက်ခိုင်အလောင်းကိုမြင်တော့ ဇော်နောင့်စိတ်ထဲ ပို၍ဒေါသဖြစ်မိရ၏။ ဒေါသဖြစ်မိရသလို ပြစ်မှုတစ်ခုကြောင့် စိုးရိမ်စိတ်နှင့် ကြောက်စိတ်တို့ကလည်း တွဲ၍ခံစားရလေ၏။

အချိန်မှာ ညသန်းခေါင်ကျော်ရှိနေပြီဖြစ်သော်လည်း စိတ်ချလက်ချ ဇော်နောင် မအိပ်နိုင်သေး။ အိမ်ရှေ့တံခါးကိုပိတ်ခဲ့သော်လည်း တံခါးချက် မိမမိကို ပို၍သေချာသွားအောင် တံခါးကို ထပြန်ကြည့်သည်။ စစ်ဆေးသည်။ တံခါးချက် ကောင်းစွာမိထားသဖြင့် စိတ်ချစွာ ကိုယ့်နေရာကို ကိုယ်ပြန်ထိုင်၍ ဘလက်(ဖ်)လေဘယ်(လ်)ကို ထပ်မော့သည်။ သည်တစ်ခါတော့ ခပ်များများ မော့ချလိုက်၏။

"ဟူး . . ."

ဇော်နောင် သက်ပြင်းချလိုက်သံကိုပင် ကျယ်လွန်းသည်ဟု ဘာသာထင်၏။

အရက်တွေ တော်တော်များများ ဗိုက်ထဲရောက်သွားသောအခါ ထက်နိုင်နှင့် ပတ်သက်ခဲ့ပုံတွေက ပန်းချီကားချပ်တွေလို တစ်ချပ်ပြီး တစ်ချပ် ပြန်၍ မြင်ယောင်လာလေတော့၏။

✦ ✦ ✦

"ဇော်နောင် မင်း နောက်ဆုတ်လိုက်တော့။ မှုံနဲ့ပတ်သက်ပြီး မင်းခြေတစ်လှမ်းထပ်တိုးလာမယ် ဆိုရင်တော့ မင်းအတွက် မနက်ဖြန်ဆိုတဲ့ နေ့သစ်တွေဟာ ပျောက်ဆုံးသွားလိမ့်မယ် ဇော်နောင်။ မှုံဟာ ငါ့ဘဝထဲမှာ ငြိမ်းငြိမ်းချမ်းချမ်း ရှိနေတာကို



www.burmeseclassic.com

www.burmeseclassic.com

မှုဒိတာသွားပြီး ကျေနပ်နေလိုက်စမ်းပါကွာ"

"ဒီမယ်ထက်ခိုင် သစ္စာစကား မဟုတ်တဲ့ မင်းရဲ့လုပ်ကြံစကားတွေအပေါ် မှုဒိတာထားဖို့ဆိုတာ တော်တော် ခက်ခဲလိမ့်မယ် ထက်ခိုင်။ အချစ်ဆိုတာ လူတိုင်း ပိုင်ဆိုင်ခွင့်ရှိတဲ့ အရာတစ်ခုပဲ။ ငါ့ဘဝထဲမှာပဲ မှုံနေသင့်တယ်။ မှုံရဲ့ ပျော်ရွှင်တက်ကြွနေမှုကို မင်းစိတ်အ နှောင့်အယှက်ဖြစ်အောင်မလုပ်ပါနဲ့။ နှောင့်ယှက်လာမယ်ဆိုရင်တော့ မင်းရဲ့ မနက်ဖြန်တွေလည်း ပျောက်ဆုံးသွားလိမ့်မယ် ထက်ခိုင်"

သည်ပွဲက အချစ်လုပွဲ အချစ်တိုက်ပွဲဟု ဆိုနိုင်၏။ ဇော်နောင်ရော၊ ထက်ခိုင်ရော အချစ်အတွက် သတ္တိတွေ ကောင်းနေကြခြင်းဖြစ်၏။ မှုံ့ဘက်ကကြည့်လျှင် နှစ်ယောက်စလုံးကို အရွေးရခက်နေပုံရသည်။ သို့သော် နှစ်ယောက်စလုံးကလည်း မှုံ့အချစ် မှုံ့မေတ္တာကို တောင်းခံထားကြ၏။ မှုံကလည်း နှစ်ယောက်စလုံးကို အဖြေမပေးသေး။

"မင်း နောက်ဆုတ်လိုက်ပါ ဇော်နောင်"

"မင်းသာ နောက်ဆုတ်လိုက်ပါ ထက်ခိုင်"

နှစ်ယောက်စလုံးက အကြံတူအသံတူဖြစ်နေကြသဖြင့် ဘယ်သူမှ နောက်ဆုတ်ကြမည် မဟုတ်ပေ။

"မင်း နောက်မဆုတ်ဘူးဆိုရင် မင်းကို ရှင်းထုတ်ပစ်ရလိမ့်မယ် ဇော်နောင်။ လူသတ်ပြီး ထောင်ကျဖူးတဲ့လက်ဟာ ဘယ်လောက်ထိ ယဉ်တယ်ဆိုတာ မင်းသေသေချာချာ မသိသေးပါဘူး"

ထောင်ကျဖူးသော ထက်ခိုင်က အခြိမ်းအခြောက်တွေ ပါလာသည်။

"မင်းရဲ့ ခြိမ်းခြောက်မှုက ငါ့အတွက် ရယ်စရာဖြစ်နေတယ် ထက်ခိုင်။ ငါးဖျံ ရေဆန်တက်လို့ ဂယက်မထဖူးကွ။ မင်းစမ်းကြည့်လိုက်လေ"

"စမ်းကြည့်ဆိုရင်တော့ သချိုင်းတစ်ခုမှာဆုံလိုက်ကြတာပေါ့။ မနက်ဖြန် ည ၁၁ နာရီမှာ ကြိုက်တဲ့ လက်နက်ယူခဲ့။ မင်းနဲ့ငါ စာရင်းရှင်းကြမယ်"

"ရတယ် . . . အချိန်မရွေးဘဲ ထက် ခိုင်"

ပန်းချီကားချပ်တွေလို အရုပ်တွေ တစ်ရုပ်ပြီးတစ်ရုပ် ပြန်ပေါ်လာရင်း ဇော်နောင်အတွေးကို ဖြတ်လိုက်သည်။

နာရီပြန် တစ်ချက်လောက်ကျတော့ အရက်ပုလင်းထဲမှ အရက်တစ်ဝက် ကျိုးသွား၏။ သံသယစိတ်၊ စိုးရိမ်စိတ်၊ ကြောက်စိတ်တွေကြောင့် အရက်ရှိန်က တက်သင့်သလောက် မတက်ဘဲ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

ထိုစဉ် ခြေသံလိုလို ကြားလိုက်ရ၏။ တံခါးနားမှာခြေသံက ပြန်ဆိတ်သွား၏။ ဇော်နောင် စိတ်တွေ သိသိသာသာ လှုပ်ရှားလာသည်။ ထက်ခိုင် မသေဘဲ သချိုင်းထဲက ပြန်များထလာသလားဟု သံသယစိတ်ဝင်သည်။ ဆိတ်ငြိမ်သွားသော် တံခါးနားက ခြေသံကို ဇော်နောင် နားစွင့်နေမိ၏။

"ဒေါက် . . . ဒေါက်"

တံခါးခေါက်သံ နှစ်ချက်ပေါ်လာသည်။ ဇော်နောင် ထိတ်လန့်ပြီး ခေါင်းနားပန်းတွေ ကြီးသွားသည်။

"အပြင်က ဘယ်သူလဲ"

"ဒေါက် . . . ဒေါက်"

အသံကိုထိန်း၍ ဇော်နောင် မေးလိုက်သည်။ ဖြေကြားချက်မရှိဘဲ တံခါးခေါက်သံနှစ်ချက်သာ ပေါ်ထွက်လာပြန်၏။

"ဟေ့ . . . မေးနေတယ်လေ၊ အပြင်က ဘယ်သူလဲ"

ဇော်နောင် သေချာအောင် ထပ်မေးလိုက်၏။

"ထက်ခိုင်လေကွာ၊ ဒီမယ် ဇော်နောင်၊ မင်းက ငါ့ကို အသေမှ မသတ်ခဲ့ဘဲ၊ အဲဒီတော့ သချိုင်းကုန်းကနေ ပြန်ထပြီး မင်းဆီပြန်လာခဲ့ရတာပေါ့ ဇော်နောင်။ ငါ ပြောခဲ့သားပဲ၊ မင်းလူသတ်တာ လက်မယဉ်သေးပါဘူးလို့ . . ဟား . . . ဟား . . . ဟား . . . ဟား"

ဇော်နောင်၏ သွေးဆူအမှတ်က ငယ်ထိပ်အထိ တက်ရောက်သွားလေသလား ထင်ရသည်၊ ပြောမပြနိုင်လောက်အောင် တုန်လှုပ်ချောက်ချား၍သွားလေ၏။

ဒီအသံကို ဇော်နောင် ကောင်းကောင်း ကျက်မိသည်၊ သေချာသည် ထက်ခိုင်အသံ၊ ဒါ ထက်ခိုင်အသံ စစ်စစ်။

"မင်း . . ဘာလာလုပ်တာလဲ ထက်ခိုင်"

"ဘာလာလုပ်ရမှာလဲကွ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ စာရင်းမှ မပြတ်သေးဘဲ၊ စာရင်းရှင်းဖို့ လာခဲ့တာပေါ့ . . ဟား . . ဟား . . . ဟား၊ ဒီမယ်ဇော်နောင် မင်းအခု ငါ့ကိုရင်ဆိုင်ဖို့ ကြောက်နေပြီလား ဇော်နောင်”

“သွား . . . သွား၊ မင်းငါ့ဆီမလာနဲ့၊ မင်းသေပြီ၊ မင်းကို ငါကိုယ်တိုင်သတ်ပြီး အုတ်ဂူနှစ်လုံးကြားမှာ ပစ်ချခဲ့တာ၊ မင်း ထက်ခိုင်မဟုတ်တော့ဘူး၊ တစ္ဆေတစ်ကောင် ဖြစ်သွားပြီ၊ မင်း ငါ့ကို ဝိညာဉ်ဘဝနဲ့ လာပြီး ခြောက်မနေနဲ့၊ ဇော်နောင်ဆိုတဲ့ကောင်က . . ဘာကောင်မှ မကြောက်ဘူး၊ လာပြီး အနှောင့်အယှက်မပေးနဲ့၊ သွား . . သွား မင်း ခုချက်ချင်းထွက်သွားလိုက်တော့”

“ငါ ထွက်သွားဖို့ လာတာ မဟုတ်ဘူး၊ မင်းနဲ့ စာရင်းရှင်းချင်လို့ သင်္ချိုင်းကုန်းက ထလာခဲ့တာ၊ မင်းကွာ ငါ့ကို သေပြီဆိုပြီး ပစ်ချထားခဲ့ပြီး သေသေချာချာမှ မစစ်ဆေးခဲ့ဘဲကိုး၊ မင်းပြောတဲ့ ငါးဖျံ ရေဆန်တက်လို့ ဂယက်မထဖူးဆိုကွ၊ အခု ငါးဖျံက ရေစုန်ပြန်ဆင်းလာပြီး မင်းနဲ့ အပြတ်စာရင်းရှင်းတော့မှာ၊ ထက်ခိုင်မသေဘူး ဇော်နောင်၊ မင်းသာ သေဖို့ပြင်ထားပေတော့၊ ဟေ့ကောင်ဇော်နောင် . . . တံခါးအမြန်ဖွင့်စမ်း၊ အချိန်မရှိဘူး၊ မှုံလည်း ငါနဲ့ အတူပါလာတယ်၊ မယုံရင် မင်း တံခါးဖွင့်ပြီး ထွက်ကြည့်လိုက်၊ မင်းသိပ်ကို အံ့ဩသွားလိမ့်မယ် ဇော်နောင်”

ထက်ခိုင်၏ နောက်ဆုံးစကားတို့က ဇော်နောင်၏စိတ်ကို ပို၍ ပို၍ လှုပ်ရှားစေ၏၊ သုံးသပ်လိုက်တော့ သေသူက မှုံ့ကို ခေါ်လာခဲ့ခြင်းမှာ ဖြစ်နိုင်ဖွယ်မရှိဟု ဇော်နောင် နားလည်လိုက်သည်။

“မဖြစ်နိုင်ဘူး . . . မဖြစ်နိုင်ဘူး ထက်ခိုင်၊ မင်းက ငါသတ်လို့ သေခဲ့ပြီးပြီ၊ မှုံ မင်းနဲ့ပါလာတယ်ဆိုတာ လုံးဝ လုံးဝ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး”

“မှုံ ကိုထက်ခိုင်နဲ့အတူ ပါလာခဲ့တာ မှန်ပါတယ် ကိုဇော်နောင်၊ မှုံ့အသံကို မကျက်မိဘူးလား၊ မှုံ . . . မှုံ အစစ်ပါ ကိုဇော်နောင်”

ဟု မှုံ့အသံကို ကြားလိုက်ရ၏၊ သည်တစ်ခါတော့ ဇော်နောင် လက်မှိုင်ကျသွားလေတော့၏၊ ဘယ်လိုမှ မတတ်နိုင်တော့၊ မှုံ့အသံကို ဇော်နောင် ကောင်းစွာ ကျက်မိထားသောကြောင့်ဖြစ်လေသည်၊

သည်သို့ဆိုလျှင် ထက်ခိုင်မသေတာ သေချာသွားပြီဖြစ်၏၊ ဇော်နောင် ထိုင်ရာမှထ၍ တံခါးဆီသို့ လျှောက်သွားလိုက်၏၊ ပြီးနောက် တံခါးကိုဖွင့်ပေးလိုက်၏၊

ထက်ခိုင်ကို မတွေ့၊ မှုံတစ်ယောက်ပဲ တံခါးဝမှာ ရပ်နေတာကို ဇော်နောင် မြင်သည်၊

“မှုံ . . . ဟိုကောင် ထက်ခိုင် ဘယ်ရောက်သွားလဲ”

ဟု ဇော်နောင်က မှုံ့ကိုမေးလိုက်သည်၊ မှုံက တစ်နေရာကို အကြည့်ရွှေ့၍ မေးဆတ်ပြလိုက်၏၊

“ကျုပ်က ထက်ခိုင်တော့ မဟုတ်ဘူး ကိုဇော်နောင်၊ မြို့မြို့ဂါတ်က လူဆိုးထိန်းဘကျော်ပါ၊ ကိုဇော်နောင်နဲ့ ကိုထက်ခိုင်တို့အကြောင်းကို ဟောဒီက ညီမမှုံ ပြောပြလို့ အကုန်လုံး ကျုပ်သိခဲ့ပြီးပြီ၊ ဒါကြောင့် မှုံ့ကိုသက်သေထားပြီး ခင်ဗျားကိုဖမ်းတာ၊ ဟေ့အောင်ထူး၊ ကိုဇော်နောင်ကို လက်ထိတ်ခတ်လိုက်”

လူဆိုးထိန်းဘကျော်၏ စကားအဆုံးမှာ အတူပါလာသော ဒုတပ်ကြပ်အောင်ထူးက ဇော်နောင်ကို လက်ထိတ်ခတ်လိုက်၏၊

“ထက်ခိုင် . . . ဟော . . . ထက်ခိုင် . . . ဟော . . . သူ့အသံကို ကျုပ်ကြားလိုက်ပါတယ်၊ အခု သူဘယ်မှာလဲ”

ဇော်နောင်က အသောတကော မေးလိုက်သည်၊

“ခင်ဗျား ကြားလိုက်တဲ့အသံက ထက်ခိုင်အသံ မဟုတ်ပါဘူး၊ ကျုပ်အသံပါ၊ ထက်ခိုင်အသံနဲ့တူအောင် အသံတုနဲ့ ခင်ဗျားကို အပြင်ခေါ်ထုတ်လိုက်တာ၊ ထက်ခိုင်က ခင်ဗျားဓားနဲ့ထိုးလို့ သေသွားပြီ၊ ခင်ဗျားလိုက်ကြည့်ချင်ရင် ကျုပ်တို့နဲ့ လိုက်ခဲ့၊ သူ့အလောင်းက ရေခဲတိုက်ထဲမှာ ရှိတယ်၊ ရင်ဝမှာ ဓားဒဏ်ရာသုံးချက်နဲ့ ကောင်းကောင်း အနားယူနေတယ်”

ဟုပြောပြီး ဇော်နောင်ကို ဆွဲခေါ်သွားကြလေ၏၊ မှုံလည်း ဇော်နောင်တို့အဖွဲ့နှင့်အတူ လိုက်ပါသွားလေသတည်း . . . ၊

ဒိုက်တာမျိုးဇော်အောင်




www.burmeseclassic.com

www.burmeseclassic.com

# မိုး
# သူပုန်

## မြွေ မြွေချင်း
## မြင်သည့်ခြေ



www.burmeseclassic.com

www.burmeseclassic.com

# မြွေမြွေချင်း မြင်သည့်ခြေ

မုဒုံ-သုမွန်

(၁)

အိပ်မက်သည် လူသားတိုင်းနှင့် အကျွမ်းဝင်ပြီးသား ဖြစ်သည်။ အိပ်မက်နှင့် စိမ်းနေသူ၊ မမက်ဖူးသူ တစ်ယောက်မျှမရှိဟု ဆိုနိုင်သည်။ ကုန်ကုန်ပြောရလျှင် အရှုးအိပ်မက်၊ အအအိပ်မက်တောင် ရှိသေးသည်။ သို့မက်ပါသော်လည်း မင်္ဂလာရှိသော အိပ်မက်(အိပ်မက်ကောင်း)နှင့် အမင်္ဂလာအိပ်မက်(အိပ်မက်ဆိုး)တို့ မက်တတ်ပါသေးသည်။

တချို့ကလည်း ပြောကြသေးသည်။ အိပ်မက်ဆိုတာ သွေးလေချောက်ချား၍ မက်တတ်သည်။ တချို့ကတော့ စွဲလမ်း၍ မက်တတ်သည်ဟူ၍ ဖြစ်၏။ သွေးလေချောက်ချား၍ မက်လျှင် အိပ်မက်ဆိုးများ မက်တတ်သည်။ ထို့ပြင် ကောင်းတာကိုစွဲလန်းပြီးမက်လျှင် မင်္ဂလာရှိသော အိပ်မက်ကောင်းသောအိပ်မက်ဟုဆိုပါသေး၏။

တချို့ကတော့ အိပ်မက်ဆိုတာ ပုဂ္ဂိုလ်ထူးတွေက အိပ်မက်ပေး၍ မြင်မက်သည်ဟု ပြောကြသည်။ အထူးသဖြင့် ဘိုးတော်၊ ဘွားတော် အစရှိသော ဂမ္ဘီရလိုင်းထဲမှ ပုဂ္ဂိုလ်တွေ ဖြစ်သည်။ သူတို့မက်သော အိပ်မက်မှာ သွေးရိုးသားရိုးမက်သော အိပ်မက်လား၊ ကလိနိစ္ဆေငြမ်းဆင်ထားသော အိပ်မက်လားမသိ။ ဘိုးတော်ယောင်ယောင်၊ ဂိုဏ်းဂနယောင်ယောင် ပုဂ္ဂိုလ်တစ်ဦးအား တွေ့ဖူးပါသည်။ ထိုပုဂ္ဂိုလ်ကား မြွေမင်းသား မောင်မောင် ဖြစ်သည်။

မောင်မောင်သည် မွန်ပြည်နယ် ဇာတိဖြစ်သည်။ အပေါင်းအသင်းများပြီး အာဝဇ္ဇန်းရွှင်သူတစ်ယောက် ဖြစ်သည်။ လူစုလူဝေး စကားဝိုင်းမှာပဲဖြစ်ဖြစ်၊ သူတစ်ယောက်တည်း ဒိုင်ခံစကားပြောတတ်သည်။ ကျုန်လူများက ငေးငိုင်သွားကာ သူ့ပရိသတ် ဖြစ်သွားတော့၏။ သူသည် သတ္တဝါကို ကြင်နာသူဖြစ်၍ လူမှန်းသိတတ်စအရွယ်ကတည်းက သက်သတ်လွတ်စားခဲ့သည်။ ပဲနှင့် အသီးအရွက်ကိုသာ စားသုံးလေ့ရှိသည်။

အထူးသဖြင့် သတ္တဝါတွေထဲတွင် သူသည် မြွေသတ္တဝါတွေကို ထူးထူးခြားခြား ခင်တွယ်တတ်သည်။ မြွေကိုတွေ့လျှင် သူဘေးမဲ့ပေးတတ်သည်။ မြွေတစ်ကောင် ဒုက္ခရောက်နေတာတွေ့လျှင် သူကယ်ဆယ်ပေးသည်။ မြွေအနာတရ ဖြစ်နေတာတွေ့လျှင် ဆေးကုသပေးတတ်သည်။ မြွေကိုကိုင်တွယ်ရမှာကို မကြောက်မရွံ့သတ္တိလည်း ကြီးသူဖြစ်၏။

အရွယ်ရောက်လာတော့ သူမွန်ပြည်နယ်မှ ပျောက်သွားတော့၏။ သူ့သတင်းကိုတော့ ကြားနေရပါ၏။ မွန်ပြည်နယ်၊ ပေါင်မြို့မှ ရှမ်းဆရာကြီး (မွန်ပြည်နယ်အခေါ် ယိုးဒယားထိုင်း) ဆရာတစ်ဦးနှင့် ပုံတောင်ပုံညာအထက်သို့ တက်သွားသည်ဟု ဆိုသည်။ ထိုရှမ်းဆရာကြီးကား မြွေအလမ္ပာယ်ဆရာတစ်ဦး ဖြစ်သည်။ သူနှင့်ပူးပေါင်းကာ ပုံတောင်ပုံညာတွင် အလမ္ပာယ်ပညာကို လေ့လာဆည်းပူးရန်အတွက် ဖြစ်သည်။

အလမ္ပာယ်ပညာကို ဆည်းပူးရင်း သူတို့ဆရာတပည့်နှစ်ယောက်သည် အထက်အညာတွင် လှည့်လည်ကျက် စားနေပါတော့သည်။ သူ့နာမည်သည်လည်း ဂုဏ်ပုဒ်အသစ်တစ်ခု တိုးလာသည်အထိ အလမ္ပာယ်လောကတွင် ကျော်ကြားလာပါတော့သည်။ ထိုနာမည်ကား မြွေမောင်မောင်ဖြစ်သည်။

တစ်ခါမှာတော့ အညာသီဟတောဘုရားပွဲကျင်းပစဉ်က ဖြစ်သည်။ ထိုစဉ်က သူတို့ဆရာတပည့် နှစ်ယောက်သည် ညဥ့်နက်ပိုင်းအထိ မြွေအလမ္ပာယ်ပြသပြီး မြွေဆေးများကို ရောင်းကြသည်။ ပြသပြီး၍ သူတို့တည်းခိုရာဇရပ်ဆီသို့ ပြန်လာကြသည်။ ထိုဇရပ်သည် ရှေးဟောင်းစေတီပုထိုးများတည်ရှိရာ ပရိဝုဏ်အတွင်းမှာတည်ရှိသည် ဖြစ်၏။ မြို့ပြင်ဖြစ်၍ တိတ်ဆိတ်ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

တည်းခိုရာ ဇရပ်တွင် ပစ္စည်းပစ္စယများချထားပြီး ဆရာ့အား အိပ်ရာခင်းကျင်း အနားယူစေသည်။ ပြီးတော့ ဆရာ့ထံ ခွင့်ပန်ပြီး ပွဲဈေးတန်းသို့ တစ်ဖန်ပြန်ထွက်လာသည်။ ဆရာ့ကိုခွင့်ပန်ပြီးပြီမို့ စိတ်အေးလက်အေးထွက်လာခဲ့သည်။

သူသည် ရုံသွင်းပြသနေသော ဇာတ်ပွဲတစ်ပွဲ၏ နှစ်ပါးသွား ကခန်းကို ကြည့်လိုသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ နှစ်ပါးသွား အခန်းပြီးတော့ နံနက် ၃ နာရီထိုးနေပြီဖြစ်၏။ သူသည် တည်းခိုရာဇရပ်သို့ တန်းပြန်လာသည်။ တစ်လမ်းလုံးလည်း တိတ်ဆိတ်ကာ လူသူကင်းရှင်းနေပါတော့၏။

သုံးနာရီခွဲလောက်တွင် တည်းခိုရာဇရပ်သို့ ရောက်ခဲ့သည်။ လဆုတ်ရက် လသည် အနောက်ဘက် မိုးကောင်းကင်တွင် ထွန်းလင်းနေသည်။ လရောင်ခြည်ကြောင့် ကမ္ဘာလောကကို လရောင်ဖြင့် ကောင်းစွာမြင်တွေ့နေရသည်။ သို့သော် ဇရပ်အတွင်းမှာတော့ ပိတ်ပိတ်ပိန်းမှောင်နေသည်။ ထို့ကြောင့် ဇရပ်ပေါ်သို့ နှစ်တောင့်ထိုးလက်နှိပ်ဓာတ်မီးကို ထွန်းညှိပြီး တက်လာခဲ့သည်။

ဆရာကြီး၏ အိပ်ရာအနေအထားကို တွေ့ရသည်။ ဆရာကြီးကိုတော့ မတွေ့ရပါ။ တစ်ရေးနိုး၍ တပိုတပါးသွားနေတာလားဟု ထင်မိသည်။ ထို့ကြောင့်လည်း စီးကရက်မီးညှိကာ ဆေးလိပ်သောက်ရင်း စောင့်နေမိ၏။ ဆေးလိပ်တစ်လိပ်သာ ကုန်သွားပါသော်လည်း ဆရာကြီးကား ပေါ်မလာသေး။ သည်အတွက် နည်းနည်းတော့ စိတ်အနှောင့်အယှက် ဖြစ်မိသွားတော့၏။

ထို့ကြောင့်လည်း ဇရပ်ပေါ်မှ ဆင်း လာခဲ့သည်။ ဆရာကြီး တပိုတပါးသွားလာတတ်သော ခြုံပုတ်များဆီ ရှာကြည့်သေး၏။ လက်နှိပ်ဓာတ်မီးအကူဖြင့် ချောင်ကြိုချောင်ကြားနေရာဆီ ရှာကြည့်သေး၏။ ဗလာကျင်းနေသော မှောင်မည်းသည့်နေရာများကိုသာတွေ့ရ၏။ ဓာတ်မီးအလင်းရောင်သည် တစ်နေရာဆီသို့ ရောက်သွားကာ ထိုမြင်ကွင်းကြောင့် သူကြက်သေသေသွားရတော့၏။

ထိုနေရာသည် စေတီပျက်တစ်ဆူ ဖြစ်သည်။ ထိုစေတီ၏ ဖိနပ်အောက်ခြေ အထက်နားတွင် ယခင်ရက်များက သူတွေ့ရှိခြင်း မရှိသောနေရာတစ်ခုကို တွေ့ရှိပါလေတော့သည်။ ထိုနေရာသည် ဖြိုဖျက်ခြင်းခံရ၍ အပေါက်ဟောင်းလောင်း ဖြစ်နေသည်။ တစ်ဆက်တည်း ထိုစေတီ၏တစ်နေရာကို ကြည့်လိုက်ပြန်တော့ သူထိတ်ခနဲ ဖြစ်သွားကာ ကြောင်ပြီးရပ်ကြည့်နေမိတော့၏။

အကြောင်းကတော့ လူတစ်ယောက် မှောက်လျက်အနေအထားဖြင့် လဲနေခြင်းဖြစ်သည်။ ထိုသူသည် သူ့ဆရာကြီးများ ဖြစ်လေမှာလားဆိုသော အသိတရားကြောင့် ထိတ်လန့်မှုကို ဘေးဖယ်ထားပြီး သူအပြေးကလေးနှင့် ရောက်လာတော့၏။ ပြီးတော့ ပက်လက်လှန် အနေအထားသို့ရောက်ရန် ပြုလုပ်လိုက်၏။ မြင်ကွင်းကြောင့် သူစိတ်အေးသွားရတော့၏။ သူ့ဆရာကြီးမဟုတ်ခြင်းကြောင့်ပါ။

စေတီကို ကြည့်လိုက်တော့ ဖြိုဖျက်ထားခြင်းကြောင့် ဟောင်းလောင်းပေါက် ဖြစ်နေသည်။ တစ်ဖန် ထိုဟောင်းလောင်းပေါက် အနီးအနားတွင်လဲနေသော သူတစ်ယောက်။ ထိုထူးခြားချက်နှစ်ခုကို ဆက်စပ်နေသည်။ မည်သို့မည်ပုံ ဆက်စပ်နေသနည်း။

ရှေးယခင်က မြန်မာမင်းများသည် ယိုးဒယား(ထိုင်း)အောက်ပြည်အောက်ရွာများသို့ အကြိမ်ကြိမ်သွားရောက်စစ် ခင်းလေ့ ရှိသည်။ ထိုသို့စစ်ခင်းသည့် အကြိမ်တိုင်း ရောဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းကြသည်။ ဦးအောင်ဇေယျသည်ပင်လျှင် မလွန်အရောက်တွင် တပ်တစ်ထောက်နားကာ အောင်မြေနင်းလေ့ရှိသည်။ မြသပိတ်စေတီတော်ကို ဝင်ဖူးလေ့ရှိသည်။

ထို့အတူ အချို့သော မင်းများသည် အောင်ပွဲနှင့်အတူ ပြန်လာသော စစ်သည်သူရဲကောင်းများကို ကြိုဆိုလေ့ရှိသည်။ သူတို့က နေပြည်တော်မှ ထွက်၍ ရောဝတီမြစ် တစ်နေရာတွင် လာကြိုကြသည်။ တစ်ခါမှာတော့ မလွန်အထက်နား စလေရွာအနားရှိ ရွာသို့ရောက်သည်။ ထိုနေရာကိုလည်း ယခုထက်တိုင် ရွှေစာကြိုဟု ခေါ်ကြသည်။

ခေါ်ရခြင်းအကြောင်းမှာ စစ်အောင်နိုင်ကြောင်း စစ်သတင်းကို ရှေ့တော်ပြေး ရေကြောင်းအဖွဲ့က အကြောင်းကြားစာ ယူလာသည်ကို ထိုစာထက် ဦးစွာ ပါးစပ်သတင်းကြောင့် ဘုရင်သည် မြို့ပြင်ထွက်ကြိုဆိုသည့်အနေဖြင့် ထိုနေရာသို့ရောက်ခဲ့သည်။ ထိုနေရာမှာပင် စေတီတစ်ဆူ တည်ကာ အောင်ပွဲရစာကို လက်ခံရယူသည်ကြောင့် ရွှေစာကြိုဘုရားဟု တည်ထားခဲ့သည်။ ဘုရင့်ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com

ပိုးချည်ဆိုသော စကားအတိုင်း ဘုရင်က ဘုရားတည်မှတော့ လက်ဝတ်ရတနာပစ္စည်းများကို ဌာပနာလေ့ရှိကြသည်။ ထိုနည်းတူ အောင်ပွဲရ စစ်သည်များ စေတီအမြောက်အမြားကို နေရာအနှံ့ တည်ထားကိုးကွယ်ခဲ့သည်။

ထိုအဖောက်ခံရသော စေတီသည်လည်း တစ်ဆူအပါအဝင် ဖြစ်သည်။ သို့ဖြစ်လျှင် ထိုလဲကျနေသော သူသည်လည်း ထိုစေတီ အဖောက်ခံခဲ့ခြင်းနှင့် ပတ်သက်နေသူ ဖြစ်ရမည်။ ထိုသူသည် ဖောက်ခဲ့သော စေတီနှင့် ပတ်သက်နေလျှင် သူ၏ရှမ်းဆရာကြီးဆိုသူကော အဘယ်မှာနည်း။

(၂)

ဤနေရာ ဤဒေသသည် သူ့အတွက် အန္တရာယ်နယ်မြေဟု သိလာရပါတော့၏။ ထိုသို့မသိသည့်တိုင် ဤနယ်မြေတွင် သူနေလည်းမနေလို။ နေလို့လည်း မရဲမဝံ့ ဖြစ်နေမိ၏။ အစကတည်းက အရာရာ ဆရာ့အားကိုးနှင့် နေလာခဲ့သည်။ ခုလိုဆရာ ပျောက်နေခြင်းကြောင့် သူဘာပဲဖြစ်ဖြစ် ခုချက်ချင်း ဤနေရာမှ ထွက်ခွာသွားရမည် ဖြစ်၏။

ဤဇရပ်မှ ထွက်ခွာလိုလျှင် သမားရိုးကျလမ်းနှင့် ခွေးတိုးပေါက်ဟူ၍ လမ်းနှစ်လမ်း ရှိသည်။ သမားရိုးကျလမ်းကတော့ အများသူငါ သွားနေကျလမ်းဖြစ်ပြီး လူစည်ကားရာ ပွဲဈေးတန်းအထိ ရောက်သည်။ ခုလို ဝေလီဝေလင်း အချိန်မှာတော့ ပွဲပြန်လူတွေ၊ ဈေးခင်းမည့် ဈေးသည်တွေ သွားလာလှုပ်ရှားသည့်အချိန်မို့ ဤဇရပ်မှ သူထွက်ခွာလာသည်ကို တစ်ယောက်မဟုတ်တစ်ယောက်က မြင်သွားနိုင်သည်။

ခွေးတိုးပေါက်မှ သွားလျှင်တော့ အန္တရာယ်ကင်းသည်ဖြစ်သည်ဟု သူထင်၏။ ဘာကြောင့်လည်းဆိုတော့ ထိုလမ်းသည် လူကောင်းသူကောင်းတွေ သွားလေ့သွားထမရှိသော လမ်းမို့ ခွေးတိုးပေါက်လမ်းဟု ခေါ်ခြင်းဖြစ်သည်။ လူသွားလူလာမရှိ။ မည်သူမှ သူ့ကိုမြင်ကြမည်မဟုတ်ဟု ထင်နေ၏။

ထို့ကြောင့်လည်း အမှောင်ထုမကုန်ဆုံးမီနှင့် အလင်းရောင်မရောက်လာမီတွင် ဤဒေသကို အမြန်စွန့်ခွာမှတော်ကာကျမည် ဖြစ်၏။ သူသည် ဘေးဘီကိုမှ မကြည့်ဘဲ သွက်သွက်ကြီးလျှောက်ခဲ့သည်။ တစ်ခါတစ်ခါ သူ့ဆရာကြီးကို အမှတ်ရလာသည်။ သူ့ဆရာကြီးမရှိလျှင် သူ့ဘဝ ဘယ်လိုရပ်တည်ရမှာလဲ ဖြစ်၏။ သူ့ဘဝ ဘယ်လိုလဲ ဘယ်လိုလဲ စဉ်းစားရင်း တောအုပ်များကွယ်နေသည့် လမ်းအကွေ့ တစ်နေရာအရောက်တွင် သူ့ပခုံးပေါ်သို့ လက်တစ်ဖက် ကျရောက်လာသည့်အတွက် ထိတ်လန့်ကာ နောက်ဆုတ်လိုက်ရသည်။

"မကြောက်ပါနဲ့။ကြောက်ရမယ့်သူ မဟုတ်ဘူး"

"ဟာ ... ဆရာကြီး ဘယ်လိုဖြစ်ပြီး"

"ဟိုမှာ လူတစ်ယောက်လဲနေတာ တွေ့လား"

"တွေ့သားပဲ။ ဒါနဲ့ ဆရာကြီးနဲ့ ဘယ်လို ပတ်သက်နေတာလဲ"

"ငါ ခဏလှဲသိပ်ထားတယ်လေ။ သူမကြာခင် နိုးတော့မှာ"

"ဟင် ... ဒါဆို ဆရာကြီး ထွက်ပြေးလာတာပေါ့"

"မပြေးပါဘူး။ မင်းကို စောင့်နေတာ။ မင်းသာ ဆရာကောင်းတပည့်မှန်ရင် ဒီလမ်းအတိုင်းရောက်လာမယ်လို့ ထင်ပြီးသားပါ"

"ဘယ်လို ဆရာကောင်းတပည့်လဲ"

"ဪ ... ဟိုလမ်းကသွားရင် အန္တရာယ်များတယ်။ ဒီလမ်းကသွားရင် အန္တရာယ်ကင်းတယ်ဆိုတဲ့ အသိဉာဏ်မျိုး ရှိခဲ့ရင်ပေါ့။ ကဲ ... သွားကြစို့ အလင်းရောင်လာလုပြီ"

ဆရာကြီး ထိုသူအား လှဲသိပ်ထားသည် ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ ဆရာကြီးသည် အလမ္ပယ်ဆရာ ဖြစ်ပါသော်လည်း တကယ့်အလမ္ပယ်ဆရာ စစ်စစ်တော့မဟုတ်။ သူသည် ရှေးဟောင်းပုထိုးများ၊ ဘုရားများ သချိုင်းများ (တရုတ်သချိုင်း)များတွင် ဌာပနာထားသောပစ္စည်းများကို ရောက်ရာဒေသများတွင် အလမ္ပယ်ပြစနည်းနာရင်း ခိုးယူလေ့ရှိသောသူ ဖြစ်၏။

တစ်ခါကလည်း ရန်ကုန်မြို့စွန်ရှိ တရုတ်သချိုင်းဂူကိုဖောက်ပြီး ပစ္စည်းယူဖူးသည်။ ထိုစဉ်အခါက တရုတ်လူမျိုးများသည် သေဆုံးသူ နောင်ဘဝတွင် သုံးစွဲရန်အတွက် ငွေဒင်္ဂါးပြားများ၊ ရွှေများကို အတူထည့်ကာ ဂူလုပ်ထားလေ့ရှိသည်။ ထိုဂူကို ဖောက်ထွင်းယူခဲ့သည်။ ထိုသို့ အချိုကြီးပွပြီးနောက် ဘုရားသုံးဆူ မိမိနယ်မြေသို့ ခေတ္တခဏတိမ်းရှောင်ခဲ့သည်။ နောက်တော့ မိတ်ဆွေများရှိရာ ပေါင်မြို့နယ်ခြေရာဖျောက်နေခဲ့သည်။

သူသည် သူ့ဒေသရိုးရာဖြစ်သော ထိုင်းမွေခေါ် လက်ဝှေ့အတတ်



www.burmeseclassic.com

www.burmeseclassic.com

ပညာကို ကိုယ်ခံပညာအဖြစ် ကောင်းစွာတတ်ကျွမ်းသည်ဖြစ်၍ လူတစ်ယောက်ကို လှဲသိပ်ရန် အပန်းမကြီးဖြစ်နေပါသည်။ ထိုနည်းကိုသုံးပြီး ထိုလူအား မြေပြင်မှာ လှဲသိပ်ခဲ့သည်ဖြစ်၏။

"ဒါနဲ့ ဆရာကြီး သူ့ကို ဘယ်လိုနည်းနဲ့ လှဲသိပ်ရတာတုံး"

"ဒါကတော့ မြွေမြွေချင်း ခြေမြင်တာလို့ ဆိုရမှာလား။ စားရက်ကြံလို့ မှတ်ဆိတ်ပျားစွဲတာလားမသိပါဘူးကွာ"

မြွေမောင်မောင်တို့ ဆရာတပည့်နှစ်ယောက်၏ လှုပ်ရှားမှုကို မျက်ခြေမပြတ်စောင့်ကြည့်နေသော အဖွဲ့တစ်ဖွဲ့က ရှိနေသေးသည်။ လူလေးယောက်ပါရှိခြင်းကြောင့် စတုဂံအဖွဲ့ဟု အမည်ပေးထားသည်။ သူတို့လေးဦးသည်လည်း သိုက်စာအရ၊ တဘောင်အရ ရှေးဟောင်းဘုရားဌာပနာပစ္စည်းများကို နိုးယူလေ့ရှိသော အဖွဲ့ဖြစ်သည်။

ယခုလည်း သိုက်စာပရပိုက်တစ်ခုကို သူတို့ရထားသည်။ ထိုသိုက်စာအညွှန်းအတိုင်း လိုက်လာရာ ဌာပနာထားရာ အရပ်သို့လည်း ရောက်ခဲ့ပြီ ဖြစ်၏။ သို့သော် သိုးကာသီကာနှင့် နှာတစ်ဖျားလောက် နောက်ကျသွားခဲ့သည်။ အကြောင်းကတော့ ထိုဌာပနာထားရှိသော ဘုရားပျက်များအနားရှိ ဇရပ်ပေါ်တွင် မြွေမောင်မောင်တို့ ဆရာတပည့်နှစ်ယောက် တည်းခိုနေခြင်းကြောင့် ဖြစ်သည်။

သူတို့သည် မြွေမောင်မောင်တို့ ဆရာတပည့်အလစ်ကို ချောင်းနေကြသည်။ ဘုရားပွဲကလည်း တစ်ပတ်တိတိကြာမည့် ရက်ရှည်အညာဘုရားပွဲ ဖြစ်သည်။ ထို့ကြောင့် သူတို့သည် သချိုင်းဇရပ်ပျက်တစ်ခုတွင် သွားတည်းနေရသည်။ ပွဲတော်ရက် တတိယညမှာတော့ သူတို့လေးဦးသားသည် ပွဲခင်းထဲမှ စားသောက်စရာများကို ဝယ်ခြမ်းယူလာပြီး ဇရပ်ပေါ်တွင် စားသောက်နေကြသည်။ သောက်စရာကလည်း မန္တလေးရမ် အရက်ဖြစ်ခြင်းကြောင့် ဒူးယားစီးကရက်နှင့် လိုက်ဖက်လှသည်။ ခံတွင်းတွေ့ အာတွေ့နှင့် သူတို့တစ်တွေ မက်မပြေအောင် သောက်စားနေစဉ် မောင်ဖုန်းဆိုသောအကောင်သည် သူ၏ဇာတိရုပ်ဖြစ်သော မြေခွေးသဏ္ဌာန်ကို အကောင်ဖော်နေမိပါတော့သည်။

မောင်ဖုန်းသည် သောက်စားပါသော်လည်း ဟက်ဟက်ပက်ပက်တော့ မဟုတ်။ ခပ်လျှိုလျှို သောက်စားနေပါ၏။ သူကား အကြံသမားမို့ ကျန်လူများ မူးလဲကုန်မည့် အချိန်အခါကို စောင့်ကြည့်နေသည်။ မကြာမီ သူတို့တစ်တွေ မူးလဲကုန်တော့မှ သချိုင်းဇရပ်ပေါ်မှ ထလာခဲ့သည်။

ရှမ်းဆရာကြီးသည် တပည့်ဖြစ်သူ မြွေမောင်မောင် ပွဲခင်းဆီထွက်သွားခြင်းကြောင့် အိပ်ရာပေါ်တွင် ပက်လက်လှန်အိပ်ရင်း တောင်တောင်အီအီ စဉ်းစားနေတော့သည်။ ထိုသို့ စဉ်းစားနေစဉ် သူ့နားထဲသို့ ခြေသံတစ်သံသည် ဝင်ရောက်လာပါတော့သည်။ ထိုခြေသံသည် တပည့်ဖြစ်သူ မြွေမောင်မောင်၏ ခြေသံတော့ မဟုတ်တန်ရာဟု သုံးသပ်မိသည်။ အဘယ်ကြောင့်ဆိုသော် မြွေမောင်မောင်သည် ပွဲခင်းဆီသို့ ထွက်သွားသည်မှာမကြာသေး။ နောက်ကြောင်းပြန်လှည့်လာစရာ အကြောင်းလည်း မရှိ။ ပြန်လာလျှင်လည်း ခုလို သူခိုးသူဝှက်များ ခြေနင်းသလို ချွတ်နင်းဝင်လာမည် မဟုတ်။ ရဲရဲတင်းတင်း ခြေနင်းကာ ဝင်လာမည် ဖြစ်၏။

ထူးခြားဆန်းပြားသည့် ခြေသံဟုယူဆကာ ဟာလာဟင်းလင်း ဝရန်တာကင်းမဲ့နေသော ဇရပ်ပေါ်မှ သူ၏ခန္ဓာကိုယ်အား လိမ့်ချလိုက်သည်။ မြေပေါ်သို့ ရောက်သောအခါ ပြားပြားဝပ်မှောက်နေတော့၏။ ပြီးတော့မှ တစ်ခုသော ဘုရားပျက်နောက်ဆီသို့ သွားရောက်ပုန်းအောင်းနေတော့သည်။

ထိုခြေသံရှင်သည် ပိန်းပိန်းပိတ်မှောင်နေသော ဇရပ်အတွင်းသို့ စိုက်ကြည့်နေသည်။ ထူးခြားမှုမရှိ။ တိတ်ဆိတ်သည်မှာ သေချာပြီဆိုတော့မှ ပါလာသော သူခိုးဓာတ်မီး (ပိုင့်လော့မီး) ဖြင့် ထိုးကြည့်လိုက်သည်။ ဘာမျှမတွေ့။ တွေ့ရှိရသော ဆရာကြီး၏ အိပ်ရာသည်လည်း ပိုင်ရှင်မဲ့ ဖြစ်နေသည်။ သည်လို စိတ်ချသေချာပြီဆိုတော့မှ သူ့မူလလုပ်ငန်းကို စတင်ဆောင်ရွက်ပါတော့သည်။

အသံမကျယ်အောင် အဝတ်ခံပြီး ဌာပနာနေရာအုတ်ကို ဖြိုဖျက်လိုက်သည်။ ကျွမ်းကျွမ်းကျင်ကျင်နှင့် ဖြိုဖျက်တာမို့ မိနစ်အနည်းငယ်အတွင်းမှာပင် ကိစ္စပြီးသွားသည်။ ရတနာပစ္စည်းများကို ပါလာသော အဝတ်အိတ်ထဲ မြန်မြန်သွက်သွက် သွင်းလိုက်သည်။ ခဏချင်းအတွင်းမှာပင် အရာခပ်သိမ်းသည် ပြီးသွားလေ၏။ သူလည်း ဝမ်းမြောက်ဝမ်းသာနှင့် မတ်တတ်ရပ်မည်ဟု လှုပ်ရှားလိုက်စဉ်မှာပင် ဒုတ်ခနဲအသံနှင့်အတူ မြေပြင်ပေါ် ကျကာ မေ့မျောသွားပါလေတော့သည်။

"အဲသလို လှဲသိပ်ခဲ့တယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com

တောင် တစ်ချက်ဆို တစ်ချက်ထဲပဲ။ ငါ့လက်ကို ငါယုံတယ်"

"ဒါနဲ့ မြွေတွေရော"

"လွှတ်လိုက်ပြီပေါ့ ... ဘေးမဲ့ပေးလိုက်ပြီပေါ့"

သို့နှင့် သူတို့ ဆရာတပည့် နှစ်ယောက်သည် အညာဒေသမှ ခြေရာဖျောက်သွားခဲ့သည်။ ထိုသို့ဖျောက်ထားသော ခြေရာအား အငမ်းမရ ရှာဖွေသူများ ရှိနေ၏။ ထိုင်းဆရာကြီးတော့ စားရက်ကြုံတော့ မုတ်ဆိတ်ပျားငုံ သလို ဖြစ်၏။ သူတို့၏ခြေရာအား အငမ်းမရ ရှာဖွေနေသူများကတော့ ပါးစပ်ထဲရောက်ခါနီးမှ ပုတ်ချခံရသော ကလေးလို ယူကျုံးမရ ဖြစ်နေတော့၏။

နောက်နှစ်ပတ်လောက် ကြာသောအခါ မြိတ်သို့သွားသော ကြယ်ငါးပွင့်ပိုင် ဟားခါးသင်္ဘော အထက်တန်းအိပ်ခန်းထဲတွင် သူတို့နှစ်ဦးကို တွေ့ရပြန်တော့သည်။ သူတို့သည် ကော့သောင်းအထိ ခြေဆန့်မည်ဖြစ်၏။ ထိုမှတစ်ဆင့် ရနောင်းသို့ သွားမည်ဖြစ်သည်။ သူတို့အတွက် ကမ္ဘာကြီးသည် အတိုင်းအဆ ကျယ်ဝန်းလှပါ၏။ ဘယ်နေရာ ဘယ်အခါမဆို အလွယ်တကူ ပုန်းနိုင်၊ ရှောင်တိမ်းနိုင်ပါ၏။ ဒါက သူတို့၏ သီအိုရီ ဖြစ်၏။

ကတုံးပေါ်ထိပ်ကွက် ခံရသော မောင်ဖုန်းတို့အဖွဲ့သည် ထိုသီအိုရီ အယူအဆကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ချင်သူများ ဖြစ်၏။ သူတို့လည်း မြွေမောင်မောင်တို့ သွားရာ၊ ပြေးရာနောက်သို့ ခြေရာခံ ထက်ကြပ်မကွာ လိုက်နေသည်။ မြွေမောင်မောင်တို့ ရန်ကုန်ဆင်းသွားသည်ကို သိသည်နှင့် သူတို့လည်း ရန်ကုန်ဆင်းလာသည်။

မြွေမောင်မောင်တို့ကလည်း မောင်ဖုန်းတို့လိုက်လာသည်ကို သိသည်နှင့် မြိတ်ဘက်သို့ ပြေးပြန်သည်။ သူတို့ မြိတ်ကိုပြေးသည်ကို သိတော့ မောင်ဖုန်းတို့လည်း မြိတ်ကိုလိုက်ရပြန်သည်။ ခြားနားသွားသည်ကတော့ မြွေမောင်မောင်တို့က ရေလမ်းမှပြေးသည်။ သူတို့ကိုမမီရန်၊ အုပ်မိရန်ဆိုပြီး မောင်ဖုန်းတို့က လေကြောင်းလမ်းဖြင့် လိုက်လေတော့သည်။

ရေကြောင်းလမ်းသည် မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း ခရီးစဉ် ဖြစ်သည်။ ဘယ်သတ္တဝါမဆို အန္တရာယ်ရှိသော မိမိဝန်းကျင်ကို ပြန်ကြမည် မဟုတ်။ တခြားဝန်းကျင် အသစ်ကိုသာ ရှာဖွေမည်ဖြစ်၏။ ထို့အတူ မြွေမောင်မောင်တို့သည်လည်း မိမိ၏ မူလနေရာဟောင်းဖြစ်သော မွန်ပြည်နယ်တွင် ပြန်လည်ခိုအောင်းရန်မှာလည်း မဖြစ်နိုင်ပါ။

ဤသည်ကို တွက်မိသော မောင်ဖုန်းတို့လူစုသည် ထားဝယ်ဝပ်ကျင်းနှင့် မြိတ်ဝပ်ကျင်းအသစ်ကို အမိကထားပြီး စစ်ဆင်ရေးဆင်နွှဲပါလေတော့သည်။ ဦးစွာ မောင်ဖုန်းတို့လူစုထဲမှ မည်းညိုနှင့် မောင်ထိပ်ကို ထားဝယ်လေဆိပ်အရောက်မှာ ဆင်းစေသည်။ မောင်ဖုန်းနှင့် သာထူးတို့သည် မြိတ်အထိ ဆက်သွားမည်ဖြစ်၏။ သူတို့တည်းခိုမည့် နေရာအသီးသီး လိပ်စာကိုလည်း ဖလှယ်ထားကြသည်။

ထိုင်းဆရာကြီးသည် ပလီစိချောက်ချက် ဉာဏ်အတော်ပြေးသူ ဖြစ်၏။ တခ်ဏုပ္ပတ္တိဉာဏ်လည်း ရှိ၏။ သူတကာအပေါ် မျက်ခုံးမွေးပေါ် စကြိုလည်းလျှောက်တတ်၏။ မြွေမြွေချင်း ခြေမြင်သလို မောင်ဖုန်းတို့၏ လျှို့ဝှက်ချက်ကိုလည်း မြင်လိုက်သည်။ သည်တော့ ထားဝယ်နှင့် မြိတ်တွင် ကြုံတွေ့ရမည့် မောင်ဖုန်းတို့အား မျက်စိလှည့်စားသည့်အနေနှင့် မထင်မှတ်သော ပြုမူချက်ကို ပြုလုပ်လိုက်သည်။ ဤပြုမူချက်မှာ မော်လမြိုင်သို့ သင်္ဘောအရောက်မှာ ခုန်ဆင်းပြီး ခြေရာဖျောက်ကာနေလေတော့သည်။

(၃)

ရန်ကုန်တွင် ရှိနေသော ဂမ္ဘီရစာရေးဆရာ စိုးအောင်အောင်သည် မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်း ဘိုးတော်ပီယအား မော်လမြိုင်တွင် လာရောက်တွေ့ဆုံသည်။ ဘိုးတော်သည် တဘက်ခေါင်းပေါင်းကို ပေါင်းထားသည်။ ရွှေရောင်မျက်မှန်နှင့် နှုတ်ခမ်းမွေးထူထူ ထားသည်။

ရုပ်ရည်အရဆိုလျှင် တစ်ဦးကိုတစ်ဦး မှတ်မိစရာအကြောင်း မရှိ။ ၂၀၀၀ ပြည့်နှစ်ဆိုတော့ သူတို့ လူချင်းကွဲသွားသည်မှာ နှစ်ပေါင်း ၄၀ ရှိပြီဖြစ်၏။ ဒါတောင် ချို့ယွင်းသော သူငယ်ရုပ်ကို ပြန်ဖော်ကြရင်း မှတ်မိလာခြင်းဖြစ်၏။ သည်တော့ သူငယ်ချင်းနှစ်ဦး ရှေးဖြစ်နောက်ကြောင်းများကို ပြောကြဆိုကြ၏။

ဘိုးတော်သည် ငယ်စဉ်က ဆင်းရဲ၏။ ယခုတော့ မော်လမြိုင် တောင်ဝိုင်းတွင် တိုက်ကြီးတာကြီးနှင့် ဖြစ်နေသည်။ ဓာတ်ခန်းနတ်နန်းလည်း ဖွင့်ထားသည်။ ဒိတ်ဒိတ်ကြဲ လူ့မလိုင် အသိုင်းအဝိုင်းက ဆည်းကပ်ကိုးကွယ်တာ များသည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်ပြန်ရောက်တော့ စာရေးဆရာ စိုးအောင်အောင်သည် ဘိုးတော်အကြောင်းကို ဂမ္ဘီရဝတ္ထုတွေ ဖော်ပြသော ဂျာနယ်တစ်စောင်တွင် ဝတ္ထုရေးသသား ဖော်ပြလိုက်သည်။ ဘိုးတော်သည် ငယ်စဉ်ကတည်းက သတ္တဝါတို့အား သနားကြင်နာတတ်ခြင်းကြောင့် သက်သတ်လွတ်စားခဲ့သည်။ အထူးသဖြင့် မြွေတွေကို ကြင်နာတတ်သည်။ ထိုသို့ ကြင်နာတတ်ခြင်းကြောင့် တစ်ညမှာ မြွေတစ်ကောင်က အိပ်မက်လာပေးသည်။ အိပ်မက်အရ သစ်ပင်တစ်ပင် ခြေရင်းအောက်ကို တူးလိုက်ရာ ရတနာရွှေအိုးတစ်လုံးကိုတွေ့ရသည်။ ထိုရတနာများကို လှူရန်ဖယ်ထားပြီး စားသုံးရန်ထားရှိခြင်းကြောင့် ယခုကဲ့သို့ ချမ်းသာလာရသည်ဟု ရေးသားဖော်ပြထားပါသည်။

ထိုဝတ္ထုသည် ဂမ္ဘီရစာပေလောကတွင် လျှမ်းလျှမ်းတောက် ထင်ပေါ်သွားပါတော့သည်။ ထိုဝတ္ထုထွက်လာပြီး မကြာမီမှာပင် တိုယိုတာလင်ခရုဇာကား အနက်ကြီးတစ်စင်း သူ့အိမ်ဆင်ဝင်အောက်တွင် အသာတကြည် လာရပ်သည်။ ထိုကားပေါ်မှ မြန်မာပီသလွန်းသော ရှပ်လက်ရှည် လည်ကတုံးဝတ်၊ အယ်ပတ်ကားတိုက်ပုံအနက်၊ မန္တလေးပိုးထည်ပုဆိုးဝတ်ထားသော ပုဂ္ဂိုလ်သည် အတက်(ချ်)ချီကေ့ဆိုဆွဲကာ ဆင်းလာသည်။ ပြီးတော့ ဘိုးတော်ရှိရာ ဓာတ်ခန်းဆောင်သို့ တန်းတန်းမတ်မတ်ဝင်သွားသည်။ တန်းတန်းမတ်မတ်ဝင်သွားရသည့်အကြောင်းမှာလည်း မဲဆောက်မှ စက်မှုလုပ်ငန်းရှင်တစ်ဦးသည် ဤနေ့ဤအချိန်တွင် လုပ်ငန်းကိစ္စတိုင်ပင်ရန် ရောက်ရှိလာမည်ဟု လွန်ခဲ့သော နှစ်ရက်ခန့်ကကြိုတင် အကြောင်းကြားထားခဲ့ခြင်းကြောင့် ဖြစ်သည်။

ထိုဧည့်သည်သည် ရှေ့တွင် မြင်တွေ့ရသော ဗုဒ္ဓရုပ်ပွားတော်ကို ဦးခိုက်ကြည်ညိုရင်း ...

"အတော်သပ္ပာယ်တဲ့ ဆင်းတုပေပဲ"

"ဘိုးတော် အဆက်ဆက်က ပူဇော်ခဲ့တာလေ"

"ဘိုးတော်ရဲ့ ဘိုးတော်က ခုထိရှိသေးလား"

"ရှိပါကော။ သူက နတ်ပြည်နဲ့ ဗြဟ္မာပြည်ကို ကူးနေတာလေ။ သူတော်စင်တွေဆိုတော့"

"ဒါပေမယ့် ကျုပ်တွေ့တာက ငရဲပြည်မှာပါ"

ဘိုးတော်မျက်နှာသည် မည်းကနည်း မျက်သွားတော့၏။ သူ့ဆရာဘိုးတော်အား စော်ကားလိုက်ခြင်းကြောင့် ဒေါသထွက်သွားတော့၏။ ထိုအခါ ဘိုးတော်က ...

"ခင်ဗျား ဘာပြောတာလဲ"

"ကျုပ်က အခိုင်အမာ ပြောတာဗျ"

ဟုဆိုကာ အတက်(ချ်)ချီကေ့အတွင်းမှ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်သည်။ ဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်သည်။ ဓာတ်ပုံကိုမြင်ပြီးတော့ ကြက်သေသေသွားပါတော့သည်။ ချက်ချင်း သတိရလာပြီး စားပွဲခုံအံဆွဲဆီ လက်ရောက်သွားသည်။ အချက်အလက်ကို လျင်မြန်စွာ သိရှိလိုက်သော ထိုပုဂ္ဂိုလ်သည် ...

"မြွေမောင်မောင် သည့်ထက်ပိုပြီး အတင့်မရဲနဲ့။ ဒီနေ့ဟာ မင်းတို့ဆရာတပည့်နှစ်ယောက်ရဲ့ အသက်ကို မောင်ဖုန်းခြွေလိုက်ပြီ မှတ်လိုက်"

မောင်ဖုန်းလက်ထဲမှ အသံတိတ်ကိရိယာတပ်ထားသော ပစ္စတိုကိုမြင်ပြီး မြွေမောင်မောင် ချွေးတွေပြန်လာတော့၏။ တို့သုတ်ရန်ပင် သတိမရဖြစ်နေသည်။ ထိုစဉ်မှာပင် မောင်ဖုန်း၏ သေနတ်ပြောင်းဝမှ ဖောက်ခနဲဖောက်ခနဲ မြည်သံ သုံးချက်ထွက်ပေါ်လာသည်။ မြွေမောင်မောင်၏ ရင်ဘတ်တစ်ခုလုံး သွေးပင်လယ် ဖြစ်သွားပါတော့သည်။

မောင်ဖုန်းသည် သူအနှစ်နှစ်အလလက ရှာဖွေနေသော ပစ္စည်းများကို ရှာဖွေရရှိသည့်နှင့် စောစောက မြွေမောင်မောင်အားပြသခဲ့သော ဓာတ်ပုံကို သူ့မျက်နှာပေါ်တွင် တင်ထားပြီး ထွက်လာခဲ့သည်။ ထိုဓာတ်ပုံကား ဓားမြှောင်တန်းလန်းနှင့် သေဆုံးနေသော ရှမ်းဆရာဆကြီးပုံပင် ဖြစ်၏။

(၄)

နောက် နှစ်ရက်လောက်အကြာတွင် မုတ္တမသို့အသွား သံလွင်မြစ်ဝတွင် မှောက်လျက်သား မောင်းသူမပါသော ဘုတ်လှေတစ်စင်းကို တွေ့ရှိပါတော့သည်။ တစ်နေရာဖြစ်သော မုတ္တမကွေ့တွင် အမျိုးအမည် မသိရသော ယောကျာ်းအလောင်းကိုလည်း တွေ့ရသေးသည်။ သေသူသည် မည်သူမည်ဝါဖြစ်သည်ကို မပြောပြနိုင်တော့ပေမင့် မြွေမောင်မောင်သည်လည်းကောင်း၊ မောင်ဖုန်းသည်လည်းကောင်း ပြောပြနိုင်မည်ဖြစ်၏။

မုဒုံ–သူမှ



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှတ်တမ်းများ

■ လှမိုး(ပညာရေး)



၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျွန်တော်တို့ မြန်မာနိုင်ငံ ရုပ်သံလွှင့်အစီအစဉ်မှ ထုတ်လွှင့်သွားသော နိုင်ငံခြားသတင်းတစ်ပုဒ်ကို ကြည့်ရှုနားထောင်ခဲ့ရသော ပရိသတ်အဖို့ တအံ့တဩဖြစ်ခဲ့ရသည်။ ထိုသတင်းတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်သို့ အမေရိကန်ပြည်ထောင်စုသံအမတ်ကြီးအဖြစ် ရောက်ရှိလာသော ယခင်လုပ်ကြံခံရသည့် အမေရိကန်ပြည်ထောင်စုသမ္မတကြီး ဂျွန်အက်(ဖ်)ကနေဒီ၏ သမီးဖြစ်သူ ကာရိုလင်းကနေဒီအား ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့က ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်သာမက ဂျပန်လူထုကလည်း တစ်ခဲနက် ကြိုဆိုကြသည်ဟု ထုတ်လွှင့်သွားခဲ့သည်။ ထိုသတင်းကိုပင် ဘီဘီစီရုပ်သံလွှင့်အစီအစဉ်များကလည်း ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးခဲ့ကြသည်။

ထိုသတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်း အကျယ်တဝင့် ရေးသားဖော်ပြခဲ့သဖြင့် လူအများစိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်ဖြစ်ခဲ့ရသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ထိုနေ့တွင် ဖော်ပြသော အင်တာနက်သတင်းတစ်ပုဒ်တွင် အမေရိကန်ပြည်ထောင်စု၌ သမ္မတကနေဒီ လုပ်ကြံခံရမှု နှစ် ၅၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဘုရားရှိခိုးကျောင်းများမှ ခေါင်းလောင်းများထိုးကာ အလံများကိုချလျှတ်ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြ

www.burmeseclassic.com


သည်၊ အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်၊ ဒါလက်မြို့ရှိ ဂျွန်အက်(ဖ်)ကနေဒီ အထိမ်းအမှတ် ရင်ပြင်တွင်မူ ပြည် သူအများသည် လွမ်းသူ့ပန်းခွေများ ပန်းခြင်းများကို ချထားခဲ့ကြသည်။

သမ္မတကြီးကနေဒီ လုပ်ကြံခံရမှုသည် အမေရိကန်ပြည်ထောင်စု သမိုင်းတွင် မှောင်မိုက်သည့်အလှည့် အပြောင်းကြီးဖြစ်ခဲ့ရသဖြင့် အမေရိကန်ပြည်ထောင်စု လူထုသည် ယင်းနေ့ကို မမေ့နိုင်ကြဘဲ တသသဖြစ်ခဲ့သည်။ သို့ဖြစ်၍ ယနေ့တိုင် အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံးရှိ မြို့ကြီးမြို့ငယ်များတွင်လည်းကောင်း၊ ကျေးရွာများတွင်လည်းကောင်း နေထိုင်ကြသော လူထုသည် သမ္မတကြီးကနေဒီ၏စကားများကို အလွမ်းပြေ အမှတ်တရအဖြစ် ရွတ်ဆိုခဲ့ကြသည်။

လက်ရှိသမ္မတကြီး အိုဘားမားကလည်း အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားရှိ မြို့များ၊ ကျေးရွာများတွင် ယင်းအထိမ်းအမှတ်နေ့တွင် အမေရိကန်ပြည်ထောင်စုအလံတော်အား တိုင်ဝက်လွှင့်ထူရန် အမိန့်ထုတ်ခဲ့သည်။ သမ္မတကြီးကနေဒီ၏ ကျူးဘားဒုံးကျည်ပြဿနာ၌ ဖြေရှင်းခဲ့မှု၊ ဂျာမဏီနိုင်ငံ ဘာလင်းမြို့ နှစ်ခြမ်းကွဲမှုပြဿနာ ဖြေရှင်းပေးခဲ့မှုမှာ ကမ္ဘာ့သမိုင်းတွင် မှတ်တိုင်တစ်တိုင် ဖြစ်ခဲ့သည်ဟုလည်း ဖော်ပြခဲ့သည်။

ဂျွန်အက်(ဖ်)ကနေဒီ [John F Kennedy]သည် ကမ္ဘာ့နိုင်ငံအသီးသီးက မော့ကြည့်ရသော စူပါပါဝါနိုင်ငံကြီးဟု ကင်ပွန်းတပ်ခံရသော အမေရိကန်ပြည်ထောင်စု၏ သုံးဆယ့်ငါးယောက်မြောက် သမ္မတဖြစ်သည်။ သူ့ကို ၁၉၁၇ ခုနှစ် မေလ ၂၉ ရက်နေ့တွင် မက်ဆက်ကျူးဆက်ပြည်နယ်၊ ဘရွတ်ကလင်းမြို့၌ ဖွားမြင်ခဲ့၏။ အမေရိကန်ပြည်ထောင်စု ပရင်စတန်တက္ကသိုလ်နှင့် ဟားဗတ်တက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့ပြီး အတော်အသင့် ထူးခြားထက်မြက်သူတစ်ဦး ဖြစ်သည်ဟု သိရသည်။

သူ့အသက် ၃၀ အရွယ်တွင် မက်ဆက်ကျူးဆက်ပြည်နယ် အောက်လွှတ်တော် အမတ်အဖြစ်ရွေးချယ်တင်မြှောက်ခံခဲ့ရာမှ လူသိများလာခဲ့သည် ..။ အသက် ၃၆ နှစ်တွင်မူ ဆီနိတ်တာ (အထက်လွှတ်တော်အမတ်)ဖြစ်လာခဲ့ရာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော၊ အလားအလာရှိသော နိုင်ငံရေးသမားတစ်ဦးဟု သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်တွင်မူ ဂျွန်အက်(ဖ်)ကနေဒီမှာ အမေရိကန်ပြည်ထောင်စု သမ္မတကြီးအဖြစ် အရွေးခံခဲ့ရသည်။ မှတ်တမ်းများအရ ထိုအချိန်တွင် သူ့အသက်မှာ လေးဆယ့်သုံးနှစ်မျှသာ ရှိသဖြင့် အမေရိကန်ပြည်ထောင်စုသမိုင်းတွင် အသက်အငယ်ဆုံးသော သမ္မတတစ်ယောက်ဖြစ်သည်ဟု သိရ၏။ ငယ်ရွယ်သော သမ္မတတစ်ယောက်ဖြစ်သည်နှင့်လျော်ညီစွာ မျှော်လင့်ချက်ကြီးမားပြီး အမေရိကန်ပြည်ထောင်စုအား ကမ္ဘာ့နိုင်ငံကြီးများ






www.burmeseclassic.com

www.burmeseclassic.com

တွင် မဟာစူပါနိုင်ငံ တစ်နိုင်ငံအဖြစ်
ရပ်တည်နိုင်ရမည်ဟု ထူးခြားသော
ရည်မှန်းချက်ဖြင့် သမ္မတဖြစ်လာခဲ့
သူဖြစ်ရာ အမေရိကန်ပြည်ထောင်စု
ရှိ လူငယ်လူရွယ်များသာမက ကမ္ဘာ့
နိုင်ငံအသီးသီးမှ လူငယ်လူရွယ်များ
အတွက် အတုယူစရာ၊ အားကျစရာ
ဖြစ်လာခဲ့၏။

ပို၍ အားကျစရာကောင်းနေ
သည်မှာ ကနေဒီသည် ရုပ်ရည်ချော
မောလှပ၍ ယောကျ်ားပီသသော
လူငယ်တစ်ဦးဖြစ်ပြီး ဇနီးဖြစ်သူ
ဂျက်ကလင်းလီအိုဗီးယားမှာလည်း
အမျိုးသမီးပီသသော မိန်းမချော
တစ်ဦးသာ ဖြစ်ပေသည်။

ကနေဒီ သမ္မတရာထူး ထမ်း
ဆောင်နေသည့် အချိန်ကာလသည်
ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ
(ယခု ရုရှား)နှင့် မကြေညာသော စစ်
အေးတိုက်ပွဲ ဆင်နွှဲနေရသည့် အချိန်
ဖြစ်သည်။ ဆိုဗီယက်နိုင်ငံ (ယနေ့
ရုရှား)ကလည်း အမေရိကန်ပြည်
ထောင်စု၏ နိုင်ငံရေးသိက္ခာကျဆင်း
ရေးကို နည်းလမ်းအမျိုးမျိုးနှင့် ပြု
လုပ်လျက်ရှိပြီး နိုင်ငံရေးဇာတ်ခုံတွင်
သူနိုင်ကိုယ်နိုင် အပြိုင်ကြခဲ့ကြသည့်
အချိန်ဖြစ်သည်။ အယူအဆခြင်း
မတူသော နိုင်ငံများ ထာဝစဉ်အတူ
ယှဉ်တွဲနေထိုင်ရေးဟု ဟစ်ကြွေးနေ
ကြသော်လည်း အပြိုင်အဆိုင် စစ်
အင်အားတိုးချဲ့၍ တတိယကမ္ဘာစစ်
သို့ ဦးတည်နေသောအချိန် ဖြစ်
သည်။ အမေရိကန်ပြည်ထောင်စုမှ
မိုင် ၉၀ မျှသာ ကွာဝေးသော ကျူး
ဗားကျွန်းတွင် ဆိုဗီယက်ပြည်ထောင်
စု သမ္မတနိုင်ငံ(ရုရှား)သည် ဒုံးပျံစစ်
စခန်းတည်ဆောက်ရန် စီမံလာခဲ့
သည့် အချိန်ဖြစ်သဖြင့် ကမ္ဘာ့နိုင်ငံ
ရေးလောကတွင် ထူးခြားသော နိုင်ငံ
ရေးအကြပ်အတည်းကြီးတစ်ခု ဖြစ်
ခဲ့သည်။

ကမ္ဘာ့နိုင်ငံ အသီးသီးကလည်း
တတိယကမ္ဘာစစ်မီးကြီး 'တောက်
လောင်လာပေတော့မည်ဟု ရင်
တမမဖြစ်ခဲ့ရသည့်အချိန်တွင် သမ္မတ
ကနေဒီသည် ရဲရဲဝင့်ဝင့် ပြတ်ပြတ်
သားသား နိုင်ငံရေးဆုံးဖြတ်ချက် ချ
မှတ်နိုင်ခဲ့သဖြင့် ဆိုဗီယက်ပြည်
ထောင်စုမှ ကျူးဗားနိုင်ငံတွင်း ဒုံးပျံ
စစ်စခန်း တည်ဆောက်ရေးကို စွန့်
လွှတ်ခဲ့ရာ အမေရိကန်ပြည်ထောင်
စုအဖို့ ဂုဏ်သိက္ခာတိုးတက်ခဲ့ရ၏။
ဥရောပတိုက်နိုင်ငံများနှင့် ပတ်သက်
သည့် နိုင်ငံရေးအရှုပ်အထွေးများ
တွင်လည်း အမေရိကန် ပြည်ထောင်
စုမှာ အတော်အသင့် အောင်မြင်
တွေ့မှ ရခဲ့၏။

၁၉၆၃ ခု နိုဝင်ဘာလ ၂၂ ရက်၊
ကြာသပတေးနေ့ နံနက်တွင် သမ္မတ
ကနေဒီနှင့် သမ္မတကတော် ဂျက်ကီ
တို့သည် လူထုအစည်းအဝေးကြီး
တက်ရောက်ရန် တက္ကဆက်ပြည်
နယ်၊ ဒါးလက်မြို့သို့ ထွက်ခွါလာခဲ့
သည်။ ဒါလက်လေယာဉ်ကွင်း၌
တက္ကဆက်ပြည်နယ် ဘုရင်ခံနှင့်ဇနီး
တို့က ဆီးကြိုနှုတ်ဆက်ကြပြီး သမ္မတ
တို့ ဇနီးမောင်နှံအား ဒါလက်မြို့တွင်း
သို့ ခေါ်ဆောင်လာခဲ့ကြ၏။

သမ္မတကြီးနှင့် သမ္မတက
တော်တို့က အမိုးဖွင့်ထားသော ကျည်
ကာ မော်တော်ကားနောက်ခန်းတွင်
ထိုင်၍ တက္ကဆက်ပြည်နယ် ဘုရင်
ခံနှင့် ဘုရင်ခံကတော်တို့က ရှေ့ခန်း
မှ လိုက်ပါလာခဲ့ကြ၏။ မော်တော်
ကားကို ဖြည်းဖြည်းမောင်းနှင်ခဲ့
သဖြင့် လုံခြုံရေးအရာရှိများက မော်
တော်ကားဘေး တစ်ဖက်တစ်ချက်မှ
ခြေလျင်လိုက်ပါလာခဲ့ကြ၏။ သမ္မတ
ကြီးတို့ လိုက်ပါလာသော မော်တော်
ကားနှင့် ကားတန်းကြီးသည် ဒါလက်
မြို့ ဗဟိုလမ်းမှ အယ်(လ်)လိမ်လမ်း
ဘက်သို့ ချိုးဝင်လာခဲ့သည်။ လမ်း
ဘေးတစ်ဖက်တစ်ချက်တွင် မြို့နယ်
လူထုကလည်း ဝမ်းမြောက်ဝမ်းသာ
ဆူဆူညံညံအော်ဟစ်၍ ကြွေးကြော်
နှုတ်ဆက်ခဲ့သည်။ ဤသို့အတွင်း
ဆူဆူညံညံအသံများကို ဖောက်
ထွက်ကာ သေနတ်သံသုံးချက် ထွက်
ပေါ်လာခဲ့သည်။

လူသတ်သမား ပစ်ခတ်သော
ကျည်ဆန်သည် သမ္မတအား ထိမှန်
သွားခဲ့သဖြင့် သမ္မတကားဖြင့် ပတ်(စ်)
လင်မော်ရီလမ်းဆေးရုံသို့ အမြန်ဆုံး
ပို့နိုင်ခဲ့သော်လည်း သေနတ်ဖြင့် ပစ်
ခတ်ခံရပြီး နှစ်ဆယ့်ငါးမိနစ်အကြာ
တွင် အမေရိကန်ပြည်ထောင်စု၏
သမ္မတကြီး ဂျွန်ဖစ်ဂျရယ်ကနေဒီ
သည် ကွယ်လွန်သွားခဲ့သည်။ သူ
ကွယ်လွန်သွားပြီ ဖြစ်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ပြည်ထောင်စု အစိုးရ တာဝန်ရှိသူများက တရားဝင် ထုတ်ပြန်ကြေညာခဲ့၏။

ဤကဲ့သို့ သေနတ်ပစ်ခံရပြီး လေးဆယ့်ငါးမိနစ်အကြာတွင် အမေရိကန်ပြည်ထောင်စု ကမ်းခြေတက် တပ်ဖွဲ့တပ်သားဟောင်း လီဟာဗေးအော(စ်)ဝဲ(လ်)ဆိုသူကို ရုပ်ရှင်ရုံ တစ်ရုံအတွင်း ဖမ်းဆီးရမိခဲ့သည်။ သူသည် ဤရုပ်ရှင်ရုံအတွင်း ပုန်းအောင်းမနေခင် သူ့နောက်သို့ လိုက်လာသော ရဲတပ်ဖွဲ့ဝင် ရဲအရာရှိ ဂျေဒီတစ်ပစ်အား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ရဲအရာရှိ ဂျေဒီတစ်ပစ်မှာ နေရာတွင်ပင် ကွယ်လွန်ခဲ့ရ၏။ စုံထောက်နှင့် ရဲတပ်ဖွဲ့ဝင်များကမူ လီဟာဗေးအော(စ်)ဝဲ(လ်)သည် ရဲအရာရှိကိုသာမက အမေရိကန်ပြည်ထောင်စုသမ္မတကြီး ဂျွန်အက်(ဖ်)ကနေဒီကိုပါသတ်ခဲ့သူဟု ယူဆထား၏။ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိများသည် အော့(စ်)ဝဲ(လ်)အား နှစ်ရက်တိတိ အသေးစိတ် စစ်ဆေးမေးမြန်းခဲ့ကြသည်။ သူသည် အမေရိကန်ပြည်ထောင်စု ကမ်းခြေတက်တပ်ဖွဲ့တပ်သားဟောင်းတစ်ဦး ဖြစ်ခဲ့၏။ အသက် ၂၀ နှစ်အရွယ်တွင် တပ်မှထွက်ခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံ(ယနေ့ရုရှား)တွင် နှစ်နှစ်နေထိုင်သည်။ ဆိုဗီယက်ပြည်ထောင်စုသားအဖြစ် ရရှိရန် ကြိုးစားခဲ့သော်လည်း မရရှိခဲ့။ ဆိုဗီယက်နိုင်ငံသူ အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့ရာ သမီးတစ်ယောက်မွေးဖွားခဲ့၏။ အမေရိကန် ပြည်ထောင်စုသို့ ပြန်လာခဲ့ရာတွင် အမေရိကန်ပြည်ထောင်စု ဆန့်ကျင်ရေး လုပ်ငန်းများကို တစိုက်မတ်မတ် ပြုလုပ်ခဲ့သည်သာမက ကျူဗားခေါင်းဆောင် ဖီဒယ်ကက်စထရိုအား ထောက်ခံခဲ့၏။ ၁၉၆၃ ခု၊ စက်တင်ဘာလတွင် တက္ကဆက်ပြည်နယ်၊ ဒါလက်မြို့ ကျောင်းသုံးစာအုပ်များ သိုလှောင်သည့်ဌာနတွင် အမှုထမ်းခဲ့သည်။

အော့စ်ဝဲလ်သည် သမ္မတကြီး ကနေဒီအား စာအုပ်တိုက် ကုန်လှောင်ရုံ အပေါ်ထပ်မှ သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်၏။ သူ့အား လူသတ်သမားအဖြစ် ဖမ်းဆီးစစ်ဆေးပြီး နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဒါလက်(စ်)မြို့ ရဲအချုပ်မှ မြို့နယ်အကျဉ်းထောင်သို့ လွှဲပြောင်းရန် ရဲအစောင့်အရှောက်ဖြင့် လူမြင်ကွင်းသို့ ထုတ်ယူခေါ်ဆောင်လာခဲ့ကြသည်။ ဤသို့ ခေါ်ဆောင်လာစဉ် ရုပ်သံလွှင့်အစီအစဉ်များ ရိုက်ကူးသူများ သတင်းမီဒီယာများကလည်း ရုပ်သံလွှင့်ရိုက်ကူးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုခဲ့ကြသည်။ ပြည်သူ့အချစ်တော် သမ္မတကြီးအား သတ်ခဲ့သော လူသတ်သမားဟု ဆိုကာ မြို့နေလူထုက အုန်းအုန်းကျွက်ကျွက် လာရောက်ရှိကြရာ ပွဲလမ်းသဘင်မျှ စည်ကားခဲ့သည်ဟု နောင်အခါ သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့ကြ၏။ ဤသို့ လူအများကြည့်ရှုနေစဉ် လူအုပ်ကြီးအတွင်းမှ ထူးထူးခြားခြား သန်မာထွားကြိုင်းသော လူငယ်တစ်ယောက်သည် ရုတ်တရက်ပြေးထွက်လာ၏။ လူသတ်သမား အော့(စ်)ဝဲ(လ်)အား အနီးကပ်၍ ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ဤတွင် ရဲနှင့်စုံထောက်တို့က အော(စ်)ဝဲ(လ်)အား ရဲအချုပ်အတွင်း ပြန်သွင်းခဲ့ကြသည်။ သို့သော် အော်(စ်)ဝဲ(လ်)ကား သေဆုံးသွားခဲ့ပြီဖြစ်၏။

ရဲနှင့်စုံထောက်တို့သည် လူသတ်တရားခံ အော(စ်)ဝဲ(လ်)အား အနီးကပ်ပစ်ခတ်ခဲ့သူ ဝိုင်း၍ဖမ်းဆီးထားခဲ့သည်။ အော(စ်)ဝဲ(လ်)အား သေနတ်ဖြင့် ပစ်သတ်သူသည် ရဲနှင့် စုံထောက်တို့အား လုံးဝပြန်လည်ခုခံခြင်းမရှိ အေးအေးဆေးဆေး အဖမ်းခံခဲ့သည်။

အော(စ်)ဝဲ(လ်)အား အနီးကပ်သေနတ်ဖြင့်ပစ်သတ်ခဲ့သူမှာ ဒါလက်(စ်)မြို့မှ ညကလပ်ပိုင်ရှင်တစ်ဦး ဖြစ်သည်။ သူ၏အမည်မှာ ဂျက်ရူဘီဆိုသူ ဖြစ်၏။ သူကမူ သူသည် လူသတ်သမား အော့(စ်)ဝဲ(လ်)အား သမ္မတကြီးကတော်ကိုယ်စား လက်စားချေသတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲနှင့် စုံထောက်တို့အား ဖြောင့်ချက်ပေးခဲ့၏။

ဤတွင် သမ္မတကြီးအား လုပ်ကြံသတ်ဖြတ်မှုသည် အမေဘုတ်၏ ချည်ခင်ကဲ့သို့ ရှုပ်ထွေးလာခဲ့တော့၏။ သမ္မတကြီးအား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သော အော(စ်)



www.burmeseclassic.com

www.burmeseclassic.com

ဝဲ(လ်)အား အဘယ်ကြောင့် ညကလပိုင်ရှင် "ဂျက်ရူဘီစတိန်း" ခေါ် ဂျက်ရူဘီက သတ်ဖြတ်ခဲ့သည့် သမ္မတကြီးကိုလုပ်ကြံသတ်ဖြတ်သူဟု ဖမ်းဆီးထားသော အော(စ်)ဝဲ(လ်)ဆိုသူမှာ အမှန်တကယ် သမ္မတကြီးကို လုပ်ကြံသတ်ဖြတ်ခဲ့သူလော။ သူ့နောက်တွင် မည်သူတို့ ပါဝင်ခဲ့သနည်း။ လူသတ်သမား အော(စ်)ဝဲ(လ်)သည် မူးယစ်ဆေးဝါး ရောင်းချသည့် ဂိုဏ်းဝင်လော။ သို့မဟုတ် ကြေးစားလူသတ် သမားတစ်ယောက်လော။

အော(စ်)ဝဲ(လ်)အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သူ ညကလပ်ပိုင်ရှင် ဂျက်ရူဘီမှာ လူရှုပ်လူပွေတစ်ယောက်ဖြစ်သည်။ ဒါလက်(စ်)မြို့မြေအောက်လောကတွင် နာမည်ကျော်ကြား လူသိများသူဖြစ်သည်။ ဒါလက်(စ်)မြို့တွင် ဖြစ်ပွားခဲ့သော ဒုစရိုက်မှုများကို ကျူးလွန်ခဲ့သူအများသည် သူ့ညကလပ်တွင် ကျက်စားကြလေ့ရှိရာ သူလည်း ဒါလက်(စ်)မြို့တွင် ဖြစ်ပွားသော အမှုအခင်းမှန်သမျှ နောက်ကွယ်မှ ပါဝင်သူဟု အများက ယူဆထားကြ၏။

အချို့ မြို့နေလူထုကမူ ဂျက်ရူဘီသည် အမေရန်ကန်ပြည်ထောင်စုတွင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြရသော မာဖီးယားဂိုဏ်းဝင်တစ်ဦးလည်း ဖြစ်သည်ဟု ဆိုကြသည်။ သို့ဖြစ်၍ အော(စ်)ဝဲ(လ်)အား နှုတ်ပိတ်သည့်အနေဖြင့် သတ်ဖြတ်ခဲ့ခြင်းလော။ မည်သို့ပင်ဆိုစေကာမူ အခိုက်အတန့်အားဖြင့် သမ္မတကြီးကို လုပ်ကြံသတ်ဖြတ်ခဲ့သူဟုဆိုသော အော(စ်)ဝဲ(လ်)အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်အပြီးတွင် အမေရိကန်ပြည်ထောင်စုသားအားလုံး၏ သူရဲကောင်းတစ်ယောက်သဖွယ် ဖြစ်လာခဲ့သည်။

သမ္မတကြီး၏လုံခြုံရေးကို အနီးကပ်တာဝန်ယူကြရသော အထူးလျှို့ဝှက်စုံထောက်အဖွဲ့ ကမ္ဘာ့နိုင်ငံအသီးသီးမှ စုံထောက်အဖွဲ့ကြီးများက မော့ကြည့်ကြရသော အက်(ဖ်)ဘီအိုင် စုံထောက်အဖွဲ့ကြီးနှင့် ကမ္ဘာ့ထိပ်တန်းထောက်လှမ်းရေး အဖွဲ့ကြီးဟု သတင်းမီဒီယာများက တညီတညွတ် ယူဆထားပြီး နိုင်ငံတကာတွင် အပ်ကျသည်ကအစ သတင်းရယူထားလေ့ရှိသည်။ စီအိုင်အေအဖွဲ့ကြီးတို့သည် အဘယ်ကြောင့် လူထုအချစ်တော် သမ္မတကြီး ဂျက်ကနေဒီကို အကာအကွယ်မပေးနိုင်ခဲ့ကြသနည်း။ စဉ်းစားစရာ မေးခွန်းများဖြစ်လာသည်။ နိုင်ငံတကာက သမ္မတကြီး ကနေဒီလုပ်ကြံမှုကို စောင့်ကြည့်ခဲ့ကြသည်။

အမေရိကန် ပြည်ထောင်စုအတွင်း ပွဲဆူခဲ့ရကား ပျားရည်တစ်စက်ဇကြောင့် ပြည်ပျက်ရသည့်ကိန်းဆိုက်ခဲ့ရသည်။ ကနေဒီ၏ သမ္မတရာထူးကို ဆက်ခံသည့် သမ္မတလ္လိုက်ဂျွန်ဆန်သည် သမ္မတကြီး ကနေဒီလုပ်ကြံမှုကို စုံစမ်းစစ်ဆေးရန် "အထူးစုံစမ်းစစ်ဆေးရေးကော်မရှင်" အဖွဲ့တစ်ဖွဲ့ ဖွဲ့၍ စုံစမ်းမှုပြုလုပ်ခဲ့၏။

သမ္မတလုပ်ကြံသူဟု စွပ်စွဲခံရသည့် အော(စ်)ဝဲလ်အား သတ်ခဲ့သူ ဂျက်ရူဘီအား အမေရိကန်ပြည်ထောင်စု ရာဇဝတ်ရာရုံးက သေဒဏ်အဖြစ်ပေးခဲ့၏။ သို့သော် အယူခံခဲ့သည့်အတွက် သေဒဏ်အစား တစ်သက်တစ်ကျွန်း ဒဏ်သို့ ပြောင်းလဲခဲ့၏။ ၁၉၆၇ ခုနှစ်တွင်မူ ဂျက်ရူဘီသည် အကျဉ်းထောင်အတွင်း အဆုတ်သွေးခဲသော ဝေဒနာဖြင့် ကွယ်လွန်ခဲ့၏။

သမ္မတကြီးသတ်မှု စုံစမ်းစစ်ဆေးသော ကော်မရှင်သည် သက်သေပေါင်း ၅၅၂ ယောက်အား စနစ်တကျ စုံစမ်းစစ်ဆေးခဲ့ပြီး အဖွဲ့၏ အစီရင်ခံစာကို ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေခဲ့၏။ သို့သော် ထိုအစီရင်ခံစာသည် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်ခြင်းမရှိဟု လူထုအများက ယူဆခဲ့ကြသည်။ ထိုလုပ်ကြံမှုကြီး ဖြစ်ပွားခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သော်လည်း လူသတ်တရားခံ အော(စ်)ဝဲ(လ်)၏ နောက်ကွယ်တွင် မည်သူများ ပါဝင်ခဲ့သနည်းဆိုသည်ကို ထုတ်ဖော်နိုင်ခြင်း မရှိသေးပါကြောင်း။

**လှမိုး(ပညာရေး)**

<u>ကျမ်းကိုး</u>

How Kennedy was killed By J-Joestein



www.burmeseclassic.com

www.burmeseclassic.com



# မှားမှန်ရောထွေး

## အမှန်ရွေးနိုင်ပါစေ

**စလင်း–ဦးအောင်သိန်း**

ဝါသနာအလျောက် အားလပ်ချိန်များတွင် စာရေး၊ စာဖတ်ခြင်းအလုပ်ကို စဉ်ဆက်မပြတ် လေ့လာဖတ်ရှုရေးသားနေပါသည်။ အချို့မိတ်ဆွေများက "ဘယ်အချိန်များရေးလဲ"ဟု မေးမြန်းတတ်ပါသည်။ ဤသို့မေးမြန်းသည်မှာ အကြောင်းရှိပါသည်။

အချို့သော ရှေ့နေစာရေးဆရာများသည် အမှုလိုက်ပါဆောင်ရွက်ခြင်းကို အနည်းအကျဉ်း အမှုလိုက်ပါဆောင်ရွက်နေပါသည်ဟု ပြောရရုံမျှ လိုက်ပါသဖြင့် စာရေးခြင်းအလုပ်ကို အချိန်ပေးနိုင်ပါသည်။ အချို့လည်း ရေးလည်းရေးနိုင်သည်၊ အမှုလည်း တပည့်တွေတစ်ပုံကြီးနှင့် လိုက်ပါဆောင်ရွက်နေနိုင်သည်။ အလုပ်များများလုပ်သည့်အတွက် ချီးကျူးပါသည်။ အတုယူထိုက်သည့် ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

ဦးစလင်းကား အတုယူထိုက်သည့် ပုဂ္ဂိုလ်မျိုးထဲ မပါရှိပါ။ သို့သော် စာရေးရလျှင်ရေး၊ မရေးရလျှင်ဖတ်၊ မဖတ်, မရေးသည့်အချိန် အမှုသည်များနှင့် ဆွေးနွေးခြင်း၊ တပည့်များအား အမှုစစ်ဆေးရာတွင် မည်သို့မည်ပုံ စစ်ဆေးရန်၊ ရေးသားရန်ရှိလျှင်လည်း ဘယ်စီရင်ထုံး၊ ဘယ်ဥပဒေ၊ ဘယ်ပုဒ်မတွေဖတ် စသည်ဖြင့် ပြောဆိုဆွေးနွေးရပါသည်။ ရုံဖန်ရံခါတွင်တော့ ရှေ့ကခေါ်ပေး၊ နောက်ကလိုက်ရေးခြင်းမျိုးဖြင့် အလုပ်ရှုပ်နေတတ်ပါသည်။ အမှုသည်များ၊ တပည့်များနှင့်



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်ထိုင်ပြီး လေအွေ့ာကာ အနားပေး၊ အနားယူတာမျိုး ရှိပါသည်။ ဤကဲ့သို့ နိစ္စဓူဝ အလုပ်တွေ လုပ်နေသည့်ကြားက မဂ္ဂဇင်းအချို့တွင် ဝတ္ထုတိုလေးရေးလိုက်၊ စာစောင်များတွင် ပြုပြင်ရေးဆောင်းပါးများရေးလိုက်၊ ဥပဒေစာအုပ်များထုတ်လိုက်၊ ဆိုင်တွေတင် ဖြန့်ချိလိုက်ဆိုတော့ "ဘယ်အချိန်ရေးလဲ" မေးခြင်းမှာ စာနာ၍မေးခြင်းသာဖြစ်ပါသည်။

ဦးစလင်းမှာ အခြားအပိုအလုပ် မရှိလှပါ။ ရပ်ရေးရွာရေးမှာ အနည်းအကျဉ်း မဆိုစလောက် အလုပ်လေးလောက်သာ ရှိပါသည်။ လက်ဖက်ရည်ဆိုင်ထိုင်ပြီး အချိန်ကုန်ခြင်း၊ အပေါင်းအသင်းတွေနဲ့ သောက်စားခြင်းမျိုး မရှိပါ။ အဲဒီဘက်မှာ အပေါင်းအသင်းမရှိပါ။ ဦးစလင်းနဲ့ အရက်မတည့်ပါ။ အနည်းအကျဉ်းသောက်လျှင်ပင် ခေါင်းထိုးသည့်ဒဏ် မခံနိုင်ပါ။ ထို့ကြောင့်လည်း ဦးစလင်း အချိန်အားရနေခြင်း ဖြစ်ပါသည်။ ဦးစလင်း၏ ဆန္ဒနှင့် ရည်ရွယ်ချက်များလည်း အလုပ်များများလုပ်၊ တတ်နိုင်သလောက် အကျိုးပြုလုပ်ငန်းလုပ်၊ အများပြည်သူ အကျိုးများစေမည့် ပြုပြင်ရေးဆောင်းပါးများ၊ ရသများ၊ ဗဟုသုတများ တိုးပွားစေမည့် စာပေများကို မိမိစွမ်းသလောက် ဆောင်ရွက်နေလိုခြင်း ဖြစ်ပါသည်။ လုပ်ချင်သည့် ဆန္ဒတွေ များစွာရှိသော်လည်း မစွမ်းဆောင်နိုင်သည့်အတွက် အကောင်အထည် မဖော်နိုင်ပါ။ တစ်ယောက်တည်း ခွန်နှင့်အားနှင့်လည်း လုပ်ဆောင်မရပါ။ ထို့ကြောင့် ငြိမ်နေရပါသည်။ လုပ်နိုင်သည့်အချိန် လုပ်ရန်တော့ အားမလျှော့ဘဲ ကြိုးစားနေဆဲရှိနေပါသည်။ ဘာတွေလုပ်ချင်သလဲ၊ ဘယ်လိုဆန္ဒတွေ ရှိနေလဲဆိုလျှင် ဆင်းရဲနွမ်းပါးသော စာရေးဆရာများ၊ ရှေ့နေများကို ကူညီထောက်ပံ့ပေးနိုင်မည့် အသင်းအဖွဲ့မျိုး ဖွဲ့စည်းထူထောင်ပေးချင်သည်။ စာအုပ်များ ရေးသားထုတ်ဝေရာမှ ရရှိလာမည့် အကျိုးအမြတ်များကို လူမှုရေး၊ ဘာသာရေးအတွက် အဓိက ဦးစားပေး သုံးစွဲချင်သည်။ လက်တွေ့တွင် စာအုပ်ထုတ်လိုက်၊ ဆိုင်တင်လိုက်ဖြင့် ဆိုင်တင်ထားသည့် ဘောက်ချာများသာ ရှိနေသည်။ သည့်အထဲ အချို့ဆိုင်များက လက်တစ်ဝါးစာ ဘောက်ချာလေးပေးထားရာ ဘောက်ချာရှာမတွေ့၍ အရင်းဆုံးရှုံးရသည်များလည်း ရှိသေးသည်။ ဟိုလူ၊ ဒီလူ အကူအညီတောင်းပြီးရောင်းခိုင်းရာ ပြန်မလာတာတွေလည်း ကြုံရသည်။

မည်သို့သော အခက်အခဲများ ကြုံပါစေ၊ တွန်းလှန်ပြီး သင်ခန်းစာများအဖြစ် မှတ်ယူကာ ရှေ့ခရီးဆက်သွားနေမည်သာ ဖြစ်ပါသည်။ ရှေ့ခရီးဆက်ရင်း ရှင်းစရာတွေရှင်း၊ သင်ခန်းစာယူစရာတွေယူ၊ အကောင်းဆုံးဖြစ်အောင် လုပ်နိုင်သလောက် လုပ်သွားပါမည်။ ရှေ့နေလုပ်ငန်း၊ စာရေးဆရာလုပ်ငန်းဖြင့် စီးပွားဖြစ်ချမ်းသာရန် မရှိပါ။ လူမှုရေးလုပ်ငန်း၊ သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် သဘောထားကာ ကြိုးစား၍ လုပ်ဆောင်သွားပါမည်။

ဥပဒေသည် လူတစ်ယောက်၏ သက်တမ်းထက် ပိုပြီး ဆက်စပ်မှုရှိနေပါသည်။ လူတစ်ယောက်၏သက်တမ်းကို မွေးဖွားချိန်မှ သေဆုံးချိန်ထိ သတ်မှတ်ထားပါသည်။ ဥပဒေက ထိုလူ မမွေးဖွားမီ ပဋိသန္ဓေတည်ကတည်းက ဆက်နွယ်မှု ရှိနေပါသည်။ သေဆုံးပြီးသည့်နောက်ပိုင်းတွင်လည်း မသေမီက လုပ်ဆောင်ခဲ့သည့် လုပ်ငန်းအမျိုးအစား၊ ပမာဏအကြီးအသေး၊ အတိမ်အနက်၊ အဆိုးအကောင်းပေါ် မူတည်၍ ဥပဒေနှင့် ဆက်နွယ်ပြီး ကျန်ရစ်နေပါသည်။ ထို့ကြောင့် ဥပဒေသည် လူတစ်ဦးတစ်ယောက်အတွက်ပင်လျှင် ထိုသူ၏ သက်တမ်းထက်ပို၍ ဆက်စပ်မှုရှိနေသည်ဟု ဆိုခြင်းဖြစ်ပါသည်။

ဥပဒေသည် လူသားအားလုံးနှင့် သက်ဆိုင်သည်ဆိုခြင်းမှာ အထူးပြောနေရန် မလို။ ဥပဒေနှင့် ကင်းကွာပြီးနေထိုင်၍ မရနိုင်သဖြင့် ဥပဒေကို လူတိုင်း လေ့လာသင့်ပေသည်။ ဥပဒေဗဟုသုတရှိထားမှသာလျှင် ဆောင်ရမည်၊ ရှောင်ရမည်ကို ခွဲခြားသိနိုင်ပေလိမ့်မည်။

ပြီးခဲ့သော ဆောင်းပါးများတွင် စွဲချက်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပါသည်။ ရုံးထိုင်တရားသူကြီးမှ တရားခံများအား ကျူးလွန်သည့် အဓိကအချက်ကို ဖော်ပြ၍ မည်သည့် ပုဒ်မဖြင့် စွဲချက်တင်ကြောင်း စွဲချက်ပုံစံကို ဖြည့်သွင်းပြီး ဖတ်ပြပါသည်။ ဆက်လက်ပြီး အပြစ်ရှိမရှိ မေးပါမည်။ အပြစ်မရှိပါဟုဆိုလျှင် မည်သည့်အတွက် အပြစ်မရှိကြောင်း လိုရင်းအချက်ကို ဖြေရပါသည်။

စွဲချက်တင်သည်က တခြား၊ တရားခံဖြေသည်က တခြားဖြစ်နေ၍ တရားခံ၏ ဖြေဆိုချက်ကို ရေးမှတ်ရန် အခက်ကြုံခဲ့ရသည့်လေးကို သတိရမိသည်။ သတိရစရာလေး



www.burmeseclassic.com

www.burmeseclassic.com

တွေ့တော့ အများကြီးရှိပါသည်။ တရားသူကြီးရေးမှတ်ရန် အခက်ကြုံခဲ့ပုံလေးကို တင်ပြပါမည်။

၁၉၈၈ ခုနှစ် အရေးအခင်းပြီးစကာလ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအကြိုကာလ ဖြစ်သည်။ ကာလအားဖြင့် ဖော်ပြနေခြင်းဖြစ်ပါသည်။ ကာယကံရှင်များသည် ပါတီနိုင်ငံရေးလုပ်သူများ မဟုတ်။ မဲဆွယ်စည်းရုံးသူများလည်း မဟုတ်။ လယ်သမားများ ဖြစ်ပါသည်။

အချိန်မှာ မိုးတွင်းကာလ ချောင်းများ၊ မြောင်းများ ရေပြည့်နေသောအချိန်ဖြစ်သည်။ ကျောက်တံခါးမြို့ သုသာန်ကနေ အနောက်ငါးမိုင်ကျော်၊ ခြောက်မိုင်ခန့်ဝေးကွာသော ရွာလေးတွင် ဖြစ်သည်။ ရွာအမည်ကိုတော့ မေ့နေသည်။ လယ်ထဲတွင် အိမ်ဆောက်ကာ မိသားစုလိုက်နေသော အိမ်လေး၌ လယ်နားနီးချင်းများ ရောက်လာကာ မဲဆွယ်စည်းရုံးကြသည့်အကြောင်း။ ကျေးရွာသို့ရောက်လာသည့် ပါတီများအကြောင်း ပြောကြဆိုကြ၊ ငြင်းခုံကြသည်။ မိုးအေးအေးမှာ လူစုမိတော့ အရက်ဝိုင်းဖွဲ့ဖြစ်သွားကြသည်။ ဘယ်ပါတီက ဘယ်လို၊ ဟိုပါတီက ဘယ်လိုနဲ့ အငြင်းအခုံတွေက ပြင်းထန်လာသည်။ ဒေါသတွေပါလာသည်။ စိတ်မထိန်းနိုင်တော့ ရန်ပွဲလိုဖြစ်သွားသည်။ ငယ်ရွယ်သူက ခြေမြန်လက်မြန်တွေ့ရာသစ်သားချောင်းဖြင့် ဦးခေါင်းရိုက်ချလိုက်ရာ အရိုက်ခံရသူ စကားမေးမရတော့။ တခွီးခွီးနဲ့ သွေးတွေ အန်ထွက်နေသည်။ အငြင်းအခုံတွေ ပျောက်သွားပြီး ဒေါသအလျောက် ရိုက်နက်မိရာမှ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်သည်။ မသေမရှင်ကြီးကို ချောင်းစပ်သို့ သွားပစ်ထားလိုက်ကြသည်။ အသက်ရှူနေသော်လည်း လူက မလှုပ်နိုင်။ ချောင်းရေတက်လာတော့ ရေစီးနောက်စီသွားပြီး နောက်လူသေအလောင်းတွေ့သည်။

အလောင်းကို ရင်ခွဲတော့ အဆုတ်ထဲ ရေဝင်ပြီး သေဆုံးခြင်းဖြစ်သည်ဟု ဆရာဝန်က မှတ်ချက်ပေးသည်။ ဦးခေါင်းတွင် ဒဏ်ရာတွေရှိကြောင်းလည်း ဖော်ပြထားသည်။ သေသူမှာ ရွာသားမဟုတ်။ ရွာသို့ရောက်လာသည့် ဧည့်သည် ဖြစ်သည်။ ရေနစ်သေဆုံးသည်ဆိုပြီး အမှုက အေးနေသည်။ သို့သော် တစ်ဆင့်စကား တစ်ဆင့်နားကနေ ရိုးရိုးသေဆုံးခြင်းမဟုတ်တော့ဘဲ ဇာတ်လမ်းက ပေါ်လာသည်။ တရားခံထဲမှာ အသက်ခြောက်ဆယ်ကျော် ဦးအောင်ညိမ်းဆိုတာ ပါတယ်။ လေးယောက်လား၊ ငါးယောက်လား မသိ။ အမှုကို ပဲခူးခရိုင်ရုံးမှာ စစ်သည်။ တရားသူကြီး ဦးသန်းထွေးမှာ အမြဲပြုံးနေသည်။ သဘောကောင်းပါသည်။ မာန်မာန မရှိပါ။ အမှုသည်တွေအပေါ် နားလည်မှုရှိပါသည်။ တောသူတောင်သားတွေဆိုတာ အသိဉာဏ်၊ ဗဟုသုတ နည်းပါးကြသည်။ စိတ်လိုက်မာန်ပါ လုပ်တတ်ကြသည်။ သေသူကို ရိုက်တဲ့ တရားခံကို လူသတ်မှုပုဒ်မနဲ့ စွဲချက်တင်သည်။ ကျန်သူများကို အားပေးကူညီမှုပုဒ်မဖြင့် စွဲချက်မတင်ပါ။ အလောင်းဖျောက်ဖျက်မှုဖြင့် စွဲချက်တင်ပါသည်။

လူသတ်မှုနဲ့ စွဲချက်တင်တဲ့ တရားခံကို အပြစ်ရှိမရှိ မေးတယ်။ မရှိပါဘူးဆိုတော့ ဘာဖြစ်လို့ အပြစ်မရှိသလဲ ထပ်မေးတယ်။ "ကျွန်တော် မသတ်လို့ပါ"ပေါ့။

ဦးအောင်ညိမ်းတို့ အလှည့်လာပြီ။

တရားသူကြီးက သေသူ၏အလောင်းကို ဖျောက်ဖျက်ရာတွင် ပါဝင်သည့်အတွက် အလောင်းဖျောက်ဖျက်မှုနှင့် စွဲချက်တင်သည်။ အပြစ်ရှိမရှိ မေးသည်။ အပြစ်မရှိပါဟု ဖြေသည်။ ဘာ့ကြောင့် အပြစ်မရှိတာလဲဆက်မေးတော့ "ကျွန်တော်မသတ်လို့ပါ"တဲ့။

ကဲ···တရားသူကြီး ဘာရေးမလဲ။

ဥပဒေသည် လူသားအားလုံးနှင့်
သက်ဆိုင်သည်ဆိုခြင်းမှာ
အထူးပြောနေရန်မလို။
ဥပဒေနှင့်ကင်းကွာပြီး နေထိုင်၍မရနိုင်သဖြင့်
ဥပဒေကို လူတိုင်း လေ့လာသင့်ပေသည်။
ဥပဒေဗဟုသုတရှိထားမှသာလျှင်
ဆောင်ရမည်၊ ရှောင်ရမည်ကို
ခွဲခြားသိနိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေမှာက စွဲချက်ကို ရှေ့နေက ဖြေဆိုခွင့်မရှိ။ တရားသူကြီးက ဦးစလင်းကို "တရားခံတွေ ရှင်းပြလိုက်ပါဦး။ စွဲချက်တင်တဲ့ပုဒ်မနဲ့ သူတို့ဖြေတာနဲ့ တလွဲစီဖြစ်နေပြီ"ဟု ပြောပါသည်။ သည်တော့မှ လူသတ်မှုနဲ့ စွဲချက်တင်တာ မဟုတ်လို့ မသတ်ဘူး။ သတ်တယ် ဖြေစရာမလိုဘူး၊ အလောင်းဖျောက်ဖျက်မှုနဲ့ စွဲချက်တင်တာမို့ ဖျောက်တယ်ဆို ဖျောက်တဲ့အကြောင်း။ မဖျောက်ရင် မဖြောက်တဲ့အကြောင်း ပဲ ဖြေလိုက်ပါဟု ရှင်းပြရသည်။ "ဝန်ခံရမှာလား။ ငြင်းရမှာလား"ဆိုပြီး တရားခွင်ရှေ့မှာ အကျယ်ကြီးလှမ်းအော်မေးနေ၍ ဦးစသင်း ချွေးပြန်ရတော့သည်။ တရားသူကြီးက "ကဲ ကဲ…ရပြီ အပြစ်မရှိဘူးပေါ့။ နောက်ရုံးချိန် တရားခံစစ်မယ်" ဆိုပြီး ရက်ချိန်းပေးလိုက်ပါသည်။

တစ်ခါတစ်ရံ တွေ့ကြုံရတာကလေးတွေက ရယ်စရာ ကောင်းသည်။ ကာယကံရှင်တွေက သဘောရိုးဖြင့် ပြောဆို ခြင်းသာ ဖြစ်ပါသည်။ အချုပ်တွေမှာ ခန်းဝင်ကြေးဆိုတာ ရှိသည်။ တန်းစီးဆိုတာ ချုပ်ရက်ကြာတဲ့သူကို ခန့်ထားတာ။ ချုပ်ရက်ကြာမှတော့ အမှုကြီးသမားပေါ့။ ဖဒိုရဲစခန်းမှာ ပြစ်မှု ပုဒ်မ-၄၀၆ နဲ့ မသန်းဝင်းကိုဖမ်းတော့ အချုပ်ထဲမထည့်မီ ရဲက ခန်းဝင်ကြေးဆိုပြီး တောင်းတယ်။ မသန်းဝင်းက ခန်းဝင် ကြေးမပေးနိုင်၊ ပေးစရာမရှိသည့်အတွက် မဝင်တော့ပါဘူးဆို ပြီး ဝင်ကြေးတောင်းတဲ့ရဲကိုပြောတော့ ရဲမျက်လုံးပြူးသွား တာပေါ့။

ဒီတစ်ပတ် ဒေါ်ခင်ညွန့်နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်(ဦးသောင်းရှိန်)အမှုကို ကြည့်ကြရ အောင်။ ၁၉၇၅ ခုနှစ် စီရင်ထုံး စာမျက်နှာ(၉)မှာပါတဲ့ အမှုပါ။

ပြစ်မှုပုဒ်မ-၃၆၃ အရ စွဲဆိုသောအမှု ဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သောအမှု၊ ၁၉၇၃ ခုနှစ်တွင် အရေးယူခဲ့ပြီး မရမ်းကုန်းတရားရုံးက စစ်ဆေးစီရင်ခဲ့သည့် အမှုဖြစ်သည်။

ဒေါ်ခင်ညွန့်၏သမီး မြင့်မြင့်ညွန့်မှာ အသက် ၁၆ နှစ် မပြည့်သေးသည့် ကျောင်းသူလေးဖြစ်သည်။ မောင်သောင်း ရှိန်မှာ ဘွဲ့ရပြီး ထိုစဉ်က အသက် ၂၇ နှစ်အရွယ်ဖြစ်သည်။ ဒေါ်ခင်ညွန့်က သမီးကို စာသင်ပေးရန် အပ်နှံခံထားရသူ လည်း ဖြစ်သည်။ မောင်သောင်းရှိန်သည် မြင့်မြင့်ညွန့်ကို ကျောင်းမှ ခိုးယူခေါ်ဆောင်သွားကာ နောက်နေ့တွင် တရားရုံး၌ လက်မှတ်ရေးထိုး လက်ထပ်ခဲ့ပြီး ပေါင်းသင်းနေသည်။

မရမ်းကုန်းမြို့နယ် တရားရုံးက ရက်စက်မှု၊ ဟော့ရမ်း မှုမပါကြောင်း သုံးသပ်လျက် ကျင့်ထုံးပုဒ်မ-၅၆၂(၁)အရ ခံဝန်ချုပ်ဖြင့် ကောင်းစွာနေရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်ခင်ညွန့်က ထိုအမိန့်အပေါ် မကျေနပ်၍ မရမ်းကုန်းရုံးထိုင် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းရာ တိုင်းတရား ရုံးက ယခင်က ပြစ်မှုကျူးလွန်ခဲ့ဖူးသူမဟုတ်ခြင်း၊ ရက်စက် ဟော့ရမ်း ကြမ်းကြုတ်မှုမပါဝင်ကြောင်း သုံးသပ်လျက် မူလ မြို့နယ်ရုံးအမိန့်ကို အတည်ပြုခဲ့သည်။

ဒေါ်ခင်ညွန့်က မကျေနပ်၍ ဗဟိုတရားရုံး(ထိုစဉ်က အခေါ်ဖြစ်ပါသည်)သို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။

ဗဟိုတရားရုံးမှ ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်း၊ ရက်စက်မှုမပါဝင်ခြင်းတို့မှာ ပြစ်ဒဏ်စီရင်ရာတွင် သက်ညှာ စွာ စဉ်းစားရမည့်အချက်များ ဖြစ်သည်ကား မှန်သည်။ သို့သော် ငယ်ရွယ်ပြီး ဆင်ခြင်နိုင်စွမ်းမရှိသေးသူအပေါ် ယခု ကဲ့သို့ ဘဝနစ်မွန်းအောင် ပြုကျင့်သူကို ခံဝန်ချုပ်ဖြင့်နေရန် အမိန့်ချမှတ်ခြင်းသည် သက်ညှာလွန်းရာ ရောက်သည်။ အမျိုးသမီးငယ်များအပေါ် လက်ရဲဇက်ရဲပြုကျင့်လာနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိရောက်ဟန့်တားစေသည့် ပြစ်ဒဏ်စီရင်သင့်သည်ဟု သုံးသပ်.ကာ အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်ခြောက်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

ရံဖန်ရံခါ ဥပဒေနှင့်အညီ ဆုံးဖြတ်ရန်မသင့်သော ဖြစ်ရပ်အချို့ကို တွေ့ရတတ်သည်။ ဦးစလင်း လိုက်ပါခဲ့သည့် အမှုမဟုတ်သော်လည်း မြင်တွေ့နေရသည့်အတွက် သိရှိနေ သည်။ မယားခိုးမှုဖြင့် အရေးယူခံရသောအမှု၊ ၁၉၈၀ ပြည့် နှစ်ကာလ ဒိုက်ဦးမြို့နယ်တွင် ပေါ်ပေါက်ခဲ့သောအမှုကို နောက်ဆောင်းပါးတွင် တင်ပြပါမည်။

မှုခင်းဖြစ်ရပ်များမှ သင်ခန်းစာယူနိုင်ကြပါစေဟု ဆန္ဒ ပြုရင်း တောင်းဆုခြွေလိုက်ပါသည်။


***ဘေးကင်းရန်ကွာ၊ စိတ်ချမ်းသာကြပါစေ။***

**စလင်း-ဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com




ကျော်ဆွေဝင်း

|ဝတ္ထုရှည်|

[illegible]....

|အပိုင်း ၇|



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်ခြေခတ်လမ်းကို စွန့်ပြီးသော...

(ယခင်လမှအဆက်)

ကျော်ဆွေဝင်း(ရွှေအင်း)

ပိုးဒီခေါ် အလျော်အစားလုပ်သူက ငွေများကို အလျော်အစားလုပ်နေစဉ် သူတို့နှစ်ဦး ထိုင်နေရာမှ ထွက်လာခဲ့သည်။ ထိုခုံနှင့် အနည်းငယ်လှမ်းသွားသောအခါ ကြွေဖိုးထိန်က နေလှမ်းနားကပ်၍ -

"စောစောက ကြိုးမင်းသားလုပ်တဲ့ကောင် ငွေအဆိပ်ပုံးကြဲသွားတာ သိလိုက်လား"

ဟု တိုးတိုးမေးသည်။ နေလှမ်းကလည်း -

"ဟုတ်ကဲ့၊ ကျွန်တော်မြင်လိုက်တယ်။ ဒီကောင် လူလည်ပဲဗျ"

ဟု သူ့အထင်ကို ပြောလေသည်။

"တကယ်တော့ သူလျှင်တာထက် နိုင်အတာလို့ ပြောရမယ်ကွ။ ဒီကောင်တွေကြည့်ရတာ သူများလုပ်လို့သာ နိုင်ထလုပ်တာ၊ အတွေ့အကြုံ သိပ်မရှိသေးဘူးနဲ့တူပါတယ်ကွာ"

"ဟုတ်တယ် ဦးလေးရ။ နိုင်တွေက ငွေရှိနေတဲ့ ဖယားကို အာရုံမစိုက်ဘဲ ဟိုခုံထဲက ပေါ်မယ့်အကောင်တွေချည်း လိုက်ပြီးအာရုံစိုက်နေတာပဲ။ ဒီတော့ ဟိုပုံးကြဲမယ့် မင်းသားက အကွက်တွေ့သွားတာပေါ့"

"အဲဒါပဲကွ။ နိုင်လုပ်တယ်ဆိုတာ သူများထက် ပိုမြင်ဖို့ မျက်စိလျင်ရသလို၊ ဉာဏ်ရည်ကိုလည်း လျင်လျင်ထားပြီး သူများညစ်မယ့် ညစ်ပေါက်တွေကို ကြိုမြင်ထားရတယ်ကွ"

နေလှမ်းက ကြွေဖိုးထိန်၏ စကားများကို မှတ်သားလိုက်ရင်း သူ့နောက်မှ ဆက်လျှောက်ခဲ့သည်။ ဤသို့ဖြင့် သူတို့နှစ်ဦး ခုံတစ်ခုံရှေ့မှ ဖြတ်လျှောက်လာစဉ် ထိုခုံမှ ငွေအလျော်အစားလုပ်နေသော နိုင်တစ်ဦးက ကြွေဖိုးထိန်အား လှမ်းမြင်သွားပြီး -

"ဟာ...ဦးလေးထိန်ကြီး၊ ဘယ်အချိန်ရောက်လာတာလဲ။ ခဏဝင်ပါဦး"

ဟု လှမ်းခေါ်လေသည်။

"အေး...နေ့လယ်ခင်းကပဲကွ။ ဘယ်လိုလဲ၊ မင်းတို့အခြေအနေကောင်းရဲ့ မဟုတ်လား"

ဦးဖိုးထိန်က ထိုသို့ပြောပြီး ထိုသူတို့အနား သွားရပ်သောအခါ ထိုသူက

"မဆိုးပါဘူး ဦးလေးထိန်ရာ။ နေ့တွက်သာသာပေါ့။ နောက်မှ အေးအေးဆေးဆေး စကားပြောမယ်နော်။ လက်ဖက်ရည်ဖိုးယူသွားပါဦး"

ဟု ဆိုကာ အစိတ်တန်နှစ်ရွက်ကို ကောက်ပေးလေသည်။

ဦးဖိုးထိန်က ပေးသောပိုက်ဆံကို ယူ၍ -

"အေး...အေး၊ များများစားစားရပါစေကွာ"

ဟု ဆုတောင်းပေးသလို ပြောပြီး ပြန်ထွက်ခဲ့သည်။

ဤသို့ဖြင့် သူတို့နှစ်ဦး ဆက်လျှောက်လာခဲ့ရာ တောင်ပူဒိုင်များကိုင်သော ရွှေဘိုဂေါက်ဂက်ခုံများရှေ့သို့ ဖြတ်မိတိုင်း ဒိုင်များက ဦးဖိုးထိန်အား နှုတ်ဆက်ရင်း လှမ်းခေါ်၍ လက်ဖက်ရည်ဖိုးအဖြစ် ဟိုလူက အစိတ်တန်ကောက်ပေး၊ ဒီလူက ခုနစ်ဆယ့်ငါးကျပ်တန် ကောက်ပေးဖြင့် ပေးရာ အရှေ့ဘက်ထိပ်အဆုံးသို့ ရောက်သောအခါ ဦးဖိုးထိန်ထံတွင် လက်ဖက်ရည်ဖိုးဝိုင်းပေးကြသော ငွေချည်း စုစုပေါင်း ငွေတစ်ထောင့်နှစ်ရာလောက်ရခဲ့လေသည်။

ဆက်ကြည့်ရန် အောက်ဖယားဝိုင်းများ မရှိတော့ပြီမို့ သူတို့နှစ်ဦး အနီထောင်ဝိုင်းများ ခင်းထားရာအတန်းသို့ မြောက်ဘက်ထိပ်မှ စဝင်ခဲ့ကြပြီး တစ်ဝိုင်းချင်း၏ အခြေအနေများကို လိုက်ကြည့်ကြသည်။ ထိုကဲ့သို့ လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

ကြစဉ် တောင်ငူနိုင်များဖြစ်သော ကိုမောင်ငွေး၊ ကိုသန်း၊ ဒေါ်မြ၊ ဒေါ်တင် စသည့် နိုင်များအပြင် မန်ကျည်းကုန်းကျေးရွာမှ ကိုမောင်မသောင်းနှင့် ဖြူးမြို့မှ ကိုဇော်ကြီးတို့၏ နိုင်များကလည်း သူတို့နှစ်ဦး ဝိုင်းရှေ့တွင် သွားရပ်လိုက်သည်နှင့် ကြွေဖိုးထိန်အား "ဆရာထိန်"၊ "ဦးလေးထိန်" စသည်ဖြင့် ဝိုင်းဝန်းနှုတ်ဆက်ကြပြီး ဆိုင်တွင်လိုက်ညှော်ခံကျွေးမွေးရန် အချိန်မရသဖြင့် လက်ဖက်ရည်ဖိုး၊ အအေးဖိုး၊ ထမင်းဖိုး စသည်ဖြင့် ကောက်ပေးကြရာ ငွေနှစ်ထောင်လောက် ထပ်ရလေသည်။

နေလွှမ်းမှာ လက်ရှိအခြေအနေ၌ ငွေအရင်းအနှီးများစွာ ကိုင်တွယ်၍ လုပ်နေရသော အနီထောင်ဒိုင်တစ်ဒိုင် တစ်ညလုံးဖွင့်လျှင်ပင် ငွေသုံးထောင် အသားတင်စားရဖို့ မသေချာလှသည့် အချိန်မျိုးဖြစ်ရာ ဦးဖိုးထိန်က ကစားဝိုင်းတန်းထဲ ဖြတ်လျှောက်ပြီး နှုတ်ဆက်ရုံနှင့် ငွေသုံးထောင်ကျော်လောက် အိတ်ကပ်ထဲ အသားတင်ရောက်လာသည်ကို တွေ့ရသောကြောင့် များစွာ အံ့ဩမိလေသည်။ ဤသည်မှာ အနီထောင်လောကအတွင်း "ကြွေဖိုးထိန်" ဟူသော နာမည်တစ်လုံးနှင့် သူ၏ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စည်းရုံးရေးကောင်းမွန်မှုတို့အပြင် တစ်ဖက်သားအပေါ်တွင် ကျေညီတာတ်သောစိတ်နှင့် အရည်အချင်းရှိသော ဝါရင့်ကစားသမားတစ်ဦးအဖြစ် အသိအမှတ်ပြုခံရသောကြောင့်လည်း ဖြစ်လေသည်။

သူတို့နှစ်ဦးမှာ ဟိုဝိုင်းပတ်ကြည့်၊ ဒီဝိုင်းပတ်ကြည့်နှင့်ပင် ကိုမြင့်တို့ နိုင်ရှေ့သို့ ရောက်လာသည်။ ထိုအချိန်တွင် ကိုမြင့်တို့ဒိုင်မှာ ထိုးသားများ ပတ်လည် ပတ်ကုံး ဝိုင်း၍ ကြိတ်တိုးနေသည်ကို တွေ့ရသောကြောင့် ဝိုင်းကောင်းနေမှန်း သိရပြီး ခပ်ဝေးဝေးမှပင် လှမ်းကြည့်လိုက်ရာ ကြွေသီးထည့်ပေးနေသော ကိုလှသန်းရှေ့ရှိ (စပယ်ယာပတ်စ်)အုပ် အပိုတစ်လုံးဘေးမှ လက်ကိုင်ပဝါ အခေါက်ကလေးပေါ်တွင် လက်တေးပြားသုံးပြား တင်ထားသည်ကို တွေ့ရသည်။

"ဟိုကောင်တွေ၊ ဒီဝိုင်းမှာ တင်ငွေသုံးထောင်တင်ထားပြီး သူတို့ရှေ့မှာ ခေါက်ထားတဲ့ ငွေတွေလည်း ရှိသေးတော့ လောလောဆယ် လေးထောင်ကျော်လောက်တော့ စားထားပြီ"

ကြွေဖိုးထိန်က နေလွှမ်းကြားရုံ တီးတိုးပြောလိုက်ခြင်းဖြစ်သည်။ နေလွှမ်းမှာလည်း ကိုယ့်အဖွဲ့သားများ စားရသည်ဆိုသဖြင့် ဝမ်းသာနေလေသည်။

ပြီးသည်နှင့် သူတို့နှစ်ဦး တောင်ဘက်ခုံးကျသော နိုင်များဆီသို့လျှောက်လာရာ ထိုဝိုင်းများမှာ လူပါးနေသဖြင့် ကြည့်မနေတော့ဘဲ သူတို့ နေ့လယ်ဘက်က ထမင်းသွားစားခဲ့သော စားသောက်ဆိုင်တန်းများ ရှိရာသို့ လျှောက်ခဲ့ကြလေသည်။

စားသောက်ဆိုင်တန်းများမှာ ဗွီဒီယိုဇာတ်ကားများ အလကားထိုးပြနေသော နေရာ၏ အနောက်ဘက်တွင် နီးကပ်စွာ ရှိနေပြီး ဈေးတန်းလျှောက်သူများ၊ စားသောက်သူများနှင့် စည်ကားနေလေသည်။ နွေနှောင်းကာလဖြစ်၍ ရာသီဥတုက ပူပြင်းနေရာ အအေးဆိုင်များနှင့် ကြံရည်ဆိုင်များတွင် လူများပို၍ စည်ကားနေလေသည်။

"ငါတူ မောင်နေ၊ မင်းဘာသောက်မလဲ။ အကြော်လေးဘာလေးရော စားဦးမလား။ ခေါက်ဆွဲကြော်တွေဘာတွေလည်း ရချင်ရလောက်တယ်ကွ"

ဦးဖိုးထိန်က နေလွှမ်းကိုမေးသည်။

"ကျွန်တော် ဗိုက်မဆာဘူးဦးလေး။ ဦးလေးစားမယ်ဆိုရင်လည်း ဟိုဘက်က ထမင်းဆိုင်ဆန်းတွေဆီ သွားမယ်လေ"

"ဟင့်အင်း‥ငါလည်း ဗိုက်မဆာဘူးကွ။ အပူသက်သာအောင် အအေးလေးဘာလေးပဲ သောက်မယ်ကွာ"

---

ဤဇယားမျိုးကို ပိုက်ဆံပေါပေါနှင့် အရှုံးအနိုင်သိသာအောင် ကစားလိုသော နိုင်ကြီးများက နှစ်သက်ကြလေသည်။ စားလျှင်လည်း ရှင်းရှင်းစားရပြီး၊ လျော်လျှင်လည်း သိသိသာသာ လျော်ရသောကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတယ် ဦးလေး။ ကျွန်တော်ကတော့ လက်ဖက်ရည်ပဲသောက်မယ်"

သူတို့ ဆရာတပည့်နှစ်ဦး လက်ဖက်ရည်နှင့် အအေးနှစ်မျိုးစလုံး တွဲရောင်းသည့် ဆိုင်ထဲသို့ ဝင်၍ ဦးဖိုးထိန်က အအေး၊ နေလွှမ်းက လက်ဖက်ရည် မှာပြီးသောက်ကြလေသည်။

အအေး၊ လက်ဖက်ရည်များ သောက်ပြီးချိန်တွင် ကွမ်းကြိုက်သော ဦးဖိုးထိန်က ကွမ်းယာဆိုင်မှ ဗမာဆေးနှယ်ချို တစ်ထုပ်လမ်းမှာစားပြီး နေလွှမ်းက ဒူးယားစီးကရက်မှာသောက်သည်။ အချိန်အတော်ကလေးကြာအောင် ထိုဆိုင်တွင် နားနေကြပြီးမှ သူတို့နှစ်ဦးကစားဝိုင်းတန်းဘက် ပြန်လျှောက်ခဲ့သည်။ သည်တစ်ကြိမ်တွင် အခြားဝိုင်းများရှိရာဘက်သို့ မသွားတော့ဘဲ တောင်ဘက်ဆုံးနှစ်ဝိုင်းဖြစ်သည့် မျက်နှာစိမ်းဒိုင်များ ခင်းရာဘက်သို့ တန်းတန်းမတ်မတ် လျှောက်ခဲ့ကြသည်။

စောစောက လူပါးကျဲကျဲဖြစ်နေသော ထိုဝိုင်းနှစ်ဝိုင်းမှာ ယခုအခါ လူအများ ဝိုင်းအုံနေပြီး ဖယားပေါ်တွင်လည်း ငွေများ ခဲနေအောင် ထိုးထားကြသည်ကို တွေ့ရသည်။ သူတို့နှစ်ဦးက ထိုနှစ်ဝိုင်းထဲမှ လူပိုစည်နေသော မြောက်ဘက်ဝိုင်းဆီသို့ ချဉ်းကပ်ကာ ဘေးဘက်မှ မတ်တတ်ရပ်ပြီး အခြေအနေကို စောင့်ကြည့်နေကြလေသည်။ ကိုမြင့်၏ ပြောပြထားချက်အရ ယခုသူတို့ရပ်ကြည့်နေသော ဒိုင်မှာ လူအဝကြီးမှ ဒိုင်ဖြစ်လေသည်။

အနီရောင်ထိုးခြင်းနှင့် ပတ်သက်ပြီး အတွေ့အကြုံနည်းလှသော နေလွှမ်းက ဖယားပေါ်တွင် ထိုးထားသောငွေများနှင့် အုပ်မင်းသားဖွင့်သည်ကအခါဘယ်နံပါတ်တွင် ကြွေနီမည်လဲဆိုသည့် ကိစ္စကိုသာ အာရုံထားပြီး ကြည့်နေလေသည်။

ကြွေဖိုးထိန်ကတော့ ထိုသို့မဟုတ်။ ဖယားပေါ်မှ ငွေများနှင့် ကြွေနီပေါ်မည့်နေရာကိုလည်း သိပ်ပြီး ဂရုမစိုက်ပေ။ သူမျက်ခြည်မပြတ် စောင့်ကြည့်နေသည်က ဒိုင်များ၏ နောက်ဆုံးမှ ကြွေသီးထည့်ပေးသူ၏ လှုပ်ရှားမှုဟန်နှင့် အုပ်မင်းသားလုပ်သူ၏ မျက်လုံးများကိုသာ ဖြစ်သည်။ ဤသို့ဖြင့် အလျော်အစား သုံးလေးလှည့်လောက်ပြီးသွားသည်အထိ သေသေချာချာ စောင့်ကြည့်ပြီးသောအခါ သူ၏ မျက်လုံးများ အရောင်တောက်ပြောင်လာပြီး တစ်ချက်ပြုံးလိုက်လေသည်။ ထို့နောက်တွင် သူက ကြွေသီးထည့်သူနှင့် အုပ်မင်းသားတို့ကို လုံးဝမကြည့်တော့ဘဲ ကြွေအုပ်၏ အပေါ်မျက်နှာပြင်ကိုသာ သေသေချာချာစိုက်ကြည့်နေလေသည်။ ထိုသို့ စိုက်ကြည့်ရင်း ကြွေအုပ်၏ အဖုံးပေါ်ရှိ တစ်ဖက်မျက်နှာတွင် အပေါက်ကဲ့သို့သော ဒဏ်ရာတစ်ခု ရှိနေသည်ကို သတိပြုမိသွားသည့်တိုင် ဆက်၍စောင့်ကြည့်ပြီးသောအခါ သူ့ဘာသာသူ ခေါင်းတဆတ်ဆတ်ညိတ်နေလေတော့သည်။

"ဦးလေး . . . ဒီကြွေက တော်တော်စားတယ်နော်။ ထိုးတဲ့လူတွေက လေးကွက်စလုံးပြည့်အောင် ထိုးထားတာတောင်မှ ကြွေက ငွေအပါးဆုံးအကွက်တွေချည့်ပဲ ထွက်စားနေတာ"

နေလွှမ်းက သူ့အမြင်ကို သူပြောလေသည်။ ထိုအခါ ဦးဖိုးထိန်က -

"စားအောင်လုပ်နေတော့လည်း စားတာပေါ့ကွာ"

ဟု ပြန်ပြောလေရာ နေလွှမ်းက နားမလည်စွာဖြင့် ဦးဖိုးထိန်ကို ပြန်ကြည့်နေလေသည်။

"ဒီမှာ မောင်နေ၊ ငါပြောတဲ့အတိုင်း လုပ်စမ်း။ မင်းအိတ်ကပ်ထဲက ခုနစ်ဆယ့်ငါးကျပ်တန် လေးရွက်ထုတ်၊ ညီအောင်ထပ်ပြီး လေးချိုးတစ်ချိုးဖြစ်အောင် အထပ်လိုက်ခေါက်။ ပြီးတော့ အဲဒီအခေါက်ကို ဆယ်တန်နှစ်ရွက်နဲ့ အုပ်ပြီး လက်ထဲမှာ ကိုင်ထား။ ငါချိန်းတဲ့အချိန်ကျရင် အထဲက ခုနစ်ဆယ့်ငါးကျပ်တန် မပေါ်အောင် ဖယားပေါ်ကို သေချာချ"

ဦးဖိုးထိန်က တီးတိုးပြောလိုက်သောအခါ နေလွှမ်းမှာ သူ့စကားအတိုင်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ပြီး ခုနစ်ဆယ့်ငါးကျပ်တန် လေးရွက်ခေါက်ကို တစ်ဆယ်တန်နှစ်ရွက် အုပ်ညှပ်၍ ကိုင်ထားလိုက်လေသည်။

ထိုအချိန်တွင် အုပ်မင်းသားက အုပ်ကို လှည့်ပြီး တည်ထားပြီးဖြစ်သည်။ ဝိုင်းထိုးထားကြသူများက ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ် အကွက်တိုင်းတွင် အနှံ့ ထိုးထားကြသော်လည်း ငွေအပါးဆုံးအကွက်မှာ နံပါတ်ရှစ်အကွက် ဖြစ်နေလေသည်။

"ကဲ··လက်ရောင်ထား၊ ခွဲမယ်"

အုပ်မင်းသားက အော်ရင်း ဖယားကွက်အလယ်တွင် ထည့်ထားသော အုပ်ကို သူ့ရှေ့သို့လှမ်းဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆွဲယူစဉ် အုပ်ကို ငွေများသည့်အကွက်ပေါ် တစ်ချက်လှမ်းရိုက်လိုက်လေသည်။ ထိုသို့ ရိုက်ရင်း အုပ်ကို ညာဘက်သို့ တစ်မျက်နှာခိုးလှည့်သွားသည်ကို မည်သူမျှ မသိလိုက်သော်လည်း မျက်စိလျင်လွန်းသည့် ဦးဖိုးထိန်က မြင်လိုက်လေသည်။

"ရှစ်ပေါ်ကိုချ"

ဦးဖိုးထိန်က တိုးတိုးပြောလိုက်သည်နှင့် နေလွှမ်းက လက်ထဲတွင် အသင့်ကိုင်ထားသော တစ်ဆယ်တန်အခေါက်ကလေးကို နံပါတ်ရှစ်ဂဏန်းပေါ် ဖတ်ခနဲ ပစ်ချလိုက်လေသည်။

ထိုအချိန်တွင် အုပ်မင်းသားမှာ အုပ်ကိုကိုင်ထားသော်လည်း မဖွင့်ရသေးပေ။ သူက အုပ်ကို အသာပြန်ချထားပြီး ပိုက်ဆံပစ်ချလိုက်သော နေလွှမ်းကို မော့ကြည့်လေသည်။ နေလွှမ်းက သူ့ကိုမကြည့်ဘဲ ဖယားပေါ်မှ ပိုက်ဆံများကိုသာ ကြည့်နေကြောင်း တွေ့ရသောအခါ သူက ဆက်မကြည့်တော့ဘဲ အုပ်ကို ဖြည်းဖြည်းချင်း ဆွဲဖွင့်လိုက်လေသည်။

အနီက နံပါတ်ရှစ်ဂဏန်းတွင်

"ဟာ...ရှစ်ကွာ"

"စိတ်ကတော့ ထင်သွားကွာ"

"သွားပြန်ပြီကွာ။ ကြွေကလည်း ပတ်ပြေးနေတာပဲကွ"

တစ်ယောက်တစ်ပေါက် အသံများထွက်ပေါ်လာသော်လည်း အုပ်မင်းသားက အေးအေးဆေးဆေးပင် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်နေလေသည်။ နိုင်ဘက်မှ အလျော်အစားလုပ်သူက နံပါတ်ရှစ်ဘက်သို့ မိုထိုးထားသော ကြိုးပေါ်မှ ငွေများကို ပြန်ဆွဲခိုင်းလိုက်ပြီး နံပါတ် ခုနစ်၊ ကိုး နှင့် တစ်ဆယ်ပေါ်မှ ငွေများကို သိမ်းစားလိုက်သည်။ ပြီးမှ နံပါတ်ရှစ်တွင် တိုက်နေသော ငွေများကို လျော်လေသည်။

နံပါတ်ရှစ်ထဲတွင် ရှစ်ထဲမှ ကိုးဘက်သို့ မိုထားသော အစိတ်တန်နှစ်ရွက်နှင့် နေလွှမ်းပိုက်ဆံသာ ရှိလေသည်။ နေလွှမ်း၏ ပိုက်ဆံမှာ ရှစ်တစ်ကွက်တည်းအလယ်တွင် အောထားသည်ဖြစ်သောကြောင့် အလျော်အစားလုပ်သူက မကိုင်သေးဘဲ နှစ်ဆအကောက်နုတ်ပြီး လျော်ရမည့် အစိတ်တန်နှစ်ရွက်ကို ရှေးဦးစွာ အရင်လျော်ပေးလိုက်လေသည်။ အစိတ်တန်သမားနှစ်ဦးအား တစ်ဦးလျှင် ငွေလေးဆယ့်ခုနစ်ကျပ်စီ ပေးလျော်ပြီးချိန်တွင် ထိုသူက နေလွှမ်းချထားသော တစ်ဆယ်တန်အခေါက်ကလေးကို ခပ်ပေါ့ပေါ့လှမ်းယူပြီး ဖြန့်လိုက်လေသည်။ ထိုအခါ အထဲမှ ထွက်လာသော ခုနစ်ဆယ့်ငါးကျပ်တန်လေးရွက်ကြောင့် ထိုသူမှာ မျက်နှာအမူအရာ ပျက်သွားပြီး နေလွှမ်းကို မကြည်သည့်ပုံစံဖြင့် မော့ကြည့်လေတော့သည်။

နေလွှမ်း၏ပိုက်ဆံမှာ တစ်ဆယ်တန်တစ်ရွက်တည်းသာ အောထားသည်ဟု ထင်သောကြောင့် ထိုသူက သုံးဆအတွက် အကောက်နုတ်ပြီး နှစ်ဆယ့်ရှစ်ကျပ်သာ ပေးလျော်ရမည်ဟု တွက်ထားရာ တကယ်တမ်းတွင် ငွေသုံးရာ အကောက်ကြေ အောအတွက် ကိုးရာတိတိ အသားတင်ပေးလျော်ရမည်ဖြစ်သောကြောင့် အောင့်သီးအောင့်သက် ဖြစ်သွားလေတော့သည်။ ယခုမှပင် အုပ်ဖွင့်ခါနီးမှ ပညာသားပါပါ ထိုးယူသွားသော နေလွှမ်း၏ လုပ်ပုံကိုင်ပုံကို သဘောပေါက်သွားသည်။ အုပ်မင်းသားကလည်း နေလွှမ်းကို တအံ့တသြလှမ်းကြည့်နေလေသည်။ သူ၏အကြည့်က ဒီကောင် ငါတို့လုပ်နေတဲ့အထာကို သိသွားပြီလားဆိုသည့် သံသယနှင့် ကြည့်ခြင်းမျိုးလည်း ဖြစ်လေသည်။

အလျော်အစားလုပ်သူက ငွေကိုးရာလျော်ပေးပြီးသောအခါ နေလွှမ်းက ပိုက်ဆံများကို လှမ်းကောက်ယူပြီး ဦးဖိုးထိန်ကိုကြည့်လိုက်သည်။ ဦးဖိုးထိန်က ခေါင်းဆတ်ပြပြီး ထိုနေရာမှ ထွက်ခွာသဖြင့် သူလည်း ဦးဖိုးထိန်နောက်မှ လိုက်ခဲ့တော့သည်။

ဦးဖိုးထိန်က တောင်ဘက်ဆုံးဝိုင်းဆီ ကူးသွားပြန်သည်။ ထိုဝိုင်းမှာ မြောက်ဘက်ဝိုင်းလောက် လူမစည်သော်လည်း လူနည်းနည်းဖြင့် ငွေကျလေသည်။ အနီထောင်သမား စစ်စစ်ကြီးများ ထိုးနေကြခြင်းကြောင့် စောစောကဝိုင်းလို ဖယားမပြနေတော့ဘဲ ကြွေကောင်းလိုက်ကာ ကြိုးလုံးထိုးနေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ ငွေများက "အိမ်မ"နှင့် "အထ"နှစ်ကွက်ထဲတွင်သာ ပုံနေပြီး အကော်နှင့် အရပ်တို့တွင် လုံးဝထိုးထားခြင်းမရှိပေ။ ထို့ကြောင့် ကြွေကောင်းဝင်ပြီး "အိမ်မ"၊ "အထ"တို့တွင် ပေါ်လျှင် နိုင်အနေဖြင့် အလျော်နှင့် အပြန်သာရှိ၍ လုံးဝမစားရပေ။ အကယ်၍ ကြွေကောင်းမပတ်သော အကော်အရပ်တို့တွင် အနီပေါ်လျှင်လည်း နိုင်လုပ်သူက လှည့်ကြည့်စရာမလိုဘဲ ထိုး



www.burmeseclassic.com

www.burmeseclassic.com

ထားသော ငွေများအားလုံးကို ဆွဲစားရုံသာ ရှိလေသည်။

ဤဖယားမျိုးကို ပိုက်ဆံပေါပေါနှင့် အရှုံးအနိုင်သိသာအောင် ကစားလိုသော ဒိုင်ကြီးများက နှစ်သက်ကြလေသည်။ စားလျှင်လည်း ရှင်းရှင်းစားရပြီး လျော်လျှင်လည်း သိသိသာသာ လျော်ရသောကြောင့် ဖြစ်လေသည်။ တစ်နည်းအားဖြင့် ဂဏန်းလေးကွက်တွင် ထိုးသားများက နှစ်ကွက်ယူထားပြီး၊ ဒိုင်အတွက် နှစ်ကွက်ရသည့် ဖယားဖြစ်သည်။

[ မှတ်ချက် ။ ဤနေရာတွင် စာရှုသူများ ဗဟုသုတအဖြစ် သိနိုင်ရန် "အိမ်မ" "အထ"ဆိုသည့် အခေါ်များကို အနည်းငယ်ရှင်းပြပါမည်။ ]

[ အနီထောင်ကစားရာတွင် အုပ်ဖွင့်သောအခါ ပထမဦးဆုံး ပေါ်သည့်အကွက်မှာ "ဆယ်"ဖြစ်ပြီး နောက်တစ်ကြိမ်ဆက်ဖွင့်၍ ပေါ်သည့်အကွက်မှာ "ခုနစ်"ဖြစ်လျှင် နောက်တစ်လှည့်အတွက် "အိမ်မ"သည် "ဆယ်"ဖြစ်ပြီး "အထ"သည် ခုနစ်နှင့်ထိပ်ဆိုင်အကွက်ဖြစ်သော "ကိုး"ဖြစ်သည်။ အကယ်၍ ပထမအလှည့် ဆယ် ပေါ်ပြီး ဒုတိယအလှည့်တွင် ကိုးပေါ်လျှင် နောက်တစ်လှည့်အတွက် "အိမ်မ"မှာ "ဆယ်"ဖြစ်၍ "အထ"မှာ ကိုးနှင့် ထိပ်ဆိုင်ဖြစ်သော "ခုနစ်"ဖြစ်လေသည်။

ကြွေမှာ တစ်ခါပေါ်ပြီးသားအကွက်တွင် နောက်တစ်ခါ ဆက်ပေါ်နေလျှင် ကြွေရပ်သည်ဟု ခေါ်ပြီး "အရပ်"လည်းမဟုတ်၊ "အိမ်"လည်းမဟုတ်၊ "အထ"လည်းမဟုတ်သည့်အကွက်ကိုမူ "အကော်"ဟု ခေါ်လေသည်။ အနီထောင်သမားကြီးများမှာ "အထ"ကွက် မပေါ်မချင်း အိမ်မကိုသာ ဦးတည်လိုက်ထိုးလေ့ရှိပြီး "အထ"ကွက်ပေါ်လျှင် "ကြွေရပ်"ကို ထိုးတတ်ကြသည်။ (စာရေးသူ) ]

ကြွေဖိုးထိန်နှင့် နေလွှမ်းတို့ ရပ်ကြည့်နေသော သုံးလေးလှည့်တွင် ကြွေမှာ ကောင်းလိုက်၊ ဆိုးလိုက်နှင့် လူးနေရာ ထိုးသားနှင့် ဒိုင်တို့မှာလည်း အလျော်ရလိုက်၊ အစားခံရလိုက်နှင့် အပြန်အလှန် လုံးနေလေသည်။

နေလွှမ်း ဖယားပေါ်မှ ငွေများနှင့် ကြွေပေါ်သည့် နေရာကိုသာ လိုက်ကြည့်နေသော်လည်း သူ၏ဆရာဖြစ်သော ဦးဖိုးထိန်က ဒိုင်များ၏နောက်နား ကြွေထည့်သူ၏ရှေ့ရှိ ခွက်ထဲတွင် ရေနှင့်စိမ်ထားသော ကြွေသီးနှစ်လုံးကိုသာ အာရုံစိုက်ကြည့်နေလေသည်။ ကြေးရေခွက်ထဲရှိ ရေကြည်ကြည်တွင် လှမ်းမြင်နေရသော ကြွေသီးနှစ်လုံးအနက် တစ်လုံးမှာ အဖြူရောင် မာကျောက်သီးဖြစ်ပြီး၊ ကျန်တစ်လုံးမှာ အနက်ရောင် ကျွဲချိုသီး ဖြစ်သည်။ ထိုကျွဲချိုသီး၏ မျက်နှာပြင်များပေါ်တွင် အနီနေရာ၌ အနီရောင်ကိုသာ ခြယ်သထားသော်လည်း အစိမ်းရောင် မျက်လုံးမျက်တောင်ခြယ်ရမည့်နေရာတွင် ကက်ဆေးအဖြူနှင့် ခြယ်ထားသောကြောင့် ထူးထူးခြားခြား ပေါ်လွင်နေလေသည်။

**"ငါ့စိတ်ထဲမှာ အဲဒီကြွေဟာ ငါ့ဆီကထွက်သွားတဲ့ ကြွေလို့ထင်နေတယ်။ ဒီနယ်တစ်ပိုက်မှာ အဲဒီလို အနက်ရောင်ကြွေသီးပေါ်မှာ အစိမ်းရောင်မျက်လုံး၊ မျက်တောင်အစား အဖြူရောင် မျက်လုံး၊ မျက်တောင်ကို ထည့်ပေးတာ ငါတစ်ယောက်ပဲရှိတယ်"**

ဦးဖိုးထိန်က ထိုကြွေသီးနှစ်လုံးအနက် အနက်ရောင် ကျွဲချိုသီးကို အထူးအာရုံစိုက်နေခြင်း ဖြစ်သည်။ သူ၏ စိတ်ထဲ၌ ကြွေထည့်သူက လက်ရှိကစားနေသော အုပ်ထဲသို့ အနက်ရောင် ကျွဲချိုသီး ပြောင်းထည့်ပါစေဟု ဆုတောင်းရင်း စောင့်ကြည့်နေလေသည်။

သို့သော်လည်း နောက်ထပ်လေးငါးခြောက်လှည့်ကြာသည်အထိ ကြွေထည့်သူက ကြွေသီးမလဲသောအခါ သူက တပည့်ဖြစ်သူ နေလွှမ်းအား လက်တို့ပြီး ထိုနေရာမှ ထွက်ခဲ့တော့သည်။

"တို့တစ်ခုခုသွားစားရအောင်ကွာ"

ဦးဖိုးထိန်က ထိုသို့ပြောလိုက်သောအခါ နေလွှမ်းကလည်း -

"ကောင်းသားပဲ ဦးလေး။ ကျွန်တော်လည်း ဗိုက်ဆာတယ်"

ဟု ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ ဘာစားရင် ကောင်းမလဲ"

"နေ့လယ်ခင်းကစားတဲ့ ဟို · · မစန်းရီဆိုင်မှာ ထမင်းကြော် သွားစားရင် ကောင်းမယ် ဦးလေး"

"ဒါဆိုလည်း အဲဒီကို သွားတာပေါ့"

ဦးဖိုးထိန်က ပြောပြီး မစန်းရီထမင်းဆိုင်ဘက် လျှောက်သွားကြသည်။ ထမင်းဆိုင်တွင် ထမင်းကြော် တစ်ပွဲစီ မှာစားပြီးနောက် ရေနွေးကြမ်း သောက်ရင်း စကားပြောဖြစ်ကြသည်။ ဦးဖိုးထိန်က နေလွှမ်းကိုကြည့်၍ -

"မင်း ဘာသတိထားမိသလဲ"

ဟု မေးလိုက်သည်။

"ကျွန်တော် ဘာကိုမှ သတိမထားမိဘူး ဦးလေး။ ဒါနဲ့ ဦးလေး ဟိုလူတွေဒိုင်မှာ နံပါတ်ရှစ်ပေါ် ပိုက်ဆံတွေ ဝုက်ထည့်ပြီး အောထိုးခိုင်းတာက အတပ်သိလို့လား"

"အတပ်သိလို့ပေါ့ကွ။ အဲဒါ အလုပ်ဒိုင်ပဲ အလုပ်လုပ်နေတာ"

"ဦးလေး ပြောတဲ့ အလုပ်ဒိုင်ဆိုတာ ဘာလဲ"

"အလုပ်ဒိုင်ဆိုတာ သွေးရိုးသားရိုး ကံပေးကံတိုက် ကစားတာ မဟုတ်ဘဲ အကြံအဖန်လုပ်တာကို ပြောတာပေါ့ကွာ။ အဲဒီဝိုင်းက ရှေ့ကျားမောင်းပြီး ငွေကို သုံ့ယူနေတာ"

"လာပြန်ပြီ ဦးလေး အခုပြောတဲ့ ရှေ့ကျားဆိုတာကရော"

"သူတို့လူကို ရှေ့က အုပ်မင်းသားနေရာမှာထားပြီး ထိုးသားတွေမသိအောင် လိမ်ယူနေတာကို ပြောတာကွ"

"ဒါဖြင့်ရင် ဦးလေး အဲဒီအုပ်မင်းသားက အုပ်ထဲကကြွေ ဘယ်နေရာမှာ အနီရှိတယ်ဆိုတာ သိတာပေါ့နော်"

"သိပ်သိတာပေါ့ကွ"

"အဲဒါဘယ်လိုသိတာလဲ ဦးလေး"

"မင်းက ဒီလောကနဲ့ ပတ်သက်ပြီး အတွေ့အကြုံ ဗဟုသုတ တော်တော်နည်းသေးတာကိုး။ သေချာနားထောင်၊ ငါရှင်းပြမယ်"

"ပြောပြပါဦး ဦးလေးရာ"

"ပထမဦးဆုံးဒိုင်က ရှေ့ကျားမောင်းပေးမယ့်သူကို သူတို့ပိုက်ဆံတွေ အရေအတွက်နဲ့ ထုတ်ပေးထားလိုက်တယ်။ ရှေ့ကျားက အဲဒီပိုက်ဆံနဲ့ပဲ ကျန်တဲ့ထိုးသားတွေ ယုံလောက်အောင် ထိုးပြမှာ။ ဝိုင်းခင်းပြီဆိုတာနဲ့ ရှေ့ကျားက ပိုက်ဆံတွေကိုင်ပြီး အုပ်မင်းသားနေရာမှာ နေရာယူထားလိုက်တယ်။ ထိုးသားအနေနဲ့လည်း ဒီလူဟာ ပိုက်ဆံများများထိုးမယ့်သူပဲဆိုပြီး သူ့အုပ်မင်းသားအုပ်မှာကို သံသယနဲ့ မကန့်ကွက်တော့ဘူး။ နောက်ပြီး ကြွေသီးထည့်တဲ့လူနဲ့ အုပ်မင်းသားနဲ့ အစောကတည်းက အချိန်းအချက်လုပ်ပြီးသား"

"ဘယ်လို အချိန်းအချက်လုပ်တာလဲ ဦးလေး"

နေလွှမ်းက ဖြတ်မေးလေသည်။

"ဒီလိုကွာ၊ စောစောက သူတို့ ကစားနေတဲ့ အုပ်ရဲ့အဖုံးဘေးမျက်နှာ တစ်ဖက်မှာ ဒဏ်ရာအစက်လေးပါတယ်။ ကြွေသီးထည့်တဲ့ ကောင်က ကြွေရဲ့အနီကို ဒဏ်ရာပါတဲ့ မျက်နှာစာမှာထားပြီး အဖုံးကို စွပ်ပေးလိုက်ပြီဆိုရင် အုပ်မင်းသားက သူ့ကို လှမ်းကြည့်ချိန်မှာ သူက မသိမသာ ဗိုက်ကို လက်နဲ့ ပွတ်ပြတယ်ကွ။ တကယ်လို့ သူက ဒဏ်ရာပါတဲ့ မျက်နှာစာနဲ့ ဆန့်ကျင်ဘက်အရပ်မှာ ကြွေအနီထည့်ထားတယ်ဆိုရင် အုပ်မင်းသား သူ့ကို လှမ်းကြည့်တဲ့အခါမှာ သူက မသိမသာ ယားလို့ကုတ်သလိုလိုနဲ့ ကျောကိုကုတ်ပြတယ်။ တကယ်လို့ အနီဟာ ဒဏ်ရာလေးရဲ့ ညာဘက်မျက်နှာမှာရှိတယ်ဆိုရင်တော့ သူက ညာဘက်လက်နဲ့ ခေါင်းကို ကုတ်ပြတယ်။ အဲဒီလိုပဲ ဒဏ်ရာရဲ့ ဘယ်ဘက်မျက်နှာမှာ နီတယ်ဆိုရင် သူက ဘယ်ဘက်လက်နဲ့ ပါးကို ကုတ်ပြလိုက်တာပေါ့ကွာ"

"အုပ်မင်းသားက အနီရှိတဲ့နေရာကို သိတယ်ပဲထားဦး။ လူတွေ ပိုက်ဆံချမထိုးခင် အုပ်ကို အရင်လှည့်ရတာဆိုတော့ သူက ဘယ်နေရာမှာ အနီရောက်အောင် လှည့်ထားပေးရမယ်ဆိုတာ ကြိုပြီးသိပုံမလား"

"အဲဒါ မေးသင့်တဲ့အချက်ပဲကွ။ ဒါပေမယ့် မင်းစဉ်းစားကြည့်၊ အနီထောင်လာထိုးတဲ့သူတိုင်းဟာ အကုန်လုံး အနီထောင်သမားချည်းပဲ မဟုတ်ဘူးလေ။ ဒီအထဲမှာ များသောအားဖြင့် လူတချို့က အုပ်မင်းသားထိုးတဲ့နေရာ လိုက်ထိုးကြတာ များတယ်။ တချို့ ကိုယ့်စိတ်ကူးနဲ့ကိုယ် ထိုးတဲ့သူလည်း ရှိတာပေါ့။ ဒီတော့ အုပ်မင်းသားလုပ်တဲ့ ကောင်က ကြွေအနီကို အကော်၊ သို့မဟုတ် အရပ် လူတွေမကြိုက်တဲ့နေရာမှာ ထားပေးလိုက်တယ်။ ပြီးတော့ သူကိုယ်တိုင် ကြွေမှန်ဖြစ်တဲ့ "အိမ်မ"၊ "အထ"ကြီးပေါ်မှာ ထိုးထားလိုက်တယ်။ တချို့ကလည်း ကြွေမှန်ရင် အုပ်မင်း



www.burmeseclassic.com

www.burmeseclassic.com

သား ထိုးတဲ့နေရာပေါ်မှာပဲဆိုပြီး ဘုမသိ ဘမသိနဲ့ လိုက်ထိုးကြတာပေါ့။ အုပ်ကို ဖွင့်တော့မယ်ဆိုတဲ့အခါကျတော့ အုပ်မင်းသားက ဖယားပေါ်က ငွေကို အရင်ကြည့်ကတယ်။ ကြွေအနီနဲ့ ပိုက်ဆံပါးတဲ့အတွက် တစ်နည်းအားဖြင့် ဒိုင်ဘက်က အမြတ်ကျန်နိုင်တဲ့ အကွက်တန်းနေရင် ရိုးရိုးသားသားပဲ ဖွင့်တယ်။ တကယ်လို့ သူက ကြွေအနီထားတဲ့နေရာဟာ ငွေနည်းနည်းများနေပြီး ဒိုင်ကစိုက်ရမယ့် ေ^ြကွက်နဲ့ တိုးနေရင်၊ ဒါမှမဟုတ် ဒိုင်အတွက် မကျန်နိုင်ဘူးဆိုရင် သူက အုပ်ဖွင့်မယ့်အချိန်မှာ စကားရောဖောရောနဲ့ ထိုးတဲ့သူတွေကို အာရုံလွှဲပြီး သူပေါ်ချင်တဲ့အကွက်ကို ကြွေခေါ်သလိုလိုနဲ့ တစ်မျက်နှာခိုးလှည့်ပစ်လိုက်တယ်။ မင်းကို ငါချထိုးခိုင်းတဲ့ အလှည့်က တကယ် ကြွေအနီပေါ်နေတာက ကိုးမှာ။ သူက ကြိုးရိုက်သလိုလို ဘာလိုလိုနဲ့ တစ်မျက်နှာခိုးလှည့်လိုက်တော့ ငွေအပါးဆုံးအကွက်ဖြစ်တဲ့ ရှစ်ကိုရောက်သွားတာ။ ဒါကြောင့် ငါက သူပြောင်းပြီးသားဖြစ်တဲ့ ရှစ်ထဲကို ချထိုးခိုင်းလိုက်တာပဲ"

နေလွှမ်းမှာ ကြွေဖိုးထိန်ရှင်းပြသည်ကို နားထောင်နေရင်း အနီထောင်သမားများ၏ ဉာဏ်များပုံ၊ အကွက်ကျကျ လိမ်ယူတတ်ပုံတို့ကို စဉ်းစားရင်း သူတို့ကို တစ်ဖက်က ချီးကျူးမိသလို၊ တစ်ဖက်ကလည်း စိတ်ပျက်မိလေသည်။ နောက်ဆုံးတွင် ဘာမသိ၊ ညာမသိနှင့် ပွဲကြံုတုန်း လက်ထဲရှိတဲ့ငွေလေးနှင့် အပျော်သဘော စရိတ်ရလိုရငြားသဘော လာထိုးနေသည့် သာမန်အရပ်သူ၊ အရပ်သားများကိုသာ သနားနေမိတော့သည်။

"ဒါနဲ့ ဦးလေး၊ တောင်ဘက်ဆုံးက ညောင်လေးပင်ဒိုင်ကိုတော့ ဘာဖြစ်လို့ မထိုးခိုင်းတာလဲ"

"အဲဒီဝိုင်းက အကြည်ဝိုင်းကွ။ ကြိုးလုံးဖယားနဲ့ သန့်သန့်လေးကစားနေကြတာ။ ကြွေကောင်းရင် ဒိုင်လျော်ပြီး၊ ကြွေမကောင်းရင် ဒိုင်စားမှာပဲ။ ဒါပေမယ့် အဲဒီဝိုင်းမှာ ငါစိတ်ဝင်စားနေတာ တစ်ခုရှိတယ်"

"ဘာလဲ ဦးလေး"

"ကြွေသီးထည့်နေတဲ့ကောင်ရဲ့ ရှေ့က ရေခွက်ထဲမှာ ရေစိမ်ထားတဲ့ ကြွေသီးအပိုနှစ်လုံးကို မင်းတွေ့သလား"

"ဟုတ်ကဲ့…သတိထားမိတယ်။ အဲဒီကြွေတွေက တကယ်လို့ ဒိုင်ဘက်က တောက်လျှောက်ဆင်းလျော်နေရင် ကြွေသီးလဲဖို့ အပိုအလုံးတွေမဟုတ်လား။ အဖြူတစ်လုံး၊ အနက်တစ်လုံးလေ"

"အေး…ငါစိတ်ဝင်စားနေတာက ကျွဲချိုသီးအနက်ကိုပဲ"

"အဲဒီကြွေကို ဦးလေးက ဘယ်လိုထင်လို့လဲ"

"ငါ့စိတ်ထဲမှာ အဲဒီကြွေဟာ ငါ့ဆီက ထွက်သွားတဲ့ ကြွေလို့ထင်နေတယ်။ ဒီနယ်တစ်ဝိုက်မှာ အဲဒီလို အနက်ရောင် ကြွေသီးပေါ်မှာ အစိမ်းရောင်မျက်လုံး၊ မျက်တောင်အစား အဖြူရောင် မျက်လုံး၊ မျက်တောင်ကို ထည့်ပေးတာ ငါတစ်ယောက်ပဲရှိတယ်"

"တကယ်လို့ အဲဒီကြွေသီးဟာ ဦးလေးလက်ထဲက လုပ်ပေးလိုက်တာ မှန်ရင် ဒီဒိုင်တွေထဲက တစ်ယောက်ယောက်ကို ဦးလေးသိနေမှာပေါ့"

"ငါလည်း အဲဒါစဉ်းစားနေတာ။ ဒီကောင်တွေ အုပ်စုတစ်အုပ်စုလုံးကို ငါမမြင်ဖူးဘူး။ တစ်ချက်ပဲရှိတယ်။ ငါ့ဆီက ကြွေကို တစ်ယောက်ယောက်က ဝယ်သွားပြီး အဲဒီတစ်ယောက်ယောက်က ဒီကောင်တွေလက်ထဲ ပြန်ပေးခဲ့သလား မသိဘူး"

"အဲဒီကြွေဟာ ဦးလေးထင်သလို ဦးလေးဆီက ထွက်တဲ့ကြွေဆိုရင် ဦးလေးက ဘာလုပ်ချင်လဲ"

"အလုပ်တစ်ခုခု လုပ်ရမှာပေါ့ကွာ။ သေချာအောင်တော့ စောင့်ကြည့်ရမယ်။ အဲဒါကြောင့် ကြွေသီးထည့်တဲ့ကောင် အဲဒီကြွေ လဲမလားလို့ ငါ စောင့်ကြည့်နေတာ၊ မလဲဘူးကွ"

သူတို့နှစ်ဦး စကားထိုင်ပြောနေကြစဉ်မှာပင် ဗွီဒီယိုပြသမှုလည်း ပြီးဆုံးသွားပြီဖြစ်သဖြင့် ပွဲခင်းထဲတွင် လူစုကွဲသွားလေသ္ညည်။ အလားတူပင် ကစားဝိုင်းတန်းမှာလည်း လူပါးလာပြီး တချို့ဝိုင်းသိမ်းနေကြပြီ ဖြစ်သည်။ ည ၁၁ နာရီခွဲပြီမှ သူတို့နှစ်ဦး ထမင်းကြော်ဖိုးရှင်းပေးကာ ကစားဝိုင်းတန်းသို့လျှောက်ကြသည်။ သူတို့ရောက်သောအခါ ကိုမြင့်တို့အဖွဲ့လည်း ဝိုင်းသိမ်းပြီး ရွာထဲသို့ပြန်ရန် စီစဉ်နေသဖြင့် အချိန်အတော်ဖြစ်သွားပြီး ကိုမြင့်တို့နှင့်အတူ ရွာထဲမှ တည်းခိုအိမ်သို့ ပြန်ခဲ့ကြလေသည်။

(ဆက်ရန်)

**ကျော်ဆွေဝင်း(ရွှေအင်း)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အသားလုတဲ့ သရဲ

■ မင်းရဲကျော် ■

ကျွန်တော်တို့သုံးယောက် အာမီရမ်တစ်လုံး၊ ဆတ်သားအစိုလတ်လတ်ဆတ်ဆတ်ကြော်၊ မြေပဲကြော်အမြင်ပကာတ်တစ်ခေါ် မုန်ညင်းချဉ်တို့ဖြင့် စားကောင်းကောင်း၊ သောက်ကောင်းကောင်း။ ထမင်းချက်တာဝန်ယူထားသည့် ကိုလှအောင်(ရဲဘော်ကြီး)သည် ဆတ်သားတွေ ခုတ်ထစ်နေ၏။

"ကိုလှအောင်"

"ဘာလဲ မိုးကျော်"

"ကျွန်တော် အိမ်ပြန်မယ်။ ကျွန်တော့်အတွက် အသားတွဲကို အင်ဖက်နဲ့ ထုပ်ပေးဗျာ"

"ဟေ့ကောင် မိုးကျော်၊ အခုပဲ ရှစ်နာရီခွဲနေပြီဟ။ သိပ်မိုးချုပ်နေပြီ"

"ဟုတ်တယ် မိုးကျော်။ မင်းသွားရမှာက မင်းလှရွာဖြတ်ပြီး ရွာနောက်တောတန်း ဖောက်ထွက်မှ မင်းရဲ့ ဖနပ်တောရောက်မှာ။ လမ်းမသာပါဘူးကွာ။ မနက်မှ ပြန်ပါကွ"

ပထမ ကိုလှအောင်က တား၏။ နောက် ဒုတိယ တင်မြတ်မှလည်း အကျိုးအကြောင်း ရှင်းပြ၏။ တင်မြတ်ပြောသလို မင်းလှရွာနောက်ကျောမှာ တောတန်းအပြင် ရွာဖြတ်ထွက်သည်နှင့် လျှိုကလေး။ ထိုလျှိုကလေးကိုဖြတ်ပြီး တောင်ကုန်းမို့မို့စောက်စောက် ဆက်တက်ရင်းမှ နာရီဝက်ကျော်ကျော်ခန့်ဆိုလျှင်တော့ မိုးကျော်အောင်၏ နေအိမ်ခြံနာနတ်သီး၊ ငှက်ပျောသီးခြံသို့ ရောက်မည်။ သူ့ခြံတွင် ဇနီး မခင်ဝင်းနှင့် မိခင်ကြီးဒေါ်ညို၊ သားကြီး မောင်မောင်အောင်တို့ ရှိ၏။ ပတ်ဝန်းကျင်မှာ သူတို့လို ခြံမျိုးတွေ။ တစ်ဖန် ထိုတောင်ကုန်းမြင့်မြင့်မှာတော့ ခြံတွေ၊ အိမ်တွေက ရွာကြီးတစ်ရွာပင်။

ကျွန်တော်တို့သုံးယောက် သောကြာနေ့ ညနေမှစ၍ မံမလင်း။ ထီးလင်းရွာဘက် တောပစ်ထွက်ခဲ့၏။ သောကြာ၊ စနေ နှစ်ရက် တောလည်ပါသော်လည်း တစ်ကောင်တစ်မြီးမှ မရ။ ခါတိုင်းဆိုပါက ထီးလင်း၊ ဘာအထက် ဝါးဖြူတောင်ခြေရင်းတွင် တောဝက်၊ ချေ တစ်ကောင်ကောင်လောက်တော့ အသာလေးရ၏။ ခုတော့ သားကောင်တွေ ဘယ်ရောက်နေပါလိမ့်။ ထီးလင်းတောမှာတော့ မပစ်လို၍ ဝါးဖြူတောင်ခြေအထိ ဇွဲကောင်းကောင်းဖြင့် သားကောင်ရှာ၏။ စောင့်၏။ လုံးဝမတွေ့ပါ။ အသံတွေကား တစ်ခါတစ်ခါ တောဝက်အုပ်အသံတွေ၊ ချေပေါက်တွေ၏ သတ္တိပြောင်မြောက်ယောက်သံတွေသာ ကြားရပြီး အကောင်မတွေ့ မပစ်ရ။

"ကဲ···ကိုကျင်ဖေရေ···ကျွန်တော်တို့ ဒီနတ်ရေတွင်းမှာ စခန်းချတာပေါ့။ နားမယ်၊ အိပ်မယ်၊ ညနေ ညပိုင်းအောက်က ကျွဲသေအိုင်ဘေးမှာ စောင့်ကြတာပေါ့"

"ကောင်းတာပ။ ကျွန်တော်လည်း ဆရာကျော့်အစီအစဉ်ကို တွေးနေတာဗျ။ ကောင်းတယ်၊ ကောင်းတယ်"

ထမင်းချက်သူချက်၊ အမဲခြောက်ဖုတ်သူဖုတ် တက်ညီလက်ညီ အလုပ်လုပ်နေကြ၏။ တောပစ်လိုက်သူ ကျွန်တော်တို့သုံးယောက်၊ သူတို့က ခုနစ်ယောက်၊ စုစုပေါင်း ဆယ်ယောက်။ ဒီဆယ်ယောက်ဆိုပါက အနည်းဆုံး တောဝက်နှစ်ကောင်၊ ချေဆိုလည်း သုံးလေးကောင်၊ ဒါမှမဟုတ် ဆတ်ဆိုလည်း တစ်ကောင်တော့ ရအောင်ပစ်ရမယ်။ ခုတော့ သောကြာ ညမပစ်ရ၊ စနေနေ့မနက် ၁၀ နာရီအထိ မအိပ်စက်ဘဲ သားကောင်ရှာရာမှာ ဗမာနတ္ထိဖြစ်နေ၏။

ဒီစနေညပိုင်း တနင်္ဂနွေနံနက်မှာတော့ သားကောင်ကြီးရရန် နတ်ရေတွင်းအောက်ချိုင့်ရှိ ကျွဲသေအိုင်ဘေးမှာ သားကောင်ပစ်ခတ်ရပေတော့မည်။ နတ်ရေကန်ကား တစ်တောင်ခန့်အကျယ်၊

www.burmeseclassic.com

အနက် တစ်ထွာခန့် ရေက အမြဲမပြတ် ပြည့်နေ၏။ ပြည့်သာပြည့်သည်၊ လျှံမထွက်။ တစ်ဖန် ထိုကျောက်သား နတ်ရေကန်ထဲသို့ မည်သည့်သက်ရွက်ခြောက်မှုမကျ။ ထာဝရကြည်လင်နေ၍ မံမလင်းရွာသား၊ ထီးလင်းရွာသားတွေ တောထဲ သစ်ခုတ်ဝါးခုတ်သည့်အခါ ထိုနတ်ရေကန်တွင် စခန်းချကြသည်။ ထိုနတ်ရေကန်မှ ရေအား ပါလာသည့် ခွေးတစ်ကောင်မျှ သွားမသောက်။ လူက ခပ်ပြီး အင်ရွက်တွေ၊ ငှက်ပျောရွက်တွေကတော့ထိုးတိုက်ရင်တော့ ခွေးတွေ သောက်ကြ၏။ တချို့သော ရွာသားများသည် ထိုနတ်ရေကန်မှ ရေကို ရေဘူး ဝါးဆစ်တူးဖြင့် ရွာသို့ ခပ်ယူကာ မျက်နှာသစ်ကြ၊ ခါးနာ၊ အကြောကိုက်ပါကလည်း လိမ်းကြ၏။ ပျောက်သည်ဟုလည်း ကြားဖူးပါ၏။ ထိုရေကန်ထဲရှိ ရေ၏ပမာဏမှာ သောက်ရေအိုးတစ်လုံးစာထက် မပိုနိုင်။ သို့သော် လူဆယ်ယောက်မက ဘယ်လောက်ခပ်သောက်သောက် ရေက ပြည့်နေ၏။ ရွာသားတွေ အပြောမှာကား ထိုနတ်ရေကန်ထဲသို့ ရေခပ်ရာတွင် သန့်ရှင်းသော ခွက်ဖြင့်သာ ခပ်ရ၏။ မသန့်ရှင်းသော ရေခွက်ဖြင့် ခပ်သည်နှင့် ရေအားလုံး တစ်မုဟုတ်ချင်း ခန်းခြောက်သွားကြောင်း၊ နောက်နေ့ တစ်ရက်ပြည့်မှ ရေပြန်ထွက်ကြောင်းလည်း သိရသည်။ သစ်ရွက်ကတော့ထိုး ခပ်လည်း ရလေသည်။

ကျွန်တော်တို့ နံနက်စာစားပြီးနောက် ဆက်လက်နားရင်း သေနတ်တွေ တိုက်ချွတ်ပြီးသည်နှင့် ညနေစာ ထမင်းအား ဟန်းကောဖြင့် ထည့်ယူကာ ရွာသားသုံးယောက်၊ ကျွန်တော်တို့သုံးယောက် ပေါင်းခြောက်ယောက် အောက်ဆင်းခဲ့ပြီး မံမလင်းရွာသား ကိုကျင်ဖေ၏ ညီ ကိုတင်ဖေနှင့် ရွာသားသုံးဦး ဆက်လက်စခန်းချရန် ထားခဲ့၏။

ကျွဲသေအိုင်ဆိုသည်မှာလည်း အလွန်ထူးခြား၏။ သစ်ဆွဲသော ကျွဲ၊ ဝါးဆွဲသော အိမ်ကျွဲတွေ ထိုကျွဲသေအိုင်သို့ မဆင်း။ မောင်းချ၍ပင် မရ။ ကျွဲသေအိုင်ထဲမှ ရေလည်း မသောက်။ ဘာ့ကြောင့်မှန်းမသိ။ ထီးလင်းရွာမှ အဘဦးအောင်ညိုဆိုသည့် သက်ကြီးရွယ်အိုပြောသည်မှာ ထိုကျွဲသေအိုင်ထဲတွင် နတ်ကျွဲဟုလည်းကောင်း၊ တချို့ကလည်း ကျွဲဘီလူးရှိကြောင်း၊ တစ်ခါတစ်ရံ ထိုရေအိုင်ကြီးတွင် ရေလူးနေသော အလွန်ကြီးမားသည့် ကျွဲဖြူကြီးတစ်ကောင် တွေ့ဖူးကြောင်း ပြောပြသည်မှအပ တိတိကျကျ မသိရ။

သို့သော် တောဝက်တွေ ရေလူး၏။ ဒရယ်ဆိုလည်း အုပ်လိုက် ရေစိမ်ပြီး ဆတ်နှင့် ကျားတွေပါ ရေထဲဆင်းကြ၏။ လူတွေ ရေထဲဆင်း ရေချိုးလည်း မထူးခြားပါ။ သို့သော် ကျွဲဆိုပါက ရေအိုင်မှ လက်မခံသည်ကိုလည်း အဘဦးအောင်ညို ပြောပြဖူးကြောင်း။

"အင်း…ဒီရေအိုင်ကြီးရဲ့ အစောင့်ကြီးဟာ ကျွဲဖြူကြီးပ။ နတ်ကျွဲလည်း ခေါ်တာပ။ ကျွဲဘီလူးကြီးပနော့။ သူဟာ ဒီရေအိုင်ထဲ ကျပြီးသေရတာပ။ ကျွဲရေထဲကျသေတာ မရှိပ။ ဒါပေမယ့် သူက ကျွဲဖြူ။ နောက်ထပ် ကျွဲမည်းကြီးတွေနဲ့ အားစမ်းရင်း ကျွဲမည်းကြီးတွေ လေးငါးကောင်ဟာ သူတစ်ကောင်တည်းကို ဝိုင်းခတ်လို့ ဒဏ်ရာတွေနဲ့ ရေထဲကျသေဆုံးသွားလို့ ဘယ်ကျွဲမှ သူ့ရေအိုင်ထဲ အဆင်းမခံတော့ဘူး။ ဆင်းလို့ကတော့ အသေပနော့"

"ဆရာကျော် ဘာတွေတွေးနေတာလဲ"

"ဪ…ကိုကျင်ဖေရေ။ ဒီကျွဲသေအိုင်အကြောင်း တွေးနေမိတာပ။ ခင်ဗျားတို့ပြောပြလို့ ကျွဲသေအိုင်သမိုင်း ပြန်တွေးမိတာပဲ ကိုကျင်ဖေ"

"ဟုတ်တာပ ဆရာကျော်။ ညပိုင်းမှာ ကျွဲအော်သံကြားရင် ကြားမှာပ။ ဒါမှမဟုတ် ရေထဲက ဦးခေါင်းကြီး၊ ကိုယ်လုံးကြီးလည်း ပေါ်တတ်တာပအေး။ တွေ့ရင် မပစ်နဲ့နော့။ ဟို…ကိုတင်မြတ်နဲ့ ကိုမိုးကျော်လည်း သိထားကြတာပအေး"

"စိတ်ချပါ။ ကျွန်တော်တို့ ဆတ်ပဲပစ်မယ်ဗျာ…ဟဲ…ဟဲ"

"ရော်…ရတာပ ကိုတင်မြတ်။ ကျွန်တော် နတ်ကျွဲကြီးကို တိုင်တည်မယ်။ တောင်းပေးတာပအေး"

ကိုကျင်ဖေနှင့်ပါလာသော ကိုယောဟန်ဆိုသော အသက်လေးဆယ်ခန့် လူသန်ကြီးမှ ရယ်ကျဲကျဲဖြင့်ပြောပြီး ဝါးတစ်ဆစ်ခုတ်ဖြတ်ကာ ချက်ချင်း နီးဖျာပြီး ကျွဲခေါင်းသဏ္ဌာန် ထိုးပြီးနောက် ရေစပ်စပ်ရှိ ရေသဖန်းပင်ကြီးခြေရင်းသို့ သွားကာ…

"နတ်ကျွဲကြီးပ၊ ဒီအချိန်ကစပြီး နံနက်မိုးလင်းတဲ့အတွင်းမှာပနော့ ဆတ်ကြီးတစ်ကောင် ချိုကျိုးနားပဲ့ပအေး ပေးတာပ။ တောဝက်လည်းပေးတာပ။ အမြီးပြတ်၊ နားကွဲ၊ အစွယ်ကျိုးပနော့။ ဆက်ဆက်ပေးတာပ။ နတ်ကျွဲကြီး ဦးခေါင်းပုံကို နတ်ကျွဲကြီးအတွက် လှူတာပ။ ဒီမှာမြင်မှာပ။ နီးအကြောမပါ၊ အူအသားဖြူ ဖြူမို့ ကျွဲဖြူသဏ္ဌာန်ပနော့။ ရော်…



www.burmeseclassic.com

www.burmeseclassic.com

မေ့တာပ။ သားကောင်တွေရဲ့သွေး ရေ အိုင်ထဲမကျအောင် ပစ်ခတ်မှာပ။ ခွင့်ပြု တာပနော့"

ကျွန်တော် ပြုံးနေသလို မိုးကျော် အောင်နှင့် တင်မြတ်တို့လည်း သဘော တွေ့နေ၏။ ဟုတ်သည်၊ မဟုတ်သည် ထက် ကိုယောဟန်ကြီး ပြောဆိုနေပုံက တကယ့်ကို ဟန်ပါပါ၊ မာန်ပါပါ ပြောဆို ပြီးသည်နှင့် ပြန်တက်လာ၏။

"ဘယ်လိုလဲ ဦးယောဟန်ကြီး"

"ရော်...အခြေအနေကောင်းတာ ပအေး။ ရမှာသေချာတာပနော့။ နတ်ကျွဲ ကြီး ပေးမှာပအေး။ သေချာတာပ"

ကျွန်တော် မိုးကျော်အောင်နှင့် တင်မြတ်အား အမြဲမှာထား၏။ ရွာသူ ရွာသားတွေ သူ့ရေမြေဒေသ တင်တာ မြှောက်တာလုပ်တိုင်း မကန့်ကွက်ရ၊ မနှောင့်ယှက်ရ၊ အလေးထားပြီးသာနေ ဟု ဆိုခဲ့၍ မိုးကျော်အောင်မှ "ဘယ်လို လဲ ဦးယောဟန်ကြီး"ဟု စပ်စုသည်ကို ကျွန်တော်သဘောမကျ။ မိုးကျော်အောင် ကား နတ်၊ ဂုန်း၊ ကဝေ၊ တစ္ဆေသရဲ အလွန် မုန်းသူမို့ ရှေ့သို့စကားမဆက်တော့။

ကျွန်တော်တို့ ည ၉ နာရီထိုးတွင် တောဝက်တစ်ကောင် ရေသောက် အဆင်း ကိုကျင်ဖေ၏ မီးထိုးမှုကောင်း သဖြင့် ပစ်ခတ်ရရှိခဲ့သည်။ တောဝက် ကြီးရေသောက်ပြီး သဖန်းပင်ကြီးသေးမှ အထက်တောင်စောင်းအတက်မှာ တင် မြတ်ပစ်ခတ်စဉ် ထုံးစံအတိုင်း မီးခိုး ဆွောက် လှည့်ခုန်ပက်ရန် ပြေးလာသော် သည်း လက်ပတ်မှန်ထားသည့်အတွက် ထိုက်နှစ်ဆယ်ခန့်မှာပင် လဲကျသွား၏။ ကိုကျင်ဖေနှင့် ရွာသားနှစ်ယောက် တင် မြတ်ပါ သွားကောက်ခဲ့ပြီး ထုံးစံအတိုင်း မိုးကျော်အောင် နှားခွဲ၊ ခြေခွဲစဉ်...

"ဆရာကျော်၊ ဒီမှာကြည့်ပါဦး။ နားကွဲပြီး ပြတ်နေတယ်ဗျ။ အစွယ်ဘယ် ဘက် အစွယ်အရင်းက ကျိုးလို့"

"အေး...အထီးဆိုတော့ အချင်း ချင်း ဗိုလ်လုလို့ပေါ့"

ကျွန်တော်တို့ အမှုမဲ့ အမှတ်မဲ့ နေလိုက်၏။ သတိလည်း မထားမိ။ ဦးယောဟန်ကြီး ဘာမျှမပြော။ သူ့စိတ် ထဲမှာ ပျော်နေ၏။ ကိုကျင်ဖေကိုတော့ တိုးတိုးလေး ပြော၏။

"ကျင်ဖေဖ...အစွယ်ကျိုး နားကွဲ၊ အမြီးပြတ်တွေ့တာပ"

"အင်း..."

"မှန်တာပနော့"

"ဆတ်လိုသေးတာပ"

"ရော်...လောတာပအေး"

ကျွန်တော်ကြားနေ၏။ ဘာမျှ မပြော။ မိုးကျော် မီးထိုးပြ၍ အစွယ်ကျိုး နားကွဲပြီး ပြတ်နေသည်ကတော့ လုံးဝ မှန်ကန်နေလေပြီ။ မယုံရခက်၊ ယုံရခက် တော့ ဖြစ်ချေပြီ။

"ဆရာကြီးပ၊ ဟို...သွေးနံ့ရလို့ မတော်တဆ တောခြောက်လာရင် ဘာ ကောင်မှ မပစ်ဘဲ နေကြတာပနော်"

"ဗျာ...ဟို..သားကောင်လာလု တဲ့ သဘောလား"

"ဟုတ်တာပ၊ ကျွန်တော်ပစ်မှာပ။ ဒီမှာ အဲဒီကောင်တွေကို ကောင်းကောင်း နိုင်တဲ့ ကျွဲကျော်သား လက်နက်ပ"

"သြော်...ဦးယောဟန်ကြီးက တော့ အံ့ပါရဲ့၊ ကြိုတင်ပြင်ဆင်ခဲ့တာပေါ့၊ ကောင်းတာပေါ့ဗျာ"

ဘာကောင်ဆို ဘာကောင်မှ မထွက်။ ကျွန်တော်တို့ သေနတ်သမား သုံးယောက် တစ်ယောက်အိပ်၊ နှစ် ယောက်စောင့်၊ ရွာသားတွေအားလုံး အိပ်ခိုင်းလိုက်ပါသည်။ ဦးယောဟန်ကား လုံးဝမအိပ်။

"ဝေါဝေါဝေါဝေါ...ဝုန်းဝုန်းဗုန်း ဗုန်း...ဝေါင်းဝေါင်း"

"ဝီဝီဝီဝီ...ဖြောက်ဖြောက်ဖြောက် ဖြောက်...ဝူးဝူးဝူးဝူး"

ကြောက်မက်ဖွယ် အသံဆိုးကြီး တွေနှင့်အတူ ကျွန်တော်တို့ ပတ်ဝန်းကျင် တစ်ဝိုက် လေတွေတိုက်၏။ အပင်တွေ လည်း ယိမ်းထိုးနေပြီး သားကောင်တွေ ၏ ခြေသံ၊ ပြေးလွှားသံမှ နောက်ဆုံး ကျားဟိန်းသံ၊ ခွေးအူသံသဲ့သဲ့။ အကောင် တွေကိုတော့ ထင်ထင်ရှားရှား မတွေ့ရ။

"ရော်...ကျွန်တော့်ရဲ့ မီးလောက် စာလုံးပအေး"

"ဖြောက်...ဒေါက်...ဖြောက် ဒေါက်...ဖြောက်...ဒေါက်"

ဦးယောဟန် အမှောင်ထဲသို့ ပစ် ခွင်းလေတော့၏။ သူပစ်လိုက်သော လောက်လေးခွ၏ သားရေသံနှင့်အတူ မည်သည့်နေရာကို ထိမှန်သည်မသိ။ ဖြောက်၊ ဒေါက် မှန်နေသည်။ သူပစ် သည်မှာ အသံတွေ လုံးဝပျောက်သွား သော်လည်း ဝဲယာအထက်မှ ပေါ်လာ၏။ ဦးယောဟန် ပစ်ခတ်ရင်း သူ့ပါးစပ်မှ မီးလောက်စာလုံးပအေး ဆိုဆိုပစ်၏။ တစ်နာရီနီးပါး ခွပ္ပပြီးနောက် လုံးဝ တိတ်ဆိတ်သွားလေပြီ။

နံနက်စောစော မြူတွေ သိပ် သည်းနေခိုက်မှာပင် ကျွဲသေအိုင်ထဲမှာ ရေလူးနေသော အကောင်တစ်ကောင် အသံ။ နောက် ရေနှင့်ထိ၍ တဖြန်းဖြန်း မြည်သံကြောင့် ကျွန်တော်တို့ မှဆိုးသုံး



www.burmeseclassic.com

www.burmeseclassic.com

ယောက် နားဆင်နေစဉ် အသံသဲ့သဲ့မှာ ပျောက်ကွယ်ပြီး ကုန်းပေါ်တက်လာသည့် အသံနှင့် ထပ်တူထပ်မျှ ကြားလိုက်ရသော အသံကား…

"ဖူး…ဖူး…ဖူး…ဖူး"

"ဆရာကျော်…ဆရာကျော်၊ ဆတ်ကြီးနှာမှုတ်သံဗျ၊ နှာမှုတ်သံ"

"အေး…သေချာပြီ၊ မင်းတို့နှစ်ယောက်ပစ်။ ဆက်ပြေးရင် ငါနဲ့ တင်မြတ် တစ်ချက်စီ ပစ်လုံ့မယ်"

"စိတ်ချ ဆရာကျော်"

ငါးမိနစ်ခန့်အကြာမှာတော့ ဆတ်ကြီးအား တွေ့ရပါပြီ။ ထင်ထင်ရှားရှားတော့ မဟုတ်သေး။ မြူဖွေးဖွေးကြောင့် မသဲမကွဲ။

"ကဲ…မင်းတို့နှစ်ယောက် ရှေ့တိုး။ မြင်ကွင်းကောင်းယူ"

ကျွန်တော် သူတို့နှစ်ယောက် ရှေ့တိုးနိုင်းသလို ကျွန်တော်ပါ ထက်ကြပ်မကွာ ရှေ့အတိုးမှာပင် ဆတ်ကြီးခေါင်းထောင်ပြီး အနံ့ခံရင်း သတိထားစဉ်…

"ဒိုင်း…ဒိုင်း"

"ဝုန်း…ဖြောက်ဖြောက်ဖြောက် ဖြောက်"

"တင်မြတ်…ပစ်…ဒိုင်း…ဒိုင်း"

ခုန်ပေါက်ပြီး တောင်စောင်းအတိုင်း ပြေးနေသော ဆတ်ကြီးအား ကျွန်တော်နှင့်အတူ လျှပ်တစ်ပြက် တင်မြတ် ပစ်ခတ်မှုကြောင့် ဆတ်ကြီး လဲပြိုကာ တလိမ့်ခေါက်ကွေး တောင်အောက်ကျသွားသည်နှင့် ကျွန်တော်တို့အားလုံး အပြေးအလွှား ရောက်သွားတော့ ဆတ်ကြီး အသက်မရှိတော့။

"ရော်…မှန်တာပ။ ဒီမှာ ချိုကျိုးတာပ။ နားရွက်လည်း ပဲ့နေတာပအေး။ နတ်ကွဲကြီး ကျေးဇူးကြီးတာပနော့။ နတ်ကွဲကြီးအတွက် မြက်တစ်ဆုပ်ဆက်မှာပ"

ဦးယောဟန်တစ်ယောက် မြက်နုနုရွေးနုတ်ကာ သူ၏လက်တစ်ဆုပ်စာရသည်နှင့် ကွဲသေအိုင်ကြီးထဲသို့ လက်နှစ်ဖက်ဖြင့် တရိုတသေ ဖြန့်ချနေသည်။

"မိုးကျော်…အသားတွေ ပလိုင်းထဲထည့်ပြီး ယူသွား"

"ဟုတ်ကဲ့ ဆရာကျော်"

"တောက်…ခွေးကောင်၊ မင်းမိန်းမ ဘယ်မှထွက်မပြေးပါဘူး"

မိုးကျော်အောင်အား တင်မြတ် ပြောသော်လည်းမရ။ ဆတ်သားနှင့် တောဝက်သားတွေ ပလိုင်းထဲသို့ ထည့်ပြီးနောက် သူ၏ ခါးပတ်တွင် ချိတ်ဆွဲထားသော လုံ့စွပ်စားအား အသေအချာ စစ်ဆေးပြီး…

"ဆရာကျော်၊ မနက်မှပြန်ခဲ့မယ်"

"အေး…အေး"

မိုးကျော်အောင် ထွက်သွားပြီးသည်နှင့် ကျွန်တော်နှင့် တင်မြတ် စိတ်မချ၍ နောက်ကလိုက်သွားစဉ် မိုးကျော်အောင် မင်းလှရွာ ကားလမ်းဖြတ်ပြီး ရွာနောက်တောတန်းသို့ ဝင်သွား၏။ ကျွန်တော်တို့နှစ်ယောက် ဆက်လိုက်သွားစဉ် ရွာနောက်ရှိသည့် အနိမ့်ပိုင်းလျှိုထဲသို့ ရောက်တော့ လကသာသာ ထိန်ထိန်ခါနေစဉ်…

"ဟာ…ဟာ…ဆရာကျော်၊ ဟိုကောင်တစ်ယောက်တည်း သိုင်းကနေပြီ။ တောက်…ခွေးကောင်၊ ပြောစကားနားမထောင်ဘူး"

"အေး…မြန်မြန်လာဟေ့"

မိုးကျော်အောင်ထံမှ အသားလုသော တစ္ဆေသရဲနှင့် လုံးထွေးသတ်ပုတ်နေ၏။ ကျွန်တော်တို့နှစ်ယောက် မိုးကျော်အောင်သာမြင်ရသော်လည်း မိုးကျော်အောင်သည် အကောင်မည်းမည်းကြီးနှင့် သတ်ပုတ်နေ၏။ သူ့လက်ထဲမှ လုံ့စွပ်စားရောင် တဝင်းဝင်းမြင်ရ၏။ တင်မြတ်ပြောသလို မသိရင် တစ်ယောက်တည်း သိုင်းကနေသည့်အလား။

"ဆရာကျော်…ဦးယောဟန်ပြောတဲ့ မီးလောက်စာလုံးနဲ့ တွေ့ကြသေးတာပေါ့"

"ဖြောက်…ဖြောက်…ဒေါက် ဝူးဝူး…"

"တင်မြတ်…မိုးကျော်ကို မမှန်စေနဲ့"

"ဟုတ်ကဲ့ ဆရာကျော်။ မိုးကျော် … မိုးကျော် တို့ရောက်လာပြီဟေ့။ မီးလောက်စာလုံးနဲ့ သရဲကောင်ပစ်တာထိသွားပြီကွ…ဟားဟားဟားဟား"

"ဟာ…တော်သေးတာပေါ့ကွာ။ အတင်းကို လုတာကွ"

"ခွေးကောင်…ပြောစကား နားမထောင်ဘူး။ တို့သာ မရောက်ရင် အသားတွေမကဘဲ မင်းပါဒုက္ခရောက်တော့မှာကွ"

"ဟူး…မောလိုက်တာကွာ"

"ကဲပါ…ဆရာကျော်နဲ့ငါ မင်းအိမ်အထိ လိုက်ပို့မယ်။ သွားကြစို့"

"အင်း…အဲဒါ အသားလုတဲ့ သရဲလေ"

တင်မြတ်၏ မှတ်ချက်အား မိုးကျော် ဘာမျှမပြောတော့။ သူ့အမှား သူသိ၍ တိတ်တိတ်ဆိတ်ဆိတ်သွားရင်း စိတ်ထဲမှ အသားလုတဲ့သရဲဟု တွေးနေမိတော့သည်။

မင်းရဲကျော်

www.burmeseclassic.com

# အရွယ်များနဲ့ နေထိုင်မှုဗေဒ

❐ ကိုဖိုးတင်အောင်

ခင်မောင်ဌေး ၁၀ နှစ်သားမှာ ကျွန်တော်ကလည်း ၁၀ နှစ်ပဲ ရှိသေးတာ။ ငယ်ကလည်းငယ်တော့ လောကကြီးရဲ့ ပရိယာယ်တွေကို ဘာနားလည်မှာတဲ့လဲ။ စားကောင်း၊ အိပ်ကောင်း၊ ဆော့ကောင်းတုန်းပေါ့။ ခင်မောင်ဌေးက ချမ်းသာတယ်၊ ကျွန်တော်တို့က ဆင်းရဲတယ်။ ဆင်းရဲတယ်ဆိုတာ ရုပ်ဝတ္ထုရဲ့အပေါ်မှာ အခြေခံပြီး ခွဲခြားထားတာပါ။ တကယ်တော့ ဘာမှလည်းမဟုတ်ပါဘူး။

အသက် ၂၀ ရောက်လာတော့ သူလည်းပဲ အတောင်အလက်တွေစုံ၊ ကျွန်တော်လည်း အတောင်အလက်တွေ စုံပေါ့။ ခင်မောင်ဌေးက ဗေဒင်မေးတာ ဝါသနာပါတယ်။ ဗေဒင်ဆရာက သူ့ကို ဟောလိုက်တယ်။ အသက်ရှည်ရှည် နေရမယ်၊ မိန်းမမြန်မြန်ရမယ်တဲ့။ ကျွန်တော့်ကျတော့ အသက်တိုတိုနေရမယ့်သူတဲ့။ ဘယ်လိုပဲဖြစ်ပါစေ အသက်ကို ဉာဏ်စောင့်တာပဲ မဟုတ်လား။

အသက် ၃၀ မှာ သူလည်း မိန်းမရသလို ကျွန်တော်လည်း မိန်းမရခဲ့တယ်။ ခင်မောင်ဌေးက ချမ်းသာတော့ လက်ရှိမိန်းမအပြင် နောက်ဆက်တွဲ ထားလိုက်တဲ့ မိန်းမတွေက ရှိသေးတယ်။ သည်ကြားထဲ အသောက်အစားက မကင်းပြန်ပါဘူး။

ကျွန်တော်ကတော့ တစ်ယောက်ဆို တစ်ယောက်ပါပဲ။ သောက်ဖို့စားဖို့ဆိုတာ ဝေလာဝေးပါ။ ယူထားတဲ့ မိန်းမမျက်နှာကိုလည်း ထောက်ရသေးတာပေါ့။ ကျွန်တော်က အသက်တိုတိုနေရမယ့်သူဆိုတော့ သွားသတိ၊ လာသတိ၊ လုပ်သတိပေါ့။ အသိကို သတိနဲ့ ထိန်းရတာ။

၄၀ ပိုင်းမှာ ကျွန်တော်က အိမ်တစ်လုံး ဝယ်နိုင်ခဲ့တယ်။ ဒါက ကျွန်တော့်ကြိုးစားမှုပဲလေ။ မိန်းမကိုလည်း ပြည့်ပြည့်စုံစုံနဲ့ ထားနိုင်ခဲ့တယ်။ ခင်မောင်ဌေးကျတော့ သည်အချိန်မှာ သူ့လုပ်ငန်းတွေက အနုတ်ပြနေပါပြီ။ ယူထားတဲ့ မိန်းမနဲ့ တောင်မှ ကွဲနေတယ်လို့ ပြောသံကြားတယ်။ အရာရာတိုင်းဟာ သူ့သဘော သူဆောင်တာချည်းပါပဲ။

၅၀ ပိုင်းမှာတော့ ကျွန်တော်က ဘာမှမဖြစ်သေးဘူး။ ခင်မောင်ဌေးက ဖျတ်ခနဲ ဆုံးသွားရရှာတယ်။ သူ့အနုတ်တွေက သူ့ကို ပြန်ပြီးဒုက္ခပေးလိုက်တာပါ။ အသက်တိုတိုနေရမယ့် ကျွန်တော့်ထက် အရင်စောပြီး လူ့လောကကနေ ထွက်သွားရရှာတယ်။

ဗေဒင်ဆရာပြောသလို အသက်ရှည်ရာရှည်ကြောင်း ဖြစ်စေမယ့် အလုပ်တွေကို လုပ်ခဲ့ရင် ခင်မောင်ဌေးအနေနဲ့ ဘယ်လောက်ကောင်းလိမ့်မလဲဆိုတာ။ ကျွန်တော်ကတော့ ကိုယ့်အသိတရားတွေနဲ့အတူ ဆင်ခြင်သင့်တာတွေ ဆင်ခြင်၊ လုပ်သင့်တာလုပ်။ သတိတရားတွေကို ထားခဲ့လို့ ခုလို အသက်ရှည်ရခြင်းပါပဲ။

မမေ့မလျော့ မပေါ့မဆနဲ့ နေထိုင်ခြင်းဟာ အကောင်းဆုံးပါပဲ။ မေ့လျော့ပေါ့ဆခြင်းတစ်ခုကြောင့် ဘဝတစ်ခုလုံး ပြောင်းပြန်ဖြစ်သွားနိုင်ပါတယ်။ ဒါလေး တစ်ခုတော့ သတိချပ်၊ အသိကပ်။

ဩော် . . . မေ့နေလိုက်တာ။ ကျွန်တော့်အသက်လား ရှစ်ဆယ်ထဲတောင်မှ ဝင်နေပါပြီ။ ဟုတ်ပြီနော်။

ကိုဖိုးတင်အောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဖြတ်လမ်း ...

လှိုင်သာယာမွန်ကြီး

"ဝုန်း"

မြည်သံကြားမိသလိုလို ထင်မိသည်။ အိပ်မက်လေလား မသိ။ မီးဖိုချောင်ဖူး တစ်ခုခုကျသည့်အသံလေလား မသိခဲ့။ အချိန်က ည ၂ နာရီသန်းခေါင်ကျော်ဆိုတော့ လူခြေတိတ်၊ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြသည်။

အိပ်ရာမှ လူးလဲထကာ ပြတင်းတံခါးကို လှစ်ဟကြည့်တော့ နီယွန်ဓာတ်တိုင်မီး၏ ကိုက် ၂၀ ခန့်အကွာမလေးရှားပိတောက်ပင်နှင့် ခေါင်းချင်းဆိုင်တိုက်မိနေသည့် ကားတစ်စီး။

သေချာပြီ။ မိမိညက ကြားမိသည့် ထင်ယောင်ထင်ဝါးအသံ သည်ကလာသည်ပဲ။ ပတ်ဝန်းကျင် အိမ်ခြေက တော်တော်လေးကျဲသည့်ဒေသဖြစ်၍ အခင်းဖြစ်ရာသို့ လူတစ်ဦးတစ်ယောက်များ ရောက်လာမလားကြည့်မိသည့်ခဏ။ ခေါင်းခန်းမှ အမျိုးသားတစ်ဦး ခရီးဆောင်အိတ်တစ်လုံးဆွဲပြီး ထွက်လာသည်။ ဘေးပတ်ဝန်းကျင်ဝေ့ဝိုက်ကြည့်ပြီး ရှေ့ခရီးတစ်ထောက်တွင်ရှိသော ယာဉ်နားစခန်းသို့ ဦးတည်ထွက်ခွာသွားသည်ကို တွေ့လိုက်ရသည်။ ထိုသို့ဘေးဘီကြည့်နေစဉ် မျက်နှာပေါ်ကန့်လန့်ဖြတ် အစင်းရာကို အထင်အရှားတွေ့လိုက်ရ၏။

□□□

ဦးဇော်နောင်။

သူက "စကြဝဠာမဟာကြယ်စင်စု" အပြည်ပြည်ဆိုင်ရာ သတ္တုတူးဖော်ရေးလုပ်ငန်းစု၊ မြန်မာပြည်၏ ဌာနေကိုယ်စားလှယ်ဖြစ်သည်။ ယမန်နေ့က သူ့ကိစ္စတော်တော်များများ ကြုံတွေ့ခဲ့ရ၍ အိပ်ရာထနောက်ကျနေသည်။

အတွင်းရေးမှူး ကလျာဖြိုးဖြိုး အတင်းအခန်းထဲ ဝင်နိုးရသည်။

"ဆရာ ... မဲဆောက်က ဖုန်းဝင်လာတယ်။ ဆရာ ဖုန်းမကိုင်တော့ ဘာများဖြစ်လဲဆိုပြီး အိမ်ကိုလိုက်လာရတာပါ"

"မစ္စတာဆွန်ချိုင်းပရာဆန်ဆီကလား။ ဘာပြောလဲ"

"ဒီနေ့ ၁၀ နာရီ ဖလိုက်နဲ့ ရောက်လာမယ်။ ရွှေတောင်ကြား ကုမ္ပဏီရုံးခန်းမှာ ၁၂ နာရီတွေ့မယ်တဲ့"

"အေး ... ငါရေမိုးချိုးပြီး ရုံးလာခဲ့မယ်။ ဒရိုင်ဘာသက်ကိုကို အဆင်သင့်လုပ်ခိုင်းထား"

"ဟုတ်ကဲ့ဆရာ၊ ဒါဆိုလည်း သမီးရုံးပြန်တော့မယ်"

ကလျာဖြိုးဖြိုး ထွက်သွားပြီးနောက် ခုတင်ပေါ်မှဆင်းကာ ခုတင်အောက်ရှိ အတက်ချ်ကေ့အိတ် ဆွဲထုတ် မကြည့်သည်။ မစ္စတာဆွန်ချိုင်းပရာဆန်ဆီမှ ယူထားသော လုပ်ငန်းစရန်ငွေ ဘတ်တစ်သိန်းတိတိ။

"မင်းမရှိရင် အသက်မရှင်ချင်ဘူးအချစ်ရေ ... မနှစ်ကာငါသေဆုံး"

တယ်လီဖုန်း ရင်းတုံးသံသီချင်း မရပ်သေးခင် သူဖုန်းနားထောင်လိုက်သည်။

"အေး ... ဘယ်သူလဲ"

"သားကြီးပါ ဆရာ၊ ဟိုကိစ္စ"

"နေပါဦးသားကြီး။ ဘာကိစ္စကို ပြောနေတာလဲ။ ငါက ကိစ္စအများကြီးနဲ့ လူဆိုတော့"

"သံစားကျောက်ကိစ္စလေ ဆရာရဲ့။ ညတုန်းက ဆရာနဲ့မီးမီး ပြန်လာတယ်လေ အဲဒါ ... အဆင်ပြေရင်ပွဲခလေး"

"ဩော် ... အေးအေး။ ခုဖော်ရိန်နာတွေရောက်နေလို့။ ခဏနေမှ တွေ့မယ်ကွာ"

ဦးဇော်နောင် ဖုန်းချပစ်လိုက်သည်။

"အလကား ဖျံတွေ။ သူ့ငွေတွေကို ကွက်ကျော်ရိုက် စားနေတဲ့ ကောင်တွေ ... ဟွန်း"

□□□

ရွှေတောင်ကြား။ ခြံအမှတ် (A 388)၊ ကုန်းမြင့်ပေါ်မှာ တည်ရှိသော ခြံ။ ဧည့်ခန်းတစ်ခုလုံးကို မှတ်ခကြပြင်



www.burmeseclassic.com

www.burmeseclassic.com

များ တပ်ဆင်ထားသည်။ ရွှေတိဂုံစေတီတော်ကို သပ္ပာယ်စွာဖူးတွေ့ရသည်။ စေတီတော်ကို ဤရုံးခန်းမှနေ၍ နေ့စဉ်ဖူးတွေ့ရသော်လည်း သူ့ရင်ထဲမှာ မအေးချမ်းနိုင်။ လောဘမီးတွေက သူ့ရင်ထဲ နေ့စဉ်တောက်လောင်နေသည်။

ပိုဆိုးသည်မှာ ညကအရောင်းအဝယ်တစ်ခု ကွက်ကျော်ရိုက်ခံလိုက်ရခြင်းကို ခြေခြေမြစ်မြစ်စဉ်းစားနေသည်။ သူ၏ကားပစ္စည်းနှင့် မိန်းကလေးလုပ်ဖော်ကိုင်ဘက်တစ်ဦး ပါသွားသည်။ သံတောင်မြို့မှ ဆင်းလာသောကားနှင့် သံတောင်မြို့သစ် မရောက်မီ တစ်မိုင်ခန့် အက်စီးဒင့်ဖြစ်ပြီး မိန်းကလေးသေသွားကြောင်း သတင်းရောက်လာသည်။ ပစ္စည်းပါသွားသည်။

'ဖျံကျားမောင်မောင်'။ ဖျံလိုလျှင်၊ ကျားလို အစာချောင်းတတ်သည့်သူ။ ည ၁ နာရီ ဖုန်းဆက်လာသည်။ ကုမ္ပဏီတွင် ၁ နာရီအရောက် လာတွေ့မည်။ ပစ္စည်းနှင့်လဲမည်။ ငွေသား မြန်မာငွေကျပ် သိန်းပေါင်းတစ်သောင်းနှင့် ငွေစုစာချုပ်များ၊ လက်မှတ်များ သိန်းတစ်သောင်းအပါအဝင် အဆင်သင့်ပြင်ထားရန်။

ပစ္စည်းတန်ဖိုးက သိန်းပေါင်းခုနစ်သောင်း။ သူတောင်းသည်က နှစ်သောင်းဆိုတော့ သင့်ပေသေးသည်ဟုသာ ယူဆပြီး အတက်ချိကေ့စ်တွင် ထည့်ထားလိုက်သည်။ ခက်သည်က ဖျံကျားမောင်မောင်ကို သူဘယ်သူမှန်း မခန့်မှန်းမိသေး။ မိမိတို့၏ အရောင်းအဝယ် ပစ္စည်းထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်ပါ၍ တစ်လျှောက်လုံး စောင့်ကြည့်နေသူသည် အဘယ်မျှ ပါးနပ်လျင်မြန်သည်ကိုတော့ ခန့်မှန်းနိုင်သည်။

❑❑❑

အခန်းထဲသို့ ကလျာဖြိုးဖြိုး တံခါးမခေါက်ဘဲ ဝင်လာသည်။ ပျံ့လွင့်လာသော ရေမွှေးနံ့က ကလူကျီစယ်ခြင်း ခံစားလိုက်ရသည်။ သူ့စိတ်ကို သူပြန်ထိန်းလိုက်သည်။ မကြာမီ ရောက်လာမည့်ဧည့်သည်တွေက စိတ်ဆင်ရိုင်းကို ချွန်းအုပ်ပေးသည့်နယ်။ ခါတိုင်းပုံမှန်အချိန်ဆိုလျှင်တော့ သူ ဆက်မတွေးတော့။

"ဆရာ ...မစ္စတာဆွန်ချိုင်း ပရာဆန် ရောက်နေပြီ"

သူဧည့်ခန်းမသို့ ဆင်းလာသည်။ မစ္စတာဆွန်ချိုင်းနှင့် အဖော်တစ်ယောက် ဆိုဖာပေါ် အအေးသောက်ရင်း ထိုင်စကားပြောနေကြသည်။ ဖိတ်ဖိတ်တောက်နေသော မဟော်ဂနီစားပွဲပေါ်မှာတော့ အနက်ရောင် အတက်ချိကေ့စ်တစ်လုံး။ သူသည်လည်း ဖျံကျားမောင်မောင်ကိုပေးရန် လက်၌ဆွဲလာသော ငွေရောင်အတက်ချိကေ့ကို စားပွဲပေါ်တင်လိုက်သည်။

❑❑❑

မြို့တော်စားသောက်ဆိုင်။ ဆိုင်ထဲမှာ သားကြီးမင်းအောင်၊ စံအေးတို့ စားသောက်ရင်း တစ်ယောက်ယောက်ကို စောင့်နေကြသည်။ ရှားပါးပစ္စည်းများ၊ ပါဝါရှိသောပစ္စည်းများ၊ ဂမ္ဘီရပစ္စည်းများအပြင် အိမ်ခြံမြေ အစရှိသည့် လုပ်ငန်းပေါင်းစုံ အဆက်အသွယ်ကောင်းကောင်းရှိပြီး လုပ်ကိုင်နေသည့် အဖွဲ့ ။ တစ်လောက 'ကန်'အားရှိ ၁၅၇ တီ ပတ္တမြားချေးကွက်တင်ရင်း ဝေစုမတည့်၍ ပိုင်ရှင်ပြန်သိမ်းရာမှ ရန်ဖြစ်ခဲ့ကြသေးသည်။ ပြန်တည့်ကြပြန်သည်။

"ချောချောလာနေပြီ"

မင်းအောင်စကားအဆုံး ရွက်ကြမ်းရေကျို မျက်နှာနှင့် လုံးကြီးပေါက်လှ အတန်အသင့် ဆွဲဆောင်မှုရှိသော ချောချော အလွတ်ခုံ၌ ဝင်ထိုင်သည်။ သူမ၏မျက်နှာပေါ်မှာ ဤလောက၏ လူရည်လည်ခြင်း၊ ပါးနပ်ခြင်းတို့က အထင်းသား။

"ကိုသား၊ သံစားကိစ္စ ကျွန်မတို့ခွေခံလိုက်ရပြီ။ သံတောင်ကဆင်းလာတဲ့ မီးမီးတောင် လူမရောက်ခင် သံတောင်မြို့လမ်းမှာ ကားအက်စီးဒင့်ဖြစ်ပြီး ပွဲချင်းပြီးသွားတယ်"

"အေး ငါတို့လည်း ကြားတယ်"

"ကိုသားကြီးကို ကျွန်တော်ပြောသားပဲ။ ကပ်လိုက်နေပါဆို"

"ပစ္စည်းပါ မသွားတယ်ဆိုတော့ တကယ့်ဖျံအကြီးစားကွ"

"ဦးဇော်နောင်များ တစ်ဖက်လှည့်နဲ့ ကျစ်လိုက်တာလား"

ထင်မြင်ချက်တို့ သူတို့ဆီက တစ်ယောက်တစ်ပေါက်ထွက်လာသည်။

"ဒါထက်အရေးကြီးတာ ကျွန်မတို့လူတစ်ယောက် ရင်းထားရတာ။ အခန့်မသင့် အမှုတောင်ပတ်လာနိုင်သေးတယ်"

သူတို့လေးဦးအနက် ကိုယ်တိုင်ပါဝင်ခဲ့သော သားကြီးက -

"ဦးဇော်နောင်ဆီ ငါဖုန်းဆက်သေးတယ်။ ပွဲခတောင်းတော့ မီးမီးနဲ့သူ မတွေ့ခဲ့ဘူးလို့ပြောပြီး ဖုန်းချသွားတယ်။ မီးမီးကား အက်စီးဒင့်ကြောင့် တစ်ရက်နှစ်ရက်တော့ ဝပ်နေကြ...။



www.burmeseclassic.com

www.burmeseclassic.com

စနေနေ့ ငါဦးဖော်နောင်ဆီ ကိုယ်တိုင်သွားတွေ့မယ်''

❑❑❑

မြဝတီနယ်စပ်မြို့ ကရင်ပြည်နယ် မိုလ်ဘိုင်းတင်းအဖွဲ့၏ စစ်ဆေးရေးရုံးခန်းတစ်ခန်းမှာတော့ ရဲအုပ်စန်းအောင် စားပွဲပေါ်မှာပစ္စည်းထုပ်ကိုလက်ညှိုးထိုးရင်း ဖျံကျားမောင်မောင်ကို စစ်ဆေးနေသည်။ မီးမီးကို သံတုတ်ဖြင့်ရိုက်၊ ဒရိုင်ဘာထိုင်ခုံတွင်ပို့ပြီး ကား အက်စီးဒင့်ပုံစံ ဖန်တီး။ တစ်မိုင်ခန့်ဝေးသော သံတောင်မြို့သစ်သို့ ပစ္စည်းထုပ်နှင့်အတူ ကားပြောင်းပြီး စီး။ ရန်ကုန်ရောက်တော့ ယခင်ကတည်းကချိတ်ဆက်ထားသော မဲဆောက်ဝယ်လက်နှင့် ချိတ်ဆက်။ ဝယ်လက်က မဲဆောက်အရောက်ပို့ပေးရန်၊ သတ်မှတ်ဈေးထက် နှစ်ဆပိုပေးမည်ပြော၍ ကားစီးလုံးငှားပြီး ကိုယ်တိုင်မောင်းအလာ မီးမီး ကားအက်စီးဒင့်ကိစ္စ လူသတ်မှုမှန် ဖော်ထုတ်ရရှိသွား၍ နယ်စပ်ထွက်ပေါက်မှန်သမျှ ပိတ်ဆို့ရှာဖွေနေသော မိုဘိုင်းလ်တင်းအဖွဲ့၏ရှေ့မှောက် ဖျံကျားရေနစ်ခဲ့ရသည်။ ကားအက်စီးဒင့်ဖြစ်သောနေရာမှ စာတိုင်တစ်တိုင်ခန့်အကွာ ကော်ဖီစိုက်ခြံပိုင်ရှင်၏မျက်နှာတွင် ကန့်လန့်ဖြတ် အမာရွတ်နှင့် လူလတ်ပိုင်းတစ်ဦး အထုပ်ဆွဲပြီးရှေ့ကားဂိတ်သို့ လမ်းလျှောက်ထွက်သွားသည်ဆိုသော ထွက်ဆိုမှုက ဖျံကျားမောင်မောင်ကို ငြင်းချက်ထုတ်၍မရစေခဲ့။ ပိုဆိုးသည်က ‥ သံစားကျောက်ဟု ပွဲစားလောက၌ ခေါ်ဆိုကြသည့် ရေဒီယိုသတ္တိကြွပစ္စည်း ကိုးပိဿာကျော်နှင့်အတူ ဖမ်းဆီးရမိခြင်း၊ ယုန်ထောင်ကြောင်မိအဖြစ်။

❑❑❑

ကရင်ပြည်နယ်။ သံတောင်မြို့နယ် တောင်ထူထပ်သည့် တောကြီးမျက်မည်း တစ်နေရာမှာ သားကြီးနဲ့ ရွာသားသုံးဦး တိတ်တဆိတ် လှုပ်ရှားနေကြသည်။ အားလုံး အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ခေါင်းစွပ်စွပ်ထားသည်။ မျက်လုံးနှစ်လုံးသာ ဖော်ထားသည်။ တစ်နာရီကျော်ကျော်မှာတော့ ကိုးပိဿာကျော်မည့် ကျောက်တုံးကြီးတစ်တုံးကို အသင့်ပြင်ဆင်လာသော သတ္တုစပ်စက္ကူဖြင့် လုံခြုံစွာ ရစ်ပတ်ထုပ်ပိုးလိုက်သည်။

စခန်းချရာတဲသို့ ပြန်လာကြသည်။ တဲထဲမှ မီးမီးနှင့် အဖော်တစ်ယောက် စောင့်နေကြသည်။ ဦးဖော်နောင်ထံမှ ယူလာသော စရန်ငွေ ငွေသား သိန်း ၅၀ မီးမီး ရွာသားများကိုထုတ်ပေးလိုက်သည်။ ကျန်ငွေများ တစ်ပတ်ကျော်အကြာတွင် သံတောင်မြို့ တောင်စခန်း တည်းခိုခန်း၌ လာယူရန် အချိန်ကို ဖုန်းဆက်ပြောမည်ဟု ချိန်းဆိုလိုက်သည်။

❑❑❑

တည်းခိုခန်းတွင် စောင့်နေသော ဦးဖော်နောင်၊ မီးမီးတို့အဖွဲ့ ဈေးနှုန်းညှိနှိုင်းပြီး ရန်ကုန်ရွှေတောင်ကြားတွင် ငွေချေရန် ချိန်းဆိုကြသည်။ လုံခြုံရေးအရ သားကြီးက နောက်မှလိုက်လာရန်ဖြစ်ပြီး ဦးဖော်နောင်၊ မီးမီးတို့ အတူပြန်ရန် ဆုံးဖြတ်ကြသည်။

''ကဲ ‥‥ ပစ္စည်းနဲ့ မီးမီး ကားပေါ်ကစောင့်။ ကျွန်တော် သန့်စင်ခန်းသွားပြီး လာခဲ့မယ်''

မီးမီး ကားပေါ်တက်စောင့်နေလိုက်သည်။ တစ်အောင့်အကြာတွင် ကားခေါင်းတံခါးဖွင့်ပြီး လူတစ်ဦး ဝင်လာသည်။ ဦးဖော်နောင်တော့မဟုတ်။ 'ဒုတ်'ခနဲမြည်သံနှင့် အံ့သြနေသော မီးမီး ကားဒက်ရ်ှဘုတ်ပေါ် ခေါင်းငိုက်စိုက်ကျသွားသည်။ ဦးခေါင်းမှ ဖြာခနဲထွက်လာသွေးများ စဉ်သွားသောနေရာများကို ထိုလူက သုတ်ပြီးသည့်နောက် ကားစက်နှိုးမောင်းထွက်ခဲ့သည်။

❑❑❑

ရွှေတောင်ကြား၊ ခြံ (A 380)။

''ခင်ဗျားကိုပေးထားတဲ့ စရန်ငွေဘတ် တစ်သိန်း ပြန်ပေးပါ ဦးဖော်နောင်။ စာချုပ်ပါအတိုင်းပေါ့''

''တစ်နာရီလောက် ထပ်စောင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ဖျံကျားမောင်မောင်ဆိုသူ တစ်ရှေ့ညက ကျွန်တော့်ဆီ သေသေချာချာ ဖုန်းဆက်ထားပါတယ်။ ပစ္စည်းနဲ့အတူ ပါလာမယ်တဲ့''

ယိုးဒယားဝယ်လက်ကို ဦးဖော်နောင် အထူးမေတ္တာရပ်ခံ ဖျောင်းဖျနေရသည်။

❑❑❑

စားသောက်ခန်းမှ သန့်စင်ခန်းသို့အသွား ဦးဖော်နောင်ကို လူနှစ်ဦးက ဖမ်းချုပ်လိုက်ပြီး အခန်းလွတ်တစ်ခုထဲဆွဲသွင်းသော့ခတ်ထားခြင်း ခံရသည်။ နာရီဝက်ကျော်ကျော်ကြာတော့ သော့ဖွင့်သံကြား၍ ထွက်လာရာ စောစောကလူနှစ်ဦး ပြေးထွက်သွားသည်။

www.burmeseclassic.com

ယာဉ်ရပ်နားရာနေရာရောက်တော့ မိမိ၏ကား မရှိတော့။ တက္ကစီတစ်စီး ပုတ်ဖြတ်ငှား၍ ရန်ကုန်သို့ ပြန်ခဲ့ရသည်။

❑❑❑

"ဆရာ . . . ဧည့်သည်တွေလာတယ်"

ကလျာဖြိုးဖြိုး၏ စကားသံက အတွေးစကို ဖြတ်တောက်လိုက်စေသည်။

ရှေးဦးစွာ အခန်းထဲသို့ ဝင်လာသူက မျက်နှာကန့်လန့်ဖြတ် အမာရွတ်ရှိသူ။ ဩော် . . . ပွဲစားငယ်ဘဝက သိကျွမ်းခဲ့သော မိုးမလင်းတစ်ဖြစ်လဲ ဖျံကျားမောင်မောင်ပဲကိုး။ သူ့ကို လက်ထိတ်ခတ်လျက်နှင့် ရဲအရာရှိ ရဲအုပ်အဆင့်နှင့် တပ်ကြပ်နှစ်ဦး ရှေ့ဆင့်နောက်ဆင့် ဝင်လာသည်။

"ကဲ . . . ဦးဇော်နောင်။ ခင်ဗျားတို့ကို အရေးကြီးပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ .စစ်မေးစရာရှိလို့ စခန်းခေတ္တလိုက်ခဲ့ပါ။ ဒီက ဧည့်သည်တော်ကြီးများအပါအဝင်ပေါ့"

❑❑❑

မိုးမလင်းမီမွေး၍ မိုးမလင်းဖျံကျားမောင်မောင်နှင့် ဦးဇော်နောင်တို့ ပွဲစားငယ်ဘဝက သိန်းထောင်ကျော်တန်ပစ္စည်းတစ်ခုအတွက် တိုက်ခိုက်ခဲ့ရာတွင် မိုးမလင်း၏မျက်နှာ ဦးဇော်အောင်၏လက်ချက်ဖြင့် သေရာပါ အမှတ်အသားဖြစ်ခဲ့သလို မိုးမလင်း၏လက်ချက်ဖြင့်လည်း ဝဲဘက်နလုံးအောက် နှစ်လက်မခေါ်ချက် ဝင်ခဲ့ရာ ဦးဇော်အောင်အဖို့ သေကံမရောက်ဖြစ်ခဲ့ရသည့် ကျောင်းတော်ကရန်စရှိခဲ့သည်။

သံတောင် စားသောက်ဆိုင်တွင် ဦးဇော်အောင်ကို နာရီဝက်ကျော်ကျော် ထိန်းချုပ်ပေးရန် ဒေသခံလူမိုက်နှစ်ဦးကို ဖျံကျားမောင်မောင် ငှားရမ်းခဲ့ပြီး မိမိမှာ မီးမီးအား မေ့ရုံသာရည်ရွယ်သော်လည်း လက်ဆမြင့်သွား၍ မီးမီးသေဆုံးခဲ့ရသည်။ ကားအက်စီးဒင့်အဖြစ်ဖန်တီးပြီး ပစ္စည်းနှင့်အတူ ရန်ကုန်သို့ ပြန်ခဲ့သည်။

ဖျံကျားမောင်မောင်အနေဖြင့် နယ်ခံပွဲစားများ သားကြီး၊ မီးမီး၊ ချောချောတို့ထံ ဆက်သွယ်မှု၊ မီးမီးကတစ်ဆင့် ဦးဇော်နောင်ထံ ဆက်သွယ်မှု၊ ဦးဇော်နောင်က မဲဆောက်ဝယ်လက်ထံ ချိတ်ဆက်မှု အစအဆုံး တောက်လျှောက် စောင့်ကြည့်ခဲ့သူဖြစ်၍ ဖြတ်ခုတ်ရယူခဲ့ခြင်းကို အကွက်ကျကျစီမံခဲ့သည်။ ထို့ပြင် ဦးဇော်နောင်၏ ယိုးဒယားဝယ်လက်ကလည်း မိမိယခင်က ရှေးဟောင်းပစ္စည်းများ အရောင်းအဝယ်လုပ်ခဲ့ဖူး၍ သိပြီးသားဖြစ်၍ အားသာနေသည်။

'သံစားကျောက်'ဟု ပွဲစားလောကခေါ်ဆိုနေသောကျောက်မှာ လေးလက်မသံတင်လိုက်လျှင် အရည်ပျော်ပြာကျသွားသည့် ပါဝါရှိသည်။ သိပ္ပံအခေါ်အားဖြင့် ရေဒီယိုသတ္တိကြွနှုန်းမြင့်မားစွာ ပါဝင်နေသော ယူရေနီယမ်သတ္တုရိုင်းပင်ဖြစ်သည်။

သတ္တုတူးဖော်ခွင့် လိုက်စင်ရသူဌေးများ လျှို့ဝှက်စွာထုတ်လုပ်၊ လှုပ်ရှားရယူနေသည်မှာ မည်မျှကြာပြီမှန်း မည်သူမျှမသိ။ အကာအကွယ်မရှိဘဲ ရောင်ခြည်သင့်ပါက အင်အားယုတ်ခြင်း၊ သွေးဆုတ်မှုးဝေပြီး နာရီပိုင်းအတွင်း သေဆုံးသွားနိုင်၍ သူဌေးများ တရုတ်ဘက်မှ ဝတ်စုံပြည့် တစ်စုံ သိန်း ၁၀၀ နီးပါး ဝယ်ယူအသုံးပြု ထုတ်လုပ်ကြောင်း။ ဖျံကျားမောင်မောင် တစ်စွန်းတစ်စ ကောလာဟလလိုကြားသိထားသော်လည်း ကိုယ်တိုင်က မမြင်ဖူးခဲ့။ ယခု သားကြီးတို့က သတ္တုတွင်းက မဟုတ်ဘဲ မြေကြီးပေါ် ထိုးထွက်နေသောအတုံးကို ယိုးဒယားဝယ်လက်၏ ညွှန်ကြားပေးအပ်သော ဓာတုဆေးရည်သုံး ဖြတ်တောက်ခဲ့၍ ခုနစ်ပိဿာခန့် ရရှိခဲ့ခြင်းဖြစ်သည်။

❑❑❑

မစ္စတာဆွန်ချိုင်း မူလက ဦးဇော်နောင်ကိုပေးအပ်ထားသော ဘတ်တစ်သိန်း စရန်ငွေနှင့် ထပ်မံအရောင်းအဝယ်လုပ်လိုက်ခြင်းဖြစ်သည်။ ဦးဇော်နောင်နှင့် အရောင်းအဝယ်အတွက် ချုပ်ဆိုထားသော စာချုပ်ပျက်ကွက်ပါက စရန်ငွေနှစ်ဆပြန်လည်ရရှိဦးမည်။ သည့်အတွက် ပစ္စည်းအားလုံး မဲဆောက်နေအိမ်သို့ သတ်မှတ်ဈေးထက် သိန်းတစ်ထောင်ပိုပေးမည့် မက်လုံးဖြင့် ဖျံကျားမောင်မောင်အား မဲဆောက်သို့ စေလွှတ်လိုက်ရာ ကံကြမ္မာက သူတို့ဘက်မှ မပါတော့။ သေဆုံးသူမီးမီး၏ ဝိညာဉ်က မြဝတီမဲဆောက်တံတားပေါ် ဖျံကျားမောင်မောင်ကို ကျော်ဖြတ်ခွင့် မပေးသည့်အလား ဝိသမလောဘသားများနှင့် ရာဇဝတ်သားများအတွက် "ရာဇဝတ်ဘေး ပြေးမလွတ်"ဆောင်ပုဒ်သည် လူသားများရှိသည့် ဤကမ္ဘာပေါ်၌ ဆက်လက်တည်တံ့နေမည်တည်း။

**လှိုင်သာယာမွန်ကြီး**

www.burmeseclassic.com

www.burmeseclassic.com



# ယုံတတ်သူ

## အောင်ဆန်းလင်း(ဘီအေ)

တစ်နေ့တွင် ဖိုးအောင်သည် အသစ်ထွက်ရှိသော မဂ္ဂဇင်းတစ်အုပ်ကို သဲကြီးမဲကြီး စိတ်ဝင်စားစွာ ဖတ်နေသည်။ တစ်ချိန်တည်းမှာပင် မဒမ်ဖိုးအောင်ကလည်း ဂျာနယ်တစ်စောင်ကို ဖတ်ရှုနေလေသည်။ ဂျာနယ်ကို ဖတ်ရင်း သူစဉ်းစားမရနိုင်သော အကြောင်းအရာကို အနီးရှိ ဖိုးအောင်အား မေးလေသည်။

"ပျောက်နေတဲ့ မလေးရှား လေယာဉ်ပျံကြီးက ဘယ်ကိုရောက်သွားတာ ဖြစ်နိုင်သလဲ၊ တော်သိရင် ကျုပ်ကိုပြောပြပါဦး။ ထွက်သွားကတည်းက ရှာမတွေ့တာ တစ်လတောင်ကျော်နေပြီတဲ့"

စာဖတ်လို့ ကောင်းနေတုန်းမှာ အာရုံနှောက်လိုက်တာ၊ ဒီမိန်းမ အတော်ပိန်းတာပဲ။ ကိုယ့်လင်ကို အထင်ကြီးပြီး လေယာဉ်ပျောက်တဲ့ ကိစ္စကို လာမေးနေသည်။ ကမ္ဘာမှာ နည်းပညာ အတိုးတက်ဆုံးဖြစ်သည့် အမေရိကန်လိုနိုင်ငံမျိုးပင်လျှင် လေယာဉ်ပျောက် ရှာဖွေသည့်ကိစ္စတွင် အတူပါဝင် မျက်စိလည်နေတုန်း ရှိသေးသည်။ ဖိုးအောင်က ဘာသိမှာလဲ။ သို့သော် ဖိုးအောင် ပြန်ပြောပုံက

"လေယာဉ်ပျောက်တဲ့ ကိစ္စက ဘယ်လိုရှာရှာ မတွေ့နိုင်တော့ပါဘူးကွာ"

"ဘာလို့ တော်က ဒီလိုအတပ်ပြောနိုင်ရတာလဲ"

"လေယာဉ်ပျောက်တဲ့ ကိစ္စက တခြားကမ္ဘာက ဂြိုဟ်သားတွေရဲ့ ယောဂမကင်းဘူးဆိုတာ သေချာသလောက် ရှိနေတယ်"

"ဟုတ်လား၊ တော် ဘယ်လိုထင်သလဲ၊ သိရင် ပြောပြပါဦး"

မဒမ်ဖိုးအောင်တစ်ယောက် အတော် စိတ်ပါဝင်စားသွားသည်။

"ဂြိုဟ်သားတွေက သံလိုက်စွမ်းအင်ကို အတော် နိုင်နိုင်နင်းနင်း သုံးစွဲနေခဲ့တာ ကြာပြီ။ တို့လူသားတွေကတော့ ဂြိုဟ်သားတွေလို မသုံးစွဲနိုင်ကြသေးဘူး။ ခုလည်း မလေးရှားလေယာဉ်ကြီးကို သံလိုက်စွမ်းအင်သုံးပြီး ဆွဲခေါ်သွားတာ ဖြစ်နိုင်တယ်ကွ။ သူတို့ အဲဒီလို ဆွဲခေါ်တာ ခံရရင် ရှေ့ကကြိုးနဲ့တပ်ပြီး ဆွဲခေါ်တာခံရတဲ့ ကားပျက်ကြီးလိုပဲ၊ သူခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားရုံပဲရှိတယ်။ စစ်လေယာဉ်သာဆိုရင် ကိုယ်က ဗုံးကျည်နဲ့ ပြန်ပစ်ခတ်နိုင်ဦးမယ်။ ခရီးသည်တင် လေယာဉ်ဖြစ်နေတော့ ဂြိုဟ်သားတွေပြုသမျှ နုရုံသာရှိတာပေါ့ကွာ"

ဖိုးအောင်က မှင်သေသေနှင့် ပြောတော့ ယုံသွားလေသည်။

"ဒုက္ခပါပဲ၊ ဒီဂြိုဟ်သားတွေကလည်း မုန်းစရာကောင်းလိုက်တာ၊ အလကားနေရင်း ကမ္ဘာကလူတွေကို ဒုက္ခလာပေးတယ်။ သေရင် ငရဲဘုံမှာ ချိုးကပ်မှာတွေ၊ တော်သေးတယ် ကျုပ်လည်း သားငယ်အလည်ခေါ်တဲ့ စင်ကာပူကိုလည်း သွားပြီးပြီ။ ဗုဒ္ဓဂယာကိုလည်း ဘုရားဖူးပြီးသွားပြီ။ ခုနေသာ အဲဒီခရီးတွေ မသွားရသေးဘူးဆိုရင်တော့ ကျုပ်ခရီးစဉ်တွေ လေယာဉ်မစီးဝံ့တော့လို့ ဖျက်မှာ အသေအချာပဲ၊ နိုင်ငံခြားကို မသွားရဲတော့ပါဘူး။ ကြောက်သွားပါပြီ"

အောင်ဆန်းလင်း(ဘီအေ)

www.burmeseclassic.com

# ထောင်ကျတို့ရဲ့ ထောင်သံသရာ

ရေး ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ထောင်ကျတို့ရဲ့ ထောင်သံသရာ

**ကျော်မင်းနိုင်**

မိုးက ရွာတော့မည့်ပုံလို ညို့ညို့ မှိုင်းမှိုင်း။

ရဲမှူးကြီးရုံးမှ ထွက်လာသော ကျွန်ုပ်၏ စိတ်တွေမှာလည်း ထိုင်း ထိုင်းမှိုင်းမှိုင်း။

"ခုတလော ဆက်တိုက်လိုလို မြိုင်သာယာမြို့သစ်မှာ ဖောက်ထွင်း မှုတွေဖြစ်နေတာကို သတိထားမိမှာ ပေါ့။ ဖောက်ထွင်းမှုသုံးမှု ဖြစ်သွားပြီး တစ်ခုမှ လက်သည်ရှာမရဘူး"

ဖောက်ထွင်းမှု ကိစ္စကလေး လောက်နှင့် ကျွန်ုပ်ကို အရေးတကြီး ခေါ်ပြောနေလေသည့်ကြောင့် ရဲမှူး ကြီး ဦးစိန်ထွန်းအောင်ကို ကျွန်ုပ် စိတ် ပျက်သွားသည်။

ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီ တွင် အမှုထမ်းနေခဲ့သည့်အခိုက် လူ သတ်မှု၊ ပြန်ပေးမှု၊ နိုင်ငံရေးကလိမ် ကျမှု၊ လာဘ်စားမှု၊ ငွေညှစ်ခြိမ်း ခြောက်မှုကြီးများကဲ့သို့ အမှုကြီးများကို လိုက်ရာတွင် 'စုံထောက်ကြီး ဝရမ်း' အမည်နှင့် နာမည်ရနေသောသူဖြစ်၍ ထိုဖောက်ထွင်းမှုလောက်ကို သေးသိမ် သည်ဟု ယူဆမိကာ ကျွန်ုပ်ကိုကျွန်ုပ် လည်း သေးသိမ်သွားသည်ဟု အထင် ရောက်မိသည်။

"နောက်ဆုံးဖြစ်သွားတဲ့ ဖောက် ထွင်းမှုမှာတော့ အိမ်ရှင်ရဲ့လူယုံတော် မောင်ကျော်ဗလ အသတ်ခံရပြီး ... ဖောက်ထွင်းတရားခံ ခြေရာပျောက် သွားတာပဲ။ ဖောက်ထွင်းမှုကနေ လူ သတ်မှုကြီးအဆင့်အထိ ရောက်လာ ပြီဗျ"

သည်တော့မှ ဦးစိန်ထွန်းအောင် ကျွန်ုပ်အား တာဝန်ခေါ်ပေးသည့် ဖြစ် ရပ်ကို ကျွန်ုပ်နားလည်လိုက်သည်။

ဖောက်ထွင်းမှုတွေ ဖြစ်နေသည်။ သုံးမှုဆက်တိုက် ဖောက်ထွင်းသည့် လက်သည်တရားခံ 'မြေကြွက်များ' (ထိုစဉ်က ဗန်းစကားအရ ဖောက် ထွင်းသူများကို မြေကြွက်များဟု ခေါ် သည်) တစ်ကောင်တစ်မြီးမှ မမိ။ ထို့ အပြင် လူသတ်မှုပါ ပါလာလေပြီ။

မြေကြွက်များ ရောင့်တက်လာ ပြီး လက်ရဲဇက်ရဲနိုင်လာပုံရလေပြီ။

မြေကြွက်သည် သာမန်မြေ ကြွက် မဟုတ်တော့။ အခွင့်သင့်လျှင် တောင်ကြီးတစ်တောင်လုံးကိုတောင် အခေါင်းဖြစ်သွားအောင် တူးဖြိုပစ်မည့် မြေကြွက်မျိုး ဖြစ်နေလေပြီ။

ကျွန်ုပ်ကလည်း ထိုသို့သောအမှု ကြီးမျိုးကိုမှ ကိုင်တွယ်ဖော်ထုတ်လိုသူ ဖြစ်လေတော့ ခုမှ ရဲမှူးကြီးဦးစိန်ထွန်း အောင်ကို နားလည်မှုရသွားခဲ့၏။

☆☆☆☆☆

အမှုအခင်းတစ်ခုသည် ရောဂါ တစ်ခုနှင့် တူ၏။ ရောဂါတစ်ခု မိမိ ခန္ဓာကိုယ်အတွင်း ဝင်ရောက်ဖြစ်ပွား လာလျှင် ဂရုမစိုက် ပေါ့ပေါ့တန်တန် သဘောမထားရ။ အမြန်ဆုံးကုသနိုင် မှ တော်ကာကျသည်။ ရောဂါတက် ချိန်မှာ ဆေးချက်ထိသွားလျှင် တာ ရှည်မကုစားရတော့ဘဲ ချက်ချင်း ပျောက်နိုင်၏။

ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းပေး နေရသော အမှုအခင်းတွေ ဆိုတာမျိုး ကလည်း အမှုအခင်းဖြစ်ပွားသည့်ရက် အတွင်းပင် အမြန်ဆုံး လိုက်လံစုံစမ်း၍ ရှာဖွေဖော်ထုတ်ခြင်းသည် အကောင်း ဆုံးလုပ်ဆောင်မှုပင် ဖြစ်သည်။

အချိန်ဖင့်သွားလျှင် ပြစ်မှုကျူး လွန်သူတို့သည် သူတို့ကျူးလွန်ထား သော ပြစ်မှုအတွက် အကာအကွယ် လုပ်ရန် အခွင့်အရေးရသွားနိုင်၏။

ထိုအခါ ကျွန်ုပ်တို့လို ရဲဝန်ထမ်း တွေမှာလည်း အချိန်တွေ ပိုပေးလာရ သည်။ လိုက်ရင်း လိုက်ရင်း အချိန်



www.burmeseclassic.com

www.burmeseclassic.com

ကြာလာသည်နှင့်အမျှ လမ်းစပါ ပျောက်သွားနိုင်၏။ တစ်ခါတစ်ရံ အပ်နှင့်ထွင်းရမည့်ကိစ္စ ပုဆိန်နှင့်ပေါက်နေရတတ်၏။

ခု မြိုင်သာယာမြို့သစ်မှ ဖောက်ထွင်းမှုတွေကို ကြည့်။ ပထမ ရိုးရိုးဖောက်ထွင်းမှု၊ နောက်တစ်မှုကလည်း သာမန်ပါပဲ။ တတိယအမှုကျတော့ အိမ်ရှင်ကိုတောင် သတ်သွားလေပြီ။ လက်ရဲဇက်ရဲဖြစ်လာသော မြေကြွက်များ၏ ပါးစပ်တွင် မြေမှုန့်တွေပင်မက သွေးများပါ စွန်းထင်းသွားလေပြီ။

ကျွန်ုပ်သည် ကျွန်ုပ်၏ အလုပ်စားပွဲတွင်ထိုင်၍ တွေးနေရာက စားပွဲပေါ်မှ ဖုန်းကို ကောက်ယူပြီး ဆက်လိုက်သည်။

အင်းစိန်ထောင်ကြီးတွင် ထောင်မှူးကြီးတာဝန် ထမ်းဆောင်နေသော ကျွန်ုပ်၏သူငယ်ချင်း ထောင်မှူးကြီး သိန်းဝင်းထံသို့ ဖြစ်၏။

တစ်ဖက်မှ ဖုန်းပြန်ဝင်လာပြီးနောက် ကျွန်ုပ် သူ့ကို သွားတွေ့ရန် အချိတ်အဆက်ရသွား၏။

ထောင်မှူးကြီး သိန်းဝင်းနှင့် အချိတ်အဆက်ရသည်နှင့် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ပိုင် ဝယ်စီးသော အမေရိကန် စစ်သုံးဝီလီဂျစ် အနက်ရောင်ကလေးနှင့် သူရှိနေမည့် အင်းစိန်ထောင်ကြီးချုပ်ရုံးရှိရာ လှိုင်မြစ်ကမ်းအတိုင်း ကားကို မောင်းလာခဲ့သည်။ (ကိုယ်ပိုင်ဝယ်စီးသောဟု ပြောရခြင်းမှာ ကျွန်ုပ်သည် ဌာနဆိုင်ရာကားကို ရဲစုံထောက်မှုနှင့် လူသိခံပြီး မစီးလိုသောကြောင့် ဖြစ်၏။)

ထိုမှ အင်းစိန်ဈေးကြီးရှေ့က ဖြတ်ပြီး မီးသတ်ကိုအလွန် ထောင်လမ်းမကြီးရှိရာ ညာဘက်သို့ ကားကို ချိုးကွေ့မည့်ဆဲဆဲ မမျှော်လင့်သော ဖြစ်စဉ်တစ်ခုကြောင့် ကျွန်ုပ် ကားကို တုံ့ခနဲ ရပ်ပစ်လိုက်ရ၏။

"ခါးပိုက်နှိုက် ... ခါးပိုက်နှိုက်"

မိန်းမရွယ်တစ်ယောက်၏ အော်ဟစ်သံနှင့်အတူ ရှေ့တစ်လံအကွာမှ လူရွယ်တစ်ယောက် ပြေးလာသည်။ ထိုလူရွယ်ဘေးကို အခြားနှစ်ယောက်ပါ ဝင်ပူး၍ ပြေးသည်။

"ခါးပိုက်နှိုက် ... ခါးပိုက်နှိုက်"

မိန်းမရွယ်ကလည်း နောက်မှ လိုက်ရင်းက အော်သည်။

ရှေ့မှ ပြေးလာသော လူရွယ်သည် ကမူးရှူးထိုးနိုင်ပြီး လူအုပ်ကြီးနှင့် ဝင်တိုက်မိသည်။ ထိုလူအုပ်မှာ ဆယ်ယောက်နီးပါးရှိမည်ဖြစ်သော လူအုပ်ဖြစ်သည်။ ယောကျ်ား၊ မိန်းမ ရောသည်၊ အလုပ်သမား မျိုးစုံရောနှော လူအုပ်ဖြစ်သည်။

ထိုလူအုပ်ကြား ရောက်သွားချိန်မှာ မိန်းမရွယ်နှင့် သုံးလေးလံလောက် ရှိလေပြီ။ လူသုံးယောက် တစ်ပြိုင်တည်းလိုလို ပြေးသဖြင့် ယုန်ထင်ကြောင်ထင် ဖြစ်ကုန်၏။

"ဖမ်းလိုက်ကြပါ။ ခါးပိုက်နှိုက် ခါးပိုက်နှိုက်"

မိန်းမရွယ်အော်သည့်အတိုင်း ထိုလူအုပ်သည် လှုပ်ရှား၏။ ခါးပိုက်နှိုက်ကား ရုန်းထွက်လိုက်ပုံရသည်။ ထိုလူအုပ်ကြားက ထိုးဖောက်ပြီး အခြားလူအုပ်ကြား ရောက်သွားသည်။ မျက်စိမှောက်အောင် လုပ်ကြပုံမျိုး။

အခြားလူအုပ်ကြီးကြားမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြန်သည်။

ကျွန်ုပ်ပင်လျှင် မျက်စိလည်သွား၏။ ပထမဆုံး ပြေးထွက်လာသူကို ရှာမတွေ့တော့ဘဲ မမှတ်မိသလို ဖြစ်သွား၏။

ကျွန်ုပ်ကြည့်နေဆဲမှာပင် ပထမ ဆယ်ယောက်ခန့် အုပ်စုနှင့် အင်းစိန်ဈေးကြီးဘက် ချိုးကွေ့ဝင်ကာ နောက်ထပ်လူအုပ်ကြီးနှင့် ရောနှောသွား၏။ ဒုတိယလူအုပ်မှာ ပထမလူအုပ်ထက် အစုပိုများသည်။ ဈေးအလွန် လှိုင်မြစ်လမ်းမကြီးတစ်ဖက်သို့ ကူးပြီး ကားလမ်းတစ်ဖက်ခြမ်းမှ လူအုပ်နှင့် ရောထွေးသွားပြန်သည်။

နောက်မှ လိုက်လာသော မိန်းမရွယ်မှာ ကားလမ်းတစ်ဖက်ခြမ်းရှိ လူစုတွေကြားထဲမှာ ကျန်နေခဲ့ပြီး လမ်းတစ်ဖက်တစ်ချက် ကားတွေတစ်စီးပြီးတစ်စီး ရှေ့ဆင့်နောက်ဆင့် ဖြတ်မောင်းနေကြသည်။ ဈေးကြီးကလည်း စည်၊ လူအုပ်ကလည်းစည်၊ ကားတွေကလည်း အသွားအလာများဆိုတော့ ခါးပိုက်နှိုက် ပျောက်သွားသည်။

ခါးပိုက်နှိုက်ခံရသော မိန်းမရွယ်မှာသာ ကားလမ်းတစ်ဖက်ခြမ်းကနေ အော်ဟစ်ရင်း ဆက်မလိုက်နိုင်ဘဲ ကျန်ရစ်ခဲ့သည်။

အင်းစိန်ဈေး၏ လူစည်ကားပုံမှာ လှိုင်မြစ်လမ်း စတင်သော အဇရုဘက်(အာရ်အီးတီ)ဂိတ်မှ အနောက်ဘက် ပေါက်တောဝလမ်းဆုံအထိ ပုရွက်ကြောင်းကြီးကျသလို ဖြစ်၏။ လမ်းကြောင်းကြီးတစ်လျှောက်လုံး လူတွေပြွတ်သိပ်လျက်ရှိသလို လမ်းကူးလမ်းဖြတ်တွေကလည်း များသဖြင့် ထိုအဆုံနေရာများတွင် ဈေးသည်တွေကလည်း လမ်းဖြတ်ကို မချန်ဘဲ ဈေးခင်းဈေးရောင်းချနေသောကြောင့် ထိုနေရာများတွင် ထန်လျက်ခဲ ပုရွက်အုံနှင့် လုံ့နေသလို လူစုလူအုပ်ကြီး ဖြ ဖြစ်သွားတတ်သည်။

www.burmeseclassic.com

ခါးပိုက်နှိုက်ဟု ပထမ စတင်အော်လိုက်စဉ်ကတည်းက လူကောင်တစ်ကောင်တည်း ရှိနေစဉ် အနီးအနားမှ လူတွေက ရုတ်တရက် မဖမ်းကြသေးဘဲ သို့လော သို့လော တွေဝေနေခိုက် လူအုပ်နှင့် ခါးပိုက်နှိုက်က ရောပစ်ခြင်းဖြစ်၏။ ဒါမှမဟုတ် လူအုပ်ထဲမှာရှိနေသော သူ့လူ သုံးလေးယောက်က တမင်ရောနှောသွားအောင် ဖန်တီးလိုက်ခြင်းလည်းဖြစ်မည်။

ပထမလူအုပ်ကြားမှ ဖောက်ထွက်လာသူသည် မူလခါးပိုက်နှိုက်ဖြစ်ချင်မှ ဖြစ်မည်။ မူလခါးပိုက်နှိုက်ဖြစ်ဦး၊ သူ့ဂကက်ထဲမှာ သက်သေခံပစ္စည်း ပါချင်မှ ပါလာတော့မည်။ ပထမလူအုပ်နှင့် ရောထွေးစဉ် နှိုက်ရာပါပစ္စည်း ရုတ်တရက်လက်ဆင့်ကမ်းခဲ့ပြီး ဖြစ်နေတော့မည်။

ဒုတိယလူအုပ်အစုအထွေးမှ တတိယလူအုပ်အစုအထွေး။ ကောက်ရိုးပုံထဲ အပ်ကျသွားသည်ကို ရှာရသည်နှင့်သာ တူတော့မည်။

ထိုသို့သော ရုတ်ရုတ်သဲသဲဖြစ်နေစဉ်အတွင်း လူတွေ တဒင်္ဂအတွင်းမှာ မလှုပ်ရှားနိုင်ကြသည်မှာ အကူအညီမပေးလိုသောကြောင့်တော့ မဖြစ်တန်ရာချေ။ သို့လော သို့လော ဝေခွဲမရစဉ် အခိုက်အတန့်ကလေးမှာ ကိုရွှေခါးပိုက်နှိုက်အဖို့ လုပ်စားနေကျမှာ လှုပ်ရှားစရာတစ်ကွက် သာသွားခြင်းဖြစ်၏။

အဲဒီလိုအချိန်မျိုးမှာမှ တာဝန်ကျရဲဖြစ်ဟန်တူသူနှင့် ဈေးတာဝန်ခံလိုလူများ ရောက်လာသည်။

ရဲကတော့ တပ်ကြပ်ကြီးဝတ်စုံနှင့် ဖြစ်၏။

"ဟေဟေ့ ... ဗမာဗီဒီယိုကားတွေထဲကအတိုင်းပဲ။ ပွဲပြီးမှ ရဲရောက်လာတယ်။ ဒါပေမယ့် ဇာတ်လမ်းက သိမ်းသွားပြီ"

ဈေးလူအုပ်ကြီးထဲက တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေဖြစ်၏။ လူအများကြီးထဲက အသံဖြစ်၍ ဘယ်သူက ပြောလိုက်တာလဲဆိုတာ အပ်ကျမပ်ကျ မသိလိုက်နိုင်။ ဤစကားမျိုးထွက်လာရခြင်းမှာ မြန်မာဗီဒီယိုကားအချို့၏ ပုံသေဇာတ်သိမ်းကြောင့် ဖြစ်နိုင်၏။

ထိုစကားက ကျွန်ုပ်နားထဲသို့ ကျည်ဆန်အတောင့်လိုက် ဝင်သွားသလို ခံစားလိုက်ရသည်။ ကျွန်ုပ် ရှက်လည်းရှက်မိသည်။ သို့သော် ကျွန်ုပ်သည် ရဲယူနီဖောင်း ထိုနေ့က ဝတ်ဆင်မထားသဖြင့် တော်ပါသေးသည်ဟု ဆိုရမည်။

သို့သော် ကျွန်ုပ်သည် ထိုသို့ပြောဆိုနေသော လူအုပ်ကြီးထဲမှ လူသည် အဆိုပါဖြစ်ရပ်ပေါ်ပေါက်စဉ် အနီးမှာရှိပါလျက် ချက်ချင်းကိုယ်ထိလက်ရောက် ဘာကြောင့်များ ဖမ်းဆီးနိုင်အောင် မလှုပ်ရှားပါသနည်းဟု အတွေးရောက်ရ၏။

"ဒီမှာ အစ်မကြီး၊ ဘာပါသွားလို့လဲ"

ရဲတပ်ကြပ်ကြီး အမေး။

"ရွှေဆွဲကြိုး အဖြတ်ခံသွားလို့ပါ"

"ဖြတ်သွားတဲ့လူကိုမြင်ရင် မှတ်မိလား"

"အမှတ်တမဲ့ပဲ။ ဒါပေမယ့် ဂင်တိုတို၊ အရပ်ပုပု"

"ဘေးက တခြားဘယ်သူမြင်ကြသေးသလဲ"

မြင်သည်ဟု ပြောမည့်သူ ထိုလူတွေကြားထဲက တစ်ယောက်မှ ထွက်၍ ပေါ်ထွက်မလာ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၊ အချင်းချင်းကြည့်ရာက အပြုံးတစ်မျိုးစီ ပေါ်ထွက်သွားကြသည်။

"ကဲ ... အစ်မကြီးရေ၊ ကျွန်တော်တို့ ရဲတပ်သားနှစ်ယောက် တစ်ယောက်စီခွဲပြီး အဲဒီလူတွေကြား လိုက်နေကြတယ်။ အစ်မကြီး ရဲကင်းစခန်းမှာ တိုင်ချက်ဖွင့်ဖို့ ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါဗျာ"

ဈေးစည်ချိန်ဖြစ်၍ မျက်လုံးဝိုင်းကောင်းကောင်းနှင့် တွေ့သလို လူတွေအုံနေသည်ကို ရဲတပ်ကြပ်ကြီး လူရှင်းအောင် လုပ်ပစ်လိုက်ပုံရသည်။

ဆွဲကြိုးအဖြတ်ခံရသော မိန်းမရွယ်နှင့် ရဲကြပ်ကြီး ဈေးတာဝန်ခံအုပ်စုတို့ ဈေးကြီးရှိ ယာယီရဲကင်းစခန်းသို့ ပါသွားကြလေပြီ။ ဒါတောင်မှ အပြောက မလွတ်ချင်။

"တော်သေးတာပေါ့ကွာ။ မြင်မိတယ်၊ မှတ်မိလိုက်တယ်ပြောလို့ကတော့ သက်သေအဖြစ် ရဲကင်းစခန်းကို လိုက်သွားရဦးမယ်။ ဈေးရောင်းဖျက်ပြီး အချိန်ကုန်ခံ ဘယ်သူလိုက်နိုင်မှာလဲ"

ထိုသို့ပြောပြီး ဈေးဆက်ရောင်းကြသည်။ ကိုယ့်အလုပ်အပျက်မခံကြ။ လူတွေမှာ ကိုယ့်အရေးထက် တစ်ပါးသူအရေးကို ဂရုမစိုက်ချင်ကြတော့။

ထိုအမြင်၊ ထိုစကားများသည် လူတချို့၏ လူမှုရေးစိတ်ဓာတ် ပျက်ပြားလာခြင်းဖြစ်၏။ အရေးအရာပေါ်လျှင် အကူအညီကို ရဲဆီကသာ လိုချင်ကြသည်။ ရဲကို အကူအညီပေးရမှာပါလားဆိုသည့် အမြင်ကလေး ကြည်ကြည်လင်လင်မျှ ရှိမနေ။ ထိုအမြင်မျိုး ရှိနေဖို့ ကျွန်တော်တို့ဘယ်



www.burmeseclassic.com

www.burmeseclassic.com

က အများကြီးအလုပ်လုပ်ပြကြရပေဦးမည်။

ဒါပေမည့် တစ်ခုကောင်းသွားသည်မှာ ရဲဝတ်စုံနှင့် ရဲသားနှစ်ယောက်က ဆံပင်ရှည်ရှည်၊ ဂင်တိုတို၊ ခပ်ပုပုကောင်တစ်ကောင်ကို သတ်ပုတ်ဖမ်းဆီးလာခြင်းပင်။

ကျွန်ုပ် ကားနှင့်ထွက်ခွာမသွားခင် ထိုအဖြစ်အပျက်များ ဖြစ်ပျက်သွားသည်မှာ မိနစ်ပိုင်းလောက်တွင် ဖြစ်၏။

"ဆရာ ... ဒီကောင် ခါးပဲ။ သူ့ကို ပြစ်ချက်တွေနဲ့ ကျွန်တော်တို့မှတ်မိနေတယ်။ ထောင်က ထွက်လာတာ တစ်ပတ်တောင် မကြာသေးဘူး။ လူအုပ်ထဲကရှာပြီးဆွဲထုတ်လိုက်ရတယ်"

"အေး ... ဟုတ်ပြီ။ ငါလည်း အထင်သား။ ထောင်ခါရင် ဒီလိုကောင်မျိုးတွေကြောင့် တို့ရဲတွေ အလုပ်ရှုပ်ကြဦးမယ်ဆိုတာ။ ခုတရားခံရယ်၊ တရားလိုရယ် အစုံအညီနဲ့ ရဲစခန်းကိုပဲ သွားကြတာပေါ့။ ဒါ့ထက် ဒီကောင့်ဆီက ဖြတ်သွားတဲ့ ဆွဲကြိုးကော သက်သေသက္ကာယနဲ့ တစ်ပါတည်းရခဲ့ရဲ့လား"

"အဲဒါတော့ မရလိုက်ဘူးဆရာ"

"အေးလေ၊ ခြွေမြင်မှတော့ တွင်းဝင်ဖြောင့်မဖြောင့် ကြည့်နေစရာ မလိုတော့ပါဘူး။ အခင်းဖြစ်တာရယ်၊ အဲဒီပတ်ဝန်းကျင်မှာ ဒီကောင်ရှိနေတာရယ်၊ ပြီးတော့ ကာယကံရှင် အမျိုးသမီးကလည်း မှတ်မိနေတာရယ်ဆိုတော့ လုံလောက်နေပါပြီ၊ ပစ္စည်းသူ့လက်ထဲက လက်ရဖမ်းမိဖို့ဆိုတာက ဒီကောင်တွေက လက်ပြောင်းလက်လွှဲ ဝိဇ္ဇာတွေဆိုတော့ ဘယ်သူ့ဆီကို ပြောင်းလိုက်သလဲဆိုတာ စခန်းရောက်တော့ စစ်ရမှာပေါ့ကွာ"

ဒီလိုဆိုပြန်တော့လည်း ပွဲက လုလုပပလေး ပြန်ဖြစ်သွား၏။

ကျွန်ုပ်တို့ ရဲတွေက သူတို့အုပ်စုနှင့်သူတို့ အကွက်လည့်သွားသော ခါးပိုက်နှိုက်တွေထဲက အဓိကတရားခံကို မိနစ်ပိုင်းအတွင်း ရအောင်ဖမ်းမိလိုက်နိုင်ချေပြီ။

ရဲက တစ်ကွက်သာသွားခြင်းပင်။

★★★★★

ကျွန်ုပ် ထောင်မှူးကြီးသိန်းဝင်း၏ ရုံးခန်းသို့ ရောက်သွားသောအခါ ထောင်မှူးကြီးသည် ရုံးဆင်းရန် ပြင်ဆင်လျက်ရှိလေပြီ။

"ဘယ်လိုလဲ ကိုယ့်လူ။ ခါတိုင်း ကိုယ့်လူချိန်းလိုက်ရင် အချိန်အတိအကျ ရောက်လာတာ။ ခုတော့ နောက်ကျပြီးမှ ရောက်လာပါလား"

"အမြဲတမ်း Right Time တော့ မဖြစ်နိုင်ဘူးလေ ဆရာရဲ့။ လမ်းမှာ မမျှော်လင့်တဲ့အကြောင်းတစ်ခုခုနဲ့ ကြုံရင် ဒီလိုပဲဖြစ်တတ်တာ။ အင်း ... ဒါပေမယ့် သိပ်နောက်အကျကြီးတော့ မဟုတ်ပါဘူးလေ။ ဆယ့်ငါးမိနစ်ထဲပါဗျာ"

"ဟုတ်ပါတယ်။ ဆယ့်ငါးမိနစ်လောက်ပဲ နောက်ကျရောက်လာတာပါ။ ခင်ဗျားက ကျွန်တော်နဲ့ချိန်းရင် အမြဲတမ်း စောပြီးရောက်ချင်ရောက်၊ ဒါမှမဟုတ် အချိန်အတိအကျ ကွက်တိရောက်လာတတ်လို့ ထူးဆန်းလို့ ကျုပ်က ပြောရတာပါဗျာ"

ကျွန်ုပ်နှင့် ထောင်မှူးကြီးမှာ ရင်းနှီးပြီး ပြောမနာဆိုမနာ သူငယ်ချင်းများ ဖြစ်နေကြ၍ တစ်ယောက်နှင့်တစ်ယောက် မဆိုစလောက် ကိစ္စကလေးပင် ဖြစ်ပါစေ ထိုသို့သော ရီလုံး၊ ထေ့လုံးကလေးများဖြင့် တစ်ယောက်ကိုတစ်ယောက် စတတ်ကြသူများဖြစ်၏။

ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်ရေးကိစ္စ ထိုမျှသာပြောဆိုပြီး ကျွန်ုပ်၏လာရင်းကိစ္စ အလုပ်အကြောင်းကို ထောင်မှူးကြီးသိန်းဝင်းနှင့် ဆက်၍ဆွေးနွေးဖြစ်လေ၏။

"ကိုသိန်းဝင်း ... ဒီတစ်ကြိမ် ထောင်ခါတဲ့အထဲမှာ လွတ်သွားတဲ့ ရာဇဝတ်သားအချို့ရဲ့ စာရင်းကို ကြည့်ချင်လို့ပါဗျာ"

"ဒီလို လွယ်လွယ်နဲ့ရရိုးလားဗျာ"

"ဒါဆို မပေးဘူးလား"

"ဟား .. ဟား ... ဟား၊ ကျုပ်က ခင်ဗျားလာမယ်ဆိုကတည်းက အဲဒါပဲဖြစ်လိမ့်မယ်ဆိုပြီး ကျုပ်တပည့် မောင်ဝင်းနိုင်ကို ဖိုင်အဆင်သင့်ထုတ်ခိုင်းထားပြီးသားပါဗျာ ... ဟား .. ဟား ... ဟား"

"ဟာ ... ခင်ဗျားက ဒီလို အတတ်သိနေရအောင် စုံထောက်ပညာရပ်လည်း ကျွမ်းပုံရတယ်။ ခင်ဗျားတော့ နေရာမှားပြီး ထောင်မှူးကြီးဖြစ်နေပုံရတယ်။ အမှန်က ခင်ဗျားအနေနဲ့ ကျုပ်တို့ အင်းစိန်စီအိုင်ဒီမှာ ရောက်နေရမှာ"

"ကျုပ်က ထောင်မှူးကြီးပေမယ့် စာတွေဖတ်၊ စာတွေရေးနေတဲ့ စာရေးဆရာ ထောင်မှူးကြီးလေ။ စာရေးဆရာဆိုကတည်းက ခင်ဗျားတို့ စုံထောက်တွေရဲ့အကွက်တွေကိုလည်း မြင်တတ်၊ ဆင်ခြင်တတ်၊ တွေးဆတတ်ပါတယ်ဗျာ"

"ဩော် ... ဟုတ်ပါရဲ့ဗျာ။ ခင်ဗျားက စာရေးဆရာ ထောင်မှူး



www.burmeseclassic.com

www.burmeseclassic.com

ကြီးပဲ။ ဒါ့ကြောင့် ကျွန်တော်တို့နဲ့ ပေါင်းမိတာပဲ။ ကဲ ... အချိန်ရှိတုန်း အလုပ်လုပ်လိုက်ကြစို့ဗျာ။ ကျွန်တော့် ဆီက ရေးစရာကုန်ကြမ်းတွေ လိုချင်လို့ ပေါင်းနေတယ်ဆိုတာလည်းသိပ်"

ကျွန်ုပ်နှင့် ထောင်မှူးကြီးတို့သည် ထောင်မှလွတ်လူစာရင်း ဖိုင်တွဲကို နှစ်ယောက်သား ကြည့်ရှုပြီး ကျွန်ုပ်မှာ ကူးယူမှတ်သင့်သည်ကို မှတ်ယူရလေသည်။

ထိုအထဲမှာ ကျွန်ုပ်အဖို့ ထခုန်မိမလောက် ထူးထူးခြားခြား ဖြစ်သွားရသည်မှာ လွတ်သွားသော ရာဇဝတ်သားအချို့နှင့်အတူ ခါးပိုက်နှိုက်များနှင့်အတူ ဖောက်ထွင်းဝိဇ္ဇာ 'သူတော်စိန်' နာမည်စာရင်းအား တွေ့လိုက်ရခြင်းကြောင့်ဖြစ်၏။

"အား .. သူတော်စိန်တောင်မှ လွတ်သွားမှကိုး"

ကျွန်ုပ်မှတ်ချက်ကြောင့် ထောင်မှူးကြီးက သူတော်စိန်က အပြင်မှာသာ ဆိုးပေမယ့် ထောင်ထဲရောက်ရင် တယ်လိမ္မာတာပဲဗျာ။ ထောင်ကျတွေ လိုက်နာရမယ့် စည်းကမ်းအပြည့်နဲ့ နေတယ်။ လျှော့ရက်တွေ၊ ဆုကြေးရက်တွေနဲ့ ထောင်မှူး၊ ထောင်ပိုင်ကြီးတွေနဲ့လည်း ချစ်ခင်သနားအောင်နေတတ်တော့ ဒီလိုမျိုး လွတ်ရက်တွေ ထောင်ခါချိန်နဲ့ဆိုရင် လွတ်မယ့်လူတွေထဲမှာ သူထိပ်ဆုံးက စာရင်းပါလာတာပဲ။ နေပါဦးဗျာ။ လွတ်သွားတဲ့ ရာဇဝတ်သားစာရင်းတွေ ယူတဲ့နေရာမှာ ခင်ဗျားက သူတော်စိန်ကိုမှရွေးပြီး သူ့နာမည်ကို ရေရွတ်လိုက်ရတာလဲ"

"သူက နာမည်ကြီးဆိုတော့ ကျုပ်က လွတ်မယ်ထင်မထားရာက တွေ့လိုက်ရလို့ပါ"

ကျွန်ုပ်သည် ထိုမျှသာပြောပြီး အခြားသော လွတ်လူများစာရင်းကို ဆက်ကြည့်နေလိုက်သည်။

*****

နောက်တစ်နေ့၌ ကျွန်ုပ် မြိုင်သာယာမြို့သစ်ရှိ ဖောက်ထွင်းခံရပြီး လူအသတ်ခံခဲ့ရသော 'ရွှေပင်ရွှေသီး' ရတနာစိန်ရွှေ ရောင်းဝယ်ရေးဆိုင်ကြီးသို့ ရောက်ရှိခဲ့၏။ အခင်းဖြစ်ပြီး တစ်ပတ်ခန့်ကြာပြီဖြစ်၍ ဆိုင်ကို ဖွင့်လှစ်ရောင်းချလျက်ပင် ရှိလေပြီ။

ကျွန်ုပ်သည် အခင်းမဖြစ်မီက အရောင်းအဝယ်၊ အဝင်အထွက် စာရင်းအင်းများကို လေ့လာကြည့်ရှုနေသည်။ အချို့မှတ်စရာရှိသည်တို့ကို မှတ်ခဲ့သည်။ အရေးကြီးသည်မှာ အခင်းဖြစ်ချိန်နှင့် နီးကပ်သော ရက်ပိုင်းမှ ရွှေထည်စိန်ထည်ပစ္စည်းများ ရောင်းသည့် ဘောက်ချာစာအုပ်ဖြစ်၏။

အသတ်ခံရသည့်ဖြစ်စဉ်မှာ ရိုးရိုးရှင်းရှင်းကလေးဖြစ်၏။ သေသူမှာ ရွှေပင်ရွှေသီး စိန်ရွှေရတနာရောင်းဝယ်ရေးဆိုင်ကြီး၏ပိုင်ရှင် ဦးဟုတ်လှိုင်၏တူ 'ကျော်ဗလ'ဖြစ်၏။

စိန်ရွှေရတနာ ရောင်းဝယ်ရေးဆိုင်မှာ မြိုင်သာယာမြို့သစ်၏ ဗိုလ်ချုပ်လမ်းပေါ်တွင် ရှိသည်။ နှစ်ထပ်တိုက်ကြီးတစ်တိုက်လုံးကို ပေ ၅၀ × ၆၀ အပြည့်ဆောက်ထားပြီး အောက်ထပ်မှာ စိန်ရွှေရတနာအရောင်းဆိုင်ဖွင့်ထားပြီး အပေါ်ထပ်မှာ ရွှေပန်းထိမ်အလုပ်ခန်း ဖွင့်ထားသည်။

မနက်မှ ညနေ အောက်ထပ်ရှိ စိန်ရွှေရတနာအရောင်းဆိုင် ဖွင့်ထားသလို၊ အပေါ်ထပ်တစ်ထပ်လုံးကိုလည်း မနက်မှ ညနေအထိ ရွှေပန်းထိမ်အလုပ်သမားများ၊ ကျောက်မျက်ရတနာကျောက်သွေးဆရာများ အလုပ်လုပ်ရာ တိုက်ကြီးဖြစ်၏။

စိန်ရွှေရတနာအရောင်းခန်း ဖြစ်သော အောက်ထပ်မှာ အပြင်ဝန်ထမ်းဆယ်ယောက်ရှိပြီး အပေါ်ထပ် ပန်းထိမ်နှင့် ကျောက်သွေးခန်းမှာလည်း ဝန်ထမ်းကိုးယောက် ရှိသည်။

အောက်ထပ်အရောင်းအဝယ်ခန်းမှ ဝန်ထမ်းအလုပ်သမားတွေ ဆိုင်သိမ်းချိန် ၅ နာရီခန့်တွင် ကိုယ့်အိမ်ကိုယ် အသီးသီးပြန်ကြသလို အပေါ်ထပ် ရွှေပန်းထိမ်နှင့် ကျောက်သွေးဆရာတွေလည်း ပြန်ကြသည်။

အပေါ်ထပ်မှ ရှစ်ယောက်ပြန်ပြီး တစ်ယောက်ကျန်ခဲ့သည်။ ထိုတစ်ယောက်မှာ ရွှေပင်ရွှေသီး စိန်ရွှေရောင်းဝယ်ရေးပိုင်ရှင် ဦးဟုတ်လှိုင်၏တူတော်သူ ကျော်ဗလ။ အသက်သုံးဆယ်အရွယ်။ သူက လူပျိုလူလွတ်ဖြစ်ပြီး တိုက်စောင့်လည်းရစေရန် ထိုတိုက်ကြီးတွင် အမြဲတမ်းနေနေရသူ။

ထိုတိုက်ကြီးတွင် ညဘက်၌ ကျော်ဗလတစ်ယောက်တည်း အစောင့်သဘောနှင့်နေရသည်မဟုတ်ဘဲ ညနှင့်နေ့ တစ်လှည့်စီစောင့်ရသော အစောင့်နှစ်ယောက် ရှိသေးသည်။ အသက်လေးဆယ်ဝန်းကျင်ရှိ ကိုသန်းအောင်နှင့် ကိုအေးမြင့်။

သူတို့က နေ့ညအလှည့်ကျ တစ်လတစ်ကြိမ် လဲစောင့်ရသော လူများဖြစ်ကြ၏။ အမြဲတမ်းအစောင့်သဘောအနေနှင့်ကော၊ လူယုံအနေနှင့်ကော စောင့်ရှောက်နေရသူမှာ ပိုင်ရှင်ဦးဟုတ်လှိုင်၏တူ ကျော်ဗလပင်တည်း။

*****



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဗလ အသတ်ခံရချိန်မှာ ညပိုင်းဖြစ်၏။

ထိုညက ညစောင့်အလှည့်ကျသူမှာ ကိုသန်းအောင် ဖြစ်သည်။ ကိုသန်းအောင်တို့လို ညစောင့်များနေရာမှာ အရောင်းဆိုင်၏ ရှေ့ဘက်အပြင်မျက်နှာစာခန်းဖြစ်၏။

မျက်နှာစာခန်းမှာ နေ့ဘက်တွင် အရောင်းအဝယ်ရောက်လာသူများ ထိုင်ရန်၊ နားရန် တစ်ယောက်ထိုင်လိမ္မော်ရောင် ခုံကလေးတွေ ငါးယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထိုင်ရန် စီစဉ်ပေးထားသည်။

ထိုနေရာမှာ ညနေဆိုင်ပိတ်ချိန်တွင် သံဘာဂျာတံခါး အပြင်မှ တစ်ထပ်ပိတ်လိုက်သည်။ အတွင်းဘက်အရောင်းခန်းကိုမူ သံခေါက်တံခါးကြီးအလုံအခြုံပိတ်၍ သော့ခတ်ထားလိုက်သည်။

ညစောင့်က အပြင်ဘက်ခန်းတွင် စောင့်ရပြီး သုံးနာရီတစ်ကြိမ်ခန့် တိုက်ပြင်ထွက်ပြီး တိုက်ဘေးနှင့်အနောက်ဘက်ကို ပတ်၍ စစ်ဆေးရသည်။ ကျန်အချိန်တွင် ရှေ့ခန်းသို့ ပြန်လာပြီး အိပ်ရုံပဲ ရှိသည်။

ရှေ့ခန်း၏ ခြေရင်းပိုင်း၌ အပေါ်ထပ် ပန်းထိမ်အလုပ်ခန်းသို့ တက်ရန် အတွင်းဘက်လှေကား တစ်ခုရှိသည်။ ထိုအတွင်းဘက်လှေကား၏ ထိပ်တွင် ဦးဟုတ်လှိုင်၏တူ ကျော်ဗလ စံမြန်းရာ သီးသန့်အခန်းငယ် ရှိသည်။

ကျော်ဗလ အခန်းရှေ့က ဖြတ်ပြီးမှ ပန်းထိမ်အလုပ်ခန်းသို့ သွားနိုင်သည်။ ကျော်ဗလ၏အခန်းကိုစစ်ဆေးရန် ဦးဟုတ်လှိုင်ထံမှ သော့တောင်းရသည်။

"သေပြီးမှပဲ ဆရာရယ်။ သူ့အခန်းကို ဘာလို့ကြည့်ဦးမှာလဲ"

ဦးဟုတ်လှိုင်၏ ထူးထူးခြားခြား မေးခွန်းကြောင့် ကျော်ဗလအခန်းကို ကျွန်ုပ်ကြည့်ရှုစစ်ဆေးဖို့ ဦးဟုတ်လှိုင်က သဘောသိပ်ကျပုံမရကြောင်း ကျွန်ုပ် စတင်ရိပ်စားမိသည်။

"ကျော်ဗလဟာ သူ့အခန်းမှာ သူတစ်ယောက်တည်းနေတော့ သူ လုပ်ချင်တာတွေကို လွတ်လွတ်လပ်လပ် လုပ်ချင်လုပ်မယ်။ အဲဒီလိုလုပ်ရင်းက လူသတ်မှုအစအန ခြေရာ၊ လက်ရာကလေးတွေ ရလာနိုင်တယ်လေ ဦးဟုတ်လှိုင်ရဲ့။ ကျွန်တော်က ဦးဟုတ်လှိုင်တို့ကို ကူညီတဲ့အနေနဲ့ အမှုမှန် အမြန်ဆုံးပေါ်ဖို့ ကြိုးစားနေတာပါ"

ကျွန်ုပ် ဦးဟုတ်လှိုင်ကို ကျေနပ်အောင်ပြောပြီး ကျော်ဗလစံမြန်းခဲ့သော အခန်းသော့ကို တောင်းယူပြီး ဖွင့်ကြည့်ခဲ့သည်။

ကျော်ဗလ အသတ်ခံရသည်မှာ တစ်ပတ်ခန့်ပဲ ရှိသေးသည်။ ကျော်ဗလအခန်းမှာ လုံးဝဟင်းလင်းကြီး ဗလာဖြစ်နေ၏။ ဆယ်ပေ၊ ဆယ့်နှစ်ပေ သီးသန့်ခန်းကို သဘော်သားတွေနေသော ကေဗင်ဆန်ဆန် အကျအန ဖွဲ့ထားသော်လည်း ခုတင်၊ စားပွဲ၊ ဗီရို၊ ကုလားထိုင်များပင် ရှိမနေတော့။

"သူ့ပစ္စည်းတွေအားလုံး ရွှေ့ထားလိုက်တယ်နဲ့တူတယ်ဦးဟုတ်လှိုင်"

"ဟုတ်တယ်ဗျာ။ ကျွန်တော့်တူကလေး သေသွားရတဲ့အခန်းကို မြင်ရင် ကျွန်တော့်အတွက် သတိရစရာတွေ ဖြစ်နေမှာမို့ ကျွန်တော် ဒီအခန်းကိုတောင် ဘယ်သူ့မှမထားဘဲ ဖျက်ပစ်တော့မလို့"

ထိုအပေါ်ထပ်မှာ ကျော်ဗလနှင့်ပတ်သက်၍ အစအနရှာရန် လမ်းဆုံးသွားပြီဖြစ်၍ ကျွန်ုပ်သည် ပိုင်ရှင်ဦးဟုတ်လှိုင်နှင့်အတူ အောက်ထပ်အရောင်းခန်းသို့ပြန်လှည့်ဆင်းခဲ့ရသည်။

★★★★★

စိန်ရွှေရတနာအရောင်းအဝယ် မန်နေဂျာရုံးခန်းမှာ ဒေါ်မီမီလှိုင်က မန်နေဂျာအဖြစ် ထိုင်သည်။

အသက်အားဖြင့် လေးဆယ်ဝန်းကျင်ဆိုသော်လည်း ငွေကြေးပြည့်စုံ၍ မပူမပင်၊ မကြောင့်မကြ နေထိုင်စားသောက်ရသော ကြေးရတတ်တို့ ထုံးစံအတိုင်း အရွယ်တင်ပြီး အလှတွေ ကြွယ်သူဖြစ်၍ ရုတ်တရက်ကြည့်လျှင် မော်ဒယ်လ်ဆရာမကြီး တင်မိုးလွင်လိုလို၊ ရုပ်ရှင်မင်းသမီးမေသဇ္ဇာဦး(ဇာကြီး)တို့လို ခန့်ခန့်ထည်ထည်ကြီး ဖြစ်၏။

ထိုအရောင်းမန်နေဂျာ မိန်းမချောသည် ပိုင်ရှင်ဦးဟုတ်လှိုင်၏ ဇနီးချော ဖြစ်လေသည်။

"ဦးဟုတ်လှိုင် ... ကျွန်တော်ခင်ဗျားရဲ့ဇနီး ဒေါ်မီမီလှိုင်ကို မေးစရာ စမ်းစရာ နည်းနည်းရှိတယ်ဗျာ"

ကျွန်ုပ်၏ ထိုစကားကိုလည်း ဦးဟုတ်လှိုင်က ဘဝင်ကျပုံမရပြန်။

"ကျွန်တော့်မိန်းမနဲ့တော့ ဒီကိစ္စ ဘာမှမပတ်သက်ဘူးနဲ့တူတယ်"

"ပတ်သက်သည်ဖြစ်စေ၊ မပတ်သက်သည်ဖြစ်စေ အလုပ်သဘော အရတော့ ကျွန်တော် အမှုအခင်းဖြစ်တဲ့ဆိုင်က မန်နေဂျာနဲ့ စကားပြောရမှာပဲဗျာ"

ကျွန်ုပ်က အလုပ်သဘောပြော ပြီး ဦးဟုတ်လှိုင်ဇနီး ဒေါ်မီမီလှိုင်၏ မန်နေဂျာအခန်းထဲသို့ မှန်တံခါးတွန်း



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပြီး ဝင်လိုက်သည်။

★★★★★

ဤနေရာမှနေ၍ ရွှေပင်ရွှေသီး စိန်ရွှေရတနာအရောင်းအဝယ်ဆိုင်၏ ဖောက်ထွင်းမှုနှင့် ဆက်နွယ်သော လူသတ်မှုကြီး၏ လမ်းကြောင်းသည် ခြေရာထင်းခနဲ ပေါ်လာခဲ့လေပြီ။

ထိုမှုခင်းဖြစ်ပွားရာက ပြန်လာပြီး ရဲအဖွဲ့နှစ်ဖွဲ့ခွဲပြီး တစ်ပြိုင်နက် တရားခံနှစ်ဦးကို ဖမ်းဆီးခိုင်းလိုက်လေသည်။

ထိုတရားခံနှစ်ဦးမှာ အသတ်ခံရသူ ကျော်ဗလ၏ဦးလေး ဦးဟုတ်လှိုင်နှင့် ရာဇဝင်လူဆိုး ဖောက်ထွင်းရေးသမား သူတော်စိန်တို့ပင်။

ထိုအမှုဖြစ်ပွားခြင်း၏ အကြောင်းရင်းကို ဖောက်ထွင်းဝိဇ္ဇာ သူတော်စိန်၏ ထွက်ချက်က လူသတ်မှု၏ အဓိကလက်သည် တရားခံမှာ ဦးဟုတ်လှိုင်ဖြစ်နေကြောင်းတွေ့ကြရမည်ဖြစ်သည်။

"ဦးဟုတ်လှိုင်ဟာ မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့ ထောင်ကျလာတော့ ထောင်ထဲမှာ ကျွန်တော်နဲ့တွေ့တယ်။ သူက ပိုက်ဆံရှိ သူဌေးဆိုတော့ ကျွန်တော့်ကို ထောင်ထဲမှာ ကြည့်ရှုကျွေးမွေးစောင့်ရှောက်ပြီး လူယုံမွေးခဲ့တယ်။ သူထောင်ကျတာက သူ့တူကျော်ဗလက သူမူးယစ်ဆေးဝါး သုံးနေတာကို ရဲကိုသတင်းပေးလို့ ထောင်ကျရတာ။ သူထောင်ကျအောင်လုပ်ရတဲ့အကြောင်းရင်းက အရွယ်ကောင်းပြီး အလှကြွယ်နေတဲ့ သူ့မိန်းမ မီမီလှိုင်နဲ့ သူ့တူတို့ သူ့နောက်ကွယ်ရာမှာ ဖောက်ပြန်နေရာက လွတ်လွတ်လပ်လပ် ဖြစ်သွားအောင် သူ့ကို ရှင်းထုတ်လိုက်ကြတာလို့ သူကပြောပြီး ကျွန်တော်လွတ်တဲ့အချိန်မှာ သူ့တူကို သတ်ပေးဖို့ အကူအညီတောင်းခဲ့လို့ သူပေးတဲ့ငွေယူပြီး ကျွန်တော် သတ်ပေးခဲ့တာပါ။

ကျွန်တော်က ဒီတစ်ခေါက် ထောင်ကလွတ်လာပြီးတဲ့နောက် ဖောက်ထွင်းမှု မကျူးလွန်တော့ပါဘူးလို့ ဆုံးဖြတ်ထားရာက ဦးဟုတ်လှိုင်ကြောင့် ခုလိုဖြစ်ရတာပါ။ သူပေးတဲ့ငွေတွေကို မက်မောမိလို့လည်း ခုလိုဖြစ်ရတာပါ"

"ဟုတ်ပြီ သူတော်စိန်၊ ဦးဟုတ်လှိုင်က မောင်ရင့်ကိုငှားပြီး သတ်ခိုင်းရာမှာ သူ့ရတနာရောင်းဝယ်ရေးတိုက်ကို ဖောက်ထွင်းဝင်ရောက်သူတွေက ဖောက်ထွင်းကြရာက တိုက်မှာစောင့်နေတဲ့ ကျော်ဗလနဲ့တွေ့ပြီး ကျော်ဗလက ခုခံလို့ သတ်ပစ်ခဲ့တဲ့ပုံစံမျိုး ချိုးပြီး လမ်းစဖျောက်ခဲ့တာ ရှင်းပါတယ်။ ဒါပေမယ့် ... အဲဒီညက ညစောင့်ကျတဲ့ ညစောင့်ဝန်ထမ်း ကိုသန်းအောင်ကို ဘာမှမလုပ်နိုင်၊ မပြောနိုင်အောင် ဘယ်လိုလုပ်ခဲ့သလဲ"

"ညစောင့် ကိုသန်းအောင်အတွက် ဦးဟုတ်လှိုင်ကပဲ တာဝန်ယူခဲ့ပါတယ်။ ဦးဟုတ်လှိုင် ကိုသန်းအောင်ကို ကွမ်းယာကျွေးနေကျဆိုတော့ ကိုသန်းအောင်စားမယ့် ကွမ်းယာထဲမှာ မူးယစ်ဆေးထည့်ပြီး အဲဒီကွမ်းယာကို ပေးခဲ့တာပဲ။ ကိုသန်းအောင် ဦးဟုတ်လှိုင်ပေးတဲ့ ကွမ်းယာစားပြီး အိပ်ပျော်နေတုန်း ကျွန်တော်နဲ့ ကျွန်တော့်လူတွေ တိုက်ကြီးထဲကို ဝင်နိုင်ခဲ့တာပဲ"

ဤသည်မှာ သူတော်စိန်နှင့် ဦးဟုတ်လှိုင်တို့နှစ်ယောက်ကို အချုပ်ခန်းတွင် အတူမထားဘဲ ခွဲစစ်ရာမှ ပေါ်ထွက်လာခဲ့သော အစစ်ခံချက်ဖြစ်၏။

သူတော်စိန်သည် သူ့စကားအတိုင်း သည်တစ်ကြိမ် ထောင်မှလွတ်ပြီးနောက် ပြစ်မှုထပ်၍ မကျူးလွန်တော့ပါဘူးဟု ဆုံးဖြတ်ခဲ့သော်လည်း အကျင့်ပျက်သူဌေး ဦးဟုတ်လှိုင်နှင့် ထောင်ထဲမှာတွေ့ဆုံပြီး လူမိုက်အမွေးခံလိုက်ရသည်။

ထောင်ခါ၍ ထောင်မှလွတ်သည့်အချိန်တွင် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်ပါတော့မည်ဟု အဆုံးအဖြတ်ရှိသော်လည်း ဦးဟုတ်လှိုင်ပေးခဲ့သော ငွေကြေးမှာ မက်မောစရာဖြစ်သွား၍ သူ့အတွက် နောက်ဆုံးအရင်းအနှီး ငွေကြေးပမာဏတစ်ခုဟု သဘောထားပြီး ယွက်ပေါက်အဖြစ် လုပ်နေကျအလုပ်သဖွယ် ပြစ်မှုကျူးလွန်မိရာက ထောင်ပြန်ကျရတော့မည်။

ထို့အတူ ကျွန်ုပ် အင်းစိန်ထောင်သို့ ထောင်မှူးကြီးသိန်းဝင်းနှင့် တွေ့ရန်လာစဉ် အင်းစိန်ဈေးအနီး လူစည်ကားချိန် ခါးပိုက်နှိုက်ခဲ့သော ခါးပိုက်နှိုက်မှာလည်း ဖမ်းမိသောရဲ၏ အဆိုအရ ပြစ်မှုရာဇဝင်ရှိသော ထောင်ထွက်ခါးပိုက်နှိုက်ပင် ဖြစ်၏။

အကျဉ်းထောင်ဆိုမှတော့ အကျဉ်းထောင်မှလွတ်ပေးလိုက်သည်၊ ထောင်ခါသည်ဆိုတိုင်းလည်း လူကိုလွတ်ပေးလိုက်ရုံနှင့် မပြီး။ လွတ်ပေးခံရသူတွေ၏ စိတ်ဓာတ်ခိုင်မြဲအောင်၊ အကျဉ်းထောင်ထဲသို့ ပြန်ဝင်မလာအောင် အကောင်းဆုံး နည်းလမ်းကို တာဝန်ရှိသူတွေ ရှာပြီးလုပ်ဆောင်ပေးကြရပေမည်။

■ ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

(ဖြစ်ရပ်မှန် ရသဝတ္ထုရှည်)

**ယခင်လမှအဆက်**

**မည်းမည်းကြီးကြောင့် သွေးမြေကျရခြင်း**

မြို့ကလေးမှာ ငြိမ်သက်အေးချမ်းနေတော့သည်။

တစ်မြို့လုံး ကွင်းနင်းရှင်းလင်းရာ ဘာမျှမရှိဟု သိကြရသဖြင့် စိတ်ချမ်းသာ ဝမ်းသာနေကြသည်။ ညပိုင်းတွင်လည်း ၉ နာရီ၊ ၁၀ နာရီထိ လမ်းလျှောက်သူ ရွှေမုဋ္ဌောဘုရားသို့ တက်ရောက်ဖူးသူများနှင့် စည်ကားနေသည်။ နံနက်မလင်းမီ ၃ နာရီ၊ ၄ နာရီမှထ၍ ကုန်စိမ်းစက်လှေကြိုသူ၊ ဖောက်သည်ယူသူများနှင့် ပြည်လည်လှုပ်ရှားလာကြသည်။

မြို့ကလေးမှာ ငြိမ်းချမ်းစွာ သက်ဝင်နေပြန်သဖြင့် ကြည်နူးစရာပင် ကောင်းနေတော့သည်။ သွားသွားလာလာ၊ ရောင်းရောင်းဝယ်ဝယ်၊ စည်စည်ကားကား ရှိလာသည်။ လက်ဖက်ရည်ဆိုင်များ၊ အကြော်ဆိုင်များ၊ စားသောက်ဆိုင်၊ မုန့်ဆိုင်များလည်း နံနက်အရုဏ်တက်မှထ၍ ကြိုတင်ချက်ပြုတ် လုပ်ကိုင်လာနိုင်ကြသည်မှာ ရက်သတ္တတစ်ပတ်ခန့်မျှပင် ရှိလာပြီဖြစ်သည်။ လကွယ်နေ့က တစ်မြို့လုံး ကွင်းနင်းရှာတာ "ဘာမှမတွေ့တာဟာ ဘာမှမရှိလို့ပေါ့" ဆိုကာ စိတ်အေးလက်အေး ဖြစ်လာကြသည်။ တစ်ယောက်ကစ တစ်ရာဆိုသလို အရုဏ်တက်စောစောထ၍ လုပ်ကိုင်လာကြသည်မှာ တစ်မြို့လုံး ဖြစ်လာသည်။ စိတ်ချလက်ချ လုပ်ကိုင်လာကြသည်။ လူငယ်များပင် ညဉ့်နက်သန်းခေါင်ထိ ဂစ်တာတီး သီချင်းဆိုလာကြသည်။

အများနည်းတူ အကြော်သည်ကြီး 'ဒေါ်တင်လှသန်းရီ'သည်လည်း အရုဏ်မတက်ခင်ထ၍ အကြော်ဆိုင်ဖွင့်ရန် စီစဉ်ရတော့သည်။ အကြော်စုံဆိုသည်မှာ နံနက်စောစော အများမနိုးမီ ကြော်နိုင်မှ အဆင်ပြေသည်။ နေမြင့်သည်နှင့် အကြော်ကုန်သည်မှာ အံကိုက်ဖြစ်နေရမည်။ စောစောထ၍ အကြော်ဆိုင်မဖွင့်ရသဖြင့် ဝင်ငွေလျော့နည်းလာခဲ့သည်မှာ လအတန်ကြာပြီ။ ယခုမှ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ရသည်။ အများသူငါ ဖွင့်နေကြသည်မှာ လေးငါးရက်မက ရှိနေပြီ ဖြစ်သည်။

မြို့လေးမှာ ကျဉ်းသလောက် နာမည်တူများလှသည်ဟု မကြာခဏ စာ ရေးဖူးခဲ့ပါပြီ။ ဦးလှမောင်ဆိုလျှင် မူလတန်း ကျောင်းအုပ်ဆရာကြီး ဦးလှမောင်၊ ဆိပ်ကမ်းအဖွဲ့မှ လုပ်သားဦးလှမောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ကြပ်လှမောင်၊ ရဲစခန်းမှ တပ်ကြပ်ကြီးလှမောင်(မူဆလင်)၊ ကပ္ပိယကြီး လှမောင်. ဆံသဆရာ ဦးလှမောင် စသဖြင့် များလှသည်။ ဤသို့ဤပုံ များလှသော်လည်း နာမည်နှစ်ခုပိုင်သော ရှားပါးနာမည်ပိုင်ရှင်လည်း ရှိပါသည်။ ၎င်းမှာ ဒေါ်တင်လှသန်းရီပင် ဖြစ်ပါသည်။

အများခေါ်နာမည် အမေမွေးကတည်းက ပေးခဲ့သော နာမည်၊ မှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမှ အတည်ပြုထားသော နာမည်မှာလည်း ယခုအမည် ဒေါ်တင်လှသန်းရီပင် ဖြစ်သည်။ ထိုမျှမက မြို့လေး၏ အထက်တန်းကျောင်းတွင်

**သစ်ထူးအိမ်**



www.burmeseclassic.com

www.burmeseclassic.com

ပညာသင်ခဲ့စဉ်ကလည်း ဤအမည်ဖြစ်သလို ကျောင်းခေါ်စာရင်းကို အတန်းပိုင်ဆရာက "မတင်လှသန်းရီလာပါသလား"ဟုဆိုလျှင် "လာပါတယ်ရှင့်"ဟု ဖြေခဲ့ရသော အတည်ပြုနာမည်ပေါက် အမည်နာမပင် ဖြစ်ပါသည်။

မြို့လေးတွင် ဦးတင်လှ၊ ဒေါ်တင်လှ၊ ဒေါ်တင်တင်လှနှင့် ဦးသန်းရီ၊ ဒေါ်သန်းရီ၊ ဒေါ်သန်းသန်းရီဟူ၍ အမည်တူ များစွာရှိသော်လည်း မတူညီသော နာမည်နှစ်ခုကို တစ်ဆက်တည်း၊ တစ်ခုတည်းအဖြစ် အသုံးပြု၍ မှည့်ခေါ်သော အမည်ပိုင်ရှင် 'ဒေါ်တင်လှသန်းရီ'မှာ မြို့ကလေးတွင် ၎င်းတစ်ဦးတည်းသာ ရှိပေသည်။

အနည်းငယ် ထူးဆန်းတာလေးလည်း ရှိသေးသည်။ ကိုင်းရွာဘက်မှ အပျိုကြီး မတင်လှနှင့် ကားတပ်ဝင်းရပ်ကွက်မှ မသန်းသန်းရီတို့ နှစ်ဦးမှာ ၎င်း၏အချစ်ဆုံးသူငယ်ချင်းများ ဖြစ်သည်။ အထက်တန်းကျောင်းသို့ စတက်သော ငါးတန်းနှစ်မှစ၍ တက္ကသိုလ်ဝင်တန်းရောက်သည်အထိ တစ်တန်းတည်း၊ တစ်ခုံတည်း အတူနေခဲ့ကြသူများဖြစ်၍ ယခုထိ ခင်မင်နေဆဲဖြစ်သည်။ မသန်းသန်းရီမှာ ကိုတင်ချို့နှင့်ရ၍ ကလေးများ တပွတ်ပွတ်မွေးသော်လည်း ယခုထိ ခင်မင်မပျက်။ မတင်လှမှာ အပျိုလေးဘဝမှ ဈေးရောင်းရင်း ကျောင်းတက်သလို ယခုလည်း အပျိုကြီးဘဝဖြင့် ဈေးရောင်းတုန်း ခင်မင်လျက်ရှိတုန်း။ ဒေါ်တင်လှသန်းရီမှာ ပထမအိမ်ထောင်ဆုံး၍ မုဆိုးမဘဝ၊ ဒုတိယအိမ်ထောင်နှင့် တရားဝင်ကွာရှင်း၍ တစ်ခုလပ်ဖြစ်ခဲ့သည်ထိ သူငယ်ချင်းသုံးယောက် တပူးတွဲတွဲ ဆက်ဆံဆဲပင်။

ဒေါ်တင်လှ၊ ဒေါ်သန်းသန်းရီ၊ ဒေါ်တင်လှသန်းရီ သုံးယောက်တွဲကို မြင်ကြလျှင် အားလုံးက ပြုံးမိကြသည်။ နာမည်တွေက တိုက်ပဲတိုက်ဆိုင်လွန်းနေသည်ဟု ထင်ကြပါမည်။ ဒေါ်တင်လှသန်းရီ၏ ပထမအိမ်ထောင်မှာ ဦးရွှေတင်ဖြစ်ကာ သားလေးခြောက်လသားအရွယ်တွင် ဆုံးပါးသွားသည်။ သားလေးနာမည်က မောင်ရွှေအိုးဟု ခေါ်သည်။ ဒုတိယအိမ်ထောင်က မောင်ရွှေအိုးလေး တစ်နှစ်ခွဲအရွယ်တွင် ရရှိခဲ့သည်။ အရပ်ကပေးစား၍ ယူကြခြင်းဖြစ်ရာ ကြီးကြီးကျယ်ကျယ် ပြောရလျှင် အချစ်မပါသော အိမ်ထောင်ရေး ဖြစ်ခဲ့သည်။ အမည်မှာ ကိုငွေသန်း ဖြစ်၍ အသက်တစ်နှစ်ခန့် ငယ်သည်။ ကိုငွေသန်းနှင့် ဒုတိယသား မောင်ငွေအိုးကို ရရှိ၍ မောင်ငွေအိုး တစ်နှစ်သားအရွယ်တွင် ကိုငွေသန်းနှင့် တရားဝင်ပြတ်ခဲ့သည်။ တိုက်ဆိုင်သည်လား၊ ထူးဆန်းသည်လား မပြောတတ်တော့ပေ။ အိမ်ထောင်နှစ်ဆက် ယောကျ်ားနှစ်ယောက်၏ အမည်မှာ "ဒေါ်တင်လှသန်းရီ"၏ အမည်တစ်လုံးစီ ပါ၍နေပြန်သည်။

ယောကျ်ား နှစ်ယောက်မှာလည်း 'ရွှေနှင့်ငွေ'ပါကာ နာမည်က ဆက်စပ်နေပြန်သည်။ သားနှစ်ယောက်မှာလည်း "ရွှေအိုး၊ ငွေအိုး" ဟူ၍ဖြစ်ကာ အမေတူသော်လည်း အဖေမတူ၊ မွေးဖွားသည့်သက္ကရာဇ်မတူပါဘဲလျက် အမြွှာပူးညီအစ်ကိုကဲ့သို့ ခွဲမရအောင် အရပ်အမောင်း၊ ရုပ်ရည်၊ အသံ၊ စတိုင် အားလုံးတူညီကြသဖြင့် မြို့ကလေးတွင် "ရွှေအိုး၊ ငွေအိုး"ဟူ၍ပင် ချစ်စနိုးခေါ်ပြောနေကြသည်။ (ယနေ့အထိ ဦးရွှေအိုး၊ ဦးငွေအိုးတို့ ရှိနေဆဲပါ။)

သာမန် တိုက်ဆိုင်မှုဆိုလျှင် မထူးခြားပါ။ အကြိမ်ကြိမ် တိုက်ဆိုင်လာပါက ထူးခြားသည်ဟု ဆိုရမည်။ ထူးခြားချက်ကား မဆုံးသေးပါ။ ဒါတင်မကသေးဘဲ ရှိပါသေး၏ဟု ဆိုရပါမည်။ ပြီးခဲ့သောနှစ်က ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားအဖွဲ့၏ လုပ်သားပိုင် ဆိုင်းဝိုင်းမှ နှဲဆရာစိန်လှရီဆိုသူနှင့် တတိယအိမ်ထောင်အဖြစ် အိမ်ထောင်ပြုခဲ့သည်။ လက်မှတ် မထိုး၊ မင်္ဂလာဆွမ်း မကျွေးသော်လည်း ဒေါ်တင်လှသန်းရီ၏ အိမ်ပေါ်သို့ ရောက်ရှိအတူနေခဲ့သဖြင့် ရပ်ကွက်မှ လင်မယားအဖြစ် အသိအမှတ်ပြုခဲ့ကြခြင်းဖြစ်သည်။ ပို၍ထူးခြားသည်ကား တတိယအိမ်ထောင် ဆရာစိန်လှရီနှင့်အတူ စိန်အိုးဟူသည့် တစ်နှစ်အရွယ် ကလေးတစ်ယောက် လင်ပါသားအဖြစ် ပါလာခြင်းဖြစ်သည်။ ဝမ်းရေမနာရဘဲ တတိယသားတစ်ယောက်ရရှိပြန်သည်။

အိမ်ထောင်သုံးဆက်ကျရာ [illegible]ကျားအမည်များမှာ ဦးရွှေတင်၊



www.burmeseclassic.com

www.burmeseclassic.com

ကိုငွေသန်း၊ စိန်လှရီတို့ ဖြစ်ကြသဖြင့် ထူးထူးခြားခြားပင် ဒေါ်တင်လှသန်းရီ အမည်တွင်ပါသည့် တင်-သန်း-ရီ အက္ခရာသုံးလုံးမှာ လင်သုံးဦးစလုံး တွင် ဆက်စပ်ပါဝင်နေသည်။ ရွှေ၊ ငွေ၊ စိန်ဟူသော ရတနာအမည်များ ပါဝင်နေသလို သားများကလည်း ကြည့်ပါ။ ရွှေအိုး၊ ငွေအိုး၊ စိန်အိုးတဲ့။ စိန်အိုးကတော့ ရွှေအိုး၊ ငွေအိုးနှင့် ရုပ်ချင်းမတူသယို အသက်လည်း များ စွာငယ်သည်။ သို့သော် သားအမိသုံး ယောက်လုံးက စိန်အိုးကို သွေးရင်း တမျှ ချစ်ကြသည်။

ဒေါ်တင်လှသန်းရီ၏ အိမ် ထောင်ရေးက ထူးခြားသည်။ တတိယ လင် စိန်လှရီနှင့် ခြောက်လကျော်သာ ပေါင်းသင်းလိုက်ရသည်။ ပခုက္ကူ ရေစကြိုသို့ ဝါးဖောင်ချလိုက်သွား သော စိန်လှရီမှာ ပြန်မလာတော့ဘဲ မြာပေါ်၊ ဖုန်ထူ၊ ပခုက္ကူတွင် မိန်းမယူ ကာ နေထိုင်တော့သည်ဟူ၏။ လင် သုံးယောက်နှင့် သားသုံးယောက် ပိုင် ရှင်ဖြစ်ခဲ့သော ဒေါ်တင်လှရီမှာ မုဆိုး မ၊ တစ်ခုလပ်၊ တစ်လင်ကွာဟူသော ဘဝကျောင်းတော်ကြီးကပေးသည့် ဘွဲ့သုံးဘွဲ့ဖြင့် အကြော်ကြော်၍ ရောင်းချရင်း ဘဝကိုရင်ဆိုင်ရလေ သည်။

မြို့လေးမှာ ကုန်စုံဆိုင်၊ ဗွီဒီယို ရုံ၊ ရေခဲစက် ပိုင်ဆိုင်သော တရုတ်လူ ပျိုကြီး ကိုချိုပြုံးခေါ် ဦးကျောက်ရီမှာ ဒေါ်တင်လှသန်းရီဆိုင်သို့ အကြော် လာစားရင်း မ ကြာခဏ စလေသည်။

"ဟဲ့ . . . တင်လှသန်းရီ၊ ငါ့ နာမည်လည်း ရီပါတယ်ကွ။ နင်နဲ့ ငါနဲ့ ရနိုင်တယ်နော်။ ရခဲ့လို့ သားလေးမွေး ရင် ကျောက်အိုးလို့ မှည့်ကြမယ်လေ ကွာ။ ဟား . . ဟား . . ဟား"

"မသာ . . . တရုတ်ပုပ်။ ဆိပ်ပူ နဲ့ ပက်လိုက်မယ်နော်"

"နင်ကလည်းဟာ။ နင်နဲ့ ငါနဲ့ ကျောင်းနေဘက် သူငယ်ချင်းတွေပဲ။ စိတ်မဆိုးပါနဲ့။ ရွှေအိုး၊ ငွေအိုး၊ စိန် အိုး၊ ကျောက်အိုးဆိုတဲ့ သားလေး ယောက်နဲ့ နင်ရယ်၊ ငါရယ် တပျော် တပါးနေကြရတာပေါ့ဟာ"

"မသာ၊ ကာလနာ၊ မြွေပွေး ကိုက်၊ မိုးကြိုးပစ်"

"ဟား . . . ဟား . . . ဟား"

အကြော်လာစားကြသော ဖောက်သည်တို့၏ ရယ်သံများဖြင့် ဒေါ်တင်လှသန်းရီ၏ အကြော်ဆိုင် လေးမှာ စည်စည်ကားကား စိုစိုပြည် ပြည် ရှိလှသည်။ အကြော်ဆိုင်မှာ မြို့လေး၏ မြို့နယ်သမဝါယမအသင်း ရုံး ခြံစည်းရိုးတွင်ရှိသော စိန်ပန်းပင် ကြီးအောက်တွင် တည်ရှိသည်။ သမ အသင်းရုံး၊ လယ်စိုက်ရှင်းရုံး၊ စက်လှေ ဆိပ်ကမ်း စသဖြင့် လူစည်ကားသဖြင့် အရောင်းရတွင်ကျယ်သည်။ ဘူးသီး ကြော်၊ ဗယာကြော်၊ မတ်ပဲကြော်၊ ကြက်သွန်ကြော်၊ အာလူးကြော် စသ ဖြင့် အကြော်စုံရသလို ကောက်ညှင်း ပေါင်း၊ မုန့်ဟင်းခါးနှင့် ကော်ဖီလည်း ရသည်။ မြန်မာအစားအစာမို့ မြန်မာ များသာ အများစုရှိသော မြို့လေးတွင် အကြော်ရောင်းကောင်းသည်မှာ မဆန်း ပါ။ ဆန်းသည်မှာ လာမည့်အဖြစ် အပျက်များသာ ဖြစ်တော့သည်။

၁၂ နှစ်နှင့် ၁၀ နှစ်အရွယ်ရှိ သော ရွှေအိုးနှင့်ငွေအိုး သားကြီးနှစ် ယောက်မှာ လုပ်နိုင်ကိုင်နိုင်ကြပြီဖြစ် ၍ မိခင်ဖြစ်သူကို ကူညီကြသဖြင့် ဒေါ်တင်လှသန်းရီမှာ ရေ ခပ်၊ ထင်းခွဲ အလုပ်များမှ သက်သာရလေသည်။

အကြော်ဆိုင်ဖွင့်သည်က ရက် မပျက်သော်လည်း နေထွက်မှ ဖွင့်ရ သည်မှာ ခြောက်လမျှ ရှိလေသည်။ သို့နှင့် ယနေ့တော့ စောစောထ၍ အရုဏ်မတက်မီ ဆိုင်ဖွင့်မည်ဟု ဆုံး ဖြတ်ထားသဖြင့် ညကတည်းက စီစဉ် စရာရှိတာ စီစဉ်ထားရသည်။ အိပ် ချင်စိတ် ရှိသေးသော်လည်း အိပ်ရာမှ လူးလဲထရသည်။

"သားတို့ ထ . . ထ။ ဒီနေ့ ဆိုင် စောစော ဖွင့်မယ်နော်"

သားများက အိပ်ကောင်းဆဲ။

"သား ရွှေအိုးနဲ့ ငွေအိုး ထတော့ လေ . . ထတော့"

"ဟုတ်ကဲ့ အမေ၊ ထပါပြီ။ ညီ လေးငွေအိုး . . ထတော့"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"မင်းတို့ညီ စိန်အိုး နိုးသွားမယ် နော် ဖြည်းဖြည်းထကြ"

စိန်အိုးလေးမှာ နှစ်နှစ်သားခန့် သာရှိသေး၍ မနိုးဘဲ ခြင်ထောင် အတွင်း ဆက်၍အိပ်နေစေသည်။ အိမ်နှင့်အကြော်ဆိုင်မှာ အတန်ဝေး သဖြင့် ပစ္စည်းများကို ခေါက်ပြန်သယ်

www.burmeseclassic.com

ယူကြရမည်။ သို့နှင့် ဒေါ်တင်လှသန်းရီမှာ ရှေ့ဆုံးမှ ပစ္စည်းအစုံ ထည့်ထားသော တောင်းကြီးကိုရွက်လျက် မှုန်ပျပျအလင်းရောင်ဖြင့် ဆိုက်ဘက်သို့ ထွက်ခဲ့သည်။ ဈေးလမ်းဖြစ်၍ လူများ ရှုပ်ထွေးနေကြသည်။ နံနက်စောစော ဆိုင်ဖွင့်သူများ၊ ဟင်းသီးဟင်းရွက် ဖောက်သည်ယူသူများနှင့် စည်ကားနေသလို ကျွက်စီကျွက်စီ အသံများလည်း ညံ၍နေသည်။ မိုးမလင်းသေးသဖြင့် မျက်နှာများကို မမြင်ရ၊ မသိရသော်လည်း အသံများကိုကား မှတ်မိနေသည်။

"ဖောက်သည်နေ့တိုင်းယူတာပဲ။ ချဉ်ပေါင် ၁၀ စည်းကို တစ်ကျပ်ပဲထားပါ။ အစည်းတစ်ရာ ယူမယ်လေ"

"အစည်းတစ်ရာဆိုတော့ ငွေတစ်ဆယ်ပေ့ါ။ အမယ်လေး မရပါဘူးတော်။ ဝယ်တာတောင် ဒီဈေးမရဘူး။ ငွေတစ်ဆယ်ကို အစည်းရှစ်ဆယ်ပဲရမယ်။ အဲဒါ ဝယ်ချင်နေ၊ မဝယ်ချင်နေ"

"ကောင်မနှယ် . . . အပေါက်ကဆိုးသေး၊ တွန့်တိုသေး"

"ဒီအထိ ထမ်းပိုးသယ်လာရပြီးတော့ ငါးမူးပဲ ပေးတာဆိုတော့ နည်းတယ်ဗျာ။ တစ်ကျပ်တော့ပေးပါ။ အတက်ကြီး တက်ခဲ့ရတာဗျ"

"ဟဲ့ . . . ဟဲ့ ဘယ်သူလဲ ငါ့ပဲသီးစည်းတွေပေါ် တက်နင်းတာ။ ကြေကုန်ပါပြီတော်၊ ကြေကုန်ပါပြီ"

"ကန်တော့နော် . . . အန်တီ ကန်တော့"

"ဟဲ့ . . . နင့်ဆယ်တန်ကြီးက အစုတ်ကြီးပါလား။ လဲပေးဦး"

"ဗုန်း"

"ဟဲ့ . . . လူကိုမမြင်ဘူးလား ကာလနာ"

"ဒီမှာ အလေးကြီးနဲ့ဗျ။ ဘယ်မြင်ရမလဲ"

"ခရမ်းချဉ်သီး တစ်ပိဿာ ဒိုင်ဈေး။ အမလေး . . များလှချည်လား။ ရွှေဝယ်ရတာကျနေတာပဲ။ ကဲ . . . ကဲ . . များများ မဆစ်ဘူး။ တစ်ပိဿာ ပြားရှစ်ဆယ်ထား။ ပါတာအားလုံး ယူမယ်"

"ဟဲ့ခွေး . . ဟဲ့ခွေး၊ တောက် . . . ခရမ်းသီးတောင်း ခွေးသေးပန်းသွားပြန်ပြီ။ ဖွဟဲ့ . . . ဖွဟဲ့ . . လာဘ် . . လာဘ်"

အသံများကား စုံလှချေသည်။ နံနက်စောစော အလှသဘာဝကို စာဖွဲ့၍ ကုန်နိုင်မည်မဟုတ်။ ဒေါ်တင်လှသန်းရီက ပစ္စည်းများကို မနိုင်မနင်း သယ်ယူလာသည်။ ခေါင်းနှင့်ရွက်၍ တစ်မျိုး၊ လက်ကကိုင်၍တစ်သွယ် သယ်နိုင်သလောက် သယ်လာခဲ့ရသဖြင့် ရေနံဆီမီးခွက်ပင် မယူခဲ့နိုင်။ မီးရောင်မရှိ၍ အရုဏ်ဦး လင်းပျပျ အရောင်ဖြင့် မှန်းဆ၍ သွားရသည်။

တဲအနီးရောက်သောအခါ လေးလံလှစွာကိုင်လာသော ပစ္စည်းအချို့ကို ခုံလွတ်တစ်ခုပေါ်တင်၍ အကြော်တဲထဲသို့ ဝင်လိုက်သည်။

"ဂူး . . . ဂွတ် . . . ဂွတ်"

ထူးထူးဆန်းဆန်း အသံနှင့် လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရသည်။ အကြော်တဲ အကြော်ဖိုမို့ ညှော်နံ့မရစေရန် လူများ၊ ဈေးသည်များနှင့် လှမ်းရာ ခပ်ဝေးဝေးတွင် ဆိုင်ဖွင့်ရသည်။ တစ်ညနေလုံး၊ တစ်ညလုံး ဆိုင်ကို ဟောင်းလောင်းပစ်ထားသဖြင့် အချို့ အမူးသမားများက ဝင်ရောက်အိပ်စက်နေတတ်သည်။ အကြော်ကြေ အကြွင်းအကျန် ရှာစားသော ခွေးများလည်း လာရောက်တတ်သည်။ ဒါက ဖြစ်ရိုးဖြစ်စဉ်သာ။

"ဟဲ့ . . . ခွေးလား၊ လူလား"

ဒေါ်တင်လှသန်းရီက ပါးစပ်က ရေရွတ်ရင်း ရှေ့တိုးလိုက်သည်။

"ဟဲ့ . . . ဘယ်သူလဲ။ ငါတို့ ဆိုင်ဖွင့်တော့မယ်။ ဖယ်ပေးကြ . . ဖယ်ပေးကြ"

လှုပ်ရှားမှုနှင့် အသံက တုတ်တုတ် မလှုပ်တော့။

"ဟဲ့ . . . ပြောနေတာ မကြားဘူးလား"

ခေါင်းပေါ်မှတောင်းကို ချရင်း ရှေ့ကိုတိုးကာ စူးစမ်းလိုက်သည်။

"ဂူး . . . ဂါး . . . ဂယား . . . ယား . . ယား"

"အောင်မယ်လေးတော့ . . . ဘာကောင်ကြီးလဲ"

"ဂါး"

ဒေါ်တင်လှသန်းရီမှာ အမှောင်ထဲမှ ဘာမှန်းမသိသော အကောင်ကြီးကြောင့် ပုံလျက်လဲကျသွားသည်။ အကောင်ကြီးက အမှောင်ထဲမှ ခုန်ထွက်၍ ဒေါ်တင်လှသန်းရီပေါ်သို့ အုပ်မိုးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေးတော့ သေပါပြီ။ မည်းမည်းကြီး . . . မည်းမည်းကြီး"

အသံကုန်ဟစ်အော်၍ တွေ့ရာ ထင်းချောင်းဖြင့် ရိုက်နေမိသည်။

"ကယ်ကြပါ . . ကယ်ကြပါ"

မည်းမည်းကောင်ကြီးမှာ ကြုံသလို ခုန်ပေါက်၍ ကုတ်ဆွဲတိုက်ခိုက်နေသည်။ စားပွဲခုံများ ထိုင်ခုံများကြောင့် ဒေါ်တင်လှသန်းရီမှာ သက်သာသေးသည်ဟု တွေးနိုင်သော်လည်း အသံများ ဝုန်းဒိုင်းကြ၍ ဆူညံနေသည်။

ထိုစဉ် နောက်မှလိုက်လာသော ရွှေအိုးနှင့်ငွေအိုး ညီအစ်ကိုနှစ်ယောက်က "အမေ . . အမေ"ဟု အော်လိုက်ကာ အပြေးရောက်လာကြသည်။ တစ်ပြိုင်တည်းလိုလိုပင် လယ်စိုက်ရှင်းရုံး ညစောင့်များဖြစ်သော ကိုဟန်နှင့် ကိုသန်းငွေတို့ကလည်း ဝုန်းဒိုင်းကြသံ၊ အောင်မယ်အသံများကြောင့် ဓာတ်မီးတဝင်းဝင်းနှင့် ပြေးလာကြသည်။ ဓာတ်မီးရောင်အောက်တွင်ကား ဝက်ဝံကြီး။

တုတ်ခိုင်ကြီးမားလှသော နှာတို ဝက်ဝံနက်ကြီး တစ်ကောင်ပင်။ ကြောက်စရာကောင်းသော ဝက်ဝံကြီးမျိုးပေတကား။

ဝက်ဝံကြီးအား မားမားမတ်မတ်ရပ်လျက် ထိတ်လန့်စွာ တွေ့လိုက်ရသည်။ ဝက်ဝံကြီးမှာ မီးရောင်အောက်တွင် ပါးစပ်ကြီးကို အစွမ်းကုန်ဖြဲကာ လက်နှစ်ဖက်တို့ကားလျက် တွေ့ကြရသည်။ စားပွဲများ၊ ပစ္စည်းများက ဖရိုဖရဲဖြစ်၍ ဒေါ်တင်လှသန်းရီမှာ မှောက်လျက်သား ရှိနေလေသည်။

"ဝက်ဝံကြီးဗျို့ . . . ဝက်ဝံကြီး"

"လာကြပါဗျို့ . . . ဝိုင်းကြပါ။ ဝက်ဝံကြီးဟ"

"အမေ . . . အမေ"

"ငါ . . . မကောင်ကြီး။ သတ်ကွာ"

ရွှေအိုးက လဲနေသော အမေကြောင့် ထူပူထိတ်လန့်ကာ လက်မှကိုင်လာသည့် ထမ်းပိုးဖြင့် ပြေး၍ရိုက်လေသည်။ ငွေအိုးကလည်း တစ်ပြိုင်နက်ပင် ဝက်ဝံကြီးအား ပြေး၍ထိုးကြိတ်ပြန်သည်။ ဝက်ဝံကြီးမှာ ကြီးမားသန်မာလှသဖြင့် ရွှေအိုးနှင့် ငွေအိုးတို့နှစ်ယောက် ဝင်၍ရိုက်နှက်သည်ကို ဖြုံပင်မဖြုံဘဲ လက်ကြီးများနှင့် တွန်းထိုးရိုက်ပုတ်လေသည်။

ရွှေအိုးရော ငွေအိုးပါ ဝါးတစ်ပြန်မျှ လွင့်စဉ်၍ မေ့မြောသွားကြရာ ကိုဟန်နှင့် ကိုသန်းငွေတို့နှစ်ယောက်လည်း ရွှေအိုး၊ ငွေအိုးတို့ဆီ ပြေးလွှားရောက်ရှိလာသည်။ ဓာတ်မီးများလည်း ဖျတ်ခနဲပိတ်၍ မှောင်သွားချိန်တွင် ဝက်ဝံကြီးမှာ တောင်ကုန်းပေါ်သို့ ‹ ြ‹းထွက်ကာ ပျောက်ကွယ်သွားလေသည်။

"ဘာလဲ . . . ဘာလဲ"

"ဘာဖြစ်ကြတာလဲ"

အနီးဝန်းကျင်မှ လူများနှင့် ဈေးသူဈေးသားများ ရောက်ရှိလာချိန်တွင် ဝက်ဝံကြီးမှာ မရှိတော့ဘဲ ဒေါ်တင်လှသန်းရီနှင့် သားများဖြစ်သော ရွှေအိုး၊ ငွေအိုးတို့မှာ သတိလစ်မေ့မြောလျက်ရှိတော့သည်။ ပိုဆိုးသည်မှာ ဒေါ်တင်လှသန်းရီမှာ ပခုံးနှင့် ကျောကုန်းတွင် ဒဏ်ရာများရရှိကာ သွေးများမြင်မကောင်းအောင် စီးရွှဲနေတော့သည်။ လက်တစ်ဖက်လည်း သွင်သွင်ကျိုးလေတော့သည်။

ဒုရဲအုပ် ဦးဖိုးထိန် လိုက်ပါလာခဲ့သော ရဲတပ်ဖွဲ့ပိုင် လင့်ရိုဘာကားလေး ဆိုက်ရောက်ချိန်တွင် အလင်းရောင် ကောင်းစွာရနေပြီဖြစ်သည်။ ဆက်လက်သတင်းပို့ချက်ကြောင့် ပါတီကောင်စီမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ရဲမှူးနှင့် ဆရာဝန်ကြီးများ ရောက်ရှိလာကြသည်။ ဒေါ်တင်လှသန်းရီမှင့် သားနှစ်ဦးအား ဆေးရုံသို့ ချက်ချင်းတင်ပို့ကုသရန် စီစဉ်ကြရသည်။

ကောင်စီဥက္ကဋ္ဌကြီး၏ ခွင့်ပြုမိန့်ဖြင့် လက်နက်ကိုင်ရဲတပ်ဖွဲ့များ၊ သစ်တောအမှုထမ်းများနှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ဝက်ဝံကြီးတက်ပြေးရာ တောင်ကုန်းကို ဝိုင်းပတ်ဖြန့်ကျက်ကာ ရှာဖွေကြသည်။ နံနက် ၅ နာရီကျော်ကျော်မှ နေ့ ၁၀ နာရီကျော်အထိပင် အပင်ပန်းခံရှာဖွေသော်လည်း မည်းမည်းသတ္တဝါ ဝက်ဝံကြီးမှာ အစအနပင်ရှာမရ ဖြစ်ကြရပြန်သည်။ အားလုံး သို့လောသို့လောနှင့် ပဟေဠိဖြစ်နေကြရတော့သည်။ ဤသို့ဖြင့် မြို့လူထု၏ ထိတ်လန့်မှုမှာ ပြန်၍ ဒေါ်ပေါက်လာရပြန်တော့သည်။

*****



www.burmeseclassic.com

www.burmeseclassic.com

ဒုရဲအုပ်ဦးဖိုးထိန်နှင့်
ခန့်မှန်းရခက်သော ဝက်ဝံကြီး

ဝက်ဝံကြီးမှာ ခြေရာမပေး၊ အရိပ်အရောင်မပြ ပျောက်နေပြန်သည်။ သို့သော် သက်ဆိုင်ရာတို့မှာ စိတ်မောလူမော ဖြစ်ကြရသည်။ ရွှေအိုးနှင့် ငွေအိုး ညီအစ်ကိုနှစ်ယောက်မှာ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရသဖြင့် ကောင်းစွာ နေကောင်း၍လာသော်လည်း ဒဏ်ရာပြင်းထန်၍ လက်တစ်ဖက်သွင်သွင်ကျိုးသွားသော ဒေါ်တင်လှသန်းရီမှာမူ ဆေးရုံတွင် ဆက်လက်ကုသနေရသည်။ အလှူရှင်ရှာ၍ သွေးများလည်းသွင်းရင်း ပြုစုကြရ၊ ဆေးကုပေးကြရသော်လည်း အနည်းဆုံးတစ်လမျှ ဆေးရုံတွင်နေရပေဦးမည်။

"ဟူး" ဒုရဲအုပ်ဦးဖိုးထိန်က သက်ပြင်းချရင်းမှ –

"ဘယ်လိုတွေးတောရမှန်းကို မသိတော့ဘူး။ ကဲဗျာ . . ကိုခင်မောင်၊ မင်းသားကြီးရေ ကျိုးကြောင်းဆက်စပ်မှုလေးတွေ ပြောစမ်းပါဦး"

အားလုံးကလည်း –

"ဟုတ်တယ်ကွာ၊ တွေးကြည့်စမ်းပါဦး"

တစ်မြို့လုံးမှာလည်း ဝေခွဲမရ၊ စဉ်းစားမရဖြင့် ဒေါ်တင်လှသန်းရီအတွက် အထူးစိတ်မကောင်း ဖြစ်ကြရသည်။ အိမ်ထောင်ရေးက ကမကောင်း၊ လင်ရကံဆိုးရှာသော မုဆိုးမ၊ တစ်ခုလပ်၊ တစ်လင်ကွာ သုံးဘွဲ့ရ ဒေါ်တင်လှသန်းရီ၏ဘဝမှာ ထူးခြားသလို မြို့ကလေးမှာ လူပေါင်းများစွာရှိသော်လည်း ဒေါ်တင်လှသန်းရီ ဝံကုတ်၊ ဝံကိုက်ခံရခြင်းမှာလည်း ထူးဆန်းလှပေသည်။ မြို့အလယ် ဈေးသူဈေးသားများအကြား ဒေါ်တင်လှသန်းရီတစ်ဦးတည်းမှာမှ ဝက်ဝံနှင့် ရင်ဆိုင်တွေ့ရလေခြင်း၊ ကံဆိုးရလေခြင်းဟု တွေးကြရင်း စိတ်မကောင်းဖြစ်ကြရသည်။ သားသုံးယောက်မှာလည်း ၁၂ နှစ်၊ ၁၀ နှစ်နှင့် လူမမည်နှစ်နှစ်ရွယ် ကလေးများ ဖြစ်နေကြသဖြင့် မြို့လေးကပင် ကြည့်ရှုစောင့်ရှောက်နေကြရသည်။

ကိုခင်မောင်(စာအုပ်ဆိုင်)မှာ သက်ပြင်းမောချလျက် –

"ကျွန်တော်စဉ်းစားရသမျှ ခန့်မှန်းချက် ပေးချင်ပေမယ့် လူကြီးတွေက ကျွန်တော့်အပေါ် မကြည်ဘူးထင်တယ်နော . . . ဦးလေးထိန်"

"ဒါက အရေးမကြီးပါဘူးကွာ။ ငါ က အမှုလိုက်ရဲအရာရှိပါ။ ပြီးတော့ ဒီကိစ္စစုံစမ်းရေးအဖွဲ့ရဲ့ အဖွဲ့ခေါင်းဆောင်ပါ။ မြို့နယ်က အဓိက တာဝန်ပေးထားတဲ့သူပါ။ ဒီတော့ အဖက်ဖက်က ထောင့်စုံကြည့်ပြီး လုပ်ကိုင်ရတာကွ။ ပြောသာပြောပါ"

"ခင်ဗျားက အတော်တာဝန်သိတဲ့ လူကြီးပဲဗျ"

"ဟ . . . တာဝန်သိမှတော့ တာဝန်ကျေအောင် ဆောင်ရွက်ရမှာက ငါတို့ ပြည်သူ့ရဲတွေရဲ့ ရည်ရွယ်ချက်ပဲ။ ဒါကြောင့်မို့ မင်းလည်း သိထားသလောက် ပြောပြစေချင်တယ်။ တို့မြို့လေးကကျဉ်းတော့ ခြေရာကောက်ရတာ အလွန်ခက်ခဲတာ မင်းအသိပါ"

"ထားပါတော့ဗျာ။ ခင်ဗျားစဉ်းစားဖို့ ကျွန်တော်ပြောပြမယ်။ ဝက်ဝံ

ဒေါ်တင်လှသန်းရီမှာ အမှောင်ထဲမှ ဘာမှန်းမသိသော အကောင်ကြီးကြောင့် ပုံလျက်လဲကျသွားသည်။ အကောင်ကြီးက အမှောင်ထဲမှ ခုန်ထွက်၍ ဒေါ်တင်လှသန်းရီပေါ်သို့ အုပ်မိုးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြီးဟာ မြို့ပေါ်မှာ အမြဲတမ်းနေတာ မဖြစ်နိုင်ဘူးဆိုတာပဲ။ ဒီကောင်မျိုးဟာ တောင်တက်၊ တောင်ဆင်း မြန်သလို၊ တောတိုး၊ သစ်ပင်တက် ကျွမ်းတယ်။ သစ်ခေါင်း၊ လိုဏ်ဂူ၊ မြေတွင်း၊ ကျောက်လိုဏ်ဂူ၊ တွင်းဟောင်းတွေမှာလည်း ကာလရှည် မလှုပ်မယှက် ပုန်းအောင်းနေနိုင်တယ်။ သစ်ပင်ခွကြား၊ ပစ်ပင်ထိပ်ဖျားမှာ ငြိမ် ငြိမ်သက်သက် အကြာကြီး ကွယ်ဝှက်နေနိုင်တယ်။ အစာမစားမသောက်ဘဲ နေနိုင်တယ်။ စားရင်လည်း တီကောင်၊ ပိုးကောင်၊ မွှားကောင်ကအစ ကြွက်၊ ဖား၊ မြွေ၊ ငှက်၊ ကြက် အားလုံးစားတယ်။ အပုပ်ကောင်လည်း စားသလို ပျားရည်လည်း သောက်တယ်"

"ပန်းပွင့်၊ ပန်းဖူး၊ သစ်ရွက်၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုလည်း စားတယ်။ လိုအပ်ရင် သစ်ခေါက်တွေကို ခွာစားနိုင်သလို မြေစာခဲကို စားပြီးလည်း အသက်ရှင်နေနိုင်တယ်။ အသေကောင်သားစားသလို၊ ဝါးညွှန့်ဝါးရွက်တွေကိုလည်း စားတယ်။ ချောင်းထဲ၊ မြစ်ထဲ၊ အင်းအိုင်တွေထဲမှာလည်း ငါးတို့၊ ပုဇွန်တို့၊ လိပ်တို့ကို ရှာဖွေစားနိုင်သလို၊ လူတွေကြောင့် ကြွင်းကျန်ခဲ့တဲ့ ထမင်းဟင်းကျန်၊ မုန့်အစအန အမဲစုံ၊ ဝက်စုံက အသားအရိုးအစအန၊ အာလူးပုပ်၊ ကြက်သွန်ပုပ်၊ မျှစ်ပုပ်၊ အသီးအနှံ၊ ပဲ၊ ဟင်းရွက်စိမ်းပုပ်တွေ၊ အကျန်တွေကိုလည်း ရှာစားနိုင်တယ်။ အစုံစား သတ္တဝါဆိုတော့ အကြော်ဖိုု၊ အကြော်တဲက အကြော်ကြေ၊ အကြော်ကျန်နှင့် ပုရွက်တို့၊ ကျဉ်နီကောင်တို့ကိုလည်း ရှာစားမှာပဲဗျ"

"အင်း . . . ပြောပါဦး။ စိတ်ဝင်စားစရာတော့ ကောင်းတယ်"

"ဝက်ဝံကြီးဟာ ဒီမြို့ထဲကို မျက်စိလည်ရောက်လာတာ မဖြစ်နိုင်ဘူး။ မျက်စိလည် လမ်းမှားရောက်လာတာဆိုရင် 'မည်းမည်းကြီးဟေ့ . . လိုက်လိုက်'ဆိုပြီး ဝိုင်းလိုက်တဲ့ အစပိုင်းအချိန်ကစပြီး ထွက်ပြေးပျောက်ကွယ်သွားမှာပဲဗျ။ အဲဒါ (၁)အချက်ပဲ။ (၂)အချက်က တစ်ခုခုကို ရှာတာပဲဖြစ်ရမယ်။ ဖြစ်နိုင်ခြေက သူ့ရင်သွေး သားပေါက်ပျောက်လို့ ရှာတာမျိုး၊ သူ့အန့်ရမိတဲ့ လူတစ်ဦးဦးကို လက်စားချေဖို့ရှာတာမျိုးပေါ့။ (၃)အနေနဲ့ ဒီကောင်ကြီးဟာ မြို့ထဲရောက်လာရင် အလွန်ဆုံး တစ်ရက် နှစ်ရက်၊ တစ်ည နှစ်ညပဲ နေနိုင်မယ်။ ညမှာ လှုပ်ရှားရှာဖွေပြီး နေ့မှာ မြေကျင်းလိုမျိုး၊ သစ်ခေါင်းလိုမျိုး၊ အမိုးပေါ် အကွယ်အကာတစ်ခုခုမှာ ပုန်းနေနိုင်တယ်။ (၄)က ဝက်ဝံဟာ ပျားရည်နံ့ကြောင့် ပျားရည်ပေပါတွေကို လျှက်မယ်။ ဈေးထဲမှာ ကြုံရာအသီးအရွက်ကျန်တွေ ရှာစားမယ်။ ကြုံရာရရာစားမယ်။ (၅)အချက်က လူရိပ်လူခြည်နှင့် ခွေးတိရစ္ဆာန်တွေကို ရှောင်မယ်။ ပုံစံကမထုံတတ်သေး ထုံထိုင်းထိုင်း ဖြစ်ပေမယ့် တောရဲ့သဘာဝကိုကျွမ်းတဲ့သားရဲကောင်မို့ လှုပ်ရှားတာ မြန်တယ်။ မျက်စိလျင်တယ်၊ အနံ့ခံကောင်းတယ်၊ လေအောက်၊ လေညာသိတယ်၊ ပတ်ဝန်းကျင် အခြေအနေကို လေ့လာသုံးသပ်တတ်တယ်။ ဒါကြောင့်မို့ လူရော၊ ခွေးတွေကိုပါ ရှောင်နိုင်တာပေါ့ဗျာ"

"အလိုလေး ကိုခင်မောင်ရေ။ ခင်ဗျားခန့်မှန်းချက်ကတော့ ဝက်ဝံနောက်လိုက်ပြီး တိတိကျကျ မှတ်တမ်းရေးသလိုကို ခိုင်ခိုင်လုံလုံ ပြောလှချည်လားဗျ"

"ဒါကတော့ဗျာ စာပေဗဟုသုတနဲ့ ဆရာသမားတွေကြောင့်ပေါ့ဗျာ"

"ခင်ဗျားဆရာတွေက ဘယ်သူလဲဗျ"

"ဆရာကြီးကုသနှင့် မုဆိုးကြီးကိုရဲတို့ဟာ ကျုပ်ဆရာပေါ့ဗျာ။ နောက်ပြီး ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်၊ မြဝတီ၊ ရွှေတည်ရန်နောင်၊ မသုံးလုံးစိန်ဝင်း၊ ခင်မောင်အေး(မန္တလေး) တို့ဟာ ကျုပ်ဆရာကြီးတွေပေါ့။ လေးမောင်၊ ဗိုလ်လုံ၊ ကျော်စိုးဗို၊ မြတ်လင်းဗို၊ မောင်မြင့်မား(ဘိုကလေး)တို့လည်း ကျုပ်ဆရာတွေပဲပေါ့"

"ခင်ဗျားဆရာတွေက များလှချည်လားဗျ"

"ဒါတောင် ကျန်သေးတယ်၊ ရှိသေးတယ်ဗျ။ ဆရာဆွေမင်း-ခနေဖြူနဲ့ မြိုင်ရာဇာတွတ်ပီလည်း ကျုပ်ဆရာပဲ။ ဆရာမြင့်သိန်းနဲ့ မုဆိုးကြီး မထီး၊ ဆရာအကိန်းနဲ့ မုဆိုးကြီး တာတီး၊ ဆရာမောင်မောင်နဲ့ မုဆိုးကျော် ဖိုးထော်တို့လည်း ကျုပ်ဆရာတွေပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းသား ကိုဇော်ဝမ်းကတော့ လုပ်ပြီပေါ့။ ဆရာကြီး ရွှေဥဒေါင်းနဲ့ ဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီး အောင်ခန့်နဲ့ မုဆိုးကြီးအလန်ကွာတာ မိန်းတို့ကော မပါဘူးလားဗျ။ ဟား . . . ဟား . . . ဟား"

"ဒါက တကယ့်ဆရာတွေနော ဦးလေးထိန်"

"ဟုတ်ပါတယ် ဟုတ်ပါတယ်။ ဆက်စမ်းပါဦး ခင်ဗျားရဲ့ သုံးသပ်ချက်တွေ။ ဗဟုသုတလည်း ရ တွေးတောလို့လည်း ရတာပေါ့ဗျာ"

"ပြောရရင် ဝက်ဝံကြီးက လူနဲ့ ခွေးရဲ့ မျက်ကွယ်ကိုရောက်အောင် နေနိုင်လို့ လူတွေတစ်အုပ်တစ်မကြီး ဝိုင်းရှာ၊ ခွေးတွေနဲ့ အနံ့ခံရှာတိုင်း မတွေ့တာပေါ့ဗျာ။ လျှင်တယ်ပေါ့ဗျာ။ လက်ဝှေ့စကားနဲ့ပြောရရင် အရှောင်အတိမ်းတတ်တယ်။ ဘောစကားနဲ့ ပြောရရင် နေရာယူ မှန်တယ်ပေါ့ဗျာ"

"အင်း . . . အင်း"

"ညမှာ ရှာစားလိုက်၊ သူလိုချင်တဲ့အရာကို တစ်မြို့လုံးလိုက်ရှာလိုက်၊ နေ့မှာပုန်းလိုက်နဲ့ နေပေမယ့် မြို့ပေါ်မှာ ကြာကြာမနေဘူးဗျ။ သူ့ဌာနတောထဲကို ပြန်သွားပြီး အစာရေစာ အဝအလင်စားသောက်ပြီး နားနားနေနေကျက်စားရင်း စိတ်ကူးတစ်ပတ်လည်ရင် ပြန်ပြန်ရောက်လာတတ်တာ နံပါတ်(၆)အချက်ပဲဗျ။ နံပါတ်(၇)ကတော့ လူအုပ်နဲ့လိုက်တာမျိုး၊ လူသံ၊ ခွေးသံ ဆူညံတာမျိုး၊ လူတွေနဲ့ ရင်ဆိုင်ရကာမျိုးကြုံရင် မြို့ပေါ်ကနေ တော်တော်ကြာကြာ ပျောက်သွားတတ်ခြင်းပဲဗျ"

"ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်"

"နံပါတ်(၈)အချက်ကတော့ ဒီကောင်ကြီးဟာ ချင်းတွင်းမြစ်ကို ညအချိန်မှာဖြတ်ပြီး ရေကူးလာတာပဲဖြစ်တယ်"

"သေချာလို့ချည်လား။ မြစ်သာမြစ်က ဖြတ်လာတာကောဗျာ"

"မဖြစ်နိုင်ဘူးဗျ။ ချင်းတွင်းတစ်ဖက်ကမ်းမှာ မဟာမြိုင်တောကြီးရှိတယ်။ သစ်ပင်သစ်တော ထူတယ်၊ အစာရေစာ ပေါတယ်၊ ပုန်းခိုစရာ နေထိုင်စရာ ပေါတယ်။ သက်ရင့် ကညင်ပင်၊ ညောင်ပင်၊ ညောင်ကြတ်ပင်၊ လက်ပံပင်၊ ပျဉ်းမပင်၊ ဘိုင်ပင်တွေဟာ ကြီးမားအုပ်ဆိုင်းပြီး ပေါပေါများများ ပေါက်ရောက်တယ်။ ဒီအပင်တွေမှာ လှည်းဘီးလောက် ပျားအုံကြီးတွေ၊ ပျားသလက်တွေ၊ ပျားဘို့တွေ ထောင်နဲ့ချီပြီး ရှိနေကြတယ်။ ဝါးပင်၊ ကြိမ်ပင်ပေါတယ်။ တောနက်လွန်းလို့ သားရဲကြီးတွေ ကျက်စားတယ်။ ကျွန်တော်တို့ မြို့နယ်သမဝါယမအသင်းက ပျားရည်ထုတ်လုပ်ရေး စခန်းတွေလည်း ရှိတယ်။ အမဲပစ်သမားတွေ ရှိတယ်။ သစ်ခုတ်၊ ဝါးခုတ်သမားတွေ ရှိတယ်။ တောနက်ပေမယ့် ရွာတွေနဲ့ လမ်းပေါက်တယ်ဗျာ။ ဒါကြောင့် မဟာမြိုင်တောက ဝက်ဝံလာတာလို့ ယူဆတာပါ"

[မှတ်ချက်- စာရေးဆရာ ကျော်ဝင်းမောင်(ကဒလးဝ)မှ ၁၉၈၇ ခုနှစ်၊

ညမှာ ရှာစားလိုက်၊ သူလိုချင်တဲ့အရာကို တစ်မြို့လုံး လိုက်ရှာလိုက်၊ နေ့မှာ ပုန်းလိုက်နဲ့ နေပေမယ့် မြို့ပေါ်မှာ ကြာကြာမနေဘူးဗျ။ သူ့ဌာန တောထဲကို ပြန်သွားပြီး အစာရေစာ အဝအလင် စားသောက်ပြီး နားနားနေနေ ကျက်စားရင်း စိတ်ကူးတစ်ပတ် လည်ရင် ပြန်ပြန် ရောက်လာတတ်တာ နံပါတ်(၆)အချက်ပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖော်ဝါရီလ မြဝတီမဂ္ဂဇင်းတွင် မဟာမြိုင်များရည် ဆောင်းပါးရှည်နှင့် သုတစွယ်စုံမဂ္ဂဇင်းတွင် ထူးထူးခြားခြား မဟာမြိုင်များ ဆောင်းပါးများ ရေးခဲ့ဖူးပါသည်။ စာရေးသူ။]

"မြစ်သာမြစ်တို ဖြတ်ကူးလာတာ မဖြစ်နိုင်ဘူးဆိုတာက ယောနဲ့ ဂေါ ကြိုးဝိုင်းနှင့် တောတွင်းချောင် သစ်တောတွေက သစ်ပင်ကျဲပါးတယ်၊ ကွင်းပြင်များတယ်၊ ရွာတွေနဲ့ အလှမ်းအလှမ်းဝေးတယ်၊ ပြီးတော့ လယ်ကွင်းပြင်တွေ၊ ယာခင်းတွေ တစ်မျှော်တစ်ခေါ်ကြီးက ကြားမှာ ကာဆီးနေတယ်၊ တောနက်တဲ့ ယောနယ်နဲ့ အလှမ်းအလှမ်းဝေးလွန်းတာကြောင့် မဖြစ်နိုင်တာပါ"

"တလေး၊ တမူး၊ မော်လိုက် ဒေသဆီက တောင်တန်းတွေမှာ တင်းဝါး၊ သောင်းဝါး၊ မျှင်ဝါး၊ သိုက်ဝါးနဲ့ ကြိမ်ပင်တွေ ပေါက်ပေမယ့် တောင်ကုန်း၊ တောင်ကမူ၊ တောင်ထွတ်၊ တောင်တန်းတွေ အဆင့်ဆင့် ကာဆီးနေတယ်၊ တချို့တောင်တွေက အင်၊ ကညင်တွေသာ ပေါက်တဲ့ ကတုံးသာသာ ဖြစ်နေတယ်၊ သစ်ချောက်တောင်၊ စွားစွယ်တောင်၊ နတ်တက်တောင်၊ သော့ဂျင်တောင်၊ ဒန့်ဒင်လေးတောင်၊ ဒန့်ဒင်ကြီးတောင်နဲ့ တင်းဝါးတောင်တွေဟာ မြို့နဲ့ တစ်ဆက်တည်း မဟုတ်သလို အလှမ်းဝေးတယ်၊ သစ်ခုတ်၊ ဝါးခုတ်ကြောင့် တောတွေ၊ တောင်တွေ ကျဲပါးနေတယ်၊ တောတွေ ပြုန်းနေတော့ မျောက်၊ ဂျီ(ချေ)၊ ဖြူ စတဲ့ သားကောင်ငယ်တွေပဲ ပေါပေါများများ ရှိတယ်။ သားကောင်ကြီးတွေ နည်းပါးလာပါတယ်။ ခိုအောင်းမှု မရှိသလောက် ဖြစ်လာပါတယ်။ သားရဲက မျက်စိလည်ဖို့ မရှိသလို တမင်တကာလာဖို့လည်း မဖြစ်ပါဘူး။ ပြီးတော့ ဒီတောဒီတောင် နှစ်ဌာနမှာ သားကောင်ကြီးတွေ ပေါများတဲ့ အန္တရာယ်ပေးတဲ့ ဖြစ်ရပ်မရှိပါဘူး"

"အင်း . . . အင်း"

"မဟာမြိုင်တောကြီးနဲ့ ဆက်စပ်နေတဲ့ ရွာတွေမှာ ဝက်ဝံကုတ်တာ၊ ဝက်ဝံလိုက်တာ၊ ပြောင်တွေ့တာ၊ စိုင်၊ ဆတ်နဲ့ မြွေကြီးတွေတွေ့တာဟာ နှစ်စဉ်နှစ်တိုင်း ဖြစ်နေကျမဟုတ်လား။ ကျွန်တော်တို့မြို့က မဟာမြိုင်တောနဲ့ နီးလွန်းတယ်။ ဆက်စပ်တယ်။ အမဲပစ်သူ၊ သစ်တောထွက်ပစ္စည်း ရောင်းဝယ်သူတွေနဲ့ ပြည့်နေတယ် မဟုတ်လား"

"ဟုတ်ပြီ . . . ဟုတ်ပြီ။ ဆက်ပြောပါဦးဗျာ"

"နံပါတ်(၉)အနေနဲ့ ပြောရရင် ဒီကောင်ကြီးဟာ သူရှာတဲ့ကိစ္စ (သို့မဟုတ်) သူ့ရဲ့မှတ်ဉာဏ် မမေ့ပျောက်သရွေ့၊ ဖမ်းမမိနိုင်သရွေ့ မြို့ထဲကို တစ်နည်းနည်းနှင့် ရောက်လာဦးမှာ သေချာတယ်"

ဦးဖိုးထိန်က ကျောက်မျက်လုံးကို ပွတ်လိုက်ရင်းမှ ခေါင်းဆတ်၍ အသိအမှတ်ပြုလိုက်သည်။

"အကျဉ်းချုပ် ပြောရရင် မဟာမြိုင်တောတွင်းက ဝက်ဝံကြီးဟာ လူတစ်ဦးဦး ပယောဂကြောင့် သူ့သားပေါက် ဖမ်းဆီးခံရခြင်း၊ သို့မဟုတ် တစ်ခုခု အဖြစ်ဆိုးနဲ့ ကြုံရခြင်း ဖြစ်ခဲ့ပုံရတယ်။ သားပေါက်ကိုရှာဖို့၊ သို့မဟုတ် ရန်သူလူသားကို ရှာဖွေရန်ပြုဖို့ မြို့လေးထဲ ရောက်လာတတ်တယ်၊ ညမှာ ရှာပြီး နေ့မှာ ပုန်းနေတတ်တယ်။ ပြန်ချင်၊ လာချင်ရင် ချင်းတွင်းမြစ်ကို အမြဲတစေ ဖြတ်ကူးနေတတ်တယ်။ ညညမှာ ပျားရည်ပေပါလျက်၊ အကြော်ကြော်စား၊ ထင်းမီးသွေးစား၊ ဟင်းသီးဟင်းရွက်အကျန်၊ အပုပ်အစပ်တွေ စားရင်း နေခဲ့တယ်။ လူဝိုင်းလိုက်ရင် ရှောင်ပြေးတယ်၊ ခွေးကို အဝေးကရှောင်တယ်။ ဒီကိစ္စမှာ လအတော်ကြာ မဖွင့်တဲ့ အကြော်ဆိုင်ထဲ မှောင်မည်းမည်းမှာ ရှာဖွေစားသောက်ရင်း မမျှော်လင့်ဘဲ အကြော်ဆိုင်ရှင် ဒေါ်တင်လှသန်းရီနှင့် တွေ့ဆုံကြတယ်။ မရှောင်လွှဲသာဘဲ ရန်ပြုတိုက်ခိုက်ခြင်း ခံရတယ်။ ဒါပဲပေါ့ဗျာ"

"အေးဗျာ . . . တစ်မြို့လုံးမှာ ဒေါ်တင်လှသန်းရီ တစ်ယောက်ပဲ ဝက်ဝံကြီးရဲ့ရန်ပြုတာ ခံရတာကတော့ ကံဆိုးရှာတာပါပဲ။ ဒါပေမယ့် ဝက်ဝံကြီးရဲ့ အခြေအနေက ရှေ့ဘာဖြစ်ဦးမယ်ဆိုတာ ခန့်မှန်းရခက်ပါတယ်ဗျာ"

*(ဆက်လက်ဖော်ပြပါမည်။)*

■ **သစ်ထူးအိမ်**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဝန်များကျူးလွန်သည့် ပြစ်မှုပြစ်ဒဏ်

ဆရာဝန်များ ကျူးလွန်တတ်သည့် ပြစ်မှုများနှင့် ပြစ်ဒဏ်များမှာ (မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေတွင် အတိအလင်း ဖော်ပြထားပါသည်။)

အချို့သော ဆရာဝန်များတို့သည် မိမိတတ်မြောက်သော ဆေးပညာကိုအသုံးချပြီး ဥပဒေနှင့် မကင်းလွတ်သော ရာဇဝတ်ပြစ်မှုကို ကျူးလွန်လျှင်သော်လည်းကောင်း၊ ဆေးကုသခွင့်လိုင်စင်မဲ့၊ ဆေးကုသခွင့်လိုင်စင်အသိမ်းခံရပြီးသည့်နောက် ဆက်လက်ဆေးကုလျှင်သော်လည်းကောင်း အရေးယူခံရမည်ဖြစ်ပြီး ထောင်ဒဏ်၊ ငွေဒဏ် အသီးသီး ကျခံကြရပေမည်။

## ပြစ်မှုပြဒဏ်များ

(၁) ဆေးကုခွင့်လိုင်စင် မရှိဘဲ ဆေးကုသခြင်းပြုလျှင် အနည်းဆုံးထောင်ဒဏ်(၁)နှစ်၊ အများဆုံးထောင်ဒဏ်(၅)နှစ်အထိနှင့် ငွေဒဏ်ကျခံကြရမည်။

(၂) ဆရာဝန်လိုင်စင် မှတ်ပုံတင်လက်မှတ် ဆရာဝန်(ဆေး) သင်တန်းဆင်းလက်မှတ်၊ ဘွဲ့လက်မှတ် မရှိသူအား တာဝန်လွှဲအပ်ဆေးကုသခြင်းပြုလျှင် ထောင်ဒဏ်(၅)နှစ်နှင့် ငွေဒဏ်ကျခံကြရမည်။

(၃) ဆရာဝန်များတို့သည် မိမိရရှိထားသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်ကို မိမိအမည်နှင့် ယှဉ်တွဲအသုံးပြု၍ ဆေးကုသခြင်းပြုလျှင် ထောင်ဒဏ်(၃)နှစ်နှင့် ငွေဒဏ်ကျခံကြရမည် ဖြစ်ပါသည်။

## ဆရာဝန်အား အခြားနည်းဖြင့် အရေးယူမှု

(၁) ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ ဆေးကုသခွင့်လိုင်စင် ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း။

(၂) စိတ်ရောဂါစွဲကပ်ခြင်း၊ ဆေးစွဲခြင်း၊ ကိုယ်အင်္ဂါများ ချို့ယွင်းခြင်း။

(၃) ဆရာဝန်တစ်ဦး၏ တာဝန်ဝတ္တရားများကို မဆင်မခြင် ပေါ့လျော့စွာ ဆောင်ရွက်ခြင်း။

(၄) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာ စောင့်ထိန်းမှု မရှိခြင်း။

(၅) ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်းမရှိခြင်း။

(၆) ဆေးကုသခွင့် လိုင်စင်သက်တမ်း၊ တိုးမြှင့်ရန် ပျက်ကွက်ခြင်း။

(၇) မိမိရရှိထားသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ် စကားရပ်များကို မိမိ၏အမည်နှင့် ယှဉ်တွဲ၍ ဖော်ပြခြင်း • • •စသည်တို့ကို စစ်ဆေးတွေ့ရှိလျှင်
(က) ဆေးကုသခွင့် လိုင်စင်ကို ပယ်ဖျက်ခြင်း။ သို့မဟုတ် • • •
(ခ) ဆေးကုသခွင့်လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ခံကြရပါမည်။

ဤသည်ကား ယခုပြည်ထောင်စုလွှတ်တော်၏ (မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း)ဖြစ်ပါသည်။ အစိုးရအနေဖြင့် ယင်းဥပဒေကြမ်းနှင့် ပတ်သက်၍ အကြံပြုရန် ဖိတ်ခေါ်ထားလျက်ရှိပါသည်။

စာရေးသူအကြံပြုလိုသည်မှာ -

မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး ကိုဓဥပဒေ၊ ပုဒ်မ-၃၁၂) ကိုယ်ဝန်ပျက်စေခြင်း ပုဒ်မ- ၃၁၂(က) မိန်းမကို ပဋိသန္ဓေမတည်နိုင်အောင် ခွဲစိတ်ကုသခြင်းပြုလျှင် မည်သူမဆို ထောင်ဒဏ်(၃)နှစ်အထိနှင့် ငွေဒဏ်ကျခံကြရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။ ဆရာဝန်များအဖို့ ယင်းပြစ်မှုဥပဒေ၊ ပုဒ်မနှင့် အကျုံးဝင်မဝင်ဆိုသည်ကို ဖြည့်စွက်ရှင်းလင်းဖော်ပြပေးသင့်ကြောင်း အကြံပြုလိုပါသည်။ သို့မှသာလျှင် ပြီးပြည့်စုံသော ဥပဒေဖြစ်နိုင်ပေသည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**
(၁) ကြေးမုံနေ့စဉ် (၁၅၊ ၁၆၊ ၁၇)
(၂) ရာဇသတ်ကြီးဥပဒေ (ပြစ်မှုဆိုင်ရာဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းစွာ ပျောက်ဆုံးသွားသော ရွာသူရွာသားများ

**ဦးဦးသိန်း**

ဤကမ္ဘာတွင် ထူးဆန်းသော ဖြစ်ရပ်များသည် အစဉ်ဖြစ်ပေါ်နေ၏။ ထိုဖြစ်ရပ်များကို ဖော်ထုတ်နိုင်သည်များ ရှိသလို၊ မဖော်ထုတ်နိုင်မှုများလည်း ရှိ၏။

ယခုဖော်ပြလိုသော ဖြစ်ရပ်မှာ လွန်ခဲ့သော နှစ်ပေါင်းရှစ်ဆယ်ကျော်က ဖြစ်ရပ်တစ်ခု။ ဆန်းကြယ်သော ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ကနေဒါနိုင်ငံမြောက်ပိုင်း ဝေးလံသော အက်စ်ကီးမိုးရွာတစ်ရွာတွင် ထူးဆန်းစွာဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်၏။ ရွာတွင်နေထိုင်ကြသော ကျေးရွာသူရွာသားများအားလုံးသည် ရွာလုံးကျွတ် ထူးဆန်းစွာပျောက်ဆုံးသွားမှု ဖြစ်သည်။

✦✦✦✦✦

ဂျိုးလယ်တက်သည် ရေခဲပြင်နေသားကောင်များကို ထောင်ချောက်များဖြင့် လိုက်လံဖမ်းဆီး၍ အသက်မွေးနေသော မုဆိုးတစ်ယောက်။ သူသည် အင်ဂျင်ကူနီရေကန်အနီးရှိ အက်စ်ကီးမိုးရွာသို့ မကြာမကြာ သွားလေ့ရှိ၏။ သူ၏ မုဆိုးအလုပ်တွင် ၎င်းရေကန်အနီးနေ အက်စ်ကီးမိုးများက အကူအညီများ ပေးလေ့ရှိသည်။

ဂျိုးလယ်တက်သည် ၎င်းအက်စ်ကီးမိုးရွာကို လှမ်းမြင်ရသော အကွာအဝေးအရောက်၌ ခေတ္တရပ်၍ ရွာကို လှမ်းကြည့်လိုက်သည်။ သူ၏စိတ်တွင် ထူးခြားမှုတစ်မျိုးကို ခံစားလိုက်ရ၏။ တိတ်ဆိတ်လှချည်လား။ ခွေးဟောင်သံပင် မကြားရ။ ကလေးတွေရဲ့ အသံတွေလည်း မကြားရပါလား။

သူသည် စိတ်ထဲမှရေရွတ်ပြီး သတိဖြင့် ရွာသို့ဦးတည်သွားသည်။ ရေကန်ကမ်းစပ်ပေါ်တွင် ရွာသားများ အသုံးပြုလေ့ရှိသည့် 'ကာရက်'လှေအချို့ကို တွေ့ရသည်။ အက်စ်ကီးမိုးတို့၏ တဲငယ်ထိပ်တွင် စိုက်ထူထားလေ့ရှိသော တိရစ္ဆာန်အရေခွံ တိုင်များကိုလည်း ပုံမှန်အတိုင်း တွေ့ရ၏။

"ရွာကလူတွေ ဘယ်ကိုများ သွားကြပါလိမ့်"

ဤအဖြစ်မျိုးကို သူ မတွေ့ဖူးခဲ့ပါ။ ရာသီဥတုမှာ ချမ်းအေးလွန်းသော ဆောင်းရာသီ။ ထိုနေ့ကို သူကောင်းစွာမှတ်မိသည်။

၁၉၃၀ ခုနှစ် နိုဝင်ဘာလ၏ နေ့တစ်နေ့။

ဂျိုးသည် သူနေထိုင်ရာ မြို့ငယ်မှ မိုင်ပေါင်းများစွာဝေးသော ဤကျေးရွာသို့လာ၍ အက်စ်ကီးမိုးရွာသားများ အကူအညီဖြင့် သားကောင်များကို ဖမ်းရန်လာခြင်းဖြစ်ရာ တိတ်ဆိတ်နေသော ရွာကိုသာတွေ့ရ၍ သူသည် တုန်လှုပ်မှု ဖြစ်သွား၏။

ဂျိုးသည် ရွာထိပ်မှနေ၍ အသံပြုလိုက်သည်။ သူသိသော ရွာလူကြီးများ၏အမည်ကို ခေါ်လိုက်သည်။ ရွာထဲမှ တုံ့ပြန်သံများ လုံးဝထွက်ပေါ်မလာ။ ခွေးများကိုလည်း မတွေ့ရ။

သူသည် သတိကြီးစွာဖြင့် ရွာထဲသို့ဝင်လာသည်။ အရင်ဆုံးတွေ့ရသော တဲငယ်၏တံခါးကို တွန်းဖွင့်ရင်း အသံပြုလိုက်သည်။ တဲထဲမှ မည်သည့်အသံကိုမျှ မကြားရ။

၎င်းနောက် သူသည် ရွာထဲရှိတဲများအားလုံးကို လိုက်လံစစ်ဆေးရာ လူဆို၍ တစ်ယောက်မျှမတွေ့ရ။ သူတို့မွေးထားသော တိရစ္ဆာန်များကိုလည်း မတွေ့ရသလို ညည်းသည့်သက်ရှိသတ္တဝါကိုမျှ မတွေ့ရ။

"ထူးဆန်းလိုက်တာ"

သူ၏နှုတ်မှ အသံထွက်သွားပြီး သူလည်း ကြက်သီးထသွားသည်။

ဂျိုးသည် လူသူကင်းမဲ့နေသော ထိုရွာတွင် တစ်နာရီခန့်နေပြီး စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်သည်။

မီးဖိုများပေါ်တွင် အစားအစာများကို ချက်ပြုတ်ထားသော အိုးများကို တွေ့ရသည်။ အိုးထဲရှိ အစားအစာများမှာ အေးခဲနေသည်။ စားထား



www.burmeseclassic.com

www.burmeseclassic.com

သည့် လက်ရာများကိုလည်း မတွေ့ရ။ တဲတစ်လုံးထဲတွင် ကလေးတစ်ယောက်အတွက် ချုပ်လုပ်ပေးမည့် ပင်လယ်ရေသားအရုပ်ပေါ်တွင် အပ်နှင့်အပ်ချည် တန်းလန်းဖြစ်နေသည်ကိုတွေ့ရသည်။

ရေကန်အစပ်တွင် တွေ့ရသော ကာရစ်လေ့သုံးစီးအနက် တစ်စီးမှာ ရွာလူကြီး၏လှေဖြစ်ကြောင်း ဂျိုးသိသည်။ ၎င်းလှေများကို အသုံးမပြုဘဲ ထားသည်မှာ ရက်ပေါင်းအတန်ကြာနေပြီကို စစ်ဆေးတွေ့ရှိရသည်။

ဂျိုးသည် ထိုဖြစ်ရပ်ကို အနီးဆုံးနယ်ခြားစောင့်တပ်ဖွဲ့သို့ အသိပေးရန် ထိုရွာမှ အမြန်ဆုံးပြန်လည်ထွက်ခွာသွားသည်။

နောက်သုံးရက်အကြာတွင် ဂျိုးနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်အချို့ ထိုရွာသို့ရောက်လာကြသည်။

ထိုရွာ၏ အခြေအနေမှာ လွန်ခဲ့သောသုံးရက်က သူမြင်တွေ့ခဲ့ရသော အခြေအနေအတိုင်းသာ ရှိနေကြောင်း ဂျိုးက နယ်ခြားစောင့်တပ်ဖွဲ့ဝင်များကို ပြောပြသည်။

အချို့တဲများတွင် အက်စ်ကီးမိုးတို့အသုံးပြုသော ရိုင်ဖယ်သေနတ်များကို ချိတ်ဆွဲထားသလို သူတို့၏ မိရိုးဖလာလက်နက်များမှာလည်း သူတို့ထားသည့်နေရာများ၌ပင် ရှိနေသည်။ ရွာသားများသည် သူတို့၏လက်နက်များကို လုံးဝအသုံးမပြုသည့် အနေအထားတွင် ရှိသည်မှာ ထင်ရှား၏။

ခရီးသွားလျှင် လက်နက်များကို အမြဲယူသွားလေ့ရှိသော အက်စ်ကီးမိုးများသည် လက်နက်များမပါဘဲ အဘယ့်ကြောင့် ရွာထဲမှထွက်သွားကြသနည်း။ သူတို့ခရီးသွားကြသည်မှ ဟုတ်ပါလေစ။ ခရီးသွားလျှင် သူတို့ အဘယ့်ကြောင့် ရွာထဲ၌ မရှိဘဲဖြစ်ရသနည်း။ ရန်သူများလာလျှင်လည်း သူတို့သည် ရန်သူကို ခုခံကြမည်မှာ မလွဲ။ ယခုအနေအထားမှာ စဉ်းစား၍မရသော အနေအထား။

အက်စ်ကီးမိုးတို့ အားထားရသော ခွေးများကိုလည်း မတွေ့ရ။ သို့သော် ရွာ၏အစွန်အဖျားတစ်နေရာ၌ ခွေးခုနစ်ကောင်သည် ကြိုးချည်ထားရင်းတန်းလန်းနှင့် အစာရေစာပြတ်လပ်ပြီး သေနေသည်ကို ဂျိုးတို့ တွေ့ရသည်။ ခွေးများသေနေသည်မှာ ရက်ပေါင်း အတန်ကြာနေပြီဟု သူတို့ စစ်ဆေးတွေ့ရှိရသည်။

သေနေသောခွေးများနှင့် မလှမ်းမကမ်းတွင် ထိုရွာ၏ သုသာန်ရှိသည်။ ထိုသုသာန်၏ ဂူတစ်ခုမှာ ပွင့်နေပြီး ထိုဂူထဲ မြှုပ်ထားသော လူသေကောင်ကို ထုတ်ယူသွားသော အထောက်အထားများကို ဂျိုးနှင့်နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တွေ့ရသည်။

အက်စ်ကီးမိုးရွာတွင် သချိုင်းဖောက်ထွင်းမှုမျိုး မရှိဘဲနှင့် ထိုလူသေကောင်သည် အဘယ့်ကြောင့် မရှိရသနည်း။ တိရစ္ဆာန်များသည် လူသေကောင်မြှုပ်ထားသော မြေအောက်ဂူကို ဖွင့်နိုင်မည်မဟုတ်။ နယ်ခြားစောင့်တပ်ဖွဲ့သည် ဆရာဝန်အချို့နှင့် စုံထောက်အချို့ကို မေတ္တာရပ်ခံ၍ ထိုရွာကို စစ်ဆေးစေသည်။

ထိုသူတို့၏ စစ်ဆေးချက်များအရ ရွာသားဦးရေ စုစုပေါင်း ၃၀ သာ နေထိုင်သော ထိုရွာသည် လုံးဝပျက်စီးခြင်းမရှိ။ ရန်သူတို့၏ တိုက်ခိုက်ခြင်းခံရမှုမျိုးလည်းမရှိ။ တဲများအတွင်းတွေ့ရသော ဘယ်ရီသီးများ၏ အခြေအနေအရ ထိုရွာမှ ရွာသားများအားလုံးသည် ဂျိုး ဤရွာသို့မရောက်မီ နှစ်လခန့်လောက်ကတည်းက ဤရွာမှ တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျောက်ဆုံးသွားကြသည်။ သူတို့ မည်သည့်အရပ်ဘက်သို့ ထွက်သွားကြသည်ဆိုသည့် အထောက်အထားများလည်း မတွေ့ရ။ သူတို့သည် သူတို့အမြတ်တနိုးထားသော ပစ္စည်းများကိုပင် မယူနိုင်ဘဲ ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟုသာ စုံစမ်းစစ်ဆေးမှုများက ကောက်ချက်ချကြသည်။

နယ်ခြားစောင့် တပ်ဖွဲ့သည် "အင်ဂျီကူနီ"ဟုခေါ်သော ထိုအက်စ်ကီးမိုးကျေးရွာ ပတ်ဝန်းကျင်အနှံ့သို့ စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း ထိုကျေးရွာသားများ အဘယ့်ကြောင့် ပျောက်ဆုံးသွားကြရသည်ကို အဖြေရှာ၍မရကြသလို ခြေရာခံ၍လည်း မရကြ။

ကနေဒါနိုင်ငံ၏ နယ်ခြားစောင့်တပ်ဖွဲ့တွင် ထိုရွာ၏ ထူးဆန်းသော ဖြစ်ရပ်ဆန်းကြယ် အမှုတွဲကို ယနေ့ထက်တိုင် ဖွင့်ထားဆဲပင်။

● ဦးဦးသိန်း

(ရေဒင်အက်ခ်ဂျစ်၏ သိပ္ပံပညာထက် ထူးဆန်းသည်ဟုသော 'ပျောက်ကွယ်သွားသော ရွာသားများ' The Vanishing Villagers ကို ဘာသာပြန်သည်။)



www.burmeseclassic.com

www.burmeseclassic.com

# ဘတ် (၆)သန်းကိုယူပြီး မူးယစ်ဆေးဝါးသယ်ပေးသော ရဲအရာရှိ

✦ ဦးဦးသိန်း ✦



လူသားမျိုးနွယ်ကို တုန်းစေမည့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကြီးထွားနေဆဲပင်။ မူးယစ်ဆေးဝါးထုတ်လုပ်သူများရှိ၊ သုံးစွဲသူများကလည်းရှိ၊ မူးယစ်ဆေးဝါးများကို သယ်ယူပို့ဆောင်ပေးသူများကလည်း ရှိသောကြောင့် မူးယစ်ဆေးဝါးလုပ်ငန်းသည် ပပျောက်သွားခြင်း မရှိပေ။

၂၀၁၄၊ ဩဂုတ်လထဲ၌ ထိုင်းနိုင်ငံမြောက်ပိုင်း ချိန်ရိုင်းမှ ချိန်မဲ ရဲတပ်ဖွဲ့၏ ဒုတိယရဲအကြီးအကဲ ဦးဆောင်သောအဖွဲ့သည် မီသယ်ဖီတာမင်းမူးယစ်ဆေးပြား ၈၀၀,၀၀၀ နှင့် ယာအိုက်စ်ဟုခေါ်သော မူးယစ်ဆေးမှုန့် တစ်ကီလိုဂရမ်ကို ဖမ်းဆီးရမိလိုက်ကြ၏။

ထိုမူးယစ်ဆေးဝါးများအားလုံး၏ စုစုပေါင်းတန်ဖိုးမှာ ဘတ် ၁၆၄ သန်းဖိုးခန့် ရှိသည်ဟု ရဲတို့က ပြော၏။

ချိန်ရိုင်းရဲတို့သည် ထိုင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ ဒုတိယရဲမှူးကြီး ချန်မ်နမ်ပန်ပါဂျစ် မောင်းနှင်လာသော တိုယိုတာ ဗော်ကျွန်မှုကားကို ရပ်တန့်ရှာဖွေရာ ကားထဲရှိ လက်အိတ်ထဲမှ အထောက်တော်ပြုပြီ မူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိလိုက်ကြခြင်းဖြစ်၏။

ရဲတို့သည် ချိန်ရိုင်း မယ်ဆိုင်းခရိုင်ရှိ သာနာသာနီ လူနေအိမ်ရပ်ကွက်တစ်နေရာ၌ ထိုကားကို ရပ်တန့်စေပြီး ရှာဖွေကြခြင်း ဖြစ်၏။

အဆိုပါ လူနေရပ်ကွက်သည် ထိုင်းနိုင်ငံမြောက်ပိုင်း နယ်စပ်အနီးရှိ ရပ်ကွက်တစ်ခုဖြစ်၏။

ဖမ်းဆီးခြင်းခံလိုက်ရသော ထိုင်းဒုတိယရဲမှူးကြီး ချန်မ်နမ်ပန်ပါဂျစ်(ပုံ)က သူသည် နယ်စပ်ရှိ မူးယစ်ဆေးလုပ်ကိုင်သူတစ်ဦးနှင့် ဆက်သွယ်၍ ၎င်းမူးယစ်ဆေးဝါးများကို ဘန်ကောက်မြို့ရှိ မူးယစ်ဆေးဂိုဏ်းတစ်ဂိုဏ်းသို့ ပို့ပေးရန် အစိုးအခယူပြီး သယ်ဆောင်လာခြင်းဖြစ်ကြောင်း ဝန်ခံသည်ဟု သိရ၏။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့ ဒုတိယအကြီးအကဲ ရဲဗိုလ်ချုပ်ကြီး ပွန်ဆာကက်ပေါင်ချာရွန်က သူ၏ လက်အောက်မှ ရဲအရာရှိတစ်ယောက်က ဤအလုပ်လုပ်သည်ကို သိရသောအခါ မိမိတို့သည် အထူးတုန်လှုပ်မိပါသည်ဟု ပြောဆိုလိုက်၏။

"အခု အဖမ်းခံရတဲ့ ရဲအရာရှိဟာ ထိုင်းနိုင်ငံမြောက်ပိုင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းမှာ အတွေ့အကြုံရှိတဲ့သူဖြစ်တယ်"ဟု အဆိုပါရဲဒုတိယအကြီးအကဲက ဆက်လက်ပြောဆိုလိုက်၏။

ဒုတိယရဲမှူးကြီး ချန်မ်နမ်ပန်ပါဂျစ်သည် ထိုဆေးဝါးများကို သယ်ယူခအဖြစ် ဘတ်ငွေ ခြောက်သန်းကို ရယူခဲ့သည်ဟု ဝန်ခံ၏။

ချန်မ်နမ်ပန်က သူ့တွင် အကြွေးများထူနေသောကြောင့် ယခုကဲ့သို့ လုပ်ရသည်ဟုလည်း ဝန်ခံလိုက်၏။

ချန်မ်နမ်ပန်ကို ရာထူးချပြီး စုံစမ်းစစ်ဆေးလျက်ရှိ၏။ သူနှင့်ဆက်သွယ်သူများကိုလည်း သက်ဆိုင်ရာတို့က စုံစမ်းစစ်ဆေးလျက် ရှိ၏။

ဦးဦးသိန်း

*BKP, 19.8.2014*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၉၂)

## ထိတ်လန့်သော သံဝေဂများဖြင့်(၅)

❑ ဗဟိုစော

တူးတူးတို့ရေ・・・အဲဒီလို အေးကျောက်ကပ်ဆက်ဆေးနိုင်ဖို့ လိုအပ်တဲ့ ငွေကြေးကိစ္စကို မိသားစုငါးယောက် ခေါင်းချင်းဆိုင် စည်းဝေးလိုက်ကြတော့ လတ်တလောလိုအပ်တဲ့ ငွေကြေးကို ငွေတိုးနဲ့ ချေးငှားဖို့ အဖြေထွက်လာပါတယ်။ ဒါကို သားကြီးကို တာဝန်ပေးလိုက်ကြတယ်။

အေးက တစ်ကွက်တည်းသာ ကျန်တော့တဲ့ တောင်ကြီး၊ အေးသာယာမြို့သစ်က မြေကွက်ကို ရတဲ့ဈေးနဲ့ ရောင်းပေးဖို့ တောင်ကြီးမှာ တာဝန်ကျနေတဲ့ လူမှုဝန်ထမ်းဦးစီးဌာနက ပြည်နယ်ဦးစီးမှူးဖြစ်တဲ့ သူ့မောင် ကိုတင်အောင်ရီဆီ ဖုန်းဆက်ပါတယ်။

တစ်ကွက်ကျန်တယ်ဆိုတာက ကိုယ်ဗဟိုစည်ရပ်ကွက် အရာရှိအိမ်ရာမှာနေခဲ့တုန်းက ရခဲ့တဲ့ တောင်ဒဂုံက မြေကွက်ရယ်၊ ဌာနဆိုင်ရာကရရှိတဲ့ မြောက်ဒဂုံက မြေကွက်ရယ်၊ အေးပညာရေးဌာနက ရခဲ့တဲ့ ဒဂုံအရှေ့ပိုင်းက မြေကွက်ရယ်တွေက မိသားစု စားဝတ်နေရေးအတွက် တစ်ကွက်ပြီးတစ်ကွက် ထုတ်ရောင်းခဲ့ရလို့ ကုန်သွားပြီဖြစ်လို့ပါ။ တောင်ကြီး၊ အေးသာယာမြို့သစ်က မြေကွက်ကတော့ ကိုယ်ထီးခမ်းဘန်းကန်စိုက်ပျိုးရေးစခန်းမှာ တာဝန်ကျခဲ့တုန်းက ရရှိခဲ့တဲ့ မြေကွက်ပါပဲ။ ဒါကလည်း ရန်ကုန်နဲ့ အလှမ်းဝေးနေလို့ ရောင်းချဖို့ မလွယ်လှတာနဲ့ သက်ဆိုးရှည်နေသေးတဲ့ မြေကွက်ပါ။

ကိုယ်ကတော့ ကိုယ့်တပည့် ထောင်မှူးဟောင်း "သံနိုင်"ရဲ့ တိုက်တွန်းချက်အရ ဆရာတော် အရှင်ဆန္ဒာမိကရဲ့ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဆီ အကျိုးအကြောင်း တင်ပြစာရေးပြီး လိုအပ်တဲ့ ငွေကြေးအကူအညီ တောင်းခံခဲ့ပါတယ်။ ဒါပေမယ့် ဒီဖောင်ဒေးရှင်းရဲ့ အဓိကလုပ်ငန်းက မကျန်းမာသူတွေကို ဆေးကုသပေးတဲ့ဌာနဖြစ်နေလို့ ထင်ပါရဲ့။ ကိုယ့်စာကို ဘာမှ အကြောင်းမပြန်ကြားခဲ့ပါဘူး။

အဲဒီနောက် ပုံနှိပ်ရေးနဲ့ စာအုပ်ထုတ်ဝေရေးအသင်းမှာ အတွင်းရေးမှူးဖြစ်နေတဲ့ ဆုပြည့်စုံထွန်း စာအုပ်တိုက်ပိုင်ရှင် ဦးမြင့်ထွန်းဆီသွားပြီး စာပေသမားတွေကို အကူအညီပေးနေတဲ့ ပရဟိတအသင်း ရှိမရှိ မေးကြည့်ခဲ့ပါတယ်။ သူက ခေါင်းယမ်းပြပြီး ကိုကျော်သူဆီ သွားဖို့ပဲ လမ်းညွှန်ခဲ့ပါတယ်။

ခက်တာက ကိုကျော်သူဟာ ကိုယ်အလွန်ကြိုက်နှစ်သက်ခဲ့တဲ့ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် ဖြစ်ပေမယ့်လည်း ကိုယ်နဲ့ လူချင်းတော့ တိုက်ရိုက်မသိဘူးဗျ။ ဒါပေမယ့် သူဥက္ကဋ္ဌလုပ်နေတဲ့ ရန်ကုန်နာရေးအသင်းရဲ့ အတွင်းရေးမှူး စာရေးဆရာမ ဒေါ်သန်းမြင့်အောင်နဲ့ သိတယ်လေ။

သိတယ်ဆိုပေမယ့်လည်း ဆရာမကို ကိုယ်တွံတေးတောကြီးတန်း စိုက်ပျိုးရေးစခန်းမှာ ဆရာငွေးကျော်တို့နဲ့အတူ ဘုရားဖူးလာရင်း ခင်လာကြလို့ တစ်ခါလောက် တွေ့ဆုံဖူးရုံလောက်ပါပဲ။ ရင်းနှီးတဲ့အဆင့်တော့ မဟုတ်ပါဘူး။

ဆရာငွေးကျော်ကိုတော့ သူရောင်ပြန်၊ ပြစ်မှုမဂ္ဂဇင်းတွေမှာ အယ်ဒီတာလုပ်ခဲ့တုန်းက ကိုယ်နဲ့ လာဘ်မိုးရွှေစာပေတိုက်မှာ မကြာခဏ ဆုံတွေ့ခဲ့လို့ အတော်လေး ခင်မင်ရင်းနှီးမှု ရှိခဲ့ပါတယ်။ ဒါကြောင့် သူအခုတာဝန်ခံအယ်ဒီတာလုပ်နေတဲ့ ဦးအောင်မြတ်သမ်းက ကလျာမဂ္ဂဇင်းတိုက်ကို သွားပြီး အခြေအနေကို ရှင်းပြခဲ့ပါတယ်။ အဲဒီနေ့က တစ်ချိန်က ကျော်ကြားထင်ရှားခဲ့တဲ့ စာရေးဆရာမကြီး ဒေါ်ကလျာနဲ့ပါ မိတ်

www.burmeseclassic.com

ဆက်ပေးလို့ ဆုံတွေ့ခဲ့ရပါသေးတယ်။

ဆရာဇွဲးကျော်က ကိုယ့်ကိစ္စကို သူ့ ဒေါ်သန်းမြင့်အောင်နဲ့ တွေ့တဲ့အခါ အကျိုးအကြောင်း ပြောပြလိုက်မယ်လို့ ပြောပါတယ်။ ဆရာမက တွေ့ချင်တယ် ဆိုရင်လည်း ကိုယ့်ဆီ ဆက်သွယ် အကြောင်းကြားလိုက်မယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် ကိုယ်တို့အပြန်အလှန် ဖုန်းနံပါတ်ဖလှယ်လိုက်ခဲ့ကြပါတယ်။ ဆရာမဆီ ကိုယ်တိုက်ရိုက်ဆက်ချင် ဆက်လို့ရအောင်ပါ ဖုန်းနံပါတ်ပေးခဲ့ပါသေးတယ်။

ဒါပေမယ့် အဲဒီနောက်ပိုင်း ကိုယ် ဆရာဇွဲးကျော်ဆီကို ရော၊ ဆရာမ ဒေါ်သန်းမြင့်အောင်ဆီကိုပါ ဖုန်းမဆက်ဖြစ်ခဲ့တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ RFA မှာ စနေနေ့ မနက်တိုင်း လာနေတဲ့ စာရေးဆရာမ နှင်းပန်အိမ်ရဲ့ "ကောင်းကင်တစ်ဝက် ရွက်ပိုးကြသူများ" ကဏ္ဍမှာ ဆရာမဒေါ်သန်းမြင့်အောင်ရဲ့ "ဆည်းဆာ"ဘိုးဘွားရိပ်သာ ဖြစ်ပေါ်လာပုံအကြောင်း လွှင့်ထုတ်ချက်ကို ကြားလိုက်ရလို့ပါပဲ။

အဲဒါကတော့ ဆရာမရဲ့ နာရေးကိစ္စတစ်ခုမှာ ကြုံတွေ့ခဲ့ရတဲ့ ထူးခြားမှုတစ်ခုအကြောင်းပါ။ အင်မတန် ဆင်းရဲစုတ်ချာပြီး ကိုယ့်အိမ်ရဲ့ အိမ်ရှေ့ဟာ တခြားအိမ်ရဲ့ နောက်ဖေးနဲ့ ထိကပ်လွန်းမတတ် ရှေ့နောက်လမ်းပိတ်နေအောင် ကျဉ်းမြောင်းကျပ်တည်းတဲ့ နာရေးအိမ်ထဲက ရုပ်အလောင်း ခဲခဲယဉ်းယဉ်း ထုတ်ယူခဲ့ရတယ်တဲ့ဗျာ။

အဲဒီအိမ်မှာ သားအမိနှစ်ယောက် တည်နေကြပြီး အမေအိုကြီးက အသက်ရှစ်ဆယ်ကျော် တုန်တုန်ချည့်ချည့်နဲ့တဲ့။ သားလုပ်သူကြီးက အသက် ငါးဆယ်ကျော်နေပြီး အမေအိုကြီးကို အိမ်သာကျင်းတူးတဲ့အလုပ်နဲ့ လုပ်ကိုင်ကျွေးမွေးနေတာတဲ့။ အခု အဲဒီသား လူပျိုကြီး ကွယ်လွန်လို့ ဆရာမနဲ့အဖွဲ့ ရောက်လာရတာတဲ့ဗျ။

အိမ်ထဲက ရုပ်ကလာပ်ကို သယ်ယူတဲ့အခါ သေးပတ်ဝန်းကျင်က လူတွေက ဆရာမကို တောင်းဆိုကြသတဲ့။ ကျန်ခဲ့တဲ့ အမေအိုကြီးကိုပါ တစ်ပါတည်း ခေါ်သွားဖို့ ပိုင်းပြောကြတယ်တဲ့။ အဲဒီအခါ ဆရာမက ကျွန်မတို့ နာရေးအသင်းပါ၊ လူအိုရုံအသင်း မဟုတ်ပါဘူး။ ဒါကြောင့် ဒီအမေအိုကြီးကို ရပ်ကွက်ကပဲစောင့်ရှောက်ပေးကြဖို့ ပြောတယ်တဲ့။

အဲဒီမှာ အရောင်အဆင်းကင်းမဲ့စုတ်ပြတ်နေတဲ့ အင်္ကျီထဘီတွေ ဝတ်ထားပြီး အောက်က သဲကြိုးအနီတစ်ဖက်၊ အပြာတစ်ဖက်နဲ့ နောက်မြီးတိုနေတဲ့ ဂျပန်ဖိနပ်အစုတ်တစ်ရန် စီးထားရတဲ့ မိန်းမတစ်ယောက်က မဲ့ကာရွဲ့ကာနဲ့ "အမလေးတော်…ကျွန်မတို့မှာ ဆင်းရဲလွန်းလို့ နေ့စာ၊ ညစာ တစ်နပ်တည်း ပေါင်းစားနေရတာပါရှင်။ ဒီမှာကြည့်ပါလား။ ဖိနပ်တောင် စီးစရာမရှိလို့ အမှိုက်ပုံးက ကောက်စီးထားရတာ"လို့ ပြောတယ်ဆိုပဲ။ ဆရာမလည်း သူတို့ရဲ့ နုံချာလှတဲ့ဘဝကို အကဲခတ်မိပြီး ဘာမှ မပြောနိုင်တော့ဘဲ ရုပ်အလောင်းကိုသာ သယ်ထုတ်လာခဲ့ကြတယ်တဲ့။

အဲဒီဖြစ်ရပ်ဟာ ဆရာမရဲ့ ရင်ထဲကို နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်သွားခဲ့လို့ တနုံ့နုံ့နဲ့ အချိန်အတော်ကြာအောင် ခံစားနေခဲ့ရသတဲ့။ နောက်ဆုံးတော့ အဲဒီအမေအိုကြီးကို အခြေပြုပြီး ဆရာမ လက်ရှိဆောင်ရွက်နေတဲ့ "ဆည်းဆာ ဘိုးဘွားရိပ်သာ"ကို အကောင်အထည်ဖော်နိုင်ခဲ့တာတဲ့ဗျ။

တူးတူးတို့ရေ…

အဲဒီလောက် ဘဝပေးနုံချာလှတဲ့ သားအမိနှစ်ယောက်အကြောင်း ကြားလိုက်ရပြီးကတည်းက ကိုယ့်ရင်ထဲ ဆရာမကို အရမ်းလေးစားသွားမိပြီး အေးကိစ္စ အကူအညီတောင်းချင်နေတဲ့စိတ်တွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားမိတယ်။ ပြီးတော့ ဆရာမကို အကူအညီတောင်းရမှာတောင် ရှက်သလိုလို အားနာရမလိုလိုတောင် ခံစားလာမိသေးသဗျ။

ဘာဖြစ်လို့လဲဆိုတော့ ကြည့်လေဗျာ။ အေးရောဂါဖြစ်လို့ ဆေးရုံတက်ရတာ အာရှတော်ဝင် အထူးကုဆေးရုံကြီးမှာ မဟုတ်လားဗျာ။ ပြီးတော့ တစ်ပတ်ကိုနှစ်ကြိမ် ကျောက်ကပ်လာဆေးတော့လည်း အာရှတော်ဝင်ဆေးရုံရဲ့ အလွှန်ဝန်ဆောင်မှုကောင်းတဲ့ ကျောက်ကပ်သွေးသန့်စင်ခန်းမကြီးထဲမှာပဲလေ။

အဲဒီတော့ ကိုယ်တို့ရဲ့အခြေအနေက ဟိုဆင်းရဲနုံချာလှတဲ့ သားအမိဘဝနဲ့ မိုးနဲ့မြေလို ကွာခြားမနေဘူးလားဗျာ။ ဆိုတော့ အဲဒီလို ဆင်းရဲတွင်းနက်လှတဲ့ ဘဝတွေကို အကူအညီပေးနေတဲ့ ဆရာမဆီ မျက်နှာပြဖို့တောင် [illegible] အောင် ဖြစ်ခဲ့ရပါတော့တယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး [illegible] တော့ သူငယ်ချင်းရှေ့နေ[illegible] "ခင်ဗျားတို့ဟာက သူဌေး[illegible]" [illegible] တောင် ဝေဖန်ခဲ့ပါသေးတယ်။ [illegible] မမှားလှပါဘူး။ မှန်ပါပေတယ်။

ဒါပေမယ့် ခက်နေတာက [illegible] တို့က သူဌေးမဟုတ်ဘူးလေ။ [illegible] တန်းစား သာမန်ဝန်ထမ်း[illegible] ဆွေမျိုးမောင်နှမတွေကလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းတွေပါပဲ။ ကိုယ်တို့အသိုင်းအဝိုင်းမှာ နာမည်တပ်ခေါ်နိုင်တဲ့လူ တစ်ယောက်တလေမှ မရှိတာပဲဟာ။

ဒါနဲ့တောင်မှ အေးက သူဌေးဆေးရုံလို့ခေါ်တဲ့ အာရှတော်ဝင် အထူးကုဆေးရုံကြီးမှာ အရေးပေါ် ကုသခံခဲ့ရတယ်။ သီးသန့်တစ်ယောက်ခန်းမှာ ဆေးရုံတက်ပြီး ဆေးကုသခံယူနိုင်ခဲ့တယ်။ စရိတ်ကြီးမားတဲ့ ကျောက်ကပ်ဆေးဖို့ လည်ပင်းမှာ အပေါက်ဖောက်ခွဲစိတ်မှု၊ လက်ကောက်ဝတ်မှာ အကြောမွေးတဲ့ ခွဲစိတ်ကုသမှုတို့ကိုလည်း ခံယူနိုင်ခဲ့သေးတယ်။ ပြီးတော့ အာရှတော်ဝင်မှာပဲ ကျောက်ကပ်မှန်မှန်လာဆေးနေနိုင်သေးတယ်လေ။

ဒါတွေဟာ အချိန်အခါနဲ့ အခြေအနေအရ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပျက်ခဲ့တာတွေလို့ ဆိုမယ်ဆို ဆိုနိုင်ပေမယ့်လည်း အေးမှာ ရှေးရေစက သူဌေးဇာတာများ ပါခဲ့လေသလားလို့တောင် သံသယပွားစရာပါပဲ။

ဒါပေမယ့် အခုတော့ ကိုယ်အစကတည်းက ပြောခဲ့သလို မနိုင်ဝန်ထမ်းခဲ့မိတဲ့ ကိုယ်တို့မိသားစုရဲ့ နန်းဇာတိရုပ်အမှန်ဟာ ပေါ်ပေါက်လာပကောလားဗျာ။ တကယ်လက်တွေ့ဘဝမှာ ကျောက်ကပ်ဆက်ဆေးဖို့ ငွေကြေးအခက်အခဲဖြစ်လာနေပြီ မဟုတ်လား။

သို့ပေမယ်လို့ လူ့ကံကြမ္မာဆိုတာကလည်း အဆန်းသားကလားဗျာ။

ကြည့်ရတာ အေးဆေးရုံတက်ပြီး ကျောက်ကပ်ဆေးနေရတဲ့ သတင်းဟာ ဝန်းကျင်အနှံ့ အတော်ကလေး ပျံ့သွားတယ် ထင်ပါရဲ့။ ကိုယ့်တပည့်ဟောင်းတစ်ယောက်ဖြစ်တဲ့ ထောင်မှူးခင်မောင်ထွေး ၇၉ လမ်း နေအိမ်ဆီ မမျှော်လင့်ဘဲ ပေါက်ချလာတာပါပဲ။ သူနဲ့အတူ ကိုယ့်တပည့်ဟောင်း ဦးစီးအရာရှိ(ငြိမ်း) အောင်ဆန်းဦးနဲ့ လက်ရှိ ဗဟိုပစ္စည်းသိုလှောင်ရေးတာဝန်ခံအရာရှိ ကိုမြင့်လွင်တို့ရဲ့ အေးကျောက်ကပ်ဆေးဖို့ ပံ့ပိုးကူညီတဲ့ အလှူငွေတွေ ပါလာခဲ့တာပါပဲဗျာ။ အဲဒီကမှတစ်ဆင့် လုံးဝထင်မှတ်မထားတဲ့ တပည့်ဟောင်းတချို့လည်း တစ်ချိန်တည်းလိုလို တဖွဲဖွဲရောက်လာပြီး ငွေကြေးလာလှူဒါန်းခဲ့ကြပါတယ်။

ဒီကြားထဲ ထူးခြားတာက ကိုယ့်ရဲ့ "တရားခံမဟုတ်သော တရားခံများ" ဇာတ်လမ်းတွဲက သက်ရှိဇာတ်ကောင်တစ်ယောက်ဖြစ်တဲ့ တရားရုံးချုပ်ရှေ့နေကြီး ဦးမြသိန်း (ယခု နေပြည်တော် ဖွဲ့စည်းပုံအခြေခံခုံရုံးအဖွဲ့)ဆီက မမျှော်လင့်ဘဲ ငွေတစ်သိန်းပို့ပေးလိုက်တာပါပဲ။

ဆရာဦးမြသိန်းနဲ့ ကိုယ်တို့ဟာ ၁၉၉၈ ခုနှစ်မှာ ကိုယ်ရေးတဲ့ "ဦးမြသိန်း လိုက်ပါဆောင်ရွက်ခဲ့သော အမှုများ" ဥပဒေပညာပေးစာအုပ် ထုတ်ဝေပြီးကတည်းက အဆက်ပြတ်သွားလိုက်ကြတာ ပြီးခဲ့တဲ့နှစ်နှစ်လောက်ကမှ ဆရာဟာ ကိုယ်တို့အကျဉ်းဦးစီးဌာန ညွှန်ချုပ်ကြီးကတစ်ဆင့် ကိုယ့်လိပ်စာကို စုံစမ်းပြီး ငွေတစ်သိန်း ပို့ပေးခဲ့ပါသေးတယ်။

ကျေးဇူးတင်ပါတယ် ဆရာ။

နောက် ထူးခြားတာတစ်ခုက မဂ္ဂဇင်းတွေမှာ လစဉ်ပါနေတဲ့ ကိုယ့်ဝတ္ထုတွေကို ဖတ်ပြီး ကြိုက်ရင် ရုပ်ရှင်ရိုက်ကူးပြီး MRTV နဲ့ MWD ကနေ ထုတ်လွှင့်ပေးနေတဲ့ MMG (Multi Media Group) ကနေ စာမူခငွေ တစ်သိန်းနီးပါး လက်ခံရရှိလိုက်တာပါပဲ။

တူးတူးတို့ရေ. . .

အေးအတွက် ကံကောင်းတယ်ပဲ ဆိုရမလား။ အဲလို တိုက်တိုက်ဆိုင်ဆိုင် ပိုင်းရံကူညီလိုက်ခဲ့ကြတာကြောင့် ကျောက်ကပ်ဆက်ဆေးဖို့ အချိန်အတိုင်းအတာတစ်ခုထိတော့ မပူပင်ရတော့ဘူး ဆိုပါတော့ဗျာ။

အဲဒါကြောင့်လည်း ကျောက်ကပ်ဆေး(Dialysis) လုပ်တာကို နဝမအကြိမ်ကနေ ဆက်ပြီး ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ဆရာဦးခင်မောင်ဌေးနဲ့လည်း သတ်မှတ်ရက်ချိန်းတွေအတိုင်း မပျက်မကွက် ဆက်ပြသနိုင်ခဲ့ပါတယ်။ ဆရာက ရောဂါအခြေအနေ မပျက်မကွက် ဆက်ပြသနိုင်ခဲ့ပါတယ်။ ဆရာက ရောဂါအခြေအနေကောင်းလို့ သောက်ဆေးအနည်းငယ် အပြောင်းအလဲလုပ်ပေးပြီး တစ်လတစ်ကြိမ် ဆက်ပြဖို့ ချိန်းပါတယ်။

ဆရာဦးခင်မောင်လွင်ကတော့ သူ ၂၅.၉.၁၃ ရက်နေ့ညက ခွဲစိတ်ပြီး အကြောမွေးပေးလိုက်တဲ့ လက်ဝဲဘက် လက်ကောက်ဝတ်က အနာကျက်နေလို့ ပတ်တီးဖြုတ်ပေးခဲ့ပြီး နှစ်ပတ်တစ်ကြိမ် ပြန်ပြဖို့ ချိန်းဆိုခဲ့ပါတယ်။

၃၁.၁၀.၁၃ ရက်နေ့ည ဆရာဦးခင်မောင်လွင် ပြန်ပြတော့ အေးအကြောမွေးထားတာ စစ်ဆေးပြီး အသုံးပြုလို့ရပြီ၊ ဆရာဦးခင်မောင်ဌေးရဲ့ ညွှန်ကြားချက်ဆက်လုပ်ရန် မှတ်ချက်ရေးပေးလိုက်တယ်ဗျ။

ဒါကြောင့်မို့ ၂.၁၁.၁၃ ရက်နေ့ ဆရာဦးခင်မောင်ဌေးကို ပြတဲ့အခါ ဆရာဦးခင်မောင်လွင်ရဲ့ မှတ်ချက်ကိုကြည့်ပြီး H.D (ကျောက်ကပ်သွေးသန့်စင်ဌာန)ကို



www.burmeseclassic.com

www.burmeseclassic.com

AVF (အကြောမွေးထားသောလက်က ကျောက်ကပ်ဆေးရန်) စမ်းသပ်သုံးကြည့်ဖို့ ညွှန်ကြားပါတယ်။ အဲဒါကြောင့် Dialysis လုပ်တာ ၁၅ ကြိမ်မြောက်ဖြစ်တဲ့ ၅·၁၁·၁၃ ရက်နေ့ ညမှာ တာဝန်ကျတဲ့ ဒေါက်တာဥမ္မာလှိုင်ကိုယ်တိုင် AVF စမ်းသပ်လုပ်ပေးပါတယ်။ ခုတင်နံပါတ်က F.3 မှာပါ။

ဒေါက်တာက ပထမဆုံး AVF လုပ်ရတာမို့လို့ ထင်ပါရဲ့ဗျာ။ စက်က ပိုက်ငယ်တစ်ခုကို အကြောမွေးထားတဲ့ လက်ဖျံကြောမှာ သွင်းပြီး ကျန်တစ်ပိုက်ကိုတော့ နဂိုလည်ပင်းက (Neck Line) ထဲကိုပဲသွင်းပြီး နည်းပညာနှစ်ခုကို ခွပြီး လုပ်ပါတယ်။ နောက်တစ်ကြိမ်ကျမှ အကြောမွေးထားတဲ့ လက်ဖျံမှာပဲ ပိုက်ငယ်တစ်ချောင်း ထည့်သွင်းပြီး သွေးဝင်/သွေးထွက်လုပ်ပေးမယ် ပြောပါတယ်။ H.D စာအုပ်ထဲမှာတော့ သွေးကောင်းစွာ စီးဆင်းသည် (Good Blood Flow) လို့ မှတ်ချက်ရေးတာ တွေ့ရပါတယ်။

၁၂·၁၁·၁၃ ရက်နေ့ ၁၇ ကြိမ်မြောက် Dialysis နေ့မှာ တာဝန်ကျတဲ့ ဒေါက်တာဒေါ်ခင်သန်းဝင်းက အကြောမွေးထားတဲ့ လက်ဖျံနေရာ စက်ကလာတဲ့ ပလတ်စတစ်ပိုက်ငယ်နှစ်ချောင်းသွင်းပြီး တကယ် AVF အစစ်ကို စတင်လုပ်ပေးပါတော့တယ်။ အစပိုင်းမှာတော့ အားလုံးအဆင်ပြေပေမယ့် အေးဟာ ပြီးဖို့ ၁၅ မိနစ်အလိုလောက်ကျမှ နည်းနည်းအန်ပါတယ်။ ဒါ့ကြောင့် ဂလူးကို့စ်သွင်းပေးလိုက်မှ ပုံမှန်ပြန်ဖြစ်သွားခဲ့ပါတယ်။

၁၉ ကြိမ်မြောက် Dialysis လုပ်ရတဲ့နေ့က တာဝန်ကျဆရာဝန်က ဒေါက်တာဥမ္မာလှိုင်ပါပဲ။ စက်နံပါတ်က F.11 ဖြစ်ပြီး၊ ဆေးတဲ့အချိန်က ည ၇ နာရီကနေ ၁၁ နာရီအထိပါ။ အဲဒီနေ့က ခါတိုင်းလို သွေးပေါင်ကျတာ၊ ချမ်းတုန်တာ၊ အန်တာ စတာတွေမရှိဘဲ စကားတပြောပြောနဲ့ အတော်လေး နေထိုင်ကောင်းခဲ့ပါတယ်။

ဒေါက်တာက အေး Neck Line ကို စစ်ဆေးကြည့်ပြီး လာမယ့် ကြာသပတေးနေ့ ၂၁·၁၁·၁၃ ရက်နေ့မှာ ဆရာဦးခင်မောင်ဌေးနဲ့ ပြပြီး ဖြုတ်ပစ်ဖို့ ပြောပါတယ်။ အဲဒါကြောင့် ကျောက်ကပ်ဆေးပြီးချိန် ကောင်တာမှာ Booking လုပ်တော့ တိုကင်နံပါတ်(၅၄)ရပါတယ်။

အဲဒီနေ့ ညဦး ၇း၃၀ နာရီမှာ အေးကို သားငယ် ဗိုလ်နဲ့အတူ အာရှတော်ဝင်ဆေးရုံဆီ တက္ကစီနဲ့ တင်ခေါ်လာခဲ့ပါတယ်။ ည ၉ နာရီကျော်မှ ဆရာဦးမောင်ဌေးနဲ့ ပြရတော့ ဆရာက AVF ကို သိပ်အားမရသေးပေမယ့် Neck Line လုပ်ထားတာ နှစ်လပြည့်နေပြီဖြစ်လို့ ဖြုတ်ပေးဖို့ ပြင်ဆင်တာ တွေ့ရပါတယ်။

ကိုယ်ကတော့ ရင်တမမနဲ့ပေါ့။ လည်ပင်းညာဘက်ဘေးက ကပ်ပြီး သွေးကြောမကြီးရောက်အောင် ခွဲစိတ်ပြီး ပလတ်စတစ်ပိုက်ငယ်နှစ်ချောင်း ထည့်သွင်းမြှုပ်နှံထားတာဆိုတော့ ဆရာဘယ်လိုများ ဖြုတ်မှာလဲပေါ့လေ။ ထုံဆေးများ သုံးမလား၊ အေးများ နာကျင်နေမလားပေါ့လေ။

ဒါပေမယ့် အခြေအနေက ကိုယ်စိတ်ပူနေသလို မဟုတ်ဘူး။ အံ့အားသင့်စရာပါ။ ဆရာက သူထိုင်နေတဲ့ ကုလားထိုင်ပေါ်က ထပြီး အေးလည်ပင်းဘေးမှာ ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ ပတ်တီးဖြူနှစ်စကို အသာအယာ ဆွဲချွတ်လိုက်ပါတယ်။ ပြီးမှ အောက်က ပေါ်လာတဲ့ ပလတ်စတစ်ပိုက်ငယ်နှစ်ချောင်းကို ဒီအတိုင်း တစ်ချောင်းပြီးတစ်ချောင်း အသာကလေး ဆွဲဖြုတ်လိုက်တာ တွေ့လိုက်ရပါတယ်။ ပြီးတော့ အဲဒီပိုက်သွင်းခဲ့တဲ့အပေါက်ကလေးနှစ်ပေါက်ပေါ်မှာ Handy Plaster လေး နှစ်ခု ကပ်ပေးလိုက်တာပါပဲဗျာ။

မြင်ရတာ တကယ့် အံ့ဖွယ်သုတပါပဲ။ ကြည့်လေဗျာ။ ခွဲစိတ်ခန်းမကြီးထဲမှာ အချိန်တစ်နာရီနီးပါး သွေးကြောမကြီးထဲ ပလတ်စတစ်ပိုက်ငယ်နှစ်ချောင်း အံဝင်ခွင်ကျဖြစ်အောင် အတော်ကြိုးစားပြီး ခွဲစိတ်ထည့်သွင်းခဲ့ရတဲ့ လုပ်ငန်းကြီးဟာ အခုတော့ ငှက်ပျောသီးအခွံနွှာသလို လွယ်လင့်တကူ ဖြုတ်ပေးလိုက်တာကိုပါ။

ပြီးတော့ ဆရာကပြောလိုက်သေးတယ်။ AVF အဆင်မပြေရင် Neck Line အသစ် ပြန်လုပ်ချင်လုပ်ရဦးမှာတဲ့ဗျာ။ အိုး···ဒါကိုတော့ သည်းခံပါဆရာရေ။ Neck Line တစ်ခါထပ်ဖောက်ရင် အေးလည်း တစ်ခါထပ် အနာခံရဦးမယ့်အပြင် ဖောက်ခငွေနှစ်သိန်းကျော်လည်း ထပ်အကုန်မခံနိုင်တော့လို့ပါခင်ဗျာ။

အဲဒါကြောင့် နောက်ပိုင်း Dialysis လုပ်တဲ့အခါ AVF အဆင်ပြေပါမည့်အကြောင်း ရင်တထိတ်ထိတ်နဲ့ ဘုရားတပြီး ဆုတောင်းနေရတော့တာပေါ့ဗျာ တို့ရေ···။

*(ဆက်လက်ဖော်ပြပါမည်။)*

■ ပဟိုဓာ



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအောင်ပေးမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

## တရားခံ၏ အသံကို မှတ်မိလျှင် တရားစွဲလို့ရပြီလား

ဆရာခင်ဗျား…

ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ရွာမှာ ဘုန်းကြီးပျံပွဲ ရှိပါတယ်။ ကြံ့တောင်ကြံ့ခဲ့တဲ့ပွဲမို့ ရွာသူရွာသားတွေ၊ ကလေး လူကြီးမ..ချန် ဘုန်းကြီးပျံပွဲ သွားကြပါတယ်။ အိမ်တွေမှာ တော့ သက်ကြီးရွယ်အိုတွေလောက်ပဲ အိမ်စောင့်အဖြစ် ကျန် ပါတော့တယ်။

ဒီတော့ ကျွန်တော်တို့အိမ်မှာလည်း အဒေါ်အပျိုကြီး ကို အိမ်စောင့်အဖြစ် ထားခဲ့ပါတယ်။ တစ်ခုထူးခြားတာက အဒေါ်ဟာ မျက်စိနှစ်ကွင်း အလင်းမရသူ ဖြစ်ပါတယ်။ အဲဒီ အခြေအနေကို အခွင့်ကောင်းယူပြီး ရွာအနောက်ဖျားက အရက်သမား သိန်းအုံဟာ ညပိုင်းမှာ ကျွန်တော်တို့အိမ်ထဲ ဝင်ပြီး လုယက်ပါတော့တယ်။

ဘာ့ကြောင့် လူနာမည်နဲ့ တိတိကျကျ ပြောနိုင်လဲ ဆိုတော့ အဒေါ်ဟာ မျက်စိမမြင်ပေမယ့် နားက အလွန်ပါး ပါတယ်။ သိန်းအုံက အော်ရင် ဓားနဲ့ထိုးသတ်မယ်လို့ ခြိမ်း ခြောက်ပြီး အဒေါ့်ပါးစပ်ထဲ အဝတ်ဆို့ပိတ်ထားပါတယ်။ ပြီးတော့ လူကိုလည်း အိမ်တိုင်မှာ ကြိုးနဲ့တုပ်ထားခဲ့ပါတယ်။

သိန်းအုံက တစ်အိမ်လုံး စိတ်ကြိုက်မွှေနှောက်ရှာဖွေ ပြီး လုယက်သွားတဲ့အတွက် အတွင်းပစ္စည်း ရွှေထည်တွေနဲ့ ငွေသားတော်တော်များများ ပါသွားပါတယ်။

အဲဒီကိစ္စ ရဲစခန်းမှာတိုင်ပြီး အမှုဖွင့်တော့ ရဲက သိန်းအုံကို ဖမ်းဆီးပြီး ရုံးတင်တရားစွဲပါတယ်။ တရားရုံးမှာ တရားလို၊ တရားခံနဲ့ နှစ်ဖက်တင်ပြတဲ့ သက်သေတွေကို စစ်ဆေးကြားနာခဲ့ပါတယ်။ အဒေါ့်ကိုလည်း တရားသူကြီးကိုယ် တိုင် စစ်ဆေးမေးမြန်းခဲ့ပါတယ်။

အဲဒါ အမှုပြီးဆုံးလို့ တရားခံသိန်းအုံကို သက်သေ သေမထင်ရှားလို့ဆိုပြီး အမှုက အပြီးအပြတ် လွှတ်ပေးလိုက် ပါတယ် ဆရာ။

ကျွန်တော်မေးချင်တာက အဒေါ်ဟာ မျက်စိမမြင် ပေမယ့် ရွာထဲက လူတွေရဲ့အသံကို ကြားရုံနဲ့ ဘယ်သူဘယ် ဝါဆိုပြီး တန်းပြောနိုင်ပါတယ်။ မျက်စိမမြင်တဲ့အဒေါ်တင် မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း ညအမှောင်ကြီးထဲမှာပေ မယ့် အသံကြားတာနဲ့ ကိုယ့်ရွာသားချင်း တန်းသိတာပါပဲ။

ခုတော့ အဲဒါကို ပြစ်မှုမထင်ရှားလို့ဆိုပြီး အပြီးအပြတ် လွှတ်လိုက်ပါတယ်။ ကျွန်တော်သိချင်တာက ဒီတရားရုံးရဲ့ အမိန့်စီရင်ချက်ဟာ ဥပဒေပြဋ္ဌာန်းချက်နဲ့ ညီညွတ်ကိုက်ညီမှု ရှိမရှိဆိုတာပါပဲ ဆရာ။

အစဉ်လေးစားလျက်
**ဦးကျော်သန်း**
ရွာသာကြီးကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး။

ဦးကျော်သန်းခင်ဗျား…

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် မောင်ဝင်းထိန် (၁၉၇၅ ခုနှစ်၊ မတစ၊ စာ-၆၃)မှာ "တရားခံ အိမ်အတွင်းသို့ ပုန်းလျှိုးဝင်ရောက်ချိန်က အိမ်တွင်း၌ မှောင် မိုက်နေသဖြင့် တရားခံကို မမြင်ရဘဲ အသံကိုသာ မှတ်မိ သည်ဟု တရားလိုက ထွက်ဆိုသည်။ ထိုထွက်ဆိုချက်ကို ထောက်ခံချက်တစ်စုံတစ်ရာမရှိ။ အသံကြားရုံမျှဖြင့် လူကို မှတ်မိသည်ဆိုခြင်းမှာ ခိုင်လုံသည့် အထောက်အထားမဟုတ်။ ပြစ်မှုထင်ရှားစီရင်ရန် ခိုင်လုံခြင်းမရှိ"လို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဦးကျော်သန်းပြောသလို တစ်ရွာတည်းသားချင်း အမှောင်ထဲမှာ အသံကြားရုံနဲ့ လူကို တန်းမှတ်မိတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ အဒေါ်ဖြစ်သူလို မျက်မမြင်တစ်ယောက်က တောင် သာမန်လူထက် လူ့အသံကို မှတ်မိနိုင်စွမ်းရှိတယ် လို့ ဖတ်ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ဒါကို တရားဥပဒေက လက်မခံပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အသံကို အတုပြုလုပ်နိုင်တယ်။ အသံတုမလုပ်တတ်လျှင်ပင် တစ်မျိုးတစ်မည် လုပ်လို့ရတယ်။ နောက်တစ်ကြောင်းကလည်း အလွယ်တကူ စွပ်စွဲလို့ရလို့လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားဥပဒေက လက်မခံတာပါ။

ဒါ့ကြောင့်မို့ ဦးကျော်သန်းမေးတာကို ဖြေရရင် ဒီအမှုမှာ တရားရုံးတော်ရဲ့ အမိန့်စီရင်ချက်ဟာ ပြဋ္ဌာန်းဥပဒေ၊ တရားစီရင်ထုံးတွေနဲ့ ညီညွတ်ကိုက်ညီမှု ရှိပါကြောင်း ဖြေကြားလိုက်ပါရစေ···။

## <u>လင်ရှိမယားမှန်း မသိ၍ ကျူးလွန်မိလျှင်</u><br><u>မယားခိုးမှု မြောက်သလား</u>

ဆရာခင်ဗျား···

ကျွန်တော့်ရဲ့ ညီဟာ တစ်ယောက်တည်းနေထိုင်တဲ့ လူပျိုကြီးတစ်ယောက် ဖြစ်ပါတယ်။ အဲဒါ သူ့ကိုယ်သူ မုဆိုးမဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ရာက ချစ်ကြိုက်သွားမိခဲ့ကြတယ်။ အဲလိုနဲ့ တစ်နေရာမှာ ချိန်းတွေ့ကြရာက လွန်လွန်ကျူးကျူးလည်း မကြာခဏ ဖြစ်ခဲ့ကြတယ်လို့ သိရှိရပါတယ်။

ဟော···ခုတော့မှ အဲဒီအမျိုးသမီးရဲ့ ကာမပိုင်လင်ယောက်ျားဆိုသူ ရုတ်တရက်ပေါ်လာပြီး ကျွန်တော့်ညီကို မယားခိုးမှုနဲ့ တရားစွဲပါတော့တယ်ဆရာ။ အဲဒါ ကျွန်တော်တစ်နေ့ကပဲ ရဲအချုပ်ထဲက အာမခံနဲ့ ထုတ်လာခဲ့ရပါတယ်။ မယားခိုးမှုကိုတော့ ရုံးချိန်းနေ့ကျရင် တရားရုံးမှာ ဖြေရှင်းရမယ်လို့ ပြောပါတယ်။

ကျွန်တော်သိရသလောက် မယားခိုးမှုနဲ့ဆိုင်တဲ့ ဥပဒေမှာ လင်ရှိမယားမှန်း သိသိကြီးနဲ့ စပ်ယှက်မှသာ မယားခိုးမှုမြောက်တယ်မဟုတ်လား ဆရာ။ အခုဟာက အမျိုးသမီးကိုယ်တိုင်က မုဆိုးမပါလို့ လိမ်လည်ပြောဆိုခဲ့လို့သာ စပ်ယှက်မိခဲ့တာပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်ညီတော်မောင်ရဲ့ လုပ်ဆောင်ချက်ဟာ မယားခိုးမှုမမြောက်ဘူးလို့ ယူဆမိပါတယ်။

အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဆရာ့ကို မေးမြန်းချင်တာက ဒီအမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်ယူဆချက် မှန်မမှန် ဆိုတာပါပဲ။ တကယ်လို့ မှန်ခဲ့သည်ဖြစ်စေ၊ မှားနေသည်ဖြစ်စေ ကျွန်တော့်ညီတော်မောင် ဒီအမှုက လွတ်မြောက်ဖို့ ဥပဒေအရ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာကို အမြန်ဆုံး ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

အထူးကျေးဇူးတင်လျက်

ဦးလှမောင်

ဝိုင်းဂနိုင်းရပ်၊ ပဲခူးမြို့။

ဦးလှမောင်ခင်ဗျား···

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ မှာ လင်ရှိမယားကို စပ်ယှက်ကာမှုဖြင့် ပြစ်မှုမြောက်။ လင်ရှိမယားမှန်းသိလျက်နှင့်သော်လည်းကောင်း၊ ယုံကြည်ရာအကြောင်းရှိလျက်နှင့်သော်လည်းကောင်း စပ်ယှက်မှသာ ပြစ်မှုမြောက်သည်ဖြစ်၍ ထိုအချက် ထင်ရှားပြသရန် လိုအပ်သည်လို့ ပါရှိတဲ့အတွက် လင်ရှိမယားမှန်းသိပြီး ကာမစပ်ယှက်မှသာ မယားခိုးမှုမြောက်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် အခုအမှုမှာ ဦးလှမောင်ရဲ့ညီအနေနဲ့ အဲဒီအမျိုးသမီးကို လင်ရှိမယားမှန်းမသိကြောင်း သက်သေထင်ရှားပြနိုင်ဖို့ အရေးကြီးနေပါတယ်။ အဲဒီလို သက်သေပြနိုင်ဖို့ကလည်း သူ့ကိုယ်သူ မုဆိုးမပါလို့ လိမ်လည်ပြောဆိုခဲ့တဲ့ အမျိုးသမီးရဲ့ ရုံးတော်ရှေ့ ထွက်ဆိုချက်က အဓိကကျနေပါတယ်။

အကောင်းဆုံးကတော့ ဦးလှမောင်ရဲ့ညီ ကိုယ်တိုင် အဲဒီအမျိုးသမီးနဲ့ တွေ့ဆုံပြီး ရုံးတော်မှာ အမှန်အတိုင်း ထွက်ဆိုပေးဖို့ ညှိနှိုင်းထားနိုင်ဖို့ လိုပါတယ်။ ပြီးတော့ မယားခိုးမှုမှာ ကျွမ်းကျင်တဲ့ ဝါရင့်ရှေ့နေကြီးတစ်ယောက်ကိုလည်း အရ ငှားထားဖို့ လိုအပ်ပါသေးတယ်။

အဲဒီအတိုင်းသာ အောင်မြင်ခဲ့ရင်တော့ ဦးလှမောင်ရဲ့ ညီတော်မောင် အနှောင်အဖွဲ့က လွတ်မြောက်လာနိုင်ပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါရစေ။


အောင်မြင်ပါစေ···

**ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com



# လောင်းကစားနှင့် နောက်ဆက်တွဲမှုခင်း

■ ညွှန့်ဟံ(ကြူတော)

"ကြွေတစ်လက် ကြက်တစ်ခုန်" ဆိုသည့် ရှေးထုံးစဉ်လာ ဝေါဟာရစကားရပ်သည် လောင်းကစားကိစ္စနှင့် သက်ဆိုင်၏။ မြောက်ထိုးပင့်ကော် အပြောအဆိုဖြင့် အားပေးမှုဟု ဆိုချင်၏။ လူ့အဖွဲ့အစည်းနှင့် လောင်းကစားဝါသနာသည် ရှေးမဆွကပင် ရှိခဲ့သည်ဟု ဆိုချင်သည်။ အပျင်းပြေကစားခြင်းက ငွေကြေးနှင့် ဆက်စပ်မှုရှိလာသည်။ ရှေးအခါက တောလက်ကျေးရွာများ၌ ကြက်တိုက်ခြင်း၊ ကြွေအန်ပစ်ခြင်းမျှသာ ရှိသည်။ အနိုင်အရှုံး သတ်မှတ်ကာ လောင်းကြေးထပ်သည်။ တိုက်ကြက်များ မွေးမြူသည့်ဓလေ့ရှိပြီး မာကျောသော ဗမာကြက်များကို ဝလင်အောင် ကျွေး၊ စားရေးသောက်ရေး အဆင်ပြေအောင်ပြု၊ ကောင်းသောပြုစုခြင်းများ ပြုလုပ်ကာ ကြက်တိုက်ကြသည်။ နွတ်သီး၊ ကိုယ်ထည်၊ အတက်သွား အသုံးပြု၍ အနိုင်ရဖို့ လုံ့လပြုကြသည်။ တိုက်ကြက်ကောင်းကောင်း မွေးမြူကာ အရည်လည်ပြီး ခွပ်လက်ချ စမ်းသပ် တိုက်ပွဲဝင်ကြသည်။ အနိုင်အရှုံးက အရည်အသွေးနှင့် ဆိုင်၏။ တစ်ချက်

www.burmeseclassic.com

ကောင်းထိုလျှင် ပြီးတတ်၏။ တစ်ခါတစ်ရံ ကြက်တစ်ခုန်သည် ကောင်းစွာအနိုင်ရစေ၏။ လောင်းကြေးသိမ်းပိုက်နိုင်၏။

ထို့အတူ ကြွေအန်ကစားသူက အတော်ပင် တွင်ကျယ်၏။ ကြွေအန်ပစ်ခြင်းအလေ့အကျင့် အနိုင်အရှုံးက သမိုင်းရာဇဝင်တင်ခဲ့၏။ အငြိုးအတေးတွေ၊ ပဋိပက္ခတွေ၊ ရန်ဘက်တွေ ဖြစ်ကြသည်။ ရှုံးကြွေးဆပ်ကြသည်။ ပုဂံရာဇဝင်တွင် စောလူးမင်းတို့၊ ငရမန်ကန်းတို့အကြောင်း လူသိများသည်။ ဗုဒ္ဓစာပေတွင်လည်း တွေ့ရသည်။ ကြွေတစ်လက်ကောင်းကောင်းဖြစ်စေမှုက အနိုင်ရစေကာ ကြွယ်ဝစေ၏။ ထို့ကြောင့် ကြွေတစ်လက် ကြက်တစ်ခုန်သည် လောင်းကစားအနိုင်အရှုံးရလဒ်ဟု ဆိုရပါ၏။ သို့သော် အားပေးထိုက်သည်တော့ မဟုတ်။ ကောင်းကျိုးမပြု။ တားမြစ်မှုက ခေတ်တိုင်း၌ တွေ့ရပြီး ဖဲရိုက်၊ ကြက်တိုက်၊ ကြွေအန်လောင်းကစားမှုတို့ကို ရှုတ်ချကြပေသည်။

ယခုသော် လောင်းကစားမျိုးစုံသည် ခေတ်သစ်နည်းပညာနှင့်အတူ ဆန်းပြားကြ၏။ အထိနာကြသည်။ နောက်ဆက်တွဲ ပြဿနာတွေကလည်း မသေးလှ။ ရိုးသားသော အားကစားကိုပင် ဖျက်ဆီး၏။ လောင်းကြေးက လူပုဂ္ဂိုလ်နှင့် အားကစားအသင်းအထိ ရိုက်ခတ်၏။ အထူးသဖြင့် ဘောလုံးလောင်းကစားကြောင့် ငွေကြေးထိခိုက်၊ ခုစရိုက်မှုတွေ များလှချေပြီ။ သတိပြုဆင်ခြင်သင့်ပါ၏။ လောင်းကစားနှင့် မှုခင်းဆက်နွယ်တတ်ခြင်းသဘောကို ဒေသစုံ၊ နေရာစုံတွင် တွေ့ရတတ်သောကြောင့်ဟု ကောက်ချက်ချချင်ပေသည်။ ကြွေတစ်လက်၊ ကြက်တစ်ခုန်ကောင်းစေ့ရင်း အထိနာကာ မှုခင်းမျိုးစုံ ကြုံခဲ့ရလေပြီ။

မကြာမီက နိုင်ငံရပ်ခြားသတင်းတစ်ပုဒ် ဖတ်လိုက်ရပေရာ စိတ်မသက်မသာ ဖြစ်ခဲ့ရ၏။ ထိုင်းနိုင်ငံထုတ် Bangkok Post သတင်းစာထဲက လူသတ်မှုဖြစ်၏။ ထိုင်းနိုင်ငံ၏ မြစ်တစ်ခုအနီး ကမ်းခြေတစ်နေရာတွင် အကောင်းစား မော်တော်ကားတစ်စီးထဲ၌ လူတစ်ယောက် သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိသည်။ ရဲတပ်ဖွဲ့က စစ်ဆေးသည့်အခါ အသက် ၆၁ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟု သိရသည်။ ရဲတပ်ဖွဲ့က မသင်္ကာသူများကို ခြေရာခံလိုက်ရင်း အသက် ၅၈ နှစ်အရွယ်ရှိ တရားခံတစ်ဦးကို ဖမ်းမိကာ စစ်ဆေးရာက အမှုမှန်ပေါ်ပေါက်လာသည်။ ထိုသူသည် လောင်းကစားအမျိုးမျိုး ကျူးလွန်ခဲ့ပြီး သေဆုံးသူထံမှ ဘတ်ငွေသန်းပေါင်းများစွာ ချေးယူခဲ့၏။ များလာသည့်အခါ မဆပ်နိုင်တော့ပေ။ သို့ဖြင့် ညတ်နီညတ်နက်တွေ ထွက်လာသည်။ သေဆုံးသူ လုပ်ငန်းရှင်ကို ချေးငွေများ ပေးဆပ်မည်ဟု ချိန်းဆိုသည်။ သူနှင့်အတူ အပေါင်းအဖော်နှစ်ဦး စောင့်နေသည်။ ထိုအချိန်တွင် လုပ်ငန်းရှင်ဇနီးမောင်နှံ ကားဖြင့်ရောက်လာ၏။ စကားစမြည်ပြောပြီး သေနတ်နှင့် ပစ်သတ်သည်။ ယင်းအချိန်တွင် အသက် ၅၉ နှစ်အရွယ်ရှိ ဇနီးက ထွက်ပြေးလွတ်မြောက်သွားသည်။

ပြီးတော့ အလောင်းကို ကားထဲသို့ ထည့်ထားလိုက်၏။ လွတ်မြောက်ပြီအထင်ဖြင့် ပြန်လည်ထွက်ခွာလာသည်။ သို့သော် ရာဇဝတ်ဘေး ပြေးမလွှတ်ဆိုသည့်အတိုင်းပင် ထိုသူအဖမ်းခံရသည်။ သူ၏ အဖော်နှစ်ဦးကို ရဲတပ်ဖွဲ့က ရှာဖွေဆဲ ဖြစ်၏။ လောင်းကစားမှုပြုရာက တစ်စနှင့်တစ်စ များပြားလာကာ မရှုနိုင် မကယ်နိုင်ဖြစ်ပြီး လူသတ်မှုအထိကျူးလွန်ခြင်းဖြစ်၏။ လောင်းကစားခြင်းနောက်ဆက်တွဲ ပြဿနာကြီးကြီးပင် ဖြစ်၏။ ဤကဲ့သို့သော အမှုအခင်းတွေ ပြည်တွင်းပြည်ပ၌ မည်မျှများပြားသည်ကို မခန့်မှန်းနိုင်ပေ။

> “လောင်းကစားကြောင့်
> ငွေရ၊ ငွေရှင်
> ဖြစ်သည့်တိုင်အောင်
> “ဖဲသမားသည်သည့် ဘုရားမရှိ” ဟု ဆိုကြသေး၏။
> အထင်သေးစရာ
> နောက်ဆက်တွဲ
> အတွေးအမြင်များဟု
> ပြောရပေမည်။

အလားတူပင် မရှေးမနှောင်းဆိုသလို စင်ကာပူနိုင်ငံထုတ် The Straits Times သတင်းစာကို ဖတ်မိ၏။ Hot Spit ဟု ဆိုရမည့် အမှုအခင်းဖြစ်နိုင်သည့် နေရာငါးခုကို ရဲတပ်ဖွဲ့က ရှောင်တခင် ဝင်ရောက်စစ်ဆေး၏။ ထိုအခါ မှုခင်းဖြစ်ပွားမှုနှင့် ဆက်နွယ်နေသော တရားခံ ၂၇ ဦးကို ဖမ်းဆီးအရေးယူ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့၏။ စိစစ်ကြည့်ရာတွင် မူးယစ်ဆေးဝါးမှုနှင့် အများစုက လောင်းကစားသမားများ ဖြစ်သည်။ ထို့ပြင် ရဲတပ်ဖွဲ့က အလိုရှိနေသူများ ပါဝင်မှုဖြစ်၏။ ခေတ်သစ် လောင်းကစားနည်းတွေက ပိုပြီး စုံလင်ပေရာ တာဝန်ရှိသူများက အမီလိုက်နေရသည်။ မလေးရှားနိုင်ငံတွင် ကွန်ပျူတာဂိမ်းများ မကြာခဏ ဖမ်းဆီးရ၏။ ယင်းဂိမ်းများ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီဟု သိရပေသည်။

ကျွန်တော်တို့ကျေးလက်တွင် နေထိုင်စဉ်က ဖြစ်ပါ၏။ ထိုစဉ်က စပါးတစ်မျိုးသာ စိုက်ပျိုးသည်။ ခြေခင်းလက်ခင်းသာချိန်လည်းဖြစ်၊ စပါးပေါ်ချိန် ငွေပေါ်ချိန်လည်း ဖြစ်ချိန်တွင် လောင်းကစားသူတွေ များပြား၏။ နာရေးကိစ္စများ၌ သာမကဘဲ ချိန်းဝိုင်းများပါ တွေ့ရ၏။ သက်ဆိုင်ရာက တားမြစ်အရေးယူရသည်။ အများအားဖြင့် ဖဲရှုံးကြွေးတင်၊ မိသားစုဘဝပျက်၊ လူလုံးမလှဖြစ်ရသည်။ ထိုအခါ ထွက်ပေါက်ရှာသည့် အခိုးအဝှက်တွေ ထုပြောလာသည်၊ တစ်ဆင့်တက်ကာ ဓားပြမှုတွေ ဖြစ်ပွားသည်။ လူကောင်းက လူဆိုးဘဝရောက်စေ၏။ လောင်းကစားကြောင့် ငွေကြေးရပါကလည်း မခိုင်မြဲတတ်။ လောင်းကစားသမားများ၍ "ဖဲသမားနှင့် နဲ့သမား" စကားဆိုရိုးဖြင့် ခိုင်းနှိုင်းကြပေသည်။ ပိန်လိုက်၊ ဖောင်းလိုက်ဖြစ်ရသည့် ဘဝများကို ကင်ပွန်းတပ်ကြ၏။ လောင်းကစားကြောင့် ငွေရ၊ ငွေရှုံး ဖြစ်သည့်တိုင်အောင် "ဖဲသမားသည်သည့် ဘုရားမရှိ"ဟု ဆိုကြသေး၏။ အထင်သေးစရာနောက်ဆက်တွဲ အတွေးအမြင်များဟု ပြောရပေမည်။

ယခုခေတ်တွင် တစ်လုံးဟုဆိုသော ဘောလုံးလောင်းကစား၊ နှစ်လုံးဟု တွင်သော ဈေးကွက်စီးပွားရေး ထိုင်းနိုင်ငံဖြစ် စတော့ရှယ်ယာထီ၊ သုံးလုံးဟုဆိုသော ချဲထီများက ယဉ်းပါးကြ၏။ ကွန်ပျူတာနည်းပညာခေတ်တွင် ခေတ်သစ်လောင်းကစားတွေက ကာစီနိုလောင်းကစားလုပ်ငန်းကြီးတွေ မြန်မာနိုင်ငံထဲ ဝင်မလာအောင် တားမြစ်ခြင်းက လိုအပ်ဆဲ ဖြစ်ပါ၏။ လောင်းကစားကြောင့် ကြီးပွားသည်ဆိုခြင်းထက် ပြေးလွှားပုန်းအောင်း အခြေမလှဖြစ်ရသည်က တွင်ကျယ်ပေသည်။

ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပွဲ ၂၀၁၄ တွင် လောင်းကစားဖက်သော ငွေကြေးစနစ်ကြောင့် အထိနာကြသည်။ အချို့ တိမ်းရှောင်ကြရ၏။ ရှုံးကြွေးတွေ မဆပ်နိုင်ဖြစ်ရ၏။ မိသားစုဘဝ ပြဿနာ ရင်ဆိုင်ကြရပေသည်။ အပျော်တမ်းလောင်းကစားမှ စီးပွားရေးအသွင် ဝါသနာထုံကာ မွေ့လျော်ခြင်းအဖြစ် အာရုံပြုကြသူများ စီးပွားပျက်ကြောင်း အပေါင်းအစု မှုခင်းဖြစ်ပွားသည်အထိ ကြုံရသည်။ သွယ်ဝိုက်သောနည်းဖြင့် ရုံးရောက်ဂါတ်ရောက် တရားရုံး ရင်ဆိုင်ကြရလေသည်။

စာရေးသူတို့ရွာတွင် ဖဲလောင်းကစားကြောင့် မိမိ ကိုယ်တိုင်သာမက ဆွေမျိုးများအထိ ရိုက်ခတ်သော အနိဋ္ဌာရုံ ဖြစ်ရပ်တွေ ကြားခဲ့ရဖူး၏။ အလွန့်အလွန် ရှားပါးသော ဖြစ်ရပ်ကြောင့် ကြွယ်ဝသူ၊ ထိန်းသိမ်းနိုင်သူ တစ်ဦးတလေသာ ရှိပေမည်။ ပြောလျှင် ယုံစရာတော့မရှိ။ အဖြစ်မှန်ဟု ဆိုရသည့် အကြောင်းတစ်ခု ရှိဖူး၏။ ဆယ်စုနှစ်နှစ်ခုလောက်က ဖြစ်လေသည်။ ဆင်းရဲသော မိသားစုတွင် ရှိပေရာ ဆင်းရဲသည့်အထဲ ချဲထီပါ အာရုံပြုသဖြင့် ဘဝများကာ ခက်ခဲကြ၏။ ယင်းအနေအထားတွင် သူတို့မိသားစုဝင်တစ်ဦး အတန်ကြာကာလက သေဆုံးခဲ့ပြီး သူတို့နေထိုင်သည့်တဲ၏ အနီးရှိ သစ်ပင်ကြီးတွင် ရုက္ခစိုးဖြစ်သည်ဆို၏။ တစ်ညတွင် ရုက္ခစိုးက အစ်ကိုကြီးကို ချဲထီအိပ်မက်ပေး၏။ ယုံကြည်စွာဖြင့် ဝန်းကျင်ခိုင်များထံ လျှို့ဝှက်စွာ ဖြန့်ကြက်ထိုး၏။ အချိန်တိုအတွင်း ဖြစ်၏။ ရှိသမျှငွေကြေးတွေ ရင်းနှီးလိုက်၏။ အံ့ဩစွာဖြင့် တိုက်တိုက်ဆိုင်ဆိုင် ချဲထီကိန်းဂဏန်း ကြီးစွာပေါက်၏။ ထိုက်တန်စွာရပြီး အဆင်ပြေ၏။ သူတို့ မြို့တက်ကာ စီးပွားရေးဘဝ ထူထောင်သည်။ ချဲထီကိုလည်း လှည့်မကြည့်တော့။ ဖြတ်တောက်လိုက်၏။ ဤသို့ လောဘကိုသတ်နိုင်သူ ရှားပါးဖြစ်ရပ်ကို အားကျ၍ မဖြစ်ပါ။ တိုက်ဆိုင်မှုက ဝေးကွာလှပါ၏။ ကံဉာဏ်ဝီရိယအစွမ်းသာ ပဓာနကျလေသည်။

မည်သို့ပင်ဖြစ်စေ လောင်းကစားမှုများကား ငွေကြေးစီးပွား ထိပါးဖို့ချည်းဖြစ်၏။ တစ်ဆင့်တက်ပါက ခိုးဝှက်မှု၊ ဓားပြမှု၊ လူသတ်မှုအထိ ကျူးလွန်ကြောင်း စာနယ်ဇင်းများ၌ ပြည့်တွင်းရေ ပြည်ပဖြစ်ရပ်များကပါ လှစ်ဟပြကြပေသည်။ သတိကြီးစွာထားဖို့သာ ဖြစ်၏။

"ရှောင်ကြပါလေ လောင်းကစားမှုခင်းအထွေထွေ"ဟုသာ ပြောလိုပါ၏။

ညွှန့်ဟံ(ကြူတော)

www.burmeseclassic.com

# အကုသိုလ်ဖြားဦး

■ ရေကျော်စိုးအောင်

လူတစ်ကိုယ် စရိုက်တစ်မျိုးလို့ ဆိုထုံးရှိတာက အမှန်။ စရိုက်ဆိုတာက ကျွန်ုပ်အလုပ်ပြီးပြီဆို အပန်းဖြေတဲ့အနေနဲ့ နေညိုချိန်မှာ လေပြေလာရင် ကမ်းနားလမ်းဘက်က အရက်ပုန်းဆိုင်မှာ တစ်ခွက်တစ်ဖလားဆိုသလို သောက်နေကျအကျင့်ဖြစ်နေပြီလို့ဆိုရင်လည်း ဟုတ်တုတ်တုတ်ပါ။

ကျွန်ုပ်အလုပ်က ကုန်တင်ကုန်ချကုန်ထမ်းသမား။ တစ်ကိုယ်တည်းသမားပါ။ အိမ်က သင်္ကန်းကျွန်းဈေးနားမှာ။ နံနက်ပိုင်းမှာ သင်္ကန်းကျွန်းကနေ (၃၉) ကားစီးပြီး မော်တင် ၉ လမ်းထိပ် ရောက်ရင် အလုပ်ဝင်ပေါ့။

အလုပ်ဆိုတာက ပွဲရုံကိုရောက်လာတဲ့ ပွဲရုံက ရောင်းထွက်သွားတဲ့ ကုန်၊ ငါးပိ၊ ငါးခြောက်ကို ထမ်းတင်၊ ထမ်းချပြီးရင် ညနေကျ လုပ်အားခရှင်း။ ကိုယ်လက်သန့်စင် ရေချိုးပြီးမှ အပန်းဖြေငါးရံ့မှင်းစည်းစိမ်ဆိုလား ဘာလားပေါ့။ တစ်မော့တစ်ငုံမော့ပြီးမှ ကားချောင်တဲ့အခြေအနေကြည့်ပြီးမှ အိမ်ဘက်ပြန်ရတာက နေ့စဉ်လိုလိုပါ။

ဖြစ်ချင်တော့ ဒီနေ့မှာ ပွဲရုံက လုပ်ဖော်ကိုင်ဘက်တွေနဲ့ တစ်ပတ်တစ်ခါစုပြီး မဲနှိုက်တာ ကျွန်ုပ်ပေါက်တယ်။ လူက ၁၂ ယောက်။ တစ်ယောက်တစ် နေ့ငါးကျပ် စုစုပေါင်းငွေ ၆၀ ကျပ်။ တစ်ပတ်စာဆိုတော့ ၄၂၀ (လေးရာ့နှစ်ဆယ်) စုငွေနဲ့ လျှော့ငွေနုတ်တော့ ရငွေက လေးရာကျပ်တိတိ။ ဒီနေ့ရတာက လုပ်အားခလေးဆယ်ဆိုတော့ စုစုပေါင်း ၄၄၀ ကျပ်လောက်ဆို ကြယ်မြင်၊ လမြင်ဖြစ်နေတဲ့ အိမ်ခေါင်မိုးကို ခနိမိုးရဖို့ ကြံလာတော့ ဝမ်းသာရပြီပေါ့။

ကျွန်ုပ်က ကျွန်ုပ်ရဲ့ခွေးနံ့၊ အရက်နံ့နံ့မှာစိုးလို့ အပြန်ကားကို လူချောင်မှစီးပြန်နေကျ။ ဒီနေ့မှမျှား ကျွန်ုပ်ပြန်တဲ့ကားမှာက ကားပတ်စီးလာတဲ့ ဘုန်းတော်ကြီးတစ်ပါးရယ်၊ ကျွန်ုပ်ရယ်ဆိုတော့ ထိုင်ခုံကသုံးယောက်တန်းဆိုတော့ တစ်ယောက်နေရာက လပ်နေတယ်။

ဒီအချိန်မှာ ကားပေါ်တက်လာတာက သနပ်ခါးရည်ကျဲပါးပါး လိမ်းထားတဲ့ အသားဖြူဖြူနဲ့ဆိုတာ သတိထားမိတယ်။ ပြီးတော့ ကိုယ်လုံးကိုယ်ပေါက်ကလည်း ကြည့်ပျော်ရှုပျော်မို့ ကျွန်ုပ်ဘေးက နေရာလွတ်တဲ့ဘက် ရွှေ့ပေးလိုက်ပြီး ကျွန်ုပ်က ဘုန်းတော်ကြီး ဘေးကပ်ပေးပြီး -

"လာလာ ဦးနားကပ်လာထိုင်"

"ဦး သမီးထိုင်ရမလား"

တဲ့။ ကျွန်ုပ်ဘေးရောက်တယ်ဆိုရင် အိညက်နေတဲ့ သူ့အသားလေးတွေက ကျွန်ုပ်မိန်းမမယူခဲ့တဲ့အတွက် စိတ်တွေကို ဆွနေသလိုပဲ။ ဒါနဲ့ စိန်ပေါလ် မှတ်တိုင်မှာ ကျွန်ုပ်ဘေးက ဘုန်းတော်ကြီးက ဆင်းသွားတော့ ကျွန်ုပ်နဲ့ ကောင်မလေးရယ်၊ ဘေးက ခုံတန်းတွေက ကားစီးပရိသတ်တွေရယ်ဆိုတော့ ကျွန်ုပ်စိတ်ကို ရိပ်မိပြီလားပေါ့။

ကောင်မလေးက သူ့မှာ ရည်းစားရှိကြောင်း ဘာညာသာရကာ ခြွေတာပေါ့။ ဒီအချိန်မှာ ခါးပိုက်နှိုက်ဆိုတဲ့ အသံကြားလိုက်ပြီး အော်တဲ့သူက ရှေ့က လူနှစ်ယောက်ကို အထင်မှားအောင် စွပ်စွဲပြီး ရဲစခန်းမောင်းခိုင်းတယ်။ စခန်းအရောက်မှာ လူနှစ်ယောက်က ရဲအမှုထမ်း။ အော်တဲ့သူက ခါးပိုက်နှိုက်ဆိုလားပဲ။

ဒီခါးပိုက်နှိုက်ဆိုတဲ့ အသံကြားလေ ကောင်မလေးက ကျွန်ုပ်နားကပ်လေပေါ့။ သူ့မှာ နှလုံးရောဂါရှိကြောင်း၊ ဆရာဝန်ကပြောကြောင်း၊ ကျွန်ုပ်ကိုပြောပြောပြီး ကပ်ပေါ့။ ကြာရင် ခက်လှချေရဲ့ဆိုပြီး တာမွေ မြခွာညိုဆိုင်ဘေးက မှတ်တိုင်ဆင်း။ မြခွာညိုဆိုင်ထဲ တန်းဝင်ပြီး -

"ကဲ...ညီမလေး တစ်ပိုင်းပေး။ ပဲကြော်သုပ်ကို သံပရာရည်ညှစ်ပေး"

ပြောပြောဆိုဆို မှာသောက်ပြီး ငွေရှင်းဖို့ အိတ်နှိုက်လိုက်မိစဉ်မှာ အိတ်ထဲက မဲပေါက်တဲ့ပိုက်ဆံနဲ့ လုပ်အားခ ၄၄၀ (လေးရာ့လေးဆယ်)လုံးလုံး အတောင်ပေါက်သွားပါနတ္တုပါရဲ့။

ဩော်...အထိအတွေ့ တဏှာစိတ်က ကျွန်ုပ်ကို အနိုင်ရသွားပြီပေါ့။ ကျွန်ုပ်စိတ်က -

"သေချင်းဆိုးမလေး ဒင်းပဲဖြစ်မယ်"

ဟုဆိုပြီး တောက်ခေါက်လိုက်သံက ညဦးအမှောင်မှာ ညံသွားပြီပေါ့။

**ရေကျော်စိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com



# ထိန်းသိမ်းမှု

**စိုးယဉ်ထွန်း**

ယနေ့ခေတ်၏ ဝန်းကျင်တွင် အမြင်အတွေ့များကိုကြည့်ပြီး တရားရကြသူများရှိသလို၊ ကဲ့ရဲ့ပြုံးရယ်ပွဲဖွဲ့သူများလည်းရှိပြီး၊ မျက်နှာမဲ့ကြသူများလည်း ရှိသည်။ ပလက်ဖောင်းဖျက်၍ အစီးရေတိုးလာသော ကားများအတွက် ကားရပ်နားရန် ချဲ့ပေးလိုက်သည့် နေရာတွင် လမ်းဘေးဈေးသည်တို့က မောင်ပိုင်စီး၍ နေရာယူလိုက်သည်။

လမ်းအသွားအလာကို အတော်ပင် ဂရုစိုက်၍ကြည့်ပြီး သွားရသည်။ ဖုန်းပြောရင်း ဝင်တိုက်မိမှာကိုလည်း ကြည့်ရှောင်ရသည်။

"လမ်းသွားလမ်းလာတွေကို ကြည့်ပြီး ကိုယ့်လူက ရေးကွက်ရှာနေတာလား"

"ရေးကွက် မဟုတ်ပါဘူးဗျာ။ ပလက်ဖောင်းကျဉ်းပြီး ကွန်ပျူတာ၊ အင်တာနက်၊ အီး(လ်)မေးနဲ့ ကာရာအိုကေ လူမှုရေစီးကြောင်းတွေ ဘယ်လောက်ပဲ တိုးတက်ပြောင်းလဲပါစေ ဘယ်တော့မှ မပြောင်းလဲတဲ့ လူဖြစ်စဉ်အစ ယဉ်ကျေးမှုကို ယနေ့အထိ မိန်းကလေးတွေ ဆက်ပြီးထိမ်းနိုင်တာကို ကြည့်မြင်မိလို့ပါ"

"ဘာတွေလဲဗျာ လူဖြစ်စဉ်အစ ယဉ်ကျေးမှုဆိုတာ"

"ခေတ်တွေ၊ စနစ်တွေ ဘယ်လိုပြောင်းပြောင်း ကျွန်တော်တို့ လူမျိုးတွေက ကျောက်ခေတ်အစ လူဖြစ်စဉ်ကို မဖျောက်ဖျက်ဘူး"

"ကျောက်ခေတ်နဲ့ အခုခေတ် အကွာကြီးပါဗျာ"

"ခင်ဗျားဗျာ ဒီလောက်လမ်းထွက်နေတာ၊ ကောင်မလေးတွေဝတ်တာ မြင်တယ်မို့လား"


"ဗျာ . . ."

**စိုးယဉ်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပုဆိုးတစ်ချက် ဇာဝင်ထွက်

## မောင်မောင်(ပီတောက်မြေ)

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်ရဲစခန်းအပိုင် ရွာကလေးတစ်ရွာတွင် ဗမာလူမျိုးများနှင့် ကရင်တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်။ လူနေအိမ်အနည်းငယ်မျှသာ ရှိသည်။ အများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ အနည်းစုမှာ ကြက်၊ ဘဲ၊ ငါးဖား စသည်များ ရောင်းဝယ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ထိုအထဲတွင် ကိုထွန်းကြိုင်နှင့် နော်အေးသာတို့ လင်မယားလည်း ပါသည်။

နော်အေးသာက စီးပွားရေးအကွက်မြင်သည်။ လောဘလည်းရှိသည်။ စိတ်မြန်လက်မြန် လုပ်တတ်သူလည်း ဖြစ်သည်။ ငွေရနိုင်သည့် လုပ်ငန်းဟူသမျှ လက်လွတ်မခံ။ ကိုထွန်းကြိုင်က ရွာစဉ်လည်၍ ကြက်၊ ဘဲ၊ ဝက်စသည်များ ဝယ်သည်။ မြို့တက်ရောင်းသည်။ တွက်ခြေကိုက်မည်ဆိုပါက ကိုယ်တိုင်သတ်၍ ရွာစဉ်လိုက်၍ ရောင်းသည်။

ကိုထွန်းကြိုင်က အာသွက်လျှာသွက်ပျော်ပျော်နေတတ်သည်။ အရက်ကလေးဝင်လာလျှင် ဝက်သားရောင်းထွက်လာပါက မတောက်တစ်ခေါက်သီချင်းလေးပင် ဆိုလိုက်သေးသည်။

"ဝက်သားတွဲကိုထမ်းပါလို့ ရွာရိုးကိုတဲ့ လျှောက်လာပြီဗျို့။ အိမ်ကြီးရှင် ကိုသူဋ္ဌေးတို့ရယ် အလိုကွယ် ... ဝယ်ကြပါဦး"

သည်အသံကြားလျှင် ကိုထွန်းကြိုင် ဝက်သားရောင်းထွက်လာပြီဆိုတာ လူအများသိကြသည်။ ကိုထွန်းကြိုင်က ဝက်သားရောင်းရာတွင် အပြောကောင်းသည်၊ နှုတ်ချိုသည်၊ လက်ကလည်းသာသည်။ ငွေမလွယ်သေးလျှင် အကြွေးပေးသည်။ သည်အခါ ကိုထွန်းကြိုင်အတွက် ရောင်းကောင်းသည်။ တွက်ခြေကိုက်သည်။

နော်အေးသာကလည်း စီးပွားရေးအကွက်မြင်သူပီပီ ကြက်သတ်၊ ဘဲသတ် မြို့တက်ရောင်းသည်။ ဝယ်သူရှိလျှင် အိမ်မှာလည်းရောင်းသည်။ တစ်ဖက်ကလည်း အရက်ကိုယ်တိုင်ချက်၍ အရက်ပုန်းရောင်းသေးသည်။

သူတို့အရက်ပုန်းဆိုင်တွင် လူပြတ်သည်မရှိ။ စီးပွားရေးကို အကွက်မြင်သူများပီပီ အရာရာကို ခွင့်လွှတ်သည်းခံကြသည်။ ညဉ့်နက်သန်းခေါင်လာနှိုးလျှင်လည်း ထရောင်းပေးသည်။ ငွေမပါသေးလျှင်လည်း အကြွေးရောင်းပေးသည်။ တစ်ခုတော့ရှိသည်။ မှန်မှန်တော့ပြန်ဆပ်ရသည်။ နော်အေးသာက မဟုတ်မခံ။ ဆတ်ဆတ်ကြဲထဲက ဖြစ်သည်။ ငွေနဲ့ပတ်သက်လာလျှင်တော့ လုံးဝအလျှော့မခံ။ သူတို့တွင် သားမရှိ။ သမီးမရှိဆိုတော့ ကုန်ကျစရိတ်ကနည်းသည်။ စီးပွားရေးလေးက ကောင်းသဖြင့် နွားနှင့်၊ လှည်းနှင့် ဖြစ်လာသည်။

အကြွေးလည်းရ၊ အချိန်မရွေးလည်းဝယ်ရသည့်အတွက် သူတို့အိမ်ဆိုင်လေးတွင် လူပြတ်သည်မရှိ။ လူများတော့ စကားများသည်။ မူးလာလျှင် ခိုက်ရန်ဖြစ်တတ်ကြသည်။ ရမ်းသူကရမ်းသည်။ ကြမ်းသူကကြမ်းသည်။ ထိုးကြ၊ ကြိတ်ကြ၊ ရိုက်ကြ၊ နှက်ကြလည်း ရှိတတ်သည်။ ထိုအထဲတွင် မူးလာလျှင် သွေးအဆိုးဆုံးက ဆိုးပေဆိုသူဖြစ်သည်။

ဆိုးပေက မိဘများ အသင့်အတင့်ပြည့်စုံပြီး တစ်ဦးတည်းသောသား ဖြစ်သည်။ မိဘများက အလိုလိုက်လွန်းရာက ငါမနိုင်မသား ဖြစ်သွားသည်။ ပြောမကောင်း၊ ဆိုမကောင်းနှင့် ပြောစကားလည်း နားမထောင်။ ကျောင်းလည်းထားမရ။ လေးတန်းမျှပင် မအောင်ဘဲ ကျောင်းထွက်ခဲ့သူဖြစ်သည်။

ငယ်ငယ်ကပင် ဆိုးလွန်း၊ ပေလွန်းသဖြင့် မိဘများပေးထားသော မောင်လှအောင်အမည်ပျောက်ပြီး အရပ်ထဲက ဝိုင်းဝန်းခေါ်ဆိုကြသော



www.burmeseclassic.com

www.burmeseclassic.com

ဆိုးပေအမည် ရောက်ခဲ့ရသည်ဟု အဆိုရှိသည်။

မိုက်တဲ့နေရာမှာ ကမ်းကုန်သည်ဟု ဆိုရပေမည်။ ငယ်ငယ်က သစ်ပင်ကြီးတစ်ပင်ပေါ်မှ တွဲကျနေသော ခွေးတောက်နွယ်ကြီးကို ကစားဖော်များနှင့် အတူ ဟီးလေးခို ဆော့ကစားနေကြစဉ် ဆိုးပေအလှည့်ရောက်သည့်အခါ ခပ်မြင့်မြင့်သို့ တွယ်တက်သွားသည်။ ဝိုင်းကြည့်နေကြသော လူရွယ်များက နောက်ပြောင်လျက် မြှောက်ပေးလိုက်သည်။

"ဟေ့ . . ဆိုးပေ၊ မင်း သတ္တိရှိရင် အဲဒီနွယ်ကြိုးကို ဖြတ်ချရဲလား"

"ကြည့်လိုက်လေ . . . ကြာသလားလို့"

ဆိုးပေက မခံချင်စိတ်ဖြင့် ပြန်ပြောလိုက်ပြီး သူသွားလေရာပါနေကျ မောင်းချခါးကို အိတ်ထဲက နှိုက်ယူလျက် နွယ်ကြိုးကို ဖြတ်ချလိုက်ရာ အောက်မှကြည့်နေကြသော လူရွယ်များပင် တားချိန်မရလိုက်။ နွယ်ကြိုးရော ဆိုးပေပါ ပြုတ်ကျသွားတော့သည်။ တော်သေးသည်က အောက်မှာ ဖွဲပုံရှိနေပေလို့ အသက်ရှင်ခွင့်ရသွားသည်။ ဤမျှ တစ်စောက်ကန်း မိုက်တွင်းနက်သော ဆိုးပေ ဖြစ်သည်။

ဆိုးပေ အရွယ်လေးရောက်လာသည့်အခါ မိုက်တွင်းက ပိုနက်လာသည်။ အရက်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်းတို့သည် သူပျော်မွေ့ရာ နေရာဖြစ်လာသည်။ ကိုထွန်းကြိုင်နှင့် နောအေးသာကို မူးလာလျှင် ရမ်းသည်။ ကြမ်းသည်။ လူက သေးသေးညှက်ညှက် ပိန်ပိန်သေးသေး၊ မည်းမည်းခြောက်ခြောက် မလောက်လေးမလောက်စား ဖြစ်သည်။ သို့သော် စိတ်ကမြန်သည်။ လက်ကယဉ်သည်။ ထစ်ခနဲဆို သူက ဦးအောင် တွယ်ထည့်လိုက်သည်သာ ဖြစ်သည်။

တစ်နေ့တွင် ဆိုးပေ အရက်ရှိန် လေးရလာပြီ ဖြစ်သည့်အချိန် နော်အေးသာက အရက်ကြွေးတောင်းရာမှ စကားများကြသည်။ ကိုထွန်းကြိုင်က ဝင်ရောက်ဖျန်ဖြေစဉ် ဆိုးပေက ပုလင်းနှင့်ရိုက်လိုက်သဖြင့် ကိုထွန်းကြိုင် ဆေးရုံရောက်သွားခဲ့ရသည်။ ဆိုးပေက အချုပ်ထဲရောက်သွားသည်။ ထောင်ခြောက်လပင် ကျသွားခဲ့သည်။

★ ★ ★

ဆိုးပေ ထောင်ကထွက်လာသည့်အခါ နောင်တမရဘဲ 'ထောင်ထွက် ဆိုးပေကွ'ဟူသော ဂုဏ်ပုဒ်ကို သူ့ဟာသူခံယူလျက် ခြေဖျားပိုထောက်လာသည်။ အများစုကတော့ စကားနည်းရန်စဲ သဘောမျိုးဖြင့် အလိုက်သင့်နေလိုက်ကြသည်။ ကိုထွန်းကြိုင်နှင့် နော်အေးသာတို့ကလည်း အရက်ပုန်းရောင်းဆဲ။ ဆိုးပေကလည်း သောက်မြဲ။ အရက်မူးလျှင် ရမ်းချင်သည်။ ရိချင်သည်။ စီကနဲဆို ဆိုးပေ ပါစမြဲဖြစ်သည်။ နော်အေးသာက အံတကြိတ်ကြိတ်ဖြင့် မျက်စောင်းတခဲခဲ ဖြစ်နေသည်။

"သည်းခံပါမိန်းမရယ်။ သူကတို့ဖောက်သည်ကြီး မဟုတ်လား။ ပြီးတော့ တစ်ရွာတည်းသားချင်းဆိုတော့လည်း ခွင့်လွှတ်ရမှာပေါ့"

ဒါက ကိုထွန်းကြိုင်၏ ပြောဆိုနေကျ နှစ်သိမ့်စကားဖြစ်သည်။

"ဟုတ်ပါတယ် ယောကျာ်းရယ်။ ကျွန်မတို့က ဒီလုပ်ငန်းနဲ့ ငွေရှာနေရတာ မဟုတ်လား။ နောက်ပြီး ဆိုးပေက အရင်ဆိုးပေ မဟုတ်တော့ဘူး။ ထောင်ကတောင် တစ်ခေါက်ပြန်လာတာဆိုတော့ ကြောက်စရာကြီးတော့။ သတိတော့ထားရမယ်"

★ ★ ★

ကဆုန်၊ နယုန်ဆိုတော့ . . . အနောက်တောင် မုတ်သုန်ဒလက ဝင်လာပြီဖြစ်သည်။ မုတ်သုန်လေနှင့်အတူ မိုးဖွဲကလေးကလည်း ပါလာပြီဖြစ်သည်။ သစ်ပင်ပန်းပင်တို့သည်လည်း ရွက်နုကလေးများထွက်ကာ စိမ်းလန်းစိုပြည်လျက် ရှိကြသည်။ လယ်ကွင်းပြင်များတွင်လည်း မြက်နုကလေးများဖြင့် စိမ်းစိုလျက် မြေနုံ့လေးများ သင်းနေသည်။

မိုးဦးကျ လေဦးကျတွင် ဆိုးပေ တစ်ယောက် ရုတ်တရက်ပျောက်နေသည်။ မိဘများက စိုးရိမ်ပူပန်စွာဖြင့် ရဲစခန်းတွင် လူပျောက်တိုင်တန်းကြသဖြင့် ရဲစခန်းက လူပျောက်ဖိုင်ဖွင့်လျက် စုံစမ်းလျက်ရှိသည်။

ဆိုးပေပျောက်သွားပြီး သုံးလေးရက်အကြာတွင် ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် လူရွယ်တစ်ယောက်တို့ ရဲစခန်းသို့ ရောက်လာကြသည်။

"ဥက္ကဋ္ဌကြီး ဦးစိန်ဝင်းတို့ပါလား။ ထိုင်ကြဗျာ . . . ဘာများအကူအညီပေးရမလဲ"

စခန်းမှူး ဦးကံထူးက ခရီးဦးကြိုပြုသည်။

"ဆရာထူးရေ . . . အကူအညီတောင်းဖို့ လာတာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အကူအညီပေးဖို့လာတာပါ။ သတင်းကတော့ နည်းနည်းထူးတယ် ဆိုရမှာပဲ။ ဆိုးပေပျောက်နေတာနဲ့ ဆက်စပ်နေသလားတော့မသိဘူး။ အသေးစိတ်ကိုတော့ ဟောဒီလူငယ် စောဝင်းလွင်က ပြောပြလိမ့်မယ်။ မေးသာကြည့်ပေတော့ဗျာ''

''ကဲ ...မောင်စောဝင်းလွင်၊ မင်းသိတာမြင်တာ၊ ထူးခြားတာတွေ ပြောစမ်းပါဦးကွာ''

''ကျွန်တော် ဒီနေ့မနက် ဟင်းသီးဟင်းရွက်ရယ်၊ မြက်ကြားမှိုရယ်၊ မှိုအုံးနက်ရယ် ရလိုရငြား လယ်ကွင်းထဲ ထွက်လာခဲ့ပါတယ်။ ရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့ တောစပ်တစ်နေရာကို ရောက်သွားခဲ့တယ်။ ချောင်းရိုးလေးတစ်ခု ဘေးနားက ကုန်းလေးတစ်ခုမှာ ခွေးလေးတစ်ကောင် မြေကြီးကို ယက်လိုက် 'ဝုတ် ...ဝုတ်'နဲ့ဟောင်လိုက် လုပ်နေတာကို ခပ်လှမ်းလှမ်းက မြင်နေရပါတယ်''

''ဆက်ပြောပါဦး''

''ဟုတ်ကဲ့ ကျွန်တော် အဲဒီအနားကို သွားကြည့်ပါတယ်။ ခွေးကလေးက ထွက်ပြေးသွားတယ်။ ကျွန်တော် သတိထားကြည့်လိုက်တော့ အဲဒီခွေးလေးဟာ ဆိုးပေရဲ့ခွေးလေး ဖြစ်နေတယ်။ ဒါနဲ့ ခွေးလေးယက်နေတဲ့ နေရာကို ကြည့်လိုက်တော့ အသစ်တူးထားတဲ့ မြေပုံသုံးပုံတွေ့ရပါတယ်။ မြေတွင်းက သိပ်နက်ပုံမပေါ်ပါဘူး။ ခွေးလေးယက်ထားတဲ့ မြေတွင်းမှာ ပီနံအိတ်စလိုလို၊ ပလတ်စတစ်စလိုလို အဖြူစလေး ပေါ်နေတယ်။ အပုပ်နံ့ကလည်း စူးစူးဝါးဝါးကြီးပါပဲဗျာ''

''ဒါနဲ့ ကျွန်တော် ရွာပြန်ပြေးလာပြီး ဥက္ကဋ္ဌ ဦးလေးစိန်ဝင်းကို ပြောပြလိုက်တယ်။ ဦးလေးစိန်ဝင်းက ရဲစခန်းကို သွားပြောကြမယ်ကွာ ဆိုတာနဲ့ ကျွန်တော်လိုက်လာခဲ့တာပါ''

''ဥက္ကဋ္ဌကြီးရေ ..ကောင်းလိုက်တဲ့ သတင်းဗျာ။ လောကအလိုအရကတော့ အမင်္ဂလာသတင်းလို့ ဆိုကြမှာပဲ။ မှုခင်းများစုံစမ်းဖော်ထုတ်နေရတဲ့ ကျွန်တော်တို့အတွက်ကတော့ မင်္ဂလာသတင်းကောင်းပေါ့ဗျာ''

''ဆရာထူး ...အဲဒီနေရာက ဆိုးပေကိုသတ်ပြီး မြှုပ်ထားတဲ့နေရာများ ဖြစ်နေသလားပဲ။ ဘာကြောင့်လဲဆိုတော့ ဒီခွေးလေးဟာ ဆိုးပေအလွန်ချစ်တဲ့ ခွေးလေးဗျ။ ကုန်ကုန်ပြောရရင် ဆိုးပေက သူ့ခွေးလေးနဲ့ စားအတူ၊ အိပ်အတူ နေတာဗျ။ သူသွားလေရာလည်း ခွေးလေးက ပါစမြဲဗျ''

''အဲဒါ သတင်းကောင်းပေါ့ဗျာ။ ကျွန်တော်တို့ အချိန်ဆွဲနေလို့ မဖြစ်ဘူး။ အချိန်ရှိတုန်း အဲဒီနေရာကို အမြန်သွားကြမယ်''

''ကောင်းပြီလေ။ ကျွန်တော်တို့မှာ နွားလှည်းပါတယ်။ အတူသွားကြတာပေါ့''

စခန်းမှူး ရဲအုပ်ကံထူးက နယ်ထိန်းအဖွဲ့ပါခေါ်လျက် အခင်းဖြစ်အရပ်သို့သွားကြသည်။ စောဝင်းလွင်ပြော သည့်အတိုင်းပါပဲ တောတန်းလေးတစ်နေရာတွင် အသစ်စက်စက်တူးထားသော မြေပုံလေးသုံးပုံကို တွေ့ရသည်။ ခွေးကလေးယက်ထားသောနေရာမှ အပုပ်နံ့က စူးစူးဝါးဝါးထွက်နေသည်။ အခြေအနေကတော့ ထူးခြားနေသည်မှာ အမှန်ဖြစ်သည်။

စခန်းမှူး ရဲအုပ်ကံထူး ရဲစခန်းသို့ အမြန်ပြန်ရသည်။ မြို့နယ်တရားသူကြီးနှင့် မြို့နယ်ဆရာဝန်ကြီးတို့ထံ တင်ပြ အကူအညီတောင်းရသည်။ သက်သေလူကြီးများနှင့်အတူ မသင်္ကာစရာ မြေတွင်းသုံးခုကို တူးဖော်ကြည့်ကြသည်။ ဆိုပေမှ ဆိုးပေအစစ်ဖြစ်နေသည်။ ခန္ဓာကိုယ်ကို အပိုင်းပိုင်းခုတ်ဖြတ်၊ ပီနီအိတ်များဖြင့်ထည့်လျက် သုံးနေရာ ခွဲမြှုပ်ထားခြင်းဖြစ်သည်။

ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းကို တရားလိုလုပ်စေ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ–၃၀၂ (လူသတ်မှု)ဖြင့် တိုင်ချက်ဖွင့် စုံစမ်းစစ်ဆေးခဲ့သည်။

★ ★ ★

ဆိုးပေ အသတ်ခံရတာလည်း မှန်သည်။ အလောင်းလည်းတွေ့သည်။ လူသတ်တရားခံက ဘယ်သူလဲ။ ၎င်းကောင်းဖြစ်နေသည်။ အခင်းဖြစ်စဉ်က ကြား၊ သိ၊ မြင်တွေ့ရသော သက်သေကမရှိ။ စခန်းမှူး ရဲအုပ်ကံထူး ဦးနှောက်စားခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ လူသတ်တရားခံ ဖမ်းဆီးရမိရေးသည် ရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်ဖြစ်သည်။ စခန်းမှူးရဲအုပ်ကံထူး ကြိုးစားဖော်ထုတ်ရပေဦးမည်။

အကြမ်းမျဉ်း စဉ်းစားပုံဖော်ကြည့်ရာတွင် အလောင်းကိုခုတ်ထစ်လျက် သုံးနေရာမြှုပ်ထားခြင်းသည် တစ်ဦးတစ်ယောက်တည်းတော့ မဖြစ်နိုင်။ နှစ်ဦး–သုံးဦးလောက်တော့ ဖြစ်နိုင်သည်။ ပြစ်မှုကျူးလွန်သူများသည် လက်ရဲ၊ ဇက်ရဲ အတွေ့အကြုံရှိသူများလည်း ဖြစ်နိုင်သည်။

ခက်နေသည်က သက်သေ



www.burmeseclassic.com

www.burmeseclassic.com

အထောက်အထား တစ်စွန်းတစ်စမရ ဖြစ်နေသည်။ နောက်တစ်ကြောင်းကလည်း သေဆုံးသူဆိုးပေကို အများစုက မေတ္တာကင်းမဲ့နေခြင်းဖြစ်သည်။ တချို့က "ဒီကောင်သေတာ ကောင်းတယ်။ နောက်တောင်ကျသေးသည်" ဟု တီးတိုးဆိုကြသည်။ ဤအခြေအနေမျိုးတွင် သက်သေအထောက်အထားရရန် ခဲယဉ်းလှသည်။ ဆိုးပေကလည်း ဆိုးပေပင်။ ထောင်ကထွက်လာကတည်းက ရွာသားများအပေါ် မထီမဲ့မြင်ပြုသည်။ အချင်းချင်းအပေါ် ဗိုလ်ကျချင်သည်။ မူးလာလျှင် အကြောင်းမဲ့ရမ်းသည်။

စခန်းမှူး ရဲအုပ်ကံထူး ဤအမှုအတွက် အမျိုးမျိုး စဉ်းစားနေရသည်။ တရားခံက နီးလျက်နှင့် ဝေးနေသလိုဖြစ်နေသည်။ သူ စီးကရက်တစ်လိပ်ကို မီးညှိလျက် မီးခိုးများကို ဖွာထုတ်လျက် စဉ်းစားနေမိသည်။

★ ★ ★

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ ဆရာ"

"ဘယ်သူလဲဟေ့ ဝင်ခဲ့"

ရဲတပ်သားရှိန်လေးက စခန်းမှူးရုံးခန်းရှိ ဆင်နားရွက်တံခါးကို တွန်းလျက်ဝင်သွားသည်။ သူတိအနေအထားဖြင့် အလေးပြုလိုက်သည်။

"ရှိန်လေးပါလား။ ဘာသတင်းပို့စရာရှိလို့လဲ"

"ကျွန် ... ကျွန်တော် မိန်းမယူတော့မလို့။ အဲဒါ လက်ထပ်ခွင့်အမိန့်လိုချင်လို့ပါ ဆရာ"

ရဲတပ်သားရှိန်လေးက ထစ်ထစ်ငေါ့ငေါ့ဖြင့် သတင်းပို့လိုက်ခြင်းဖြစ်သည်။ စခန်းမှူးက သောက်လက်စစီးကရက်ကို ဆေးလိပ်ပြာခွက်ထဲသို့ ထိုးခြေလိုက်ပြီး ခပ်ညင်းညင်းလေသံဖြင့် ပြောလိုက်သည်။

"အမယ်လေး ရှိန်လေးရာ။ ဒီမှာ လူသတ်မှုအတွက် တရားခံဖမ်းမိရေးအတွက် ဦးနှောက်စားနေရတဲ့အထဲ မင်းကတစ်မျိုး့။ စဉ်းစားထားတာတွေတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး။ မိုးထဲလေထဲကျမှ မင်းက အလေသုံးဆယ်ဖြစ်လာတာ ဘယ်လိုဖြစ်တာလဲကွာ"

"ဒီလိုပါဆရာ။ ကျွန်တော့်ကောင်မလေးက အတင်းခိုးခိုင်းနေလို့ပါ"

"ဟ .. ဘယ်လိုဖြစ်တာလဲ မင်းကောင်မလေးက ဘယ်သူလဲ။ ဘယ်သူ့သမီးလဲ။ ဘယ်မှာနေတာလဲ။ အသက်ကော ပြည့်ရဲ့လား။ အသက်မပြည့်သေးရင်တော့ မင်းအလုပ်ပြုတ်ရုံမကဘူး ထောင်ပါကျသွားနိုင်တယ်နော် နားလည်လား"

"သူ့နာမည်က မသေးကြိုင်ပါ။ မိဘမရှိတော့ပါဘူး။ ဦးလေးတွေ၊ အဒေါ်တွေနဲ့ နေပါတယ်။ အသက်ကလည်း ကျွန်တော့်ထက် တစ်နှစ်ပဲငယ်တယ်ဆိုတော့ ၁၉ နှစ်လောက်ရှိပါပြီ"

"နေစမ်းပါဦး မင်းကောင်မလေးက အတင်းခိုးခိုင်းနေတယ်ဆိုတော့ မင်းတို့ဟာ ကျူးကျူးလွန်လွန်တွေများ ဖြစ်နေလို့လား"

"မ ... မဟုတ်ပါဘူးဆရာရယ်။ ကျွန်တော်က သူ့အပေါ် ရိုးရိုးသားသား ဖြူဖြူစင်စင်နဲ့ ချစ်ခဲ့တာပါ။ သစ္စာလည်းရှိပါတယ်"

"တော်စမ်းပါ ရှိန်လေးရာ။ မင်းဂုဏ်ဒြပ်တွေ ညွှန်းမနေစမ်းပါနဲ့။ လိုရင်းကို ပြောစမ်းပါ"

"ဒီလိုပါ ဆရာ။ ကျွန်တော့်ကောင်မလေးနေတဲ့ အိမ်နဲ့ ဒေါ်နော်အေးသာတို့အိမ်နဲ့က မျက်စောင်းထိုးသိပ်မဝေးကြဘူး"

"ဘာလဲ၊ ကြက်ဘဲသတ်ရောင်းတဲ့ နော်အေးသာလား"

"ဟုတ်ပါတယ် ဆရာ"

"ဆက်ပြောပါဦး"

"လွန်ခဲ့တဲ့ သုံးရက်လောက်က ကျွန်တော့်ကောင်မလေးအိမ်မှာ တစ်ယောက်တည်းရှိနေတယ်။ ညနေ ၅ နာရီလောက်မှာ ဒေါ်နော်အေးသာ သူ့အိမ်ပေါ်ကဆင်းလာပြီး ထင်းခွဲတဲ့ပုဆိန်ကြီးယူပြီးတော့ အိမ်ပေါ်ပြန်တက်သွားတာ မြင်လိုက်ရတယ်တဲ့"

"အိမ်ပေါ်ရောက်တော့ တံခါးတွေပိတ်သွားတာ တွေ့ရတယ်တဲ့။ ခဏကြာတော့ ဒုံးခနဲ အသံကြီးကြားလိုက်ရတယ်တဲ့။ တော်တော်လေးကြာတော့ ဒေါ်နော်အေးသာက အထုပ်ဖြူကြီးတစ်ထုပ် မယူလာပြီး နွားလှည်းပေါ် တင်လိုက်တယ်တဲ့။ တစ်ထုပ်ပြီး တစ်ထုပ် သုံးထုပ်တောင် တွေ့လိုက်ရတယ်တဲ့။ ပြီးတော့ လှည်းကိုနွားတပ်လျက် မောင်းထွက်သွားတာ မြင်လိုက်ရတယ်တဲ့"

"အဲဒီကိစ္စကို မင်းကောင်မလေးက လူကြီးတွေကို ပြောမပြဘူးတဲ့လား"

"သူလည်း ကြောက်တာနဲ့ ဘယ်သူ့ကိုမှ မပြောဘူးတဲ့။ ထူးခြားတာက အဲဒီရက်နောက်ပိုင်းမှာ ဆိုးပေရဲ့ခွေးလေးက ဒေါ်နော်အေးသာတို့အိမ်ကိုကြည့်ပြီး ဟောင်နေတတ်တယ်။ ညဘက်ဆိုရင် အိမ်ရှေ့ကလာ



www.burmeseclassic.com

www.burmeseclassic.com

ပြီး အူနေတတ်တယ်တဲ့။ ဒေါ်နော်အေးသာကို မြင်ရင်လည်း အရမ်းဟောင်တာပဲဆိုပဲ''

''ကောင်းလိုက်တဲ့ သတင်းကွာ။ စောစောက ငါ့ကို ဘာကြောင့်သတင်းမပို့တာလဲ''

''ကျွန်တော်လည်း အခုမှသိရတာပါ။ မအေးကြိုင်က သူ့ အဲဒီအိမ်နားမှာ မနေရဲတော့ဘူး။ ညဘက်ဆိုကြောက်တယ်တဲ့။ သူ့ကို မြန်မြန်ခိုးပါပြောလို့ ဆရာ့ကို သတင်းပို့တာပါ''

''တယ်ညံ့တဲ့ကောင် ဒီသတင်းမျိုးဆိုတာ အထက်လူကြီးကို အမြန်သတင်းပို့ရတယ်ကွ။ ထားလိုက်ပါတော့ကွာ။ မင်းကိစ္စ နောက်မှ ဆောင်ရွက်ပေးမယ်။ အခု သိပ်အရေးကြီးတယ်။ နယ်ထိန်းခေါင်းဆောင်နဲ့အဖွဲ့ အမြန်သတင်းပို့လို့ ပြောလိုက်။ မြန်မြန်သွား ...''

ထူးခြားတာကတော့
ဆိုးပေခွေးလေးက
ကျွန်မကိုတွေ့ရင်
အရမ်းဟောင်ပါတယ်။
တစ်ခါတစ်ရံ
ကျွန်မတို့အိမ်ဘက်ကို
လှည့်ပြီး
အူနေတတ်ပါတယ်။
အဖြစ်ကတော့
အဲဒါပါပဲ ...

ရဲတပ်သားရှိန်လေး အလေးပြုလျက် အမြန်ထွက်သွားသည်။ စခန်းမှူးရဲအုပ်ကံထူး ခေါင်းတညိတ်ညိတ်ဖြင့် စားပွဲကို လက်ချောင်းကလေးများဖြင့် တောက်ကာ တောက်ကာဖြင့် စိတ်ထဲက ကြိမ်းဝါးလိုက်သည်။

''ပျံလေတဲ့ငှက်ခါး အတောင်မညောင်းမီ မိစေရမယ်''ရယ်လို့။

စခန်းမှူးရဲအုပ်ကံထူးနှင့် အဖွဲ့၊ ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့်အတူ ကိုထွန်းကြိုင်နှင့် နော်အေးသာတို့အိမ်သို့ ရောက်သွားကြသည်။ နော်အေးသာက ဣန္ဒြေမပျက် ပျူငှာစွာ ခရီးဦးကြိုပြုသည်။ ဣန္ဒြေမပျက်သော်လည်း အမူအရာထူးခြားသလိုတော့ ရှိသည်။ ရောက်မဆိုင်းမှာပင် နော်အေးသာက အမှတ်မထင် စကားတစ်ခွန်းဆိုလိုက်သည်။ စကားထဲက ဇာတိပြပာ ဆိုရပေမည်။

''ဆိုးပေ ကျွန်မတို့အိမ် မလာတာ သုံးလေးရက်ရှိပါပြီ။ ဒီကောင်လေး ပျောက်နေတယ်လို့တော့ ကြားတာပဲ''

စခန်းမှူးရဲအုပ်ကံထူးက တစ်ချက်ပြုံးလိုက်သည်။

''နေစမ်းပါဦး နော်အေးသာရဲ့။ ကျွန်တော်တို့က ဆိုးပေအကြောင်း ဘာ ဘာစ်ခွန်းမှလည်း မမေးရသေးဘူး။ ခင်ဗျားက ဘာကြောင့် ဒီစကားကို ပြောရတာလဲ''

စခန်းမှူးက တစ်ချက်ထောက်လိုက်ရာ နော်အေးသာ မျက်နှာတစ်ချက်ပျက်သွားသည်။ ဣန္ဒြေပြန်ဆည်လိုက်ပြီး ချက်ချင်းပဲဖြေလိုက်သည်။

''ကျွန်မက စိုးရိမ်လို့ပါ''

''ခင်ဗျားက ဘာကိုစိုးရိမ်တာလဲ''

နော်အေးသာ အငိုက်မိသွားပြန်သည်။ ဒီမေးခွန်းကို ချက်ချင်းပြန်မဖြေနိုင်ဘဲ ငိုင်ကျသွားသည်။ ခဏကြာမှ နော်အေးသာက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလာသည်။

''ဒီလိုပါ စခန်းမှူးကြီးရယ်။ ဆိုးပေက ကျွန်မတို့အိမ်မှာ ဝင်ထွက်သွားလာ စားသောက်နေတော့ သူ့ကိစ္စများ လာစုံစမ်းတာလားလို့ပါ''

''ဟုတ်တယ် အဲဒီကိစ္စပဲ တို့လာတာ။ အိမ်ပေါ်တက်ကြည့်ချင်တယ်''

''ဟုတ် ... ဟုတ်ကဲ့ အိမ်ပေါ်တက်ကြပါ''

စခန်းမှူးနှင့်အဖွဲ့ အိမ်ပေါ်သို့ တက်လိုက်ကြသည်။ အိမ်က ငါးပေခြောက်ပေခန့်မြင့်သည်။ သက်ငယ်မိုး၊ ထရံကာ ပျဉ်ခင်းဖြစ်သည်။ အိမ်ပေါ်တွင် ပစ္စည်းများက သပ်သပ်ရပ်ရပ်မရှိ။ ဒီနေရာအိပ်၊ ဒီနေရာစား ဖြစ်ကတတ်ဆန်း နေပုံရသည်။

စခန်းမှူးရဲအုပ်ကံထူး ပထမဆုံးမျက်စိရောက်သွားသည်က အိမ်ထရံကာ တစ်နေရာတွင် ချိတ်ဆွဲထားသော ပြက္ခဒိန်ဖြစ်သည်။ ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေ မျက်နှာဖုံးပါပြက္ခဒိန်ဖြစ်သည်။ ကြာမြင့်နေပြီဖြစ်သော်လည်း အရောင်အသွေးကတောက်ပြောင်နေဆဲဖြစ်သည်။ ဝါဝါဝင်းရွှေက ဆံပင်ကို တစ်ပတ်လျှိုလေးထုံးလျက် ဇာအင်္ကျီလက်ရှည် ဖြူဖြူရွရွကလေးကို မြန်မာဆန်ဆန် ဝတ်ဆင်ထားသည်မှာ သူ့အသားအရေနှင့် လိုက်ဖက်လျက် ကြည့်ကောင်းလှသည်။

တစ်ခေတ်တစ်ခါက ဝါဝါဝင်းရွှေ



www.burmeseclassic.com

www.burmeseclassic.com

ကို စခန်းမှူးရဲအုပ်ကံထူး စွဲမက်ခဲ့ဖူးသည်။ ရှားရှားပါးပါး တွေ့လိုက်ရသော ဝါဝါဝင်းရွှေခေတ်ပုံကို ငေးစိုက်ကြည့်နေမိသည်။ ပြက္ခဒိန်ပေါ်က ဖြူဖွေးနေသော ဝါဝါဝင်းရွှေ၏ပုံတွင် အနီအစက်အပြောက်ကလေးများကို အမှတ်မထင် တွေ့လိုက်ရသည်။ ဦးကံထူး စိတ်ထဲတွင် သံသယတစ်ခု ဝင်လာမိသည်။

သူ့စိတ်ကို အာရုံတစ်ခုသို့ပြောင်းလိုက်သည်။ နေအိမ်ကြမ်းခင်းများကို အသေအချာလေ့လာကြည့်လိုက်သည်။ ထူးခြားနေသည်မှာ ကြမ်းခင်းတစ်နေရာတွင် ရေနှင့် တိုက်ချွတ်ဆေးထားသည့်သဘော တွေ့ရသည်။ အသေအချာကြည့်လိုက်သည့်အခါ ပျဉ်ပြားနှင့် အောက်ခံဆင့်ကြားတွင် သွေးစသွေးနများကို တွေ့လိုက်ရသည်။ သေချာသွားပြီဖြစ်သည်။ ဦးကံထူး စိတ်ထဲ သံသယကနေ အမှန်ဘဝရောက်ပြီလို့ တွေးလိုက်မိသည်။

"ကဲ . . . နော်အေးသာ၊ အခြေအနေအားလုံးကတော့ အထူးပြောစရာ မလိုတော့ပါဘူးဗျာ။ ကျွန်တော်တို့ စုံစမ်းထောက်လှမ်းထားတာတွေလည်း ရသင့်သလောက် ရထားပြီးပါပြီ။ အခုလည်း ခိုင်လုံတဲ့အထောက်အထားတွေ တွေ့ရပါတယ်"

"ကျွန်တော်ထင်ပါတယ် ဒီကိစ္စမှာ ခင်ဗျားတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး ထင်တယ်။ ခင်ဗျားယောကျ်ား ကိုထွန်းကြိုင် ဘယ်မှာလဲ။ ဘယ်သွားနေသလဲ"

စခန်းမှူးရဲအုပ်ကံထူးက ပရိယာယ်သုံးလျက် အကဲစမ်းကြည့်လိုက်သည်။ နော်အေးသာ ပျာပျာသလဲဖြစ်သွားသည်။ တုန်တုန်ယင်ယင်အသံဖြင့် ဖြေချလိုက်သည်။

"စခန်းမှူးကြီးရယ် . . . ဒီကိစ္စ ကိုထွန်းကြိုင် ဘာမှမသိပါဘူး။ သူနဲ့လည်း ဘာမှမဆိုင်ပါဘူး။ သူ့ကိုတော့ မဖမ်းပါနဲ့။ ကျွန်မ အားလုံးကိုဝန်ခံပါ့မယ်။ ကိုထွန်းကြိုင်လည်း အခု အိမ်မှာမရှိပါဘူး။ ဝက်အရောင်းအဝယ်ကိစ္စနဲ့ ဟသ်ာတဘက်ကို သွားနေတာ ဆယ်ရက်လောက်ရှိပါပြီ"

"ကဲ . . . ဒါဆိုလည်း ခင်ဗျားရဲ့ လက်သုံးတော် ပုဆိန်ကြီး ဘယ်မှာလဲ။ တစ်ခါတည်း ထုတ်ပေးလိုက်ပါ"

"ရှင် . . ."

"ရှင်လုပ်မနေနဲ့။ အဲဒီပုဆိန်ကြီးက ခင်ဗျားကို ကောင်းကောင်းကြီး ဒုက္ခပေးလိုက်တာဗျ"

စခန်းမှူးရဲအုပ်ကံထူးက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည့်အခါ နော်အေးသာ အံ့အားသင့်သွားခဲ့ရသည်။ ခေါင်းလည်း အောက်သို့ ငိုက်စိုက်ကျသွားတော့သည်။ မျက်ရည်လည်ရွဲဖြင့် နွားတင်းကုပ်အတွင်း ဝှက်ထားသော ပုဆိန်ကြီးကို ထုတ်ပေးခဲ့သည်။ သွေးစသွေးနများပင် ရှိနေသေးသည်။

စခန်းမှူးက သွေးစသွေးနရှိနေသေးသော ပုဆိန်ကြီး၊ သွေးစက်ကလေးများ မှန်ထားသော ဝါဝါဝင်းရွှေပုံပါ ပြက္ခဒိန်၊ ပျဉ်ကြားထဲက သွေးခဲစလေးများကို ခြစ်ယူလျက် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းလိုက်သည်။ နော်အေးသာကိုလည်း တစ်ပါတည်း ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

★ ★ ★

စခန်းမှူး၏ ရုံးခန်းထဲတွင် ဖြစ်သည်။ ကိုထွန်းကြိုင်လည်း ခရီးရောက်မဆိုက် အပြေးရောက်လာသည်။ နော်အေးသာက ခင်ပွန်းသည် ကိုထွန်းကြိုင်ကိုဖက်လျက် ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ မြင်ကွင်းက ရင်နင့်စရာကောင်းလှသည်။

"ကျွန်မမှားပါတယ် ကိုထွန်းကြိုင်ရယ်"

"နင်မမှားပါဘူးဟယ်။ နင့်ကို စော်ကားတဲ့ကောင်ပဲဟာ။ ဒီကောင် သိပ်ဆိုးသကွာ။ ဒါထက်နာအောင် လုပ်ဖို့တောင် ကောင်းတယ်"

ကိုထွန်းကြိုင်၏ နောက်ဆုံးစကားကို ကြားလိုက်ရတဲ့အခါ စခန်းမှူးရဲအုပ်ကံထူး ကျိတ်၍ ပြုံးလိုက်မိသည်။ ဆိုးပေမှာဖြင့် နော်အေးသာ၏ ပုဆိန်တစ်ချက်ဖြင့် ဇီဝိန်ထွက်သွားလေပြီ။ သူက ဒါထက်နာအောင် လုပ်လိုက်ဖို့ကောင်းတယ်ဟု ဆိုလိုက်သေးသည်။

"အေးဗျာ။ စော်ကားသူက စော်ကားတယ်။ ခံရသူက ဒေါသဖြစ်ရတယ်။ ဘယ်ဟာမှ မကောင်းပါဘူး။ စိတ်မထိန်းနိုင်တော့ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်တာပေါ့။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ စိတ်ကိုအေးအေးထားကြပါ။ ဖြစ်ပြီးရင်တော့ ရှင်းသင့်တာ ရှင်းရမှာပေါ့ဗျာ။ တရားဥပဒေဆိုတာ သူ့ဘက်ကိုယ့်ဘက် အတိုင်းအတာတစ်ခုတော့ ရှိပါတယ်။ တရားရုံးတော်က မျှမျှတတ ဆုံးဖြတ်ပေးမှာပါ။ အခုတော့ နော်အေးသာ ဖြစ်ပျက်ခဲ့ပုံလေးကို ပြောပြစေချင်ပါတယ်"

နော်အေးသာ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com

လျက် ခေတ္တငြိမ်ကျသွားသည်။ ခဏကြာမှ တည်ငြိမ်အေးချမ်းစွာဖြင့် ပြောလာပါသည်။

"ဒီလိုပါ စခန်းမှူးကြီးရယ်။ ဆိုးပေနဲ့ ကျွန်မတို့က တစ်ရွာတည်းသားချင်းဖြစ်ရုံမက ခင်မင်ကြသူတွေပါ။ ကျွန်မတို့အိမ်မှာ ဝင်ထွက်စားသောက်နေကျပါ။ သူရမ်းကားတိုင်းလည်း ကျွန်မတို့သည်းခံခဲ့ပေါင်း များလှပါပြီ။ နောက်ဆုံး သူရိုက်ခဲ့လို့ ကိုထွန်းကြိုင်ဆေးရုံတက်ခဲ့ရတယ်။ သူလည်း ထောင်ကျခဲ့ရတယ်"

"သူ ထောင်ကလွတ်လာတော့လည်း တစ်ဦးနဲ့တစ်ဦး အာဃာတတွေမထားကြပါဘူး။ အရင်ကအတိုင်းပဲ ခင်ခင်မင်မင်နေခဲ့ကြတယ်။ ကျွန်မတို့အိမ်ဆိုရင် သူ့စားအိမ် သောက်အိမ်လို ဖြစ်နေပါတယ်။ တစ်ခါတလေ အရက်မူးပြီးအိပ်ပျော်သွားတာ မနက်မိုးလင်းမှ ထပြန်သွားတာတွေလည်း ရှိပါတယ်။ ကိုထွန်းကြိုင်ရှိနေတုန်းတော့ အကြောင်းမဟုတ်ပေမယ့် ကိုထွန်းကြိုင်မရှိတဲ့အခါမျိုးမှာ ပတ်ဝန်းကျင်က အထင်လွဲမှာတောင် စိုးရိမ်ရပါတယ်။ အတော်သည်းခံရပါတယ် စခန်းမှူးကြီးရယ်"

"ပြဿနာဖြစ်တဲ့နေ့က ကိုထွန်းကြိုင်ကလည်း ခရီးသွားနေတယ်။ ဆိုးပေက မနက်ကတည်းက ရောက်နေတယ်။ မပြန်ဘူး။ ညနေစောင်းတော့ ချော့မော့ပြန်လွှတ်တယ်။ မရပါဘူး။ အရက်ကလေးမူးလာတော့ ထိကပါးရိကပါးစကားတွေ ပြောလာပါတယ်။ ကျွန်မ သည်းခံနေလိုက်တယ်။ သူက တဖြည်းဖြည်းနဲ့ ပိုကဲလာတယ်။ ကိုယ်ထိလက်ရောက် ဆွဲလားလွဲလားတွေ လုပ်လာပါတယ်။ ကျွန်မ သည်းမခံနိုင်တော့ပါဘူး"

"ကျွန်မ အကြံတစ်ခုရလာပြီး အရက်ကို ကိုယ်တိုင်ငှဲ့ပေးပြီး တိုက်လိုက်တယ်။ သူကလည်း တစ်ခွက်ပြီး တစ်ခွက် သောက်တယ်။ ကျွန်မကလည်း တစ်ခွက်ပြီးတစ်ခွက် ငှဲ့ပေးလိုက်တယ်။ နောက်ဆုံးတော့ သူ ခေါင်းမထူနိုင်တော့ဘူး။ ငိုက်စိုက်ကျသွားတယ်"

"ကျွန်မလည်း စိတ်ပေါက်ပေါက်နဲ့ အိမ်အောက်ဆင်းပြီး ထင်းခွဲတဲ့ ပုဆိန်ကြီးကို ယူလိုက်တယ်။ သူ့ခေါင်းကို တစ်ချက်တည်း ထုချလိုက်တယ်။ သွေးတွေဖြာထွက်လာပြီး သူလည်း သေသွားတာပါပဲ။ ကျွန်မ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ နောက်ဆုံး မထူးတော့ပါဘူးလို့ ဆုံးဖြတ်လိုက်ပြီး ဝက်သားခုတ်တဲ့ဓားမကြီးနဲ့ သူ့ကိုယ်ကို အပိုင်းပိုင်းခုတ်ဖြတ်လိုက်တယ်။ ပီနံအိတ်သုံးလုံးနဲ့ ခွဲထည့်လိုက်တယ်"

"အဲဒီအိတ်သုံးအိတ်ကို လှည်းပေါ်တင်လျက် မောင်းထွက်လာပြီး ချောင်းရိုးလေးနံဘေးမှာ သုံးနေရာခွဲပြီး ကျင်းတူးမြှုပ်လိုက်တယ်။ အိမ်ပြန်လာပြီး ကွက်ခြေမပျက်နေလိုက်တယ်။ ထူးခြားတာကတော့ ဆိုးပေခွေးလေးက ကျွန်မကိုတွေ့ရင် အရမ်းဟောင်ပါတယ်။ တစ်ခါတစ်ရံ ကျွန်မတို့အိမ်ဘက်ကိုလှည့်ပြီး အူနေတတ်ပါတယ်။ အဖြစ်ကတော့ အဲဒါပါပဲ"

"အေးဗျာ။ မကောင်းမှုဆိုတာ ကြာကြာဖုံးကွယ်ထားလို့ ရတာမျိုးမှ မ ဟုတ်ပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ပေါ်လာရတာပဲ မဟုတ်လား။ ရာဇဝတ်ဘေးဆိုတာလည်း ပြေးမလွတ်နိုင်ပါဘူး။ နော်အေးသာပြုမိခဲ့သမျှ တရားဥပဒေကသာ အဆုံးအဖြတ်ပေးပါလိမ့်မယ်။ တရားရုံးတော်သို့ တင်ပို့ပေးဖို့က ကျွန်တော်တို့ တာဝန်ပါ"

နော်အေးသာ ဘာစကားမှ မပြောတော့ဘဲ ခေါင်းငိုက်စိုက်ကျလျက် မျက်ဝန်းအိမ်မှ မျက်ရည်တို့သည် ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျနေလေတော့သည်။

စခန်းမှူးရဲအုပ်ကံထူးက သူလုပ်စရာရှိသည်များကို ဆက်တိုက်လုပ်နေရသည်။ နော်အေးသာက ဖြောင့်ချက်ပေးပါမည်ပြောသဖြင့် တရားသူကြီးရှေ့မှောက်သို့ ပို့ပေးရသည်။ သွေးစွန်းနေသော သက်သေခံပစ္စည်းများကို အင်းစိန်မှုခင်းတပ်ဖွဲ့ ဓာတုဗေဒရုံးသို့ ပေးပို့မှတ်ချက်ရယူသည်။ သွေးစသွေးနများမှာ လူတစ်ဦးတစ်ယောက်၏ သွေးဖြစ်ကြောင်း မှတ်ချက်ချခဲ့သည်။

အမှုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ (လူသတ်မှု)ဖြင့် သက်သေအထောက်အထားခိုင်လုံစွာနှင့် တရားစွဲတင်နိုင်ခဲ့သည်။

မြင်၊ တွေ့၊ ကြား၊ သိ သက်သေရရှိရန် ခဲယဉ်းလှ၍ ဦးနှောက်စားခဲ့ရသော ဤလူသတ်မှုကြီးကို တရားစွဲတင်နိုင်ခဲ့ပြီမို့ စခန်းမှူးရဲအုပ်ကံထူး တစ်ယောက် ခေါင်းပေါ့သွားခဲ့ပြီဖြစ်သည်။


နော်အေးသာ တစ်ယောက်တတော့ သူပြုသမျှကံ သူသာခံရပေဦးတော့မည်သာ။ ■

**မောင်မောင်[ပီတောက်မြိုင်]**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဉာဉ်ဆိုး ဖွဲ့ဆိုး

ကိုမောင်သန်းဝင်း

"ဒီကောင်လေးက အတော်ဆုံးမရခက်တယ်။ ဉာဉ်မကောင်းဘူး"ဟု ပြောဆိုတတ်ကြသလို "ဟောဒီနွားက ဖွဲ့မကောင်းဘူး၊ လူထိတယ်"ဟုလည်း ပြောဆိုတတ်ကြလေ၏။

"ဉာဉ်"ဆိုသည်မှာ စိတ်ဓာတ်ဟု အကြမ်းဖျင်းနားလည်မိပါ၏။ သို့သော် "ဖွဲ့"ဆိုသည်ကိုတော့ သေချာကျနစွာ မသိပါချေ။ သုံးနှုန်းပြောနေကြသည်တော့ ရှိသည်။ အဓိပ္ပာယ်တစ်ခုခုတော့ ရှိပေလိမ့်မည်။

ဆိုခဲ့သလို ဉာဉ်ဆိုသော စကားကို လူတို့တွင် သုံးနှုန်းပြောဆိုသည့်နည်းတူ ဖွဲ့ဆိုသော စကားကိုကား နွား၊ ဆင်၊ မြင်းတို့၏ ကြွန်အင်လက္ခဏာလွန်စွာညံ့ဖျင်းသည့် သတ္တဝါကို "ဖွဲ့"ဆိုးသည်ဟု ခေါ်ကြသည်ဟူ၏။

နွားသတ္တဝါနှင့် ပတ်သက်၍ဆိုလျှင် -

"ဘယ်လဲညာထောင်၊ တက်တက်ပြောင်၊ ညာထောင်ဘယ်လဲ တက်တက်မွဲ"ဟူ၍ ရှိသည်။

ချိုတစ်ဖက်က အပေါ်ထောင်၊ အခြားတစ်ဖက်မှာက အောက်သို့ ကုပ်ကျနေသည့် နွားလောက် ကြွန်အင်လက္ခဏာညံ့ချင်းသောနွား အဘယ်မှာ ရှိအံ့နည်း။ အိမ်ခြံဝင်းအတွင်း ချည်နှောင်ထား၍ ကျက်သရေရှိနိုင်ပါမည်လား။

ကျက်သရေဆုတ်ယုတ်မှုတစ်ခုသည့် စိတ်ကိုအကြောင်းပြု၍ အခြားသော ကျက်သရေဆုတ်ယုတ်မှုများ ဖြစ်နိုင်ပေလိမ့်မည်တည်း။ တောင်သူလယ်သမားတို့အဖို့ နွားသည် လွန်စွာအချက်အချာကျသော ကျက်သရေကြီးပင် မဟုတ်ပါလော။

လူသည် ဉာဉ်ဆဆိုးသည်၊ နွား၊ ဆင်၊ မြင်းတို့ကို ဖွဲ့ဆိုးရှိသည်ဟု ဆိုခဲ့ပါပြီ။ သက်ရှိသတ္တဝါတို့ကို ဆိုခဲ့ခြင်းပင်။ သက်မဲ့ဖြစ်သော ကား၊ အိမ်၊ စက်ပစ္စည်း စသည်တို့ မကောင်းလျှင်ကော မည်သို့ဆိုရမည်နည်း။

ဒီစက်၊ ဒီကားက ဉာဉ်မကောင်းဘူး၊ ဖွဲ့ဆိုးတယ်ဟု ဆိုရလေမည်လား။ နှစ်ခုစလုံး တွဲဖက်၍ဆိုရမည်လား။ မည်သို့ဆိုစေ ယင်းသို့ ဉာဉ်ဆိုး၊ ဖွဲ့ဆိုး ရှိသော ကားလေးတစ်စီး၏အကြောင်းခြင်းရာ ထုပ္ပတ်ကို ကြားသိခဲ့ရဖူးသည်။ ကြားသိခဲ့ရသည်ကား ငယ်သူငယ်ချင်း ကားပွဲစား ကိုဉာဏ်ဖေ ပြောပြခဲ့သော ကြောင့်ပါတည်း။

အနီ ကိုဉာဏ်ဖေသည် ကားပွဲစားလောကတွင် နာမည်ကောင်းရနေသူတစ်ယောက် ဖြစ်လေ၏။ ကားပွဲစားလုပ်သက်ကလည်း မနည်းလှ။ ကားတွေ၏အကြောင်း နောကျေစွာသိသကဲ့သို့ ကားဝယ်ရောင်းလုပ်နေကြသူများ၏ အကြောင်းကိုလည်း "က"ကြီးမှ "အ" အထိ သိနေလေ၏။ ကားပွဲစားတို့သည် ဝါးလုံးကို ဝါးခြမ်းဖြစ်အောင် ပြောဆိုတတ်ကြလေ၏။

အပြောကောင်းသည့်သူတိုင်း စိတ်ဓာတ်ကောင်းချင်မှ ကောင်းပါလိမ့်မည်။ အချို့က ဝယ်သူကိုလှည့်ပတ်ပြီး အချဉ်ဖမ်းထည့်သလို ရောင်းသူထံမှလည်း ပွဲညွှန့်တွေရော၊ ပွဲအမြစ်တွေပါ တောင်းတတ်လေ၏။

တချို့လည်း နှစ်ဖက်စလုံး ကျလာအောင် လုပ်တတ်လေ၏။ ထိုသူတို့အား တစ်နပ်စားဉာဉ် ရှိသူတွေဟု ဆိုကာ ဝေရာမထိ ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်ရှားကြလေ၏။ ကိုဉာဏ်ဖေသည်ကား ဤသို့မဟုတ်။ ဝယ်သူဘက်လည်း အဆင်ပြေအောင်၊ ရောင်းသူဘက်လည်း ဘဝင်ကျရလေအောင် ဆောင်ရွက်ပေးသူ ဖြစ်သည်။ ကိုဉာဏ်ဖေ ဝယ်ပေးလိုက်သည့်ကားကြောင့် မည်သည့်အခါမှ စောဒကမတက်ကြ ကျေနပ်ကြလေသတည်း။ သို့သော်··

တစ်နေ့···သူဝယ်ချင်ခြင်သူ မောင်ထွေးတစ်ယောက် ကားတစ်စီး လို၍ဟုဆိုကာ ကိုဉာဏ်ဖေထံ ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာလေ၏။ ကိုညာဏ်ဖေမှလည်း မောင်ထွေးအား ကားပွဲစားတန်းရှိရာဆီသို့ ပို့၍ ကားအစီးရေများစွာ ပြသလေ၏။ စိတ်ကြိုက်ကြည့် နိုင်သလောက် မှန်းဆဝယ်ပေါ့။

ထိုသို့ ကားအစီးရေများစွာကို လှည့်ပတ်ကြည့်ရင်းက မောင်ထွေး ကားနီညိုလေးတစ်စီးကို လက်ညှိုးထိုးပြလေ၏။ ကိုညာဏ်ဖေက ဘဝင်မကျတားမြစ်သည့်ကြားမှ မောင်ထွေးက ထိုကားကလေးကိုမှ ကြိုက်လှချည်ရဲ့ဟု ဆိုသည်။ ကားပိုင်ရှင်ရောက်လာသဖြင့် မောင်ထွေးကို ဘာမှမပြောလေတော့။ ကားပိုင်ရှင်နှင့် မောင်ထွေး ရောင်းဈေးဝယ်ဈေး ညှိကြလေ၏။ မောင်ထွေးက ဝယ်နိုင်သည့်ဈေးပြောရာ ကားပိုင်ရှင်က မောင်ထွေးဆန္ဒကို လိုက်လျောသည်။ အရောင်းအဝယ် ဖြစ်ကြလေပြီ။

ဝယ်မည့်သူမရှိသောကား၊ ရောင်းမထွက်သည်မှာကြာပြီဖြစ်သော ကားကို ရောင်းလိုက်ရသည့် ကားပိုင်ရှင်က ကိုညာဏ်ဖေကို ပွဲခအဖြစ် မြက်မြက်သက်သက်ပင် ပေးသည်။

ညနေပိုင်း ကားနီညိုလေးကို မောင်ထွေးနှင့် ကိုညာဏ်ဖေတို့ ယူမောင်းလာခဲ့၏။ စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် ဝင်၍စားသောက်ကြလေ၏။ ကုန်ကျစရိတ်ကို ကိုညာဏ်ဖေမှပင် ရှင်းလိုက်ပြီး မောင်ထွေးအားလည်း ငွေကျပ်သုံးသောင်းကို ထုတ်ပေးလေ၏။ ပွဲခအတော်အတန်ရသဖြင့် ခွဲဝေပေးခြင်းဖြစ်ကြောင်း ပြောလေ၏။

ကိုညာဏ်ဖေပေးသည့် ငွေကို မောင်ထွေး လုံးဝမယူ။ ကူညီခဲ့သည့်အတွက်ပင် ကျေးဇူးအထူးပင်တင့်ပါကြောင်း ပြောလေ၏။

"ကိုထွေးက ဒီကား နီညိုလေးကို အတော်ကြိုက်နေပြီဆိုတော့ ကျွန်တော် ရှင်းမပြနိုင်ခဲ့ဘူး။ ကားပိုင်ရှင်ကလည်း တရင်းတနီးရှိသူဆိုတော့ ပွဲပျက်ရင် ကျွန်တော့်ကြောင့်လို့ပဲ ထင်မှာ။ သူ့ကားက ညဉ့်ဆိုး၊ ဖွဲဆိုးကားဆိုတော့ ဘယ်သူမှ မဝယ်ကြဘူး။ နှစ်ခါလောက် တိုက်ခဲ့ဖူးတဲ့ကား၊ သုံးယောက်သေဖူးတဲ့ ကားမို့ပေါ့ဗျာ။ ခင်ဗျားလည်း ကြာကြာကိုင်မထားနဲ့၊ ကြိုက်သူရှိရင် ပြန်ရောင်းဟာတ်လား။ မိတ်ဆွေရင်းမို့ပြောတာနော်"

ကိုညာဏ်ဖေ ပြောဆိုရှင်းပြသည်ကို မောင်ထွေးက ပြုံး၍နားထောင်ပြီး

"သိထားတော့ ကောင်းတာပေါ့။ ပြောပြတာ ကျေးဇူးတင်တယ်။ ကျွန်တော်တို့က ဒါတွေ အယုံအကြည်မရှိပါဘူး"

မောင်ထွေးအယုံအကြည်မရှိဆိုတာ ဖြစ်နိုင်သည်။ သူက ဘာသာခြားတစ်ယောက်၊ ကက်သလစ်ဘာသာဝင်၊ ကားဝယ်ယူတိုင်း ရွှေညောင်ပင်တို့၊ ဘာတို့ ပြသလေ့မရှိ။ မည်သို့ဆိုစေ ကိုညာဏ်ဖေကတော့ဖြင့် ကားနီညိုလေးရဲ့ ရာဇဝင်ကိုတော့ တာဝန်အရ ပြောခဲ့ပြီးလေပြီ။

မောင်ထွေးသည် ကားနီညိုလေးကို ခြယ်သပြီး မောင်းနေလေ၏။ တစ်လခန့်ကြာသည့်အခါ ကားနီညိုလေးသည် ဖွဲဖောက်လာလေ၏။ မောင်ထွေးသည် ရန်ကုန်မြို့လယ် ဈေးတန်းတစ်နေရာတွင် ကားကို သင့်တော်ရာနေရာတွင် ရပ်ထားပြီး မိသားစုအတွက်ဈေး

တစ်လခန့်အကြာ

ကားနီညိုလေးသည်

သူ၏ညဉ့်ဆိုးကို

ပြသလေတော့၏။

ကားနီညိုသည်

ညအချိန်မတော်

ကားစက်နိုးသည်။

ကားမီး ဖွင့်ချည်

ပိတ်ချည်လုပ်သည်။

ကားကက်စက်

သံကလည်း

မြည်ချင်လျှင်

ထမြည်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝယ်ရန် ဈေးတန်းသို့ဝင်သည်။

ရပ်ထားသောကားသည် သူ့အလို အလျောက် စက်နိုးပြီး ဆိုင်တစ်ဆိုင်သို့ ဦးတည်ဝင်ရောက်သည်။ ဈေးသည် အမျိုးသမီးတစ်ယောက် အတိုက်ခံရပြီး လဲပြိုကာ နှဖူးပေါက်သွား၏။ ဖြစ်စဉ်ကို မောင်ထွေ ဈေးဝယ်ရာက ပြန်လာမှ သိရသည်။

ကားတိုက်မှုကိစ္စအတွက် အတော် ပင် ရှင်းလိုက်ရသည်။ ကားစက်ရှိန် မပြင်း၍ အသေအပျောက်မဖြစ်၍ တော် သေးသည်ဟု ဆိုရမည်။ ပသို့ဆိုစေ မောင်ထွေးအိတ်ကပ်ထဲမှ ငွေကျပ်ငါး သောင်း ခုန်ထွက်သွားလေ၏။

သည်မျှနှင့်မပြီးသေးချေ။ နောက် ရက်သတ္တပတ်ခန့်အကြာတွင် ရန်ကင်း လမ်းမကြီးတွင် ရုတ်တရက် ကားဘီး ကျွတ်သွားလေ၏။ ကားဘီးသည် မုန့် ဟင်းခါးဆိုင်သို့ ဝင်သွားလေ၏။ လူစည် ကားသော နာမည်ကြီးမုန့်ဟင်းခါးဆိုင် ဖြစ်လေ၏။ ကျွတ်ထွက်သော ကားဘီး သည် စားသောက်နေသူများကို မထိ ခိုက်သော်ငြားလည်း ပန်းကန်ခွက် ယောက်များထားရှိရာဆီသို့ ဝင်အောင်း လေ၏။

ကားသည်လည်း အရှိန်ထိန်းမရ ဖြစ်ကာ ပန်းအလှစိုက်ထားသော အုတ် ခုံများကို ဝင်တိုက်လေ၏။ ဖြစ်ခဲ့သမျှ ကို တောင်းပန်သမှုပြု၍ လျော်တန် လျော်ရပြီး၊ စည်ပင်အဖွဲ့ကိုလည်း ပေး လျော်မှု ပြုရလေ၏။

ဤတွင် မောင်ထွေသည် သံသယ ဝင်လာပြီး မိတ်ဆွေကြီးကိုညဏ်ဖေ အသိပေးခဲ့တာ မှန်နေလေခြင်းဟု မှတ် ယူမိလေ၏။ မောင်ထွေးသည် ကားနီ ညိုလေးကို စိုးရိမ်မကင်းဖြစ်ကာ ပြန် လည်ရောင်းထုတ်ရန် ကြိုးစားရလေ တော့၏။

မောင်ထွေး၏ ကားနီညိုလေး သည် ကိုဟူစိန်ထံသို့ ရောက်သွားလေ ၏။ ကိုဟူစိန်ကား စီးပွားရေးသမား။ သံတိုသံစဖြင့် ကြီးပွားလာသူ ဖြစ်သည်။ ကားနီညိုလေးကို ပေါချောင်ကောင်းရ သဖြင့် ဝယ်ယူလိုက်ခြင်း ဖြစ်သည်။

ကားသည် ဆန်နီပစ်ကပ် အမျိုး အစား ဖြစ်လေ၏။ ပေါချောင်ကောင်း ရသော စက်ပစ္စည်း၊ သံထည်များကို ကားနီညိုဖြင့် သယ်မ ဝယ်ရောင်းပြုရန် စီစဉ်မည်ဟု အကြံဖြစ်၏။ သူ့အကြံနှင့် သူ အဆင်ပြေနေလေ၏။

ကားနီညိုလေးကို ကိုဟူစိန်က သူ၏နေအိမ်အောက် ဂိုဒေါင်တွင် ထား ရှိ၏။ တစ်လခန့်အကြာ ကားနီညိုလေး သည် သူ၏ညဉ်ဆိုးကို ပြသလေတော့ ၏။ ကားနီညိုသည် ညအချိန်မတော် ကားစက်နိုးသည်။ ကားမီး ဖွင့်ချည်ပိတ် ချည် လုပ်သည်။ ကားကက်စက်သံက လည်း မြည်ချင်လျှင်တမြည်တတ်သည်။

တစ်နေ့ ကိုဟူစိန်၏ တပည့်လေး တစ်ယောက် အရက်အမူးလွန်၍ အိမ် မပြန်နိုင်ဖြစ်ရသည်။ ကိုဟူစိန်က သူ၏ ـ ၁ပည့်လေးကို ကားနီညိုထဲ ဝင်အိပ် စေသည်။

ညသန်းခေါင်ယံအချိန်တွင် သူ့ တပည့်လေးသည် "အဘား၊ အဘား" ဟုအော်ကာ ကားထဲမှဆင်းပြေးလေ၏။

"ရိုက်လည်းရိုက်တယ်၊ လည်ပင်း ကိုလည်း ညှစ်တယ်။ လက်ကြီးက အေးစက်နေတယ်။ ဘာမှလည်း မမြင် ရဘူးဆရာ။ ရိုင်တန် - - -ရိုင်တန် ကြောက်တယ်ဆရာ"

ဟု မျက်ကလူးဆန်ပျာ ပြောလေ ၏။ ဟူစိန်သည်လည်း ပါးစပ်အဟောင်း သားနှင့်။

ထိုအခါ ကားနီညိုထဲ ရိုင်တန် (သရဲ)ရှိသည်ဟုဆို၍ လွှန်စွာကြောက် လန့်လာသည်။ သူ၏ဇနီးနှင့် ကလေး တွေအတွက်လည်း စိုးရိမ်လာသည်။ သို့ဖြင့် ကုန်သည်တစ်ဦးကို တစ်ဖက် လှည့်ဖြင့် ရောင်းလိုက်လေတော့၏။

ဝယ်သူကုန်သည်ကား ကိုညွှန့် တင်ကျော် ဖြစ်လေ၏။ ကားဖိုးကို တစ် ဝက်သာပေးချေရပြီး ကျန်တစ်ဝက်ကို အေးအေးမှပေးဆို၍ ဝယ်ယူခဲ့ခြင်း ဖြစ် လေ၏။

ကိုညွှန့်တင်ကျော်သည် လူလည် ကုန်သည်တစ်ယောက်ပင်တည်း။ ဟူစိန် သည် သူ့အား မည်သည့်အတွက် ကြောင့် ကားကိုရောင်းရခြင်းဖြစ်သည် ကို သူမသိမဟုတ်၊ သိနေလေ၏။ ကား နီညိုလေး၏ ညဉ်ဆိုး၊ ဗွေဆိုးကို သူသိ လင့်ကစား ဤဖြစ်စဉ် ဖြစ်ရပ်များကို သူမယုံကြည်။

ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်သည် ကား လူတို့၏စိတ်အစွဲများကြောင့်သာ ဖြစ်လေ၏။

အဓိပ္ပာယ်ထွေပြား၍ လူ့စိတ်ကို လေးလံစေသော အစွဲအလမ်းများသည် မကောင်းပေ။ အချို့ကိစ္စရပ်များမှာ စိတ် စွဲလမ်းမှုများကြောင့် ပြဿနာတစ်ခု တစ်ရာ ဖြစ်ကြရသည်များ ရှိနေသည်။ ထူးခြားဆန်းပြားမှုများ မရှိဟုတော့ မဆို



www.burmeseclassic.com

www.burmeseclassic.com

**လူမပါသော ကားနီညိုလေးသည် ဘယ်ကွေ့ ညာယမ်းဖြင့် ထွက်သွားသည်မှာ တံတားဆီသို့ မရောက်၊ တံတားဘေးမှချော်ပြီး ပဲခူးမြစ်ထဲသို့ အရှိန်ပြင်းစွာ ကျသွားလေ၏။**

နိုင်၊ ဤထူးဆန်းမှုများကို မကောင်းဆိုးရွား ဝိညာဉ်တို့ကြောင့်ဟု ဆိုကြသည်များလည်း ရှိနေကြလေ၏။

ရုပ်ဒြပ်ကို အပြင်းအထန် လေ့လာကာ ကွင်းဆက်မိအောင် အမြင်ရနေပြီဖြစ်သော ယနေ့ သိပ္ပံအတွေးအခေါ်တွင် ဝိညာဉ်ဆိုသော အရာ၏ သီးခြားတည်ရှိမှုသည် ရုပ်ခန္ဓာအတွင်းတွင်လည်းကောင်း၊ ပြင်ပတွင်လည်းကောင်း လုံးဝမရှိတော့ပေ။

အကယ်၍ ထူးဆန်းမှုတစ်ခုဖြစ်သည်ဆိုငြားအံ့၊ ၎င်းမှာ စိတ်နှင့် ရုပ်တို့၏ သဘာဝဘောင်အတွင်းမှာသာ ရှိနေသောအရာသည် စကြဝဠာအနှံ့ အပြားမှာပင် မရှိပါချေ။

ဤသည်တို့မှာ ကုန်သည်ကြီး ညွန့်တင်ကျော်၏ ထင်မြင်ယူဆချက်များပင် ဖြစ်လေ၏။ တကယ်တော့ ကိုညွန့်တင်ကျော်သည် ရုပ်ဝါဒီသမားတစ်ယောက်။ သို့ဖြင့် ကားနီညိုလေး၏ ဖြစ်စဉ်ဖြစ်ရပ်များကို သူသည် လုံးဝ (လုံးဝ)မယုံကြည်ဟု ဆိုလေ၏။

ကိုညွန့်တင်ကျော်သည် သူ၏ တပည့် မောင်တင်ဝင်းနှင့်အတူ ကားနီညိုလေးကို ဟူစိန်ထံမှယူပြီး မိမိနေရပ် လှည်းကူးမြို့တွင်ပင် မရပ်တော့ဘဲ ပဲခူးမြို့အထိ ဆက်မောင်းခဲ့လေ၏။ ကားစက်စမ်းသည့်သဘောမျိုးလည်း ဖြစ်လေ၏။

ပဲခူးဝန်းကျင်အနှံ့ လှည့်ပတ်ပြီး ပဲခူး၌ပင် ညနေစာ စား၏။ စားသည်မှာ အမြည်းစားခြင်းပင် ဖြစ်လေ၏။ ဘီယာဆယ်ပုလင်းနှင့် ဝီစကီတစ်ပြားပင် ကုန်ခဲ့လေ၏။ တပည့်ဖြစ်သူ မောင်တင်ဝင်းကလည်း လွန်စွာသောက်တတ်သည်မို့ ဆရာတပည့်နှစ်ယောက် အတွဲညီလှလေ၏။

မိုးသည် အငြိုးကြီးစွာ ရွာနေသဖြင့် မိုးစဲသည်ကို စောင့်၍သောက်နေကြခြင်းလည်း ဖြစ်လေ၏။ မိုးစဲစပြုလေတော့ ညနေ ၆ နာရီခန့် ရှိနေလေပြီ။

ထိုစဉ်က ပဲခူးချောင်းသည် မိုးကြီးလျှင် ရေလျှံတတ်ပြီး ရေစီးလည်း သန်၏။ ကားအချို့ တံတားကြီးထိပ်တွင် ရေအကျကို စောင့်နေကြလေ၏။

ရေကျစပြုနေပြီဖြစ်၍ ကားတချို့ တံတားပေါ်တွင် ခပ်ဖြည်းဖြည်းဖြတ်မောင်းနေကြသည်လည်း ရှိလေ၏။ ကိုညွန့်တင်ကျော်သည် တံတားထိပ်တွင် ကားကို ခေတ္တရပ်လိုက်၏။ ဘီယာတန်ခိုးကြောင့် ဆရာတပည့်နှစ်ယောက် ဆင်းပြီး နီးစပ်ရာဆိုင်တစ်ဆိုင်သို့ဝင်ကာ အပေါ့သွားကြလေ၏။

"ဆရာ...ကျွန်တော် ကွမ်းဝယ်မယ်နော်"

ဟု ဆိုကာ မောင်တင်ဝင်းက ကွမ်းယာဝင်ဝယ်လေ၏။ ကိုညွန့်တင်ကျော်က ဆေးလိပ်ဝယ်၏။

ထိုစဉ် ကားနီညိုလေးသည် တဂွီးဂွီးဖြင့် မြည်သံစွဲပြုကာ ရှေ့မီးများလင်းလက်လာပြီး တရွေ့ရွေ့ထွက်သွားလေ၏။ တစ်ဖန် စက်ရှိန်မြင့်လာပြီး ဝေါခနဲထွက်သွားလေ၏။ ရှေ့တွင် ကားတစ်စီးမျှမရှိသည့်အတွက် လွတ်လပ်စွာ တစ်ရှိန်ထိုးထွက်သွားလေ၏။

လူမပါသော ကားနီညိုလေးသည် ဘယ်ကွေ့ ညာယမ်းဖြင့် ထွက်သွားသည်မှာ တံတားဆီသို့ မရောက်၊ တံတားဘေးမှချော်ပြီး ပဲခူးမြစ်ထဲသို့ အရှိန်ပြင်းစွာ ကျသွားလေ၏။ ရေစီးသန်သော ပဲခူးမြစ်သည် ကားနီညိုလေးကို လူးလိမ့်စွာ ဆွဲခေါ်သွားပြီး ရေအောက်သို့ နစ်မြှုပ်လိုက်လေတော့၏။ ကိုညွန့်တင်ကျော်နှင့် မောင်တင်ဝင်းလေးတို့သည် ဖြစ်စဉ်ကို မည်သို့မျှ မတတ်နိုင်ဘဲ ကြက်သေသေကာ ငေးကြည့်နေမိလေ၏။ သတိပြန်ဝင်လာသလိုရှိသည့်အခါ "သွားပါပြီ မောင်တင်ဝင်းရယ်" ဟု ကိုညွန့်တင်ကျော်က ဆို့နင့်စွာ ပြောလေ၏။

ဤသည်မှစ၍ ဖွဲဆိုး၊ ညဉ်မကောင်းဟုဆိုသော ကားနီညိုဇာတ်လမ်းသည် နိဂုံးတံခဲ့လေပြီတည်း။

**ကိုမောင်သန်းဝင်း**

www.burmeseclassic.com

# ရုပ်ရှင်မင်းသားနှစ်ဦး မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးခံရ



ရုပ်ရှင်မင်းသား ဂျေစီချန်း



ရုပ်ရှင်မင်းသား ကီကိုချန်

တရုတ်ရဲတပ်ဖွဲ့က ပေကျင်းမြို့တော်တွင် ဟောင်ကောင်ရုပ်ရှင်မင်းသားနှင့် ထိုင်ဝမ်ရုပ်ရှင်မင်းသားတို့ကို မူးယစ်ဆေးဝါးအမှုဖြင့် ဖမ်းဆီးလိုက်သည်။ ဟောင်ကောင်မင်းသားမှာ ဂျက်ကီချန်း၏သား အသက် ၃၂ နှစ်အရွယ်ရှိ ဂျေစီချန်း ဖြစ်ပြီး၊ ထိုင်ဝမ်မင်းသားမှာ အသက် ၂၃ နှစ်အရွယ် ကီကိုချန် ဖြစ်သည်။ ဟောင်ကောင်မင်းသား၏ နေအိမ်မှာ ဆေးခြောက်ကီလိုဂရမ်ကို ဖမ်းဆီးခဲ့သည်။


ယင်းတို့နှစ်ဦး၏ လက်ထောက်တစ်ဦးကိုပါ ရဲတပ်ဖွဲ့က ဖမ်းဆီးသည်။ ဆက်လက်၍ မူးယစ်ဆေးဝါးရောင်းချသူကိုပါ ဖမ်းဆီးပြီး ဥပဒေအရ အရေးယူရန် စီစဉ်လျက်ရှိသည်။ ကျော်ကြားသော အနုပညာရှင်များ၏ မလိုလားအပ်သော လုပ်ရပ် ဖြစ်ပေသည်။

**မောင်ကောင်းယဉ်**

*T.S.T - 19.8.14*

---

# ဝေဟင်ကလေယာဉ် လူစည်ကားသည့် လမ်းမပေါ်ပျက်ကျ



အီရန်နိုင်ငံ၏မြို့တော် တီဟီရန်တွင် လမ်းမပေါ်၌ ခရီးသည်တင် လေယာဉ်တစ်စီး ပျက်ကျခဲ့ရာ လေယာဉ်ပေါ်၌ လိုက်ပါလာသူ အနည်းဆုံး ၃၈ ဦး သေဆုံးကြောင်း သိရသည်။ နောက်ပိုင်းသတင်းများအရ သေဆုံးသူ ၅၀ ဦးအထိ ရှိလာသည် ဟု၏။ လေယာဉ်စတင်ပျံသန်းပြီး မကြာမီ ပျက်ကျခြင်းဖြစ်ကြောင်း။ လေယာဉ်မှူးက မီဟာရာဗတ်လေဆိပ်သို့ ဆင်းသက်ရန် ကြိုးစားသော်လည်း မအောင်မြင်ဟုဆိုသည်။

လူစည်ကားသည့် ဈေးကြီးနှင့် မီတာတစ်ရာခန့်အကွာ ပျက်ကျခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့လုံခြုံရေးအဖွဲ့က စောင့်ကြပ်လျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျရသည်ဟု သတင်းရရှိပေသည်။

**မောင်ကောင်းယဉ်**

*The Nation - 11.8.14*



www.burmeseclassic.com

www.burmeseclassic.com



တွင်းကြီးသား

အဆိပ်သင့်ပန်း

၂၀၆

www.burmeseclassic.com

www.burmeseclassic.com

# ဘဝဆိပ်သင့် ပန်း ...

တွင်းကြီးသား တင်ဝင်းဦး

"ဘဝဆိုတာ အလုပ်နဲ့တည်ဆောက်ရတာ ဖြစ်သလို ရိုးသားမှု၊ ကြိုးစားမှုနဲ့လည်း တည်ဆောက်ထားရတယ် မောင်ညိုမောင်ရဲ့။ ဘဝကို တည် ဆောက်ပြီးပြီဆိုရင်လည်း ရိုးသားတဲ့ဘဝအသိနဲ့ပဲ ကျားကန်ထားနိုင်ရမယ်။ ဘယ်တော့မှ အောက်ခြေလွတ်တာမျိုး၊ ဘဝင်မြင့်တာမျိုး မဖြစ်ရဘူး။ ဝရှိမှ ဝိလုပ်လို့ ရတာမို့ ဝမရှိဘဲ ဘယ်တော့မှ ဝိမလုပ်နဲ့။ ဝိလုပ်ချင်ရင် ဝရှိအောင် ကြိုးစားပေါ့။

ဒါက ဆရာတော် ဦးကလျာဏက ကျွန်တော်အလုပ်ဝင်တဲ့နေ့က ပြောသည့်စကား။ ဆရာတော်က ကျွန်တော့် ဘဝအခြေခံနှင့် ဝါသနာအခြေခံကို သိသလို ကျွန်တော့်ဘဝအတွက်လည်း စာရေးဆရာအချို့က အလုပ်ဝင်ရင်းနှင့် ဘဝကိုရပ်တည်ဖို့ ပြောလာကြသည်။ သို့ကြောင့်လည်း အယ်ဒီတာအလုပ်ကို လုပ်ခဲ့ရခြင်းသာဖြစ်သည်။

အခုဆိုရင် စာပေလောကနှင့် အယ်ဒီတာဘဝကို ဖက်တွယ်လာခဲ့သည်မှာ တစ်နှစ်ပင် ကျော်ခဲ့ပြီလေ။

"မောင်ညိုမောင် အလုပ်သွားတော့မလားကွယ့်"

"တင်ပါ့ဘုရား"

"အေး .. အေး .. သွားသွား"

"ဟင် ...ဟိုကောင်မလေး"

ကျွန်တော့်နှုတ်က အသံထွက်လုလုဖြစ်သွားသည်။ ကောင်မလေးသည် ကျောင်းဝင်းအထွက် တံခါးနားတွင် ကလေးလေးကို ဘေးမှာချပြီး ခွက်လေးတစ်လုံး ရှေ့မှာထားကာ လာသမျှလူတွေကို မော့ကြည့်ပြီး တောင်းနေသည်။ ကလေးလေးခမျာ ဘယ်တုန်းက ဆာနေပြီမသိ။ ခပ်နွမ်းနွမ်းပန်းကန်ပြားထဲက ထမင်းနှင့်ဟင်းများကို သူ့လက်ကလေးနှင့် အပြည့်ဆုပ်ယူပြီး ပလုတ်ပလောင်းစားနေရှာသည်။

"ဩော် ... ဘာပြုလို့များ ဒီလိုရုပ်ရည်နဲ့ ဒီလိုဘဝမျိုး ရောက်ခဲ့ရတာလဲ မိန်းကလေးရယ်"

မသိခဲ့သေးသော ထိုမိန်းကလေးအကြောင်းကို သိလိုသောဆန္ဒတွေ ပြည့်နှက်လာသည့် ကျွန်တော့်အသိက သူမအကြောင်းကို တစ်နေ့နေ့တော့ မေးမြန်းကြည့်မည်ဟု ဆုံးဖြတ်မိသည်။

ကျွန်တော့်ခြေလှမ်းတွေက လေးလံနေဆဲ။

*****

အခုတော့ ...

"ရှေးဘဝက ဘယ်လိုအမှားတွေလုပ်ခဲ့လို့ ဒီလိုဘဝမျိုး ရောက်ခဲ့ရတာလဲ မိန်းကလေးရယ်။ ဘယ်လိုတွေများ ဆုတောင်းမှားခဲ့ရတာလဲ။ ဒါမှမဟုတ် ဘယ်သူ့အပေါ်မှာ ဘယ်လိုစော်ကားမှုတွေ ပြုခဲ့လို့လဲ။ အမှားတွေပြုခဲ့လို့ ပြင်မရတဲ့ ပြစ်မှုတွေရဲ့ ဒဏ်ခတ်မှုကို အလူးအလဲခံနေရတာနေမှာပါ။ အင်းလေ ... ညည်းရဲ့ဘဝက အတော်လေး ဒဏ်ရာဒဏ်ချက်တွေ ပြင်းနေပါလား။

မဆီမဆိုင်တွေးရင်း သူမတို့သားအမိမျက်နှာကို မြင်ယောင်ရင်း သူမတို့၏ ကံသုံးပါး ပဋိကြေးတို့ကို အဖြေရှာကြည့်မိသည်။ အဖြေကမတွေ့သေး။ ကျွန်တော်ကတော့ သူမတို့ဘဝကို မြင်တွေ့ရတိုင်း မခံမရပ်နိုင်သဘောဖြင့် ကိုယ့်သွေးသားရင်းချာလို စာနာနေမိတော့သည်။

"ဆွမ်းကျန်းလေးရှိရင် သနားပါဘုရား ..."

ရုတ်တရက် အသံကြောင့် ကျောင်းရှေ့လမ်းမဘက်ဆီ ကြည့်မိသည်။

"ဟင် ... ဟိုကောင်မလေးနဲ့ သူ့သားလေးပါလား"

ကျွန်တော့်ရင်ထဲ နှလုံးသားတွေ ပြုတ်ကျသွားဘိအလား ပြင်းထန်စွာ ခံစားလိုက်ရသည်။ ကျွန်တော် သူမ

www.burmeseclassic.com

"နေပါဦး ချိုမာရဲ့၊
ညည်းအမေက
အရင်အိမ်ထောင်ရဲ့
သစ္စာဖောက်ခြင်းကိုခံရ၊
နောက်အိမ်ထောင်က
လည်း ပိုးထိပြီး
သေကွဲနဲ့ အခွဲခံရ၊
သေကွဲနဲ့ ရှင်ကွဲ
နှစ်မျိုးစလုံး ခံစားနေရ
တဲ့ အမေဖြစ်သူကို
ညည်းက ဘာပြုလို့
ခေါ်မထားတာလဲဟင်"

ထံ အပြေးလာခဲ့သည်။

"မိန်းကလေး"

"ရှင် ..."

"ဟို ...ခဏစောင့်ဦးနော်။ ဆရာတော်တွေ ဘုဉ်းပေးတုန်း။ ပြီးရင် လုံလောက်အောင် စွန့်ပေးမယ်။ နော် ခဏစောင့်"

"ဟုတ်ကဲ့ ...ချိုမာ ..အဲ ကျွန်မစောင့်ပါ့မယ်။ ဟို ...တခြား ကျောင်းတွေ တောင်းတော့လည်း ဆွမ်းဘုဉ်းပေးတုန်းမို့ ဒီဘက်လာ တောင်းမိတာပါ သားလေးငိုနေလို့"

"အေး ..အေး ..ဒီမှာစောင့် နေ ...လာ ..လာ"

ကျွန်တော်က ကျောင်းဝင်းထဲ ဝင်ဖို့ တံခါးဖွင့်ပေးသည်။ သူမတို့ အတွင်းဝင်၊ အပေါက်ဝမှာထိုင်။ သည် နေရာက အပင်နှင့်မို့ အရိပ်ရသည်လေ။

"ဘာတဲ့၊ ခုနက ညည်းနာမည် ပြောလိုက်သလိုပဲ။ ဟို ...ချိုမာဆို လား"

"ဟုတ်ပါတယ် ဦးလေးရယ်။ သမီးနာမည် ချိုမာပါ"

ထိုစဉ် ဆရာတော်ခေါ်နေသည် မို့ ကျောင်းထဲအပြေးဝင်ခဲ့သည်။ သူမ ကိုလည်း စောင့်နေနော်ဆိုသည့် သဘောနှင့် မျက်လုံးဖြင့် အသံတိတ် မှာခဲ့သူကလည်း ကျွန်တော်။ ဆရာ တော်က ဘုဉ်းပေးပြီး ထမင်းဟင်းများ ကို အထည့်ခိုင်းသည်။ ကျွန်တော်က အကောင်းဆုံးသော ဟင်းတွေကို ထည့်ပြီးသည်နှင့် သူမတို့ထံ အပြေး လာ၊ သူမတို့၏ခွက်ထဲ အပြည့်အသိပ် ထည့်။

"တော်ပါပြီ ဦးရယ်။ မဆံ့တော့ ဘူး။ ဒါဆိုရင် တစ်ရက်စာအတွက် လုံလောက်ပါပြီ။ ကျေးဇူးတင်ပါတယ် ဦးရယ်"

သူမက ထမင်းဟင်းများကို ကြည့်ရင်း ဆရာတော်ရှိရာ ကျောင်း ထဲဆီသို့ လက်အုပ်ချီရင်းပြောတော့ ရင်ထဲမှာ အတော်လေး ပြင်းထန်စွာ ခံစားနေမိသည်။

*****

"ကျွန်မအမည်က ဦး သိပြီးပြီပဲ။ ချိုမာတဲ့။ ချိုမာတို့ဇာတိက မအူပင် ရေလဲလေးအုပ်စု၊ သုံးခွဆိုင်ရွာအနီးက ဝါးရုံဂယက်ဆိုတဲ့ ရွာလေးကပေါ့။ ညီမတို့ရွာလေးဟာ တာရိုးပေါ်မှာရှိပြီး ရွာတန်းရှည်တဲ့ ရွာလေးပေါ့ဦးရယ်"

ချိုမာက သူမရဲ့ ဘဝဇာတ် ကြောင်းအစကို ပျိုးရင်းနှင့် သူ့ခါး တွင်ရှိ သူ့သားလေးကို ကြည့်နေ သည်။ သူမရဲ့ မျက်လုံးအစုံထဲမှာ တော့ ကြေကွဲမှုနှင့် နောင်တရမှုတွေ ရောပြွမ်းနေသော သောကအရိပ်တွေ ကို တွေ့နေရသည်။ မျက်ရည်စတို့က လည်း ဝေ့ချင်ချင်ဖြစ်နေသည့် ပုံမျိုး။

"ပြောပါ ...ချိုမာ"

ကျွန်တော်က နှိုးဆော်လိုက် သည်။ ရီဝေစွာကြည့်ရင်း ဖြည်းလေး စွာ ပြောသူက သောကသူဌေးမလေး ချိုမာ ...။

"ပြောရရင်တော့ ချိုမာတို့မှာ အဖေရယ်၊ အမေရယ် မိသားစုသုံးဦး တည်းသာရှိကြတာ။ အဖေက အရက် သမားဆိုတော့ သိပ်ပြီး အဆင်မပြေ ချင်ကြဘူးလေ။ အမေက လယ်စိုက်၊ ပျိုးနုတ်လုပ်ရင်းနဲ့ ဘဝကို ရပ်တည်နေ ထိုင်ရတဲ့ ဆင်းရဲတဲ့ဘဝမျိုးပေါ့။ အဖေ က ကြွက်တူး၊ ချောင်းတွေ မြောင်း တွေထဲ ဖားရှာ၊ ငါးရှာရင်းနဲ့ သူ့ အရက်ဖိုးကို သူ့လုပ်အားခနဲ့ ရင်းနှီး ရှာဖွေယူနေတဲ့ အချိန်။ မထင်မှတ်ဘဲ ချိုမာတို့မိသားစုလေး ပြိုကွဲဖို့ဖန်လာ တယ် ဦးရဲ့"

"ဘယ်လိုဖန်တီးလာခဲ့တာလဲ ချိုမာ"

"ဒီလို ဦးရဲ့။ အဖေက အရက် သောက်ရင်း၊ ပေရင်းလေရင်းနဲ့ နောက် အိမ်ထောင်ပြုသွားတယ်။ အဲဒီမိန်းမကို ခိုးပြေးသွားတာလေ။ အဲဒါ အစပိုင်း တော့ အမေက အဖေ့အပေါ် အတော် စိတ်ဆိုးခဲ့တယ်။ နောက်တော့ အိုးရွှဲ ရင် စလောင်းရွှဲနဲ့ဖုံးမယ်ဆိုတဲ့ အမေ့ရဲ့ မာနကြောင့် အဖေ့အပေါ် နာကြည်း ချက်တွေ ထားခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတုန်းက ညည်းရဲ့အသက်က ...''

"လေးနှစ်ပြည့်၊ ငါးနှစ်ထဲအဝင် ကျောင်းလိုက်တဲ့အရွယ် ရောက်ပြီလေ''

ကြားရသည့် အဖြစ်အပျက်တွေက ကျွန်တော့်ရင်မှာ မောသွားသည်။

"အဲဒီအချိန် အမေ့ရဲ့အစ်မ ချိုမာရဲ့အရီးကြီးလင်မယားက သူတို့မှာ သားသမီးမထွန်းကားလို့ ချို့မာ့ကို အပြီးမွေးစားဖို့ အမေနဲ့တိုင်ပင်ခဲ့တယ်။ နောက်တော့ ချိုမာ့ကို အရီးကြီးလင်မယားက မွေးစားခဲ့တယ်လေ''

"လယ်နှစ်ကွက်၊ နွားတစ်ရှဉ်း လုပ်ရှိတယ်လေ။ ထားပါတော့။ အဲသလိုနဲ့ ချိုမာဟာ အရီးကြီးအိမ်မှာနေရင်း ကျောင်းတက်ခွင့်ရခဲ့တယ်။ ချိုမာ ငါးတန်းအရောက် အမေက နောက်အိမ်ထောင်ပြုသွားခဲ့တယ်လေ''

"ညည်းအမေနဲ့ကော တွေ့သေးလား''

"တွေ့တော့တွေ့တယ်။ ဒါပေမယ့် မခေါ်တော့ဘူး။ မဆိုင်သလို နေလာခဲ့တယ်လေ။ နောက်တော့ အမေကလည်း သူ့အိမ်ထောင်နဲ့သူ၊ အဖေကလည်း သူ့အိမ်ထောင်နဲ့သူ နေလာရင်းနဲ့ မကြာပါဘူး။ အမေ့ရဲ့နောက်အိမ်ထောင် ပိုးထိပြီး ဆုံးသွားရော''

"ဩော် ... ဖြစ်ရလေကွယ်။ အဲသလိုဆုံးသွားတော့ ညည်းအမေက ညည်းဆီလာသေးလား''

"လာမနေဘူးလေ။ သူ့ဘာသာသူ နေတာပေါ့။ အဲသလိုနဲ့ မကြာပါဘူး။ အဖေ့မှာလည်း အရက်သမားကြီးလုံးလုံးဖြစ်၊ အဖေ့နောက်မိန်းမက မကြည်ဖြူပြန်တော့ အဖေ့ခမျာ ရောဂါတွေရ၊ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ချိုမာ ခုနစ်တန်းတက်မယ့်နှစ်မှာ ဆုံးသွားခဲ့ရတယ်''

"ဟင် .. အင်း။ ညည်းဘဝကလည်း ရှင်ကွဲကွဲရာကနေ တဖြည်းဖြည်းနဲ့ သေကွဲအဖြစ်နဲ့ ကြုံခဲ့ရတာကိုး''

လောကဓံတရားကို ခံပြင်းစွာဖြင့် မကျေမနပ်ပြောမိပြန်သည်။

"အဲဒီအချိန်မှာ အကြောင်းကြောင်းတွေကြောင့် ချိုမာ ကျောင်းမတက်တော့ဘဲ ကျောင်းက အပြီးထွက်လိုက်ရပြန်ရော''

"ဟင် ... ဘာပြုလို့လဲ''

"အရီးကြီးရဲ့ ယောကျ်ား လယ်ထွန်ရင်းနဲ့ ပိုးထိပြီး သေခဲ့ရပြန်လို့လေ''

"ဟင် ... ညည်းတို့ဆီမှာ မြွေပေါပုံပဲနော်''

"တွေ့တော့ တွေ့ခဲ့ပါတယ်။ တွေ့ခဲ့ရင်လည်း မြွေကြီးကြီးတွေပဲတွေ့တာ။ ထိမိရင်လည်း ဆေးမမီဘူးလေ''

"ဩော် ...''

"အဲသလိုနဲ့ ချိုမာ ကျောင်းအပြီးထွက်လိုက်ရပြီးတဲ့နောက် ချိုမာ အပျိုဖော်ဝင်အချိန်ပေါ့။ ရွာရဲ့ဓလေ့အရ ကြည့်ပျော်ရှုပျော်ရှိလို့ ချောတယ်၊ လှတယ်ဆိုပြီး ...''

ချိုမာက သူ့အကြောင်းသူပြောရင်း ရှက်သွားပုံရသည်။ စကားမဆက်။

"အင်းလေ ... ညည်း အခုကြည့်ရုံနဲ့ ငယ်ငယ်က အတော်ချောမှာပဲဆိုတာ သိပါတယ်အေ။ ကဲ .. ဆက်ပါဦး''

"အဲသလိုနဲ့ အရီးကြီးအိမ်မှာနေရင်း လယ်နှစ်ကွက်ကို လူငှားတွေနဲ့ ထွန်ယက်ရင်း နေလာရာက တစ်နေ့မှာတော့ ချိုမာ့ဆီကို အမေရောက်လာခဲ့တယ်''

"နေပါဦး ချိုမာရဲ့။ ညည်းအမေက အရင်အိမ်ထောင်ရဲ့ သစ္စာဖောက်ခြင်းကိုခံရ၊ နောက်အိမ်ထောင်ကလည်း ပိုးထိပြီး သေကွဲနဲ့ အခွဲခံရ။ သေကွဲနဲ့ရှင်ကွဲ နှစ်မျိုးစလုံး ခံစားနေရတဲ့ အမေဖြစ်သူကို ညည်းက ဘာပြုလို့ ခေါ်မထားတာလဲဟင်''

ဒီတစ်ခါ ကျွန်တော့်အမေးစကားသံက အတော်အတန် မာသွားသည်ဟု ထင်ရသည်။ ကျွန်တော့်လေသံနှင့် ကျွန်တော့်အမေးစကားကြောင့် ချိုမာတစ်ယောက် ခေါင်းငုံ့သွားသည်။

"ဖြေပါဦး ချိုမာ''

"ဟို ... အရီးကြီးက အမေ့ကို အခေါ်ခိုင်းပါတယ်။ ဒါပေမယ့် ... ချိုမာက ခေါ်မထားချင်ဘူးလေ''

"ဘာဖြစ်လို့လဲ ချိုမာ။ အမေတစ်ယောက်လုံး ဒီလောက်စိတ်သောက ခံစားနေရတဲ့အချိန်မှာတောင်

*"ပြောဖို့မေ့သွားတယ်ဦး။ ကလေးတစ်ယောက် မွေးသေးတယ်။ ယောကျ်ားလေး။ အဲဒီကလေးကလည်း သူ့အဖေပိုးထိသေအပြီး အမေအတော် နေမကောင်းဖြစ်နေတဲ့ အချိန်မှာ အပြင်းဖျားပြီး သေသွားခဲ့တယ်လေ''*



www.burmeseclassic.com

www.burmeseclassic.com

ညည်းက ဥပေက္ခာပြုနိုင်ရက်သလား"

မေးရင်းနှင့် ကြည့်မိတော့ ချိုမာ့ မျက်လုံးအိမ်မှာ မျက်ရည်တွေက အပြည့်။ သူမရဲ့သားလေးကတော့ ဘာမှုသိဟန်မတူ။ အမေ့ကိုကြည့်လိုက်၊ ပန်းကန်ထဲက ထမင်းဟင်းတွေစားလိုက်နှင့် ရှိသည်။

"ဟုတ်တယ် ဦးရယ်။ ချိုမာ အမေ့ကို ခေါ်မထားချင်ဘူး"

"ဘာပြုလို့လဲဟင်"

"အမေ့မှာ နောက်အိမ်ထောင်ပြုတုန်းက တပင်တပန်းနဲ့ လယ်ထဲဆင်းရ၊ ထင်းခုတ်ထွက်ရ၊ ဖားရှာငါးရှာထွက်ရနဲ့ဆိုတော့ ခြေနဲ့လက်တွေမှာ ဝဲလိုအနာတွေ ပေါက်နေလို့"

"ဩော် ... ဒီအနာတွေကြောင့် ညည်းက ညည်းအမေကို ..."

ကျွန်တော့်အမေးစကားကို ဆုံးအောင်မေးချင်ပေမယ့် မမေးရဲ၊ မမေးဝံ့။ မမေးရက်တော့ ..။ စိတ်နာနာဒေါသဖြစ်ဖြစ်နှင့် သည်လောက်တာဝန်မဲ့ရသလား၊ ကျေးဇူးကန်းရသလားဆိုပြီး ရင့်ရင့်သီးသီး ပက်ပက်စက်စက်ဖြင့် လက်ညှိုးထိုး၍ မေးလိုက်ချင်သည်လေ။ ဒါပေမယ့် မေးမိရင်ကော သူမ စိတ်မကောင်းရုံ၊ ကျွန်တော် စိတ်ဆင်းရဲရုံသာ ရှိမည်။

"ဘာလဲ ... ညည်းစိတ်ထဲမှာ ညည်းအမေအိမ်လာတာကို မကြိုက်ခဲ့ဘူး မို့လား"

သူမက ခေါင်းညိတ်ပြသည်။

"အဲ ... အဲသလိုလာပြီးတော့ အမေက ချိုမာ့ကို ပြောရှာတယ်။ သမီးရယ်တဲ့။ အမေ့ကို ဆန်ဖိုးဆီဖိုးလေးဖြစ်ဖြစ်၊ ယားနာပျောက်ဆေးဝယ်ဖို့ပဲ ဖြစ်ဖြစ် ငွေလေးပေးပါဆိုပြီး တောင်းခဲ့တာပေါ့။ အဲဒါ ချိုမာက ဘာပြန်ပြောသလဲဆိုရင် ..."

"ညည်းက ဘာပြန်ပြောခဲ့သလဲ ချိုမာ"

ပြန်လည် မေးခွန်းထုတ်ရင်းနှင့် သူမကိုကြည့်မိတော့ ကျိတ်ရင်း၊ ရှိုက်ရင်းနှင့် အတော်လေး နောင်တရဟန်ဖြင့် ရှိပြန်သည်။

"ချိုမာ ... အမေ့ကို ... ပြောပြောမိတာက ... ဘာဆန်ဖိုး၊ ဆီဖိုးမှ မပေးနိုင်ဘူး။ ဆေးဖိုးလည်း မပေးနိုင်ဘူး။ ဝေးပါသေးရဲ့။ တော့်ဘာသာတော် သူတောင်းစားလို အိမ်တကာရှာတကာလှည့်ပြီး၊ ခွက်တစ်လုံး၊ တုတ်တစ်ချောင်းနဲ့ ကလေးတစ်ယောက်နဲ့ တောင်းစား သိရဲ့လားလို့ အဲသလို ခပ်ပြတ်ပြတ်နဲ့ လက်ညှိုးထိုးပြီး ဆိုခဲ့ပြောခဲ့တာ"

"နေပါဦးချိုမာ ... ညည်းအမေမှာ နောက်အိမ်ထောင်နဲ့ သားသမီးမွေးခဲ့လို့လား"

"ပြောဖို့မေ့သွားတယ်ဦး။ ကလေးတစ်ယောက်မွေးသေးတယ်။ ယောကျ်ားလေး။ အဲဒီကလေးကလည်း သူ့အဖေပိုးထိသေအပြီး အမေအတော်နေမကောင်းဖြစ်နေတဲ့အချိန်မှာ အပြင်းဖျားပြီး သေသွားခဲ့တယ်လေ"

"ဩော် ... ဒါနဲ့ ဆက်ပါဦး"

"အဲသလိုပြောတော့ အမေ့ကို သမီးဖြစ်သူ ပက်ပက်စက်စက် ပြောနေတာကြားတော့ အရီးကြီးရောက်လာပြီး ချိုမာ့ကိုဆူတယ်။ အဲဒါ ချိုမာက မွေးကျေးဇူးရှိတဲ့ အမေ့ကျေးဇူးကိုလည်းမသိ၊ ကျွေးကျေးဇူးရှိတဲ့ အရီးကြီးရဲ့ကျေးဇူးလည်း နားမလည်ခဲ့ဘဲ အရီးကြီးကိုပါ ဘာပြန်ပြောခဲ့သလဲဆိုရင် တော် ... ကျွန်မကို ဘာမှဝင်ပြောစရာမလိုဘူး။ သူတောင်းစားမကြီးရဲ့လို့ ပြော ... ပြောမိ"

သူ့ခမျာ စကားကို ဆုံးအောင် မပြောနိုင်။ အင့်ခနဲတစ်ချက် ရှိုက်ပြီး လက်အစုံဖြင့် သူ့မျက်နှာကိုအုပ်ပြီး ငိုသည်။ ခေါင်းခါရင်းဖြင့် နှုတ်စားအထိ ခံရသည့် ဝဋ်ကြွေးတွေကို လက်တွေ့ခံစားနေရတာပါလားဟု တွေးရင်း စိတ်မော၊ လူမော ခံစားနေရဆဲ ...။

"အဲသလိုပြောတော့ အရီးကြီးက ထပ်ပြောတယ်။ အဲသလို မပြောကောင်းဘူး။ ငရဲကြီးတတ်တယ်၊ ဝဋ်လိုက်တတ်တယ်လို့လေ။ အမေကလည်း ချိုမာ့ကို အဲသလိုမပြောဖို့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အဲသလိုစကားမျိုးမပြောဖို့၊ ကိုယ်ပြောရင် ကိုယ်ခံရတတ်တယ်လို့ပြောရင်း နောက်ထပ် ချိုမာ့ဆီ လုံးဝမလာတော့ဘူးလေ။ အဲသလိုနဲ့ အရီးကြီးမှာလည်း ချိုမာ့အတွက်နဲ့ အတော်ခံစားနေရရှာပြီး အိပ်ရာထဲ ဗုန်းဗုန်းလဲလို့ နောက်ဆုံးသေခဲ့ရရှာတယ်။ မကြာပါဘူး။ အမေ့ခမျာမှာလည်း လူကြီးရောဂါနဲ့ အိပ်ရာထဲလဲနေတယ်ဆိုတာ ချိုမာသိပေမယ့် ..."

ပြောရင်းနှင့် ချိုမာ စကားကို ဖြတ်သည်။ ဆက်ပြောစရာအကြောင်းအရာတွေရှိပေမယ့် နောက်ကြောင်းမလှသည့်အကုသိုလ်တရားတွေ လွှမ်းခြုံထားသည့် အရာတွေဆိုတာ ကျွန်တော် သိနေခဲ့သည်။

"ပြောရမယ်ဆိုရင် အရီးကြီးနဲ့ အမေ မသေခင်အချိန်မှာ ချိုမာ အလု ... သွေးကြွယ်နေတဲ့ အချိန်ပေါ့။ ချစ်သူ ... ခဲ့တယ်။ သူ့အမည်က မျိုးအောင် ...



www.burmeseclassic.com

www.burmeseclassic.com

ရွာကနေပြီး ရေလဲလေးဈေးကို တစ်ပတ်ကိုနှစ်ရက် ဈေးဝယ်သွားနေကျ။ တစ်ရက် ချိုမာလေ ကိုမျိုးအောင်နဲ့ ထင်မှတ်မထားဘဲ ဆုံမိကြတယ်။ နောက် ချစ်သူတွေ ဖြစ်သွားတော့တာပေါ့။ သူက ရန်ကုန်ကလို့ ပြောခဲ့တယ်။ အရောင်းအဝယ် လုပ်တယ်ဆိုတော့ ချိုမာ ယုံခဲ့တာပေါ့။ အဲဒီအချိန် အရီးကြီးရော၊ အမေပါ ရှိသေးတယ်။ အမေနဲ့အရီးကြီး မရှိတော့တဲ့နောက် ကိုမျိုးအောင်နဲ့ချိုမာတို့ လက်ထပ်ခဲ့ကြ အပြီးမှာတော့ အမှားကြီးမှားခဲ့ပြီဆိုတာ သိလိုက်ရတယ် ဦး''

''အဲဒီတော့မှ အရီးကြီးပြောတာ၊ အမေပြောတာတွေ ပြန်ပြီး ကြားယောင်လာမိတယ်လေ။ သူတို့ပြောခဲ့တာက ဝဋ်လည်မယ်တဲ့၊ ငရဲကြီးမယ်တဲ့။ ချက်ချင်း လက်တွေ့ဘဝမှာပဲ ချိုမာဝဋ်လည်ခဲ့တာကိုး။ လောကငရဲကျခဲ့တာကိုး။ ဘာပြုလို့လဲဆိုရင် အမေနဲ့ အရီးကြီးကို သူတောင်းစားမကြီး၊ သူဖုန်းစားမကြီး၊ ခွက်တစ်လုံး တုတ်တစ်ချောင်း၊ ကလေးတစ်ယောက်နဲ့ တောင်းစား၊ ရပ်တကာ၊ ရွာတကာ၊ အိမ်တကာလှည့်ပြီး တောင်းစားပါလားလို့ အဲသလိုပြောခဲ့မိတာကိုး။ အဲဒီနှုတ်ခါးက ချိုမာ့ကို လက်တွေ့ပြခဲ့ပြီ ဦး''

အသံတိတ်ထားရင်း ရင်ထဲနင့်လာသည့် ခံစားမှုများသည် သူမအတွက်ဖြင့် ဖြစ်လာရသည်ကိုတော့ ချိုမာသိမည် မထင်မိ။ ပြစ်မှားမိခဲ့သော ဝစီကံ၏ အမှားများက သူမ၏ဘဝကို ဆင်းရဲခြင်းနွံအတွင်း ဆွဲချသွားခဲ့သည်က လက်တွေ့ပေပဲ။

''အဲဒါ လက်ထပ်ပြီးမှ ကိုမျိုးအောင်ဟာ သူတောင်းစားမျိုးရိုးထဲက ဆိုတာ သိရတာလေ။ သိပြီးတဲ့အချိန်မှာတော့ နှောင်းခဲ့ပြီ ဦး။ ဘာမှ ပြင်လို့မရတော့ဘူး။ ဆွေမျိုးတွေ ရွာကလူတွေက ခပ်ကင်းကင်းနေခဲ့ကြတဲ့အခါမှာတော့ ဘာလုပ်ငန်းမှ အဆင်မပြေတော့ဘူး။ ကိုမျိုးအောင်က တောင်သူလည်း မလုပ်တတ်၊ နောက် နွားတစ်ရှဉ်းကလည်း တစ်ကောင်ကသေ၊ တစ်ကောင်က ပိုးထိ။ နှစ်ကောင်စလုံး သေပြီးတဲ့နောက် ရှိတဲ့လယ်နှစ်ကွက်လည်း အကြွေးနဲ့ သူများလက်ထဲ ဝကွက်အပ်လိုက်ရတာပေါ့။ နောက်ဆုံး ရွာမှာလုံးဝမနေတော့ဘဲ ကိုမျိုးအောင်တို့အိမ်လေးဆီ လိုက်ခဲ့တယ်လေ''

''သူတို့က ဘယ်မှာနေတာလဲ ချိုမာ''

''သူတို့က ရေလဲလေးရဲ့တစ်ဖက် မြစ်ရဲ့အလယ်က ရေလယ်ကျွန်းခုံတွေပေါ်မှာ နေကြတာ။ တဲလေးတွေထိုး၊ တောင်းချိန်လိုက်တောင်းပြီး နေကြတာ။ အဲဒီအချိန်မှာ ချိုမာ့မှာ ကိုယ်ဝန်နဲ့။ နောက်တော့ ကလေးဖွားအပြီး ချိုမာ့ကိုလည်း အတောင်းခိုင်းတော့တာပဲလေ။ အစကတော့ ငြင်းသေးတယ်။ နောက် မရတဲ့အဆုံး တောင်းရင်းနဲ့ နှုတ်ရဲ့ပြစ်မှုကို လက်တွေ့ကွင်းဆင်းပြီး ပေးဆပ်ခဲ့ရတာပေါ့၊ နောက်တော့ ပြောရရင်ဦးရယ် ချိုမာလေ ကိုမျိုးအောင်ကို အကျိုးအကြောင်း ပြောပြီး ဒီမြို့ကို နှစ်ဦးသား ထွက်လာခဲ့ကြတာပေါ့။ ရန်ကုန်ရောက်တော့ မြို့အစွန်မှာ တဲထိုးပြီးနေကြတယ်။ ကိုမျိုးအောင်ရော၊ ချိုမာပါ ထုံးစံအတိုင်း ဝဋ်ကြွေးတွေက ရှိနေလေတော့ . .''

သူမက သူ့ဘဝအကြောင်း နိဂုံးချုပ်လိုက်သည်။

''သွားမယ်နော် ဦး''

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

''ဘာပဲဖြစ်ဖြစ်ပေါ့ ဦးရယ်။ ထင်သားအတွက် တောင်းကျွေးနေရသော ရယ်၊ ဒီသားလေးအပေါ်ထားတဲ့ သံယောဇဉ်ရယ်ကြောင့် ခုလိုဘဝမျိုးနဲ့ နေ ရပေမယ့်လည်း ချိုမာ့စိတ်ထဲမှာ ကျေနပ်နေရတော့မှာလေ။ ဘာပြုလို့လဲဆိုရင် အရီးကြီးနဲ့အမေ့ကို စော်ကားထားတဲ့ ဝစီကံဝဋ်ကြွေးတွေက မသေမချင်း ရှိနေဦးမှာ။ ပေးဆပ်နေရဦးမှာလေ။ သြော် . . . ဦး သွားမယ်နော်။ သူ့အဖေက လေဖြတ်ထားတာ နှစ်လရှိပြီ။ အဲဒါ ပြန်မှဖြစ်မယ်။ တော်ကြာ . . .''

ပြောရင်း ထွက်သွားသည့် သူမ သူ့လင်သားဒုက္ခိတကြီးကို ဘယ်နေရာ၊ ဘယ်အရပ် ထားခဲ့သည်ကို ကျွန်တော် မသိလိုတော့။ သူမကိုကြည့်ရင်း ကျောင်းထဲဝင်ခဲ့သည်။

''သြော် . . ချိုမာရယ်။ တကယ်တော့ ဝဋ်ကြွေးဆိုတာ မိမိကဖန်တီးတဲ့အရာပါ ချိုမာ။ ရွှံ့ဆိုတာ ရေကြောင့်ဖြစ်သလို၊ အဲဒီရွှံ့ကို ရေနဲ့ပဲ ပြန်ဆေးရင် စင်ကြယ်တတ်ပါတယ်။ ချိုမာ့အပြစ်တွေဟာ မသိမှုစိတ်ကြောင့် ဖြစ်ရတာမို့ သိမှုစိတ်တွေမွေးပြီး ကောင်းမှုကုသိုလ်တွေနဲ့ ချိုမာ့ရဲ့ ဝဋ်ကြွေးတွေကို ဒီဘဝဒီမှုနဲ့ပဲ ကျေအောင် ချိုမာ့ရဲ့စိတ်လေးကို ပြုပြင်လိုက်ပါလား ချိုမာ''

တွေးရင်းဖြင့် ချိုမာတို့သားအမိ မျက်နှာလေးကို မြင်ယောင်နေသည် . . .။

တွင်းကြီးသား တင်ဝင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# စိုင်ပစ်မုဆိုး

## (ပေးကားပေး၏ မရ)

■ လေးမောင်

နယုန်လမို့ 'နယုန်မိုးပြေး မြက်သားမွေး'ဆိုသည့် စကားသည် ယခု ကျွန်တော်မြင်တွေ့နေရသည့် မြင်ကွင်းကို မှန်ကန်ကြောင်း ထောက်ခံနေသည့်နှယ်ပင်။

မြင်ကွင်းကိုလည်း ကြည့်ဦး။ နယုန်လ၏ အပူရှိန်ဒဏ်ကြောင့် မြေတွင်းအောင်းနေသည့် 'ပလူကောင်'တို့ အတောင်ပေါက်လာပြီး မရိုးမရွဖြစ်လာပြီး မြေပြင်ကိုထိုးထွက်၍ ဝေဟင်တွင် အုံ့ဖွဲ့ပျံသန်းကြပေသည်။

ထိုသို့ ဝေဟင်တွင် အုံ့ဖွဲ့ပျံသန်းနေကြသော ပလူကောင်များကို အနီးသို့ ရုတ်ခြည်းပင် ရောက်ရှိလာကြသည့် 'ပလူစားငှက်ငယ်'တို့ ပျံဝဲရောက်ရှိလာကြပြီး လိုက်လံထိုးသုတ် စားသောက်နေကြသည့်အပြင် မြေပြင်တွင်လည်း ဖွတ်၊ ပုတ်သင်၊ လိပ်နှင့် ဖားတို့ စားသောက်နေကြသည့် ပလူစားပွဲတော်ကြီးကား စည်ကားသိုက်မြိုက်လှပေသည်။ ဝေဟင်ထက်တွင် ငှက်တော်၊ ပျံလွှား၊ လင်းမြီးဆွဲ၊ ငှက်ခါး၊ ဗွတ်ကလုံ၊ ငှက်ဝါးယောင်းတို့က အတောင်ကိုဖြန့် ဝေ့ဝဲပျံသန်းကြရင်း ထိုးသုတ်စားသောက်နေကြသည်။ မိုးဦးကာလ မြူထသောအချိန် အစားကြူးသော ငှက်ငယ်တို့၏ မြင်ကွင်းကား မြင်တွေ့နေရသော ကျွန်တော့်ကို ညို့ယူဆွဲဆောင်ထားသည့်နှယ်။

ယခုတစ်ပတ် အမဲပစ်ထွက်ခဲ့သည့်ခရီးက 'မဟာမြိုင်တောကြီးဘက်'ဆီသို့။ မြိုင်ချောင်းအကြား ကျောင်းကြီးကုန်းရွာဘက်ဆီသို့ တက်ခဲ့သည်။ ထိုရွာတွင် ရွာခံမုဆိုး စောစိန်သန်းက စိုင်အုပ်များရောက်နေသည့်အတွက် ပစ်ခတ်ဖို့လာရန် အကြောင်းကြားသဖြင့် သူ့ဆီသို့ ရောက်လာခဲ့ကြခြင်းပင်။ ထိုရွာသည် မဟာမြိုင်တောအတွင်း ဝင်ရောက်ရန် ရွာခုနစ်ရွာရှိသည့်အနက် ဦးဆုံးရောက်သည့်ရွာ ဖြစ်ပေသည်။

ကျွန်တော်တို့ ရွာဆီရောက်တော့ စောစိန်သန်းနှင့် မိသားစုက ဝမ်းသာအားရ ကြိုဆိုသည်။ ထိုရွာတွင် ညအိပ်ရပ်နားပြီး လိုအပ်သည့် ပစ္စည်းရိက္ခာများယူကာ တောထဲသို့ သွားကြမည့် ခရီးစဉ်ပင်။ ယခုလည်း ကျွန်တော်တို့ ကိုယ်လက်သန့်စင်ရန် ချောင်းစပ်ဆီသို့အသွား ပလူကောင်တို့ အုံ့ဖွဲ့နေစဉ် ငှက်ငယ်တို့ ဝိုင်းဝန်းထိုးသုတ်စားသောက်နေကြသည့် မြင်ကွင်းကို မြင်တွေ့လိုက်ကြရခြင်း ဖြစ်ပေသည်။ ထိုမြင်ကွင်း၏ အလှမ်းဝေးရာဆီတွင် တရွေ့ရွေ့တအိအိ မြင်တွေ့နေရတဲ့ နှင်းလွှာထုကြီးတွေ၊ လျှိုမြောင်ချိုင့်ဝှမ်းတွေ၊ တောင်စဉ်တောင်တန်းတွေကိုကြည့်ရင်း ရင်တွင်းခံစားချက်တစ်ခုကို သတိရလွမ်းမောနေမိသည်က အမှန်။

"စောစိန်သန်း . . ငါတို့ ဘယ်နေရာကို သွားကြမှာလဲဟင်"

"ဝေပုံရွာမှာ အထိုင်ချမယ် စိတ်ကူးထားတယ် ဘိုလေးရဲ့"

"အခြေအနေလေးလည်း ပြောထားပါဦးကွ။ ဘယ်လိုဆိုတာကို"

"အဝေးဆုံး၊ အနက်ဆုံး၊ တောအနက်ဆုံးဖြစ်ပြီး၊ သားကောင်အလွန်ပေါတဲ့ နေရာတွေပဲလေ။ တိုကိုရောက်ရင် သိလာပါလိမ့်မယ်"

"ဘာတိုသိရမှာလဲကွ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဗျ။ ရွာက ခပ်သေးသေး ရယ်ပါ။ အိမ်ခြေ ၅၀ တောင် မပြည့်ပါဘူး။ ပတ်ဝန်းကျင်နဲ့လည်းအလှမ်းဝေးတော့ ဆက်သွယ်မှုနည်းတယ်။ ဒေသထွက်ကုန်ကလည်း ရှားတယ်။ ပျားရည်၊ အင်တွဲ၊ လျှော်နဲ့ သစ်မွှေးလောက်ပါပဲလေ။ သားကောင်တွေက ပေါလွန်းတော့ လူတွေကသိပ်ပြီး ရှာမစားကြဘူး။ မိသားစုစားလောက်ရုံလာ ရှာဖွေစားကြတဲ့နေရာမျိုးဗျ။ စိုင်အုပ်က အန္တရာယ်ကင်းလို့နဲ့ တူတယ်။ အဲဒီမှာကျက်စားကြတယ်လေ"

"သားကောင်တွေကို ပစ်ခတ်ဖမ်းရောင်းချပြီး မစားကြဘူးလား"

"ပစ်ခတ်လို့ ရပြန်တော့လည်း သယ်ယူရေးက မလွယ်ဘူးဗျ။ သယ်လို့ရပြန်တော့လည်း ပြန်လည်ရောင်းချဖို့ဆိုတာက အခြားရွာတွေနဲ့ အလှမ်းဝေးတော့ သိပ်မလွယ်ဘူးလေ"

"ဒါဆို မင်း စောစောကပြောတဲ့အထဲမှာ ပျားရည်၊ အင်တွဲ၊ လျှော်နဲ့ သစ်မွှေးတွေကျတော့ရောကွ"

"ကုန်သည်တွေက တစ်လ တစ်ခေါက်လောက် ဆင်းကြတယ်။ အားလုံး ချုပ်ဝယ်သွားပြီး ပြန်သယ်သွားကြတယ်လေ။ သူတို့သယ်လာကြတဲ့ ဆန်၊ ဆီ၊ ဆားတို့နဲ့ လဲကြတာပေါ့။ ဆန်ကုန်ရင်တော့ ဝဥကိုပဲ စားကြတယ်လေ"

သူ့စကားကြောင့် ကျွန်တော် ဘာမှပြန်မပြော။ အဘကောင်းနှင့် အစ်ကိုကြီးဦးသိန်းလွင်တို့မျက်နှာကို ကြည့်လိုက်တော့လည်း ဘာသဘောထားမှမပေးသည့်အတွက် ငြိမ်နေလိုက်ပြီး သူတို့နေထိုင်ရာအိမ်သို့ လျှောက်လှမ်းပြန်ခဲ့ကြပေသည်။

☆ ☆ ☆ ☆

နောက်တစ်နေ့ မနက်ပိုင်း ကျွန်တော်တို့ ပေါ်မြိုင်ချောင်းအတိုင်း ဝေပုံရွာသို့တက်ခဲ့ကြပေသည်၊ ချောင်းအတိုင်း လှေကလေးနှင့် ဆန်တက်ခဲ့ကြသည်မို့ ခပ်ဖြည်းဖြည်းတက်ခဲ့ရာ ရွာခံမုဆိုး စောစိန်သန်းက . . .

"ဘဘကောင်း . . . သေနတ်တွေ အသင့်ကိုင်ထားကြနော်။ ဟိုမရောက်ခင် ဒီလမ်းကြောင်းမှာ အဘတို့ တစ်မုန်းပစ်သွားကြရလိမ့်မယ်"

သူပြောလိုက်သည့်အချိန် ကမ်းဘေးတွင်ပေါက်နေသည့် ပင်မြင့်ကြီးတို့အကြား ဟိုမှာဘက် ကွက်သာတို့အကြား ခရုစုပ်ငှက်ကြီးတို့ အုပ်လိုက် ငန်းတိုက်စားနေသည်ကို တွေ့လိုက်ရသည့်အတွက် သေနတ်ကလေးကိုကိုင်ထားသည့် အစ်ကိုကြီးဦးသိန်းလွင်ကို အချက်ပြလိုက်တော့ . . .

"ဖန်း"

ကိုက်တစ်ရာကျော် အဝေးရှိ ခရုစုပ်ငှက်ကြီးတစ်ကောင် မြေပြင်ထက် ဝပ်ကျသွားသလို ကျန်ငှက်အုပ်က အထိတ်တလန့် ပြေးလွှားသွားကြရင်း အဝေးဆီပျံသန်း ပြေးထွက်သွားသည်ကိုတွေ့လိုက်ရသည်။ လှေကို ကမ်းနားဖူးကပ်ပြီး ငှက်ကြီးကိုကောက်ယူလိုက်သည်။ တစ်ပိဿာကျော်ရှိပြီး ထိပ်ကြီးက ပြောင်ပြီး နီရဲနေသည်ကို တွေ့လိုက်ရပေသည်။

ကျွန်တော်တို့ ချောင်းရိုးအတိုင်း ခရီးကိုဆက်လက် လှော်ခတ်လာခဲ့ရာ ကမ်းစပ်တစ်နေရာတွင် ရေကို ငုံ့သောက်နေသည့် ဆတ်ကြီးတစ်ကောင်က လှေနှင့်လှော်ခတ်လာကြသည့် ကျွန်တော်တို့ လေးဦးကိုမြင်တော့ အဝေးကိုထွက်မပြေးဘဲ အထူးအဆန်းအသွင်မျိုးဖြင့် ခေါင်းထောင်လည်ဆန့်ကာ တအံ့တဩ လိုက်လံကြည့်နေသည်မို့ ကျွန်တော်က ကိုင်ဆောင်ထားသည့် နှစ်လုံးပြူးသေနတ်နှင့်ပစ်ရန် လှမ်းချိန်လိုက်စဉ် စောစိန်သန်းက . . .

"မပစ်နဲ့ဘိုလေး၊ မပစ်လိုက်နဲ့"

သူ့စကားကြောင့် ကျွန်တော်က . . .

"ဘာပြုလို့တုံး စောစိန်သန်းရဲ့။ ပြောပါဦးဟ"

"သွားရမယ့်နေရာရောက်ဖို့ ခရီးက လိုသေးတယ်။ ပိဿာချိန် ၇၀ လောက်ရှိတဲ့ ဒီဆတ်ကျွဲကြီးကို သယ်ဖို့လည်း ခက်တယ်လေ။ ရှေ့မှာ ဒီလိုအကောင်မျိုးကို ပစ်မယ်ဆိုရင် သယ်ဖို့နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်ပါ"

ထိုကဲ့သို့ စောစိန်သန်းက ရှင်းပြနေစဉ် အဘကောင်းက . . .

"တောကနက်လွန်းပြီး လူတွေနဲ့အလှမ်းဝေးတော့ သားကောင်တွေက လူကိုမမြင်ဖူးတော့ အထူးအဆန်း တအံ့တဩငေးကြည့်နေတဲ့ အကောင်မျိုးကို ဒီမဟာမြိုင်တောကြီးရောက်တော့မှပဲ ကိုယ်တွေ့ကြုံဖူးတော့တယ်ကွာ။ အံ့ဩစရာပဲဟော့"

အဘကောင်း ပြောသည်ဖ



www.burmeseclassic.com

www.burmeseclassic.com

လည်း ဟုတ်နေသည်မို့ ကျွန်တော် ဘာမှ ပြန်မပြောပေမယ့် အစ်ကိုကြီး ဦးသိန်းလွင်က . . .

“ဟုတ်ပါ့ဗျာ၊ ဒီပုံစံအတိုင်းဆို ကျွန်တော်တို့ ပစ်ဖို့ခတ်ဖို့တောင် အတော်စဉ်းစားပြီးမှ ပစ်ကြရမယ့် အနေအထားမျိုးဗျ၊ ပစ်လိုက်ပြန်ရင်လည်း သယ်ဖို့မလွယ်တဲ့ နေရာမျိုးကွ၊ အတော်လေး စဉ်းစားပြီးမှ ပစ်ရမယ့် အနေအထားပဲ၊ ငါတို့ ရောက်ခဲ့တဲ့ တောတွေထဲမှာ ဒီတောမျိုးကို မတွေ့ခဲ့ဖူးသေးဘူး၊ ဒါကြောင့် စောစိန်သန်းပြောတဲ့ စကားထဲမှာ မိသားစုလိုသလောက်သာ ရှာဖွေစားသောက်ကြတယ်ဆိုတာ ယုံသွားပြီဟေ့”

ကျွန်တော်တို့ ချောင်းရိုးအတိုင်း ဆက်လက်လှော်ခတ်နေစဉ် တစ်နေရာသို့အရောက် စောစိန်သန်းက –

“ဟိုရှေ့က ချောင်းရိုးအတိုင်း ဖြတ်ကူးနေတဲ့ အကောင်က ဘာကောင်လဲဗျ”

ရှေ့ကို လက်ညှိုးထိုးပြကာ ပြောနေသည်မို့ ကျွန်တော်တို့ လှမ်းကြည့်လိုက်ရာ ချောင်းရေပြင်ထက်တွင် ခြောက်တောင်စ ဦးချိုတစ်စုံကိုသာ မြင်နေရပြီး အကောင်က ရေအောက်တွင်နစ်မြုပ်ကာ ဟိုမှာဘက်ကမ်းကို ဖြတ်ကူးနေသည့်မြင်ကွင်းကို တွေ့ရသည့်အတွက် အဘကောင်းက–

“ဦးချိုက ခြောက်တောင်စနဲ့ ဖြာနေပုံကြည့်ရရင် သမင်ဖိုဖြစ်မယ်ကွ”

အဘကောင်းပြောနေစဉ် ဟိုဘက်ကမ်းစပ်ဆီသို့ ရောက်နေသည့် သားကောင်က ကမ်းစပ်ကိုတက်နေသဖြင့် ကြည့်လိုက်ကြရာ အဘကောင်း ပြောသည့်အတိုင်း သမင်ဖိုကြီးတစ်ကောင် ဖြစ်နေသည်ကို တွေ့လိုက်ရသည်၊ အကောင်က ခပ်သေးသေးတော့မဟုတ်၊ စောစောကမြင်လိုက်ရသည့် ဆတ်ကျွဲကြီးလောက်ပင်၊ ကမ်းစပ်တက်ရောက်နေသည့် သမင်ကောင်က တောထဲကိုတိုးမဝင်သေး၊ နေရာတွင် ခြေစုံရပ်ကာ ကျွန်တော်တို့လှေကိုကြည့်ရင်း ကိုယ်တွင်ကပ်နေသည့် ချောင်းရေကို အမွေးဖွကာ ခါထုတ်နေသည်၊ ထိုစဉ် အစ်ကိုကြီး ဦးသိန်းလွင်က မချင့်မရဲဖြစ်ဟန်ထင့် လက်ညှိုးနှင့် ချိန်ရွယ်လိုက်ပြီး ပါးစပ်ကလည်း -

“ဒိုင်း . . . ”

ပါးစပ်သေနတ် ပစ်ခတ်ခြောက်လှန့်လိုက်သည့်တိုင် ကြောက်အားလန့်အား ထွက်မပြေးဘဲ ခပ်စောင်စောင် လှမ်းကြည့်ပြီး နောက်လှည့်ကာ တောင်ကုန်းရှိရာဘက်ဆီ တစ်လှမ်းချင်း လျှောက်လှမ်းသွားသည်ကို အံ့ဩဖွယ်တွေ့လိုက်ရပေသည်၊ လှေကို ချောင်းအတိုင်း ဆက်လက်လှော်ခတ်ခဲ့ကြရာ ချောင်းကမ်းဘေးကပ်လျက် ခပ်စောင်းစောင်းပေါက်နေသော ရေသဖန်းပင်အကိုင်းကြီးထက် ကျွန်တော့်ပေါင်လုံးခန့်ရှိ စပါးကြီးမြွေကြီးတစ်ကောင် အကိုင်းကို ရစ်ပတ်ကာ ငြိမ်သက်ခွေနေသည်ကို တွေ့လိုက်ရပြန်သည်၊ ထိုအပင်ထက်တွင် မျောက်တံငါများ အသီးတို့ကို အုပ်ဖွဲ့စားရင်း ဆူညံစွာအော်ဟစ်နေသည်၊ သို့သော် သူနှင့်မဆိုင်သလိုမျိုး အိပ်မြဲတမ်းအတိုင်း အိပ်နေသည်၊ ထိုအပင်အောက်မှ ကျွန်တော်တို့လှေ ဖြတ်သန်းသွားသည်ကိုလည်း သူနှင့်မဆိုင်သလိုမျိုး၊

ထိုအပင်အောက်မှ ကျော်ဖြတ်သွားနေရင်း စောစိန်သန်းက -

“ဟိုမှာ စိုင်အုပ်တစ်အုပ်ဗျ”

သူ လက်ညှိုးထိုးပြလိုက်ရာကို လှမ်းကြည့်လိုက်တော့ ညာဘက်တောင်စွယ်ကြီးထက်ဆီမှ တောင်အောက်အဆင်းလမ်းအတိုင်း ရေသောက်ရန်ဆင်းလာသည့် ကောင်ရေ ၂၀ နီးပါး စိုင်တစ်အုပ်ကို လှမ်းမြင်တွေ့လိုက်ကြရသည်၊

စိုင်ဆိုသည့် သတ္တဝါသည် နွားပင်ဖြစ်သော်လည်း ‘တောနွား’ဟူ၍ပင် ခေါ်ရပေမည်၊ သို့အတွက် အိမ်မွေးနွားတို့ထက် ပိုကြီးသည်၊ (နို့စားနွားကြီးများလောက်ပင်၊) အရောင်အဆင်းက ညိုပြာတိုတိုအသွေးနှင့် (အနက်ရောင်စိုင်များကိုလည်း တွေ့ရတတ်သည်၊) ဦးချိုများမှာ နွားတို့၏ဦးချိုကဲ့သို့ အပေါ်ကို ခပ်မတ်မတ် မသွားဘဲ ဘေးသို့ဝိုက်ကာ ထွက်ပြီး အပေါ်သို့ပြန်ကွေ့တတ်သည်၊ အဖျားချွန်ထက်သည်၊ ခြေလက်အောက်ပိုင်း ဒူးဆစ်ပိုင်းအထိ (ဝမ်းဗိုက်)ထိ ဖြူသည်၊ ဦးချိုက ပြောင်လက်ချောမွတ်ကာ အဖြူရောင်သန်းသည်၊ ရုတ်တရက်ကြည့်လျှင် နွားနှင့်တူသော်လည်း အသေအချာကြည့်တမတူဘဲ နွားတဲ့သို့(ဘို)ဝေါ၊ လည်ပင်းအိုးက တုတ်ခိုင်သည်၊ ချော



www.burmeseclassic.com

www.burmeseclassic.com

လျှင် အမြီးကိုထောင်ပြီး ဆင်ချေးပုံနီးပါးလောက် သွန်ထုတ်ကြသည်။ ဖိချပ်ရိုးက ပြားပြားထောင်ထောင်နှင့်။

ဦးချိုမှာ ပြောင်ချိုများကဲ့သို့ ဘေးကို များများကားထွက်ပြီး မကြီးမား။ ရန်သူကို ပြောင်ကဲ့သို့ မခတ်နိုင်။ ဇွေသည်ဆိုရာတွင်လည်း အထက်ကို ကလော်တင်အားက ပိုသည်။ သူတို့သည် နုန်းမြေနှင့် ရွှံ့နွံပျော့များတွင် အသွားအလာမလုပ်ကြ။ အပေါ်ပိုင်းကနိုပြီး သွားလမ်း၊ လာလမ်းမှန်သည်။ အရွယ်ရောက်သော စိုင်မှာ ဦးချိုနှစ်ချောင်းကြား နဖူးမှ နှာရောင်အထိ အသားပိုအလုံးအမောက် ရှိသည်။ စိုင်မချိုက ဆိတ်ချိုကဲ့သို့ ခပ်လိမ်လိမ်အရစ်ပါသည်။ ဦးချိုထိပ်ဖျားနှစ်ဖက်က တစ်ပေနီးပါး ကွာဝေးသည်။ စိုင်သည် ပင့်ကော်ခတ်သည်။ နှာလျှင် ဒေါသတကြီး ခွန်အားကိုလည်း သုံးသည်။

အိပ်တန်းဝင်ကြသည့်အခါ ဝန်းကျင်ကို အတော်ဝေးဝေး လှည့်ပတ်သွားကြပြီး သူတို့အိပ်ချင်သည့်နေရာကို သွားကာ အိပ်တတ်ကြသည်။ အိပ်ခါနီး ချေးပါပြီးမှ အိပ်ကြသည်။ တင်းစောင့်သည့် အကောင့်တွေက သူတို့လာရာလမ်း ခေါင်းလှည့်စားမြုံ့ပြန်ရင်း ကင်းစောင့်တတ်ကြသည်။ နှာမှုတ်လျှင် တဖူးဖူးအသံထွက်ပြီး ပြေးလျှင် တရှင်ရှင် အသံထွက်မြည်ကာ မီးခိုးတြွက်လျှောက် ရန်မူတတ်ကြသည်။

စိုင်အုပ်က ဆင်ခြေလျှောလမ်းအတိုင်း ဆင်းလာသည်ကို တွေ့ရသော်လည်း အတန်ငယ်အလှမ်းဝေးသဖြင့် မပစ်ကြသေးဘဲ ချောင်းရိုးအတိုင်း ဆက်လက် လှော်ခတ်သွားကြရာ သူတို့ ရေဆင်းသောက်သည့်နေရာဆီ ကျွန်တော်တို့လှေရောက်တော့ အပေါ်ကို ပြန်တက်သွားခဲ့ပေပြီမို့ အစ်ကိုကြီးဦးသိန်းလွင်က အံတကြိတ်ကြိတ်ဖြစ်နေသည်။

ထိုနေရာတွင် လှေကိုရပ်လျက် အရိပ်ရပင်ကြီးအောက်တွင် လေးဦးသား ယူဆောင်လာသည့်ထမင်းထုပ်များကို နံနက်စာအဖြစ် စားသောက်ရင်း ခေတ္တ အပန်းဖြေနေလိုက်ကြသည်။ အတန်ကြာတော့ ခရီးကို ဆက်ခဲ့ကြပြန်သည်။

စခန်းချမည့်နေရာဆီသို့ရောက်ခါနီးမို့ သေနတ်များကို မကိုင်တော့ဘဲ ဘေးတွင်ချကာ ဘယ်ညာရှုခင်းတွေကို လိုက်လံကြည့်ရှု ငေးမောနေစဉ် ညာဘက်အခြမ်းမှ စူးစူးဝါးဝါး အော်ဟစ်သံများကို ကြားလိုက်ရသည့်အတွက် အသံကြားရာဆီသို့ လှမ်းကြည့်လိုက်ရာ တောင်တန်းတောင်ဆွယ်တို့ အကြားမှ ကျောက်လိုဏ်ဂူကြီးအတွင်းဆီမှ ကြီးမားသည့် မျောက်ကြီးများ အော်ဟစ်ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုအချိန် သူတို့ပြေးထွက်လာရာ နောက်ကျောဆီမှ တောဆင်ရိုင်းများ အော်ဟစ်သံတို့ကို ကြားလိုက်ရပြန်သည်။ မျောက်ကြီးတို့မှာ တောဆင်ရိုင်းအုပ် အထိတ်တလန့် အော်ဟစ်ပြေးထွက်လာကြရင်း သူတို့ပြေးထွက်လာသည့် လမ်းကြောင်းနှင့် မလွတ်သည့်အရာများကို ဝင်ရောက်ဖျက်ဆီးသွားခြင်းကို ခံလိုက်ရသည်လားတော့ဖြင့် မသိ။ အူယားဖားယား အော်ဟစ်ပြေးထွက်လာကြသည့် အကောင်များကို ကြည့်လိုက်လျှင် မျောက်ကြီးများဟု ထင်ရသော်လည်း အသေအချာ ကြည့်လိုက်တော့ မျောက်ကြီးများမဟုတ်။ လူနှင့် ပုံသဏ္ဍာန်ဆင်တူပြီး မတ်တတ်ရပ်ကာ ပြေးလွှားအော်ဟစ်နေသည့် အဖြစ်ကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ ထို အကောင်တို့ အမွေးအမှင်၊ ကိုယ်လုံးကိုယ်ပေါက်၊ ခြေဆံတိုပြီး ကိုယ်လုံးအရှည်က ခြောက်ပေခန့်မြင့်သည့် လူဝံကြီးနှစ်ကောင်ဘယ်လိုအန္တရာယ်နှင့် ရင်ဆိုင်တိုးကာ အော်ဟစ်ပြေးထွက်လာခဲ့ကြမှန်းမသိ။

လူဝံကြီးနှစ်ကောင်မှာ ချောင်းဇာလယ်တွင် လှေနှင့်လှော်ခတ်လာသော ကျွန်တော်တို့အဖွဲ့ကို မြင်တွေ့သွားပြီး သူတို့ကို အန္တရာယ်ပေးမည်အထင်နှင့် ညာဘက်ကိုချိုးကွေ့ကာ ပြေးလွှားရင်း ကျောက်ရင်ကွဲတစ်ခုကို ခုန်ကူးလိုက်ပြီး အော်ဟစ်ပြေးလျက် သစ်ပင်မြင့်ကြီးထက်ကိုတက်ပြီး အခြားသောအပင်များကို ဆင့်ကာဆင့်ကာ တောနက်ကြီးအတွင်း တိုးဝင်၍ ပျောက်ကွယ်သွားကြပေတော့သည်။

"ရှားရှားပါးပါး လူဝံတွေကို ဒီတောကိုရောက်မှ တွေ့ရတယ်ကွာ"

အစ်ကိုကြီးဦးသိန်းလွင်က ထို



www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ မှတ်ချက်ပြုလိုက်သည့်အချိန် လှူဝံကြီးနှစ်ကောင် ပြေးထွက်လာရာနောက် ကျောဆီမှ ကောင်ရေ ၅၀ ခန့် တောဆင်ရိုင်းအုပ်ကြီး အသံမျိုးစုံဖြင့် အော်ဟစ်ပြေးလိုက်လာသည်ကို တွေ့လိုက်ရသဖြင့် တောဆင်ရိုင်းအုပ်နှင့် လွတ်ကင်းအောင် ရှောင်တိမ်းလှော်ခတ်ခဲ့ကြရပေတော့သည်။

ညနေ ၃ နာရီသာသာခန့်တွင် ကျွန်တော်တို့ဦးတည်ရာ စခန်းချမည့်ဆီသို့ ရောက်ရှိခဲ့ကြသည်။ စခန်းချ(အထိုင်ချ)မည့်နေရာဟု ဆိုသော်လည်း နားနေအိပ်စက်ရန် မည်သည့်တဲမှမရှိ။ သို့အတွက် အဘကောင်းက –

"စောစိန်သန်း . . . ငါတို့ဒီမှာ အထိုင်ချဖို့ စိတ်ချရပါ့မလား"

အမှန်တော့ ထိုနေရာကား နက်ရှိုင်းလွန်းသည့်နေရာပင်။ ညနေ ၃ နာရီသာသာပင် ရှိသေးသည် နေရောင်ကို မမြင်ရတော့။ အမှောင်ဘက်ကို မင်းမူနေပေပြီ။

"ဒီနေရာက ကျား၊ ကျားသစ်၊ ဝံ၊ တောခွေး၊ တောဆင်ရိုင်း၊ ကင်းကြီးတွေနဲ့ မြွေဆိုးတွေပေါတဲ့ နေရာပဲ အဘရဲ့။ မြေပေါ်မှာမအိပ်ရဲရင် ဟိုအပင်ကြီးခွဆုံမှာ လင့်ထိုးပြီး နေရာယူလိုက်ကြရအောင်"

သူပြသည့်အပင်ကြီးကို ကြည့်လိုက်တော့ ၁၂ ပေခန့်အမြင့်တွင် အေးသို့ အကိုင်းများ ဖြာထွက်နေသည့် 'တောင်ဘိန်းပင်'ကြီးကို တွေ့လိုက်ရသဖြင့် သစ်ကိုင်းနှင့် ဝါးတွေကို ခုတ်ထစ်ပိုင်းဖြတ်ကာ တက်ညီလက်ညီ လင့်တစ်ခုတည်ဆောက်နေစဉ် စောစိန်သန်းက လင့်အောက်တွင် ထင်းခြောက်များကောက်ပြီး မီးဖိုကြီးတစ်ဖိုတည်ကာ လမ်းတွင် ပစ်ခတ်ရရှိလာသည့် 'ခရုစုပ်ငှက်ကြီး'ကို အမွေးနုတ်၊ ရင်ခွဲ၊ အတွင်းကလီစာများထုတ်၊ မီးကင်ထားလိုက်သည်။

ညနေ ၅ နာရီသာသာတွင် ကျွန်တော်တို့ လေးဦးသား လင့်ပေါ်တွင်နေရာယူပြီး 'ငှက်သားကင်'နှင့် ယူဆောင်လာသည့် အရက်တို့ကို စားသောက်နေလိုက်စဉ် –

"ဝီစီ . . ဒီးဒုတ် . . ဝီစီ . . . ဒီးဒုတ်"

အမှောင်ထုက တဖြည်းဖြည်း မင်းမူလာသည်နှင့်အညီ လင့်ထက်အပင်ကြီးထိပ်ဖျားထက်ဆီမှ ဒီးဒုတ်ဖိုမ နှစ်ကောင်၏ မဖိုခေါ်ထူးသံကို ကြားလိုက်ရချိန် အဘကောင်းက ပွိုင့်တူးတူး သေနတ်ကလေးကိုဆွဲယူပြီး တစ်နေရာဆီ လှမ်းချိန်လိုက်သည့်အတွက် ကြည့်လိုက်ရာ တောဆိတ်တစ်ကောင် ဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။ ထိုစဉ် –

"ဖန်း"

ပေါက်ကွဲသံကလေးနှင့် အတူ သစ်ရွက်များကို ကိုက်ဖြတ်စားသောက်နေသည့် တောဆိတ်မှ အထက်သို့ ငါးပေခန့်ခုန်လိုက်ပြီး မြေပြင်ကို ပြန်အကျ ခေါင်းမှသွေးများ ပန်းထွက်ကာ အသက်ပျောက်နေသည်ကို တွေ့လိုက်ရပေသည်။

စောစိန်သန်းက လင့်ထက်မှ ကြိုးလှေကားကိုချလိုက်ပြီး ဓားကိုခါးကြားထိုးကာ အောက်ကိုဆင်းသွားပြီး တောဆိတ်ကိုထမ်းကာ ပြန်တက်လာသည်။ လင့်ထက်ပြန်ရောက်တော့ အရေချ၊ ဝမ်းကိုခွဲကာ အသားများကို လှီးဖြတ်ကာ မီးဖိုတွင်ကင်ထားလိုက်ပေသည်။ ယခုကျွန်တော်တို့ ရောက်ရှိနေသည့် တောကြီးသည် မဟာမြိုင်တောကြီးဖြစ်သလို အနက်ရှိုင်းဆုံးတောလည်း ဖြစ်သည့်အတွက် ကြံ့၊ ဆင်၊ ပြောင်၊ စိုင်၊ ဂျီ(ချေ)၊ ဒရယ်၊ ဆတ်၊ သမင်၊ တောဆိတ်၊ တောင်ဆိတ်၊ မျောက်၊ ရစ်၊ ကြက်၊ ခါ၊ ဒေါင်းနှင့် လှူဝံများအထိ ရှိသည့် တောကြီးဖြစ်သလို အချိန်မရွေး လိုက်လံပစ်ခတ်လို့ ရပေမယ့်လည်း ပစ်ခတ်ထားသည့်သားကောင်ကို စခန်းချရာဆီသို့ ပြန်လည်သယ်ဆောင်ရမည့် အခက်အခဲကြောင့် မူလစိုင်ပစ်ဖို့ထွက်လာသည့် ဦးတည်ချက်က ဖျက်ရမည့်အနေအထားမျိုး ဖြစ်နေသည့်အတွက် ရှေ့ခရီးကို ဘယ်လိုဆက်သွားရန် ခေါင်းဆောင်ဖြစ်သူ အဘကောင်းနှင့် အစ်ကိုကြီး ဦးသိန်းလွင်တို့ သဘောထားကို သိရှိလိုသည့်အတွက် –

"အဘကောင်းနဲ့ အစ်ကိုကြီး၊ ရှေ့ကိုဘယ်လိုဆက်ပြီး စခန်းသွားကြမလဲဟင်"

အဘကောင်းက ဘာမှမပြောသော်လည်း အစ်ကိုကြီးဦးသိန်းလွင်က –

"ငါတို့ရောက်ခဲ့သမျှ တောတွေ အတော်စုံပြီကွ။ ဒီတောကြီးလောက် သားကောင်ပေါတဲ့တော



www.burmeseclassic.com

www.burmeseclassic.com

မျိုး မကြုံဖူးတာတော့အမှန်ပဲ။ ဒါပေမယ့် ခက်နေတာက ပစ်လိုက်ပြန်ရင်လည်း အလဟဿဖြစ်ပြီး သားကောင်ကို ဖြန့်ကျဲတီးရာကျသလိုဖြစ်ပြီး ပြန်သယ်လို့မရဆိုတော့ ရောက်တုန်းရောက်ခိုက် ဗဟုသုတအဖြစ်တောအနေအထား၊ သားကောင်တွေအနေအထား လေ့လာရင်း မုဆိုးခရမ်းချဉ်ဟင်းစားလုပ်မယ့်အကောင်လောက်ပဲ ပစ်စားကြတာပေါ့ကွာ"

သူ့အဖြေကြောင့် ကျွန်တော်က –

"ဒီလိုဆို ကျွန်တော်တို့ စိုင်ပစ်ဖို့လာကြတဲ့ရည်ရွယ်ချက်ကို ဖျက်မှာလား"

"အေးလေကွာ။ ရည်ရွယ်ချက်ကိုမဖျက်လို့ ပစ်ဦးတော့ အခက်အခဲက ဘယ်လိုဆိုတာ မင်းလည်း သိနေတဲ့ ဥစ္စာကို"

ထိုသို့ ပြန်ပြောလိုက်သဖြင့် ကျွန်တော်က အဘကောင်းကိုကြည့်၍ သဘောထားတောင်းလိုက်ရာ ပြောလိုက်ပုံက –

"ငါတို့ကို အန္တရာယ်မပေးရင်တော့ မပစ်ဘူးပေါ့ကွာ။ ဟင်းစားလောက်ပစ်မှာပေါ့။ အန္တရာယ်ပေးတဲ့ အကောင်ဆိုရင်တော့လည်း ကာကွယ်ရမှာပေါ့။ ဦးတည်ချက်မပျက်ဖို့ဆိုရင် အနည်းဆုံး စိုင်တစ်ကောင်လောက်တော့ပစ်ရမယ်။ ဒါမှ အပြန်တွင် အခြောက်အခြမ်းလေး ယူသွားကြလို့ ရအောင်ပေါ့"

ညဥ့်က အတန်လင့်လာသည်နှင့်အမျှ ညအစာရှာသားကောင်တို့အသံမျိုးစုံကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကြားလာရသည်။ အချို့တောတိုးပြေးလွှားသံ၊ နောက်ကလိုက်သံ၊ မာန်ဖီဟိန်းဟောက်သံ၊ သေငယ်ဇောနှင့် နာနာကြည်းကြည်း အော်မြည်ကြသည့် သားကောင်ငယ်များအသံ၊ ဝံ၊ ကျား‌နှင့် ကျားသစ်တို့ ဝမ်းရုပ်သံ၊ ခွေးအတို့အူသံများ ကြားနေစဉ် –

"သေနတ်နဲ့ လက်နှိပ်ဓာတ်မီးတွေ ဘေးမှာအသင့်ထားကြနော်"

အဘကောင်းက သတိပေးလိုက်သည်။ မှန်တော့လည်း မှန်နေသည်။ ကျွန်တော်တို့အဖွဲ့ မြေပြင်မှာမအိပ်ဘဲ လင့်ထက်တွင် ယခုလိုနေရာယူလိုက်ကြသည်က မှန်သည်ဟုပဲ ပြောရပေမည်။

ထိုစဉ် အစ်ကိုကြီးဦးသိန်းလွင်က –

"ဆိတ်သားကင်အနံ့တွေ ရကြလို့ ဒီအနားကပ်နေကြသလား မသိဘူးနော်"

သူပြောသည်က ဖြစ်နိုင်ခြေရှိသည်မို့ လင့်ထက်တွင် ကင်ထားသည့် ဆိတ်သားများကို ဖြုတ်ယူဖယ်ရှားလိုက်သော်လည်း လင့်အောက်ပင်စည်လုံးဘေး ဖိုထားသည့်မီးဖိုအနီး လေးဘက်ချ အသားတုံးကြီးများကို ဖယ်ရှားရန် အခက်အခဲရှိသည့်အတွက် သည်အတိုင်းထားစဉ် အသားတွင်းမှ အဆီတို့က မီးဖိုကြီးအတွင်း မီးကျည်ခဲ ရဲရဲတို့အပေါ် စီးကျနေသဖြင့် 'ဖောက်ခနဲ ရှဲခနဲ' အသံများကြားနေရသည့်အပြင် တောဆိတ်က မီးခဲရဲရဲအပူရှိန်ကြောင့် အနံ့အသက်တို့ ထွက်လာသည်က အန္တရာယ်ကိုဖိတ်ခေါ်နေသည့်နှယ်။

ညဥ့်ဦးယံကိုကျော်၍ သန်းခေါင်ယံသို့တိုင်ခဲ့ပေပြီ။ နှင်းမှုန်နှင်းစက်တို့က မြင့်မားရှည်လျားသည့် သစ်ရွက်ဖားဖားတို့ဆီမှ မြေပြင်နှင့် လင့်ထက်ဆီသို့ တဖြောက်ဖြောက် ကျဆင်းလျက်ရှိရာ ထိုင်နေကြသည့် ကျွန်တော်တို့ကိုယ်ပေါ်တွင် ကျဆင်းနေကြသည်။ တောကြီးကား ယခုအချိန်တွင် စောစောကလို မဟုတ်တော့။ အဝေးဆီသို့ ရောက်ကုန်ကြဟန်ထင့်။ တိတ်တိတ်ဆိတ်ဆိတ်၊ စိမ်းစိမ်းတည်တည်ကြီးနှင့် စောစောက ဖြစ်ပျက်ခဲ့သည်တို့နှင့် မဆိုင်သယောင် မာယာဆောင်လျက် လေပြည်သည် ညင်ညင်သာသာ တိုက်ခတ်နေသည်ဆိုသော်လည်း မည်သည့်အပင်မှ အရွက်နှင့် အကိုင်းတို့ကိုမျှ လှုပ်ခတ်ခွင့်မပြု။ သဲ့သဲ့ကလေးသာ ပြေးလွှားဆော့ကစားနေသည့် လေညင်းတို့ကြောင့် မြေသင်းနံ့နှင့် တောပန်းတောင်ပန်း ရနံ့ကလေးတို့ကို သယ်ဆောင်လာသည့်အတွက် သင်းသင်းကလေး မွှေးပျံ့တိုးဝေ့ဆော့ကစားနေသည်။

"နေပါဦးကွ။ တောက ငြိမ်ချက်သားကောင်းနေပြန်ပါကလား"

အစ်ကိုကြီးဦးသိန်းလွင် ပြောလိုက်သည့် စကားအဆုံး –

"ဥုံ . . ဖွဖွ . . . ဥုံ . . . ဖွဖွ"

တောလုံငှက်ကြီး တစ်ကောင်၏အသံက စူးစူးဝါးဝါးနှင့် တိတ်



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ခြင်းကို ဖြိုဖျက်လိုက်ရင်း တပ်လှန့်နှိုးလိုက်သည့်အသွင်။ ထိုငှက်မျိုး အော်သံက အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရတော့မည့် နိမိတ်အသွင်မျိုးမို့ လရောင်ကိုခံလျက် ဝန်းကျင်အနေအထားကို လိုက်လံကြည့်ရှုနေစဉ် –

"ဗျော . . . ဝရော . . . ရှဲရှဲရှဲ"

ကျွန်တော်ဟဲ့ မျက်နှာမူရာ စောစောက တောလုံငှက် အော်ဟစ်ပျံသန်း ပြေးထွက်သွားသည့်ဘက် နောက်ကျော တောကြီးအတွင်းမှ အသံကြီးကို ကြားလိုက်ကြရသည့်အတွက် ဘေးတွင်ချထားသည့် သေနတ်နှင့် ဓာတ်မီးကို ကောက်ကိုင်လိုက်ကြရင်း အသာနားစွင့်နေစဉ် –

"ကတောက် . . . ကတောက် ကတောက်"

တောစရှိ 'ဖက်သန်းပင်'ကြီးထက် အကိုင်းပေါ်မှ ရှဉ့်ဘေးကျားကလေးတစ်ကောင်၏ ကတောက်သံညံအောင် အဆက်မပြတ် အော်မြည်သံကို ကြားလိုက်ရပြန်သည်။ (ထိုအသံက တောတို့၏သဘာဝ လူတွေကို အန္တရာယ်ပေးသည့် အကောင်မျိုး ရောက်လာပြီဆိုသည်ကို အချက်ပေးသည့် တောသဘာဝအသံဖြစ်သည်။)

"ဗျော . . . ဗျော . . . ရှဲရှဲရှဲ"

ရှဉ့်ဘေးကျားလေး ကတောက်သံနှင့်အတူ တောတိုးလာသံကြီးကိုပါ ကြားလာရသည်။ တောတိုးလာသည့်အသံကြီးက စောစောကကြားနေရသည်ထက် ပိုမိုနီးကပ်ကာ ပီပြင်လာသည်။ အကောင်ကို လုံးဝမမြင်ရသေးဘဲ နီးကပ်လာသည့် တောတိုးသံကြီးကြောင့် ကျွန်တော်တို့အားလုံး စောစောကကဲ့သို့ မဟုတ်တော့။ တုန်လှုပ်ချောက်ချားစပြုလာကြသည်။

"စောစိန်သန်း . . ဘာကောင်ဖြစ်နိုင်လဲကွ . . . ဟင်"

လေသံနှင့်မေးလိုက်သည်မို့ သူကလည်း လေသံနှင့် ပြန်ဖြေလိုက်သည်က –

"အသံအနေအထားအရ မြွေဖြစ်ဖို့ များတယ်နဲ့တူတယ်"

ကျွန်တော်က နဖူးမှထွက်လာသည့် ချွေးတွေကို လက်ခုံနှင့်သုတ်ပစ်လိုက်မိသည်။ ပြီးတော့ သူပြောသည့်စကား ဖြစ်နိုင်၊ မဖြစ်နိုင်ကိုလည်း စဉ်းစားမိသည်။ ပဲခူးရိုးမကြီးအတွင်း လဟာမငယ်ဆိုသည့်တောတွင် တောခြောက်ပစ်ခဲ့ကြစဉ်က ကျွန်တော့်သေနတ် စည်းစောင့်နေသည့်ဘက်ဆီသို့ တည့်တည့်ကြီး တိုးလာနေသည့် ကြီးမားသောစပါးကြီးမြွေကြီးတစ်ကောင် တောတိုးပြေးလွှားလာသည့် အသံကလည်း ထိုအသံမျိုးဖြစ်သည်ကို အမှတ်ရလိုက်သည်။ သူပြောသည်မှာ ဖြစ်နိုင်သည်ဟူ၍လည်း ယုံကြည်မိသည်။ သို့မဟုတ်ပါကလည်း မြွေကြီးများ မိတ်ဆော့ကြရင်း ထွက်ပေါ်လာသည့်အသံလား၊ သို့မဟုတ် တောမှောက်ပြီလား၊ တောခြောက်ပြီလား ဟူ၍ လားပေါင်းများစွာ၏ အဖြေကို ရှာနေလိုက်မိသည်။

ကြားနေရသည့် တောတိုးသံမှာ သားကောင်အုပ်တို့က အထိတ်တလန့် ပြေးလွှားကြရင်း သဘာဝတောတိုးသံမျိုး မဟုတ်မှန်းကိုတော့ သိနေသည်။ ယခုမူ 'တဝေါဝေါ တဗျောဗျော'နှင့် အဆက်မပြတ် တောတိုးသံကြီးက သစ်ရွက်ခြောက်များကို ခြွေချထားသည့် မြေပြင်ထက် တရွတ်တိုက်ပြေးဆွဲနေသည့် အသံမျိုးလို အဆက်မပြတ် ထွက်ပေါ်နေသည့်အသံက သောသောညံနေသည်။

ယခုချိန်ထိတိုင် တဖြည်းဖြည်း နီးကပ်လာသည့် တောတိုးသံကား ဘာကောင်မှန်းမသိကြသေး။ စောစိန်သန်း မှတ်ချက်ပြုလာသည်ကိုသာ ဟုတ်မှန်နိုးဖြင့် လင့်ထက်ဆီမှ လေးဦးသား သေနတ်နှင့် ဓာတ်မီးကို တွဲလျက် ပစ်ခတ်ရန် အသင့်အနေအထားဖြင့် စောင့်စားနေစဉ် ကိုက်တစ်ရာခန့်အကွာ လရောင်အောက်တွင် ခုံညင်းဒိုးခန့် မျက်လုံးရဲရဲကြီးနှစ်လုံးကိုသာ လရောင်နှင့် ရောင်ပြန်ဟပ်လိုက်သဖြင့် တွေ့မြင်လိုက်ရသည့်အကောင်ကို စူးစိုက်ကြည့်နေစဉ် မျက်လုံးရဲရဲနှစ်လုံးက ရုတ်ခြည်းလေးပေခန့် အထက်သို့မြင့်တက်လာပြီး နှုတ်မှလည်း ကျစ် . . ကျစ် . . ကျစ် . . ကျလိ . . . ကျလိ ကျလိ အော်ဟစ်သံများ ထွက်လာစဉ် အဘကောင်းက ဓာတ်မီးခလုတ်ကို ရှေ့သို့တွန်းပေးလိုက်သည်။ မီးအလင်းတန်းက ညအမှောင်ထုအတွင်းထိုးဖောက်ကာ ထိုအကောင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို မြင်လိုက်ရသည်။ ရှေ့သို့ ပြူးထွက်နေသော နီနီရဲရဲ မျက်လုံးကြီးနှစ်လုံးအောက် ကြီးမားသည့် ပါးစပ်ကြီးအတွင်းမှ ဝါကျင်ကျင် အထက်အောက် ငေါ်ထွက်နေသည့် သွားစွယ်ကြီးများနှင့် ပတတ်ရပ်သလိုမျိုး ခေါင်းပိုင်းကိုထောင်ကာ လင့်ပေါ်မှမီးအလင်းတန်း လာရာဆီသို့ မော့ကြည့်ကာ မသက်သာသော အကြည့်နှင့် ကြည့်နေသည့် ညိုညို မည်းမည်း ရှည်ရှည်အကောင်ကြီး တစ်ကောင်ကို ကြောက်ခမန်းလိလိ တွေ့မြင်လိုက်ကြရပေသည်။

"ဟာ . . . ကင်းခြေများကြီးပါလား။ ကြီးလိုက်တဲ့အကောင်ကြီး"

အစ်ကိုကြီး ဦးသိန်းလွင်ထံမှ တအံ့တသြပြောလိုက်သံကို ကြားလိုက်ရသည်။ ထိုရှည်ရှည် ကင်းခြေများကောင်ကြီးသည် ထိတ်လန့်ဖွယ်ကောင်းသော ဦးခေါင်းရှိ မျက်လုံးရဲရဲတို့ဖြင့် လင့်ထက်ကို မသက်သာသော မျက်လုံးအစုံဖြင့် ကြည့်နေရင်း ထောင်ထားသည့်ဦးခေါင်းကို မြေပြင်သို့ဝပ်ချလိုက်ပြီး သစ်ပင်ခြေရင်း ဆိတ်သားကင်နံ့ရရာဆီသို့ စောစောကကြားလိုက်ရသည့် တောတိုးသလို အသံမျိုးဖြင့် သစ်ရွက်ခြောက်များကို နင်းကာ ခြေကားရား၊ လက်ကားရားဖြင့် ပြေးဝင်ထိုးဟပ် ကိုက်ခဲစားသောက်နေပေတော့သည်။

ကင်းခြေများကောင်ကြီးမှာ အလျားကိုးပေခန့်၊ အနံသုံးပေခန့်ရှိပြီး တောဆိတ်သားများကို အားပါးတရ စားသောက်ပြီး လာရာလမ်းအတိုင်း တောတွင်းဆီသို့ ပြေးထွက်သွားသည်ကို တအံ့တသြ မီးရောင်တွင် တွေ့မြင်လိုက်ကြရပေသည်။ မည်သူမှ မပစ်ခတ်လိုက်မိကြသည်က သူ့အတွက် ကံကောင်းသွားသည်ဟုပင် ဆိုရပေတော့မည်။

ထိုကဲ့သို့ အားလုံးမြင်တွေ့လိုက်ကြရသည့် တောကင်းကြီးမှာ မြေပြင်တွင် ကျွန်တော်တို့ တောဆိတ်သားများကို မီးကင်ထားသည့် အနံ့ကို တစ်နည်းနည်းဖြင့် ရသွားဟန်ထင့်။ သို့အတွက် အနံ့ခံကာ လိုက်လာရင်း လင့်အောက် မီးဖိုတွင် သူစားလိုသည့်အစာ ရှိသည်ကို တွေ့ရှိသွားသလို အဘကောင်းက မီးထိုးကြည့်လိုက်သဖြင့် မီးရောင်နှင့် လူသားတွေကို သစ်ပင်ထက်တွင် တွေ့လိုက်ရသော်လည်း သူအနံ့ခံလိုက်လာသည့် အစာမဟုတ်သဖြင့် ရန်မရှာဘဲ လင့်အောက်တွင် သူ့အတွက် လိုအပ်သည့်အစာကိုသာ စားသောက်ကိုက်ချီ သယ်ဆောင်သွားသည့် ကင်းခြေများ (တောကင်း)ကြီးကို ဘယ့်အတွက် သူတို့မပစ်ခတ်ကြသည်ကိုတော့ဖြင့် မသိ။ ကျွန်တော် မပစ်ခတ်လိုက်ရသည့်အကြောင်းကိုတော့ အသိပေးတင်ပြလိုက်သည်က –

တစ်ချိန်သောအခါက ကျွန်တော် စာအုပ်တစ်အုပ်ကို ဖတ်ခဲ့ဖူးသည်။ အချိန်ကာလက မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီတို့ သိမ်းပိုက်ထားခဲ့သော ခေတ်တွင် 'လီဒိုလမ်းမကြီး' အနီး ကိုလိုနီတို့ ပိုင်သည်ဆိုသော သစ်တောကြီးဝိုင်းများ အတွင်းရှိ သစ်ဆွဲဆင်ကောင်ရေ အတော်များများ ပျောက်ဆုံးနေသဖြင့် ထိုတောကြီးအတွင်း လိုက်လံရှာဖွေကြသော်လည်း မည်ကဲ့သို့မှ ရှာလို့မတွေ့သောအခါ မုဆိုးကြီးတစ်ဦးကို အခကြေးငွေပေး၍ ငှားရမ်းပြီး ပျောက်ဆုံးနေသောဆင်များကို အရှာခိုင်းရာ မုဆိုးဖြစ်သူက သားကောင်ကြီးများကို ပစ်ခတ်နိုင်သော သေနတ်ကြီးတစ်လက်ကို တောင်းယူပြီး ရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

တောကြီးခေါင်ခေါင်အတွင်း ဆင်များတွေ့နိုင်မည့်နေရာကို ရှာရင်း ညပိုင်း သစ်ပင်ကြီးထက်ကို တက်ကာ အိပ်ခဲ့ရာ ရက်သတ္တပတ်ခန့်ကြာတော့ သစ်ပင်ကြီးထက် အိပ်နေရင်း တဝေါဝေါ၊ တဖျောဖျော တောတိုးသံကြီးကို ကြားလိုက်ရသဖြင့် . . . ထိုတောတိုးသွားသည့် အကောင်ကြီး ဦးတည်ရာကို မှတ်သားပြီး မနက်မိုးလင်းတော့ ထိုနေရာဆီသို့ လိုက်သွားကြည့်ရာ ဆင်များကို သတ်စားထားသည့် ဆင်စွယ်၊ ဆင်ရိုးပုံကြီးနှင့် မစားရသေးသည့် ဆင်သားတို့မှ ပုပ်အဲ့အဲ့အနံ့ကို ရလိုက်သလို ဆင်သေကောင်အပိုင်းအစများကို တွေ့လိုက်ရသည့်အတွက် ထိုဝန်းကျင် သစ်ပင်မြင့်ကြီးထက်မှ စောင့်ကြည့်ရာ ညဘက်တွင် အလွန်တရာကြီးမားသည့် တောကင်း(ကင်းခြေများ)ကြီးတစ်ကောင် ရောက်လာပြီး ကျန်နေသည့်ဆင်သားများကို စားသောက်နေသည်ကို တွေ့လိုက်ရသဖြင့် မပစ်ခတ်ဘဲ သူ့ကိုငှားရမ်း



www.burmeseclassic.com

www.burmeseclassic.com

ရှာဖွေခိုင်းလိုက်သည့် သစ်တောအုပ် (နှာခေါင်းရှည်ရှည်ကိုလိုနီ)ထံ ပြန်သွားပြီး သူတွေ့မြင်သမျှ ပြောပြလိုက်သည်။

သစ်တောအုပ်က မုဆိုးဖြစ်သူအား ထိုတောကင်း (ကင်းခြေများကောင်ကြီး)ကို ပစ်ခတ်သတ်ဖြတ်ခိုင်းရာ ထိုမုဆိုးလုပ်သူက ယခုလို ဆင်ကြီးများကိုပင် ဖမ်းယူစားသောက်နိုင်သည့် တောကင်း (ကင်းခြေများ)လိုအကောင်မျိုးသည် ရှားရှားပါးပါး မြန်မာပြည်သစ်တောကြီးများအတွင်းသာ ရှိကြသည်။ သို့အတွက် ယခုလို ရှားပါးသည့် အကောင်ကြီးမျိုးကို သူပစ်မသတ်လိုကြောင်းနှင့် သင်တို့သတ်လိုက သင်တို့၏အကြောင်းသာ ဖြစ်သည်ဟု ပြောကာ ပြန်ခဲ့သည့်အကြောင်းကို သတိရလိုက်သဖြင့် မပစ်ခတ်လိုခြင်းဖြစ်သည်။

ယခု သူ့အစာကို အနံ့ခံလိုက်လာခဲ့သည့် ကျွန်တော်တို့တွေ့မြင်လိုက်ရသည့် တောကင်းကြီး (ကင်းခြေများ)ပင် သည်လောက်ကြီးထွားနေလျှင် ဆင်ကြီးများကို ဖမ်းယူစားသောက်နေသည့် ထိုအကောင်ကြီးသည် မည်မျှကြီးထွားပြီး ထိုအကောင်ကြီးမျိုးသည် မြန်မာပြည်သစ်တောကြီးများအတွင်းမှလွဲပြီး ဘယ်နိုင်ငံအတွင်းမှ မတွေ့နိုင်ဆိုသည့်အတွေးကို တွေးမိကာ ခေါင်းနားပန်းကြီးပြီး ကြက်သီးမွေးညင်းထကာ ဖြစ်နေသည့်အတွက် မပစ်ခတ်လိုက်ရခြင်းဖြစ် သည်ကိုတော့ ဝန်ခံရပေမည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတောတောင်များထဲမှ 'မဟာမြိုင်တောကြီး'အတွင်းမှ ရှားပါးလွန်းသော တောကင်း(ကင်းခြေများ)ကြီးကို မည်သူမှမပစ်ခတ်လိုက်ကြသည့် အဖွဲ့သားတို့ကို စိတ်တွင်းကကျိတ်ပြီး ကျေးဇူးတင်နေမိသည်ကိုတော့ သူတို့ သိချင်မှသိကြပေမည်။

"အော်အီအီး . . . အွတ်"

မိုးလင်းပိုင်းကို ရောက်လုပြီမို့ တောင်ပံတဖြန်းဖြန်းရိုက်ကာ တွန်ကျူးနေသည့် တောကြက်ဖငယ်တွန်သံများ ကျေးငှက်တို့ အော်မြည်ဟစ်ကြွေးသံများ၊ မျောက်အုပ်အော်ဟစ်သံများကို ဟိုအနား၊ သည်အနားတို့ဆီမှ ကြားနေရပေပြီ။ ဗိုက်ကဆာလာပြီမို့ လင့်ထက်တွင်ရှိ မီးဖိုဘေး ညကကင်ထားသည့် တောဆိတ်သားနှင့် အဖန်ရည်ကို စားသောက်ဗိုက်ဖြည့်နေစဉ် အဘကောင်းက —

"ငါတို့အဖွဲ့ နောက်ကြောင်းပြန်ဆုတ်ကြရအောင်ဟေ့"

သူ ပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့ တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း ပြန်မေးလိုက်မိသည်က —

"စိုင်အုပ်နောက် မလိုက်တော့ဘူးလား အဘကောင်းရဲ့"

"အေး . . . မလိုက်တော့ဘူး။ လိုက်ခဲ့ရင်လည်း ပစ်ရမှာသေချာတယ်။ ပစ်လို့ရပြန်တော့လည်း နောက်ဆက်တွဲ ဖြစ်လာမယ့် ဒုက္ခတွေက မသေးလှဘူးကွ။ မင်းတို့လည်းသိတဲ့အတိုင်းပဲ။ ညကတောင် လင့်ပေါ်တက်အိပ်မိလို့ ကံကောင်းသွားတယ်မှတ်။ ပြန်ဆုတ်ကြမယ်။ စောစိန်သန်းတို့ရွာ ရောက်မှပဲ အနီးအနားလှည့်ပတ်ပစ်ကြတာပေါ့ကွာ"

ဟုတ်တော့လည်း ဟုတ်သည်။ အံ့ဩစရာလည်း အလွန်ကောင်းသည်။ အခြားသောတောများတွင် သားကောင်တွေကို ခြေရာကောက်လိုက်လံရှာဖွေပြီး ပစ်ခတ်ခဲ့ကြရသော်လည်း ယခုရောက်ရှိနေသည့် မဟာမြိုင်တောကြီးကား သားကောင်တွေကို လိုက်လံရှာဖွေကာ ပစ်ခတ်ဖို့မလိုဘဲ သူတို့ကိုယ်တိုင်က ကိုယ့်ဆီလာ အပစ်ခံနေတာတောင် ပစ်ဖို့အတွက် ကျွန်တော်တို့မှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေရတဲ့ တောမျိုး မကြုံဖူးသေးဘူး။ ပြန်တာပဲကောင်းတယ်ဟု ပြောရမလိုပင်။

ထိုဆုံးဖြတ်ချက်နှင့်အညီ ကျွန်တော်တို့လေးဦးသား ရွာဆီသို့ပြန်ကြရန်အတွက် လင့်ထက်မှ ပစ္စည်းများကိုသိမ်းကာ အောက်ကိုဆင်းဖို့ ပြင်ဆင်လိုက်ကြသည်။

လင့်အောက်ကို ရောက်ကြပြီး ကျောပိုးအိတ်ကိုလွယ်လျက် အသုံးအဆောင်ပစ္စည်းများကို သယ်ပိုးကာ ချောင်းစပ်တွင် ကြိုးနှင့်ချည်ထားသော လှေဆီသို့သွားကြမည်အလုပ် ကျွန်တော်တို့ ရှေ့တူရူ ညပိုင်းတောကင်းကြီး တိုးဝင်လာသည့် တောချုံပင်တို့ဘက်ဆီမှ အမြီးများကိုထောင်လျက် ပါးစပ်ကလည်း နှာများစိတ်ဆိုးပြီး လိုက်လံဖော်တတ်သည့်အခါ အော်ဟစ်သံတဲ့သို့ပြုရင်း ကျွန်တော်တို့ အထုပ်အပိုး နေကြသည်ဆီသို့

www.burmeseclassic.com

ဒုန်းစိုင်းပြေးဝင်လာကြသည့် စိုင် (ခုနစ်ကောင်)အုပ်ကို အမှတ်မထင် တွေ့မြင်လိုက်ကြရသည်။

ကျွန်တော်တို့ လေးဦးစလုံး ကျောပိုးအိတ်ကို လွယ်ထားကြသော်လည်း ကျန်ပစ္စည်းများနှင့် သေနတ်တို့ကို သယ်မဖို့ပြင်ဆင်ရင်း ကုန်းကုန်းကွကွ ဖြစ်နေကြသည့်အချိန် အမှတ်မထင် ပြေးဝင်တိုက်ခိုက်လိုက်သည့် ထိုအကောင်များသည် အနီးသို့ကပ်လာပြီမို့ ပြင်ဆင်ချိန်မရဘဲ ဘယ်လိုရှောင်တိမ်းရန်ကိုပင် ဦးစွာအသိဝင်လှုပ်ရှားလိုက်သူက စောစိန်သန်းပင်။ ကျွန်တော်တို့အား ရှောင်ကြရန် တွန်းထိုးပုတ်ထုတ်သတိပေးလိုက်သည့်အတွက် လင့်ထိုင်ရာအပင်ကြီး အကာအကွယ်ယူရန် အစ်ကိုကြီးဦးသိန်းလွင်နှင့် ကျွန်တော်က ပြေးကပ်လိုက်ကြပြီး လက်တွင်ကိုင်ထားသည့် နှစ်လုံးပြူးသေနတ်ကို မောင်းတင်လိုက်သလို အစ်ကိုကြီးဦးသိန်းလွင်ကလည်း မောင်းတင်လိုက်ချိန် –

"အား"

အဘကောင်း တစ်ယောက် အော်သံကြီးနှင့်အတူ မြေပြန့်တွင် ခွေခေါက်လူးလိမ့်ပြီး မြေနိမ့်ပိုင်းသို့ လိမ့်ဆင်းသွားသည်ကို တွေ့လိုက်ရသည်။ စောစိန်သန်းကား မြေပြင်တွင် ဝမ်းလျားမှောက်လိုက်သည့်အတွက် ကျော်ခွပြေးလွှားသွားသည့်အတွက် သက်သာသွားပေသည်။

အမှန်တော့ စိုင်ကြီးကား သူတို့နှစ်ဦးကို ပြေးဝင်ပြီး ကလော်တင်လိုက်သည်မို့ အဘကောင်းက ဘေးကိုခုန် ရှောင်လိုက်စဉ် ဦးချိုဖြင့် သီသီကလေးလွဲချော်သွားပြီး ပြေးဝင်လာသည့်စိုင်ကြီး၏ ဝမ်းဗိုက်ဘေးခြမ်းဖြင့် တိုက်မိပြီး လွင့်စဉ်သွားခြင်းဖြစ်သလို အလျှင်အမြန် ဝပ်ချလိုက်နိုင်သည့် စောစိန်သန်းကိုတော့ ကျော်ခွလျက် ပြေးထွက်သွားခြင်းပင်။

ကျွန်တော်က အဘကောင်းကို ဝမ်းဗိုက်ဖြင့်တိုက်ကာ ပြေးသွားသည့် စိုင်ကြီးကို ပေ ၂၀ အတွင်းမှ ပစ်ခတ်လိုက်ပါသည်။

ညာဘက် ပြောင်းအတွင်းမှ ကျည်ဆန်သည် ဘေးတိုက်အနေအထားနှင့်မို့ လက်မောင်းရင်းကို ပစ်သွင်းလိုက်ခြင်းပင်။ အခြားသောစိုင်တို့မှာ သူတို့တိုက်ခိုက်ရန်လုပ်မှုသည် အရာမရောက်မှန်း သိသည့်အတွက် ရှေ့ကိုဆက်ပြေးရင်း တောင်ကုန်းထိပ်သို့တက်ပြေးရာမှ ကျွန်တော် လက်ပြင်ကိုပစ်လိုက်၍ ထိမှန်ခံလိုက်ရသောစိုင်သည် တောင်ကုန်းပေါ်သို့ အခြားစိုင်တို့နည်းတူ ပြေးနေရင်း နောက်ကိုလန်ကျသွားကာ မြေပြင်သို့ လျှောကျပြုတ်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်နောက်က ပြေးလိုက်သွားပြီး တောင်ကြောပေါ်ပြေးတက်သွားသည့် စိုင်အုပ်ကို နောက်တစ်ချက်ထပ်ပစ်လိုက်ရာ မြေပြင်တွင်ထိမှန်ပြီး ဖွာခနဲဖြစ်သွားသည်ကို တွေ့လိုက်ရသည်။

စိုင်အုပ်သည် အပြေးမြန်လွန်းသည်၊ ကျည်သစ်အစားထိုးချိန်ပင်မရလိုက်။ ပျောက်သွားခဲ့ပေပြီ။ ကျွန်တော်ပစ်လိုက်သည့်စိုင်သည် မြေပြင်တွင် သွေးသံရဲရဲနှင့် ခြေလေးချောင်း အပေါ်ကိုထောင်ပြီး ယက်ကန်ယက်ကန်ဖြင့် အသက်ငင်နေပုံရသည်။ ထိပ်ဖူးပျော့ကျည်နှင့် ပစ်ခတ်လိုက်သည်မို့ ရှေ့လက်ပျဉ်နောက် နှလုံးသားကို ဝင်မွှေကာ ထိချက်နာသွားပုံရသည်။

ကျွန်တော် အဘကောင်းလဲကျရာဆီ ပြေးသွားတော့ အစ်ကိုကြီးဦးသိန်းလွင်က ပွေ့ထူထားပြီး စောစိန်သန်းက တောင်စွန်းဖက်များထပ်ကာ ယပ်ခတ်ပေးနေသည်။ ကျွန်တော်လည်း ဝင်ရောက်၍ ခြေဆုပ်လက်နယ်ပြုပေးနေစဉ် အတန်ကြာတော့ သတိပြန်ရလာသည်။ သွေးပူသွားစေရန် ရေဘူးထဲမှ အရက်ကို အနည်းငယ်တိုက်လိုက်ပြီး ဖေးမတွဲခေါ်လျက် ချောင်းကမ်းနံဘေး လှေထားရာဆီသို့ ဆင်းခဲ့ကြပေသည်။

စိုင်တစ်ကောင်ကို ပစ်ခတ်လို့ရရှိခဲ့သော်လည်း သယ်ယူရန်အခက်အခဲကြောင့် သူတို့နှင့်တိုင်ပင်ကာ ကျောကုန်းရှိ မိုးခိုသားကိုသာ လှီးထုတ်ဖြတ်တောက်ကာ အပြန်ခရီးကို စတင်လိုက်ရပေသည်။

ဩော် . . . ပေးကားပေး၏ ရဆိုသည်က ဒီအဖြစ်မျိုးရယ်လားတော့ဖြင့် မသိ။

**လေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

# ပုတ်ပြတ်

ပိုက်မင်းဝေ

ကိုတင်မြင့်သည် ပန်းရန်အလုပ်သမားဘဝမှစ၍ လုပ်သက်ကြာမြင့်လာသည်နှင့်အမျှ ပန်းရန်အဖွဲ့ခေါင်းဆောင် ဖြစ်လာသည်။

နောက်တော့ တဖြည်းဖြည်း ဆောက်လုပ်ရေးအင်ဂျင်နီယာတွေနဲ့လည်း ရင်းနှီး၊ အလုပ်ဟူသမျှ မပြတ်အောင် ရှိလေသည်။ ထိုမှတစ်ဖန် ကိုယ်မနိုင်လျှင် တခြားပုတ်ပြတ်ပေးကာ ငှားရမ်းလေသည်။ ထို့ကြောင့် သူ့အတွက် ဝင်ငွေတိုးတော့သည်။ အောက်ခြေက လုပ်လာခဲ့သဖြင့် အလုပ်သမားသဘောတရားကို နားလည်သည်။ လူပုသလောက် စိတ်တိုတတ်သောသူလည်း ဖြစ်သည်။

ယခုလည်း အလုပ်တစ်ခု လာအပ်သဖြင့် ပန်းရန်အဖွဲ့တစ်ဖွဲ့အား ငှားရမည်။ လုပ်လက်စတိုက်ကလည်း တန်းလန်းကြီးကြောင့် ဟိုးယခင်က အတူတွဲလုပ်ဖူးသော မင်းဇော်တို့ ပန်းရန်အဖွဲ့ကို ခေါ်၍ခိုင်းသည်။ မင်းဇော်က သူ့အလုပ်သမားများမှာ လူသိပ်မညီသောကြောင့် ပုတ်ပြတ် မလုပ်နိုင်၊ နေ့စားနှင့်ဆိုလျှင် လက်ခံမည်ဟု ပြောလေသည်။ ကိုတင်မြင့်လည်း မင်းဇော်ကို အားနာ၍ နေ့စားနှင့် ခိုင်းလိုက်ရသည်။ ပုတ်ပြတ်သာ ခိုင်းချင်ပေမယ့် နေ့စားနှင့်ဟု၍ တောင်းဆိုလာသော မင်းဇော်ကိုကား လက်မခံ၍မဖြစ်။ တစ်ချိန်တုန်းက ကိုတင်မြင့်အပေါ် မင်းဇော်က များစွာ ကူညီဖူးလေသောကြောင့် ဖြစ်သည်။

မင်းဇော်တို့ အလုပ်ဆိုဒ်ဘက်သို့ တစ်နေ့လျှင် ပုံမှန် တစ်ခါနှစ်ခါ သွားကြည့်ရသည်။ သွားကြည့်လေတိုင်း မင်းဇော်၏ အလုပ်သမားများကို နားရင်းပါးရင်း တီးချင်မိသည်။ နှေးကွေးစွာ လုပ်ကိုင်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် လေပစ်လိုက်၊ စလိုက်နောက်လိုက်နှင့် တစ်ရက်တည်းပြီးရမည့်အလုပ်ကို နှစ်ရက်သုံးရက်ကြာအောင် လုပ်နေကြသည်။ ကိုတင်မြင့်လည်း အောက်ခြေက တက်လာသူမို့ သူတို့အကြောင်ကို သိနေသည်။

သည်နေ့တော့ မင်းဇော်ကို အပြတ်ပြောမှ ဖြစ်တော့မည်။ သည်အတိုင်း ဆက်သွားနေလို့ကတော့ ကိုတင်မြင့် အိတ်စိုက်ရတော့မည်။ မင်းဇော်ကိုလည်း "ပုတ်ပြတ် လုပ်ရင်လုပ်၊ မလုပ်ရင် မငှားတော့ဘူး"ဟု ယတိပြတ်ပြောလိုက်၏။ နောက်ဆုံး မင်းဇော်က အလျှော့ပေး၍ လက်ခံလိုက်သည်။ ကိုတင်မြင့်လည်း မင်းဇော်နှင့် ပြောဆိုပြီးသည်နှင့် နောက်လှည့်ထွက်လာစဉ် အုတ်ပုံဘေးတွင် ဆေးလိပ်ထိုင်သောက်နေသော ပန်းရန်လုပ်သားနှစ်ဦး၏ စကားသံကို ကြားလိုက်ရသည်။ ကိုတင်မြင့်ကိုကား ထိုသူနှစ်ဦးမှာ မမြင်ကြ။

"ဟေ့ကောင် ဖိုးလူ၊ မြန်မြန်သောက်ကွ။ ခုနက ကိုတင်မြင့် သည်ကိုလာတာ တွေ့လိုက်တယ်။ မြင်သွားရင် မကောင်းဘူး။ သူက နေ့စားငှားထားတာ။ သူပြန်သွားမှ ထိုင်ထိုင်၊ ပက်လက်လှန်လှန် အေးဆေး။ ခုတော့ လုပ်ကွက်လေး ပြလိုက်ဦး လာ . . . လာ"

ဟုဆိုကာ နှစ်ယောက်သား ထအထွက် ကိုတင်မြင့်နှင့် တည့်တည့်တိုးလေသည်။

"ဟာ . . . ဆရာကိုတင်မြင့်၊ ကိုမင်းဇော်ဆီ လာတာလား။ ဘာလဲ နောက်အလုပ်တစ်ခု လာအပ်တာလား"

"အေး . . . မင်းတို့အတွက် ထောင်ထွက်တွေချည်းပဲ စုထားတဲ့ လူသတ်သမားအဖွဲ့ကို ပုတ်ပြတ်နဲ့ မင်းတို့အဖွဲ့ကို သတ်ခိုင်းဖို့ ငှားထားပြီးပြီလို့ မင်းတို့ဆရာမင်းဇော်ကို လာပြောတာပဲ"

ကိုတင်မြင့် တင်းသမျှ အားပါးတရပြောပြီး ထွက်သွားလေတော့သည်။ ကျန်ခဲ့သော နှစ်ယောက်မှာတော့ ပါးစပ်တွေ အဟောင်းသား။

ပိုက်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကုလားဖြူအိမ်မှ ခိုးမှု

မြသိန်း

ကျွန်ုပ်၏အဘိုးသည် အင်္ဂလိပ်လူမျိုးများကို ကုလားဖြူဟုခေါ်သည်။ အချို့က 'ဘို'ဟုခေါ်သော်လည်း အဘိုးသည် ကုလားဖြူဟုခေါ်သည်။ အသားဖြူတဲ့ ကုလားမို့လို့ ကုလားဖြူဟုခေါ်သည်ဟု အဘိုးက ပြောပါသည်။ အဘိုးနှင့်အတူတူ အနေများသော ကျွန်ုပ်သည်လည်း အင်္ဂလိပ်လူမျိုးများကို ကုလားဖြူဟုပင် ခေါ်ပါသည်။

၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ၏ ရက်တစ်ရက်။ ကျွန်ုပ် မောင်စံပျော်ကို စုံထောက်မင်းကြီးက ခေါ်သည်။

"မောင်စံပျော်. . .ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်မှာ နေတဲ့ မျက်နှာဖြူအိမ်တွေမှာ ခိုးမှုတွေသိပ်များနေတယ်။ သုံးလေးလအတွင်း ငါးမှုထက်မနည်းတော့ဘူး။ သူခိုးတွေကို လည်း ခုထက်ထိ မမိသေးဘူး။ အဲဒါ ရန်ကုန်ခရိုင်ရဲမင်းကြီးက ငါ့ကို အကူအညီတောင်းတယ်။ အခုပဲ မောင်စံပျော် ဗဟန်းဌာနကိုသွားပြီး အချိန်ပြည့်ထိုင်ပြီး ဆောင်ရွက်ပေတော့။ မျက်နှာဖြူတွေက ဆရာတို့ကို ခုထိမမိကောင်းရလားဆိုပြီး အထင်သေးစကားပြောတာ ဆရာတို့မခံနိုင်ဘူး"

ဟုပြောသောကြောင့် ကျွန်ုပ်သည် ဗဟန်းရဲဌာနသို့ သွားရပါတော့သည်။

ကျွန်ုပ်သည် စစ်ပြီးခါစတွင် ဗဟန်းရဲစခန်းဌာန၌ သုံးနှစ်နီးပါး အမှုထမ်းခဲ့ဖူး၏။

ယခု ဗဟန်းရဲဌာနမှူးမှာ အခြားမြို့နယ်မှ ပြောင်းလာသူဖြစ်သည်။ သူသည် ကျွန်ုပ်ထက် အသက်ငါးနှစ်ခန့် ပိုငယ်၏။

"ကျွန်တော့်ကို မင်းကြီးက ပြောထားပြီးပါပြီ။ ဆရာ့လိုအပ်ချက်တွေကို အစွမ်းကုန်ကူညီပါ့မယ်။ ကျွန်တော့်ကို ပြောပါဆရာ"

ဌာနာမှူးဦးသောင်းဝေက ပြောပါသည်။

"ဒီခိုးမှုတွေ ဖော်ထုတ်ရေးနဲ့ နောက်ထပ်ခိုးမှုတွေ မဖြစ်ရေးအတွက် ခင်ဗျားတို့ရဲ့ အကူအညီ အများကြီးလိုတယ်ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

ကျွန်ုပ်ဗဟန်းတွင်ရှိစဉ်က အကြပ်များအပိုင်း၌ ကျွန်ုပ်၏လက်အောက်၌ အမှုထမ်းခဲ့ဖူးသူဟူ၍ နယ်ထိန်းတပ်ကြပ်ကြီး အောင်ဝင်းတစ်ယောက်သာ ရှိတော့၏။

ဗဟန်းဌာနသို့ ကျွန်ုပ်ရောက်ပြီး နှစ်ရက်အကြာ အင်းလျားလမ်းနှင့်နီးသော ဝင်ဒါမီယာရပ်ကွက်ရှိ ကုလားဖြူအိမ် တစ်အိမ်တွင် ခိုးမှုဖြစ်ပေါ်လာရာ အိမ်ရှင်၏ ဘဏ္ဍာစိုးကုလားလူမျိုး တယ်ရီဆိုသူက ဗဟန်းဌာနတွင် တိုင်ချက်လာဖွင့်သည့်အတွက် ကျွန်ုပ်တို့သည် ထိုအိမ်သို့သွားရပါတော့သည်။

စစ်ဆေးမှုများ ပြုလုပ်ရာတွင် ညှိခန်းတစ်နေရာ၌ မသက်ာဖွယ်ရာ ခြေရာများကို တွေ့ရသည်။ ခြေရာများမှာ ခပ်သေးသေး။

အိမ်ရှင် ကုလားဖြူလင်မယားက သူတို့သည် ည ၇ နာရီက အောက်ထပ်ရှိ ထမင်းစားခန်းသို့ သွားစဉ် လက်ပတ်နာရီ၊ လက်စွပ်အိတ်၊ ဆောင်တိန် စသည်တို့ကို အိပ်ခန်းတွင်ရှိ မှန်တင်ခုံပေါ်တွင် တင်ထားခဲ့ကြောင်း၊ အိမ်ရှေ့ခန်းရှိ စားပွဲပေါ်တွင် ငွေစီး



www.burmeseclassic.com

www.burmeseclassic.com

ရက်ဘူးနှင့် ပိုက်ဆံအိတ်(ယောက်ျား ပိုက်ဆံအိတ်)ကို ထားခဲ့ကြောင်း၊ ထမင်းစားပြီး ည ၉ နာရီသာသာတွင် အိမ်ပေါ်တက်လာသောအခါ ထိုပစ္စည်းများကို မတွေ့ရတော့ကြောင်းဖြင့်ပြောသည်။

"ဖြစ်ဖြစ်ချင်းမှာ ကျွန်ုပ်တို့ကို အကြောင်းကြားခိုင်းသင့်တယ်"

ဟု ကျွန်ုပ်က ပြောသည်။

"မောင်နေတော့ ခင်ဗျားတို့ရှာဖွေစစ်ဆေးရေးလုပ်ရမှာ အခက်အခဲတွေနိုင်တယ်"

အိမ်ရှင်ကုလားဖြူက ပြောသည်။

ကျွန်ုပ်သည် ထိုအိမ်၌အလုပ်လုပ်သော ဝန်ထမ်းများကို တစ်ဦးချင်းစီကို စစ်ရာ သူတို့၏ အမူအရာများ ပျက်ခြင်းမရှိပေ။ သူတို့သည် ဤအိမ်တွင် အလုပ်လုပ်ခဲ့ကြသည်မှာ နှစ်နှစ်ကျော်၊ သုံးနှစ်ခန့် ရှိလေပြီ။ ဤအိမ်မှ ပစ္စည်းများ အခိုးခံရမှုမှာ ယခုမှ ပထမအကြိမ် ဖြစ်သည်။

**သူတို့ကို**
**လူခွဲ၍ စစ်ဆေးရသည်။**
**ကုလားလေးများ**
**အားလုံးမှာ အိမ်ဖြေများ၊**
**မိဘမဲ့သူများဖြစ်ကြသည်။**
**အီဗရာဟင်က**
**မွေးထားပြီး**
**ခိုင်းစားနေခြင်းဖြစ်သည်။**

ထို့နောက် ကျွန်ုပ်တို့သည် ခြံဝင်းထဲတွင် လိုက်လံစစ်ဆေးကြသည်။

ခြံစည်းရိုးကို ခြံစည်းရိုးပင်များ ခပ်စိပ်စိပ်စိုက်ထား၏။ ခြံစည်းရိုးပင်များကြားထဲ၌ သံဆူးကြိုး သုံးတန်း ကာထားသည်။

ကျွန်ုပ်သည် ခြံစည်းရိုးပင်များ၏ အောက်ခြေပိုင်းကို လိုက်လံပစ်ဆေးစဉ် အိမ်နောက်ဖေးဘက်ပိုင်းရှိ ချောင်ကျကျ တစ်နေရာ၌ ခွေးတိုးပေါက်ဟု ယူဆရသော နေရာတစ်နေရာကို တွေ့ရလေရာ အသေးစိတ်စစ်ဆေးသောအခါ ထိုခွေးတိုးပေါက်နေရာ၌ မြက်ပင်အချို့ လဲနေသည်ကို သတိပြုမိသည်။ ထိုနေရာမှာ လမ်းမဘက်မှ ကတ်သီးကတ်သတ် ဝင်လာလျှင် ရသောနေရာ ဖြစ်၏။

"ခြံထဲဝင်ရင် ဒီနေရာကပဲဝင်မယ်"

ကျွန်ုပ် စိတ်ထဲမှ ဆုံးဖြတ်လိုက်သည်။

ဗဟန်းရဲဌာနသို့ ပြန်ရောက်သောအခါ ကျွန်ုပ်သည် ကုလားဖြူများ၏ အိမ်များမှ ခိုးမှုဖိုင်တွဲများကို ထပ်မံစိစစ်သောအခါ အခိုးခံရသော ပစ္စည်းများမှာ နာရီ၊ ပိုက်ဆံအိတ်၊ မီးခြစ်၊ စီးကရက်ဘူး၊ လက်ပတ်နာရီ စသည်တို့သာများပြီး အခိုးခံရသည့် အချိန်များမှာ တိုင်တန်းသူတို့၏ အပြောအရ ည ၈ နာရီနှင့် ည ၁၀ နာရီအကြားတွင် ဖြစ်ကြောင်း တွေ့ရ၏။

ထိုရပ်ကွက်တွင် ရဲများ ပတ္တရောင်လှည့်ရာတွင် ည ၇ နာရီမှ နံနက် ၆ နာရီအထိ နှစ်သုတ်ခွဲ၍ ညဝက်စီ လှည့်ကြရာ လူအင်အားနည်းပြီး ရပ်ကွက်မှာလည်း ကျယ်သောကြောင့် ထိရောက်မှုမရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ကျွန်ုပ်သည် ဗဟန်းဌာနအုပ်နှင့် တိုင်ပင်ပြီး ည ၇ နာရီနှင့် ၁၂ နာရီအကြား ပတ္တရောင်လှည့်ခြင်း၊ ကင်းပုန်းဝပ်ခြင်းအလုပ်ကို လူအင်အားအနည်းငယ်တိုး၍ ပြုလုပ်စေသည်။

၎င်းနောက် ဆရာကြီးအောင်ဝင်းအား ဗဟန်းမြို့နယ်၊ တာမွေမြို့နယ်၊ စမ်းချောင်းမြို့နယ်များရှိ သူခိုးဈေးများတွင် ခိုးရာပါပစ္စည်းများကို လက်ခံယူသူ ဈေးသည်ကြီးများကို နာမည်စာရင်းနှင့် နေရပ်လိပ်စာကိုပါ ယူရန် တာဝန်ပေးလိုက်သည်။

ထိုသို့ လုပ်ဆောင်ပြီး ငါးရက်ခန့်အကြာတွင် ကင်းပုန်းဝပ်သောအဖွဲ့သည် ရွှေတောင်ကြားတစ်နေရာ၌ရှိသော လမ်းသွယ်တစ်ခုပေါ်၌ တစ်ဆယ့်သုံးနှစ်ခန့် အရွယ်ရှိ ကုလားလေးတစ်ယောက်ကို ခိုးရာပါပစ္စည်းများနှင့်အတူ ည ၁၀ နာရီခန့်၌ ဖမ်းမိပြီး ရဲဌာနသို့ ခေါ်လာသည်။

ကျွန်ုပ်သည် ထိုသူခိုးလေးကို စစ်ဆေးပြီး -

"မင့်ကိုခိုင်းတဲ့ မင်းရဲ့ဆရာအိမ်ကို လိုက်ပြ။ မင်းကို ငါတို့အကာအကွယ်ပေးမယ်"

ဟုပြောပြီး ဆရာကြီးအောင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင် သုံးယောက်နှင့်အတူ မြေနီကုန်း ----လမ်းသို့ သွားကြသည်။ ကုလားလေးညွှန်ပြသော အိမ်သို့ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီအိမ်ဟာ မြေနီကုန်းသူခိုးဈေးမှာ ခိုးရာပါပစ္စည်းတွေကို အဝယ်၊ အရောင်းလုပ်နေတဲ့ အီဗရာဟင်ရဲ့အိမ်ပဲ ဆရာ"

ဆရာကြီးအောင်ဝင်းက ကျွန်ုပ်ကို တိုးတိုးပြောသည်။

ကျွန်ုပ်တို့ ထိုအိမ်ရှေ့သို့ ရောက်ချိန်မှာ ည ၁၁ နာရီကျော်နေလေပြီ။ အိမ်တံခါးမှာ ပိတ်ထားသည်။

သူခိုးလေး ရန်ကနားက သူပြန်ရောက်လာကြောင်း ကုလားလိုပြောသောအခါ တံခါးပွင့်လာသည်။ လက်ဆွဲမီးအိမ်ကိုင်ထားသော ကုလားတစ်ယောက်က တံခါးလာဖွင့်ခြင်းဖြစ်သည်။

ဆရာကြီးအောင်ဝင်းသည် ရှေ့မှ ဦးစွာဝင်၍ -

"ဟေ့…ငါတို့ရဲတွေကွ။ အိမ်ထဲမှာရှိတဲ့ လူတွေအားလုံး ဒီမှာလာစုကြ။ ငြိမ်ငြိမ်လေးထိုင်နေကြ"

ဟု သူ၏လက်ထဲမှ သုံးတောင့်ထိုး လက်နိပ်ဓာတ်မီးကို ဝှေ့ယမ်းထိုးရင်း ခပ်ထန်ထန်ပြောလိုက်သည်။

တံခါးလာဖွင့်ပေးသော လက်ဆွဲမီးအိမ်ကိုင် ကုလားကို ဆရာကြီးအောင်ဝင်းက ပခုံးမှကိုင်၍ ထိုင်ခိုင်းထားလိုက်သည်။ အသက်သုံးဆယ်ခန့်အရွယ် ကုလားမတစ်ယောက်နှင့် အသက်တစ်ဆယ့်သုံး၊ တစ်ဆယ့်ငါးဝန်းကျင် ကုလားလေး လေးယောက်သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် အိမ်ရှေ့ခန်းသို့ ရောက်လာကြပြီး တံခါးလာဖွင့်ပေးသူ၏ အနောက်နားတွင် ထိုင်လိုက်ကြသည်။

"မင်း အီဗရာဟင်မဟုတ်လား"

ဆရာကြီးအောင်ဝင်းက တံခါးလာဖွင့်ပေးသူကို မေးလိုက်သည်။

"ဟုတ်တယ်"

ကျွန်ုပ်တို့သည် သူတို့ကို ဝိုင်းထားလိုက်သည်။ ဆရာကြီးအောင်ဝင်းသည် ရပ်ကွက်သူကြီးကို သွားခေါ်ခဲ့သည်။ သူကြီးမှာ မြန်မာလူမျိုးဖြစ်သည်။

သူကြီးနှင့်အတူ ကျွန်ုပ်တို့သည် တစ်အိမ်လုံးကို မွှေနှောက်ရှာဖွေကြသည်။ ခိုးရာပါပစ္စည်းများကိုတွေ့ရသည်။ (သူခိုးရန်ကနားက ကူညီသည်။)

ကျွန်ုပ်သည် ရှာဖွေတွေ့ရှိသော ပစ္စည်းများကို စာရင်းပြုစုပြီးနောက် အီဗရာဟင်၏ မိန်းမကိုသာ အိမ်တွင်ထားခဲ့ပြီး ကျန်လူများအားလုံးကို ရဲဌာနသို့ ခေါ်လာသည်။

သူတို့ကို လူခွဲ၍ စစ်ဆေးရသည်။ ကုလားလေးများအားလုံးမှာ အိမ်ပြေးများ၊ မိဘမဲ့သူများ ဖြစ်ကြသည်။ အီဗရာဟင်က မွေးထားပြီး ခိုင်းစားနေခြင်းဖြစ်သည်။

"ကျွန်တော်တို့က နေ့ဘက်မှာ အပြင်ထွက်ပြီး စက္ကူ၊ ပုလင်း၊ ဘူးခွံတွေကို လိုက်ဝယ်သူကဝယ်၊ ဈေးထဲကူလီလုပ်သူကလုပ်၊ ညနေရောက်ရင် ဒီဗရာဟင်အိမ် ပြန်လာကြ၊ ရလို့ရတဲ့ငွေတွေကို အပ်ရတယ်၊ သူကျွေးတာကိုစား၊ နောက်ပြီး ညဦးပိုင်းမှာ အနောက်တိုင်းသား ဘိုတွေရှိရာကို သူက တစ်ခါတလေ ခေါ်သွားပြီး ဘယ်အချိန်လောက်မှာ ဘယ်နေရာကဝင်၊ ပစ္စည်းတွေကို ဘယ်လိုခိုးရမယ်ဆိုတာ သင်ပေးတယ်။ ခိုးလို့ရတဲ့ ပစ္စည်းတွေကို သူ့ကိုအပ်ရတယ်။ ပစ္စည်းနဲ့ငွေနဲ့ ရိုက်တယ်။ အားလုံး သူ့ကိုကြောက်ရတယ်"ဟု ထွက်ဆိုကြသည်။

အီဗရာဟင်ကမူ ထိုကုလားလေးများကို သနား၍ သူကျွေးမွေးထားကြောင်း ပြောသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်သည် ရန်ကုန်ခရိုင်ရဲမင်းကြီးနှင့် စုံထောက်မင်းကြီးတို့ထံသွား၍ ရွှေတောင်ကြားရပ်ကွက် သူခိုးများနှင့် သူခိုးခေါင်းဆောင်ကို ဖမ်းဆီးရမိကြောင်းနှင့် သက်သေခံပစ္စည်းများအချို့နှင့်အတူ သွားရောက်အစီရင်ခံလိုက်ပါသည်။

ကျွန်ုပ်သည် ဗဟန်းရဲဌာနတွင် နောက်ထပ် ဆယ်ရက်ခန့်နေပြီး ခိုးမှုများ ထပ်ဖြစ်မဖြစ် စောင့်ကြည့်ရာ ခိုးမှုများ ထပ်မဖြစ်တော့သည့်အတွက် စုံထောက်ဌာနသို့ ပြန်သွားရပါသည်။

အီဗရာဟင်နှင့် ကုလားသူခိုးလေးများကို သက်သေခံပစ္စည်းများနှင့်အတူ တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာ၌ တရားသူကြီးသည် အထပ်ထပ်စစ်ဆေးပြီးနောက် သူခိုးလေးများကို သရက်မြို့ရှိ ကလေးထောင်သို့ပို့ရန် အမိန့်ချပြီး အီဗရာဟင်ကို ထောင်ဒဏ်ဆယ်နှစ် အပြစ်ပေးလိုက်သည်။

(ရွှေတောင်ကြားရပ်ကွက်တွင် ခိုးမှုများကင်းသွားသောကြောင့် ကုလားဖြူများက ရန်ကုန်ခရိုင်ရဲမင်းကြီးအား ကျေးဇူးတင်စကားပြောကာ ခင်ဗျားတို့မြန်မာရဲတွေ မညံ့ပါဘူးဟု ချီးကျူးသည်ဟု စုံထောက်မင်းကြီးက ကျွန်ုပ်ကို ပြောပါသည်။)

**မြသိန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အရင်ကတော့ ကျွန်မချစ်သူ

မြမြလှိုင်

သူ···သူ ဒီမိန်းမသေပြီပဲ။ သေတဲ့သူက ဘာကြောင့်ပေါ်လာတာလဲ။ သူမှသူ၊ လုပို···လုပိုမှ အစစ်။ လုပိုရဲ့ရုပ်၊ အသွင်အပြင်၊ သဏ္ဌာန်အားလုံးကို ကျုပ်က သေသေချာချာ သိတယ်။ ကျုပ်မျက်စိရှေ့မှာ ဘာကြောင့်များ ပေါ်လာရတာလဲ။ ကျုပ် သူ့ကို မမြင်ချင်ဘူး။ သူ့အသံကိုလည်း မကြားချင်ဘူး။ ခုတော့ ဗျာ···ဟင်း···ဟင်း··သူက ကျုပ်ရဲ့ရှေ့မှာ ထင်ထင်ရှားရှားကို ပေါ်လာတာ။ နောက်ပြီး သူက ကျုပ်ကိုပြောသေးတယ်။ နင်··နင်ဟာ လူသတ်ကောင်၊ နင်ဟာ လူသတ်သမားဆိုပြီး လက်ညှိုးထိုးပြီး လာပြောတာ။ သူ့ရုပ်ကြီးက သေသွားတဲ့သူဆိုတော့ သူ့မျက်နှာကြီးက အရင်လို ဖြူဖြူ လှလှပပ မဟုတ်တော့ဘူး။ သူ့မျက်နှာကြီးကိုကြည့်ရတာ ဖြူဖျော့ဖျော့၊ နောက်ပြီး ပွပွအစ်အစ်။ မျက်လုံး။ မျက်ခုံးတွေကလည်း မို့မို့ဖောင်းဖောင်းနဲ့ တကယ့် လူသေမျက်နှာ။ သွေးမရှိတော့သလို ဖွေးဖွတ်နေတာ။ ဒီမျက်နှာကြီးနဲ့ ကျုပ်ရဲ့မျက်စိရှေ့မှာ လာလာရပ်ပြနေတာကို မြင်ရတာ လက်ညှိုးကြီးထိုးပြီး ပြောလာတဲ့သူ့ကို ကျုပ်က ရင်ထဲ၊ အသည်းထဲက ကို အော်ဂလီဆန်လာတယ်။ တကယ်တော့ သူက ကျုပ်ချစ်ရတဲ့ ချစ်သူပါ။ အခုတော့ သူ့ကို ချစ်ဖို့နေနေသာသာ မြင်ရတာတောင် ရွံလွန်း။ မုန်းလွန်းလို့။

ဘထွန်းကြွယ်၊ ဟုတ်ပ၊ ပ ကျုပ်ရဲ့နာမည်က ဘထွန်းကြွယ ပါ။ အဖေ၊ အမေရဲ့ နာမည်လား။ အဲဒါကတော့ ကျုပ်မသိဘူး။ ဘာဖြစ်လို့ မသိတာလဲဆိုတော့ ကျုပ်သုံးနှစ်သားအရွယ်မှာ လှေပေါ်မှာပါလာတဲ့ကျုပ်ကို ရွာထဲကို လှေနဲ့သွားကြတဲ့ ဆွမ်းခံပြန်လာတဲ့ ကိုရင်တွေက ခေါ်လာ  ဒ့တာ။ ကျုပ်ကို သိတတ်စအရွယ်၊ ပြန်ပြောကြတာကတော့ မြစ်ရေဟော့ကြီးတဲ့အချိန်မှာ လှေတစ်စီးပေါ်မှာ ပါလာတာတဲ့။ လှေက မျောလာလို့ ကိုရင်တွေက ဆယ်ယူပြီး ကျောင်းထိုင်ဆရာတော်ဆီ ခေါ်လာခဲ့ကြတာ။ ကျောင်းထိုင်ဆရာတော်က ကျုပ်ကိုတွေ့တဲ့ ကြာသပတေးနေ့ကို အစွဲပြုပြီး ထွန်းကားကြွယ်ဝစေအောင်လို့ ရည်ရွယ်ပြီး ဘထွန်းကြွယ်လို့ မှည့်လိုက်တာပဲ။ အဲဒါ ကျုပ်ရဲ့ ပိုင်ဆိုင်မှုတစ်ခုတည်းသော နာမည်ပေါ့။

သုံးနှစ်လောက်ကြာတော့ ကျုပ်လည်းသိတတ်လာပြီး ကျောင်းကို ရောက်လာတဲ့အချိန်နဲ့ဆို ကျုပ်ရဲ့ အသက်ကလည်း ခြောက်နှစ်ကျော်၊ ခုနစ်နှစ်ထဲ ရောက်လာတော့ တခြားကျောင်းသားတွေလို စာအံချင်တယ်၊ စာရေးချင်တယ်၊ ဒါပေမယ့်···"

"ဘထွန်းကြွယ်က ဉာဏ်ထိုင်းတယ်။ သူ့ကို သင်္ကန်းစည်းပေးလည်း ခဏပဲဝတ်မှာ···"

စာကို ဘယ်လိုပဲသင်သင် ကိုယ့်နာမည်ကို မနည်းပေါင်းပြီး ရေးရတယ်။ ဖတ်စာမှန်သမျှ တစ်လုံးချင်းစီလိုက်ပြီး ပေါင်းဖတ်တာတောင် အဓိပ္ပာယ်ကို မနည်းသိအောင် ပေါင်းဖတ်ရတယ်။ ဒီတော့လည်း ဘဘုန်းက ကျုပ်ကို ခဏပဲ ကိုရင်ဝတ်စေပြီး လူထွက်ဘဝနဲ့ ဘုန်းကြီးကျောင်းသား ကပ္ပိယအဖြစ် ကျောင်းရဲ့ဝေယျာဝစ္စတွေကို လုပ်စေတယ်။ ဘုန်းကြီးကျောင်းရဲ့ ထမင်းကို စားရင် အာပူ၊ လျှာပူ မလောင်ရလေအောင် ကျောင်းရဲ့ ဝေယျာဝစ္စကို လုပ်ရတယ်။ ကျုပ်ကလည်း ကျုပ်ဘဝကို ကျုပ်ပျော်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆွမ်းဟင်းအတွက် ရွာထဲကို စောစောလေးလာ၊ ရွာထဲရှိတဲ့ ကျုပ်ရဲ့ သူငယ်ချင်းတွေဖြစ်တဲ့ မှုံကြီးတို့၊ သာပျို့တို့နဲ့ ကျည်းသားရိုက်တမ်း၊ ဒိုးပစ်တမ်း။ ဂျင်ပေါက်တမ်းတွေလည်း ကစားလို့ရတယ်။ ဆွမ်းဟင်းချက်တဲ့ အိမ်တွေကလည်း ကျုပ်ကို ကလေးတစ်ယောက်အနေနဲ့ မုန့်လည်းကျွေးတယ်၊ တစ်ခါတလေ မုန့်ဖိုးတွေတောင် ရတယ်။ အဲဒီလို မုန့်ဖိုးရရင် ဘဘုန်းက ကျုပ်ကို ကော်ဇီးကွက်ရုပ်စုဘူးလေးထဲကို ထည့်ပြီး စုခိုင်းတယ်"

"ငွေကို လွယ်လွယ်နဲ့ရတယ်ဆိုပြီး လွယ်လွယ်မသုံးနဲ့"

ဘဘုန်းတော်ကြီးရဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်နားထောင်ရတယ်။ ဘာကြောင့် မသုံးခိုင်းတာလဲလို့ မမေးရဲဘူး။ ပြောရမယ်ဆိုရင် ကျုပ်အတွက် ငွေကလည်း အသုံးပြုဖို့ မလိုပါဘူး။ ကျောင်းက ဆွမ်းကျန်၊ ထမင်းကျန်တွေက ကျုပ်အတွက် ညာ မနက်စာက ဖူလုံနေပြီလေ။ ဝတ်ဖို့ အဝတ်အစားကျတော့လည်း ဟိုကပေး ဒီကပေးနဲ့ ဝတ်စရာက ရနေပြီ။

ဒီတော့လည်း ကျုပ်ရဲ့ ရလာတဲ့ ငွေစလေးတွေက အသားတင်စုဖြစ်နေပြီ။ တစ်ခါတလေ ဘဘုန်းမသိအောင် ကျည်းသားရိုက်တမ်းကို ပိုက်ဆံကြေးကစားရင် ကျုပ်ကနိုင်တာများတယ်။ အဲဒီ ပိုက်ဆံလေးတွေကိုလည်း စုထားတာပဲ။

ဒီလို ငွေကြေးနဲ့ လောင်းကစားလုပ်ပြီး ကစားတာကို ဘဘုန်းသာသိရင် ကြိမ်နဲ့ ကျောကော့အောင်ကို ခံရပြီမှတ်။ ဘဘုန်းရဲ့ကျောင်းမှာ ကျုပ်လိုပဲ နေတဲ့ အဘခင်ဆိုတဲ့ အဘိုးကြီးတစ်ယောက်လည်း ရှိတယ်။ ကျုပ်နဲ့ ဘဝတူတွေပေါ့။ ဆွေမရှိ မျိုးမရှိ ခိုကိုးရာမဲ့ တစ်ကောင်ကြွက်သမားတွေလေ။ ဘဘုန်းရဲ့ ကျောင်းဝန်းကျင်နဲ့ အေးမြလှတဲ့ သာသနာ့အရိပ်ဟာ ကျုပ်ရဲ့ ကမ္ဘာ။ ကျုပ်တို့နှစ်ယောက်ရဲ့ ကမ္ဘာပါပဲ။ တစ်ခါတလေ ကျောင်းမှာ ကိုရင်တွေ တစ်ပါး-နှစ်ပါးလည်း စာသင်ဖို့ ရောက်လာတတ်တယ်။ ကျုပ်နဲ့ရင်းနှီးလာတယ်။ သူတို့ရဲ့ ဝေယျာဝစ္စကိုလည်း ကျုပ်က မညည်းမညူ လုပ်ပေးတယ်။

အဲဒီမှာပဲ ရွှေလှနဲ့ ကျုပ် ရင်းနှီးသွားတာ။ ရွှေလှဆိုတာ ရွာလယ်က ကုန်စုံဆိုင်၊ လယ်ပိုင်၊ ယာပိုင်ရှိတဲ့ ဦးတလုတ်ရဲ့သား။ နှလ္လဘရဟန်းဝတ်ပြီး လူဝတ်လဲသွားတော့လည်း သူက ကျောင်းကို မပြတ်လာတတ်တယ်။ ဘဘုန်းဆီမှာ ခွင့်တောင်းပြီး ရွှေလှနဲ့ အတူ ရွာထဲကို ကျုပ်လိုက်လည်တယ်။ ရွှေလှက အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ လူပုံက ခန့်ချောပေါ့။ မြို့ကျောင်းမှာ ဆယ်တန်းကို ကြာကြာနေလာတော့ ကျုပ်ထက် ဗဟုသုတပိုပြီးရှိတယ်။ ရွှေလှနဲ့ ကျုပ်က နှစ်ယောက်တတွဲတွဲရှိကြပေမယ့် အသွင်အပြင်ကတော့ လုံးဝဆန့်ကျင်တယ်။ ရွှေလှက ဖြူဖြူသန့်သန့်၊ ခန့်ခန့်ချောချော။ ကျုပ်က အသားညိုညစ်ညစ်၊ အရပ်က ပုပျပ်ပျပ်။ ညာဘက်မျက်လုံးက ငယ်ငယ်လေးထဲက နည်းနည်းစောင်းပြီး အပေါ်ရှေ့သွားနှစ်ချောင်းက ခေါလိုက်သေးတယ်။ ကျုပ်ရဲ့ရုပ်သွင်က တစ်ခါမြင်ဖူးရုံနဲ့ သိပ်ကို မှတ်မိစရာပေါ့။

ရုပ်ရည်တင်မကဘူး။ ရွှေလှနဲ့ ကျုပ်က စိတ်ဓာတ်ပါကွာခြားတယ်။ ကျုပ်က မဟုတ်မခံ၊ ဝုန်းဒိုင်းသမား။ မကျေနပ်ရင် လက်ကပါချင်လာတယ်။ ရွှေလှက အဲဒီလိုမဟုတ်ဘူး။ စိတ်ဓာတ်က နူးညံ့တယ်။ စကားပြောရင် လေအေးအေးနဲ့ ပြောတတ်သလို နားဝင်အောင်လည်း ပြောတယ်။ ကျုပ်အပေါ်မှာ သူများတကာတွေထက် သဘောထား ပိုကောင်းတယ်။

လှပို ဆိုတာလား။ ကျုပ်သိတာပေါ့။ လှပိုက တစ်ရွာလုံးမှာ အချောဆုံး။ ရွာရဲ့ ကွမ်းတောင်ကိုင်လေ။ ကာလသားတိုင်း ချစ်ကြိုက်တဲ့ မိန်းမလှလေး။ ပုရိသတို့ရဲ့ မျက်စိအာရုံကို ဖွဲ့ဆောင်နိုင်တဲ့သူ။ ရွာထဲက ကာလသားတွေက ပြောကြတယ်။ မြို့သူလိုသာ ဝတ်စား ပြင်ဆင်လိုက်ရင် ပိုလှမှာတဲ့။ လှသလောက် မာနပိုလို့ လှပိုလို့များ မှည့်လေသလား။ မုဆိုးမရဲ့သမီးဆိုပေမယ့် စီးပွားရေးအခြေအနေက တင့်တောင့်တင့်တယ်။ ယာပိုင်၊ လယ်ပိုင်၊ နွားပိုင်တွေနဲ့။ သူကလေးကို ချစ်စကား၊ ကြိုက်စကား ပြောဖို့နေနေသာသာ အနားတောင် ကပ်ခွင့်ရဖို့က မနည်း။ သူနဲ့ ကျုပ်နဲ့က တစ်ရွာတည်းသားမဟုတ်ဘူး။ တခြားရွာကနေ ကျုပ်တို့ လက်ပံလှကို ပြောင်းလာတာ လေးငါးခြောက်နှစ်လောက်တော့ ရှိပြီ။ ဘယ်နေရာ၊ ဘယ်ဒေသက ပြောင်းလာတယ်ဆိုတာကိုတော့ သေသေချာချာ မသိဘူး။

ကျုပ်လည်း ယောက်ျားပဲဗျာ။ လှပိုလို ချောတဲ့ မိန်းကလေးကို ချစ်မိ၊ ကြိုက်မိပါတယ်။ ဝန်ခံပါတယ်ဗျာ။ ရရင် ယူချင်တယ်။ ဖြစ်နိုင်မယ်ဆိုရင် မရရအောင် လှပိုကို ယူချင်တာ။ သူနဲ့တွေ့လို့ ကျုပ်မှာလေ စကားတစ်ခွန်း-နှစ်ခွန်းလောက် နှုတ်ဆက်ချင်ပေမယ့် မာနထန်တဲ့သူ၊ ထွီ··တွမ်လို့များ တံတွေးနဲ့ ထွေးပြီး ကက်ကက်လန်အောင် ရန်ပြုမယ့် မိန်းကလေး။ အေးပေါ့လေ၊ ကျုပ်လို ကြမ်းတမ်းဆင်းရဲတဲ့ လူစားမျိုးကို ဘယ်အရေးလုပ်ချင်ပါ့မလဲ။ လူကကြမ်းပေမယ့် နှလုံးသားက နုတယ်ဆိုတာ သူမသိလေရော့သလား။ ကျုပ်ကလည်း သူ့ကို အဝေးကပဲ ချစ်နေရရင် ကျေနပ်တဲ့သူ။ သို့သော် သူတခြားသူကို ချစ်သွားမှာလည်း စိုးရိမ်မိတယ်။

လူဆိုတာ သဘာဝအားဖြင့် သာတာကိုတော့ ရှာကြမှာပဲ။ ဒါကိုလည်း ကျုပ်နားလည်ပါတယ်။ ကျုပ်လို ဆင်းရဲသား ငမွဲလိုအကောင်ကို ဘယ်စိတ်ကူးပါ့မလဲ။ မိန်းကလေးဆိုတာ ဆင်စီး



www.burmeseclassic.com

www.burmeseclassic.com

မြင်းရုံတာကိုပဲ နေချင်မယ်။ ရွှေဘုံပေါ်မှာပဲ စံချင်မှာပေါ့။ ဒါတွေကို ကျူပ်သိလျက်နဲ့ သူ့ကို ကြိုက်မိတာ ကျူပ်ရဲ့ မိုက်ပြစ်ပါပဲ။ ဒီအခြေအနေ ရောက်မှတော့ ကျူပ်လည်း မထူးတဲ့အတူတူ ရင်ဖွင့်ရတော့တာပဲလေ။

*

ဟုတ်ပါတယ်။ ကျွန်တော့်ရဲ့ နာမည်က ရွှေလှပါ။ အဖေက ဦးတလုတ်၊ အမေက ဒေါ်သဲဝါပါ။ မောင်နှမ သုံးယောက်ရှိတယ်။ ကျွန်တော်က အကြီးဆုံးပြစ်တယ်။ ကျွန်တော့်ရဲ့ အောက်မှာ ညီလေးနဲ့ ညီမလေးတို့ ရှိတယ်။ လက်ပံလှရွာဇာတိပါ။ ဘထွန်းကြွယ် ဆိုတာလား။ သူနဲ့က ဆရာတော်ဘုန်းကြီးကျောင်းမှာ ငယ်စဉ်ဘဝ စာသင်စက သိခဲ့ကြတာပါ။ မြို့ကျောင်းမှာ ကျောင်းသွားတက်တော့ ကွဲသွားကြတယ်။ နောက် ရွာပြန်ပြီး ကိုရင်ဝတ်တော့မှ ပြန်ဆုံကြတယ်။ ကျွန်တော်က ဘထွန်းကြွယ်နဲ့ သိပ်ပြီးရင်းရင်းနှီးနှီး မနေပါဘူး။ ဒီကောင်က ရေမျောကမ်းတင်။ အမေတို့က ပြောဖူးတယ်။ ဘယ်လိုအမျိုးအစားကမွေးပြီး ရေကြီးတုန်းက ဘယ်သူက စွန့်ပစ်တာလဲ မသိဘူးတဲ့။

ဘုန်းကြီးကျောင်းက စာလောက်ပဲ သူသင်နိုင်တယ်။ ကျွန်တော်က သူနဲ့ သိပ်ပြီး အရောတဝင် မနေပါဘူး။ သူက လူကြမ်း၊ စိတ်ကြမ်း ပရမ်းပတာ သမား။ မထင်ရင် မထင်သလို လုပ်တတ်တဲ့သူ။ ကျွန်တော်နဲ့တွေ့တော့ နားအေးရင်ပြီးရောဆိုပြီး သူပြောသမျှ သူ့အကြိုက်ကိုလိုက်ပြီး လုပ်ပေးနေတာကို ဒီအရူးက အဟုတ်ထင်ပြီး ဘဝင်မြင့်နေတာ။ ဉာဏ်မှမရှိတာ။ သူများကျွေးတာ၊ ပေးတာတွေနဲ့ လူဖြစ်လာရတဲ့အကောင်ပါ။ ဉာဏ်ကလည်းမွဲ၊ သူ့ပုံစံနဲ့ သူ့စိတ်ဓာတ်ကလည်း လိုက်ပါတယ်။ ဒီကောင်က အနေအထိုင်ကြမ်းသလို စိတ်လည်း ကြမ်းတယ်။ သတ်ဖြတ်ရတာကို လက်ယဉ်တဲ့သူ။ လူ့အသက်တစ်ချောင်းကို ပုရွက်ဆိတ်တစ်ကောင်လောက်တောင် တန်ဖိုးထားတာ မဟုတ်ဘူး။ သူ့ရုပ်၊ သူ့ပုံစံကိုမှ အားမနာ၊ မိန်းမချောချောလှလှဆိုရင် သူက ကြိုက်ချင်သေးတယ်။ ဆင်းကလည်း ဆင်းရဲ၊ ရုပ်ကလည်း ကြမ်းဆိုတော့ ဘယ်မိန်းကလေးက သူ့ကိုကြိုက်ပါ့မလဲ။

အဲဒီလို သူကကြိုက်ပြီး သူ့ကို ပြန်မကြိုက်တဲ့ မိန်းကလေးဆိုရင် ဒေါသထွက်ပြီး သတ်ပစ်ချင်လောက်အောင်ကို ဖြစ်တော့တာပဲ။ လှပိုဆိုတဲ့ မိန်းကလေးကို သိပါတယ်။ ဒါပေမယ့် သိပ်ပြီး ရင်းရင်းနှီးနှီး မသိကျွမ်းပါဘူး။ ကျွန်တော်နဲ့ တစ်ရွာတည်းနေတော့ သုံးလေးခါလောက်တော့ မျက်မှန်းတန်းမိပါတယ်။ စီးပွားရေးကောင်းတယ်လို့တော့ ပြောကြတယ်။ ကျွန်တော်က စိတ်မဝင်စားပါဘူး။ ဘထွန်းကြွယ်က လှပိုတို့အိမ်ကို အဝင်အထွက် ပိုရှိတယ်။ သူက အဲဒီအိမ်က နိုင်းဖက်လေ။ ထင်းခွဲ၊ ရေခပ်၊ အမှိုက်ကျုံးတာကအစ လုပ်ပေးတာ။

လှပိုကတော့ သူ့ကို သရဲသဘက်လောက် မှတ်တာ။ မျက်နှာချင်းဆိုင် စကားတောင် မပြောဘူး။ လှပိုမှာ ရည်းစားရှိသလား။ မရှိသလားဆိုတာ ကျွန်တော် မသိဘူး။ သူက ရုပ်ကချောတော့ ယောကျ်ားတွေနဲ့ ရှုပ်ချင်ရှုပ်မှာပေါ့။ အဲဒီလို အနေအထားနဲ့ လှပိုကို မြင်ရတော့ ဘထွန်းကြွယ် ရင်ထဲမှာ သဝန်တိုစိတ်တွေက ထိန်းလာရော။ သူက လှပိုကို သဲသဲမဲမဲကြိုက်နေတာ။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရအောင်ကို ယူမှာပဲ။ ကျွန်တော်လား။ လှပိုကို ကိုယ့်ရွာသူတစ်ယောက်ဖြစ်တာကလွဲလို့ ဘယ်လိုမှ စိတ်မဝင်စားပါဘူး။ မိဘတွေ စီစဉ်တဲ့ အိမ်ထောင်ရေးကိုပဲ ဦးစားပေးထားတာ။ ကျွန်တော့်ဇနီးလောင်းဘက်ကလည်း ချမ်းသာပါတယ်။ ဟာ··· ကျွန်တော်မိန်းမယူတာ လှပိုကို ဘာဖြစ်လို့ ပြောရမှာလဲ။ ကျွန်တော်နဲ့က ဘာမှမဆိုင်တာ။ ဘထွန်းကြွယ်က ဘာတွေပြောလိုက်ပြန်ပြီလဲ။ ဒီကောင်က စာသာသိပ်မတတ်တာ၊ သူများကို ချောက်တွန်းရမယ်ဆိုရင် နှစ်ယောက်မရှိဘူး။ ရွာထိပ်က လက်ပံပင်မှာ ချိန်းတွေ့တယ်။ ဘယ်သူကများ လုပ်ကြံပြောလိုက်တာလဲ။ တစ်ခါမှ မသွားဖူးပါဘူး။ ဒီလောက် ချုံတွေက ဘေးမှာ အလေ့ကျပေါက်ပြီး ထူထပ်နေတာ၊ ဟုတ်တယ်။ အဲဒီချုံတွေက လူတစ်ရပ်စာလောက် ရှိတာ။

မနေ့ညက တစ်ညလုံး ကိုယ်လက်ကိုက်ခဲနေလို့ အိမ်မှာပဲနေနေတာ။ ဒီပုခုံးက ရှုံ့ပေတာက ညဦးလယ်လောက်မှာ အပေါ့သွားချင်တာနဲ့ ခြံထဲက ရေအိမ်ကို သွားတာ ချော်လဲလို့ ရှုံ့ပေသွားတာနဲ့ ရေနဲ့လျှော်ပြီး တန်းပေါ်မှာ ဖြန့်လှန်းထားတာ။ ညတက်ကြီးဆိုတော့ သေသေချာချာ မမြင်ရဘူး။ ဒါကြောင့် ရှုံ့မစင်တာပါ။ ဒီကောင် ဘထွန်းကြွယ် အတွန့်အတိုက် တယ်လုပ်တာပဲ။ လှပိုနဲ့ ကျွန်တော်နဲ့ ဘာမှ မပတ်သက်ဘူး။ ဘာကိုမှ ပြသ



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်မခံနိုင်ဘူးလေ။ ပြဿနာဖြစ်လာ ရင် ရှင်းပြရမှာပဲ။ ဆရာတို့က မှူခင်းဆိုင် ရာဘက်ကဆိုပြီး လုပိုကို သူများသတ် လို့ သေတာနဲ့ ဘာကြောင့် ကျွန်တော် နဲ့ ဘထွန်းကြွယ်ကို ရွေးပြီး လာမေးကြ တာလဲ။ ဘထွန်းကြွယ် လုပိုကို ကြိုက် နေတယ်ဆိုတာ တစ်ရွာလုံးသိတယ်။

✶

စိတ်ညစ်တယ်ဗျာ။ ဒီအမှုက ပြီး ပဲမပြီးနိုင်ဘူး။ ကျုပ်တို့နှစ်ယောက်ကိုမှ လာမေးရတယ်လို့။ အိပ်ရေးပျက်ရတာ လည်း သုံးလေးရက်မက ရှိပြီ။ ဒီ သောက်ကောင်မ လုပို သေတာတောင် အေးအေးမသေဘူး။ ပြဿနာရှုပ်အောင် လာလုပ်နေတယ်။ ဒီညတော့ အိပ်ရေး ဝအောင် အိပ်ချင်တယ်။ ဟူး…ရင်ထဲ မှာ နေရထိုင်ရတာ တစ်မျိုးပဲ။ တစ် လောကလုံး အိပ်နေကြပြီ။ ကျုပ်တစ် ယောက်တည်း အိပ်မပျော်ဖြစ်နေတာ။

ဟာ…လုပို…လုပို၊ လာပြန်ပြီ။ နှင့်ပုံစံက မသတီစရာကောင်းလိုက် တာ။ သွား…သွား ငါ့ဆီကို မလာနဲ့။ ကြည့်စမ်း။ နှင့်တစ်ကိုယ်လုံး ဆံပင်တွေ က ဖုံးထားတယ်။ အမယ်လေး… လေး၊ မျက်လုံးကြီးနှစ်လုံးကလည်း ပြူး လိုက်တာ။ ဟား…ဟား…ဟား။ ရယ်ချင်စရာကောင်းလိုက်တာ လုပို ရယ်။ နင်က လာခြောက်တော့ ငါက ကြောက်ရမှာလား။ နင်က သေပြီးသား လူသေလေ…လူသေ။ သွား…သွား။ မလာနဲ့၊ မလာနဲ့။

တစ်ညလုံး ကျုပ်အိပ်လို့မရဘူး။ ဟို…ရဲအရာရှိဆိုတဲ့သူတွေ ကျုပ်တို့ နှစ်ယောက်ကို မနက်မိုးလင်းတာနဲ့ ခေါ် ပြီးမေးကြပြန်ပြီ။

"ဒီမှာ မောင်ရင်ရဲ့၊ ကျုပ်တို့က ဥပဒေဘက်တော်သားဆိုတော့ အမှု အမှန်နဲ့ တရားခံကို ရှာဖမ်းရမှာပဲ။ ဘထွန်းကြွယ်ကလည်း လုပိုတို့အိမ်မှာ အဝင်အထွက်က များတယ်နော်။ ကိုရွှေ လုကလည်း လုပိုနဲ့ အဆက်အဆံတော် တော်လေး ရင်းနှီးတယ်ဆိုတာ သေသေ ချာချာ သိထားတဲ့သူက ပြောပြတယ်"

"ဘာလဲ၊ ဟို…ဘုန်းကြီးကျောင်း က ကပ္ပိယအဘိုးကြီးလား။ ဒီအဘိုး ကြီး သိပ်နှုတ်ဖွာပါလား"

"ဒီမှာ ရွှေလု၊ တို့က ဘယ်သူ ဘယ်ဝါဆိုတာ မပြောသေးဘဲနဲ့ ဘာ ကြောင့် တစ်ပါးသူကို စွပ်စွဲရတာလဲ။ နောက်ပြီး လုပိုသေတယ်လို့ပဲ ကျုပ်တို့ က ပြောရသေးတယ်။ မောင်ရင်က ဘာ ကြောင့် လူသတ်ခံရတယ်လို့ ပြောရ တာလဲ။ သူ့မှာ မဖုံးနိုင် မဖိနိုင်ဖြစ်လို့ အရှက်နဲ့အသက် လဲတာခံရတာ"

"အင်း…ဟုတ်တယ်၊ ဒါဟုတ် မှာ။ ဟိုအကောင်ဘထွန်းကြွယ် စော် ကားလို့ ကိုယ်ဝန်နှစ်ယောက်ရှိတာနဲ့ သူ့အပြစ်တွေ ပေါ်မှာစိုးလို့ လုပ်တာ ဖြစ်မယ်။ ဒါကြောင့် ဘထွန်းကြွယ်ကို ဖမ်းရမှာပေါ့။ ဒီကောင်က လူယုတ်မာ၊ လူသတ်သမား"

"ဘထွန်းကြွယ်အတွက် စိုးရိမ် စရာ မလိုပါဘူး။ လူသတ်သမားကသာ စိုးရိမ်ရမှာ။ ဘာဖြစ်လို့လဲဆိုတော့ လုပို ရဲ့ကိုယ်ဝန်က ဘထွန်းကြွယ်နဲ့ မဆိုင် ဘူး။ ဘထွန်းကြွယ် ငယ်စဉ်က ကျည်း သားရိုက်တော့ ကျည်းသားတုတ်နဲ့ မတော်ရာကို မတော်တဆ ထိမှန်ပြီး အကြီးအကျယ် ဒဏ်ရာရလို့ ဆေး တော်တော် ကုယူရတယ်လို့ ကျောင်း က အဘိုးကြီးက ပြောပြတယ်။ ပြောရ ရင် သူက သားသမီးရနိုင်စွမ်း မရှိဘူး။ ခုဟာက လုပိုနဲ့ဖြစ်တဲ့သူက လုပိုကို သားသမီးရလာတာကို မယူချင်လို့ သတ်တာ။ လုပိုက သူ့မှာ ကိုယ်ဝန်ရှိ တာ ဘယ်သူလဲဆိုတာ ပြောတယ်"

"ဘာ…ဘာ…လူသတ်သမား က သတ်တာ၊ ဟုတ်လား။ ဘယ်သူ ပြောတာလဲ"

"လုပိုပြောတာလေ"

"ဟာ…လုပိုက သေပြီပဲ"

"မောင်ရင့်ကို လုပိုသေပြီလို့ အသေအချာ ဘယ်သူပြောသလဲ။ သူ က မြောနေတာလေ။ ခု သူသတိရလာ ပြီ။ သူကိုယ်တိုင် သူ့ကိုသတ်တဲ့သူကို လက်ညှိုးထိုးပြီး ဖမ်းခိုင်းတော့မယ်"

"မဖြစ်နိုင်ဘူး…ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဟာ…မောင်ရင်ရဲ့ သေမှမသေ တာ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"သေပြီ…သေပြီ။ အဲဒီကောင်မ သေပြီ။ သေလို့ပဲ သူကျုပ်ကို သရဲလာ လာခြောက်နေတာ။ ကျုပ် အိပ်ရေးပျက် တာ များပြီ။ သူသေသွားတာ ကျုပ် သေသေချာချာသိတယ်။ သူ့ကို မယူ ချင်လို့၊ ကျုပ်နဲ့မတန်ဘူး။ တောသူမ ဖြစ်လို့ ကျုပ်ကိုယ်တိုင် ပေါ်ဒီလက် နှစ်ဖက်နဲ့ ညှစ်သတ်ပြီး ရွှံ့အိုင်ထဲမှာ နှစ်သတ်လိုက်တာ…နှစ်သတ်လိုက် တာ…ဟား…ဟား။ သေတာမှ တကယ်ကို သေသွားတာ။ သရဲတောင် ဖြစ်နေပြီ။ အလောင်းပုပ်ပွပြီး ယူလာ တာ ကျုပ်မြင်သားပဲ"

**မြမြလှိုင်**



www.burmeseclassic.com

www.burmeseclassic.com

# သူနာပြုဥပဒေ၊ သားဖွားဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ယနေ့မျက်မှောက်ခေတ်ကာလတွင် မြန်မာနိုင်ငံ မြို့ကြီး၊ မြို့ငယ်၊ မြို့နယ် အနှံ့အပြားၧ ပြင်ပဆေးခန်းများ မြောက်မြားစွာ တည်ရှိဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ ယင်းဆေးခန်းများတွင် အမှုထမ်းဆောင်လျက်ရှိသော သူနာပြု ကျား မများတို့မှာ တရားဝင်လက်မှတ်ရ (လိုင်စင်ရ) သူနာပြုများရှိသလို တရားမဝင် သူနာပြုများလည်း များစွာရှိနေသည်ကို တွေ့ရ၏။ ယင်းကို စနစ်တကျ ထိန်းကွပ်ပေးနိုင်ရန် အလို့ငှာ ဤသူနာပြုဥပဒေကြမ်းကို မြန်မာနိုင်ငံ၊ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းဖို့ ရေးဆွဲထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ပေသည်။

အဆိုပါ သူနာပြုသားဖွားဥပဒေကြမ်းတွင် တားမြစ်ချက်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များတို့ကို အောက်ပါအတိုင်း ရေးဆွဲသတ်မှတ်ထားပေသည်။

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

(၁) လိုင်စင်မရှိဘဲနှင့် ပုဂ္ဂလိက သူနာပြုကျောင်း၊ သားဖွားအတတ်ပညာသင်ကျောင်း ဖွင့်လှစ်လျှင် အပြစ်ရှိသည်။ အပြစ်ဒဏ်မှာ ထောင်ဒဏ် တစ်နှစ်မှ သုံးနှစ်အထိ၊ ငွေဒဏ်ကတော့ ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ချမှတ်ခြင်း ခံရမည်။ [ပုဒ်မ-(၄၆)]

(၂) လိုင်စင်၊ လက်မှတ်မရှိဘဲနှင့် သူနာပြုလုပ်ငန်း၊ သားဖွားလုပ်ငန်း လုပ်ကိုင်လျှင် အပြစ်ရှိသည်။ အပြစ်ဒဏ်မှာ ထောင်ဒဏ်တစ်နှစ်အထိ၊ ငွေဒဏ်ကတော့ ကျပ်တစ်သိန်းမှ ၁၀ သိန်းအထိ ချမှတ်ခြင်းခံရမည်။ [ပုဒ်မ-(၄၇)]

(၃) သူနာပြု/သားဖွားလိုင်စင်မရှိဘဲ လုပ်ကိုင်ရာတွင် လူနာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများရရှိလျှင်၊ သို့မဟုတ် အသက်သေဆုံးခဲ့လျှင် ထောင်ဒဏ် သုံးနှစ်မှ ခုနစ်နှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ငွေဒဏ်တို့ကိုလည်း ချမှတ်ခြင်းခံကြရမည် ဖြစ်ပါသည်။ [ပုဒ်မ-(၄၇)]

(၄) သူနာပြု/သားဖွားလိုင်စင်လက်မှတ် မရရှိဘဲနှင့် သူနာပြု၊ သားဖွားဝတ်စုံ၊ အဆောင်အယောင်များကို ဝတ်ဆင်ခြင်း၊ သုံးစွဲခြင်း၊ တံဆိပ်တပ်ဆင်ခြင်း လုံးဝ(လုံးဝ) မပြုရပါ။ ဖျက်ကွက်ကျူးလွန်ပါက ထောင်ဒဏ် သုံးလမှ သုံးနှစ်အထိ၊ ငွေဒဏ်ကတော့ ကျပ် ၅၀၀၀၀ မှ ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံကြရမည်။ [ပုဒ်မ-(၄၈)]

(၅) မိမိ၏ သူနာပြုလိုင်စင်၊ သားဖွားလိုင်စင်(လက်မှတ်)ကို အခြားသူအား လွှဲပြောင်းပေးခြင်း မပြုရ။ ဖျက်ကွက်လျှင်၊ ကျူးလွန်လျှင် ထောင်ဒဏ် သုံးလမှ သုံးနှစ်အထိ၊ ငွေဒဏ်ကတော့ ကျပ် ၅၀၀၀၀ မှ ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံကြရမည်။ [ပုဒ်မ-(၄၉)]

(၆) သူနာပြု/သားဖွားလိုင်စင်လက်မှတ်ရရှိသူအား ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန် အလို့ငှာ ပြုမူ၊ ပြောဆို၊ ရေးသား၊ ထုတ်ဖော်ခြင်း မပြုကြရ။ ဖျက်ကွက်လျှင်၊ ကျူးလွန်လျှင် ထောင်ဒဏ်ခြောက်လမှ သုံးနှစ်အထိ၊ ငွေဒဏ် ကျပ် ၁၀ သိန်း မှ ကျပ် သိန်း ၅၀ အထိ ချမှတ်ခြင်းခံကြရပါမည်။ [ပုဒ်မ-(၅၀)]

**ရှင်းလင်းချက်၊ မှတ်ချက်** - တရားရုံးတော်မှ အမိန့်စီရင်ချက် ချမှတ်ရာတွင် ငွေဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်ကိုဖြစ်စေ၊ သို့တည်းမဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ် ပူးတွဲ၍ဖြစ်စေ ချမှတ်နိုင်ပါသည်။ ဆောင်းပါးရှည်မည်စိုး၍ အတိုချုပ် ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref:*


ကြေးမုံနေ့စဉ် (ဇူလိုင် ၂၅ [illegible])

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွား ကောင်စီ ဥပဒေကြမ်း (ပြည်ထောင်စု လွှတ်တော်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မာယာတစ်သိန်း

မောင်မြသွေး (တောင်ကြီး)

လှသူ ပြတ်လတ်သော နေရာလေး တစ်ခု။

တစ်နည်း ချစ်သူစုံတွဲများ မွေ့လျော် ချစ်တင်းနှောလေ့ရှိကြသည့် နေရာ ဒေသ၊ ချစ်သူနယ်မြေ၊ မြို့အစွန် ဆိတ်ငြိမ်နေရာလေးတစ်ခု။

ညနေဆည်းဆာချိန်မို့ တိမ်နီ၊ တိမ်ဝါ၊ တိမ်ပြာတို့ဖြင့် ကောင်းကင် တခို တောက်ပစွာလှပသာယာနေချိန်။

အသက် ၂၀ ဝန်းကျင်အရွယ် ချစ်သူမောင်မယ် နှစ်ဦးမှာ ချစ်တင်း နှောကာ ကြည်နူးပြုံးပျော်လျက်ရှိနေကြသည်။

ယမင်းကို ကကယ် ချစ်ရဲ့လား မောင်…

တကယ်ချစ်တာပေါ့ ယမင်းရဲ့… ယမင်းကသာ မောင့်ကို တကယ်ချစ်မှ ချစ်ပါ့မလားလို့။

ချစ်တာပေါ့မောင်ရဲ့ ဟင်း ဟင်း ဘာလဲ ယမင်းကို စိတ်မချဘူးလား ခစ် ခစ်…

စိမ့်စမ်းရေစီးဆင်းသံပမာ တလွင် လွင်သာသော ရယ်သံလွင်လွင်ကလေး တို့က လေပြေနှင့်အတူ လွင့်ပျံလာ၏။ ထိုစဉ် အမည်မသိ လူနှစ်ယောက်မှာ ရုတ်တရက် ရောက်လာပြီး -

"ဟော့ကောင် ခဏလာဦး။ မင်းနဲ့ စာရင်းရှင်းစရာရှိတယ်"

"အို… မောင် သူတို့က ဘယ်သူတွေလည်း ယမင်းကြောက်တယ်"

ရုတ်တရက်မို့ ယမင်းထိတ်လန့် တုန်လှုပ်သွား၏။ ထို့အတူ ယမင်း၏ ချစ်သူ ကျော်ဟွာမှာလည်း အနည်းငယ် တော့ စိုးရိမ်ပူပင်သွား၏။ သို့သော် ချစ်သူရှေ့မို့ သူရဲကောင်းတော့ ဆန်ရ တော့မည်။ ချစ်သူရှေ့မှာ သူရဲဘော ကြောင်ခဲ့ရင် ယောက်ျားကောင်း ပီသ တော့မည် မဟုတ်ပေ၊ ထို့ကြောင့်…

စာရင်းရှင်းစရာရှိတယ် ဆိုရင် တော့ ရှင်းလို့ရပါတယ်၊ ဒါပေမဲ့ ခင်တို့ ကိုလည်း ငါကမသိ ဘာကိစ္စကို စာရင်း ရှင်းစရာရှိမှန်းလည်း မသိနဲ့ ခင်တို့ ဟာက အစိမ်းတိုက်သက်သက်ကြီး ဖြစ် လာတွေ

www.burmeseclassic.com

"မင်း တော်တော်ထိုင်းတဲ့အကောင်ပဲ၊ မင်းနဲ့စာရင်းရှင်းစရာရှိတယ်ဆိုမှတော့ ဒီကောင်မလေးနဲ့ ပတ်သက်နေလို့ပေါ့ကွ"

ကျော်စွာ တွေဝေသွားမိသည်။ ယမင်းအကြောင်းကိုလည်း သူကောင်းကောင်းသိထားသည်။ ရုပ်ကလေးချောသလို အလွန်မျက်နှာများသော မိန်းကလေးဖြစ်သည်။ ယခုလည်း မဟုတ်မှလွဲရော ရည်းစားလုဘက် ဖြစ်ပေလိမ့်မည်။ ကဲ ရှိစေတော့ လာမည့်ဘေးပြေးတွေ့ရုံပေါ့။

"ဒါဆိုလည်း ဖြစ်ပါတယ် ကြိုက်တဲ့နည်းနဲ့ ရှင်းပေါ့ကွာ"

အသင့်ပြင်ဆင်လာသူနှင့် ရုတ်တရက် ကြုံသလိုရင်ဆိုင်ရသူတို့ အနေအထား အများကြီးကွာပါသည်။ တစ်ဖက်မှလူက နှစ်ယောက် သူတို့ထံမှာ သံတုတ်ကိုယ်စီနှင့် ကျော်စွာမှာကား လက်ချည်းပလာသက်သက်မို့ ခဏကလေးနှင့် ပွဲကပြီးသွားသည်။ ရိုးရိုးမဟုတ်၊ ရှယ် ပြီးဆုံးနည်း။

လူစိမ်းနှစ်ယောက်၏ သံဒုတ်လက်ချက်ဖြင့် ကျော်စွာမှာ သေွးအိုင်ထဲ၌ အသက်ပျောက်သွားခဲ့လေပြီ။

ယမင်းတစ်ယောက် သွေးပျက်မတတ် ထိတ်လန့်တုန်လှုပ်နေလေပြီ။

မကြောက်ပါနဲ့ကွာ၊ ငါတို့က သစ္စာရှိပါတယ်။ ဒါပေမဲ့ မင်းလက်ထဲက ဖုန်းကိုတော့ ငါတို့ကိုပေး။

"ဟုတ် ဟုတ် ···ရော့ ယူပါယူပါ"

ရဲတွေ ဘာတွေ တိုင်လား တောလား မလုပ်နဲ့နော်၊ တိုင်လို့ကတော့ မင်းကိုလည်း အမှုပတ်မှာပဲ ကြားလား။

ဟုတ် ဟုတ်ကဲ့ မတိုင်ပါဘူးရှင်။

ဟိုမှာ ရပ်ထားတဲ့ ဆိုင်ကယ်က သူ့ဆိုင်ကယ်မဟုတ်လား သော့ပေးစမ်း။

သော့က သူ့ဆီမှာပါပဲရှင် ရှာကြည့်ပါရှင်။

မှန်းစမ်း ဟုတ်တယ်၊ ဆိုင်ကယ်သော့တွေ့ပြီ ကဲ မိန်းကလေး သူ့ဆိုင်ကယ် ငါတို့ယူသွားမယ်၊ မင်းလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်ပေတော့။

ဟေ့ကောင် လာ ငါတို့သွားကြမယ်။

ဝူး···ဝရော···

❄❄ ❄❄❄

မိန်းကလေးပြောတာတွေ အားလုံးအမှန်ပဲလား။ အားလုံး အမှန်ပါပဲ ဗိုလ်ကြီးရယ်။

အဲဒီလူ နှစ်ယောက်ကိုရော လုံးလုံးမသိဘူးလား။ လုံးလုံး မသိပါဘူး ဗိုလ်ကြီးရယ်၊ တစ်ခါမှကို မမြင်ဘူးပါဘူး။

ဟူး··စဉ်းစားရတော်တော်ကြပ်တာပဲ၊ ကဲ ရှိစေတော့ လုပ်ရိုးလုပ်စဉ်အတိုင်း အရင်ဆုံးလုပ်ကြတာပေါ့ကွာ။

ကဲ စာရေးကြီး ကျွန်တော်နဲ့နယ်ထိန်းအဖွဲ့ကို အထွက်ပြပေး။ စစ်တောင်းဂိတ်အထိ ခြေရာခံလိုက်ဖို့ ခရီးထွက်မယ်၊ တာဝန်မှူးကို ခေတ္တ စခန်းမှူးတာဝန်လွှဲ။

"ဟုတ်ကဲ့ ဗိုလ်ကြီး"

မိန်းကလေးက အိမ်ကိုပြန်ပြီးအနားယူဦး။ ခု အတောအတွင်း ကျွန်တော်တို့ စခန်းက လိုအပ်ရင် ခေါ်လို့ရအောင် ခရီးထွက်တာတွေ၊ ဘုရားဖူးသွားတာတွေ မလုပ်နဲ့ဦး။ ကိစ္စက လူသတ်မှုကိစ္စဖြစ်သွားပြီ၊ လူသတ်မှုက ရိုးရိုးမဟုတ်ဘူး။ ပစ္စည်းလု၊ လူသတ်မှုအမှုကြီးဆိုတော့ အရေးကြီးတယ်၊ အမှုမှန် မပေါ်မချင်း ကျွန်တော်တို့ မျက်စိအောက်က ခင်ဗျားပျောက်သွားလို့မဖြစ်ဘူး။

"ဟုတ်ကဲ့ရှင့်"

တရားလိုရဲ ပြောပြချက်အရ ရာနှုန်းပြည့် ယုံကြည်ထားလို့ မဖြစ်သလို လုံးလုံးလျားလျားလည်း ပစ်ပယ်လို့မဖြစ်ပြန်ချေဘူး။

တစ်ခုဆိုးတာက လူမသိ၊ နာမည်မသိ၊ ပုံပန်းသဏ္ဌာန်လောက်သာ သိရုံနဲ့ အဲဒါကို လက်ကိုင်ပြုပြီး ခြေရာခံစုံစမ်းထောက်လှမ်းရတာ တယ်မလွယ်လှဘူး။

တစ်ခုတော့ရှိတယ်၊ ကံကြမ္မာမျက်နှာသာပေးရင်ပေါ့ ဟန်းဖုန်းတစ်လုံးပါသွားတယ်ဆိုတော့ ဖုန်းဆက်ရင် တရားခံပေါ်ပြီလို့ ပြောရမှာပဲ၊ အင်း အခုတော့ ကဲ ရဲဘော်တို့ မော်လမြိုင်ကနေ စစ်တောင်းဂိတ်အထိ ဆိုင်ကယ်တွေကိုယ်စီမောင်းပြီး တရားခံနောက်လိုက်ကြဦးစို့။



www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူး ရဲအုပ်ဆန်းဝင်းမှာ နောက်လိုက် နောက်ပါ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဆိုင်ကယ်ကိုယ်စီဖြင့် မော်လမြိုင်၊ မုဒ္ဒုံမ၊ ပေါင်၊ သထုံ၊ ကျိုက်ထို၊ ပဲခူးလမ်းအတိုင်း တစ်မြို့ဝင်၊ တစ်မြို့ထွက်နှင့် ဆိုင်ကယ်လု လူသတ်သွားသူ အမည်မသိ တရားခံနှစ်ယောက်နောက်သို့ ခြေရာကောက်၍ လိုက်လံရှာဖွေခဲ့ကြ၏။

သို့သော် စခန်းမှူး ရဲအုပ်ဆန်းဝင်းနှင့်အဖွဲ့မှာ ကံမကောင်းခဲ့ကြပေ။

စစ်တောင်းတံတား စစ်ဆေးရေးဂိတ်အထိ ရောက်လာပြီ ခုထိ တရားခံ သတင်းအစအနတောင် စုံစမ်းလို့ မရကြသေးဘူး။ လမ်းများလွဲနေပြီလား။ ခက်တော့ခက်သားပဲ ကိုင်းကွာ မတွေ့မဲ့အတူတူတော့ မထူးပါဘူး၊ စခန်းပြန်ပြီးအမှုကို သေသေချာချာ ပြန်စစ်ဦးမှပါ။

စခန်းမှူး ရဲအုပ်ဆန်းဝင်းနှင့်အဖွဲ့မှာ စစ်တောင်းတံတားထိပ်အထိ တရားခံ၏နောက်သို့ ခြေရာခံလိုက်လံစုံစမ်းရှာဖွေပါသော်လည်း သတင်းအစအနပင်မရသဖြင့် စိတ်ပျက်အားလျော့ကာ စခန်းသို့ တပ်ပြန်ခေါက်ခဲ့ရတော့၏။

စခန်းသို့ ပြန်ရောက်သည်နှင့် အမှုတွဲအား ပြန်လည်၍ သက်သေများ၊ တရားလိုများ၊ တစ်ဦးချင်းစီ၏ ထွက်ဆိုချက်များကို အပြန်ပြန်အလှန်လှန် စစ်ဆေးကြည့်ရှုလိုက်သည်။

ယမင်းနှာမည် အပြည့်အစုံမှာ ယမင်းရွှေစင် အသက် ၂၀အရွယ် လုပ ကျော့ရှင်းသော ကိုယ်လုံးကိုယ်ပေါက်နှင့် ဝင်းမွတ်သော အသားအရောင်တို့ဖြင့် ဆန့်ကျင်ဘက် ပုရိသတို့ကို ကြွေဆင်းလောက်အောင် ညှို့ချက်ပြင်း ဖမ်းစားနိုင်သူ မျက်နှာများသော မိန်းကလေးတစ်ယောက်အဖြစ် ဂုဏ်သတင်းကြီးသူ။

လက်ရှိ အတည်ထည်လဲ တွဲနေသည့် ချစ်သူရည်းစား ၃ ဦးရှိပြီး ၂ ဦးမှာ ကျော်စွာနှင့် ဇော်နောင် အမည်ရှိ အသက် ၂၀ ဝန်းကျင်အရွယ် လူငယ်များဖြစ်ကြပြီး ကျန်တစ်ဦးမှာ အသက် ၅၀ အရွယ် စီးပွားရေးလုပ်ငန်းရှင် အိမ်ထောင်ရှင် အမျိုးသားတစ်ဦးဖြစ်သည်။ အမည်မှာ ဦးထက်ဝင်းဖြစ်သည်။

လူငယ် ၂ဦးမှာ ယမင်းအတွက် သာမန် ရည်စားများ မျှသာဖြစ်ပြီး ဦးထက်ဝင်းအမည်ရှိ စီးပွားရေးလုပ်ငန်းရှင် ရည်စားကတော့ ယခုခေတ် ဗန်းစကားအတိုင်း ပြောရလျှင် ယမင်းအလိုကျ ဖြည့်ဆည်းပေးနိုင်စွမ်းသော "စပွန်ဆာ" ဖြစ်သည်။

အဆိုပါ ချစ်သူရည်းစား ပုရိသ (၃)ယောက်တို့မှာ ယမင်းရွှေစင်၏ လှည့်ကွက် မာယာများအကြား၌ နစ်မျောရင်း ယမင်းပြုသမျှ နနေကြရသူများဖြစ်လေသည်။

သူတော်ချင်းချင်း သတင်းလွှေလွှဲဆိုသကဲ့သို့ တစ်မြို့တည်းနေကြသူများဖြစ်သဖြင့် ကျော်စွာ၊ ဇော်နောင်နှင့် ဦးထက်ဝင်းတို့မှာ ရည်းစားလုပ်ဖက်များအဖြစ် အချင်းချင်း ရန်တော်နေကြရသူများဖြစ်သည်။ ကျော်စွာနှင့် ဇော်နောင်တို့၌ လူငယ် သူငယ်ချင်းများ ရှိသကဲ့သို့ ဦးထက်ဝင်းမှာလည်း တပည့်တပန်းများစွာရှိသူဖြစ်သည်။

"ကျွန်မက ကျော်စွာကို တကယ်ချစ်လို့ မဟုတ်ပါဘူး။ ကျွန်မရဲ့ အလွန်ချစ်ရတဲ့ သူငယ်ချင်း စန်းစန်းမော်အတွက် လက်စားချေချင်လို့ ကျော်စွာကို တမင် အမှည့်ချွေချွေရအောင် ချဉ်းကပ်ခဲ့တာပါ"

"ကျွန်မသူငယ်ချင်း စန်းစန်းမော်က ကျော်စွာကို အရူးအမူးချစ်ခဲ့တာပါ။ ဒါကို ကျော်စွာက အခွင့်ကောင်းယူပြီး စန်းစန်းမော်အပေါ် သစ်စိမ်းချိုး ချိုးသွားခဲ့တယ်၊ အဲဒီလူယုတ်မာကျော်စွာကြောင့် ကျွန်မသူငယ်ချင်း စန်းစန်းမော် သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ရတယ်"

"ဒါကြောင့် စန်းစန်းမော်အတွက် ကလဲ့စားချေဖို့ သန္နိဋ္ဌာန်ချပြီး ကျော်စွာကို ကျွန်မ ကလဲ့စားချေဖို့ ချဉ်းကပ်ခဲ့တာ ခုတော့ ကျွန်မလက်နဲ့ မသတ်လိုက်ရဘဲ သူ့ကံကြမ္မာ သူဖန်သွားတာပေါ့လေ"

"ဒါပေမဲ့ လာသတ်သွားတဲ့ လူတွေကို ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး ဒီအမုန်ပါ ကျော်စွာကို ကျွန်မ သတ်ပစ်ချင်လောက်အောင် မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com

ယမင်း၏ ထွက်ဆိုချက်များက သံသယဖြစ်စရာကောင်းလွန်းလှ၏။

သူကိုယ်တိုင်က ကျော်စွာကို မုန်းတယ်ဆိုတော့ လာသတ်တဲ့ လူနှစ်ယောက်ဟာ ယမင်းနဲ့သိနေတဲ့ လူတွေများလား။ သိလျက်နဲ့ တမင်မသိဘူးလို့ လိမ်ပြောရင်လည်း ဖြစ်တာပဲ။

ဒါပေမဲ့ သူတို့ချင်းသိနေရင် ယမင်းရဲ့ဟန်းဖုန်းကို ယူသွားပါ့မလား။ စဉ်းစားစရာပဲ"

တစ်ဖက်မှ သေဆုံးသူကျော်စွာ၏ အသိုင်းအဝိုင်းများမှလည်း ရည်စားလုဖက်တစ်ဦးဖြစ်သော ဇော်နောင်ကို လက်ညှိုးထိုးကြသည်။

"အခင်းမဖြစ်ခင်အချိန် တစ်နာရီလောက်က ဇော်နောင့်ဆီကို ယမင်းဖုန်းဆက်တယ်၊ သူနဲ့ချိန်းတွေ့နေကြ ဒီနေရာကို လာခဲ့ဖို့ပေါ့၊ ဒီအကြောင်းကို ဇော်နောင်ကိုယ်တိုင် ပြန်ပြောပြလို့ သိရတာ၊ မယုံရင် ဇော်နောင်ရဲ့ဖုန်းမှတ်တမ်းကိုစစ်ကြည့်ပါ။ ကျွန်တော်တို့ ပြောသလို ယမင်းဖုန်းနံပါတ် အဲဒီအချိန်မှာ အဝင် CALL ကိုတွေ့မှာပါ"

ကျော်စွာ၏ အသိုင်းအဝိုင်းဘက်မှ ပြောစကားများအရ ဇော်နောင်မှလည်း မငြင်းဆန်ပေ၊ ဟုတ်မှန်ကြောင်းဝန်ခံ၏။

"ဟုတ်ပါတယ် ဗိုလ်ကြီး အခင်းမဖြစ်ခင် တစ်နာရီလောက်အလိုမှာ ကျွန်တော့်ဆီကို ယမင်းဖုန်းဆက်ပါတယ်။ ထုံးစံအတိုင်း တွေ့နေကြနေရာကိုလာခဲ့ဖို့ ချိန်းတာပါ။ ဒါပေမဲ့ ကျွန်တော်မအားလို့ မသွားခဲ့ပါဘူး။ ကျွန်တော့်မှာ သက်သေတွေ ရှိပါတယ်"

"သူကိုယ်တိုင် မသွားပေမဲ့ တစ်ဖက်လှည့်နဲ့ အခြားသူငယ်ချင်းတွေကို ရော လွှတ်ရင်ရတာပဲ ဗိုလ်ကြီး။ ဘာပဲဖြစ်ဖြစ် ကျွတော်တို့ကတော့ ဇော်နောင့်လက်ချက်လို့ပဲ ထင်တယ်"

သူတို့စွပ်စွဲသလိုသာဆို ဦးထက်ဝင်းကိုလည်း စွပ်စွဲလို့ ရတာပဲ ဗိုလ်ကြီး။ ကျွန်တော့်ကို စွပ်စွဲလို့ပြောတာ မဟုတ်ပါဘူး။ ဥပမာပြောပြတာပါ"

ကျွန်တော် ယောက်ျားပါ ဗိုလ်ကြီးရာ၊ လုပ်ရဲရင် ခံရဲပါတယ်။ ပြီးတော့ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက် မိုက်မဲတဲ့အလုပ်ကို အညွန့်တုံးခံပြီး ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး။ စိတ်လည်း မကူးဘူး"

ကျွန်တော် လူကြီးတစ်ယောက်ပါ၊ စခန်းမှူးကြီးရယ်၊ လက်ရှိအိမ်ထောင်ရှင်တစ်ယောက်၊ သားကြီး၊ သမီးကြီးတွေနဲ့ပါ၊ သာယာလိုမှုတစ်ခုတည်းနဲ့ ကိုယ့်ဂုဏ်သိက္ခာကို ခဝါချပြီး ကိုယ့်သမီးအရွယ် ယမင်းကို တိတ်တိတ်ပုန်း စပွန်ဆာဘဝနဲ့ ပြည့်စည်းနေတာတင် တော်တော်လွန်လှပါပြီ၊ ဒါ့ထက်ပိုပြီးမိုက်တွင်းမနက်တန်ပါဘူးဗျာ၊ ဘုရားစူးရပါစေ။

"ဟူး" မလွယ်ရေးချ မလွယ်ဘူဆိုတဲ့အထဲကပဲ၊ မိန်းကလေးတစ်ယောက် မျက်နှာများတဲ့ အတွက် ပြဿနာတစ်ခုကို လမ်းကြောင်းတစ်ခုတည်း စဉ်းစားရမယ့်အစား လမ်းကြောင်းတွေအများကြီး ချဲ့ထွင်စဉ်းစားနေရတော့ ခုတ်ရာတခြား၊ ရှရာတခြား ဖြစ်ကုန်မှာစိုးရတယ်၊ ဘယ်သူဖြစ်နိုင်မလဲ၊ ဘယ်သူတွေ ဖြစ်နိုင်မလဲ ခြေရာပျောက်တယ်၊ ရေလည်းနောက်တယ်၊ ဒါဆို သေချာတယ် ရည်းစားလုဘက်ထဲကမဟုတ်တော့ဘူး။ အပြင်လူ . . .

စခန်းမှူး ရဲအုပ်ဆန်းဝင်းမှာ ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာချလိုက်သည်။

စာရေးကြီးရေ သက်ဆိုင်ရာရဲစခန်းအားလုံးကို ပစ္စည်းပျောက်ပုံစံပို့ဗျာ၊ နယ်ထိန်းအဖွဲ့ဝင်အားလုံးက ကျုပ်နဲ့အတူ ဖုန်းနံပါတ်တစ်ခုကို အမြဲဆက်သွယ်ရမယ်၊ စက္ကန့်မလပ်အောင် ဆက်သွယ်ကြပါ။ အရင်ဦးဆုံး အဆက်အသွယ်ရတဲ့သူက ကျုပ်ဆီကိုချက်ချင်းသတင်းပို့ပါ။

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

စခန်းမှူး ရဲအုပ်ဆန်းဝင်းသည် မြို့တွင်း၌ သတင်းအာရုံစူးစိုက်ထောက်လှမ်းမှုအား အချိန်အဝက်လျှော့ချလိုက်ပြီး လုယူခံရ၍ ပါဆုံးသွားသော ဖုန်းနံပါတ်တစ်ခုအား အဆက်အသွယ်ရရှိရေးကို ဦးစားပေးဆောင်ရွက်လိုက်သည်။ ထိုဖုန်းသည် ယမင်းကိုင်ဆောင်နေကျ ဖုန်းဖြစ်သည်။ ထိုဖုန်းကို ဆက်သွယ်ခြေရာခံမိပြီ ဆိုပါက လူသတ်တရားခံပေါ်ပြီ မဟုတ်ပါလော။

❄ ❄ ❄ ❄ ❄



www.burmeseclassic.com

www.burmeseclassic.com

ဂူတူ…တူတူ… တူတူ

"ဟယ်လို ဟယ်လို"

"အမိန့်ရှိပါခင်ဗျား ဘယ်ကလဲ"

ဖုန်းရပြီဟော့ ဖုန်းအဆက်အသွယ်ရပြီ၊ ဟယ်လို ဟယ်လို မော်လမြိုင်ရဲစခန်းက မြို့မစခန်းမှူးပါ၊ အခုပြောနေတဲ့ ဒီဖုန်းဘယ်ကိုရောက်နေပါသလဲ ခင်ဗျား။

အော် ဗိုလ်ကြီး ကျွန်တော်တို့ ပဲခူးရဲစခန်းက ရဲတပ်ဖွဲ့ဝင်တွေပါ။ ဒီမှာ မသက်ာလို့ ဖမ်းမိထားတဲ့ ဆိုင်ကယ်တစ်စင်းနဲ့ လူနှစ်ယောက်အိတ်ကပ်ထဲက ဖုန်းကဒ်တစ်ခုတွေ့လို့ ဘယ်ကကဒ်လဲသိရအောင် ဆက်သွယ်ကြည့်တာပါ။

ဟား ကျေးဇူးကမ္ဘာပဲ ဆရာတို့ရေ အဲဒီလူနှစ်ယောက်က ဆိုင်ကယ်သူခိုးရိုးရိုးမဟုတ်ဘူး၊ ကျွန်တော်တို့ မော်လမြိုင်မှာ ပြီးခဲ့တဲ့ရက်က လူတစ်ယောက်ကိုရိုက်သတ်ပြီး ဆိုင်ကယ်နဲ့ ဟန်းဖုန်းကိုလုသွားတဲ့ ပစ္စည်းလု လူသတ်တရားခံနှစ်ယောက်ပါ။

ဟာ ဟုတ်လားဗိုလ်ကြီး ကျွန်တော်တို့က ဒီလူနှစ်ယောက် ဆိုင်ကယ်လိုက်ရောင်းနေတာ မသက်ာလို့ ဖမ်းဆွဲထားတာ အမှန်ဖြစ်သွားတာပေါ့ စိတ်ချ ဗိုလ်ကြီး ကျွန်တော်တို့ ထိန်းထားလိုက်မယ်။

ကျေးဇူး ကျေးဇူး ကျွန်တော်တို့ ခုချက်ချင်း လိုက်လာခဲ့မယ်နော် ဆရာတို့။

ဟုတ်ကဲ့ဗိုလ်ကြီး ကျွန်တော်တို့ စောင့်နေပါ့မယ်။

တစ်ဖက်မှ ဖုန်းချသွားသည်နှင့်

ကဲဟော့ နယ်ထိန်းအဖွဲ့ ခရီးထွက်ဖို့ အသင့်ပြင်ကြ ပဲခူးကို တရားခံတွေသွားခေါ်ရမယ်။ ဟိုမှာ လူသတ်တရားခံ နှစ်ယောက်လုံးကို ဖမ်းမိထားပြီ တော်ပါသေးရဲ့ကွာ ငါ မြို့နယ်မှူးဆီ ဆက်သွယ်သတင်းပို့လိုက်ဦးမယ်။

❄❄ ❄❄❄

အဖြစ်က နယ်လှည့်ဆိုင်ကယ်သူခိုးတွေ ကိုဆွေရေ့ လက်ရဲဇက်ရဲနိုင်လာတော့ ရိုက်လုကြတာ၊ ကျော်စွာသေသွားတော့ မျက်နှာများတဲ့ ယမင်းရွှေစင်ကြောင့်ဇာတ်ရုပ်သွားတာပေါ့ဗျာ၊ ဖုန်းကဒ်က ကယ်တယ်လို့ ပြောရမယ်။

ကျွန်တော်တို့ လမ်းကြောင်းရှေးတာအမှန်ဗျ၊ ဒါပေမဲ့ ဒီကောင်တွေက ကျိုက်ထီးရိုးဘုရားသွားတဲ့လမ်းဘက် ချိုးကွေ့ဝင်ပြီး လမ်းဘေးဆိုင်တစ်ဆိုင်မှာ ဝင်ညအိပ်ခဲ့တာကိုး။

ကျွန်တော်တို့က လမ်းဖြောင့်အတိုင်းတောက်လျှောက် မောင်းပြေးမယ်ထင်ပြီး ဘယ်မှ မဝင်ဘဲတောက်လျှောက်မောင်းလိုက်သွားတော့ ကျော်သွားတာပေါ့ဗျာ၊ ပြီးတော့ ချက်ချင်းပြန်လှည့်လာတော့ လွဲပြီးရင်း လွဲသွားတာပေါ့။

တော်တော်နဲ့ ဖုန်းအဆက်အသွယ်မရတာက ဒီကောင်တွေက လမ်းမှာဆီပြတ်လို့ ဓါတ်ဆီဖိုး ပိုက်ဆံမရှိတော့ ဟန်းဆက်နဲ့ ထဲလိုက်တာကိုး၊ အဲဒီဟန်းဆက်ထဲက ဆင်းမ်ကဒ်ကို အိတ်ကပ်ထဲထည့်ယူလာတာတဲ့ ပဲခူးရောက်တော့ ဆိုင်ကယ်လိုက်ရောင်းရင်း ပဲခူးရဲနဲ့တိုးပြီး မသက်ာလို့ အဖမ်းခံရတော့မှ ခုလို ဇာတ်လမ်း ပေါ်တော့တာကိုးကိုဆွေရဲ့။

လူသတ်မှုကတော့ လူသတ်မှုပေါ့ဗျာ၊ သို့ပေမဲ့ လူ့ဘုံ လူ့လောကမှာ လူသားတို့ ဘာသာဘာဝ ချစ်သူရည်းစားဆိုတာ ထားရှိကြစမြဲဆိုပေမဲ့ မျက်နှာများတဲ့သူတွေအတွက် အခုလိုကိစ္စမျိုးတွေ မထင်မှတ်ဘဲဖြစ်ခဲ့ရင် ရပ်သိရွာကျော်မက တိုင်းကျော်ပြည်ကျော် ဟိုးလေးတကျော် အရှက်ရစေနိုင်တယ်ဆိုတာကို ကျားကျား မမ လူကြီး လူငယ်မရွေး အချစ်နဲ့မကာင်းသူတိုင်း ဂုဏ်သိက္ခာနဲ့ အရှက်တရားကို တန်ဖိုးထားသူတိုင်း အသိတရားလေးတွေရှိစေချင်တယ် ကိုဆွေရေ။

သံလွင်မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြေလေညှင်းတို့က ကျွန်တော်နှင့် စခန်းမှူးရဲအုပ်ဆန်းဝင်းတို့အား ပွတ်သပ်ကြည်စယ် နေကြ၏။ အဝေးဆီမှ သံလွင်မြစ်ကူး အိပ်မက်တံတားကြီးနှင့်အပြိုင် မော်လမြိုင်မြို့ ကမ်းနားလမ်း ဆည်ဆာချိန်က လှချင် တိုင်းလှနေလေတော့၏။

မောင်ဆွေ (တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

# ငွေမည်းကို ငွေဖြူလုပ်သော ပြစ်မှုကျူးလွန်သူအား ထောင်ဒဏ် ၂၄ လ ချမှတ်

**လေးဝတီကျော်**

စီမံကိန်း လက်ထောက်မန်နေဂျာတစ်ဦးအား လွှန်ခဲ့သော နှစ်နှစ်က ငွေမည်းကို ငွေဖြူလုပ်သော ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိသဖြင့် ယမန်နေ့က ထောင်ဒဏ် ၂၄ လ ချမှတ်လိုက်သည်။ "ချွာကုတ်ဟင်" လက်ခံရရှိခဲ့သည့် ဒေါ်လာ ၄၇၀,၀၀၀ ခန့်မှာ ခိုးရာပါပစ္စည်းမှ ယူဆရာဖြစ်နေသည်။ သူသည် ဒေါ်လာ ၄၆၆,၀၀၀ ကို စင်ကာပူမှ လွှဲပြောင်းပေးခဲ့သည်။ အသက် ၅၀ အရွယ် "ချွာ"သည် စွဲချက် ငါးခုကို အသနားခံခဲ့ပြီး ကျန် ၁၂ ခုကို ဆင်ခြင်သုံးသပ်သွားရန် ရှိနေသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလတွင် "ချွာ" သည် "ရိုစီနာကား"နှင့် အင်တာနက်တွင် သိကျွမ်းခဲ့ကြောင်း တရားလိုရှေ့နေ "ယူပိုင်မင်"က ပြောကြားသည်။ သူတို့အချင်းချင်းစကားစပြီးပြောဆိုခြင်း ရှိသော်လည်း လူချင်းမတွေ့ဖူးကြပေ။ နောက်လတွင် "ရိုစီနာ"က "ချွာ"အား ပြောကြားသည်မှာ မလေးရှားတွင် သူမမှာ ဘဏ်စာရင်းဖွင့်ထားခြင်းမရှိ၍ မလေးရှားတွင် ရှိသော သူမ၏ စီးပွားရေးလုပ်ငန်းအတွက် သူမအား ကူညီနိုင်ရန် စင်ကာပူ၌ ဘဏ်စာရင်းတစ်ခုဖွင့်ပေးရန် ပြောကြားခဲ့သည်။ ချွာက သူမပြောသည့်အတိုင်း လုပ်ဆောင်ခဲ့ပြီး သူ၏ OCBC ငွေစာရင်းဖြင့် သူမအား ထောက်ကူပေးခဲ့သည်။

ဇွန်လ ၂၁ ရက်တွင် ငွေပမာဏ အမေရိကန်ဒေါ်လာ ၆၀,၀၀၀ (စင်ကာပူဒေါ်လာ ၇၅,၇၀၇)ကို အမေရိကန်ပြည်ထောင်စုရှိ အမေရိကန်နိုင်ငံသား စူဆန်ပရိုက်(စ)ဟိုလန်၏ ဘဏ်စာရင်းမှ "ချွာ"၏ OCBC ငွေစာရင်းသို့ မမှန်မကန် လွှဲပြောင်းယူခဲ့သည်။ နောက်ပိုင်းတွင် အသက် ၅၁ နှစ်အရွယ် မစ္စဟိုလန်က သူမ၏သဘောတူညီချက်မရှိဘဲ စင်ကာပူရှိ ချွာ၏ ငွေစာရင်းသို့ သူမ၏ အီးမေးငွေစာရင်းကို နှောင့်ယှက်ခံရပြီး မမှန်မကန် လွှဲပြောင်းယူကြောင်း ရဲဌာနသို့ တိုင်ကြားခဲ့သည်။ "ရိုစီနာ"၏ ညွှန်ကြားချက်အရ "ချွာ"သည် နောက်နေ့တွင် ဘဏ်စာရင်းမှ စင်ကာပူဒေါ်လာ ၇၂,၀၀၀ ကို ထုတ်ယူကာ မလေးရှားသို့ ထွက်ခွာသွားခဲ့သည်။ သူသည် ယင်းငွေကို ဟောင်လီယောင် ဘဏ်စာရင်း၌ အပ်နှံထားလိုက်သည်။ နောက်သုံးရက်ကြာပြီးနောက် နောက်ထပ်ငွေ စင်ကာပူဒေါ်လာ ၂၇၉,၁၂၅ ကို တောလ်ယာ ရင်းနီးမြှုပ်နှံမှုမှ ချွာ၏ ငွေစာရင်းသို့ မမှန်မကန်လွှဲပြောင်းယူလိုက်သည်။

ယင်းငွေအနက်မှ စင်ကာပူဒေါ်လာ ၁၅၀,၀၀၀ ကို မလေးရှားရှိ ဘဏ်စာရင်းသို့ လွှဲပြောင်းပေးရန် ရိုစီနာက ချွာအား ပြောကြားလိုက်၍ ချွာက လိုက်နာပြီး ဇွန်လ ၂၇ ရက်တွင် သူ၏ လုပ်ဖော်ကိုင်ဘက် ဂျိုဟာဘာရူ အရပ်၌ ဟောင်လီယောင် ဘဏ်စာရင်းဖွင့်ထားသူ အသက် ၃၅ နှစ်အရွယ် "ငိုဆုန်"သည် ချွာအား မလေးရှားရှိ ငွေစာရင်းသုံးခုထဲသို့ နောက်ထပ် ငွေပမာဏ စင်ကာပူဒေါ်လာ ၁၁၅,၀၀၀ ကို အပ်နှံပေးရန် ညွှန်ကြားခဲ့သေးသည်။

အဆိုပါ အမျိုးသမီးသည် "ချွာ"ထံသို့ စိတ်ကူးယဉ်ဆန်သော စိတ်ဝင်စားဖွယ်ရာများကို ဖော်ပြလျက် အီးမေးများစွာ ပို့ပေးခဲ့ခြင်းကြောင့် သူ့အမှုသည်အား သက်ညှာစဉ်းစားပေးပါရန် ချွာ၏ ရှေ့နေ ဗိန္ဒိချာဘရာက တင်ပြသွားသည်။ ချွာသည်မိတ်ဆွေအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း။ ငွေကြေးအနေဖြင့် အကျိုးအမြတ်မရှိကြောင်း၊ ရိုစီနာကားက ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးချသွားခြင်း ခံလိုက်ရ၍ နောင်တရလျက်ရှိကြောင်း ရှေ့နေက ပြောကြားလိုက်သည်။ အရွယ်ရောက်ပြီးသော ကလေးသုံးဦးရှိသူ ချွာသည် ပြစ်ရပ်အပေါ် တန်ဖိုးရှိသော

www.burmeseclassic.com

www.burmeseclassic.com

သင်ခန်းစာဟု မှတ်ယူလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ခရိုင်တရားသူကြီး တန်ဘွန်ဟင်က နည်းမှန်လမ်းမှန်မဟုတ်ဘဲ ငွေကို လက်ခံရရှိပြီး လွှဲပြောင်းပြေးခြင်းသည် အချက်ပေးခေါင်းလောင်း တီးခတ်သင့်သော အရာဖြစ်ကြောင်း၊ ပြစ်ဒဏ်ကို ထိရောက်ဟန့်တားလောက်အောင် ချမှတ်ရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ၎င်းအား ထောင်ဒဏ် ငါးနှစ်ထိ ချမှတ်နိုင်ပြီး၊ ခိုးရာပါပစ္စည်းကို မရိုးမဖြောင့်စွာ လက်ခံရရှိခဲ့သော စွဲချက်တစ်ခုချင်းအပေါ် ဒဏ်ငွေချမှတ်နိုင်သည်။ပြစ်မှုမြောက်သော လုပ်ဆောင်ချက်မှ တိုက်ရိုက်အကျိုးအမြတ်ရှိသော ပစ္စည်းလွှဲပြောင်းခြင်းအတွက် အများဆုံး ချမှတ်နိုင်သော ပြစ်ဒဏ်မှာ ဒဏ်ငွေ စင်ကာပူဒေါ်လာ ၅၀၀,၀၀၀ နှင့် စွဲချက်တစ်ခုစီအတွက် ထောင်ဒဏ် ခုနှစ်နှစ် ဖြစ်သည်။

**လေးဝတီကျော်**

*Ref:-*

***Man gets 24 months jail over money laundering offences.***

***The Straits Times, Thursday, August 7, 2014***

# လမ်းပေါ် ဒေါသူပုန်ထခြင်းဖြစ်ရပ်ကြောင့် အင်ဂျင်နီယာ အပြစ်ရှိကြောင်းဝန်ခံ



လမ်းသွားရာတွင် ဒေါသပုန်ထ၍ ကိုယ်ပိုင်မော်တော်ယာဉ်မောင်းလာသူက မော်တော်ဆိုင်ကယ်မောင်းလာသူအား ရှေ့သို့ တွန်းတိုက်မိခြင်းကြောင့် ယမန်နေ့က ထောင်ဒဏ် တစ်ရက်နှင့် ဒဏ်ငွေ ဒေါ်လာ ၃,၀၀၀ ချမှတ်ခြင်းခံလိုက်ရသည်။ ယခုနှစ် ဧပြီလ ၁ ရက်နေ့က ဩစတြေးလျလူမျိုး နာသန်အက်ဒရီယင် တောလက် ၃၉ နှစ်သည် သူမောင်းလာသော ယာဉ်ဖြင့် မော်တော်ဆိုင်ကယ်စီးနင်းလာသူ "လီယိုရောင်မှုဟာမက်ဆေဖူဒင်"အား တွန်းတိုက်မိကာ ပြည်သူလူထုအေးချမ်းသာယာမှုကို အနှောင့်အယှက်ဖြစ်စေကြောင်း ဝန်ခံခဲ့သည်။ "တောလက်"သည် ဘက်ဂ်ဒေါ့အရပ်၌ ချိုင်ချီလမ်းမအတိုင်း မောင်းနှင်လာခဲ့ပြီး T လမ်းဆုံသို့အရောက်တွင် သူ၏လက်ျာဘက်မှမောင်းနှင်လာသော လီအားတိုက်မိခဲ့ကြောင်း တရားရုံးမှ ကြားနာခဲ့သည်။

တောလက်သည် သူ့အား ရိုင်းစိုင်းသော လက်တွေ့ အပြုအမူလုပ်ခဲ့သည်ဟု လီက ထင်ခဲ့ပြီး သူ၏ ခရီးသည်ပြတင်းပေါက်ကို တိုက်မိခဲ့ခြင်းဖြစ်သည်။ တောလက်သည် ကားထဲမှ ထွက်လာကာ မော်တော်ဆိုင်ကယ်ထိုင်ခုံပေါ်မှ လီအား တွန်းလိုက်ရာ ဆိုင်ကယ်နှင့်အတူ လဲပြိုကျသွားခဲ့သည်။ လီပြန်ထလာပြီး လက်ဖြင့်လွှဲရိုက်လိုက်ရာ တောလက်က ရှောင်လိုက်ပြီး လက်သီးဖြင့် လမ်းပေါ်သို့ ထိုးချလိုက်သည်။ ရန်ပွဲကို ရပ်တန့်ရန် ကြိုးစားသူ လမ်းသွားလမ်းလာတစ်ဦးက ဖြစ်ရပ်ကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။

တောလက်က လီအား အလျင်ရပ်တန့်ရန် ပြောကြားသည်။ လမ်းသွားလမ်းလာသူက နှစ်ဦးစလုံးအား တိုက်ခိုက်နေခြင်းကို ရပ်တန့်ရန် ပြောကြားလိုက်ရာ တောလက်က လီအား လွှတ်ပေးလိုက်ပြီး လီက စိန်ခေါ်လျှင် သူတို့ပြဿနာဖြစ်မည်ဟု သတိပေးပြောကြားလိုက်သည်။ တောလက်ရော လီပါ အသေးအဖွဲဒဏ်ရာအသီးသီး ရရှိသွား၍ သူတို့အား ဧပြီလ ၃ ရက်နေ့အထိ ဆေးခွင့်ပေးလိုက်သည်။ လီ၏ အသေးအဖွဲ အမှားကို ဆိုင်းငံ့ထားလိုက်သည်။ ကွန်ပျူတာနက်ဝပ်(ခ်) အင်ဂျင်နီယာ တောလက်သည် အသက်အန္တရာယ်ဖြစ်သော နာကင်မှုကို ဖြစ်စေခြင်းကြောင့် တတိယ စွဲချက်အရ တရားရုံးမှ ပြစ်ဒဏ်ချမှတ်လိုက်သည်။

**လေးဝတီကျော်**

*Ref:-*

***Road rage incident: Enginner pleads guilty.***

***The Straits Times, Thursday, August 7, 2014***

www.burmeseclassic.com

# သယ်နှစ်ကြာ ရေးခဲ့ရသောကဗျာအတွက် ငွေ ၂ ပေါင်သာရသော စာရေးဆရာ

## မြသိန်း

စာရေးဆရာတို့မည်သည် စာရေးနေရလျှင် စိတ်ချမ်းသာ၏။ စာရေး၍ အောင်မြင်မှုရလျှင် စာမူခ များများရ၏။ စာရေး၍ အောင်မြင်၍ လူချမ်းသာဖြစ်သွားသော စာရေးဆရာများ ရှိသလို၊ စာမည်မျှပင်ရေးရေး စာမူခနည်းနည်းသာရသော စာရေးဆရာများလည်း ရှိ၏။ အဆိုပါ ဒုတိယအမျိုးအစား စာရေးဆရာများထဲတွင် လျှို့ဝှက်သည်းဖိုစာရေးဆရာကြီး အက်ဒဂါအလန်ပိုး ပါဝင်၏။

ပိုးသည် သေဆုံးပြီးမှ နာမည်ကျော်ကြားလာသူ ဖြစ်၏။

သူမသေမီက သူသည် ဝေါ်တစ်သုည့်၊ ပြတ်တစ်လုည့်နှင့် ဘဝကို ရင်ဆိုင်သွားရရှာသူ ဖြစ်၏။

အမေရိကန်စာပေသမိုင်းတွင် အက်ဒဂါအလန်ပိုး၏ စာများသည် ထိပ်ဆုံးစာရင်းဝင်သလို၊ ကမ္ဘာအရပ်ရပ်မှ စာဖတ်ဝါသနာအိုးများသည်လည်း ပိုး၏ စာများကို ဖတ်ကြ၏။

သူ့အကြောင်းကို လေ့လာလျှင် သူသည် ခရောင်းလမ်းကြမ်းပေါ်တွင် လျှောက်ခဲ့ရသူဖြစ်၏။ သူသည် ဘဝခရီးကို လျှောက်လှမ်းရာတွင် သူလျှောက်ချင်သလို လျှောက်၏။

သူသည် လောင်းကစားဝါသနာပါသလို၊ အရက်သောက်ရန်လည်း ဝန်မလေးပေ။ သူသည် ဗာဂျီနီးယားတက္ကသိုလ်တွင် ပညာသင်ကြားခွင့်ရခဲ့၏။ သို့သော် သူသည် ကစားဝိုင်းများနှင့် အရက်ဝိုင်းများတွင်သာ အချိန်ကုန်နေသည်ကများသောကြောင့် တက္ကသိုလ်မှ ထွက်ခဲ့ရ၏။

ထို့နောက် သူသည် အမေရိကန်စစ်တက္ကသိုလ် ဝက်စ်ပွိုင့်တွင် စစ်ပညာသင်ခွင့်ရ၏။ သို့သော် သူသည် စစ်စည်းကမ်းများကို မလိုက်နာဘဲ သူ့အခဆောင်ထဲ၌ ကဗျာများကိုသာ ရေးနေသည်ကများသောကြောင့် သင်တန်းပျက်ကွက်မှုများလာကာ စစ်ခုံရုံးအတင်ခံရပြီး စစ်တက္ကသိုလ်မှ ထုတ်ပယ်ခြင်းကို ခံလိုက်ရသည်။

ပိုးသည် အသက်ငယ်ရွယ်စဉ်၌ပင် မိဘမဲ့ဘဝ ရောက်ခဲ့၏။ ငွေကြေးချမ်းသာသော ဆေးရွက်ကြီးကုန်သည်တစ်ယောက်က သူ့ကိုမွေးဖွားလိုက်သည်။ သို့သော် သူ၏ မွေးစားဖခင်သည် သူ၏စည်းကမ်းမရှိမှု၊ အရက်သေစားသောက်စားမှု၊ လောင်းကစားမှုများကို သည်းမခံနိုင်သည့်အဆုံး သူ့ကို အိမ်ပေါ်မှ နှင်ချလိုက်ပြီး သေတမ်းစာတွင် သူ့အတွက် ငွေတစ်ပဲနီပင်လျှင် ပေးမသွားခဲ့။

ပိုးသည် အသက် ၂၆ နှစ်တွင် သူ့ထက် အသက်ထက်ဝက်ကျော်ငယ်သော သူ့ညီမဝမ်းကွဲ ဗာဂျီးနီးယားကလမ်နှင့် အိမ်ထောင်ကျသည်။ သူ့တွင် ငွေမရှိ၊ ငွေရှိရန်ကိုလည်း စိတ်ကူးထဲတွင်မထည့်။ သူသည် အရက်ကို ရေမရောဘဲ သောက်သည်။ သူ့ဇနီးသည် သူ့အတွက် စိတ်ဆင်းရဲရသလို၊ သူ့ကိုသိသူ၊ ခင်သူများကလည်း သူ့အား အရူးတစ်ပိုင်းဟူ၍ သဘောထားကြသည်။

အက်ဒဂါအလန်ပိုးသည် သူ့ဇနီးကို အလွန်ချစ်၏။ သူ့ဇနီးအကြောင်းကို ကဗျာများ စပ်လေ့ရှိ၏။ သူတို့ အိမ်ထောင်ရေး ပြိုကွဲမည်ဟု ထင်ကြသော်လည်း မပြိုကွဲ။ ဗာဂျီးနီးယားသည် သေသည့်တိုင်အောင် သူ့ခင်ပွန်းကို သစ္စာရှိရှိ ပေါင်းသင်းသွား၏။

ပိုးသည် ကဗျာများ၊ လျှို့ဝှက်သည်းဖို ဝတ္ထုများကို ရေး၏။ သူ့ခေတ်

www.burmeseclassic.com

## သူတို့လင်မယားနှစ်ယောက် အစားအစာဝယ်ရန် ငွေများမရှိသည့်အခါ အိမ်နားတွင်ပေါက်နေသော အပင်များမှ စား၍ရသောအရွက်များကို ခူး၍ ပြုတ်သောက်ကြရ၏။

သူ့အခါက သူ့စာများသည် တစ်မျိုးတစ်ဘာသာ ထူးခြား၏။ နောင်းခေတ်လူများက သူ့စာများကို ပိုဖတ်ကြသည်။ တစ်မူထူးခြားသော သူ့စာများသည် ကမ္ဘာ့စာပေလောက၌ အရောင်တောက်နေ၏။ သူသည် သူ့စာများအတွက် ပေါင်မုန့်များ ဝယ်ရန်ပင် စာမူခများကို များများ မရခဲ့ရှာ။ ဥပမာ-သူဆယ်နှစ်ကြာကြာ ရေးခဲ့သည့် "သည်ရေးဗင်း"ဟုခေါ်သော "ငှက်ဆိုး"ကဗျာရှည်အတွက် ဗြိတိန်နိုင်ငံသုံး ပေါင်ငွေ နှစ်ပေါင်နှင့်ညီမျှသော ငွေကိုသာ ရခဲ့၏။ (သူသေပြီးနောက် သူ၏လက်ရေးဖြင့် ရေးထားသော အဆိုပါ "ငှက်ဆိုး"စာမူ မူရင်းသည် လေလံပွဲ၌ ပေါင်ငွေထောင်ဂဏန်းနှင့် ချီ၍ ရခဲ့၏။)

ပိုးလင်မယားသည် နယူးယောက်မြို့တစ်နေရာရှိ ဂရင်းကွန်ကိုစ်တွင် အိမ်ခန်းတစ်ခန်းငှား၍ နေကြ၏။ အလွန်ဟောင်းနွမ်းသော အိမ်ခန်းဖြစ်၏။ လေပြင်းတိုက်လျှင် လဲပြိုမည့်အခြေအနေရှိ၏။

ထိုအိမ်ခန်းပတ်ဝန်းကျင်တွင် သစ်သော့သီးပင်များစွာ ပေါက်နေရာ ထိုအပင်များသည် ပိုးချစ်သောအပင်များဖြစ်၏။ ပိုးသည် ထိုအိမ်ခန်းငှားရမ်းခအဖြစ် တစ်လလျှင် ၁၂ ဆင့်သာ ပေးရသည့်တိုင် တစ်ခါတစ်ရံ ထိုအိမ်လခပေးရန် ငွေအခက်အခဲနှင့် ကြုံရ၏။

သူတို့ လင်မယားနှစ်ယောက် အစားအစာဝယ်ရန် ငွေများမရှိသည့်အခါ အိမ်နားတွင် ပေါက်နေသော အပင်များမှ စား၍ရသော အရွက်များကို ခူး၍ ပြုတ်သောက်ကြရ၏။ ဤသည်ကို သိသော အိမ်နီးချင်းအချို့သည် သူတို့ကို သနားပြီး အစားအစာများ ဝယ်ကျွေးလေ့ရှိ၏။

အက်ဂါအလန်ပိုးသည် ဆင်းရဲသော်လည်း ပျော်ပျော်နေ၏။ သူသည် သီချင်းဆို၏။ အသံလည်းကောင်း၏။ သူ့ဇနီးသည် သူနှင့်လိုက်ဖက်ညီ၏။ လင်ကိုချစ်၏။ မရှိအတူ၊ ရှိအတူ တူနှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ ချစ်တာသာ ပဓာနဟူသော တေးသွားအတိုင်း နေကြ၏။

ပိုး၏ဇနီး ဗာဂျီးနီးယားသည် ထိုအိမ်ခန်း၌ပင် နာမကျန်းဖြစ်ပြီး သေဆုံးသွား၏။ လအတန်ကြာ နာမကျန်းဖြစ်နေရာ ကောက်ရိုးဖျာပေါ်တွင် အနွေးထည်များ အလုံအလောက်မရှိသောကြောင့် သူမ၏ခန္ဓာကိုယ် နွေးသွားရန် ပိုးသည် သူစစ်တက္ကသိုလ်က ရခဲ့သော စစ်ကုတ်အင်္ကျီကို ဗာဂျီးနီးယား၏ ကိုယ်ပေါ်တွင် ခြုံပေး၏။ သူမွေးထားသော ကြောင်ကို ဗာဂျီးနီးယား၏ ခြေရင်း၌ အိပ်စေ၏။ ကြောင်မွေးများက ဇနီး၏ ခြေဖဝါးများကို အနွေးဓာတ်ပေးစေရန် ဖြစ်၏။

နာမကျန်းဖြစ်နေသော ဗာဂျီးနီးယားထံသို့ သူ့မိခင်လာ၍ ပြုစု၏။ သမီး၏ လက်များနှင့် ခြေထောက်များ နွေးသွားစေရန် မိခင်ဖြစ်သူသည် သူမ၏ လက်ဖဝါးများဖြင့် အသာအယာ ပွတ်တိုက်ပေး၏။

ဗာဂျီးနီးယားသေသောအခါ ပိုး၏ လက်ထဲတွင် ငွေမရှိ။ သနားကြင်နာမှုရှိသော အိမ်နီးချင်းတစ်ဦးက ဗာဂျီးနီးယားကို သင်္ဂြိုဟ်ပေးလိုက်၏။

ဗာဂျီးနီးယား သေဆုံးသွားပြီးနောက် အချိန်များကုန်ဆုံးသွားသော်လည်း ပိုးသည် ဇနီးကိုမမေ့။ ညဘက်လသာချိန်၊ ကြယ်များတလက်လက်ဖြစ်နေချိန်၊ လေပြည်လေညင်းများက သစ်ရွက်များကို လှုပ်အောင်ပြုလုပ်သည့်အခါများ၌ ပိုးသည် ဇနီးအတွက် ကဗျာများကို ရေးသီဖွဲ့၏။

၁၈၀၉ တွင် မွေးဖွားခဲ့သော အက်ဂါအလန်ပိုးသည် ၁၈၄၉၊ အသက် ၄၀ အရွယ်တွင် သေဆုံးသွား၏။

သေပြီးနောက်မှ နာမည်ကျော်လာသော လျှို့ဝှက်သည်းဖို စာရေးဆရာ အက်ဂါအလန်ပိုး၏ စာများကို ယခုထက်တိုင်အောင်ပင် ထုတ်ဝေနေရဆဲပင်။

မြသိန်း

(ဒေးကာနယ်ဂျီ၏ The Poet Who got £ 2 for 10 years' work.)



www.burmeseclassic.com

www.burmeseclassic.com

■ မြသိန်း

# ကြောက်စရာအကောင်းဆုံး အကျဉ်းထောင်

ကမ္ဘာ့သမိုင်းကို လေ့လာလျှင် အကျဉ်းထောင်အမျိုးမျိုးရှိသည်ကို တွေ့ရမည်။ မြေပေါ်၊ မြေအောက် အကျဉ်းထောင်၊ ကျွန်းအကျဉ်းထောင် စသည်ဖြင့် ရှေးအခါက မြေအောက်အကျဉ်းထောင်နှင့် ကျွန်းအကျဉ်းထောင်များရှိခဲ့သော်လည်း ယခုအခါ မြေပေါ်အကျဉ်းထောင်များသာ ရှိတော့သည်။

ပြင်သစ်စစ်ဘုရင် နပိုလီယန်သည် စစ်ရှုံး၍ အဖမ်းခံရသောအခါ အင်္ဂလိပ်တို့က သူ့ကို မြေထဲပင်လယ်အေသ၊ အီတလီနိုင်ငံအနောက်ဘက်ရှိ စိန့်အယ်ဘာကျွန်း၌ အကျဉ်းချထားလိုက်သည်။ နပိုလီယန်သည် ထိုကျွန်းမှ ထွက်ပြေးလွတ်မြောက်သွားပြီး ပြင်သစ်သို့ပြန်သွားကာ အာဏာကို ပြန်ယူပြီး သူ့ရန်သူများကို ရင်ဆိုင်ပြန်ရာ သူသည် အရေးရှုံးနိမ့်သွားပြန်၏။

ဒုတိယအကြိမ်၌ သူ့ကို အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်း အသွားအလာအလှမ်းအလွန်ဝေးသော ကျောက်ဆောင်ထူထပ်သည့် စိန့်အယ်လ်ဘာကျွန်း၌ အကျဉ်းချထားလိုက်သည်။ လှေသင်္ဘောများ သွားရာလမ်းကြောင်းနှင့် အလှမ်းဝေးသည့် ထိုကျွန်း၌ နပိုလီယန်သည် ၁၈၂၁ တွင် သေဆုံးသွား၏။

အကျဉ်းသားများကို ပင်လယ်သမုဒ္ဒရာများအလယ်မှ ကျွန်းအကျဉ်းထောင်တွင် ထားရခြင်းမှာ အကျဉ်းသားများ ထွက်ပြေးလျှင် ရေနစ်သေနိုင်သည်။ ရေထဲရှိ ငါးမန်းကဲ့သို့သော ငါးများ၏ အန္တရာယ်မှ လွတ်ရန်လည်း ခဲယဉ်းသောကြောင့် ဆိုးသွမ်းသော အကျဉ်းသားများကို ကျွန်းအကျဉ်းထောင်၌ ပို့ထားခြင်းဖြစ်၏။

ကမ္ဘာတွင် ကြောက်စရာအကောင်းဆုံး ကျွန်းအကျဉ်းထောင်ဟု နာမည်ကြီးခဲ့သော အကျဉ်းထောင်မှာ တောင်အမေရိကတိုက်အရှေ့ဘက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ပြင်သစ်ဂီယာနာမ်ကမ်းခြေနှင့် အလှမ်းကွာဝေးသော နေရာ၌ရှိသည့် "မကောင်းဆိုးဝါးကျွန်း"ဖြစ်၏။

ပြင်သစ်အကျဉ်းသားများက ထို သို့ အမည်ပေးထားသော ကျွန်းဖြစ်သည်။

ထိုကျွန်းအကျဉ်းထောင်ကို ခြောက်သွေ့သော ခေါင်းဖြတ်စက်ဟုလည်း ခေါ်ကြသည်။ အဓိပ္ပာယ်မှာ ထိုကျွန်းသို့ အပို့ခံလိုက်ရခြင်းဖြင့် အကျဉ်းသားသည် တဖြည်းဖြည်း သေသွားသည့်သဘောဖြစ်သည်။

ပြင်သစ်ကိုလိုနီကျွန်း အကျဉ်းထောင်အဖြစ် နာမည်ဆိုးနှင့် ကျော်ကြားခဲ့သော ထိုမကောင်းဆိုးဝါးကျွန်းနှင့် ကပ်လျက်ရှိသော ကျွန်းငယ်များမှာ ရွှင်ရယ်ကျွန်းနှင့် စိန့်ဂျိုးဇက်ကျွန်းတို့ ဖြစ်သည်။

ပြင်သစ်အစိုးရသည် တစ်နှစ်လျှင် ပြင်သစ်အကျဉ်းသား တစ်ထောင်နှုန်းဖြင့် ထိုကျွန်းအကျဉ်းထောင်သို့ ပို့၏။

အပို့ခံရပြီဆိုလျှင် ပြန်လမ်းမရှိသည်က များ၏။ ပင်လယ်ရေပြင်ကိုဖြတ်၍ စွန့်စွန့်စားစား ထွက်ပြေးသူများ ရှိသော်လည်း ရေထဲ၌ ငါးမန်းစာဖြစ်သွားခြင်း၊ ရေနစ်သေခြင်းများနှင့်သာ ကြုံကြရ၏။ ကျွန်းပေါ်ရှိ လုံခြုံရေးဝန်ထမ်းများသည် ထွက်ပြေးသွားသော အကျဉ်းသားများကို လိုက်ရှာရိုးထုံးစံမရှိ။

ထိုကျွန်းအကျဉ်းထောင်သို့ ရောက်လာသော အကျဉ်းသားများအနက် အချို့သည် အလုပ်ကြမ်းများကို ပင်ပင်ပန်းပန်းလုပ်ရင်း ရောဂါများရကာ သေသွားသည်များလည်းရှိ၏။ အချို့မှာလည်း အလုပ်လုပ်ရင်း အချင်းချင်း ရန်ဖြစ်၍ သတ်ပုတ်ကြရင်း သေသူသေ၊ ဒဏ်ရာအကြီးအကျယ်ရသွားသည်များလည်း ရှိ၏။ အစောင့်များသည် သူတို့၏ဖြစ်ရပ်များကို လက်ပိုက်၍ ကြည့်နေကြ၏။

အချို့အကျဉ်းသားများမှာမူ အလွန်ကျဉ်းမြောင်းသော ကျောက်ဆောင်များကြားထဲ၌နေရင်း ရူးသွပ်သွားကြ၏။

အလွန်ဆိုးသွမ်းပါသည်ဆိုသော အကျဉ်းသားများသည် မကောင်းဆိုးဝါးကျွန်းသို့ ပို့ခြင်းခံရမည်ကို သိလိုက်သည်နှင့် "ငါတော့ သေတွင်းထဲ အပို့ခံရတာပဲ"ဟု သူတို့ကိုယ်သူတို့ သတ်မှတ်လိုက်ကြသည်။

ထွက်ပြေးသော အကျဉ်းသားသည် ရေနစ်မသေ၊ ငါးမန်းအကိုက်မခံရဘဲ ပင်လယ်ထဲမှာမျောနေရင်း သင်္ဘောတစ်စင်းစင်းနှင့် တွေ့ပြီး ကယ်တင်ခြင်းခံရသည့်တိုင် အကယ်၍ ထိုသင်္ဘောမှ မာလိန်မှူးက သူ့ကို မကောင်းဆိုးဝါ

www.burmeseclassic.com

ကျွန်းသို့ ပြန်ပို့လျှင် ထိုအကျဉ်းသားကို သက်ဆိုင်ရာအာဏာပိုင်များက ကြိမ်ဒဏ်အချက်များစွာ အပြစ်ပေးပြီးနောက် ငရဲခန်းတစ်ခုခုထဲသို့ ပို့လိုက်၏။ ငရဲခန်းမှာ နှစ်မျိုးရှိ၏။

တစ်မျိုးမှာ မတ်စောက်လွန်းသော ကျောက်သားအခန်းထဲ၌ တစ်ယောက်တည်း ထည့်ထားလိုက်၏။ အခန်းပေါ်တွင် အမိုးမရှိ။ နေရောင်ခြည် ကျသည့်အခါကျ၊ မိုးရေများ ကျသည့်အခါ ကျ၏။ အကျဉ်းသားသည် နေ့ရောညပါ ၂၄ နာရီ ကာလပတ်လုံး ထိုငရဲခန်းထဲ၌ နေရ၏။ နှစ်နှင့်ချီ၍ကြာလျှင်လည်း ကြာ၏။ အချို့အကျဉ်းသားများသည် အစာရေစာပြတ်ပြီး သေဆုံးသွား၏။

အခြား ငရဲခန်းတစ်မျိုးမှာ အလင်းရောင် လုံးဝမရသော အလုံပိတ်ထားသည့် ကျောက်သားငရဲခန်း။ ထိုအခန်းထဲပို့ထားခြင်းခံရသော အကျဉ်းသားသည် ကာလရှည်ကြာလာသောအခါ မျက်စိကန်းသူဘဝ ရောက်သွား၏။ ကံကြီးသူအချို့သာ အကန်းဘဝသို့မရောက်။

တစ်နေ့တွင် ထိုမကောင်းဆိုးဝါးကျွန်းမှ စွန့်စားထွက်ပြေးလာသော အကျဉ်းသားတစ်ယောက်သည် ပင်လယ်ထဲ၌ သစ်လုံးဖြင့် မျောပါနေရာ ဗြိတိသျှ ကုန်တင်သင်္ဘောတစ်စင်းကတွေ့ပြီး ကယ်တင်လိုက်၏။

ထိုစဉ်က ပြင်သစ်နှင့် အင်္ဂလိပ်သည် သင့်မြတ်ခြင်းမရှိကြ။ ကိုလိုနီနယ်ချဲ့ရင်း ရန်သူဖြစ်ခဲ့ကြသည်။ ထိုအကျဉ်းသားကို အင်္ဂလန်သို့ ခေါ်သွားပြီး ဒုက္ခသည်အဖြစ် အင်္ဂလန်၌ နေခွင့်ပြုလိုက်သည်။

ထိုအကျဉ်းသား၏ အမည်မှာ "အယ်ဒီ"ဖြစ်သည်။ အယ်ဒီက "ကျုပ်ကို ခိုးမှုတွေများလွန်းတယ်ဆိုပြီး မကောင်းဆိုးဝါးကျွန်းကို ပို့လိုက်တယ်။ လေးယောက်တွဲကို ခြေထောက်တွေမှာ သံကြိုးတွေခတ်ပြီး သင်္ဘောပေါ် ခေါ်သွားတယ်။ သင်္ဘောထဲက လှောင်အိမ်ထဲမှာ ပိတ်လှောင်ထားတယ်။ အကျဉ်းသားတွေ ဆူဆူပူပူလုပ်ရင် ပိုက်ထဲက ရေနွေးငွေ့တွေကို လွှတ်ထုတ်တယ်။ ကျွန်းရောက်တော့ ကိုယ်နေဖို့တဲကို ကိုယ့်ဘာသာကိုယ် ဆောက်ရတယ်။ ရှားရှားပါးပါး မြက်ပင်တွေနဲ့ အမိုးလုပ်၊ သစ်ကိုင်းငယ်လေးတွေနဲ့ ဒေါက်ထောက်ထားရတယ်။ လေကလည်း သန်တယ်။ ကျောက်ကြိုကျောက်ကြားတွေထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ်နေရတယ်။ ညဘက်ဆိုရင် ကျောက်ကြိုကျောက်ကြားတွေထဲက ပိုးကောင်မျိုးစုံထွက်လာပြီး ကိုက်တော့တာပဲ။ ကျုပ်က ကျွန်းပေါ်မှာ ကောင်းကောင်းနေတော့ လုံခြုံရေးဝန်ထမ်းတွေက ကျုပ်ကို ခင်ခင်မင်မင်ရှိလာတယ်။ ကျုပ်ကို ကျွန်းပေါ်မှာ လွတ်လွတ်လပ်လပ် သွားခွင့်ပြုတယ်။ ကျုပ်က ကျွန်းရဲ့အနေအထားကို စိတ်ထဲ သေသေချာချာ မှတ်ထားတာပေါ့။ အဲဒီ ကျွန်းပေါ်ရောက်ပြီး နှစ်နှစ်အကြာမှာ မိုးလေထန်တဲ့ ညတစ်ညမှာ ကျုပ်ဟာ သစ်လုံးတစ်လုံးအကူအညီနဲ့ ထွက်ပြေးခဲ့တယ်။

ကျုပ်နဲ့အတူတူ ကျုပ်ဝှက်ယူလာတဲ့ အစားအစာတွေ၊ သောက်ရေတွေလည်း ပါလာတယ်။ ပင်လယ်ထဲ ငါးရက်လောက်မျောပါနေရင်း အင်္ဂလိပ်သင်္ဘောက ကျုပ်ကိုကယ်ခဲ့တယ်"ဟုပြောပြသည်။

၁၉၃၆ တွင် ရီနီဘယ်ဒီနို့က်၏ အမည်ရှိ အကျဉ်းသားတစ်ယောက်သည် ၎င်းမကောင်းဆိုးဝါးကျွန်း အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားပြီး ကျွန်း၏ ကြောက်မက်ဖွယ်ရာ အခြေအနေဆိုးနှင့် အော့နှလုံးနာဖွယ် ရာ ဖြစ်ရပ်များကို ပြင်သစ်ပြည်သူများသိအောင် သတင်းစာများမှတစ်ဆင့် ဖော်ထုတ်လိုက်သည်။ အသက် ၃၈ နှစ်အရွယ် ရီနီတွင် သွားများမရှိတော့။ သူ့မျက်စိများလည်း ကန်းလုနီးပါး။ သူ့ကျန်းမာရေးမှာလည်း မကောင်း။

ထို့နောက် သူသည် ကျွန်းအကျဉ်းထောင်ကိုယ်တွေ့များကို ရေးပြီး "ခြောက်သွေ့သော ခေါင်းဖြတ်စက်" ဟူသော အမည်ဖြင့် စာအုပ်ထုတ်လိုက်ပြန်သည်။

ထိုစာအုပ်ကြောင့် ပြင်သစ်နိုင်ငံသားများသည် ပြင်သစ်အစိုးရအား ၎င်းမကောင်းဆိုးဝါးကျွန်းတွင် ပြုပြင်မှုပြုလုပ်ရန် တောင်းဆိုကြသည်။ ပြင်သစ်အစိုးရသည် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရလေတော့၏။ ၎င်းကျွန်းသို့ နောက်ထပ်အကျဉ်းသားများကိုလည်း မပို့တော့။

သို့တိုင်အောင် နောက် ၁၀ နှစ်အကြာတွင်မှ ပြင်သစ်အစိုးရသည် ၎င်းကျွန်းအကျဉ်းထောင်ရှိ အကျဉ်းသားများအားလုံးကို ပြင်သစ်နိုင်ငံသို့ပြန်ခေါ်၍ ပြင်သစ်နိုင်ငံတွင်းရှိ အကျဉ်းထောင်များ၌ နေရာချထားလိုက်သည်။

ပြင်သစ်အစိုးရသည် ထိုကျွန်းပေါ်ရှိ အဆောက်အဦများအားလုံးကို ဖြိုဖျက်ပြီး သန့်ရှင်းသော ကျွန်းတစ်ကျွန်းဖြစ်အောင် ပြုပြင်လိုက်သည်။

ယခုအခါ "မကောင်းဆိုးဝါးကျွန်း" ဟု နာမည်ကြီးခဲ့သော ထိုကျွန်းသည် ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာကျွန်းဖြစ်နေလေပြီ။

မြသိန်း

*(Where is it? စာအုပ်မှ Devil's Island)*



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပ်တောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



ဒီကာလအတွင်းမှာတော့ မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေ တွေ့ရတတ်ပါတယ်။ အဓိကတော့ အလုပ်တွေအများကြီး လုပ်နေရတာမျိုး ကြုံတွေ့ရတတ်ပါတယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အဲဒီအလုပ်တွေကလည်း ကိုယ့်အတွက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကိုယ့်ရဲ့ဆရာသမားတွေကတော့ ကူညီစောင့်ရှောက်တတ်ပါတယ်။ အမျိုးသားဖြစ်နေလျှင်တော့ ဒီကာလမှာ ပဋိပက္ခ ခံရတတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ငွေကြေးလည်း ထင်သလောက်မဝင်တတ်ဘူး။ ဒီကြားထဲ သူများအာမခံကိုယ်ကလုပ်ပေးလိုက်လို့ ငွေဆုံးခြင်း၊ ကိုယ်ကစိုက်လျော်ရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ နောက်ပြီး သတိထားလိုက်ဦးနော်။ သူခိုးခိုးခံရတတ်သေးတယ်။ အလှူရက်၊ မင်္ဂလာရက်တွေကလည်း တဖြည်းဖြည်းနဲ့ နောက်ဆုတ်သွားတတ်တယ်။ ဒီကြားထဲ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်သော ကာလဖြစ်ပါတယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းတွေ ကြုံတွေ့ရတတ်တယ်။ ဒါကြောင့်လည်း အညံ့အခိုက်များ ပပျောက်ပြီး ကောင်းကျိုးချမ်းသာများ ရရှိစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့် (၄)ညွန့်၊ ပေါက်ပန်းဖြူ (၅)ညွန့်၊ ယပ်အဝါရောင် (၁၇)ချောင်းတို့ကို လှူဒါန်းပေးပါ။ အညံ့အခိုက်များ ပပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၅၊ ၇၇၊ ၅၇၊ ၇၅

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာတတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ပေါင်မုန့်(၂)ချပ်နှင့် နွားနို့(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာ သားသမီး



မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတာမျိုးလည်း ကြုံရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ဒါပေမယ့် လုပ်သမျှလည်း သိပ်အဆင်မပြေတတ်သေးဘူး။ ယခုရောက်ရှိနေတဲ့ကာလမှာ ဝါခေါင်လ၊ ကဆုန်လများ ပါဝင်နေရင်တော့ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရခြင်း၊ မိန်းမနှင့်ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတဲ့ကာလဖြစ်တယ်။ လူတွေ အထင်ကြီးမှု၊ ချီးကျူးမှုကို ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါကလည်း ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်း တွေ့ကြုံရတတ်တယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရခြင်းများ ပြုလုပ်ရတတ်ပါတယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည် လည်းသင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ ငွေဒလစေဟာထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဒါပေမယ့်လည်း တနင်္ဂနွေ၊ သောကြာအမည်ပါတဲ့ မထင်မှတ်သော ဆွေမျိုးသားချင်းက အကူအညီကောင်းပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါး(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ သောကြာ

**ညံ့သောရက်**

စနေ၊ အင်္ဂါ

**ကံကောင်းသောနံပါတ်**

၁၆၊ ၆၄၊ ၆၀

**အထူးသတိပြုရန်**

လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် အုန်းသီး(၆)စိတ်ကို ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရပါလိမ့်မယ်။ စက်ပစ္စည်းများ စက်အကောင်းစားများ ဝင်လာတတ်တယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါကလည်း ဆိုင်ဖွင့်ရန် ကံကောင်းတတ်သည်။ မိမိအိမ်ကိုလည်း ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ကြုံရတတ်တယ်။ လုပ်ငန်းသစ်စရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါးညည်းသွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုထဲတွင် ဗုဒ္ဓဟူးသားသမီးရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ ဘိုးတော် တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိုးမှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာလာမွေးလျှင် ကောင်းပါသည်။ ယခုကာလတွင် လုပ်ငန်းများ မတိုးချဲ့ပါနှင့်ဦး။ အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ပြဿနာရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ ကျန်းမာရေး အနည်းငယ်ချို့တဲ့တတ်တယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွှန့်(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၅၊ ၃၁၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် ဘာသာရေးစာအုပ် လက်ဆောင်ရရှိခြင်း၊ မိမိခေါင်းရင်းအိမ်ဘက်တွင် အိမ်သစ်ဆောက်ခြင်း နိမိတ်တွေ့ပါက ကံကောင်းတတ်တယ်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးသတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဒုန်းဆွမ်းကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

### ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများဟာလည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ရွှေဝင်မယ်။ ရတနာပစ္စည်းဝင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ဤကာလအတွင်း စီးပွားရေး အလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြ၊ မြေ ထွက်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ အထူးသဖြင့် အင်္ဂါသားသမီး၊ သောကြာသားသမီးတွေက ကိုယ့်ကို အနှောင့်အယှက်ပေးတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ အထက်လူကြီး၏ အထင်မြင်လွဲမှားမှု ခံရတတ်တယ်။ ယခုကာလတွင် ကောင်းကျိုးချမ်းသာတွေ ရရှိတတ်သော်လည်း မိသားစုအိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စိတ်တိုင်းမကျခြင်း၊ အမျိုးသားများအဖို့ အိမ်ထောင်ရေး စွပ်စွဲခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)လက်တို့ကို လှူပေးပါ။ မိမိအိမ်က ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လက်ကောင် ၆ ကွင်း လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၂၄၊ ၂၆၊ ၄၁၊ ၄၂

**အထူးသတိပြုရန်**

ယခုကာလတွင် အိမ်အနီးအနား၌ ကလေးမီးဖွားသောနိမိတ်၊ ဘုရားတစ်ဆူ လက်ဆောင်ရပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**


အိမ်အနီးအနားတွင်ရှိသော ကလေးငယ်များကို ရုပ်ရှင်ပြခြင်း၊ မုန့်ဖိုးပေးခြင်း၊ ကော်ရည်ခေါက်ဆွဲ ဂယ်ကျွေးခြင်းများ ပြုလုပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာမယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း ပြုလုပ်ရတတ်တယ်။ အလုပ်သစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်အသစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလ ဖြစ်တယ်။ ဇာတာရှင်သည် ယောက်ျားဖြစ်ပါက အိမ်ထောင်ကျလျှင် ကောင်းပါသည်။ မင်္ဂလာဆောင်လျှင် စည်ကားသောမင်္ဂလာဆောင်ဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဤကာလတွင် အိမ်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများ ဝင်လာတတ်တယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသံစ်လဲရခြင်း၊ ထွက်နေသောစက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် ဖျာချောလေး(၁)ချပ်ကို ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ၊ အပြိုင်အဆိုင်ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ ဖခင် ကျန်းမာရေးညံ့တတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငှက်ပျော်ရှပ်စုံ (၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်အိမ်ပိုင် ရနိုင်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊ သူတစ်ပါး၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို မိမိနေအိမ်တွင် ခေတ္တခဏထားခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း အသုပ်စုံနှင့် ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ အညှံ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလလေးပဲ ဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်၊ လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင်လည်း အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျာ်းနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်ပါတယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိပါက ဆေးရုံ၌မွေးပါ။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ဤကာလတွင် လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကြေ ဖြစ်နေတတ်တယ်။ မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၃၊ ၅၇၊ ၉၅

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ရ။ အိပ်လျှင် ကျန်းမာရေးချူချာခြင်း၊ ပြဿနာပေါင်း၊ ရောဂါပေါင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ ထိုပညာရပ်ဟာ ကိုယ့်ကို အကျိုးပေးနေတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ လုပ်ငန်းသစ်များ ညှိတယ်ဆိုပေမယ့်လည်း မဖြစ်မနေလုပ်ရမယ်ဆိုရင်တော့ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက် ကြမ်းခြင်းများ ကြုံလိမ့်မယ်။ လူငယ်လူရွယ်တွေအဖို့ အချစ်ရေး စန်းပွင့်တဲ့အချိန်ဖြစ်တယ်။ စေ့စပ်မင်္ဂလာပွဲများ၊ အလှူမင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် ပတ်သက်ပြီး စိတ်ညစ်စရာပေါ်တတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန်ဖြစ်တတ်တယ်။ လောင်းကစား၊ အပျော်အပါးမက်သူများအဖို့ လူလိမ်ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာ၊ ခါးနာ၊ နှလုံး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်အဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ စနေ

**ကံကောင်းသောနံပါတ်**

၃၃၊ ၃၅၊ ၅၃၊ ၅၅

**အထူးသတိပြုရန်**

ယခုကာလအတွင်း နာရေး လုံးဝမသွားပါနှင့်။
ထောင်ဝင်စာ မတွေ့ရ။

**ကံကောင်းပြီး လာဘ်ရှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း LUX ဆပ်ပြာခဲပေါ်တွင် အမွှေးတိုင်ထွန်းပြီး ပူဇော်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သောကာလ ဖြစ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ်ညှိုးတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၄၄၊ ၇၂၊ ၂၇၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်း ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့တိုင်း ကိတ်မုန့်(၂)ချပ်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com